
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com
BURMESE CLASSIC

www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မသွားမီကရောက်နှင့်သည်


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၀၆၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၈၁၀၆၀၁
ပုံနှိပ်ခြင်း - စတုတ္ထအကြိမ်၊ အုပ်ရေ (၅၀၀)
ထုတ်ဝေသည့်ကာလ - ၂၀၀၆ ခုနှစ်၊ မတ်လ၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးဇော်မင်းအေး (၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်
အမှတ် ၃၈၆၊ အင်ကြင်းမြိုင်လမ်း၊
သဃ်န်းကျွန်း၊ ရန်ကုန်။
ထုတ်ဝေသူ - ဦးခင်မောင်သန်း (၀၁၄၅၄)
သန်းစာပေ
အမှတ် ၆၃၊(၁)လမ်း၊၁၁-ရပ်ကွက်
တ/ဥက္ကလာ၊ ရန်ကုန်။
မျက်နှာဖုံးဒီဇိုင်း - ခိုင်လင်း (**openeyes**)

## တန်ဖိုး - ၁၈၀၀ ကျပ်

## ဖြန့်ချိရေး

မရမ်းတလင်းစာအုပ်တိုက်
အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်း၊ တာမွေ။
ဖုန်း - ၅၄၃၂၉၇

မျက်ပွင့်စာပေ
အမှတ် (၃၆၇)၊ ဗိုလ်ချုပ်လမ်း၊
ဗိုလ်အောင်ကျော်လမ်းထိပ်၊ ရန်ကုန်။ ဖုန်း - ၅၈၁၅၇၉
**openeyes@mail4u.com.mm**
၆၁၀ ဘီ(၁)၊ ဗညားဒလလမ်း၊ တာမွေ၊ ရန်ကုန်။


www.burmeseclassic.com

www.burmeseclassic.com



# ပိုးစကလေးပေါ်က လက်ဘလေးတစ်ပုဒ်

တစ်နေ့သ၌ ဘီလစ်စာရေးကြီး ဦးရာမောင်ဆိုသူ၏ထံသို့ စာတိုက်မှတစ်ဆင့် ပါဆယ်ထုပ်ကြီးတစ်ထုပ် ရောက်ရှိလာလေ၏

ဦးရာမောင်သည် ထိုပါဆယ်ထုပ်ကြီးအား ဖြေ၍ကြည့်ရာ အတွင်း၌ အသွားရော၊ အရိုးပါ တစ်တောင်ခန့်ရှည်လျားသည့် သံဖြင့် ပြုလုပ်ထားသော ‘ဓား’တစ်လက်ကို တွေ့ရလေ၏။ ထိုဓားကို မတွေ့ရမီ ဓားကိုပတ်၍ ပိုးကြိုးကလေးဖြင့် စည်းထားသော လွန်စွာ နူးညံ့သည့် နုံသာရောင်ပိုးစလေးကို တွေ့ရလေ၏။ ထိုပိုးကြိုးကို ဖြေ၍ ပိုးစကလေးအား ဖြန့်လိုက်ရာ ဓားသွားဖြင့် ကပ်၍ချည်ထားသော နေရာများမှာ အပိုင်းပိုင်းပြတ်၍နေသည်ကို တွေ့ရပြန်လေ တော့၏။

ဦးရာမောင်သည် အပိုင်းပိုင်းပြတ်လျက်ရှိသော ပိုးစကလေးများကို ကောက်ယူကြည့်ရှု၍ ရေတွက်ကြည့်ရာ လေးခုဖြစ်ကြောင်း တွေ့ရလေ၏။ ထိုပိုးစကလေးများ၏ အပေါ်၌လည်း အင်္ဂလိပ်ပုံနှိပ်စာလုံးကြီးများနှင့် ခံ့ညားစွာ ရေးထားသော အင်္ဂလိပ်စာကြောင်းလေးကြောင်းလည်း ရှိလေ၏။

ဦးရာမောင်သည် ထိုပိုးစများကို ဖြန့်၍ကြည့်လေ၏။ စာများကို ဖတ်၍ကြည့်လေ၏။ သို့ရာတွင် မည်သည့်အဓိပ္ပါယ်ကိုမျှ မရသဖြင့် ဦးခေါင်းကို တဗျင်းဗျင်းကုတ်၍ နေလေတော့၏။ ထိုအခါ၌ပင် ရင်းနှင့် လွန်စွာခင်မင်ရင်းနှီးသော အင်စပိတ်တော်ကလေး မောင် သက်နှံ့သည် ရောက်ရှိလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ... အလုပ်ရှုပ်နေတာလဲ ဦးရာမောင်..."ဟု မောင်သက်နှံက ခရီးရောက်မဆိုက် မေးလိုက်လေ၏။

"အတော်ပါပဲ... မောင်သက်နှံရယ်၊ ကျုပ်မှာဖြင့် ပါဆယ်ထုပ်တစ်ထုပ်နဲ့ ခေါင်းရှုပ်လှပါပြီ... မောင်ရယ်"ဟု ဦးရာမောင်က အစချီလိုက်သည်။

ထိုအခါ မြေတိုင်းအင်စပိတ်တော်ကလေး မောင်သက်နှံလည်း ဘီလစ်စာရေးကြီး ဦးရာမောင်၏အနီး၌ ဝင်၍ထိုင်ပြီးလျှင်...

"ဆိုစမ်းပါဦး..."ဟု မေးလိုက်လေ၏။

"ဒီလိုမောင်ရဲ့...၊ ကျုပ်ဆီကို စာတိုက်က ပါဆယ်ထုပ်တစ်ထုပ် ရောက်လာတယ်...၊ ဒါနဲ့... ကျုပ်လဲဖြည်ကြည့်တာပေါ့ မောင်ရယ်...၊ အဲဒီလို ဖြည်ကြည့်တော့... အထဲမှာ ဟောဒီပစ္စည်းတွေကို တွေ့ရတယ်..."ဟု ဆိုကာ ဦးရာမောင်သည် မားနှင့် မားကိုပတ်ခဲ့သော နံ့သာရောင် ပိုးစကလေးများကို ထုတ်၍ပြလေ၏။

ထိုအခါ မောင်သက်နှံသည် ပါဆယ်ထုပ်၏ ထောင့်ဘက်တွင်ရှိသော ပစ္စည်းပေးပို့သူ၏လိပ်စာကို ဖတ်၍ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

> အစ်မတော်
> ကိုယ်ရံတော်ဝင်းအနီး
> မန္တလေးမြို့။

မောင်သက်နှံသည် ပေးပို့သူ၏ လိပ်စာကို ဖတ်ပြီးနောက် ဦးရာမောင်၏ဘက်သို့လှည့်ကာ...

"မန္တလေး ကိုယ်ရံတော်ဝင်းအနီးက အစ်မတော်လို့ ရေးထားပါလား...၊ အဲဒါ ဦးရာမောင်သိပါသလား..."ဟု မေးလိုက်လေ၏။





နံနက် မိုးလင်းသောအခါ၌မူ မောင်ပညာတစ်ယောက် ပျောက်ဆုံးနေသည်ကို တွေ့ရလေတော့၏။ ၎င်းတို့သည် အနီးအနားပတ်ဝန်းကျင်၌ ရှာကြည့်ကြလေ၏။ အိမ်သာ၌ ခေါ်၍ကြည့်လေ၏။ ရေတွင်းဆီသို့ သွား၍ကြည့်လေ၏။ နေ့စဉ်ဈေးဝယ်ရသော ကုန်ခြောက်ဆိုင်သို့လည်း သွား၍သတင်းမေးကြည့်လေ၏။

သို့ရာတွင် မည်သည့်နေရာတွင်မှ မောင်ပညာကို မတွေ့ရသဖြင့် အိမ်သို့ပြန်လာကြလေ၏။ အိမ်သို့ရောက်သောအခါ၌ မောင်သန်းမောင်ဆိုသူက...

"ဆရာ... ဆရာ..."ဟု အင်စပက်တော် မောင်သက်နှံကို ခေါ်လေ၏။

"ဘာလဲ... သန်းမောင်ရာ၊ မင်းကလဲ... အလန့်တကြားကွာ..." ဟု မေးလိုက်လေ၏။

"အလန့်တကြားမဟုတ်ဘူးဆရာ...၊ ညက ဒီကစားပွဲပေါ်မှာ တင်ထားခဲ့တဲ့ ဟိုမားကြီးနဲ့ ပိုးစတွေ မတွေ့တော့ဘူး..."ဟု ပြောလိုက်လေ၏။

ထိုအခါကျမှပင် မြေတိုင်းအင်စပက်တော် မောင်သက်နှံလည်း

"အေး... ဟုတ်ပါရဲ့...၊ ဆန်းတယ်ကွာ...၊ မောင်ပညာလဲပျောက်၊ ဦးစနဲ့ မားကြီးလဲ... ပျောက်သွားတာကတော့... တော်တော့်ကို ဆန်းတယ်ပါရဲ့ တပည့်တို့ရေ...၊ ရှာကြစမ်းပါဦး..."ဟု အလန့်တကြား အော်လိုက်လေ၏။

ထိုအခါ မောင်မြဘူးက...

"ဆရာ...၊ ဆရာ့စားပွဲပေါ်မှာ စာတစ်စောင်..."ဟု ဆိုကာ စာရွက်ခေါက်လေးကိုယူ၍ မြေတိုင်းအင်စပိတ်တော် မောင်သက်နှံ [illegible]သို့ ရိုသေစွာ အပ်နှံလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သက်နှံ့လည်း မောင်မြဘူးအပ်နှံလိုက်သော စာခေါက်ကလေးကို ဖွင့်၍ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

ကျေးဇူးရှင်ဆရာ…

ဆရာက ပဟေဠိဖြေရမယ်ဆိုပြီး စားကြီးနဲ့ ပိုးစကလေးတွေကို စားပွဲပေါ်တင်လိုက်တဲ့အထိ အဲဒီကိစ္စဟာ ကျွန်တော်နဲ့မပတ်သက်ဘူးထင်ခဲ့ပါတယ်၊ ဒါပေမယ့် ပိုးစပေါ်မှာ ရေးထားတဲ့ စာကလေးတွေဟာ ရိုးရိုးအင်္ဂလိပ်စာနဲ့မတူဘူး၊ "ပိုဝမ်" ကဗျာရဲ့ အစိတ်အပိုင်းတွေနဲ့ ပိုပြီးတူနေပါတယ်၊ ပိုးစတစ်စမှာ စာကြောင်း တစ်ကြောင်းစီသာ ပါလေတော့ ဘယ်စာဟာအရှေ့ ဘယ်ဟာဟာ အနောက်ဆိုတာကို စဉ်းစားဖို့ အတော်ခက်ပါတယ်၊ အဲဒီတော့ ကျွန်တော်လဲ အများနည်းတူ စဉ်းစားကြည့်ပါတယ်၊ ပိုးစကို အသုံးပြုပုံကိုတောက်တော့ ပိုးကိုကမ္ဘာပေါ်မှာ စတင်သုံးစွဲခဲ့တဲ့ တရုတ်လူမျိုးတွေကို မျက်စိထဲမှာ သွားပြီးမြင်ယောင်မိပါတယ်၊ အဲဒီလိုမြင်ယောင်မိရင်ပဲ တရုတ်လူမျိုးတွေရဲ့ ရှေးဟောင်းကဗျာလင်္ကာအကြောင်းကို သတိရမိပြန်တယ် ဆရာ၊

ဒီလိုပါခင်ဗျာ၊ ရှေးဟောင်းတရုတ်ကဗျာတွေဟာ စာကြောင်းလေးကြောင်း ပါရှိပါတယ်၊ ပထမစာကြောင်းမှာ ဖော်ပြချင်တဲ့ အကြောင်းအရာနိဒါန်းကို ရေးလေ့ရှိပါတယ်၊ ဒုတိယစာကြောင်းမှာတော့ အဲဒီနိဒါန်းရဲ့အဆက်ကို ရေးပါတယ်၊ တတိယကျပြန်တော့ ပထမစာကြောင်းနဲ့ ဒုတိယစာကြောင်းမှာ မပါတဲ့အကြောင်းကို ရေးပါတယ်၊ စတုတ္ထစာကြောင်းမှာတော့ ပထမ၊ ဒုတိယနဲ့ တတိယ စာကြောင်းတို့ရဲ့ အဓိပ္ပါယ်အားလုံး ပါဝင်တဲ့ စာကြောင်းကို ရေးလေ့ရှိပါတယ်၊





အဲဒါကို သတိရမိတော့ ဆရာယူလာတဲ့ နှံ့သာရောင်ပိုးစကလေးလေးစကို အဲဒီနည်းအတိုင်း စိတ်ထဲမှာဆင်ပြီး ဖတ်ကြည့်တော့ ဟောဒီလို ရပါတယ် ခင်ဗျား…၊

*Two daughters of a silk merchant live in Mandalay.*
*The elder is twenty, the younger is eighteen,*
*A man will kill with his sword,*
*But these girls slay man with their eye's.*

အဓိပ္ပါယ်ကတော့ ဆရာလဲ သိပါပြီ…

မန္တလေးမှာနေတဲ့ ပိုးကုန်သည်…
သမီးနှစ်ယောက်ရှိပါတယ်…
ဆယ်ရှစ်နှစ်နဲ့ အသက်နှစ်ဆယ်…
လူတစ်ယောက်က သတ်လိမ့်မယ်…
ဓားရှည်ကြီးနဲ့ကွယ်…
သို့ပါသော်လဲ သတ်နိုင်ခဲ…
သူတို့မျက်လုံးများက…
ဖမ်းစားဆဲ…၊

ဆိုတဲ့အဓိပ္ပါယ်မျိုးပဲ မဟုတ်လားဆရာ…၊ ပိုးကုန်သည်ကြီးရဲ့ သမီးနှစ်ယောက်ဟာ သူတို့ကိုသတ်မယ့်… ဓားသမားကို သူတို့ရဲ့အလှနဲ့ သူတို့ရဲ့လှပတဲ့ မျက်လုံးများနဲ့ ဖမ်းစားသတ်ပစ်နိုင်ခဲ့တယ်လို့ဆိုတာပဲ မဟုတ်လား… အဲဒီကိစ္စဟာ ကျွန်တော်နဲ့ လုံးဝပတ်သက်နေတယ် ဆရာ…၊ ဘယ်ပုံဘယ်နည်းပတ်သက်နေတယ်ဆိုတာ… ဆရာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြဖို့ အချိန်လိုပါသေးတယ်...

တကယ်ဆိုတော့... လူဆိုတာဟာ သဘာဝက ခြယ်မှုန်းရေးသားတဲ့ နောက်ကြောင်း ပုံဝတ္ထုလေးတွေ ရှိစမြဲ မဟုတ်လားခင်ဗျား....

ဆရာ့ဖေါ်တပည့်

မောင်ပြည့်သာ

မြေတိုင်းအင်စပိတ်တော် မောင်သက်နှိုသည် ထူးဆန်းသော ထိုစာကိုဖတ်ရှုပြီးနောက် ပါးစပ်အဟောင်းသားဖြင့် အဝေးဆီသို့ ငေးမျှော်ကြည့်ကာ ငေးငိုင်၍ နေလေတော့သတည်း....။





# အမှားအမှန် ရွေပန်းကန်

တစ်နေ့သ၌ စည်ကားသော မြို့တစ်မြို့၌ ခမ်းနားသော မင်္ဂလာဆောင်ကြီးတစ်ခု ကျင်းပလေ၏။ ထိုမင်္ဂလာဆောင်၏ သတို့သမီးမှာ ထိုမြို့၏ မြို့မျက်နှာဖုံး လူချမ်းသာတစ်ဦး၏ သမီးဖြစ်လေ၏။

သတို့သားမှာမူ ဆင်းရဲနွမ်းပါးသော တယောဆရာကလေးတစ်ဦးဖြစ်လေ၏။ ၎င်းတယောဆရာကလေး၏အမည်မှာ 'မောင်ပွင့်ကောင်း'ဟူ၍ ဖြစ်၏။ ၎င်းမောင်ပွင့်ကောင်းသည် တယောဆရာတစ်ဦးဖြစ်သည့်အားလျော်စွာ တယောထိုး လွန်စွာကောင်း၏။ သီချင်းဆိုလည်း ပိုင်၏။ ထို့ပြင် လွန်စွာယောကျ်ားပီသသော စိတ်ဓာတ်မျိုးလည်း ရှိ၏။

သို့ရာတွင် မောင်ပွင့်ကောင်းမှာ ထိုမြို့သားတစ်ဦးမဟုတ်ပေ။ တခြားမှ လာရောက်နေထိုင်သော ဧည့်သည်တစ်ဦးသာ ဖြစ်ပေသည်။ ထိုသို့ လာရောက်နေထိုင်စဉ် မြို့မျက်နှာဖုံး၊ လူကြီးလူကောင်းတစ်ဦး၏သမီးဖြစ်သူနှင့် လူငယ်ချင်း ချစ်ကျွမ်းဝင်၏။ ထိုအခါ မိန်းကလေးမိဘများကလည်း မောင်ပွင့်ကောင်း၏ ယောကျ်ားပီသပုံတို့ကို သဘောကျ၍ သမီးနှင့် လက်ထပ်ပေးခြင်း ဖြစ်၏။

ထိုမင်္ဂလာဆောင်သည် လွန်စွာစည်ကား၏။ လက်ဖွဲ့ပစ္စည်းများလည်း လွန်စွာရကြလေ၏။ ညပိုင်းသို့ရောက်သောအခါ စာရင်းပြုလုပ်ရန်အတွက် သတို့သားနှင့် သတို့သမီးတို့သည် လက်ဖွဲ့ပစ္စည်းထုပ်များကို ဖောက်ကြလေတော့၏။ ပြီးလျှင် မည်သူက မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလက်ဖွဲ့ကြောင်းကို စာရင်းစာအုပ်၌ စာရင်းပြုလုပ်ကြလေတော့၏။ ထိုသို့ စာရင်းများ ပြုလုပ်ရင်းနှင့် ညဉ့်နက်ပိုင်းသို့ရောက်ရှိလေတော့၏။

ထိုအချိန်တွင် သတို့သားဖြစ်သူ မောင်ပွင့်ကောင်းသည် အထုပ်တစ်ထုပ်ကို ကောက်ယူလိုက်၏။ ထိုအထုပ်မှာ တစ်ထွာပတ်လည်ခန့်ရှိသော ကတ်ထူစက္ကူဘူးဖြင့် သပ်ရပ်လှပစွာ ထုပ်ထားခြင်းဖြစ်၏။ မောင်ပွင့်ကောင်းသည် ထိုအထုပ်ကို ဖွင့်လိုက်ရာ အတွင်း၌ အကောင်းစားလက်ဖက်ရည်အချိုပန်းကန်လေးလုံးနှင့် ပန်းကန်ပြားလေးချပ်ဖြစ်လေ၏။ မောင်ပွင့်ကောင်းသည် ထိုပစ္စည်းများ လက်ဖွဲ့သူအားစာရင်း၌ ရေးမှတ်လေ၏။ ထိုသို့ ရေးမှတ်နေစဉ် သတို့သမီးသည် ပန်းကန်များကိုကြည့်၏။

"ပန်းကန်လေးတွေက... လှလိုက်တာ ကိုပွင့်ကောင်းရယ်..." ဟု ပြောဆိုကာ ပန်းကန်လုံးလေးများကို ပန်းကန်ပြားများနှင့် ထပ်ကြည့်လေ၏။ ထိုသို့ပြုလုပ်သည်ကို မောင်ပွင့်ကောင်းကလည်း လှမ်းကြည့်မိလေ၏။ ထိုသို့ကြည့်နေစဉ် သတို့သမီးက...

"ဘယ်လိုလဲမသိဘူး...၊ ဟောဒီပန်းကန်လုံးလေးမှာ ဟောဒီတစ်လုံးက လက်ကိုင်ကွင်းဟာ... တစ်ခြားကွင်းတွေထက် ပိုပြီးကြီးနေပါလား... ကိုပွင့်ကောင်း..."ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ပွင့်ကောင်းလည်း သတို့သမီးပြသော လက်ဖက်ရည်ပန်းကန်လုံးအား ကြည့်လိုက်ရာ အခြားသော ပန်းကန်လုံးများမှ လက်ကိုင်များထက် ယောင်ယောင်လေး ကြီးနေသည်ကို တွေ့ရလေ၏။ မောင်ပွင့်ကောင်းသည် မျက်မှောင်ကြုတ်စဉ်းစားလိုက်လေ၏။

ထို့နောက် ထိုပန်းကန်လုံးကို ကောက်ယူ၍ ကြည့်ရှုလိုက်ရာ ပန်းကန်လုံးပေါ်မှ အင်္ဂလိပ်ပန်းစာလုံးဖြင့် ရိုက်နှိပ်ထားသော စာကြောင်းများကို တွေ့ရလေ၏။ မောင်ပွင့်ကောင်းသည် ကျန်သော





ပန်းကန်လုံးများကို ကြည့်ရှုပြန်၏။ ထိုပန်းကန်လုံးများ၌လည်း ပန်းစာလုံးဖြင့် အင်္ဂလိပ်စာကြောင်းများ ပါရှိသည်ချည်း ဖြစ်လေ၏။ ထို့ကြောင့် မောင်ပွင့်ကောင်းက အလျင်ဆုံး သတိပြုမိသော လက်ကိုင်ကွင်းကြီးနေသည့်စာများကို ရှေ့ဆုံးထား၍ ကျန်သောပန်းကန်လုံးများမှ စာများကို ဆက်စပ်၍ ဖတ်ရှုကြည့်ရာ အောက်ပါကဗျာလင်္ကာလေးတစ်ပုဒ်ကို ရရှိလေတော့၏။

*The Poorest In Town,*
*The Bravest Man in Town,*
*He Barely Sustains Himself,*
*Yet Wishes To Rival The Wealthiest.*

ထိုကဗျာ၏အဓိပ္ပါယ်မှာ-

**မြို့ပေါ်မှာ အမွဲဆုံး...**
**မြို့ပေါ်မှာ အရဲရင့်ဆုံး...**
**သူတစ်ကိုယ်တည်း ရပ်တည်မဆုံး...**
**သူ့ဆန္ဒမှာ အချမ်းသာရှင်ဆုံး...။**

ဟူ၍ ဖြစ်ပေ၏။

မောင်ပွင့်ကောင်းသည် ထိုကဗျာကို ဖတ်ပြီးနောက် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်၍သွားလေတော့၏။

ထို့နောက် မောင်ပွင့်ကောင်းက ကြွေကြွေဆည်ကာ သတို့သမီးအား...

"အချစ်ရေ... ညဉ့်လဲနက်ပြီကွယ်... အိပ်ကြပါစို့..."ဟု ပြောလိုက်လေ၏။

ထိုအခါ သတို့သမီးက...



www.burmeseclassic.com

www.burmeseclassic.com



"ကိုပွင့်ကောင်းကော... မအိပ်သေးဘူးလား..."ဟု ပြန်၍ မေးလေ၏။

"ကိုပွင့်ကောင်းတော့... တယောနည်းနည်းထိုးဦးမယ်လေ..." ဟု မောင်ပွင့်ကောင်းက ပြန်၍ပြောလေ၏။

"မဟုတ်တာဘဲ... ကိုပွင့်ကောင်းရယ်...၊ ကိုပွင့်ကောင်းတယော ထိုးတဲ့အနားမှာ... အချစ်လဲနေချင်တာပေါ့..."ဟု နှုတ်ခမ်းစူ၍ ပြောလေ၏။

"ကဲ... ဒီလိုဆိုလဲ... ကိုပွင့်ကောင်းလဲ... တယောမထိုးတော့ဘူး...၊ အချစ်လဲအိပ်တော့..."ဟု ဆိုကာ...

မောင်ပွင့်ကောင်းသည် သတို့သမီးအား ချော့မော့၍ အိပ်စေလေတော့၏။ သို့ရာတွင် သတို့သမီးမှာ တော်တော်နှင့်မအိပ်ဘဲ ရှိလေ၏။ မောင်ပွင့်ကောင်းလည်း စိတ်ရှည်လက်ရှည် ချော့မော့၍ သိပ်လေ၏။ နောက်ဆုံး၌ သတို့သမီးလည်း အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

နံနက်မိုးလင်းသောအခါ၌ သတို့သမီးသည် မောင်ပွင့်ကောင်းကိုကြည့်ရာ မမြင်သဖြင့် အိမ်သာ၊ ရေချိုးခန်း စသည်တို့၌ ခေါ်၍ ကြည့်လေ၏။ မည်သည့်နေရာတွင်မှ မောင်ပွင့်ကောင်းကို မတွေ့တော့သည့်အဆုံးတွင် အိမ်ခန်းတွင်းသို့ ပြန်လာလေ၏။ မောင့်ပွင့်ကောင်း၏ တယောချိတ်သော နံရံသို့ကြည့်ရာ တယောကလေးပါ ပျောက်ဆုံးနေသည်ကို တွေ့ရလေ၏။ သို့ရာတွင် နံရံတယောချိတ်သော သံချိတ်၌မူ စာကလေးတစ်စောင် ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။

သတို့သမီးလည်း ထိုစာကိုပြေး၍ ဖြုတ်ပြီးလျှင် ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

အချစ်ရေ...

ညက မင်္ဂလာလက်ဖွဲ့တွေထဲမှာပါတဲ့... ထူးဆန်းတဲ့ ပန်းကန်လုံးလေးတွေကို သတိထားမိမှာပေါ့...၊ အဲဒီ ပန်းကန်လုံးကလေးတွေမှာ ပါတဲ့... ကဗျာကလေးဟာ... ကိုပွင့်ကောင်းနဲ့ တိုက်ရိုက်ပတ်သက်





နေတယ်...၊ ကိုပွင့်ကောင်းဟာ ဒီမြို့မှာ တစ်မိနစ်တောင်မှ ဆက်ပြီး မနေသင့်တော့ဘူး...၊ ဒါကြောင့် အချစ်ကိုထားခဲ့ပြီး ထွက်သွားပါပြီ...၊ ပန်းကန်ပေါ်က စာတွေနဲ့ ကိုပွင့်ကောင်းဟာ ဘယ်လိုပတ်သက်နေတယ်ဆိုတာတော့... အချစ်ကို ရှင်းမပြနိုင်ဘူး...၊ အဲဒါကို... ခွင့်လွှတ်ပါ...။

လူဆိုတာ... သဘာဝတရားက ခြယ်မှုန်းရေးထားတဲ့ နောက်ကြောင်းခံ ပုံဝတ္ထုလေးတွေ ရှိစမြဲပဲ...၊ ဒါကြောင့် ကိုပွင့်ကောင်းထွက်သွားပါပြီ...။

အချစ်ရဲ့

ကိုပွင့်ကောင်း

သတို့သမီးလည်း စာကိုဖတ်ပြီးနောက် ကတုန်ကယင်ဖြစ်၍လာကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ ထို့နောက် လက်ဖွဲ့အဖြစ် ရရှိခဲ့သော ထူးဆန်းသည့် ကြွေပန်းကန်လေးလုံးကို ရှာဖွေလေတော့၏။ သို့ရာတွင် ထိုကြွေပန်းကန်တို့မှာလည်း မောင်ပွင့်ကောင်းနှင့်အတူ ထူးဆန်းစွာ ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ရှက်ခြင်း၊ အံ့သြခြင်း စသော ဝေဒနာလေးမျိုး ပေါင်းစပ်၍ သည်းသည်းမဲမဲကြီး ငိုကြွေးနေလေတော့သတည်း...။



www.burmeseclassic.com

www.burmeseclassic.com



# သင်ပုန်းပေါ်က ယပ်တောင်နှစ်ချောင်း

မြို့ကလေးတစ်မြို့၌ ညကျောင်းဆရာလေးတစ်ဦးရှိလေ၏။ ထို ညကျောင်းဆရာလေးသည် ကလေးများကို အင်္ဂလိပ်စာသင်၍ ပေး၏။ အသင်အပြလည်း အလွန်ကောင်းလေ၏။ ကလေးတို့သည် ထိုဆရာလေး၏ကျောင်း၌ တစ်နှစ်ကျော်ကျော်ခန့် ဆက်နေမိလျှင် အတော်အတန်ရေးနိုင်၊ ဖတ်နိုင်ခြင်းသို့ ရောက်လေတော့၏။ ထို့ကြောင့် ထိုညကျောင်းဆရာကလေးအား ကျောင်းသားများကသာ မက ကျောင်းသားမိဘများကပါ သဘောကျလေ၏။ ထိုဆရာကလေး အမည်မှာ 'မောင်ကြာရွက်'ဟူ၍ ဖြစ်သည်။ ၎င်းဆရာလေး မောင် ကြာရွက်သည် အင်္ဂလိပ်စာ သဒ္ဒါကို သင်ပြရာ၌ လွန်စွာအကွက် စေ့စေ့သင်တတ်သောကြောင့် ကျောင်းသားမိဘများက ၎င်းအား 'ဂရမ္မာ ကြာရွက်'ဟူ၍ တင်စားခေါ်ဝေါ်ကြလေ၏။

သီတင်းကျွတ်လသို့ ရောက်ရှိသည့်အခါတိုင်း၌ ကျောင်းသား ကလေးများသည် ၎င်းတို့၏ဆရာ၊ ဂရမ္မာကြာရွက်အား အာစရိယ ပူဇော်ပွဲ ပြုလုပ်လေ့ရှိလေသည်။ လုံချည်၊ ပိတ်စ၊ ဖောင်တိန်၊ ကိတ် မုန့်၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ခေါင်းလိမ်းဆီမှ အစ လိုလေသေးမရှိအောင် စုပေါင်းပူဇော်လေ့ရှိကြ၏။ ဂရမ္မာ ကြာရွက် လည်း ၎င်း၏တပည့်များအပေါ်၌ လွန်စွာစေတနာထား၍ သင်ပြ ပေးလေ၏။

တစ်ခုသောနှစ်၌ သီတင်းကျွတ်လသို့ ရောက်သောအခါ၌ ကျောင်းသားများသည် ဆရာပူဇော်ပွဲပြုလုပ်ကြပြန်လေ၏။ ဆရာ

www.burmeseclassic.com



အား ကန်တော့မည့် ပစ္စည်းများကိုလည်း ဆရာ၏စားပွဲပေါ် လာရောက်၍ စုပုံထားကြလေ၏။

ကျောင်းသားများသည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်၍ ဂရမ္မာကြာရွှက်အား စောင့်မျှော်နေကြလေ၏။ ဂရမ္မာကြာရွှက်လည်း ရေမိုးချိုးကာ အဝတ်အစားသစ်များ ဝတ်ဆင်၍ ကျောင်းခန်းဆီသို့ လာခဲ့လေ၏။

ကျောင်းသားများသည် ရှေးဦးစွာ ဘုရား၊ တရား၊ သံဃာကို ကန်တော့ကြ၏။ ထို့နောက် ဂရမ္မာကြာရွှက်အား ကန်တော့ကြလေ၏။ ဂရမ္မာကြာရွှက်လည်း ကျောင်းသားများ၏ ကန်တော့ကို ခံပြီးနောက် ကျောင်းသားများအား ကျန်းမာစေကြောင်း၊ ပညာတတ်စေကြောင်း အစရှိသည့်ဆုများကို ပေးလေ၏။ ထို့နောက် ဆုံးမစကားပြောရန်အတွက် နေရာမှ ထလိုက်လေ၏။

ပြီးလျှင်...

"တပည့်တို့ ဆရာဆိုတာ မားသွေးကျောက်နဲ့တူတယ်ကွယ်...၊ မားသွေးကျောက်မှာ ဓားတွေလာလာပြီး သွေးကြတာပဲ...၊ ဓားတွေဟာ ထက်သွားပြီဆိုရင်... သူ့နေရာနဲ့သူ အသုံးဝင်ကုန်တော့တာပဲ...၊ ဒါပေမယ့် ဓားသွေးကျောက်ကတော့ ဒီအတိုင်း... ဒီအတိုင်းပဲကွယ့်၊ နောက်ထပ်လာပြီး သွေးမယ့်ဓားတွေကို စောင့်မျှော်ရပြန်တယ်...၊ ဒီလိုပဲ... တပည့်တွေက... မြို့အုပ်၊ ဝန်ထောက်တွေ၊ အရေးပိုင်တွေ ဖြစ်ကုန်ကြရော...၊ ဆရာကတော့ ဒီအတိုင်းပါပဲ...၊ ရှေ့ကတပည့်တွေက အတောင်အလက်စုံလို့ ပျံသွားကြတဲ့အခါမှာ... နောက်လာမယ့်တပည့်သစ်လေးတွေကို စောင့်မျှော်ရပြန်တယ်...၊ သင်ပေးရပြန်တယ်...၊ မင်းတို့ပဲ... စဉ်းစားကြည့်လေ... ဟောဒီ'ဘလက်ဘို့' သင်ပုန်းကြီးပေါ်မှာ ဆရာဟာ မြေဖြူခဲနဲ့ရေးပြီး မင်းတို့အရင် ကျောင်းသားတွေကို သင်ပြပေးခဲ့တယ်...၊ သူတို့ကျောင်းထွက်သွားတဲ့အခါ... မင်းတို့ရောက်လာပြန်တယ်...၊ ဟောဒီ သင်ပုန်းကြီးကတော့..."ဟု ဆိုကာ...

ဂရမ္မာကြာရွှက်သည် ၎င်း၏နောက်ဘက်မှ သင်ပုန်းကြီးအား





လက်ဖြင့်ညွှန်ပြ၍ ၎င်းကိုယ်တိုင်လည်း သင်ပုန်းကြီးကိုလှည့်ပြီး ကြည့်လိုက်မိလေတော့၏။

ထိုသို့ကြည့်လိုက်မိသည်ဆိုလျှင် ဂရမ္မာကြာရွှက်သည် မျက်နှာကွက်ခနဲပျက်၍ သွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် သင်ပုန်းကြီးပေါ်တွင် မြေဖြူခဲဖြင့် ရေးထားသော အောက်ပါစာများကို တွေ့ရသောကြောင့် ဖြစ်သည်။

*The great path has no gate, thousands of roads enter it, when one passes through this gateless gate. He walk freely between right and wroung.*

ဂရမ္မာကြာရွှက်သည် ကျောင်းသားများဘက်သို့လှည့်ပြီးနောက်

"ဟောဒီ 'ပိုဝမ်'ကဗျာကို ဘယ်သူရေးတာလဲ...၊ ပြီးတော့ ဟောဒီဟာလေးကို ဘယ်သူရေးတာလဲ..."ဟု မေးလိုက်လေ၏။

"ယပ်တောင်နှစ်ချောင်းပုံကလေးကို... ပြောတာလားဆရာ..." ဟု မောင်ကျော်ဝင်းဆိုသည့် တပည့်ကလေးက ပြန်၍မေးလိုက်လေ၏။

"ယပ်တောင်နှစ်ချောင်းလို့ မင်းပြောတာမဆိုးဘူးကွ...၊ ဒါပေမယ့် အဲဒီဥစ္စာက ယပ်တောင်နှစ်ချောင်းမဟုတ်ဘူး...၊ 'မုခ်တံခါး' အဓိပ္ပါယ်ရတဲ့ တရုတ်စာလုံးကွ...၊ ထားပါတော့လေ...၊ အဲဒီ ယပ်တောင်နှစ်ချောင်းနဲ့ ပိုဝမ်ကဗျာကို ဘယ်သူရေးတာလဲ..."ဟု ဂရမ္မာကြာရွှက်က မေးလိုက်ပြန်လေသည်။

ကျောင်းသားများက...

"မသိဘူးဆရာ..."ဟု ပြိုင်တူပြောကြလေ၏။ ထိုအခါ ဂရမ္မာကြာရွှက်က သူ၏ ကျောင်းသားများအား...

"အေး... အေး... မသိရင်လဲ ပြီးရော...၊ တပည့်တို့... ဆရာကို ကန်တော့ကြပြီးတာနဲ့ ပြန်နိုင်ကြပါပြီ..."ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများသည် ၎င်းတို့၏ဆရာ ဂရမ္မာကြာရွက်အား နှုတ်ဆက်၍ ပြန်သွားကြလေတော့၏။

နောက်တစ်နေ့ညနေသို့ ရောက်သောအခါ၌ ကျောင်းသားများ ကျောင်းတက်ရန် ကျောင်းခန်းသို့ ရောက်ရှိလာကြပြီးလျှင် သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ရေးထားသော စာကိုဖတ်၍ တစ်ဦးနှင့်တစ်ဦး ခေါင်းချင်းဆိုင်လျက် အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြလေတော့၏။ သင်ပုန်းပေါ်တွင် ကျောင်းသားများ ဖတ်ရသောစာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

တပည့်တို့...

မနေ့ကအထိ မင်းတို့ ဆရာကို ကန်တော့ပြီးတဲ့အထိ ဆရာက သင်ပုန်းကို မကြည့်မိသေးတဲ့အထိ ဆရာ့မှာ ဘယ်လိုအကြောင်းကိစ္စမှ မရှိပါဘူးကွယ်... ဒါပေမယ့်... သင်ပုန်းအကြောင်းပြောရင်... သင်ပုန်းကို ဆရာကြည့်မိတဲ့အခါမှာတော့ ဆရာ့မှာ အကြောင်းထူးတစ်ခုပေါ်လာပြီကွယ်...၊ သင်ပုန်းပေါ်မှာ ရေးထားတဲ့ယပ်တောင်နစ်ချောင်းရဲ့ အကြောင်းကို ဆရာရှင်းပြပြီးပါပြီ...၊ အဲဒီ ယပ်တောင်နစ်ချောင်းနဲ့အတူ ရေးထားတဲ့ အင်္ဂလိပ်ကဗျာလေးကလည်း ရှိုးရှိုးလေးပါကွာ...၊ တပည့်တို့လဲ အဓိပ္ပါယ်သိကြမှာပါ...၊ သူ့အဓိပ္ပါယ်က

ဒီလိုမဟုတ်လား...
လမ်းမကြီးမှာ မှတ်တံခါးမရှိပါ...
လမ်းထောင်ပေါင်းများစွာ လမ်းမကြီးမှာ ဝင်နေတာ...
တစ်စုံတစ်ယောက်ဟာ ဖြတ်သွားပါ...
တံခါးမရှိတဲ့ မှတ်တံခါးမှာ...
အဲဒီအခါမှာ သူ့မှာ လွတ်လပ်စွာ လျှောက်လို့...
သွားနိုင်တာ အမှန်နဲ့အမှားဆိုတဲ့...
အရာနစ်ခုရဲ့ကြားမှာပါ...၊
အဲဒီပိုဝမ်ကဗျာလေးဟာ ဆရာနဲ့ အများကြီး သက်ဆိုင်နေ





တယ်...။ ဘယ်လိုသက်ဆိုင်နေတယ်ဆိုတာတော့ တပည့်တို့ကို ရှင်းပြဖို့တောပါသေးတယ်...၊ ဒါကြောင့် ဆရာရဲ့စာသင်ခြင်းအလုပ်ကို ရပ်ဆိုင်း လိုက်ပါပြီ...၊ ဆရာ့ကို ခွင့်လွှတ်နိုင်ကြပါစေ...။

လူဆိုတာ သဘာဝတရားက ရေးသားခြယ်မှုန်းထားတဲ့ နောက်ကြောင်းခံ ပုံဝတ္ထုလေးတွေ ရှိစမြဲပဲ မဟုတ်လား... တပည့်တို့ရေ...

သင်တို့ရဲ့ဆရာ

ကြာရွက်

ကျောင်းသားများသည် လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။

ထို့နောက် ကျောင်းသားမိဘများပါ ရောက်ရှိလာပြီးလျှင် သင်ပုန်းပေါ်မှ ဂရမ္မာကြာရွက်ရေးခဲ့သော စာကိုကြည့်ကာ စာသင်ကောင်းသော ညကျောင်းဆရာလေးတစ်ဦးကို ဆုံးရှုံးလိုက်ရခြင်းအတွက် နှမြောတသခြင်း ဖြစ်ကုန်ကြလေတော့သတည်း...။



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်ပန္နက်ချရန်

## နိဒါန်း

သို့မဟုတ်

# ပညာရှင်မြွေဆိုးမြွေပေါက်များ





# ပညာရှင်မြွေဆိုးမြွေပေါက်များ

တစ်နေ့သ၌ လူကြီးတစ်ယောက်သည် တောင်းကြီးနှစ်လုံးကို ထမ်းလျက် တောင်ကုန်းတစ်ခုပေါ်သို့တက်၍ နေလေ၏။ ထိုလူကြီး ထမ်းလာသော တောင်းအတွင်း၌ကား မြေနီခဲများပါလာလေ၏။ လူကြီးသည် တရွေ့ရွေ့ တဖြည်းဖြည်းနှင့်ပင် တောင်ကုန်းပေါ်သို့ တက်၍ နေလေ၏။ တောင်ကုန်း၏ တစ်ဝက်ခန့်ကလေး၌ ခေတ္တ နားရန်အတွက် တောင်းများကို ချလိုက်လေ၏။ ဇရပ်ပေါ်၌ကား လူငယ်တစ်ယောက်သည် လက်ကိုခေါင်းအုံး၍ အိပ်စက်နေလေ၏ လူကြီးလည်း ဇရပ်ပေါ်၌ တက်၍ထိုင်ပြီးလျှင် ချွေးများကို သုတ်လိုက်လေ၏။ ထိုအခါ၌ အိပ်စက်လျက်ရှိသော လူငယ်သည် လူကြီးအား သေချာစွာ ကြည့်လိုက်လေ၏။ လူကြီးက လူငယ်အား ဂရုစိုက်ခြင်း မပြုဘဲ ၎င်း၏ခေါင်းတွင်ပေါင်းထားသော ခေါင်းပေါင်းကိုဖြုတ်ကာ ချွေးများကို သုတ်လေ၏။

လူငယ်သည် အိပ်၍နေရာမှထ၍ ထိုင်လိုက်လေ၏။ ပြီးလျှင် ၎င်း၏ဆေးပေါ့လိပ်အတိုကို မီးညှိရန်အတွက် မီးခြစ်ကို ထောက်ခနဲ ခြစ်လိုက်လေ၏။ သို့ရာတွင် မီးမတောက်သဖြင့် မီးခြစ်ဆံတစ်ဆံကို ထုတ်၍ ပြန်ခြစ်ပြန်လေ၏။ ထိုအကြိမ်တွင်လည်း မီးမှာ မတောက် ပေ။ ထို့ကြောင့် လူငယ်သည် နောက်ထပ်မီးခြစ်ဆံတစ်ချောင်းကို ထုတ်ယူ၍ ထောက်ခနဲခြစ်လိုက်ပြန်ရာ ထိုအကြိမ်၌မူ မီးခြစ်ဆံ မီးပွင့်၍ ‘ရှဲ’ခနဲ မြည်ကာ မီးစွဲလေတော့၏။

လူငယ်လည်း ဆေးလိပ်ကို မီးတို့ပြီးလျှင် မီးခိုးများ တထောင်း ထောင်းထသည်အထိ ဖွာလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူငယ်သည် လူကြီးအား အကဲခတ်ပြီးလျှင်…

"ဒီမှာ ဦးလေး… ဟောဒီအနီးတဝိုက်မှာ အလွန်အင်မတန် ပညာရှိတဲ့ လူကြီးတစ်ယောက် ရှိတယ်လို့ ကြားဘူးပါတယ်… ဟုတ်ပါသလား ခင်ဗျား…"ဟု မေးလိုက်လေ၏။

"ငါကို… အခုမေးတဲ့မေးခွန်းမျိုးကို ဟောဒီ… တောင်ကုန်းရဲ့ အနောက်ဘက်မှာရှိတဲ့… 'ကြွေးဥ'ဆိုတဲ့ ရွာမှာလဲ မေးခဲ့ပြီးမဟုတ်လား…"ဟု လူကြီးက ပြန်၍မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဦးလေး… ကျွန်တော်ဟာ အနောက်ဘက်က ကြွေးဥရွာမှာ မေးခဲ့ပါသေးတယ်… အဲဒါကို ဦးလေးက ဘယ်လိုများ သိပါသလဲ…"ဟု လူငယ်က ပြန်၍ မေးလိုက်လေ၏။

"မင်းရဲ့ဖိနပ်ခြစ်ဆံတွေက ပြောနေတယ်လေကွာ…"ဟု လူကြီးက ပြန်၍ပြောလိုက်လေ၏။

"ကျွန်တော်ဖိနပ်ခြစ်ဆံတွေက ပြောပြတယ်… ဘယ်လိုပြောပြတာလဲခင်ဗျာ… ကျွန်တော်ဖြင့် နားမလည်ပါဘူး…"ဟု လူငယ်က ဆိုလေ၏။

"ဒီလိုလေကွာ… ဆေးလိပ်သောက်မလို့ မီးခြစ်ခြစ်တာ… မီးခြစ်ဆံတွေက ရေစိုနေလို့ တော်တော်နဲ့ ခြစ်လို့မရဘူးလေကွာ… သုံးခါလောက် ခြစ်ယူရတယ်… မဟုတ်လား… အဲဒီကတည်းက… မင်းဟာ ကြွေးဥရွာဘက်က လာခဲ့တဲ့ခရီးသည်ဆိုတာ သိတာပေါ့ကွာ၊ ကြွေးဥရွာဘက်က လာတဲ့လမ်းမှာ မိုးခိုဖို့ ဇရပ်လဲမရှိဘူး… လယ်တဲလဲမရှိဘူး… သစ်ပင်ကြီးကြီးမားမားလဲ မရှိဘူးကွ… ဒါကြောင့် မင်းရဲ့မီးခြစ်ဆံတွေဟာ ရေစိုနေတာပေါ့… တခြားလမ်းက သာလာခဲ့ရင်တော့… စောစောက ရွာချခဲ့တဲ့မိုးကို လွတ်တန်ကောင်းပါရဲ့…"ဟု လူကြီးက ပြောလိုက်လေ၏။

"အမှန်ပါပဲခင်ဗျား… ဒါနဲ့ ကျွန်တော်မေးတာကလေး တဆိတ်လောက် ဖြေစမ်းပါဦး… ဒီအနားမှာ အလွန်အင်မတန်ပညာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးရှိတယ်ဆိုတာ… ဟုတ် မဟုတ် ပြောစမ်းပါဦး ခင်ဗျာ"ဟု လူငယ်က ပြောလိုက်လေ၏။





"မင်းကလဲ… ဘယ်ကနေ တစ်ရေးနိုးပြီး ထလာ တာတုန်း… ငါ့လူရ မင်းပြောတဲ့ဆရာကြီးတ မရှိတော့ဘူး ကွ… အဲဒီဆရာကြီးရဲ့ ပညာတွေ၊ အဲဒီဆရာကြီးပြုစုခဲ့တဲ့ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်္ဂါရတ်ကျမ်း၊ နက္ခတ်ကျမ်းတွေကို ဆက်လက်ပြီး ဆည်းပူးနေတဲ့ ပညာရှင်တွေတော့ ရှိပါရဲ့…"ဟု လူကြီးက ပြန်၍ ဖြေလိုက်လေ၏။

"ဪ… သူတို့က ဒီတောင်ကုန်းပေါ်မှာ နေကြတာလား…"ဟု လူငယ်က မေးလိုက်လေ၏။

"ဒီလိုကွ… မင်းပြောတဲ့ ဆရာကြီးဆိုတာက… ငါလဲ မမီလိုက်ဘူးကွ… မရှိတာလဲ ကြာပြီကွာ… သူဆောက်ပြီးနေခဲ့တဲ့ ကျွန်းအိမ်ကြီးလဲ ရှိတယ်… အင်္ဂါရတ်ထိုးတဲ့ ဖိုရုံလဲရှိတယ်… ကောင်းကင်နက္ခတ်ကိုကြည့်တဲ့ မှန်ပြောင်းတွေ၊ တွက်တဲ့ကိရိယာတွေလဲ ရှိတယ်ကွ… ပေစာထုပ်တွေ၊ လက်ရေးစာအုပ်တွေလဲ အများကြီးပဲ၊ သူမရှိတဲ့နောက်ပိုင်းမှာ သူ့ရဲ့တပည့်တွေက အဲဒီပစ္စည်းတွေရော၊ အဲဒီပညာတွေကိုရော ထိန်းသိမ်းထားကြတယ်ကွ… အဲဒီအိမ်ကြီးမှာ နေတဲ့လူလဲရှိတယ်… တချို့လဲ… ရေကြည်ရာမြက်နုရာဆိုသလို ထွက်သွားကြပြီး စီးပွားရှာဖွေကြတယ်… ရှာဖွေလို့ရတဲ့ငွေကြေးတိုလဲ ဒီမှာပဲလာပြီး သုံးကြတယ်… စုပေါင်းပြီး နေကြတဲ့သဘောကတော့ ဆရာကြီးထားခဲ့တဲ့ပညာတွေက လိုက်လို့မဆုံးဘူးဆိုပဲ… ဒီတော့… သူ့ရဲ့တပည့်တွေဟာ… စုစုစည်းစည်းနဲ့ ဆက်ပြီးလေ့လာကြ… ကြံဆကြနဲ့… သူတို့အလုပ်နဲ့သူတို့ ရှုပ်နေကြတာပါပဲ… ဖိုထိုးတဲ့သူက ဖိုထိုး… ဆေးဘက်လိုက်တဲ့လူကလဲ ဆေးပေါ့ကွာ… နက္ခတ်သမားကလဲ နက္ခတ်ပေါ့ကွာ… တကယ့်ကို တက္ကသိုလ်ကြီးတစ်ခုပါပဲ"ဟု လူကြီးက စိတ်ရှည်လက်ရှည် ပြောပြလိုက်လေ၏။

"ဒါနဲ့… ဦးလေးကလဲ အဲဒီကျွန်းအိမ်ကြီးမှာနေပြီး၊ ဆရာကြီးရဲ့ ပညာတွေကို ဆည်းပူးနေတာပေါ့…"ဟု လူငယ်က မေးလိုက်လေ၏။

"မဟုတ်ဘူးကွ… ငါက… သူတို့ကို ထမင်းချက်ကျွေးရတဲ့ ထမင်းချက်ကွ…"ဟု လူကြီးက ပြန်၍ပြောလိုက်လေ၏။

"လခဘယ်လောက်ရသလဲ…"ဟု လူငယ်က ပြန်၍မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သခမရပါဘူး...၊ ထမင်းစားရတယ်...၊ အိပ်ဖို့နေရာရတယ်..." ဟု လူကြီးက ပြန်၍ ပြောလိုက်လေ၏။

"ဒါဖြင့်... ဦးလေးအတွက် ဘာများအကျိုးရှိလို့လဲ..." ဟု လူငယ်က မေးလိုက်လေ၏။

"ငါ့အတွက် အကျိုးရှိဖို့မလိုပါဘူးကွာ...၊ သူတို့တွေကို ထမင်းချက်ပြီး ကျွေးနေရတာလဲ ပျော်လှပြီ...၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ပညာရပ်တွေကို ဖိဖိစီးစီးလိုက်စားနေကြတာကွ...၊ တစ်နေ့မှာ သူတို့ဟာ အောင်မြင်မှာ အမှန်ပါပဲ...၊ ဒီလိုအောင်မြင်တယ်ဆိုရင်... လူတွေအားလုံး အကျိုးရှိကုန်မှာကွ...၊ မင်းကို နားလည်အောင် မပြောတတ်ဘူးကွ...၊ ဥပမာတစ်ခုတော့ ပြောမယ်...၊ ဆရာကြီး... ထားခဲ့တဲ့ ကျွန်းအိမ်မည်းကြီးမှာ အင်္ဂလိပ်သမားတွေရှိတယ်...၊ သူတို့ဟာ ဘာမှမဟုတ်တဲ့ နို့ဆီခွက်က သံကိုကျိုပြီး... ရွှေဖြစ်အောင် လုပ်နေကြတာ...၊ နို့ဆီခွက်ကသံမှာ ရွှေပါတယ်ဆိုတာ ငါလဲ အစက မယုံပါဘူး...၊ ဒါပေမယ့် အခုတော့ ငါယုံပြီကွ...၊ နို့ဆီခွက်သံထဲမှာ ပါတဲ့ရွှေတွေကို သူတို့က ထုတ်ပြတယ်ကွ...၊ နည်းတော့နည်းနည်းကလေးပါ...၊ နည်းတာများတာက အကြောင်းမဟုတ်ပါဘူး...၊ နို့ဆီခွက်ထဲမှာ ရွှေပါတယ်ဆိုတာကိုသိတဲ့ပညာက မသေးဘူးကွ...၊ ဒါကိုကြည့်ရင် သူတို့ဟာ နှယ်နှယ်ရရလူမဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်ကွာ...၊ အဲဒီ နှယ်နှယ်ရရမဟုတ်တဲ့လူတွေက... နို့ဆီခွက်ကနေ ရွှေထုတ်တဲ့အဆင့်ကို ရပြီးပြီကွ...၊ တစ်ဆင့်တက်ပြီး... နို့ဆီခွက်တစ်ခုလုံးကို ရွှေဖြစ်အောင် ကြိုးစားနေလေရဲ့...၊ တကယ်ဖြစ်မြောက်တဲ့ တစ်နေ့မှာ ရွှေဈေးဟာ တစ်မတ်ဖြစ်ကုန်မှာတော့ သေချာပါတယ်ကွာ...၊ အဲဒီအခါမှာ လူတွေအားလုံး အဆင်ပြေကြမှာ မဟုတ်လား... ဒီလိုပဲ... ဆေးဘက်နက္ခတ်ပညာဘက်တွေကလည်း အတော့်ကို လိုက်စားကြတယ်...၊ နက္ခတ်ဘက်ကဆိုရင် ဘယ်တော့ နေကြတ်မယ်၊ လကြတ်မယ်၊ လျှပ်စီးလက်မယ်၊ ရေကြီးမယ်၊ မိုးခေါင်မယ်၊ အစာ ရေစာ ဝပြောမယ်၊ ခေါင်းပါးမယ်က အစပြုပြီး သူတို့သိကြတယ်...၊ ဒီထက်ပိုပြီး နားလည်စရာတွေလဲ ရှိသေးတယ်ဆိုပဲ...၊ အင်း...





ပြီးတော့ သူတို့ဟာ မြန်မာပြည်ကြီးဟာ တစ်နေ့မှာ လွတ်လပ်ရေး ရလိမ့်မယ်...၊ အဲဒီလိုမရခင်မှာ တို့လူမျိုးတွေဟာ တိုင်းတစ်ပါးသားတွေနဲ့ တိုက်ကြ၊ ခိုက်ကြရမယ်လို့ မျှော်လင့်ကြတယ်...၊ လက်သိုင်း အတတ်တွေကိုလဲ လေ့ကျင့်ဆည်းပူးကြသေးတယ်...၊ ခွန်အားဗလ တွေကောင်းအောင် လေ့ကျင့်သူတွေကလဲ လေ့ကျင့်ကြသေးတယ်၊ အဲဒါတွေကတော့ အလွန်ကောင်းပါတယ်..." လူကြီးက ရှည်လျားစွာ ပြောပြလိုက်လေ၏။

"အဲဒါတွေက အလွန်ကောင်းပါတယ်ဆိုတော့ ဦးလေးစကားက တို့လို့တန်းလန်းကြီးပါလား...၊ မကောင်းတာတွေ ရှိဦးမှာပေါ့..." ဟု လူငယ်က မေးလိုက်လေ၏။

"မကောင်းတာတော့ တခြားဟုတ်ရိုးလားကွာ...၊ ဒါလောက်ကောင်းတဲ့ပညာတွေကို ဘာဖြစ်လို့ လူတစ်စုလက်ထဲမှာ ထားချင်ရတာလဲ...၊ ပွင့်ပွင့်လင်းလင်းပေါ့ကွာ...၊ သူများတွေလဲ တတ်ကြပါစေဆိုပြီး တံခါးဖွင့်ပေးလိုက်ပေါ့...၊ အခုတော့... ဒီလိုမဟုတ်ဘူးကွ...၊ သူတို့က လျှို့ဝှက်လွန်းတယ်...၊ သူတစ်ပါးရသွားမှာကို အလွန်စိုးရိမ်လှတယ်...၊ သူတို့ဆီက ပညာတွေ ပေါက်ကြားသွားရင် အသက်ကို လုပ်ကြံသည်အထိ လုပ်ချင်ကြတယ်...၊ ကျုပ်သိသလောက်တော့ သူတို့ဟာ ဒီကိစ္စအတွက် အသက်တွေ သတ်ခဲ့ကြတယ်ကွယ့်..." ဟု လူကြီးပြောလိုက်လေ၏။

လူငယ်ကမူ တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ ငြိမ်၍နားထောင်နေလေ၏။

"နေစမ်းပါဦး ငါ့လူရ...၊ မင်းကလဲ မေးလှချည်လား...၊ ဘယ်ကနေဘယ်လို သတင်းကြားပြီး ရောက်လာတာလဲ..." ဟု လူကြီးက မေးလိုက်လေ၏။

"ဒီလိုပါ...၊ ကျွန်တော်က ဘာမှနားမလည်ပါဘူး...၊ ကြားဘူးလို့ မေးတာပါ...၊ ကျွန်တော်က ဘာမှလဲ မတတ်ပါဘူး..." ဟု လူငယ်က ပြန်၍ ဖြေလိုက်လေ၏။

"အေးကွာ...၊ ငါကလဲ... ခင်မင်တတ်ပါတယ်...၊ ငါနေတဲ့ မီးဖို



www.burmeseclassic.com

www.burmeseclassic.com



ချောင်ကို ရေနွေးကြမ်းလိုက်သောက်ဖို့ ဖိတ်ခေါ်ပါတယ်... တစ်ခု တော့ရှိတယ်...၊ အဲဒီအိမ်ကြီးမှာရှိတဲ့... လူတွေကိုတော့ စပ်စပ်စုစု မလုပ်ဖို့တော့ မင်းရဲ့အကျိုးကို မျှော်ကိုးပြီး တားမြစ်ရမှာပဲ...”ဟု လူကြီးက ပြောလိုက်လျှင် လူငယ်ကလည်း လိုလိုချင်ချင်နှင့်ပင်...

“ကျေးဇူးပါပဲ...၊ ဦးလေးက လက်ခံမယ်ဆိုရင် ကျွန်တော်အနေနဲ့ ဦးလေးရဲ့ မီးဖိုချောင်မှာ တစ်ညလောက် အိပ်ချင်ပါတယ်...၊ ကျွန်တော့်မှာ ရှေ့ခရီးဆက်ဖို့က လိုသေးတယ်...၊ မိုးကလဲ ချုပ်နေပြီ မဟုတ်လား...”ဟု လူငယ်က ပြောလိုက်လေ၏။

“အေးလေ...၊ သူတို့ကိစ္စကို မစပ်စုဘူးဆိုရင် တစ်ညလောက်ကတော့ အိပ်ခွင့်ပြုနိုင်ပါတယ်...၊ ကဲ... လာကွယ်...”ဟု ဆိုကာ လူကြီးသည် ၎င်း၏မြေနီတောင်းကြီးနှစ်လုံးကို ထမ်းပိုးဖြင့် ထမ်းကာ တောင်ကုန်းပေါ်သို့ တက်လေတော့၏။

လူငယ်လည်း ၎င်း၏နောက်မှ လိုက်ပါသွားလေတော့၏။ တောင်ကုန်းပေါ်သို့ တက်ရင်း လူကြီးက...

“တို့နေတဲ့ ကျွန်းအိမ်မည်းကြီးကို အနီးအနားတစ်ဝိုက်က လူတွေက ‘ပညာရှင်အိမ်မည်းကြီး’လို့ ခေါ်ကြတယ်...၊ အချင်းချင်းကတော့ ‘**ဂုယှတိသပ္ပေါ**’လို့ ခေါ်ကြတယ်ကွယ်...၊ **ဂုယှတိ** ဆိုတာ ‘လျှို့ဝှက်ခြင်း’လို့ အဓိပ္ပါယ်ရတယ်...၊ ‘**သပ္ပေါ**’ဆိုတာကတော့ မြွေလို့ အဓိပ္ပါယ်ရတယ်...”ဟု ပြောလိုက်လေ၏။

“**လျှို့ဝှက်သောမြွေ**...”ဟု လူငယ်က ပြောလိုက်လေ၏။

“အေး... ဟုတ်တယ်...၊ ကျုပ်ကတော့ ဂယနဏမသိပါဘူး... မောင်ရယ်...၊ ပညာရှိကို... ရှေးလူတွေက မြွေနဲ့တင်စားပြီး ခေါ်ကြတယ်ဆိုပဲ...”ဟု လူကြီးက ပြောလိုက်လေ၏။

“စိတ်ဝင်စားစရာပဲ ဦးလေးရယ်...”ဟု လူငယ်က ပြောလိုက်ရာ...

လူကြီးက...

“စိတ်မဝင်စားဖို့တော့ တောင်းပန်ပါတယ်...”ဟု လူကြီးက ပြောလိုက်လေ၏။





“ကျွန်တော် စိတ်ဝင်စားတယ်ဆိုရင်... သူတို့က ဦးလေးကို ဆူမှာစိုးလို့လား...”ဟု လူငယ်က မေးလိုက်၏။

“ငါ့ကို ဆူမှာမစိုးပါဘူး...၊ ငါ့ကို... သူတို့ဆူလဲ ငါ့အတွက်ကိစ္စမရှိပါဘူး...၊ မင်းကို... အန္တရာယ်ပေးမှာစိုးလို့ပါ...၊ သူတို့တွေက မထင်ရင်... မထင်သလို အန္တရာယ်ပေးတတ်တယ်ကွ...”ဟု လူကြီးက ပြောလိုက်လေ၏။

“သူတို့နဲ့သင့်အောင်ပေါင်းပြီး... သူတို့ဆီမှာ အောက်ကျခံမယ်၊ တပည့်ခံမယ်ဆိုရင်ကော... သူတို့က သင်မပေးဘူးလား...”ဟု လူငယ်က မေးလိုက်လေ၏။

“မရဘူးကွ...၊ ငါသိသလောက်တော့ ‘ဂုယှတိသပ္ပေါ’ မင်းပြောတဲ့... လျှို့ဝှက်မြွေပေါ့ကွာ...၊ အဲဒီမြွေက (၄၄)ကောင်ပဲရှိတာကွ...၊ နောက်ထပ်လဲ မတိုးရဘူး...၊ တကယ်လို့ (၄၄)ကောင်ထဲက... တစ်ကောင်တစ်လေသေသွားရင်တော့ သူတို့ရဲ့အဆက်အနွယ် သားစဉ်မြေးဆက်ထဲက တစ်ယောက်ယောက်ကို ကျန်တဲ့(၄၃)ကောင်က ထောက်ခံချက်ပေးမှ ဝင်ခွင့်ပြုတယ်လို့... ရိုးတိုးရိပ်တိတ်တော့ သိတယ်ကွ...၊ ကုန်ကုန်ပြောရရင်... စိတ်ညစ်စရာကောင်းလောက်အောင် ပညာကို လျှို့ဝှက်တတ်တဲ့ မြွေဆိုးမြွေဟောက်တစ်စုပါပဲကွာ၊ အဲဒါကြောင့် ငါ့ရဲ့မီးဖိုချောင်မှာ လိုက်ပြီး တည်းချင်တည်းပါ...၊ သူတို့ကိုတော့ စိတ်မဝင်စားပါနဲ့...”ဟု လူကြီးက ပြောလိုက်လေ၏။

လူတို့သည် မလုပ်ပါနဲ့ဆိုသော အရာကို လုပ်ချင်တတ်၏။ မကြည့်ပါနဲ့ဆိုသော အရာကို ကြည့်ချင်တတ်၏။ မသိချင်ပါနဲ့ဆိုသော အရာကို ပို၍သိချင်ကြ၏။ ထို့ကြောင့် လူငယ်၏စိတ်၌ တောင်ကုန်းပေါ်ရှိ ကျွန်းမည်းအိမ်ကြီးအတွင်းမှ မြွေဆိုးမြွေဟောက်နှင့်တူသော ပညာရှင်တို့၏ အကြောင်းကို ပို၍သိချင်လေတော့၏။

လူငယ်သည် လူကြီး၏နောက်မှ တကုပ်ကုပ်လိုက်ပါသွားလေ၏။ အချိန်မှာ မှောင်စပျိုးပြီဖြစ်သဖြင့် တောင်ကုန်းပေါ်သို့ ရောက်ရှိကာ လူကြီး၏မီးဖိုခန်းအတွင်းသို့ လူငယ်ပါသည့်အဖြစ်ကို ကျွန်းအိမ်မည်းကြီးပေါ်မှ မြွေဆိုးမြွေဟောက်တို့သည် မမြင်မတွေ့ကြဘဲ ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ လူကြီးသည် သူ၏မြေနီတောင်းကြီးကို မီးဖိုခန်းအတွင်း၌ သွန်ချ၍ ပုံလိုက်ပြီးလျှင်...

"မီးဖိုအသစ်တစ်ခု လုပ်ရမယ်ကွ...၊ မြွေတွေက... သိပ်ပြီး... ရေနွေးကြမ်းသောက်တာ..."ဟု ပြောလိုက်လေ၏။

ထို့နောက် လူကြီးသည် လူငယ်အား ဂုန်နီအိတ်ဖြင့် လုပ်ထားသော ကင်းကော့ခုတင်၌ တုံးလုံးပက်လက်လှဲ၍ အနားယူရန် ပြောဆိုပြီးလျှင် ထမင်းအိုး၊ ဟင်းအိုး၊ ပန်းကန်ခွက်ယောက်များ ထည့်ထားသောတောင်းကြီးကိုထမ်း၍ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။

"မြွေတွေကို ညစာသွားပြီး ကျွေးလိုက်ဦးမယ်..."ဟု ပြောဆိုခဲ့လေသည်။

လူငယ်သည် ဂုန်နီအိတ်ကင်းကော့ခုတင်ပေါ်၌ တုံးလုံးလှဲ၍ အညောင်းဖြေနေလေတော့၏။ တစ်နာရီခန့်ကြာလျှင် လူကြီးသည် တောင်းကြီးကိုထမ်း၍ အိမ်ပေါ်ထပ်မှ ပြန်၍ဆင်းလာလေ၏။

လူငယ်အား...

"မြွေတွေတော့ စားပြီးလို့ ဆန့်ဆန့်ကြီး လုပ်နေကြပြီ...၊ မင်းကော ဆာပြီလား..."ဟု မေးလေ၏။

"မဆာသေးပါဘူး ဦးလေးရယ်..."ဟု လူငယ်က ပြန်၍ဖြေလျှင် လူကြီးက...

"မဆာသေးရင်လဲ... ငါနဲ့အတူစားတာပေါ့ကွာ...၊ ငါကတော့ မီးဖိုတစ်လုံးလုပ်လိုက်ဦးမယ်..."ဟု ဆိုကာ လူကြီးသည် ၎င်းသယ်ယူလာသော မြေနီခဲများ ထုထောင်းကာ ရေနှင့်ပျစ်ပျစ်ဖျော်ကာ မီးဖိုကြီးတစ်ခု ပြုလုပ်နေတော့၏။ လူငယ်လည်း လူကြီးအား ကူညီ၍ လုပ်ကိုင်ပေးလေ၏။ လူကြီးသည် မီးဖိုလုပ်ရင်းနှင့် အောက်ပါအတိုင်း ပြောလေ၏။

"အရင်တုန်းက... ဒီတောင်ကုန်းပေါ်မှာ ခွေးတွေရှိတယ်ကွ...၊ ခွေးတွေကို ခြေထောက်နဲ့ကန်တဲ့လူကကန်...၊ လက်သီးနဲ့ထိုးသူကထိုး၊ လေးနှင့်လက်တည့်စမ်းသူကစမ်းနဲ့... ခွေးတွေအကုန်သေကုန်တာပဲကွ...၊ ငါသိသလောက်တော့ 'ဆေးနီ'ဆိုတဲ့ လူတစ်ယောက်တည်းက





ခွေးအကောင်(၂၀)လောက်ကို ခြေထောက်နဲ့ကန်ပြီး သတ်ပစ်ခဲ့ဘူးတယ်ကွ...၊ ခွေးဆိုလို့ နွယ်နွယ်ရရခွေးတွေလို့ မထင်နဲ့ကွ...၊ ခွေးသမင်ကြီးတွေ... ပတတ်ရပ်လိုက်ရင် မြင်းကြီးတွေကျနေတာပဲ...၊ ရင်အုပ်ကားကားကြီးတွေနဲ့ကွ...၊ ဒါပေမယ့်ကွာ... ဆေးနီရဲ့... ခြေထောက်တစ်ချက်မိလိုက်ရင်... 'ကိန်'ခနဲ တစ်ချက်သာအော်နိုင်တော့တယ်...၊ အော်သံနှစ်ချက်မကြားရဘူးမောင်...၊ တစ်ခါတည်း အသက်ထွက်သွားတော့တာပဲ...၊ နံရိုးတွေကျိုးကုန်တော့တာပဲ...၊ သူတို့မြွေအုပ်စုထဲမှာ တစ်ဝက်တိတိဟာ အထိုးအခုတ်၊ အသတ်အပုတ် အလွန်ကျွမ်းကျင်ကြတယ်ကွ...၊ သူတို့ကိုကြောက်လို့ ဘယ်ခွေးမှလဲ မလာတော့ဘူး...၊ ဒီတောင်ကုန်းပေါ်မှာရှိတဲ့ သစ်ပင်ပေါ်က ငှက်တွေတောင် အသိုက်လာပြီး မလုပ်တော့ဘူး...၊ သူတို့ရဲ့လေ့ကျင့်ခန်းမှာ ပျံသွားတဲ့ငှက်ကိုတောင် အောက်ကနေ ခဲနဲ့ပစ်ချတဲ့ လေ့ကျင့်ခန်းလဲ ပါတယ်ကွ...၊ ဘာတွေမှန်းမသိပါဘူးမောင်...၊ တကယ်ရက်စက်ကြတဲ့ မြွေဆိုးမြွေဟောက်တွေပါပဲ...၊ သူတို့ဟာ လူတွေရဲ့ကောင်းကျိုးအတွက် ပညာဆည်းပူးနေကြတယ်ဆိုတာ ငါတောင် တစ်ခါတစ်ခါ မယုံနိုင်ဘူး...၊ ဘာပြုလို့လဲဆိုတော့ သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို မကြာခဏ တွေ့နေရတာကိုး..."ဟု လူကြီးက ပြောပြလေ၏။

ထိုအခါ လူငယ်က...

"သူတို့အားလုံး ဒီမှာ အမြဲရှိနေကြသလား..."ဟု မေးလိုက်လေ၏။

"မရှိပါဘူး...၊ အခုဆိုရင် ရှစ်ယောက်ပဲရှိတယ်...၊ တစ်ခါတလေတော့ ဆယ်ယောက်...၊ ဆယ့်ငါးယောက်လောက် ရှိမနေတတ်တယ်၊ သူတို့ဆရာကြီး ကွယ်လွန်အနိစ္စရောက်တဲ့ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့ဆိုရင်တော့ သူတို့အားလုံး စုံစုံညီညီ ရှိကြတယ်ကွ...၊ [illegible] အခါမှာ အစည်းအဝေးလုပ်တယ်နဲ့ တူပါရဲ့ကွာ...၊ ငါ့ကိုတောင် နေခွင့်မပေးဘူး...၊ မုန့်ဖိုးပေးပြီး သုံးရက်လောက် မြို့ကိုသွားလည်ဖို့ ခွင့်ပေးထားတယ်...၊ ရှင်းရှင်းပြောရရင် 'နှင်'ထားတဲ့သဘောပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့် လူကြီးနှင့်လူငယ်တို့သည် စကားတပြောပြောနှင့် မီးဖိုကြီးတစ်လုံး ပြုလုပ်ခဲ့ရာ ညဆယ်နာရီထိုးသောအခါ၌ မီးဖိုကြီးသည် ပြီးစီးသွားလေတော့သည်။ ထိုအခါ၌ လူကြီးနှင့်လူငယ်တို့သည် ကျွန်းအိမ်ကြီး၏နောက်ဘက် လွန်စွာမှောင်မိုက်သော တောင်စောင်းသို့ဆင်းကာ ရေတွင်းမှရေကို ခပ်ယူချိုးကြလေ၏။ ရေချိုးပြီးသောအခါ၌ တောင်ကုန်းပေါ်သို့ တက်လာကာ မီးဖိုတွင်းသို့ ဝင်ကြလေ၏။ ပြီးလျှင် ထမင်းစားကြလေ၏။

ထို့နောက် ဆေးပေါ့လိပ်တစ်ယောက်တစ်လိပ်စီဖွာကာ ရောက်တတ်ရာရာ စကားများကို ပြောဆိုနေကြလေ၏။

"နေစမ်းပါဦး ငါ့လူရ... နာမည်လေး... ဘာလေးလဲ ပြောစမ်းပါဦး..."ဟု လူကြီးက လူငယ်အား မေးလိုက်လေ၏။

"ကျွန်တော်နာမည် 'မောင်စံဖိုး'လို့ ခေါ်ပါတယ်... ဦးလေး... နာမည်လဲ ပြောစမ်းပါဦး..."ဟု လူငယ်က ပြန်၍ မေးလိုက်လေ၏။

"ငါ့နာမည်ကို မင်းတစ်ခါကြားဘူးရင် တစ်သက်တောင် မေ့မှာမဟုတ်ဘူးကွ... ငါ့နာမည်က ခပ်ဆန်းဆန်းပဲ... ငါထင်ပါတယ်လေ၊ ဒီနာမည်မျိုး အရင်က မင်းတစ်ခါမှ ကြားဘူးမှာမဟုတ်ပါဘူး..."ဟု လူကြီးက ပြောလိုက်လျှင်...

လူငယ်က...

"လုပ်စမ်းပါဦး... ဦးလေး၊ ဘယ်လောက်တောင်ဆန်းတဲ့နာမည်မို့လို့လဲ..."ဟု မေးလိုက်လေ၏။

"ငါ့နာမည်က 'ဦးရယ်မော'လို့ခေါ်တယ်ကွ... မင်းတစ်သက်မှာ 'ရယ်မော'ဆိုတဲ့ နာမည်ကို ကြားဘူးလို့လား..."ဟု လူကြီးက ဆိုလိုက်လေ၏။

"အစစ်ပါပဲ... ဦးလေးရာ၊ ဒီနာမည်မျိုး တစ်ခါမှ မကြားဘူးပါဘူး..."ဟု လူငယ်က ဝန်ခံလိုက်လေ၏။

"အေး... ဒါနဲ့ မေးရဦးမယ်... မင်းက ဘာအလုပ်လုပ်လို့... ဒီနေရာကို ရောက်လာရတာလဲကွ..."ဟု ဦးရယ်မောက မေးလိုက်လေ၏။





"ကျွန်တော်က အထည်သည်ပါခင်ဗျာ... ကျွန်တော်ရောင်းတဲ့ အထည်က စျေးချိုတယ်ထည် ခပ်ညံ့ညံ့တွေပါ... မြို့မှာဆိုရင်တော့ ဘယ်သူမှ ဝယ်ကြမှာမဟုတ်ပါဘူး... အခုလို လူသူအရောက်အပေါက်နည်းတဲ့ ကျေးရွာတွေမှာဆိုရင်တော့ ဝယ်ကြပါတယ်... ပိုက်ဆံနဲ့ ဝယ်ကြတာလဲ ရှိတာပေါ့... ဆန်တို့ ငါးပိ၊ ငါးခြောက်တို့နဲ့ လဲတာလဲ ရှိတာပေါ့... ဦးလေးရယ်၊ ကြွေးတွေဘာတွေလဲ ပေးတန်ပေးခဲ့ရတာ၊ ဒီဒေသကို ဟိုးအရင်တစ်နှစ်လောက်က ရောက်ဘူးတယ်၊ ကျွန်တော် ကြွေးရစရာရှိလို့... ကြွေးလာတောင်းတာ... သူတို့က တော်ကြပါပေတယ်... အားလုံးပြေပြေလည်လည်ဖြစ်အောင် ပေးလိုက်ကြပါတယ်"ဟု မောင်စံဖိုးက ပြောလိုက်လေ၏။

"မင်းနှယ်ကွာ... ရောင်းတာကတစ်ခေါက်... ကြွေးတောင်းတာ တစ်ခေါက်လားကွ... အခုလို ကြွေးတောင်းရင်း ပစ္စည်းတွေယူလာရင် ထပ်ပြီးရောင်းရတာပေါ့..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

"မှန်ပါတယ်... ဦးလေး၊ ကျွန်တော်က ဒီအလုပ်ကို ရပ်ပစ်တော့မှာလေ... ဒီကပြန်ရင် မင်္ဂလာဆောင်တော့မှာ... မင်္ဂလာဆောင်ပြီးရင် လုပ်ငန်းပြောင်းတော့မယ်... ဒါကြောင့်မို့လို့ နောက်ထပ် ရောင်းဖို့ပစ္စည်း မယူခဲ့တာပါ..."ဟု မောင်စံဖိုးက ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ၎င်းတို့နှစ်ဦးပြောဆိုနေကြရာ မီးဖိုချောင်၏ အပြင်ဘက်၌ လူသံများကြားရ၏။

ထို့နောက် အပြင်ဘက်ဆီမှ အသံ နက်ကြီးဖြင့်...

"ဦးရယ်မော... အထဲမှာ ခင်ဗျားအပြင် ဘယ်သူရှိသေးနေသလဲ... ခင်ဗျားရော... အဲဒီလူပါ ထွက်ခဲ့ပါ..."ဟု အော်ဟစ်သံကို ကြားရလေတော့၏။

ထိုအခါ မောင်စံဖိုးက...

"ဘယ်လိုလုပ်ကြမလဲ ဦးလေး"ဟု ခပ်တိုးတိုးမေးလိုက်လေ၏။

"ဘယ်လိုလုပ်ရမှာလဲ... ထွက်ခဲ့ပါဆို ထွက်သွားရုံပေါ့..."ဟု ဆိုကာ ရှေ့မှနေ၍ ထွက်လေ၏။

မောင်စံဖိုးကလည်း ၎င်း၏နောက်မှနေ၍ လိုက်ပါ၍ထွက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ၎င်းတို့နှစ်ဦး အပြင်သို့ ရောက်သောအခါ၌ အပြင်မှစောင့်နေသူများသည် ၎င်းတို့၏လက်တွင် အသီးသီးကိုင်ထားကြသော မီးတုပ်များကို အသီးသီးမီးတို့လိုက်ကြလေ၏။ ထို့ကြောင့် မှောင်မိုက်နေသော မီးဖိုခန်းသည် နေ့ခင်းပမာ လင်းထိန်၍ သွားလေတော့၏။

အိမ်မည်းကြီးပေါ်မှ မြွေဆိုးမြွေဟောက်နှင့် လွန်စွာတူသော လူရှစ်ဦးသည် မောင်စံဖိုးအား စားတော့ဝါးတော့မည်ကဲ့သို့ ဝိုင်းဝန်းကြည့်ရှုနေကြလေတော့၏။

"မင်းဘယ်သူလဲ..."ဟု အကြီးအကဲလုပ်သူက မေးလိုက်လေ၏။

"ကျွန်တော်နာမည် 'မောင်စံဖိုး'လို့ ခေါ်ပါတယ်...၊ ကျွန်တော်ဟာ လူကောင်းတစ်ယောက်ပါ...၊ ဆရာတို့ကို အနှောင့်အယှက်ပေးဖို့လာတာ မဟုတ်ပါဘူး..."ဟု မောင်စံဖိုးက တုန်တုန်ယင်ယင်ဖြင့် ပြန်၍ဖြေလိုက်လေ၏။

"အေး... ဒီတောင်ကုန်းပေါ်ကိုရောက်လာရင်... လူမပြောနဲ့ ခွေးကိုတောင် အရှင်မထားဘူး"ဟု လူရှစ်ယောက်အနက်မှ 'ဆေးနီ' ဆိုသောလူက လေထဲတွင် ခြေထောက်ကို 'ဗိုး'ခနဲနေအောင် ခတ်ပြရင်း ပြောလိုက်လေ၏။

ထိုအခါ ဦးရယ်မောက...

"ချမ်းသာပေးပါဆရာတို့ရယ်...၊ ဒီသူငယ်ကလေးက အထည်သည်ကလေးပါ...၊ ဟိုဘက် ကြေးဥရွာက သူ့အထည်ဖိုးတွေ လာတောင်းတာပါ...၊ လမ်းမှာမိုးချုပ်စပြုနေလို့ ခေါ်ခဲ့တာပါ...၊ သူ့ကိုလဲ မီးဖိုထဲလွှဲပြီး ဘယ်ကိုမှ သွားခွင့်မပြုပါဘူး...၊ ဆရာတို့ကိုလဲ သူက နှောင့်ယှက်မှာ မဟုတ်ပါဘူး..."ဟု ဝင်၍ပြောလိုက်လေ၏။

"ဒီမှာ ထမင်းချက်ကြီး...၊ ခင်ဗျားဟာ... ဒီမှာအလုပ်လုပ်တာ ဆယ်နှစ်တောင်ရှိပြီ...၊ ကျုပ်တို့ထဲက တချို့လူတွေတောင် ခင်ဗျားလောက် ဒီအိမ်မည်းကြီးမှာ လုပ်သက်မရှိကြဘူး...၊ ခင်ဗျားကို စိတ်ချရတယ်၊ ယုံကြည်ရတယ်၊ ဆွေမျိုးသားချင်း မိတ်သင်္ဂဟလဲမရှိဘူးဆိုပြီး... ကျုပ်... အရင်က ဒီအိမ်အမည်းကြီးမှာ ပင်တိုင်နေပြီး ပွဲဇော်ထိုက်တဲ့လူကြီးက ခင်ဗျားကို အလုပ်ခန့်ခဲ့တာမဟုတ်လား...၊ ဒီလူကြီး





မရှိတဲ့နောက်ပိုင်းမှာလဲ ဒီလူကြီးရဲ့ ထောက်ခံမှုနဲ့ ခင်ဗျားကို ဆက်ပြီး ခန့်ထားခဲ့တယ်...၊ ခင်ဗျားဟာ စည်းကမ်းကို ချိုးဖောက်ပြီ..."ဟု အကြီးအကဲလုပ်သူက ဦးရယ်မောအား ပြောလိုက်လေ၏။

"ကျုပ်ဟာ ဘာစည်းကမ်းမှ မချိုးဖောက်ဘူး...၊ ကျုပ်ကို အလုပ်ခန့်တဲ့ အပွဲဇော်ခံ ဦးဘသိန်းကလဲ ကျုပ်ကို တခြားစည်းကမ်းတွေ ပြောမသွားဘူး...၊ ဒီအိမ်က အပွဲဇော်ခံတစ်ဦးဦးက ခွင့်မပေးဘဲ တောင်ပေါ်နဲ့ တောင်အောက်ကလွဲပြီး ဘယ်မှမသွားရဘူးဆိုတဲ့ စည်းကမ်းပဲရှိတယ်...၊ အဲဒါကို ကျုပ်က လိုက်နာနေသားပဲ..."ဟု ဦးရယ်မောက ပြန်၍ ပြောလိုက်လေ၏။

"အင်းလေ... ဒီလိုဆိုရင်တော့ စည်းကမ်းအသစ်ထပ်ပြီး ထုတ်ရတာပေါ့ဗျာ...၊ ကျုပ်တို့ရဲ့ အခွင့်မရဘဲနဲ့ ဘယ်သူကိုမှ ခင်ဗျားရဲ့ မီးဖိုချောင်ထဲကို ခေါ်လာခွင့်မရှိဘူး...၊ အဲဒါစည်းကမ်းပဲ..."ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။

"အဲဒီလိုပြောထားရင်... ကျွန်တော်လိုက်နာမှာပေါ့...၊ အဲဒီတော့ ကျုပ်ရဲ့ဧည့်သည်ကိုတော့ ချမ်းသာပေးပါ..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

"ကောင်းပြီလေ...၊ ကျုပ်တို့စည်းကမ်းမထုတ်ခင်မှာ ကျူးလွန်တဲ့အပြစ်ကိုတော့ အရေးယူလို့ ဘယ်ဖြစ်မလဲ...၊ ခင်ဗျားရဲ့ဧည့်သည်ကိုတော့ ဒီမှာဆက်ပြီး မထားနိုင်ဘူး...၊ အခုပဲ မောင်းထုတ်ပစ်ရမယ်"ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။

"ဒါပေါ့လေ...၊ မထားနိုင်လို့ မောင်းထုတ်ပစ်လဲ မောင်းထုတ်ပစ်ပေါ့..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

ထိုအခါ အကြီးအကဲလုပ်သူက ဆေးနီဆိုသော ၎င်း၏လူဘက်သို့လှည့်ကာ...

"ဆေးနီ... ဒီကောင့်ကို တောင်အောက်အထိ လိုက်ပို့လိုက်..."ဟု အမိန့်ပေးလိုက်လျှင်...

ဆေးနီဆိုသူလည်း မောင်စံဖိုးအား...

"ဟေ့ကောင်... လာ..."ဟု လက်ကိုဆွဲကာ ခေါ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်စံဖိုးလည်း ဦးရယ်မောကို သမင်လည်ပြန်ကြည့်ကာ...

"သွားမယ် ဦးလေးရေ..."ဟု နှုတ်ဆက်သွားလေ၏။

ထိုအခါ ဦးရယ်မောကလည်း...

"သွားတော့... မောင်စံဖိုးရေ"ဟု လှမ်း၍ နှုတ်ဆက်လိုက်လေ၏။

ထိုအခါ အကြီးအကဲလုပ်သူက ဦးရယ်မောဘက်လှည့်ကာ...

"ဒီမှာ ထမင်းချက်ကြီး...၊ ကျုပ် အရင်က အပူဇော်ခံ ဦးဘသိန်းဟာ သူ့ရဲ့ပညာရှင်တပည့်တွေပဲဖြစ်ဖြစ်...၊ ခင်ဗျားကိုပဲဖြစ်ဖြစ် အပြစ်ကျူးလွန်ရင်... ဘယ်လိုလုပ်သလဲ..."ဟု မျက်နှာတည်တည်ဖြင့် မေးလိုက်လေ၏။

"ဒဏ်ပေးပါတယ်ခင်ဗျား..."ဟု ဦးရယ်မောက သွက်လက်စွာ ပြန်၍ပြောလိုက်လေ၏။

"အင်း... ကောင်းပါပြီ...၊ ဒီတော့... ကျုပ်ကလဲ ခင်ဗျားကို ဒဏ်ပေးရမှာပေါ့...၊ ကျုပ်တို့သောက်ဖို့သုံးဖို့ရေတွေကို ခင်ဗျား ဘယ်ကသယ်နေရသလဲ..."

"ဟိုး... တောင်အောက်မှာရှိတဲ့ ရေတွင်းကနေ နေ့စဉ် သယ်နေရပါတယ်..."

"အဲဒီတော့... ဒီနေ့စကပြီး... ဒီတောင်ပေါ်မှာ... ရေတွင်းတစ်တွင်းတူးရမယ်...၊ အဲဒီရေတွင်းတူးနေတုန်းမှာတော့ တောင်အောက်ရေတွင်းက ရေကိုလဲ ခါတိုင်းလိုပဲ သယ်နေရမယ်..."

"မဖြစ်နိုင်ပါဘူး...၊ တောင်ပေါ်မှာ ရေတွင်းတူးလို့ မရပါဘူး..."

"မလိုချင်ဘူး...၊ ဒီနေရာမှာတူးကြည့်လို့ မရရင်...၊ ဟိုနေရာမှာတူးကြည့်ရမယ်...၊ ဒီတောင်ပေါ်က နေရာအနှံ့မှာ ရေထွက်အောင်တူးရမယ်...၊ အဲဒီလိုမလုပ်ချင်လို့ ထွက်ပြေးရင် ခင်ဗျားဘာဖြစ်မယ်ဆိုတာ သိတယ်မဟုတ်လား..."ဟု ပြောဆိုကာ အကြီးအကဲလုပ်သူက ဦးရယ်မော၏ မျက်နှာကို စိုက်၍ကြည့်လိုက်လေ၏။

"ပြေးတော့ မပြေးပါဘူးဗျာ...၊ ပြေးတယ်ဆိုတာဟာ နောက်ဆုံးလမ်းပဲ...၊ ဒါကြောင့် ကျုပ်တော့ မပြေးဘူးလို့ ကတိပေးပါတယ်...၊ ဒါပေမယ့် ကျုပ်တစ်ခုသိချင်တာက ကျုပ်များ ထွက်ပြေးရင် ဘယ်လို





လုပ်ကြမှာတုန်းဆိုတာတော့ သိချင်ပါတယ်..."ဟု ဦးရယ်မောက ပြန်၍ မေးလိုက်လေ၏။

"ပြေးရင်တော့... ခင်ဗျားကို လိုက်သတ်ရမှာပဲ...၊ ဒီကမ္ဘာကြီးမှာ ခင်ဗျား ဘယ်နေရာကိုပဲပြေးပြေး... မလွတ်နိုင်ပါဘူး...၊ ကျုပ်တို့ 'သပွေါ'တွေ နေရာတိုင်းမှာ ရှိတယ်..."ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။

"သပွေါတွေဆိုတာ မြွေကိုပြောတာလား...၊ ဘာမြွေလဲ...၊ ရေမြွေလား...၊ မြက်လျှောလား...၊ လူကိုမကိုက်တဲ့ ငန်းတော်ကျားလား၊ တွေ့တာနဲ့ ရန်မူတဲ့ မြွေဟောက်လား..."ဟု ဦးရယ်မောက မခံချင်သောစိတ်ဖြင့် ပြန်၍ပြောလိုက်လေ၏။

"ခင်ဗျားပြောတဲ့မြွေမျိုးမဟုတ်ဘူး...၊ အမြီးအမှတ်ကြီးတဲ့ ငန်းမြွေတွေ၊ ဥကိုယူသွားရင် ဘယ်ကိုရောက်ရောက် လိုက်ပြီးပေါက်သတ်တဲ့ ငန်းမြွေအကြောင်းကိုတော့ ခင်ဗျားကြားဘူးမှာပေါ့..."ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။

"ဩော်... ဒီလိုမြွေမျိုးဆိုရင်တော့... ကြောက်ရတာပေါ့ဗျာ...၊ စိတ်ချပါဆရာကြီး...၊ ကျုပ်ထွက်ပြီးမပြေးပါဘူး...၊ ဆရာကြီးပေးတဲ့ အပြစ်ဒဏ်ကိုလဲ ခံပါ့မယ်...၊ မနက်ဖြန်ကစပြီး တောင်ပေါ်မှာ ရေတွင်းတူးပါတော့မယ်..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

အကြီးအကဲလုပ်သူနှင့်တကွ သူ၏လူများလည်း မီးတုတ်များကို ငြိမ်းသတ်လိုက်ပြီး အိမ်မည်းကြီးပေါ်သို့ တက်သွားကြလေတော့သတည်း...။

နောက်တစ်နေ့နံနက်မိုးလင်းသည့်အခါ အိမ်မည်းကြီးပေါ်မှ အကြီးအကဲလုပ်သူနှင့် သူ၏တပည့်များသည် အိပ်ရာမှထကြ၍ မျက်နှာသစ်ရန်အတွက် အိမ်အောက်သို့ ဆင်းလာကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဦးရယ်မောကြီးသည် တောင်ကုန်းတစ်နေရာ၌ ရေတွင်းတစ်တွင်း တူးပြီးရုံမျှမက ရေတွင်း၏နှုတ်ခမ်းပေါ်တွင် ကျောက်ဖြူတုံးများကိုစီလျက် အင်္ဂတေဖြင့် တွဲကပ်ကာ ရေတွင်းဘောင်ကိုပင် ပြီးစီးအောင် လုပ်ပြီးဖြစ်နေ၏။

အကြီးအကဲလုပ်သူသည် ဦးရယ်မော၏ ညတွင်းချင်းတူးလိုက်သော ရေတွင်းဆီသို့ ခပ်သုတ်သုတ်လျှောက်သွားပြီးလျှင် ရေခွက်ဖြင့် ရေတွင်းဘောင်ကိုကျော်၍ ခပ်လိုက်ရာ ကြည်လင်သော ရေကောင်းရေသန့်များ ပါ၍လာသည်ကို တွေ့ရလေတော့၏။

ဦးရယ်မောလည်း အကြီးအကဲလုပ်သူအား ပြုံးရွှင်သောမျက်နှာနှင့်...

"ဆရာကြီးပေးတဲ့ အပြစ်ဒဏ် ကျေပါပြီနော်..."ဟု မေးလိုက်လေ၏။

ထိုအခါ အကြီးအကဲလုပ်သူက သူ၏လူခုနစ်ယောက်အား...

"ဟေ့... တို့လူတွေ... ဒီကောင်ကြီးကို ဖမ်းကြစမ်း... မလွတ်စေနဲ့... အန္တရာယ်ကောင်ကြီးကွ..."ဟု အမိန့်ပေးလိုက်ရာ...

အသတ်အပုတ်ကျွမ်းကျင်လှသော လူခုနစ်ယောက်တို့သည် ဦးရယ်မောကြီးအား ဝိုင်း၍ဖမ်းကြလေတော့၏။

မြွေဆိုးမြွေဟောက်နှင့်တူသော လူခုနစ်ယောက်တို့က ဦးရယ်မောကြီးအား သည်းသည်းမဲမဲ ဝင်၍ဖမ်း၏။ ဦးရယ်မောကြီးက ရုန်းကန်၍ ရှောင်၏။ ခြေယောက်အခတ်သန်လှသော ဆေးနီဆိုသည့်ကောင်က ဦးရယ်မော၏ခါးကို ခြေဖြင့်တအားခတ်၏။ ဦးရယ်မောက မထိအောင်ရှောင်၏။ ထိုသို့ လူခုနစ်ယောက်နှင့် တစ်ယောက် မမှုမတတိုက်ခိုက်နေသည်ကို အကြီးအကဲလုပ်သူက စိတ်ဝင်စားခြင်းမရှိဘဲ ဦးရယ်မော ညတွင်းချင်းတူးခဲ့သော ရေတွင်းကို စိတ်ဝင်စားစွာ ကြည့်ရှုနေလေ၏။

ဦးရယ်မောနှင့် မြွေဆိုးမြွေဟောက်တို့မှာမူ အကြိတ်အနယ် တိုက်ခိုက်နေကြလေ၏။

မြွေဆိုးမြွေဟောက်များက ပေါ်းကြီးမြွေ၏ ပရိယာယ်မျိုးဖြင့်





ဦးရယ်မောအား ပိတ်ဝိုင်း၍ မျိုပစ်ရန် ကြိုးစား၏။

ဦးရယ်မောက သိန်းငှက်၏ပရိယာယ်ဖြင့် ထိုသူတို့ကို ထိုးသုတ်ဖောက်ထွက်၏။

ထိုသူတို့ အလှည့်ကျ တိုက်ခိုက်၏။ ဦးရယ်မောက ဝင်၍တိုက်သူကို မတိုက်ဘဲ မတိုက်သူကို အလစ်ဝင်၍ တိုက်၏။

ထိုသူတို့က မြိုင်တူအော်ဟစ်၍ မိုးကြိုးထစ်ချုန်းသကဲ့သို့သော ပရိယာယ်ကို အသုံးပြု၍ လက်များ၊ ခြေထောက်များ၊ တုတ်များ၊ ဂဝံကျောက်များဖြင့် မိုးရွာချသကဲ့သို့ အဆက်မပြတ် တိုက်ခိုက်၏။

ဦးရယ်မောက ထိုသူတို့အနက်မှ တစ်ယောက်ကို အပိုင်ဖမ်း၍ ဦးခေါင်းထက်၌ရွက်ကာ ထီးဆောင်းသကဲ့သို့ ခုခံ၏။ ထိုးသမျှ ပစ်သမျှသည် ထီးအဖြစ် အသုံးပြုခံရသော ထိုသူသာလျှင် ခံရရှာလေတော့၏။

ထိုသူတို့က မော၏။ ဦးရယ်မောက မောပန်းခြင်းအလျင်းမရှိ၊ ရေနှင့်တွေ့သော ပဒုမ္မာကြာကဲ့သို့ လန်းဆန်း၏။ တိုက်ခိုက်တတ်သူသည် တိုက်ပွဲတွေ့သောအခါ လန်းဆန်းတက်ကြွသော သဘောရှိ၏။ ဦးရယ်မောသည် ထိုအတိုင်းပင်ဖြစ်၏။

ထိုသူတို့သည် ဦးရယ်မောအား ပရိယာယ်ပြောင်း၍ တိုက်ခိုက်ပြန်၏။ မုန်ယိုလျက်ရှိသော ဆင်ရိုင်းအား ခွေးအများ ဝိုင်း၍ဆွဲသည့်ပမာ ဟိုတစ်ယောက်တိုက်လိုက်၊ ဒီတစ်ယောက်ကတိုက်လိုက်၊ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲတိုက်လိုက်ဖြင့် အရှိန်ပြင်းစွာ တိုက်ခိုက်လေ၏။

ဦးရယ်မောကလည်း ထိုသူတို့၏ ပရိယာယ်ကို သိ၏။ တကယ့်သဘာဝ၌လည်း ခွေးတစ်အုပ်နှင့်တွေ့လျှင် မည်သည့်သတ္တဝါမျှ မခံနိုင်ပေ။ သို့သော် ခွေးအများ မမီရာ အမြင့်သို့တက်လျှင် လွတ်နိုင်၏။ သို့တည်းမဟုတ်ပါက ခွေးအများမဆင်းနိုင်သော တွင်းများချိုင့်များသို့ ဆင်းလျှင်လည်း လွတ်နိုင်၏။ သဘာဝကိုသိသော ဦးရယ်မောသည် ကမ္ဘကလေးပေါ်သို့ ခုန်၍တက်လိုက်လေ၏။ ခွေးအများနှင့်တူသော ထိုသူတို့သည် ကမ္ဘကလေးပတ်ပတ်လည်၌ဝိုင်း၍ ဦးရယ်



www.burmeseclassic.com

www.burmeseclassic.com



မောကို မော့၍ကြည့်နေကြလေ၏။

ထိုအချိန်၌ အကြီးအကဲလုပ်သူသည် အိမ်မည်းကြီးပေါ်မှနေ၍ ဦးရယ်မော၏ ရင်ဝဆီသို့ လေးဖြင့် ချိန်ရွယ်ထားလိုက်ပြီးလျှင်...

"ဟေ့... ရယ်မော..."ဟု ခေါ်လိုက်လေ၏။

ဦးရယ်မောသည် အိမ်မည်းကြီးပေါ်မှ လေးဖြင့်ချိန်ထားသော အကြီးအကဲကိုမြင်လျှင် အရှုံးပေးလိုက်ရလေတော့၏။

ထိုအခါ ခွေးအများနှင့်တူသော လူခုနစ်ယောက်သည် ဦးရယ်မောအား အောင်မြင်စွာ ဖမ်းဆီးလိုက်လေတော့၏။ ထို့နောက် ထိပ်တုံးများ၊ လက်ပြန်ကြိုးများတုပ်ကာ သူ၏မီးဖိုခန်းကြီးအတွင်း၌ပင် ထောင်ချထားလိုက်လေတော့၏။

ဆေးနီဆိုသူသည် ၎င်းတို့၏အကြီးအကဲအား မော့၍ကြည့်ပြီးနောက်...

"ဆရာကြီး ကူပေလို့ပဲ...၊ နို့မို့ရင်တော့ ဒီသတ္တဝါကြီးကို တော်တော်နဲ့ မိဦးမှာမဟုတ်ဘူး...၊ သူ့ကိုဖမ်းရတာ ငါးရှဉ့်ကိုဖမ်းရတာ ကျနေတာပဲ..."ဟု ပြောလိုက်လေ၏။

"နောက်ဆုံးမှာ... မင်းတို့က ခွေးအတွေလို သူ့ကိုဝိုင်းဆွဲကြမယ်၊ အဲဒီအခါမှာ ဒီကောင်ကြီးက ကမူပေါ်ကိုတက်ပြီး ရှောင်လိမ့်မယ်လို့ ငါက ကြိုပြီးတွက်မိတယ်...၊ အဲဒီလို ကမူပေါ်ကို ဒီကောင်ကြီးတက်လိုက်တဲ့အခါမှာ သူ့ကိုပစ်ဖို့ ပစ်ကွင်းက အရှင်းကြီးဖြစ်သွားပြီမဟုတ်လား...၊ ဒါကြောင့် ရေတွင်းကိုကြည့်နေရင်း အိမ်ပေါ်ကို တက်လာပြီး လေးနဲ့မြားကို အဆင်သင့်ကိုင်ထားလိုက်တာကွ...၊ သူဟာ ငါမျှော်လင့်ထားတဲ့အကွက်တွေကို ရောက်လာတော့တာပဲ...၊ ကဲ... ကဲ...မင်းတို့အထဲက ထမင်းချက်တစ်ယောက် ရွေးကြပေတော့...၊ ဒီကောင်ကြီးကို ညကျမှ စစ်ပြီးအရေခွာပစ်ရမယ်ကွ..."ဟု အကြီးအကဲလုပ်သူက ပြော၍ သူ၏လက်တွင်းမှ လေးဖြင့် ဦးရယ်မောကြီးအား ခတ်၍ထားသော ထိပ်တုံးကို ပစ်လိုက်ရာ 'ဝုံး'ခနဲမြည်ကာ ဒေါက်ခနဲ သွား၍စိုက်လေ၏။ အနည်းငယ် လွဲသွားပါက ဦးရယ်မော၏ဝမ်းဗိုက်ဆီသို့ တန်းတန်းမတ်မတ်ကြီး ထိမှန်မည်ဖြစ်ပေ၏။ အကြီး





အကဲလုပ်သူသည် ဦးရယ်မောကြီးအား ထိတ်လန့်စေခြင်း၊ ၎င်းသည် မြားပစ်တည့်သူဖြစ်ကြောင်း ပြသလိုခြင်း စသည်တို့ကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြန်ဆိုသကဲ့သို့ လက်တည့်စမ်းပြလိုက်ခြင်း ဖြစ်ပေသည်။

"အတော်ညံ့တဲ့လေးသမားပဲ...၊ လူကြီးတစ်ယောက်လုံးကို ပစ်တာ လူမထိဘဲ ထိပ်တုံးကို သွားထိတာကိုး..."ဟု ဦးရယ်မောကြီးက မခံချင်အောင် လှမ်း၍ပြောလိုက်လေ၏။ သို့ရာတွင် အကြီးအကဲလုပ်သူသည် လေးနှင့်မြားကို တိုင်၌ထောင်လိုက်ပြီး ဖြစ်ပေ၏။

သူ၏လူများလည်း မည်သူထမင်းချက်ပြုလုပ်ရမည်ကို ဆုံးဖြတ်ရခက်၍နေသဖြင့် မဲနှိုက်ရန် သဘောတူကြပြီးလျှင် မဲလိပ်များပြုလုပ်၍ နေကြလေ၏။

ထိုအချိန်၌ ဦးရယ်မောကြီးသည် လွန်စွာ အဆီအငေါ်မတည့်သော အောက်ပါ သီချင်းတစ်ပုဒ်ကို အသံဝါကြီးဖြင့် သီဆို၍ နေလေတော့၏။

**ခရီးသွားဖို့အထုပ်အပိုးပြင်မယ်...**
**ရထားမီအောင် ဘူတာသွားမယ်...**
**ရထားမီရင် မလိုက်ဘူးကွယ်...**
**အထုပ်လည်းထုပ်မယ်... မီအောင်လည်း သွားမယ်...**
**မီတဲ့အခါ... မလိုက်တော့ဘူးကွယ်...**
**အဲဒါသိရင်... အေးချမ်းဖွယ်... ပူလောင်တယ်ဆိုတာ မရှိဘူး...**
**တကယ်...၊**

ဦးရယ်မော၏သီချင်းမှာ တကယ်ပင် ရယ်မောဖွယ် ကောင်း၏။ ခရီးသွားရန်အတွက် အထုပ်အပိုးပြင်ဆင်မည်၊ ထိုသို့ပြင်ဆင်ပြီးနောက် ရထားမီရန်အတွက် ဘူတာကိုသွားမည်ဖြစ်၏။ သို့ရာတွင် ရထားမီပါလျက်နှင့် ရထားထွက်သောအခါ၌ မလိုက်ဘဲ နေရစ်ခဲ့မည်ဟု အဓိပ္ပါယ်ရ၏။

ဤသဘောတရားကို သိပါက ပူလောင်မှုဆိုတာမရှိဘဲ အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟုလည်း အတိတ်စိမ်းပေး၍ ထားသေး၏။

ထို့ကြောင့် ဆေးနီဆိုသူက...

"သေချင်းဆိုးကြီး... အဓိပ္ပါယ်မရှိတာတွေ မဆိုနဲ့..."ဟု လှမ်း၍ အော်လိုက်လေ၏။

သို့ရာတွင် ခေါင်းမာသော ဦးရယ်မောက အဓိပ္ပါယ်မရှိသော အခြားသီချင်းတစ်ပုဒ်ကို သီဆိုပြန်လေ၏။

ထမင်းချက်ဖို့ ဆန်ဆေးမယ်...၊ ဆန်ဆေးပြီး မီးမွှေးမယ်...
ထမင်းကျက်အောင် ချက်ရမယ်...။
ထမင်းကျက်ရင် သွန်ပစ်မယ်...၊ လုံးဝမစားဘူးကွယ်...
အဲဒါသိရင် အေးချမ်းမယ်...၊ ပူလောင်ဆိုတာ မရှိဘူးကွယ်...။

"တော်တော့...၊ မဟုတ်တာတွေ မဆိုနဲ့... အရူးသီချင်းတွေ..." ဟု ဆေးနီက အော်လိုက်လေ၏။

သို့ရာတွင် ခေါင်းမာသော ဦးရယ်မောက နောက်ထပ်သီးချင်းသစ်တစ်ပုဒ်ကို အောက်ပါအတိုင်း ဆို၍နေပြန်လေတော့၏။

လမ်းမရှိတဲ့လမ်းပါကွယ်...
နည်းမရှိတဲ့ နည်းပါကွယ်...
အပေါက်မရှိတဲ့ အပေါက်ပါကွယ်...
လွတ်မှာသေချာတယ်...။

📖 📖 📖

ညစာစားသောက်ပြီးသောအခါ အကြီးအကဲလုပ်သူနှင့် သူ၏ တပည့်နှစ်ယောက်သည် မီးဖိုခန်းသို့ ရောက်လာကြပြီးလျှင် ချုပ်နှောင်ထားသော ဦးရယ်မောအား စစ်မေးကြလေတော့၏။

"မင်းကို... မသင်္ကာဖြစ်နေတာကြာပြီ...၊ အခုတော့ ဘယ်လိုကောင်လဲဆိုတာ ပေါ်ပြီ"ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။



"ဆရာကြီး... ဘာကိုပြောတာလဲ...၊ ကျုပ်... နားမလည်ဘူး..." ဟု ဦးရယ်မောက ပြောလိုက်လေ၏။

"နားမလည်ဘူး ဟုတ်လား...၊ အဲဒါပေါ့ကွ... အိပ်ချင်ယောင်ဆောင်တဲ့လူဟာ နှိုးရခက်တယ်ဆိုတာ..."ဟု အကြီးအကဲက ပြောလိုက်လေ၏။

"တကယ့်ကို နားမလည်တာပါ..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

"ငါက... မင်းကို ရေတွင်းတူးဖို့ ဒဏ်ပေးလိုက်တယ်...၊ မင်းက ညတွင်းချင်း ရေတွင်းတစ်တွင်း တူးပစ်လိုက်တယ်...၊ ရေတွင်းမှာ ကျောက်ဘောင်တွေဘာတွေနဲ့ အကျအနကို လုပ်ပြလိုက်တယ်...၊ လုပ်နိုင်တာပေါ့ကွ...၊ ရေတွင်းက သုံးတောင်ပဲနက်တာကိုး...၊ သုံးတောင်လောက်တူးရုံနဲ့ ရေထွက်မယ့်နေရာကို မင်းက သိနေတာကိုး၊ အဲဒီပညာဟာ နည်းတဲ့ပညာမဟုတ်ဘူး...၊ ဒီတောင်ပေါ်မှာ ဘယ်နားမှာ ရေကြောရှိတယ်ဆိုတာကို မင်းက... အတပ်သိနေတဲ့သဘော၊ သာမန်လူဆိုရင် မသိပါဘူး...၊ မင်းကတော့ သိမှာပေါ့...၊ မင်းက... 'ဒကဂ္ဂလာချာယ'လို့ ခေါ်တဲ့ ရေကြောအတတ်ပညာကို တတ်နေတာကိုး...၊ ဒီပညာဟာ ဘုမ္မိရတ်အတတ်ပညာရဲ့ ပင်မပဲ...၊ ဒီပညာကို တတ်တဲ့လူဟာ မြေအောက်က ရေကြောတစ်ခုတည်းကို မဟုတ်ဘူး၊ ရွှေကြော၊ ငွေကြော၊ ရေကြော အကုန်လုံးကို သိနေတာပေါ့..."ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။

ထိုအခါ ဦးရယ်မောက...

"မှန်တာပေါ့ ဆရာကြီးရယ်...၊ ဘုမ္မိရတ်အတတ်ရဲ့ ပင်မဖြစ်တဲ့ အဟိဗလစက်အတတ်၊ ရတနဂဗ္ဘစက်အတတ်၊ ဆရာကြီးပြောတဲ့ ရေကြောရှာအတတ်ဖြစ်တဲ့ 'ဒကဂ္ဂလာချာယ'အတတ်တွေကို ကျုပ်က တတ်တာပေါ့...၊ မသိရင်လဲ မှတ်ထားဦး... ဦးပညာရှင်ဆရာကြီးရဲ့...၊ အဲဒီရေကြောကိုးခုက ဗုဒ္ဓိ၊ အဂ္ဂိ၊ နေမိ၊ ယာမျာ၊ ဂုဋ္ဌသိ၊ ဦဂိဂိ၊ ဥယဉ်၊ မြွိ၊ သိဝိ တဲ့၊ အဲဒီအလယ်မှ ပေါသိရာ ဆိုတဲ့ ရေကြောကြီးကရှိတာ...၊ အဲဒီရေကြောကြီးကိုးခုကမှ တစ်ကြောတစ်ကြောမှာ



www.burmeseclassic.com

www.burmeseclassic.com



အရာထောင်ချီပြီး ရေကြောတွေပွားသွားတာ...၊ ရေကြောတွေကို သိဖို့ လက္ခဏာချက်တွေ အများကြီးပဲ...၊ ဒါတွေကို ကုန်အောင်ပြောရရင်... သုံးနှစ်လောက်ပြောရမယ်...၊ အခု... ကျုပ်ရှာလိုက်တဲ့... ရေကြောက ကြောင်ပန်းပင်လက္ခဏာနဲ့ ရှာလိုက်တာပါဗျာ...၊ ကြောင်ပန်းပင်လဲရှိမယ်...၊ အဲဒီအနီးအနားမှာ တောင်ပို့လဲရှိမယ်ဆိုရင် ရေကြောရှိတာသေချာတာပေါ့...၊ နည်းနည်းလေးတူးလိုက်တာနဲ့ အနီရောင်ရှိတဲ့ငါးတွေ့မယ်...၊ ထပ်ပြီးတူးရင် မြေဝါကိုတွေ့မယ်...၊ ပြီးတော့ မြေဖြူ...၊ ပြီးတော့ ကျောက်စရစ်ကွဲ...၊ အဲဒါပြီးတာနဲ့ ရေကြောကိုတွေ့မှာ သေချာတာပေါ့...၊ အဲဒါ မူရင်း သတ္တဋ္ဌကျမ်း ဂါထာအပိုဒ်(၁၄)နဲ့(၁၅)မှာ အတည့်အလင်း ဆိုထားတာပဲ၊ ဆရာကြီး မဖတ်ဘူးလို့ပါ...၊ ကျမ်းပြုပုဂ္ဂိုလ်က အာဒိစ္စဒါသ ဆရာရဲ့သား... 'ဝရာဟာမိဟိရ'ဆိုတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ...၊ မသိရင်လဲ မှတ်ထားပေရော့" ဟု ပြောလိုက်ရာ...

အကြီးအကဲလုပ်သူက ဦးရယ်မော၏ ပါးအား ဖြန်းခနဲ တစ်ချက်ရိုက်ချပြီးလျှင်...

"ဒါနဲ့များ... တို့ဆီမှာ ထမင်းချက်လာပြီးလုပ်နေသေးတယ်ဆိုတော့... မင်းဟာ အကြံနဲ့ပေါ့...၊ မင်းကိုသတ်မယ်..."ဟုလည်း ကြိမ်းမောင်းလိုက်လေတော့၏။ ထို့နောက် မီးဖိုတွင် သံချောင်းကြီးများကို မီးကင်၍ ရဲရဲနီလာသောအခါ၌ အကြီးအကဲလုပ်သူက ဦးရယ်မောအား...

"ပြောစမ်း ထမင်းချက်...၊ မင်းကို ဘယ်သူကလွှတ်လိုက်တာလဲ၊ မင်းတို့မှာ အဖွဲ့ရှိသလား...၊ မင်းတို့မှာ အဖွဲ့ဝင် ဘယ်နှစ်ယောက်ရှိသလဲ...၊ ငါ့ကို... မလိမ့်တစ်ပတ်ပြောမယ်လို့တော့ မကြံနဲ့...၊ ဟောဒီ သံပူချောင်းကြီးတွေကတော့ ညှာမှာမဟုတ်ဘူးနော်..."ဟု ပြောလိုက်လေ၏။

"ဆရာကြီးကလဲ...၊ တရားခံကို စစ်လဲမစစ်တတ်ဘူးပဲကိုး...၊ တရားခံမျက်နှာကို သေသေချာချာကြည့်ပြီး ဘယ်လိုတရားခံမျိုးလဲဆိုတာ အကဲဖြတ်တတ်မှ တရားခံကို စစ်ရတယ်ဗျ...၊ ကျုပ်လိုလူမျိုး





ကို စစ်ရင်တော့ ဒီလောက် သံပူချောင်းကို စာဖွဲ့ပြီး ပြမနေနဲ့ဗျို့...၊ ဆီပူအိုးထဲနှစ်ပြီး စစ်ရင်တောင် ပြောမှာမဟုတ်ဘူးမှတ်ပါ..."ဟု ဦးရယ်မောက ပြောလိုက်ရာ...

အကြီးအကဲလုပ်သူသည် လွန်စွာစိတ်ဆိုး၍ သွားပြီးလျှင် ဦးရယ်မော၏ပါးအား ဖြန်းခနဲ ရိုက်လိုက်လေ၏။

"အေး... သံပူမကြောက်ရင်တော့... ကြောက်တဲ့နည်းကို ရှာဦးမှာပေါ့ကွာ..."ဟု ဆိုကာ...

အကြီးအကဲလုပ်သူသည် ဦးရယ်မောအား စောင့်ကြည့်ရန် အစောင့်တစ်ယောက်ချထားပြီးနောက် အိမ်ပေါ်ထပ်သို့ တက်၍သွားလေတော့၏။

၎င်းတက်သွားပြီး မကြာမီ၌ပင် မိုးမှာ တဖွဲဖွဲရွာချလေတော့၏။ ဦးရယ်မောအား စောင့်ကြည့်သော အစောင့်လည်း မိုးလွတ်ရန်အတွက် မီးဖိုတွင်းသို့ဝင်၍ မိုးခိုလေတော့၏။

မိုးသည် တစတစ သည်းသည်ထက် သည်း၍လာလေတော့၏။ ည(၁၀)နာရီခန့်ရောက်သောအခါ၌မူ မိုးသာမက လေပါပြင်းထန်၍ လာသောကြောင့် တဖြုန်းဖြုန်း၊ တပြင်းပြင်းနှင့် မိုးသံလေသံများ ဖြစ်ပေါ်လာကာ သည်းသည်းမဲမဲကြီး ရွာချနေလေတော့၏။

မီးဖိုပေါ်တည့်တည့် အမိုးပေါ်သို့ သစ်ကိုင်းတစ်ချောင်းကျိုး၍ ကျသဖြင့် အမိုးပေါက်၍သွားကာ မီးဖိုအတွင်းသို့ မိုးရေများ တရဟောဝင်လာသဖြင့် မီးဖိုမှမီးလည်း လုံးဝသေ၍ သွားလေတော့၏။ ထိုအချိန်၌ပင် ဦးရယ်မောအား စောင့်နေသော အစောင့်ထံမှ အင့်ခနဲမြည်သံကို ကြားရပြီးနောက် အသံတိတ်၍ သွားသည်ကို ဦးရယ်မောက...

"ဘယ်သူလဲ..."ဟု မေးလိုက်လေ၏။

"အတောင်မပါတဲ့ငှက်..."ဟု အမှောင်တွင်းမှ အသံတစ်ခု ဖြေလိုက်လေ၏။

"ဘယ်ကလာတာလဲ..."

"လေနဲ့အတူ ပါလာတာ. တောင်လေတိုက်တော့... မြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ပါလာတာ”ဟု အမှောင်တွင်းမှ အသံရှင်က ဖြေလိုက်ပြန်၏။

“ဘာလာလုပ်တာလဲ...”ဟု ဦးရယ်မောက မေးလိုက်ပြန်လေ၏။

“ကြွေပစ်တမ်းကစားမလို့ လာတာပါ...”ဟု အသံရှင် ပြန်၍ ပြောလိုက်လေ၏။

“ဒီလိုဆိုလဲ... ကျုပ်က စပြီးပစ်မယ်...၊ ကြွေလေးလုံးမှောက်ပြီး နှစ်လုံးလှန်တယ်ဗျာ...”ဟု ဦးရယ်မောက ပြောလိုက်လေ၏။

ထိုအခါ မှောင်ထဲမှ အသံရှင်က...

“ကြွေမှာ လေးလုံးမှောက်ပြီး... နှစ်လုံးလှန်ရင်... ‘ပါ’လို့ ခေါ်တာကိုး...၊ ကျုပ်နဲ့လိုက်ပါ့မယ်လို့ ဆုံးဖြတ်ပြီးပြီပေါ့...”ဟု ဆိုကာ...

ဦးရယ်မောကြီးအား တုပ်နှောင်ထားသော လက်ပြန်ကြိုးနှင့် ခြေထောက်တွင် ခတ်ထားသော ထိပ်တုံးကြီးကိုဖြုတ်၍ ပေးလိုက်လေတော့၏။

ထိုအခါ ဦးရယ်မောကြီးက...

“လွတ်မြောက်ခြင်းဆိုတဲ့ သဘောကို ကျေးဇူးတင်ပါတယ်...”ဟု ပြောဆိုကာ...

မီးဖိုတည့်တည့်တွင် မိုးများယို၍ကျနေသော အပေါက်ကြီးအား လက်ဖြင့်တွန်းကာ ပိတ်လိုက်လေ၏။

ထိုသို့ပိတ်ရင်း...

“ဒီအပေါက်ကြီးကလဲ ကိုယ့်လူလုပ်လိုက်တာကိုး... တကယ် သစ်ကိုင်းကျိုးကျတာ မဟုတ်ဘဲ...”ဟု ပြောလိုက်လေ၏။

“ဘယ်လိုလုပ် သိသလဲ...”ဟု အသံရှင်က ပြန်၍မေးလိုက်လေ၏။

“အမိုးပေါ်ကျနေတဲ့ သစ်ကိုင်းက ဆူးမရှိဘဲ၊ ကျုပ်ရဲ့မီးဖိုနားမှာ ပေါက်နေတဲ့သစ်ကိုင်းက ဆူးတွေနဲ့ချည်းပဲ...၊ အဲဒီတော့ တခြားက သစ်ကိုင်းတစ်ကိုင်းယူလာပြီး မီးဖိုတည့်တည့် အမိုးပေါ်ကို သစ်ကိုင်း ကျိုးကျဟန်ပြုလုပ်ပြီး ထိုးဖောက်လိုက်တာမဟုတ်လား...၊ အဲဒီလို လုပ်လိုက်မှလဲ မိုးရေတွေဝင်ပြီး မီးဖိုက မီးငြိမ်းသွားမှ အလင်းရောင် လုံးလုံးပျောက်သွားမယ်...၊ အဲဒီကျတော့မှ ကိုယ့်လူက ကျုပ်ကို





စောင့်နေတဲ့ အစောင့်ကို မှောင်ကြီးမည်းမည်းထဲမှာ အလစ်ဝင်ပြီး... တိုက်ခိုက်နိုင်မှာပေါ့... မဟုတ်လား...”ဟု မေးလိုက်လေ၏။

အမှောင်တွင်းမှ အသံရှင်က တစ်စုံတစ်ရာပြန်၍ မဖြေကြား ပေ။ ထိုအခါ ဦးရယ်မောက မီးဖိုမှ ရေများကို ထင်းစတစ်ချောင်းနှင့် ခြစ်ထုတ်လိုက်ပြီးလျှင် ထင်းအခြောက်များယူ၍ မီးမွှေးလေ၏။ ပြီးလျှင် ရေနွေးအိုးတည်လေ၏။ မီးဖိုခန်းတွင်းမှာလည်း ကောင်းစွာ အလင်းရောင်ရပြီဖြစ်၏။ ထိုအခါ၌ ဦးရယ်မောသည် ၎င်းအား ကယ်ဆယ်ခဲ့သော အသံရှင်ဘက်သို့လှည့်ကာ ကြည့်လိုက်ပြီးလျှင်...

“အို... ငါ့ကိုလာကယ်တဲ့ အတောင်မပါတဲ့ ငှက်ဆိုတာက မောင်စံဖိုးကိုး...”ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်စံဖိုးက...

“ဟုတ်တာပေါ့...၊ ဦးလေးရယ်မောရယ်...၊ ကျုပ်ကို ကယ်ထားတာ ခင်ဗျားကိုလဲ ပြန်ပြီးကယ်ရမှာပေါ့”ဟု ပြန်၍ ပြောလိုက်လေ၏။

“ဒါနဲ့ နေစမ်းပါဦးကွ...၊ မင်းကလဲ ငါမေးသမျှကို အဆင်ပြေ အောင် ဖြေတတ်တယ်နော်...”ဟု မေးလိုက်လေ၏။

“ဦးရယ်မော အဖမ်းခံရကတည်းက ကျုပ်က ဟိုခြုံပုတ်ထဲက နေ ကြည့်နေတာလေ...၊ အဲဒီတုန်းက ဦးရယ်မော သီချင်းဆိုတယ် မဟုတ်လား...၊ ဦးရယ်မောရဲ့သီချင်းကို နားထောင်ရကတည်းက ဦး ရယ်မောဟာ တိဗက်ပြည်ဘက်မှာ အတော်ကြာကြာ နေဖူးတယ် ဆိုတာ သိပါတယ်...၊ အဲဒီတော့ တိဗက်နယ်သားတွေရဲ့ အတွေးကို ကျွန်တော်နားလည်ပါတယ်...၊ ခင်ဗျားတို့ရဲ့အတွေးဟာ ‘လမ်းမဟုတ် တဲ့လမ်း၊’ ‘နည်းမဟုတ်တဲ့နည်း’ဆိုတာမျိုးမဟုတ်လား...၊ ဘယ် ပြဿနာကိုမှ ပုံသေမထားဘူးလေ...၊ ပုံသေကို ခင်ဗျားတို့ မုန်းကြ တယ်မဟုတ်လား...၊ စကားပြောရင်လဲ နှစ်ခွပြောလေ့ရှိတယ်...၊ အရှင်ပြောလေ့ရှိတယ်...၊ ဒါကြောင့် ကျွန်တော်က ဖြေနိုင်တာပါ...” ဟု မောင်စံဖိုးက ပြန်၍ပြောလိုက်လေ၏။

“အေး... မင်းမဆိုးဘူး...၊ လက်တွဲလို့ ရမယ့်လူပဲ...၊ မင်းဟာ ပုံသေကြိုက်တဲ့လူမဟုတ်ဘူး...၊ ပုံရှင်ကြိုက်တဲ့ လူရှင်ပဲ...၊ ငါက...



www.burmeseclassic.com

www.burmeseclassic.com



လူသေရင် မပေါင်းဘူးကွ...၊ ငါက ရှင်လူ...၊ လူရှင်ချင်းမှ ပေါင်းတာ"ဟု ဦးရယ်မောက ပြန်၍ ပြောလိုက်လေ၏။

"နေစမ်းပါဦး...၊ ဦးရယ်မောရဲ့...၊ ရေနွေးအိုးတည်ပြီး ဘာလုပ်ဦးမလဲ..."ဟု မောင်စံဖိုးက မေးလိုက်လေ၏။

"လက်ဖက်ရည်ကြမ်းသောက်မယ်လေကွာ...၊ အေးအေးဆေးဆေးပေါ့ကွ...၊ ဒီလို လက်ဖက်ရည်ကြမ်းသောက်ပြီးကြတော့မှလဲ မင်းနဲ့ငါဟာ... ဘယ်သူက ဆရာ...၊ ဘယ်သူက တပည့်ဆိုတာ ရှင်းရှင်းလင်းလင်း သိကြရမှာပေါ့..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။ များမကြာမီ၌ပင် ရေနွေးအိုးဆူလေ၏။ ထိုအခါ ဦးရယ်မောသည် ရေနွေးအိုးအတွင်းသို့ လက်ဖက်ခြောက်များ ခတ်လေ၏။

"ရှမ်းပြည်နယ် နမ့်ဆမ်က လက်ဖက်ခြောက်..."ဟုလည်း ပြောလိုက်လေ၏။

ပြီးလျှင် မြေဖြင့်ပြုလုပ်ထားသော ခပ်ညံ့ညံ့လက်ဖက်ရည်ကြမ်းပန်းကန်ကလေးနှစ်လုံးအတွင်းသို့ ဦးရယ်မောက လက်ဖက်ရည်ကြမ်းများငှဲ့၍ ပေးလေ၏။ ထို့နောက် ဦးရယ်မောသည် စောစောက ၎င်းအား ကပ်ရန်ပြခဲ့သော သံချောင်းကြီးကို မီးဖို၌ မီးဖုတ်လိုက်လေတော့၏။ မောင်စံဖိုးလည်း လက်ဖက်ရည်ကြမ်းပန်းကန်ကို လက်နှစ်ဖက်ဖြင့် ညင်သာစွာယူ၍ နှုတ်ခမ်းအနီးသို့ ရောက်သောအခါ၌ ဖြည်းညင်းစွာမှုတ်၍ သောက်လေ၏။ ဦးရယ်မောလည်း ကျန်သောလက်ဖက်ရည်ကြမ်းပန်းကန်ကို လက်နှစ်ဖက်ဖြင့်ယူ၍ မောင်စံဖိုးနည်းတူ ဖြည်းညင်းစွာ မှုတ်၍သောက်လေ၏။ ထို့နောက် မောင်စံဖိုးက လက်ဖက်ရည်ပန်းကန်အတွင်း၌ လက်ဖက်ရည်ကြမ်းများထပ်၍ ဖြည့်ပြန်၏။ ပြီးလျှင် ၎င်းတို့နှစ်ဦးစလုံးသည် ရှေးနည်းအတိုင်း လက်ဖက်ရည်ကြမ်းများကို မှုတ်၍သောက်ပြန်၏။ ထိုအချိန်၌ပင် မောင်စံဖိုး၏ လက်ချက်ဖြင့် သတိမေ့နေသော အစောင့်မှာ 'အင်း'ခနဲ မြည်၍ သတိရလာလေတော့၏။

ထို့ကြောင့် ဦးရယ်မောက...

"ဟိုကောင် သတိရလာပြီ..."ဟု ပြောလိုက်လေ၏။





မောင်စံဖိုးကမူ လက်ဖက်ရည်ကြမ်းကို သောက်မြဲသောက်ပြီးလျှင် လက်ဖက်ရည်ကြမ်းပန်းကန်အား အောက်သို့ဖြည်းညင်းစွာ ချလိုက်လေ၏။ ထို့နောက် တစ်ဘက်သို့လှည့်ကာ သတိရစပြုလာသော အစောင့်၏မျက်နှာအား လက်သီးဖြင့် 'ဒုတ်'ခနဲ ထိုးချလိုက်လေ၏။ အစောင့်လည်း ပြန်လည်၍ လဲကျကာ သတိမေ့မြောသွားပြန်လေ၏။ ပြီးလျှင် မောင်စံဖိုးသည် လက်ဖက်ကြမ်းပန်းကန်နှစ်လုံးအတွင်းသို့ ရေနွေးကြမ်းများ ငှဲ့ပေးပြန်လေ၏။

ထိုအခါ၌ ဦးရယ်မောက...

"မင်းက... ငါ့ရဲ့ဆရာပါကွာ...၊ ငါ... နားလည်ပါပြီ...၊ မင်းရဲ့စိတ်ဟာ... လက်ဖက်ရည်ကြမ်းသောက်နေစဉ်မှာ လက်ဖက်ရည်ကြမ်းထဲမှာ နစ်ပြီးဝင်နေတယ်...၊ တခြားဘယ်ကိုမှ အာရုံမရောက်ဘူး...၊ ဒါကြောင့်... မင်းဟာ ဘယ်အဆင့်ရောက်နေပြီဆိုတာ ငါနားလည်ပါပြီ...၊ ငါကတော့ လက်ဖက်ရည်ကြမ်းထဲမှာပဲ စိတ်တစ်ဝက်ရောက်နေတယ်...၊ သတိရလာတဲ့ အစောင့်ဆီမှာ စိတ်တစ်ဝက်ရောက်နေတယ်...၊ ဒါကြောင့် ငါဟာ တပည့်ပဲ ဖြစ်သင့်ပါတယ်...၊ အဲဒီတော့ မင်းဟာ ငါ့ရဲ့ဆရာပဲ...၊ ဘာဆရာလဲဆိုတော့ လက်ဖက်ရည်ကြမ်းသောက်တဲ့နည်းသင်တဲ့... ဆရာပေါ့ကွာ...၊ လက်ဖက်ရည်ကြမ်းသောက်နည်းကို တကယ်တတ်ရင်ဗျာရသတစ်ဆယ့်ရှစ်ရပ် အကုန်တတ်တာပဲမဟုတ်လား...၊ အဲဒီတော့ ငါ့ဆရာရယ်... လက်ဖက်ရည်ကြမ်းဆရာလို့ဆိုတဲ့ စာတမ်းကလေးကို အမှတ်တရ ခတ်နှိပ်လိုက်ပါရစေလား..."ဟု ပြောဆိုကာ...

မီးဖိုတွင်းမှ လိမ္မော်ရောင်ထနေသော သံပူချောင်းကြီးကို ဆွဲယူ၍ မောင်စံဖိုး၏လက်မောင်းပေါ်၌ 'လက်ဖက်ကြမ်းဆရာ'ဟု အစိုပ္ပါယ်ရသော အောက်ပါတရုတ်စာလုံးကို ရေးခြစ်လိုက်သည်ဖြစ်ရာ၊ တစ်ချက်ရေးတိုင်း တစ်ချက်ရေးတိုင်း အသားများကျက်ပြီး မီးခိုးများထွက်ကာ ညော်နံ့များ ဖြစ်ပေါ်လာလေတော့၏။ သို့ရာတွင် သတ္တိကောင်းလှသော မောင်စံဖိုးမှာမူ မျက်နှာလေးတစ်ချက်မျှပင် ရှုံ့မဲ့ခြင်းမရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးရယ်မောက...

"ဒီလို ငါ့လူရ...၊ အပေါ်က မြေသတ္တဝါတွေရဲ့အကြီးအကဲက သူတို့ဟာ ငန်းမြွေလို့ပြောတယ်...၊ ငန်းမြွေဆိုတော့ကွာ သူတို့စောင့်နေတဲ့ ငန်းဥတော့ ရှိမှာပါ...၊ အဲဒီငန်းဥဟာ ဘာလဲဆိုတာ ငါလဲ မသိဘူး...၊ ငါ... မသင်္ကာတဲ့အခန်းတစ်ခန်းတော့ရှိတယ်ကွ...၊ အဲဒါကိုဖွင့်ပြီး သူတို့စောင့်နေတဲ့ ငန်းဥကို ခိုးယူသွားမှ ဖြစ်မယ်..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

"ဒီလိုဆိုရင်... ကျွန်တော်တို့နှစ်ယောက် သူခိုးဖြစ်ကြပြန်ပြီပေါ့၊ မနေ့ကအထိတော့ ကျွန်တော်ဟာ အထည်သည်ပဲ...၊ မနက်ကတော့ ဦးရယ်မောကို ကယ်ဖို့ လူစွမ်းကောင်းဖြစ်ရပြန်တယ်...၊ စောစောက တစ်ခါ လက်ဖက်ရည်ကြမ်းသောက်နည်းသင်တဲ့ ဆရာဖြစ်ပြန်ရော...၊ ဟော... အခုတော့ သူခိုးဖြစ်ပြန်ပြီ...၊ ငယ်ငယ်က တရားနာဘူးတယ်၊ သံသရာဟာ သိပ်ရှည်တယ်တဲ့...၊ လူတွေဟာ... အဲဒီသံသရာထဲမှာ ဝက်ဖြစ်တဲ့အခါဖြစ်လိုက်...၊ ကြက်ဖြစ်တဲ့အခါဖြစ်လိုက်...၊ ဘုရင် ဧကရာဇ်ဖြစ်တဲ့အခါဖြစ်လိုက်...၊ သူတောင်းစားဖြစ်တဲ့အခါဖြစ်လိုက် နဲ့... ဖြစ်ခဲ့ကြတယ်ဆိုပဲ...၊ ဟုတ်မှာပဲ...၊ အခု ကြည့်ပါဦး...၊ (၂၄)နာရီ အတွင်းမှာပဲ... အထည်သည်ဖြစ်လိုက်၊ လူစွမ်းကောင်းဖြစ်လိုက်၊ လက်ဖက်ရည်ကြမ်းသောက်တဲ့ဆရာဖြစ်လိုက်၊ သူခိုးဖြစ်လိုက်နဲ့ပါ လား..."ဟု မောင်စံဖိုးက ပြောလိုက်လေ၏။

"ဒါပေါ့ငါ့လူရာ...၊ သူခိုးဖြစ်နေတာတောင် အခိုးအလုပ်လုပ်ကြသေးတာပေါ့...၊ ...၊ အိမ်မည်းကြီးဆီကိုကပ်မယ်..."ဟု ပြောဆိုကာ...

ဦးရယ်မောက မီးဖိုးအတွင်းမှ ထွက်လေ၏။ မောင်စံဖိုးက ၎င်း





နှင့်ကပ်လျက်သား လိုက်ပါလေ၏။ ပြီးလျှင် အိမ်မည်းကြီး၏ တံခါးမကြီးကို ကလန့်၍ 'ချက်'ကို နှိုက်၏။ ချက်ပြုတ်လျှင် အတွင်းသို့ဝင်၏။ ထို့နောက် သပွေ့မြှား အိပ်နေရာအခန်းများကို ဖြတ်ကျော်၍ အပေါ်ထပ်ဆီတက်၏။ အပေါ်ထပ်မှာ အခန်းကျယ်ကြီးဖြစ်၏။ ထိုအခန်းကျယ်ကြီး၏ထိပ်တွင် တံခါးကြီးတစ်ချပ် ပိတ်၍ထားလေ၏။ ထိုတံခါးကြီးအားမှီ၍ အစောင့်တစ်ယောက်သည် အိပ်ပျော်နေလေ၏။

ဦးရယ်မောနှင့် မောင်စံဖိုးတို့သည် တစ်ခါတစ်ခါတွင် လက်လိုက်သော လျှပ်စီးအရောင်နှင့် အခန်းကြီး၏ အနေအထားကိုလည်း ကောင်း၊ အခန်းထိပ်တံခါးအားမှီ၍ အိပ်နေသောအစောင့်တစ်ယောက်ကိုလည်းကောင်း ကောင်းစွာ တွေ့မြင်ရလေ၏။ မောင်စံဖိုးသည် အခန်းအလယ်သို့ ရောက်သောအခါ၌ ရပ်၍နေလေ၏။ ဦးရယ်မောသာလျှင် အစောင့်အနီးသို့ ခြေသံမကြားစေဘဲ သွားလေ၏။ အစောင့်အနီးသို့ ဦးရယ်မောရောက်သောအခါ၌ မောင်စံဖိုးက ယမ်းမီးခြစ်ကို 'ရှဲ'ခနဲခြစ်လိုက်လေ၏။ ထိုအခါ အစောင့်သည် ဆတ်ခနဲ လန့်၍ နိုးလေ၏။ နိုးသည်နှင့်တစ်ပြိုင်နက် ဦးရယ်မောက အစောင့်၏ရင်ဝကို လက်သီးဖြင့် ကြိတ်၍ထိုးချလိုက်လေ၏။ အစောင့်လည်း 'အင့်' ဟု အော်ကာ ငြိမ်းသွားလေ၏။ ထိုအခါကျမှပင် မောင်စံဖိုးသည် ဦးရယ်မောရှိရာသို့လျှောက်၍လာပြီးလျှင် တံခါးတွင် ခတ်ထားသော သော့ခလောက်ကိုကိုင်၍ ကြည့်လေ၏။ ထို့နောက် ၎င်းတွင်ပါလာသော သွပ်နန်းကြိုးစဖြင့် သော့ပေါက်အတွင်းသို့ ထိုး၍ လှည့်ကြည့်လိုက်၏။ ပြီးလျှင် ထိုသွပ်နန်းကြိုးကို ပြန်၍ဆွဲထုတ်ပြီးနောက် ပွန်းသွားသောနေရာများကို မီးခြစ်ခြစ်ကာ ရှာဖွေ၍ ထိုပွန်းသွားသော နေရာများ၌ အတွန့်လေးများဖြစ်အောင် သွပ်နန်းကြိုးကို ခေါက်လိုက်လေ၏။

"ဘာလုပ်တာလဲ..."ဟု ဦးရယ်မောက တိုးတိုးကပ်၍ မေးလေ၏။

"ပွန်းသွားတဲ့နေရာတွေဟာ အထဲက မောင်းထံနဲ့ထိတဲ့နေရာတွေမဟုတ်လား...၊ အဲဒီနေရာတွေကို အတွန့်လေးတွေလုပ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီအတွန့်ကလေးတွေက မောင်းဘက်ကိုသွားပြီး ငြိတာပေါ့။ အဲဒါ… သော့ဖြစ်ပြီပေါ့…၊ 'နည်းမရှိတဲ့နည်း'ဆိုတာလို သော့မဟုတ်တဲ့သော့ရှပေါ့ဗျာ…၊ သော့အစစ်ဆိုရင် သော့ခလောက်တစ်မျိုးပဲ ဖွင့်လို့ပိတ်လို့ ရမှာပေါ့…၊ သော့မဟုတ်တဲ့သော့ဆိုတာ သော့ခလောက်တိုင်းကို ဖွင့်နိုင်တာပေါ့ဗျာ…"ဟု မောင်စံဖိုးက ပြောလိုက်ရာ…

"မှန်ပါ့ဗျာ…၊ ဒီထက်မှန်တာတောင်… ဒါလောက်မှန်မှာ မဟုတ်ဘူး…"ဟု ဦးရယ်မောက ပြောလိုက်လေ၏။

ထိုအချိန်၌ပင် သော့ခလောက်သည် ပွင့်၍သွားပြီဖြစ်၏။ ၎င်းတို့နှစ်ဦးသည် သော့ခလောက်ဖြုတ်ပြီးနောက် အခန်းတွင်းသို့ ဝင်ကြလေ၏။ အခန်းတွင်းသို့ ရောက်သည့်အခါ၌ မောင်စံဖိုးသည် မီးခြစ်ကို 'ရှဲ'ခနဲခြစ်လိုက်ရာ ကြေးဖြင့်ပြုလုပ်ထားသော ဖယောင်းတိုင်အစွပ်ကြီး၌ လွန်စွာကြီးမားသော ဖျားဖယောင်းတိုင်ကြီးတစ်တိုင်ကို တွေ့ရလေ၏။ ထိုအခါ မောင်စံဖိုးသည် ထိုဖယောင်းတိုင်ကြီး၌ မီးတို့လိုက်လေသည်။ ထို့ကြောင့် ထိုတစ်ခန်းလုံးသည် လင်းထိန်၍သွားလေ၏။ အခန်းတစ်ခန်းလုံးတွင် ဟင်္သာပြဒါးရောင်များ သုတ်လိမ်းထား၏။ အခန်း၏အလယ်၌မူ လွန်စွာကြီးမားသော တရုတ်အခေါင်းကြီးတစ်လုံးကို တွေ့ရလေ၏။ ထိုခေါင်းကြီးမှာ ရွှေရောင်အတိပြီး၏။

"ဒီအိမ်ကြီးပေါ်က ငန်းတွေစောင့်နေတဲ့ ငန်းဥကြီးဟာ ဒါကြီးပဲဖြစ်မှာကွ…၊ ဒါကြီးကို ခိုးသွားရမှာပဲ…"ဟု ဦးရယ်မောက ပြောလေ၏။

"ဒီလိုဆိုရင် ထမ်းပိုးလုပ်ဖို့ ဝါးပိုးဝါးကြီးနဲ့ ဒါကြီးကိုသိုင်းချည်ဖို့ ကြိုးတစ်ချောင်း အမြန်ဆုံးရှာခဲ့ပေတော့…"ဟု မောင်စံဖိုးက ပြောလိုက်လေ၏။

ဦးရယ်မောလည်း အိမ်အောက်သို့ဆင်းသွားပြီးနောက် မိုးများရွာ၍ လေများ တရကြမ်းတိုက်ခိုက်နေသည့်ကြားမှပင် ဝါးပိုးပင်ကြီးမှ ဝါးပိုးကြီးတစ်လုံးကို ခုတ်ယူ၍ မီးဖိုတွင်းမှ လွန်စွာခိုင်သော ပိုက်ဆံကြိုးကြီးတစ်ချောင်းကို ယူ၍လာလေတော့၏။





အပေါ်ထပ်သို့ရောက်လျှင် ရွှေရောင်ခေါင်းကြီးအား ပိုက်ဆံကြိုးဖြင့်ချည်နှောင်ကာ ဝါးပိုးဝါးကြီးဖြင့် လျှို၍ထမ်းကြလေတော့၏။ မောင်စံဖိုးနှင့် ဦးရယ်မောတို့သည် အိမ်မည်းကြီးပေါ်မှ လူများ မနိုးစေရန် သတိထား၍ အိမ်အောက်သို့ချ၏။ အိမ်အောက်သို့ရောက်လျှင် တောင်ကုန်းအဆင်းလမ်းဘက်ဆီသို့ မိုးလေများအတွင်းမှ သယ်ဆောင်သွားကြလေတော့၏။ ၎င်းတို့တောင်အောက်သို့ရောက်သောအခါ၌မူ မီးဖိုတွင်းမှ သတိမေ့နေသောအစောင့်သည် ပြန်လည်၍သတိရလာလေတော့၏။ ၎င်းသည် ဦးရယ်မောတို့ လွတ်မြောက်သွားသည်ကို သိလျှင်သိချင်း အပေါ်ထပ်သို့ပြေး၍ ၎င်း၏လူများကိုနှိုးလေ၏။ ထိုလူများလည်း နိုးလျှင် ခန်းမကြီးဆီသို့ ပြေးတက်သွားကြလေ၏။ ခန်းမသို့ရောက်လျှင် အရေးကြီးသော တံခါးနှိတပ်ထားသည့် အခန်းလည်း ပွင့်နေကြောင်း တွေ့ရ၏။ အခန်းစောင့်မှာလည်း သတိမေ့နေကြောင်းကို သိရ၏။ ထို့ကြောင့် အခန်းတွင်းသို့ ဝင်ကြည့်ရာ ၎င်းတို့၏အရေးကြီးလှသော ပစ္စည်းကြီး ပျောက်နေကြောင်းကို သိရလျှင် အကြီးအကဲလုပ်သူသည်…

"လိုက်ကြဟေ့…၊ လိုက်ကြဟေ့… တို့ဟာကြီးပါသွားပြီ…"ဟု ဆိုကာ…

လက်နှိပ်ဓာတ်မီးများ၊ တုတ်များ၊ ဓားများကို ဆွဲကိုင်၍ လိုက်ကြလေတော့၏။ မိုးမှာ တဖြုန်းဖြုန်း၊ တဖြင်းဖြင်း ရွာချနေ၏။ လေမှာလည်း တဝုန်းဝုန်း၊ တဒိုင်းဒိုင်း တိုက်ခတ်နေ၏။ သစ်ပင်များမှာ တဖြောင်းဖြောင်းနှင့် ကျိုးကျနေ၏။

အိမ်မည်းကြီးပေါ်မှ ပညာရှင် မြွေဆိုးမြွေဟောက်တို့သည် လက်နှိပ်ဓာတ်မီးများကို တဝင်းဝင်းထိုးလျက် ဟစ်အော်ကာ ဦးရယ်မောနှင့် မောင်စံဖိုးတို့နောက်သို့ လိုက်ကြလေတော့၏။ ဦးရယ်မေနှင့် မောင်စံဖိုးတို့မှာလည်း တောင်အောက်သို့ရောက်သည်နှင့် ကားသမ်းကိုဖြုတ်၍ ရွှေခေါင်းကြီးကိုထမ်းကာ တရကြမ်းပြေးလေတော့၏။ ဦးရယ်မောမှာ လွန်စွာသန်မာသူဖြစ်၏။

ထို့ကြောင့် မောင်စံဖိုးဘက်သို့လှည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ... ငါ့ဆရာ၊ ဒီဟာကြီးကို ထမ်းပိုးရဲ့ အလယ်တည့်တည့်မှာထားပြီး ထမ်းလို့ကတော့ ငါ့ဆရာ ကြာကြာထမ်းနိုင်မှာမဟုတ်ဘူး။ ကျုပ်ဘက်ကို များများတွန်းပို့ထားပါ...၊ အဲဒီတော့ ငါ့ဆရာ သက်သာတာပေါ့..."ဟု ဦးရယ်မောက ပြောလိုက်လေ၏။

ထို့ကြောင့် ရွှေရောင်ခေါင်းကြီးကို ခေတ္တချ၍ ထမ်းပိုးကို နေရာရွှေ့ကြလေ၏။ ဦးရယ်မောကြီးနှင့် နီးနိုင်သမျှနီးအောင် ရွှေရောင်ခေါင်းကြီးကို ရွှေ့ထားလေ၏။ ထို့ကြောင့် မောင်စံဖိုးအတွက် အတော်အတန်ပေါ့ပါး၍ သွားလေတော့၏။ ၎င်းတို့နှစ်ဦးသည် နောက်မှလိုက်လာသောသူများကို မျက်ခြည်ပြတ်စေရန်အတွက် တောလမ်းအတိုင်းမှပင် ခရီးနှင်ခဲ့ကြလေ၏။ မိုးနှင့်လေမှာလည်း သည်းသည်းမဲမဲ ရွာနေတုန်းပင်။ တစ်နာရီခန့် ခရီးနှင်ပြီးသောအခါ၌ မြင်းပြေးသကဲ့သို့ ရေစီးသန်လှသော ချောင်းတစ်ခုကို တွေ့ရလေ၏။ တဟဲဟဲမြည်နေသည့်တိုင်အောင် ချောင်းသည် ရေစီးသန်လှပေ၏။ ချောင်းမှာ တောင်ကျချောင်းဖြစ်သောကြောင့် မိုးရွာသည်နှင့်တစ်ပြိုင်နက် အဆမတန်ပြင်းထန်သော အဟုန်ဖြင့် ရေစီးနေလေ၏။ ချောင်းစပ်သို့ရောက်သောအခါ၌ ဦးရယ်မောက မောင်စံဖိုးအား...

"ကဲ... တို့ရှေ့ကတော့ ချောင်းကြီးပိတ်နေပြီ...၊ နောက်ကလဲ ရန်သူတွေ လိုက်လာနေပြီ...၊ ဘယ်လိုလုပ်မလဲဆရာသမားရဲ့..."ဟု မေးလိုက်လေ၏။

"ဘာများခက်လို့လဲ... ဦးရယ်မောရယ်၊ ကျုပ်တို့ထမ်းလာတဲ့ ရွှေခေါင်းကြီးနဲ့ ဝါးပိုးဝါးကြီးကိုဖက်ပြီး ရေစီးအတိုင်း မျောချလိုက်ရုံပေါ့..."ဟု မောင်စံဖိုးက ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် ရွှေရောင်ခေါင်းကြီးနှင့် ထမ်းလာသော ဝါပိုးဝါးကြီးကို ချောင်းအတွင်းသို့ချကာ ရေစီးအတိုင်း နှစ်ယောက်သားဖက်၍ ရေစုန်မျောကြလေတော့၏။

တစ်နာရီခန့်မျောမိသည်ဆိုလျှင်ပင် ရန်သူများ လုံးဝမျက်ခြေ ပြတ်သွားသောနေရာသို့ ရောက်ကြလေ၏။ ထိုအခါ၌ မိုးအနည်းငယ် တိတ်ပြီဖြစ်သဖြင့် ကမ်းဘက်သို့ ကပ်ကြလေ၏။ ပြီးလျှင် ကမ်းပါး





အနီးမှ အဆင်သင့်တွေ့ရသော လူမရှိသည့် တဲအိမ်ကလေးတစ်လုံး အတွင်းသို့ဝင်ကာ မိုးခိုကြလေ၏။ အဝတ်များချွတ်ကာ ရေညှစ်၍ လှမ်းကြလေ၏။

မောင်စံဖိုးသည် တဲထောင့်ရှိ မီးဖိုဆီသို့သွား၍ မီးဖိုကိုငုံ့ကြည့်ရာ မီးခဲနီရဲရဲလေး သုံးခဲကို တွေ့ရလေ၏။

"ဦးရယ်မောရေ...၊ မီးတွေ့ပြီဗျို့...၊ မီး... မီး..."ဟု ပြောလိုက်လေ၏။

ဦးရယ်မောလည်း အားရဝမ်းသာဖြင့် မီးဖိုဆီသို့ ပြေးသွားပြီးလျှင် မီးဖိုအနီးမှ ထင်းများကိုယူ၍ မီးမွှေးလေတော့၏။ မောင်စံဖိုးလည်း တဲအတွင်း၌ ရှာဖွေရာ ဟင်းရွက်ဆီဖြင့် ထွန်းရသော မီးခွက်ကလေးကို တွေ့ရသဖြင့် မီးထွန်းလိုက်လေတော့၏။ ထို့နောက် မောင်စံဖိုးသည် ထိုမီးခွက်ဖြင့်ပင် မီးဖိုအတွင်းသို့ ရှာပြန်ရာ ဝါးတောင်းကြီးတစ်ခုအတွင်း၌ ဆန်အနည်းငယ်နှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီးအချို့နှင့် ဝက်ပေါင်ခြောက်တစ်ပြားကို တွေ့ရလေ၏။

ထိုအခါ ဦးရယ်မောသည် အိုးတစ်လုံးကို ဆေးကြော၍ ဆန်ပြုတ်ပြုတ်လေ၏။ ဝက်ပေါင်ခြောက်ကို မီးကင်လေ၏။ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူနှင့် ခရမ်းချဉ်သီးကို ပေါင်းစပ်ကာ အချဉ်တစ်ခွက်လည်း ပြုလုပ်လေ၏။ မောင်စံဖိုးမှာမူ မီးခွက်တစ်ခွက်ဖြင့် တဲ၏နေရာအနှံ့အပြားကို ရှာဖွေရာ သပ်ရပ်စွာ ပြုလုပ်ထားသော ဝါးဗူးကလေးအတွင်း လွန်စွာရနံ့ကောင်းသော လက်ဖက်ခြောက်ကိုလည်း ရရှိလေ၏။ တဲ၏ထောင့်ဘက်တွင် မြေကြီးကော်သော 'ငန်းပြား'ခေါ်သည့် ကိရိယာတစ်ခုနှင့် သံတူးရွင်းတစ်ခုကိုလည်း ရရှိပြန်လေ၏။

ထို့နောက် ဆန်ပြုတ်ကျက်လာသောအခါတွင် ဦးရယ်မောနှင့် မောင်စံဖိုးတို့သည် ပျော်ရွှင်စွာ ဆန်ပြုတ်သောက်ကြလေ၏။ ဝက်ပေါင်ခြောက်ကိုဖုတ်၍ ဦးရယ်မော စီမံထားသော အချဉ်ရည်ဖြင့်တို့ကာ တို့ကာ စားကြလေ၏။ ဆန်ပြုတ်သောက်ပြီးသောအခါ ရေနွေးအိုး



www.burmeseclassic.com

www.burmeseclassic.com



တည်၍ ထားလိုက်လေ၏။ ရေနွေးဆူရန် စောင့်နေစဉ်အတွင်း မောင်စံဖိုးနှင့် ဦးရယ်မောတို့သည် ၎င်းတို့ ခက်ခဲပင်ပန်းစွာ စွန့်စား၍ သယ်ဆောင်လာသော ရွှေရောင်ခေါင်းကြီး၏အဖုံးကို သံတူရွင်းဖြင့် တကျွိကျွိတော်၍ ဖွင့်ကြလေတော့၏။

ထိုအချိန်တွင်မူ ၎င်းတို့၏ ရန်သူများ ဖြစ်ကြတုန်သော အိမ်မည်းကြီးပေါ်မှ မြွေဆိုးမြွေဟောက်နှင့်တူသည့် လူများသည် ၎င်းတို့နှစ်ဦးအား ရှာဖွေ၍ မရသောကြောင့် အိမ်မည်းကြီးဆီသို့ ပြန်လည်၍ သွားကြပြီးလျှင် စည်းဝေးတိုင်ပင်ကြလေတော့၏။ ၎င်းတို့၏ အစည်းအဝေးဆုံးဖြတ်ချက်ကား နေရာအနှံ့အပြားတွင် ရောက်ရှိနေသော ၎င်းတို့၏ အဖွဲ့ဝင်များထံသို့ အကြောင်းကြားကာ ဦးရယ်မောနှင့် မောင်စံဖိုးတို့အား ရှာဖွေ၍ တစ်စစီဖြစ်စေရန် ဖြစ်လေသည်။

၎င်းတို့သည် ငန်းမြွေများကဲ့သို့ အညှိုးအမှတ်ကြီးသည်ဖြစ်ရာ ဦးရယ်မောနှင့် မောင်စံဖိုးဆိုသူတို့ နှစ်ဦး၏နောက်သို့ အနံ့ကလေးအနည်းငယ်ရသည်နှင့် သည်းသည်းမဲမဲကြီးလိုက်ရန် တွေ့လျှင် သတ်ပစ်ရန် သန္နိဋ္ဌာန်ချလိုက်လေတော့သတည်း....။

မှတ်ချက်။ ဤသည်ပင် ယခုရေးသား တင်ပြလတ္တံ့သော "မသွားမီက ရောက်နှင့်သည်" ဝတ္ထုကြီး၏ဇာတ်ပန်းကိုရှုရန် နိဒါန်းဟု ဆိုနိုင်၏။ ဤဝတ္ထု၌ လွန်စွာအရေးကြီးသော ဇာတ်ကောင်တစ်ဦးပါရှိလေ၏၊ သူ၏အမည်ကား "စနေမောင်မောင်" ဟူ၍ဖြစ်ပေသည်၊
သူသည်လွန်စွာရက်စက်၏၊ လွန်စွာမှလည်းကြင်နာသနားတတ်၏၊ သူသည် ပညာမဲ့၏၊ အမြော်အမြင်နည်း၏၊ သူသည်ပင် ပညာရှိ၏၊ အမြော်အမြင်ကြီး၏၊

ထို့ကြောင့် သူနှင့်ပတ်သက်သော အကြောင်းအရာတို့ နလုံးသည်းပွတ်များ တုန်လှုပ်ဖွယ်ရာ ဖြစ်၏၊ ထွတ်ပျံကြည်နူးဖွယ်ရာလည်းရှိ၏၊ အားတက် ဖွယ်ရာလည်း ရှိ၏၊ ကြေကွဲဖွယ်ရာ ဖြစ်၏၊ သတိသံဝေဂရဖွယ်လည်းဖြစ်၏။

ဤသည်ပင် "မသွားမီက ရောက်နှင့်သည်" ဝတ္ထုကြီး၏ ဆိုလိုချက် အနှစ်သာရဖြစ်၍နေလေတော့သတည်း....။

တရေးသူ





# ဇာတ်လမ်းစဉ် မှတ်တမ်းတင်

- ထူးဆန်းသော လူတစ်ယောက်
- ရှာရအခက်ဆုံးသူ
- ဗီဇာကြောင်သော လူတစ်ယောက်
- ခင်ဗျားကို သတ်ရမှာ အားနာသလိုပဲ
- ကိုက်အစစ်
- စနေမောင်မောင်အတွက် အသက်စွန့်ဝံ့သူများ ပေါ်ပေါက်လာခြင်း။
- စနေမောင်မောင်တို့ ခရီးထွက်ခြင်း
- ဦးထုပ်နီကြီးနှင့် တွေ့ဆုံခြင်း
- ရန်သူများ အဝိုင်းခံရခြင်း
- နောက်ကြောင်းခံ ပုံဝတ္ထုကလေးများ
- ဆရာကောင်းတပည့်ဖြစ်ရခြင်း၏အကျိုးကျေးဇူး
- ပုံနှင့်ရေးပြမှ ရှင်းမယ်
- မင်းလေးပါးဆေး
- အချင်းချင်းလည်း ယုံလို့မဖြစ်
- ကြွင်စာရိုကို ပြန်ပို့ပြီ
- လူပုကလေးလက်ချက်
- အနိုပ်သည်နှစ်ဦး
- ဂျပ်ပစီတို့၏ ပညာရပ်
- ကံတရား၏ရဟတ်
- အသက်နှင့်ကိုယ် အိုးစားမကွဲချင်ရင်
- သူလျှိုတစ်ယောက်
- လေနှင့်အတူပါလာသော ကိုတာနော



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသောလူတစ်ယောက်

မန္တလေးမြို့အနောက်ပြင်ဘက်ရှိ 'တုလွတ်ရန်အောင်'ရပ်ကွက် အနီး လွန်စွာခမ်းနား၍ လွန်စွာမှလည်း တိတ်ဆိတ်လှသော နှစ်ဆောင်ပြိုင်ကျွန်းအိမ်မည်းကြီးတစ်လုံးရှိလေ၏။ ထိုအိမ်မည်းကြီး ပိုင်ရှင်မှာ ၎င်းအိမ်ကြီး၌ နေထိုင်ခြင်းမပြုဘဲ အေးအေးချမ်းချမ်း နေလိုလှသော မျက်နှာဖြူအရာရှိများကိုသာ ငှားရမ်းခဲ့လေ၏။ အချို့သော မျက်နှာဖြူအရာရှိများသည် မန္တလေး၌ တာဝန်ကျစဉ်ကာလ အတွင်း ထိုနှစ်ဆောင်ပြိုင်အိမ်မည်းကြီးကို ငှားရမ်းနေထိုင်ကြလေ၏။ ၎င်းတို့လုပ်ငန်းအရ ပြောင်းရွှေ့သွားသောအခါ၌လည်း တခြား မျက်နှာဖြူအရာရှိတစ်ဦးဦးရောက်လာပြီးလျှင် ထိုအိမ်ကြီးအား ဆက်လက်၍ ငှားရမ်းပြန်လေ၏။

တစ်နေ့သ၌ ထိုအိမ်မည်းကြီးပိုင်ရှင်ဖြစ်သူ ဦးထော်ကြီးနေထိုင်ရာ အရှေ့ပြင် ကျွန်းလုံးမော်ရပ်ကွက်ရှိ အိမ်ရှေ့သို့ ဒေါက်ကပ်မြင်းလှည်းကြီးတစ်စီး ဆိုက်ကပ်လာလေ၏။ ပြီးလျှင် မြင်းလှည်းပေါ်မှ အသက်(၃၀)အရွယ်ခန့် အရပ်မြင့်မြင့်၊ အသားမဖြူမညို လူတစ်ယောက်ဆင်း၍လာလေ၏။ ထိုသူသည် ဘောင်းဘီအဖြူ ကွတ်အင်္ကျီအဖြူနှင့် ဘိုးတိုင် (ခေါ်) လိပ်ပြာသဏ္ဍာန် လည်စည်းကလေးကို လည်တိုင်၌ သပ်ရပ်စွာ တပ်ဆင်ထားလေ၏။ လက်၌လည်း လွန်စွာသပ်ရပ်သော သားရေသေတ္တာအဖြူကလေးတစ်လုံးကို ဆွဲ၍ထားလေ၏။ ၎င်းစီးထားသော ရှူးဖိနပ်မှာလည်း ဖျိုင်းတစ်ကောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူသော လွန်စွာလှပသည့် ဦးချွန်ဖိနပ် ဖြစ်လေ၏။ ထိုသူသည် မျက်မှန်ကိုလည်း တပ်ထား၏။ မျက်မှန်ကိုင်းမှာလည်း လွန်စွာတန်ဖိုးကြီးလှသော ပလက်တီနမ်ကိုင်းဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် 'တုလွတ်ရန်အောင်'ရပ်ကွက်မှ နှစ်ဆောင်ပြိုင်အိမ်မည်း ကြီးကိုပိုင်သော အိမ်ပိုင်ရှင် ဦးထော်ကြီး၏ နေအိမ်ပေါ်သို့ ကြွ ရစွာ တက်၍လာလေ၏။

ဦးထော်ကြီးက...

"ဘာကိစ္စလဲခင်ဗျာ..."ဟု မေးလိုက်လေ၏။

ထိုအခါ သူက...

"အနောက်ပြင် တုလွတ်ရန်အောင်က နှစ်ဆောင်ပြိုင်အိမ်မည်း ကြီးရဲ့ပိုင်ရှင်မဟုတ်လား..."ဟု ပြန်၍မေးလိုက်လေ၏။

"ဟုတ်ပါတယ်... ခင်ဗျ..."ဟု ဦးထော်ကြီးက ပြန်၍ပြောလိုက် လေ၏။

"အဲဒီအိမ်ကို ကျုပ် ငှားချင်လို့ပါ..."ဟု ထိုသူက ပြောလေ၏။

"ကျုပ်က... ဘိုတွေကိုမှ ငှားတာ..."ဟု ဦးထော်ကြီးက ပြော လျှင် ထိုသူသည် မခိုးမခန့်ပြုံး၍...

"ဘိုဆိုက... ငွေတစ်ကျပ်ဟာ ဆယ့်ခုနစ်ပဲမဟုတ်ပါဘူးဗျ... သူတို့ ငွေတစ်ကျပ်ဟာလဲ ဆယ့်ခြောက်ပဲပါပဲ...၊ ဘယ်နှယ့်ကြော ဘိုဆိုက ပိုက်ဆံကိုမှ ပိုပြီး တန်ဖိုးထားနေရတာတုန်း..."ဟု ထိုသူ ပြန်ပြောလိုက်လေ၏။

"တန်ဖိုးထားတာမဟုတ်ဘူးဗျ...၊ ဘိုတွေကို ငှားရတာက စိတ် ချမ်းသာတယ်...၊ အိမ်လခလဲ သွားပြီးမတောင်းရဘူး...၊ လကုန်တာ ချာပရာစီတစ်ယောက်ကိုလွှတ်ပြီး ကျုပ်ဆီ ပို့ခိုင်းတာ...၊ အိမ်လ ကြွေးကျန်တယ်လို့လဲ ဘယ်တော့မှ မရှိဘူး...၊ ကျုပ်ဟာ မြန်မာ ကိုလဲ အရင်က ငှားဘူးပါတယ်ဗျာ...၊ မြန်မာလူမျိုးက တစ်မူးလော ရှိရင် တစ်မတ်ဖိုးလောက်ကြွားချင်နေကြတာဗျ...၊ ခမ်းခမ်းနားနာ အိမ်ကြီးတွေတော့ ငှားပြီးနေချင်တယ်...၊ လခကျတော့ မှန်အော မပေးနိုင်ကြဘူး...၊ 'ဆန်မရှိ... သောက်စားကြီး'ဆိုတဲ့ ဟန်မျိုးတွေ များပါတယ်ဗျာ...၊ ဒါကြောင့် ကျုပ်ဖြင့် မြန်မာတွေငှားဖို့ စိတ်မ ပါဘူး...၊ မြန်မာထဲကလဲ ဒီလိုအိမ်ကြီးအိမ်ကောင်းမျိုးကို လခကော ကောင်းပေးပြီး... ငှားနေနိုင်မယ့်လူကလဲ တစ်ထောင်မှာတစ်ယော တောင် မရှိပါဘူးဗျာ..."ဟု ဦးထော်ကြီးက ပြောလိုက်လေ၏။

ထိုအခါ ဒေါက်ကပ်ပေါ်မှ ဆင်းလာသော လူက...





"မြန်မာလူမျိုးကို အထင်သေးတဲ့ပြိုင်ပွဲလုပ်ရင် ခင်ဗျားဟာ ပထမရလောက်တယ်...၊ အိမ်လခမှန်မှန်မပေးနိုင်ဘဲ အိမ်ကြီးအိမ် ကောင်းတွေကို ဟန်နဲ့ပန်နဲ့တက်ပြီး ငှားနေတတ်တဲ့လူညံ့တွေကို ကြည့်ပြီး အားလုံးဒီလိုချည်းပဲ မထင်နဲ့...၊ ဒီမှာ ခင်ဗျားကို ကျုပ် ပြောမယ်...၊ ဘိုတွေက... တစ်လကုန်မှတစ်ခါ လခမှန်မှန်ရှင်းတာ ကလေးကို ခင်ဗျားက အကျေနပ်ကြီး ကျေနပ်နေတယ်မဟုတ်လား" ဟုဆိုကာ

ထိုသူက... လက်တွင်းမှ သားရေသေတ္တာအဖြူကလေးကိုဖွင့်၍ (၅)လက်မခန့်ထူသော ပိုက်ဆံထုပ်သုံးထုပ်ကို စားပွဲပေါ်သို့ 'ဗုန်း'ခနဲ 'ဗုန်း'ခနဲ ပစ်တင်ပြီးလျှင်...

"သုံးနှစ်စာ တစ်ခါတည်းယူထား...၊ ကျုပ် အခုပေးတဲ့ငွေဟာ သုံးနှစ်စာအတွက်ဆိုရင်တောင် ပိုနေဦးမှာပါ...၊ ဒါပေမယ့် ပိုတာကို ကျုပ်ကို ပြန်ပေးဖို့မလိုဘူး...၊ အဲဒါပါ ယူထားလိုက်...၊ ကျုပ်လိုချင် တာက ခင်ဗျားရဲ့ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးမှာ နေချင်တယ်...၊ ဒါပဲ..."ဟု ထိုသူက ပြောလိုက်လေ၏။

အိမ်ပိုင်ရှင် ဦးထော်ကြီးသည် ငွေထုပ်များကိုတစ်လှည့်၊ ထိုသူ အားတစ်လှည့် ကြည့်ရှုပြီးလျှင် လွန်စွာရိုသေသောအမူအရာနှင့်...

"ဆရာကြီးကို ထားချင်ပါတယ်ခင်ဗျာ..."ဟု ပြောလိုက်လေ၏။

ဦးထော်ကြီးသည် အမူအရာပါပြောင်းသည်မဟုတ်၊ လေယူ လေသိမ်းနှင့် စကားလုံးများပါ ပြောင်း၍လာလေ၏။

"ကျုပ်ကို... ထားတော့ထားချင်တယ်ဟုတ်လား...၊ တခြားဘာ အခက်အခဲရှိသေးလို့လဲ..."ဟု မေးလိုက်လေ၏။

"အခု... အဲဒီအိမ်ကြီးမှာ တားနားသခင် နေနေတယ်လေ ဆရာကြီးရဲ့..."ဟု ဦးထော်ကြီးက ရိုသေစွာ ပြန်၍ပြောလိုက်လေ၏။

"သစ်တောဘက်က မစ္စတာတားနားကို ပြောတာလား..."ဟု ထိုသူက ပြန်၍မေးလိုက်လေ၏။

"ဟုတ်... ဟုတ်ပါတယ် ဆရာကြီး..."ဟု ဦးထော်ကြီးက ပြန်၍ ဖြေလိုက်လေ၏။

"သူက... သန်ဖက်ခါကို ဒီကပြောင်းရတော့မှာပဲ...၊ အဲဒီတော့ ကျုပ်နေမှာပေါ့...၊ အခု ကျုပ် ပေးထားတဲ့ငွေကို ယူထားလိုက်၊ မစ္စ



www.burmeseclassic.com

www.burmeseclassic.com

တာတားနားပြောင်းသွားရင် ဘယ်သူကိုမှ မငှားနဲ့..."ဟု ထိုသူက ပြောလိုက်လေ၏။

"တားနားသခင်ပြောင်းသွားပြီးမှ ဆရာကြီးရဲ့ငွေကို လက်ခံပါရစေ..."ဟု ဦးထော်ကြီးက ပြန်၍ပြောလျှင်...

ထိုသူက...

"ကျုပ်ပြောတာ... ခင်ဗျားမယုံရင် ကျုပ်နဲ့အတူ လိုက်ခဲ့လေ...၊ မစ္စတာတားနားဆီကို ကျုပ်သွားမယ်...၊ သူက ပြောင်းရတော့မယ်လို့ ပြောရင် ခင်ဗျားက ကျုပ်ငွေကို လက်ခံရုံပေါ့..."ဟု ထိုသူက ပြောလိုက်လေ၏။

"ဒီလိုဆိုလဲ... လိုက်ပါမယ် ဆရာကြီးရယ်..."ဟု ဦးထော်ကြီးသည် ပြောပြပြီးလျှင်...

ထိုသူငှားလာသော ဒေါက်ကပ်ကြီးနှင့်ပင် တုလွတ်ရန်အောင် ရပ်ကွက်ရှိ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးဆီသို့ လိုက်ပါခဲ့လေတော့၏။

ထိုအိမ်ကြီးသို့ရောက်လျှင် အိမ်ငှားမည့်သူက ရှေ့မှတက်၍သွားလေ၏။ အိမ်ပိုင်ရှင် ဦးထော်ကြီးက နောက်မှကပ်၍ လိုက်လေ၏။ အိမ်ပေါ်ထပ်သို့ရောက်လျှင် ဘီယာနှင့်ဒိန်ခဲကို သောက်သုံးနေသော သစ်တောအရာရှိ မစ္စတာတားနားကို အဆင်သင့်တွေ့ရလေ၏။

ထိုအခါ မစ္စတားနားက ဦးထော်ကြီးအား...

"လူကလေး... ဘာကိစ္စလဲ..."ဟု မေးလိုက်လေ၏။

ဦးထော်ကြီးကလည်း...

"သခင်... ဒီအိမ်က ပြောင်းသွားရင်... ဒီအိမ်မှာနေမယ့် အိမ်ငှားအသစ်နဲ့ လိုက်လာတာပါ..."ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလေ၏။

ထိုအခါ မစ္စတာတားနားသည် ဦးထော်ကြီးအား...

"ကျွန်ုပ်... ဘာဖြစ်လို့ ဒီအိမ်က ပြောင်းရမှာတုန်း..."ဟု ပြန်၍ မေးလိုက်လေ၏။

"မသိပါဘူးသခင်...၊ ဟောဒီဆရာကြီးက သခင်ဟာ သန်ဘက်ခါ ပြောင်းတော့မယ်လို့ လာပြီးပြောနေပါတယ်..."ဟု ဦးထော်ကြီး ပြောလိုက်လေ၏။





သစ်တောအရာရှိ မစ္စတာတားနားလည်း အဖြူရောင်ဥရောပ ဝတ်စုံကို သေသပ်စွာ ဝတ်ထားသော မြန်မာအမျိုးသားအား ကြည့်လိုက်လေ၏။ မြန်မာအမျိုးသားဆိုသူသည် မစ္စတာတားနား၏ မျက်နှာချင်းဆိုင်ရှိ ဆိုဖာကုလားထိုင်၌ အခန့်သားဝင်၍ ထိုင်ပြီးလျှင် ဆင်စွယ်စွပ်တံ၌ အကောင်းစား စီးကရက်ကိုစွပ်ကာ ငွေဖြင့်မြုလုပ်ထားသော ယွန်ဆင်မီးခြစ်ကို 'ထောက်'ခနဲ ခြစ်၍ စီးကရက်၌ မီးတို့လိုက်လေ၏။ မီးတို့ရင်းနှင့် ၎င်း၏မျက်လုံးတို့သည် အနည်းငယ်စွေစောင်း၍ မစ္စတာတားနားအား အကဲခတ်လိုက်လေ၏။ မစ္စတာတားနားလည်း ထိုသူအား အကဲခတ်လိုက်လေ၏။ ကုတ်အင်္ကျီ၊ ရှပ်အင်္ကျီ၊ ဘောင်းဘီ၊ ရှူးဖိနပ်အားလုံးမှာ အဖြူရောင်ဖြစ်၏။ မျက်မှန်မှာလည်း ပလက်တီနမ်ကိုင်းဖြစ်သဖြင့် အဖြူရောင်ပင်ဖြစ်၏။ လက်ဆွဲသေတ္တာကလေးမှာလည်း အဖြူရောင်ပင်ဖြစ်၏။ ၎င်း၏လက်ဝဲဘက်လက်သန်းတွင် အကောင်းစားစိန်နှင့် ပလက်တီနမ်နှင့်ကွင်းကာ ဝတ်ဆင်ထားသည်ကိုလည်း သတိပြုမိလေ၏။ မစ္စတာတားနားသည် ထိုသူအား လုံလုံလောက်လောက် အကဲခတ်ပြီးနောက်...

"သင်ဘယ်သူလဲ..."ဟု မေးလိုက်လေ၏။

"ကျုပ်ဟာ... ခင်ဗျားပြောင်းသွားတဲ့အခါမှာ ဒီအိမ်ကြီးမှာ နေမယ့်လူပဲ..."ဟု အဓိပ္ပါယ်ရသော အင်္ဂလိပ်စကားဖြင့် အချိုးကျနစွာ ပြန်၍ဖြေလိုက်လေ၏။

"ကျွန်ုပ်က ဘယ့်အတွက် ပြောင်းရမှာတုန်း...၊ သင်ဟာ ဘာဖြစ်လို့ ရှုးကြောင်ကြောင်အလုပ်မျိုးဖြင့် အကျွန်ုပ်အား နှောင့်ယှက်ရပါသလဲ..."ဟု မစ္စတာတားနားက ပြန်၍ ပြောလိုက်လေ၏။

"ခင်ဗျား... သန်ဘက်ခါကို ပြောင်းရလိမ့်မယ်... မနက်ဖြန်မနက်ရုံးကို ခဏသွားပြီး အိမ်ကိုပြန်လာပါ...၊ ပြီးရင် ခင်ဗျားရဲ့ပစ္စည်းတွေကိုသိမ်းပြီး ပြောင်းဖို့အဆင်သင့်လုပ်ထားပါ..."ဟု ထိုသူက ပြောလိုက်လေ၏။

"သင်ဟာ... ကျွန်ုပ်တို့ ဘုရင်မကြီးနဲ့ ယောက်ျားတော်စပ်ရင်တောင်မှပဲ ဒီစကားမျိုးကို ပြောခွင့်မရှိဘူး...၊ ကျွန်ုပ်က ဘာဖြစ်လို့ ဒီနေရာက ပြောင်းရမှာလဲ..."ဟု မစ္စတာတားနားက ပြန်၍ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



"မမြို့က သစ်တောမင်းကြီး အလုပ်က ထွက်သွားပြီ… အဲဒီ နေ့ရာကို ခင်ဗျားရာထူးတက်လိမ့်မယ်…၊ ဒါကြောင့် ခင်ဗျားပြောင်း ရမှာ…၊ ခင်ဗျား… ဝမ်းမသာဘူးလား…"ဟု ဟု ထိုသူက ပြောလိုက် လေ၏။

"နေပါဦး… သင်က ဘယ်သူလဲ…၊ နာမည်ကိုပြောပါ…"

"ကျုပ်နာမည်… မောင်မောင်၊ စနေမောင်မောင်…"ဟု ထိုသူက ပြောလိုက်လေ၏။

"သင်… ဘယ်ကလာသလဲ…"ဟု မစ္စတာတားနားက မေးလိုက် လေ၏။

"လေနဲ့အတူ ပါလာတာ…၊ မြောက်ဘက်က လေတိုက်တော့ တောင်ဘက်ကို ရောက်လာတာပါ…"ဟု စနေမောင်မောင်က မဆိုး မခန့် လေသံဖြင့် ပြောလိုက်လေ၏။

မစ္စတာတားနားလည်း စနေမောင်မောင်ဆိုသူ၏စကားကို နားထောင်၍ အူကြောင်ကြောင်ဖြစ်၍ သွားလေတော့၏။

"လေနဲ့ပါလာတာ… ဟုတ်လား၊ လူဟာ ဘယ်လိုလုပ်ပြီး လေနဲ့ ပါလာတာလဲ…၊ မဖြစ်နိုင်ဘူး…၊ ကောင်းကောင်းပြောပါ…၊ သင်… ဘယ်က ရောက်လာတာလဲ…"ဟု မစ္စတာတားနားက မေးလိုက်လေ ၏။

"ကျုပ်ခြေထောက်တွေက… ကျုပ်ကို သယ်လာတာ…၊ သူတို့ သယ်လာတဲ့ဆီကို ကျုပ်က လိုက်လာရတာပဲ…"ဟု စနေမောင်မောင် ဆိုသူက ပြောလိုက်ရာ…

မစ္စတာတားနားက မျက်နှာရှုံ့မဲ့၍…

"သင်ဟာ ဘာတွေလာပြီး ပြောနေတာတုန်း…၊ သင်ဟာ ကျွန်ုပ် ရဲ့ ဒိန်ခဲနဲ့ ဘီယာကို ဖျက်ဆီးပစ်တဲ့လူပဲ…"ဟု မစ္စတာတားနားက ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က…

"ကျုပ်ပြောတာ… ခင်ဗျား ကောင်းကောင်းနားလည်သွားပြီ မဟုတ်လား… မစ္စတာတားနား…"ဟု မေးလိုက်ရာ…

မစ္စတာတားနားက…

"အို… ငရဲ…၊ ဒါလောက်စိတ်ညစ်စရာကောင်းတဲ့နေ့ မရှိတော့





ပါဘူး…၊ သင်ပြောသမျှတွေအားလုံး…၊ ကျုပ်တစ်ခုမှ နားမလည်ဘူး၊ သင်ဟာ… သပ်သပ်ရပ်ရပ်ဝတ်ထားတဲ့ မကောင်းဆိုးဝါးတစ်မျိုးပါပဲ" ဟု မစ္စတာတားနားက ပြောလိုက်လေ၏။

"ဟုတ်တယ်…၊ ခင်ဗျားတို့လို မျက်နှာဖြူအရာရှိတွေအတွက် တော့ မကောင်းဆိုးဝါးပါပဲ…၊ ဆေတန်တစ်မျိုးပဲ…၊ ဆေတန်ဆိုတာ ကျုပ်တို့မြန်မာစကားမှာ စနေဂြိုဟ်ကိုပြောတာ…၊ ကျုပ်နာမည်ကို မြန်မာလို ပီပီသသပြောရရင် ဆေတန်မောင်မောင်…"ဟု စနေမောင် မောင်က ပြောရင်း စီးကရက်ကို လက်ခလယ်ဖြင့် အသာတောက်၍ ခွေလိုက်လေ၏။

ထိုအခါ မစ္စတာတားနားက စနေမောင်မောင်အား အသေ အချာကြည့်၍…

"စနေမောင်မောင်… ဟုတ်လား၊ ဘာအလုပ်လုပ်သလဲ…"ဟု မေးလိုက်လေ၏။

"ခင်ဗျား… ဘာကိုမေးတာလဲ မစ္စတာတားနား…"ဟု စနေမောင်မောင်က ပြန်၍မေးလိုက်လေ၏။

"အသက်မွေးဝမ်းကျောင်းအလုပ်ကို မေးတာ…"

"ကျုပ်မှာ အသက်မွေးကျောင်းအလုပ်လုပ်ဖို့ မလိုဘူး…၊ ကျုပ် လုပ်ချင်တာတွေကို ကျုပ်လျှောက်လုပ်နေတာ…၊ ခင်ဗျားတို့လို မျက် နှာဖြူတစ်ဒါဇင်လောက်ကို ဝယ်နိုင်တဲ့ပိုက်ဆံမျိုးကို ကျုပ်ဟာ တစ်နာရီအတွင်း ရအောင်လုပ်နိုင်တယ်…"ဟု စနေမောင်မောင်က ပြောလိုက်ရာ…

မစ္စတာတားနားက…

"စိတ်ကြီးဝင်တဲ့ မြန်မာတော်တော်များများကို ကျုပ် တွေ့ဘူး ပါတယ်…၊ အဲဒီအထဲမှာ ခင်ဗျားဟာ ထိပ်ဆုံးပါပဲ…၊ ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားတို့နှစ်ယောက်စလုံး အမြန်ဆုံး ဒီကထွက်သွားကြရင် ကောင်း မယ်…"ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က…

"ကျုပ်ဟာ ခင်ဗျားရာထူးတက်မယ့်ရက်စွဲကို သိသလို ရာထူး ပြုတ်မယ့်ရက်စွဲကိုလဲ သိတဲ့လူပါ…၊ ကျုပ်ပြန်လိုက်ပါဦးမယ်…"ဟု ဆိုကာ ပြန်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပိုင်ရှင် ဦးထော်ကြီးလည်း ၎င်း၏နောက်မှ ကပ်၍လိုက်ပါခဲ့လေတော့၏။

နောက်တစ်နေ့သို့ ရောက်သောအခါ၌ သစ်တောအရာရှိ မစ္စတာတားနားသည် ရုံးသို့သွားရာ ရုံး၌ အမိန့်စာတစ်စောင်ရောက်ရှိနေလေ၏။ ထိုအမိန့်စာကို ဖတ်ကြည့်ရာ မေမြို့တွင် ရုံးထိုင်သော သစ်တောမင်းကြီး မစ္စတာစမတ်သည် ရုတ်တရက် အလုပ်မှ နှုတ်ထွက်သွားသောကြောင့် ၎င်း၏နေရာသို့ ချက်ချင်းသွားရောက်၍ တာဝန်ထမ်းဆောင်ရန်ဟူသော အချက်အလက်များ ပါရှိသဖြင့် မစ္စတာတားနားသည် အိမ်သို့ချက်ချင်းပြန်ခဲ့လေတော့၏။

အိမ်သို့ရောက်သောအခါ ယမန်နေ့က စနေမောင်မောင် ပြောသွားသော စကားများကို အမှတ်ရသဖြင့် အိမ်ပိုင်ရှင် ဦးထော်ကြီးထံသို့ လိုက်သွားပြီးလျှင်...

ဦးထော်ကြီးအား...

"မနေ့က လေနဲ့အတူ မျောလာတယ်ဆိုတဲ့ စနေမောင်မောင် ဆိုတဲ့လူ ဘယ်မှာလဲ..."ဟု မေးလေ၏။

ဦးထော်ကြီးကလည်း...

"နက်ဖြန်မှ သခင်နေတဲ့အိမ်ကြီးကို ပြောင်းလာတော့မယ်ဆိုပြီး မနေ့ကဘဲ ပြန်သွားပါမယ်..."ဟု ဖြေလေ၏။

"ဒီစနေမောင်မောင်ဆိုတဲ့လူဟာ တကယ့်ကို ဆေတန်နတ်ဆိုး တစ်မျိုးပါပဲ...၊ သူပြောတာတွေ အကုန်လုံးမှန်နေပြီ...၊ ဒီကနေ့ ကျုပ်... မေမြို့ကို ပြောင်းမယ်...၊ လူကလေး ဟောဒီအိမ်ရဲ့သော့ကို ယူပါ..."ဟု ဆိုကာ မစ္စတာတားနားသည် သော့ကို အပ်နှံလိုက်လေတော့၏။

ထိုနေ့ညနေ၌ပင် မစ္စတာတားနားသည် မေမြို့သို့ သစ်တောမင်းကြီးအဖြစ် ပျော်ရွှင်စွာ ပြောင်းရွှေ့သွားလေတော့သတည်း...။



## ရှာရအခက်ဆုံးလူ

နောက်တစ်နေ့တွင် သစ်တောအရာရှိ မစ္စတာတားနားသည် နှစ်ဆောင်ပြိုင်အိမ်မည်းကြီးမှ ပြောင်းရွှေ့သွားရလေ၏။ ထိုနေ့၌ပင် စနေမောင်မောင်ဆိုသည့် လူထူးလူဆန်းတစ်ဦးသည် နှစ်ဆောင်ပြိုင် အိမ်မည်းကြီးဆီသို့ လာရောက်နေထိုင်လေတော့၏။

စနေမောင်မောင်သည် ထိုအိမ်မည်းကြီးသို့ ပြောင်းလာသည့် နေ့၌ပင် အိမ်ပိုင်ရှင် ဦးထော်ကြီးအား ခေါ်ယူ၍...

"အဝတ်အစားတွေ လျှော်ဖွပ်ဖို့ ဒိုဘီသမားတစ်ယောက်လိုချင်တယ်...၊ မနက်မိုးလင်းတာနဲ့ ဒီကိုအရောက်လာပြီး အဝတ်ခြင်းထဲက အဝတ်ဟောင်းတွေကို သယ်သွားရမယ်...၊ လျှော်ပြီး၊ မီးပူတိုက်ပြီး အဝတ်တွေကို ထားခဲ့ရမယ်...၊ လကုန်ရင် ကျသင့်တဲ့စရိတ်ကို ဘီလ်စာရွက်နဲ့တကွ ကျုပ်ဆီမှာ တောင်းခံရမယ်...၊ တော်ရုံတန်ရုံ ဒိုဘီသမားမလိုချင်ဘူး...၊ ပထမတန်း ဒိုဘီသမားလိုချင်တယ်..."ဟု ပြောလေ၏။

"စိတ်ချပါ... ဆရာကြီး၊ 'တန်ဘီ'ဆိုတဲ့ ဒိုဘီကုလားဟာ အလွန်ပဲ ကောင်းပါတယ်...၊ ဘိုတွေလဲ သူ့ကိုပဲ သုံးပါတယ်...၊ ဆရာကြီးအတွက် ခေါ်ပေးပါ့မယ်..."ဟု ဦးထော်ကြီးက ပြောလေ၏။

"ပြီးတော့... ထမင်းပို့ဖို့လူတစ်ယောက်လိုတယ်...၊ ဒီအိမ်ကြီးမှာ ချက်ခွင့်မရှိဘူး...၊ တခြားမှာချက်ခဲ့...၊ မနက်စာနဲ့၊ ညစာကို အချိန်မှန်လာပြီးပို့...၊ ဥရောပအစားအသောက်နဲ့ ဘာဘူအစားအသောက် ကောင်းကောင်း ချက်တတ်တဲ့လူ လိုချင်တယ်...၊ မနက်မိုးလင်းတာနဲ့ ဈေးဖိုးလာထုတ်ရမယ်...၊ ကျုပ်စားချင်တဲ့အစား စာနဲ့ရေးထားမယ်...၊ အဲဒါကို လုပ်ပေးနိုင်မယ့်လူ လိုချင်တယ်..."ဟု စနေမောင်မောင်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်… ဆရာကြီး၊ 'အီဗရာဟင်'ဆိုတာ အရင်က ထမင်းချက်ပါ…၊ သူဟာ ဘိုစာရော…၊ ကုလားစာရော… ကျွမ်းကျင်ပါတယ်" ဟု ဦးထော်ကြီးက ပြောပြန်လေ၏။

"ပြီးတော့… အမှိုက်လှဲတဲ့အလုပ်၊ ဖုန်သုတ်တဲ့အလုပ်၊ အိပ်ရာသိမ်းတဲ့အလုပ်၊ အိပ်ရာခင်းတဲ့အလုပ်၊ ဆေးလိပ်ခွက်သွန်တဲ့ အလုပ်၊ မနက်အစောကြီးကော်ဖီဖျော်တဲ့အလုပ်၊ ပေါင်မုန့်မီးကင်တဲ့အလုပ်၊ ညဘက် အိပ်ရာဝင်ကာနီးမှာ ကော်ဖီဖြစ်စေ၊ ဖျော်ရည်တစ်ခုခုဖြစ်စေ ဖျော်ပေးရတဲ့ အလုပ်ကို လုပ်နိုင်မယ့်လူတစ်ယောက်လိုတယ်…၊ ခါပေမယ့်… ဒီမှာနေလို့မရဘူး…၊ လုပ်စရာရှိတာ လုပ်ပေးပြီးရင် ပြန်ရမယ်…"ဟု စနေမောင်မောင်က ပြောပြန်လေ၏။

ထိုအခါ၌လည်း ဦးထော်ကြီးက…

"ရပါတယ်… ဆရာကြီး၊ ဒီခြံနဲ့ကပ်လျက် တဲအိမ်ကလေးက ကိုလှဖေတို့မိသားစုက ဆရာကြီး စောစောကပြောတဲ့ အလုပ်တွေ လုပ်ပေးနိုင်တယ်…"ဟု ပြောလေ၏။

"ပြီးရင်… ခြံစောင့်ဒရဝမ်တစ်ယောက်လဲ လိုချင်တယ်၊ ညဘက်ကို စောင့်ရမှာ…၊ အဲဒါကတော့ ဂေါ်ရခါးလူမျိုးရရင်အကောင်းဆုံးပဲ၊ မရရင် တခြားလူမျိုးခေါ်ပါ…၊ မြန်မာလူမျိုးကိုတော့ မလိုချင်ဘူး" ဟု စနေမောင်မောင်က ပြောလေ၏။

"ရပါတယ်… ဆရာကြီး…"ဟု ဦးထော်ကြီးက ပြောလေ၏။

"နောက်ပြီး… ပန်းပင်ရေလောင်းဖို့၊ ခြံထဲက မြက်တွေရှင်းဖို့ မာလီတစ်ယောက်လဲ လိုချင်တယ်…"ဟု စနေမောင်မောင်က ပြောပြန်လေ၏။

"ရပါတယ်… ဆရာကြီး…"ဟု ဦးထော်ကြီးက ပြောလေ၏။

"ဟောဒီလူကတော့ အရေးကြီးဆုံးပဲ…၊ သုံးကြည့်မယ်…၊ မကြိုက်ရင် နောက်တစ်ယောက်ပြောင်းမယ်…၊ မကြိုက်မချင်း လူလဲသုံးရမယ့်အလုပ်မျိုးပဲ…"ဟု စနေမောင်မောင်က ပြောလိုက်ရာ…

ဦးထော်ကြီးက…

"ဘယ်လိုအလုပ်မျိုးပါလိမ့် ခင်ဗျာ…"ဟု မေးလိုက်လေ၏။

"ကျုပ်ကို ပုံပြောပြရမယ့်အလုပ်ပဲ…၊ တစ်နေ့ကို ပုံဝတ္ထုတစ်ပုဒ် တစ်ပုဒ် လာပြီးပြောရမယ်…၊ ပြောရမယ့်အချိန်က ညခုနစ်နာရီကနေ ညကိုးနာရီအတွင်း ဖြစ်တယ်…"ဟု စနေမောင်မောင်က ပြောလိုက်လေ၏။



"ရနိုင်ပါတယ်… ဆရာကြီး…"ဟု ဦးထော်ကြီးက ပြောလေ၏။

"ရနိုင်ရင် အခုပဲ သွားခေါ်ခဲ့ပေတော့…၊ အဲဒီလူတွေကို ကြိုတင်လခထုတ်ပေးမယ်…၊ ပုံပြောတဲ့လူကိုတော့ လခနဲ့မပေးနိုင်ဘူး…၊ နေ့စားပဲခိုင်းမယ်…၊ ပုံပြောခကို အနည်းဆုံး ငွေတစ်ဆယ်ပေးမယ်…၊ ကြိုက်ရင်ဆက်ခေါ်မယ်…၊ မကြိုက်ရင် ပြောလက်စတန်းလန်းမှာပဲ ပိုက်ဆံပေးပြီး ပြန်လွှတ်လိုက်မယ်ဆိုတဲ့ အကြောင်းကိုလဲ ပြောပြခဲ့ဦး" ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအခါ ဦးထော်ကြီးသည်…

"ကောင်းပါပြီ…၊ ကျွန်တော် အခုပဲ သွားခေါ်ပါတော့မယ်…"ဟု ဆိုကာ…

စစ်ခရာသံကြားသော စစ်မြင်းကဲ့သို့ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးပေါ်မှ ကဆုန်ပေါက်၍ ပြေးထွက်သွားလေတော့သည်။

ထိုသို့ထွက်သွားပြီး နှစ်နာရီခန့်ကြာလျှင် ဦးထော်ကြီးသည် လူရှစ်ယောက်နှင့်အတူ စနေမောင်မောင်ထံသို့ ပြန်ရောက်၍ လာလေ၏။

လူရှစ်ယောက်အား ဦးထော်ကြီးက တန်းစီ၍ ပြလေ၏။ ထိုလူရှစ်ယောက်တွင် လွန်စွာအသားမည်းသော ကုလားသုံးယောက်ပါ၏၊ အသားနီသော ဂေါ်ရခါးတစ်ယောက်ပါ၏။ ထိုဂေါ်ရခါးသည် ၎င်း၏ခါး၌ ဓားကောက်တစ်လက်ကို ချိတ်ဆွဲ၍ ထားလေ၏။

ထို့ပြင် အသက်(၄၈)နှစ်အရွယ် မြန်မာအမျိုးသားယောက်ျားကြီးနှင့် အမျိုးသမီးတစ်ဦးပါ၏။ အသက်(၁၇)နှစ်အရွယ် မြန်မာမိန်းကလေးတစ်ဦးပါ၏။ အသက်ငါးဆယ်အရွယ် သျှောင်ထုံးပါသော လူကြီးတစ်ဦးလည်း ပါလေ၏။

စနေမောင်မောင်သည် ဦးထော်ကြီးခေါ်လာသော လူရှစ်ယောက်ကို တစ်ချက်မျှ အကဲခတ်၍ ကြည့်ရှုလိုက်လေ၏။ ထိုအခါ ဦးထော်ကြီးက ၎င်းခေါ်လာသောလူများနှင့် စတင်မိတ်ဆက်ပေးလိုက်လေ၏။

"ဆရာကြီး… ဟောဒီအရပ်ပုပုကောင်က 'တန်ဘီ'လို့ ခေါ်ပါတယ်…၊ ဒိုဘီသမားပါ…"ဟု ဦးထော်ကြီးက ပြောလိုက်လျှင် တန်ဘီ

www.burmeseclassic.com



က စနေမောင်မောင်အား ဆလံပေးလေ၏။

ထိုအခါ စနေမောင်မောင်က ၎င်းအလိုရှိသော စည်းကမ်းချက်များကို ပြောပြလေ၏။

ထို့နောက် ဦးထော်ကြီးက...

"ဆရာကြီး... ဟောဒါ... 'အီဗရာဟင်'ပါ... ဘိုစာရော ကုလားစာပါ ကောင်းကောင်းချက်တတ်ပါတယ်..."ဟု ပြောလိုက်လေ၏။

အီဗရာဟင်သည် စနေမောင်မောင်ကို ဆလံပေးလိုက်လေ၏။ စနေမောင်မောင်ကလည်း အီဗရာဟင်အား ၎င်းအလိုရှိသော စည်းကမ်းချက်များကို ပြောပြလေ၏။

ထို့နောက် ဦးထော်ကြီးက...

"ဆရာကြီး... ဟောဒါက... မာလီမူတူး..."ဟု မိတ်ဆက်ပေးလိုက်ပြန်၏။

မာလီမူတူးကလည်း စနေမောင်မောင်အား ဆလံပေး၍ နှုတ်ဆက်လိုက်ပြန်၏။ ထိုအခါ စနေမောင်မောင်က ၎င်းအလိုရှိသော စည်းကမ်းချက်များကို ပြောပြလေ၏။

ထို့နောက် ဦးထော်ကြီးက...

"ဆရာကြီး... ဟောဒါက 'ကိုလှဖေ'တဲ့... ဟိုဘက်က သူ့ဇနီး 'မကာလားမ'တဲ့... ဟောဒါက သူတို့သမီးလေး 'ခင်ခင်စိန်'တဲ့... သူတို့တံမြက်စည်းလှည်းမယ်၊ ဖုန်သုတ်မယ်၊ အိပ်ရာသိမ်းမယ်၊ မနက်တစ်ခါ၊ ညတစ်ခါ နေ့လယ်တစ်ခါ ကော်ဖီဖျော်ပေးမယ်၊ အိပ်ရာခင်းပေးမယ်..."ဟု မိတ်ဆက်ပေးလိုက်လ၏။

ထိုအခါ ကိုလှဖေက စနေမောင်မောင်အား ရှက်ကိုးရှက်ကန်းနှင့် ပြုံးပြပြီးလျှင်...

"ကျွန်တော်တို့ကို ခိုင်းကြည့်ပါ... ဆရာကြီး..."ဟု ပြောလေ၏။

စနေမောင်မောင်ကလည်း ကိုလှဖေတို့မိသားစုအား ၎င်းအလိုရှိသော စည်းကမ်းချက်များကို ပြောပြလေ၏။

ထို့နောက် ဦးထော်ကြီးက...

"ဆရာကြီး... ဟောဒါက ညဘက်မှာလာပြီးစောင့်မယ့် ခြံစောင့်ပါ... ဆရာကြီးအလိုရှိတဲ့ ဂေါ်ရခါးလူမျိုးပါပဲ... သူ့နာမည်က 'ရပ်ချ်ကူးမား'လို့ ခေါ်ပါတယ်..."ဟု မိတ်ဆက်ပေးလိုက်လေ၏။



ရပ်ချ်ကူးမားလည်း ၎င်း၏ဒေါ်ပေါ်တွင် လက်ကိုတင်၍ ဦးခေါင်းကို ညွှတ်လိုက်လေ၏။ ထိုအခါ စနေမောင်မောင်က ရပ်ချ်ကူးမားအား ၎င်းအလိုရှိသော စည်းကမ်းချက်များကို ပြောပြလေ၏။

ထို့နောက် ဦးထော်ကြီးက သျှောင်ကြီးဗွေနှင့် လူကြီးအား ညွှန်ပြ၍...

"ဆရာကြီး... ရှာရတာ သူက အခက်ဆုံးပါပဲ၊ ဆရာကြီးကို ပဲပြောပြမယ်လူပါ... နာမည်က 'ဦးတောပျော်'လို့ ခေါ်ပါတယ်..."ဟု မိတ်ဆက်ပေးလိုက်ရာ...

ဦးတော်ပျော်က...

"အဟမ်း... အဟမ်း... အဟမ်း..."ဟု ချောင်းမဆိုးချင်ဘဲလျက် ချောင်းဆိုးဟန်ပြ၍ လည်ချောင်းရှင်းလိုက်ပြီးနောက်...

"အတ္တနော... မိမိလည်းကောင်း၊ ပရေသံ... သူတစ်ပါးလည်းကောင်း၊ ဟိတကာမာနံ... အစီးအပွားကို အလိုရှိကုန်သော၊ သုဒ္ဓါန်ဖြူစင်သော၊ ကိုယ်နှုတ်နှလုံးရှိကုန်သော၊ ရတနတ္တယေ... ရတနာသုံးပါးတို့၏အပေါင်း၌၊ ပသာဒါနံ... ကြည်ညိုကုန်သော၊ တုံ... အသင်ဆရာကြီးစနေမောင်မောင်ရဲ့ ဟိတတ္ထာယ... နားစည်းစိမ်ခံစားစေခြင်းအကျိုးငှာ၊ အဟံ... အကျွန်ုပ်မည်ခေါ် ကွပ်စိပ်ဆရာကိုတောပျော်သည်၊ ယန္တေသည်၌ 'ပဋ္ဌာစာရီ'ဇာတ်တော်ကို ခင်းပြပေအံ့ ခင်းပေအံ့... အံ့... အံ့..."ဟု အသံနေအသံထားဖြင့် မင်းသားကြီးလေသံဖြင့် တအားဟဲ၍ ဆိုပြလိုက်လေ၏။

ဦးတောပျော်က ဆိုင်းမဆင့်၊ ဗုံမဆင့် ထ၍ဆိုလိုက်ခြင်းကြောင့် ကိုလှဖေ၏သမီးကလေး ခင်ခင်စိန်က ခစ်ခနဲ အသံထွက် အောင် ရယ်လိုက်လေ၏။

တန်ဘီ၊ အီဗရာဟင်၊ မူတူး စသော အသားမည်းသော ကုလားသုံးယောက်သည် ဦးတောပျော်အား အူကြောင်ကြောင် မျက်နှာနှင့် ကြည့်၍ နေကြလေ၏။ ဂေါ်ရခါးမှာမူ မှုန်တေတေနှင့် မျက်မှောင်ကြုတ်၍ နေလေ၏။

ထို့နောက် စနေမောင်မောင်သည်...

"တော်လောက်ပြီ... တော်လောက်ပြီ..."ဟုဆိုကာ ဆယ်တန်တစ်ရွက်ကိုထုတ်၍ ပေးလိုက်လေ၏။ ထို့နောက် ပြန်၍ခိုင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

ကျန်သော ခုနစ်ယောက်မှာမူ ထိုအချိန်မှစ၍ စနေမောင်မောင်၏ထံ၌ စတင်၍ အမှုထမ်းကြလေတော့၏။

စနေမောင်မောင်သည် ထိုလူများအား ခေါ်ပေးသည့်အတွက်ဟုဆိုကာ ဦးထော်ကြီးအား ငွေတစ်ရာဆုချလိုက်ပြီးလျှင်...

"ပုံပြောမယ့်လူ... ရှာစမ်းပါဦးဗျာ..."ဟု စေခိုင်းလိုက်သဖြင့် ဦးထော်ကြီးသည်...

"ကောင်းပါပြီ... ဆရာကြီး..."ဟုဆိုကာ အိမ်မည်းကြီးမှ ထွက်သွားလေတော့၏။

ထမင်းချက် အီဗရာဟင်မှာ စနေမောင်မောင်ထံမှ ဈေးဖိုးငွေကိုထုတ်၍ အိမ်သို့ပြန်ပြီးလျှင် ချစ်ကင်းရိုစ် (ခေါ်) ကြက်ကလေးကင်နှင့် စွပ်တစ်ခွက်ကို ချက်ပြုတ်ကာ ပေါင်မုန့်၊ ထောပတ်၊ ငှက်ကောင်းမုန့်များနှင့်တကွ ပြန်၍လာလေ၏။

ဒိုဘီသမား တန်ဘီမှာလည်း စနေမောင်မောင်၏ အဝတ်ဟောင်းများကိုထုပ်ပိုး၍ လျှော်ဖွပ်ရန် ယူသွားလေတော့၏။

မာလီမူတူးမှာလည်း အိမ်သို့ပြန်၍ မြက်ခုတ်ဓားနှင့် ဂေါ်ပြားတစ်လက်ယူကာ ပန်းခြံကို စတင်ပြုစုနေလေတော့၏။

ကိုလှဖေတို့ သားအမိသားအဖသုံးယောက်မှာလည်း တံမြက်လှဲသူကလှဲ၊ အိပ်ရာခင်းသူကခင်း၊ ဖုန်သုတ်သူကသုတ်ကာ လုပ်ငန်းဝင်နေကြလေ၏။

ရပ်ချ်ကုလားမှာမူ အိမ်သို့ပြန်သွားပြီးလျှင် ညနေနေဝင်သည့်အခါကျမှပင် သံချောင်းကြီးတစ်ချောင်းနှင့် ပြန်၍လာလေတော့၏။ ထို့နောက် သံချောင်းကို ခြံတိုင်၌ ချိတ်ဆွဲလိုက်ပြီးလျှင် ခြံကိုစတင်စောင့်လေတော့၏။ ည(၇)နာရီထိုးသောအခါ၌ သံချောင်းကို (၇)ချက်ခေါက်လေတော့၏။

ထိုသို့ခေါက်ပြီး များမကြာမီ၌ပင် ဦးထော်ကြီးနှင့် လူတစ်ယောက်သည် ရောက်ရှိလာပြီးလျှင် ခြံတွင်းသို့ ဝင်လေ၏။ ရပ်ချ်ကုလားလည်း ဦးထော်ကြီးနှင့် ထိုသူအား ခြံပြင်သို့ တွန်း၍ထုတ်လေတော့၏။

"ဟေ့ကောင်...၊ ငါက မင်းကို အလုပ်လုပ်ဖို့ ဒီအိမ်ကိုခေါ်လာတာပါကွ..."ဟု ဦးထော်ကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလေ၏။



"ဟုတ်တယ်လေ...၊ အခု... ကျုပ်အလုပ်လုပ်နေပြီလေ...၊ ခြံထဲကို ဆရာကြီးရဲ့အခွင့်မရဘဲ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးနိုင်ဘူး..."ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ဦးထော်ကြီးသည် ခြံအောက်မှနေ၍ စနေမောင်မောင်အား...

"ဆရာကြီး...၊ ဆရာကြီး... ကျွန်တော်တို့ လာပါရစေ...၊ ပုံပြောမယ့်လူလဲ ပါလာပါတယ်..."ဟု အော်၍ပြောလေ၏။

ထိုအခါကျမှပင် စနေမောင်မောင်က...၊

"ရပ်ချ်ကုလား... ဝင်ခွင့်ပေးလိုက်..."ဟု လှမ်း၍ ပြောလိုက်လေ၏။ ရပ်ချ်ကုလားလည်း ဦးထော်ကြီးတို့အား ဝင်ခွင့်ပေးလိုက်လေတော့၏။

ဦးထော်ကြီးသည် ရပ်ချ်ကုလားအား သမင်လည်ပြန်ကြည့်၍...၊

"ကျေးဇူးမသိတတ်တဲ့အကောင်...၊"ဟု ပြောလိုက်လေ၏။

"ကျေးဇူးကအရေးမကြီးပါဘူး...၊ တာဝန်ကအရေးကြီးပါတယ်"ဟု ရပ်ချ်ကုလားက ပြန်၍ပြောလိုက်လေ၏။

"အေး...၊ ဒီတာဝန်ထမ်းဆောင်ဖို့ ငါက ကျေးဇူးပြုလိုက်တာမဟုတ်လား..."ဟု ဦးထော်ကြီးက ပြန်၍ မေးလိုက်လေ၏။

"ကျုပ်ဟာ ဒီလိုတာဝန်ကျေတဲ့လူမို့လို့ ခင်ဗျားက ကျေးဇူးပြုထိုက်တာမဟုတ်လား...၊ ကျုပ်... တာဝန်ကျေပွန်နေတာကို ခင်ဗျားကို ကျေးဇူးဆပ်နေတယ်လို့ အောက်မေ့ပါ ဦးထော်ကြီး..."ဟု ရပ်ချ်ကုလားက ပြောလိုက်လေ၏။

"မင်းပဲ... အနိုင်ယူ..."ဟု ဆိုကာ ဦးထော်ကြီးသည် အိမ်ပေါ်သို့တက်သွားလေ၏။ အိမ်ပေါ်သို့ရောက်၍ စနေမောင်မောင်နှင့်တွေ့လျှင် ဦးထော်ကြီးက...

"ဆရာကြီး... ဟောဒီမှာ ပုံပြောမယ့်လူပါလာပြီ"ဟု ဆိုလေ၏။

ထိုအခါ စနေမောင်မောင်က ပုံပြောမည့်လူအား...

"ဟိုမှာထိုင်ပါ...၊ အဆင်သင့်ဖြစ်ရင် ပြောပါတော့..."ဟုလည်း ပြောလိုက်လေ၏။

ထိုအခါ၌ ပုံပြောမည့်လူကလည်း စတင်၍ ပုံပြောလေတော့၏။

"ဟိုရှေးရှေးတုန်းက... ရွှေယုန်နဲ့ ရွှေကျား ရှိကြသတဲ့...၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တော့… သူတို့ဟာ သက်ကယ်ရိတ်သွားကြပါတယ်…”

“ဟိုး… ဟိုး…၊ ဟောဒီမှာ ငွေတစ်ဆယ်…၊ ပြန်နိုင်ပါပြီ…”ဟု စနေမောင်မောင်က ပြော၍ ငွေတစ်ဆယ်ပေးလိုက်လေတော့၏။

ဦးထော်ကြီးလည်း ၎င်းပုံပြောဆရာနှင့်အတူ လိုက်ပါ၍ ပြန်သွားလေတော့၏။ ခြံဝသို့ရောက်သောအခါ၌ ဦးထော်ကြီးသည် ရပ်ချ်ကူးမားအား…

“ကောင်းကောင်းစောင့်…”ဟု ပြောလေ၏။

“ကျုပ်… ကောင်းကောင်းစောင့်တယ်၊ မစောင့်ဘူးသိရအောင် ညဘက်ကို ခင်ဗျားကိုယ်တိုင် ခြံနားကို ကပ်လာကြည့်ပါလား…”ဟု ရပ်ချ်ကူးမားက ပြန်၍ပြောလိုက်လေ၏။

စနေမောင်မောင်အတွက် ဒိုဘီ၊ မာလီ၊ ထမင်းချက်မှအစ ကိုလှဖေတို့မိသားစုတိုင်အောင် ခုနစ်ယောက်သောသူတို့မှာ အဆင်ပြေလှပေ၏။ သို့ရာတွင် ပုံပြောမည့်သူမှာ စိတ်ကြိုက်မတွေ့နိုင်ဘဲ ရှိလေ၏။

ဦးထော်ကြီးသည် တစ်ရက်ခြားတစ်ခါဆိုသလို ပုံပြောမည့်သူ တစ်ယောက်ပြီးတစ်ယောက် ခေါ်လာမြဲဖြစ်၏။ သို့ရာတွင် ပုံပြင်စလိုက်သည်နှင့်တစ်ပြိုင်နက် စနေမောင်မောင်သည် ငွေတစ်ဆယ်တန်တစ်ရွက်ပေးပြီးလျှင် ‘ပြန်နိုင်ပါပြီ…’ဟု ပြောဆိုကာ နှင်ပစ်မြဲဖြစ်လေ၏။

ဤသို့နှင့်ပင် စနေမောင်မောင်သည် နှစ်ဆောင်ပြိုင်အိမ်မည်းကြီးသို့ ရောက်ရှိသည်မှာ သုံးလတင်းတင်းပြည့်ပြီဖြစ်၏။ ပုံပြောမည့်သူကောင်းကောင်းတစ်ယောက်ကိုမျှ ဦးထော်ကြီးသည် မရှာနိုင်ဘဲ ရှိလေ၏။ စနေမောင်မောင်ကလည်း ဦးထော်ကြီးအား…

“ပုံပြောမည့် လူကောင်းကောင်း ရှာစမ်းပါဦး…”ဟု မကြာခဏ နားပူလေတော့၏။

📖 📖 📖





# ဇီဇာကြောင်သောလူတစ်ယောက်

တစ်နေ့သ၌ ဦးထော်ကြီးသည် စနေမောင်မောင်ထံသို့ ရောက်ရှိလာလေ၏။

“ဘယ်လိုလဲ… ဦးထော်ကြီး၊ ပုံပြောမယ့်လူရပြီလား…”ဟု စနေမောင်မောင်က မေးလိုက်လေ၏။

“တွေ့တော့တွေ့တယ်… ဆရာကြီး၊ ဒါပေမယ့်… ဆရာကြီးနဲ့ ကိုက်မယ်မထင်လို့ မခေါ်လာခဲ့တာ…”ဟု ဦးထော်ကြီးက ပြောလေ၏။

“ဘယ်လိုကြောင့်လဲ…”ဟု စနေမောင်မောင်က မေးလေ၏။

“ဒီကောင့်ပုံပန်းက တရုတ်ဘိန်းစားနဲ့တူပါရဲ့… ဆရာကြီးနယ်…” ဟု ဦးထော်ကြီးက ပြန်၍ပြောလိုက်လေ၏။

“ကိစ္စမရှိပါဘူး…၊ သူဟာသူ ဘိန်းပဲစားစား၊ ဘာပဲစားစားပေါ့၊ ပြောကောင်းရင် ခေါ်ခဲ့ပါ…”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

“ပြီးတော့…၊ သူက အတော့်ကို ဇီဇာကြောင်တယ်ဗျ…”ဟု ဦးထော်ကြီးက ပြောလိုက်လေ၏။

“ဘယ်ပုံဘယ်နည်း ဇီဇာကြောင်တာတုန်း…”ဟု စနေမောင်မောင်က ပြန်၍ မေးလိုက်လေ၏။

“သူ့ကို ပုံမပြောခင်က လက်ဖက်ရည်အချိုတစ်ခွက် တိုက်ရမယ်၊ လက်ဖက်ရည်အချိုကလဲ လစ်ပတန်လက်ဖက်ခြောက်နဲ့ ဖျော်



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်ရမယ်တဲ့..."

"အင်း..."

"ပြီးတော့... ပုံပြောနေစဉ်မှာ သူသောက်ဖို့ မျောက်ဖြူတံဆိပ် တရုတ်လက်ဖက်ခြောက်ခတ်ထားတဲ့ ရေနွေးကြမ်းတစ်ခရားပေးရမယ်တဲ့..."

"အင်း..."

"နောက်ပြီး... ကွာစေ့သုံးထုပ်လဲ ပေးရမယ်တဲ့..."

"အင်း..."

"ပြီးတော့... ပုံပြောနေစဉ်အတွင်းမှာ သူ့ကို ဆရာကြီးသောက်တဲ့ စီးကရက်ကို သောက်ခွင့်ပေးရမယ်တဲ့..."

"အင်း..."

"နောက်တစ်ခုကတော့... ပုံပြောနေစဉ်အတွင်းမှာ ဆရာကြီးတို့ထသွား... သည်ထသွား... မလုပ်ရဘူးတဲ့..."

"အင်း... သိပ်ဟုတ်ပါလား... ခုကိုပဲ သွားခေါ် ချေပါဗျာ... သူပြောတဲ့အချက်တွေကို ကျုပ်အားလုံး လိုက်လျောပါမယ်..."ဟု စနေမောင်မောင်က တအင်းအင်းနှင့် အင်းလိုက်နေရာမှ ဦးထော်ကြီးအား စေခိုင်းလိုက်လေတော့၏။

ထိုနေ့ည (၇)နာရီလောက်တွင် ဦးထော်ကြီးနှင့်အတူ လွန်စွာပိန်၍ လွန်စွာမှလည်း ညောင်နာနာနိုင်လှသော တရုတ်ကပြားတစ်ဦး လိုက်ပါလာလေတော့၏။

စနေမောင်မောင်သည် ထိုတရုတ်ကပြားအား တစ်ချက်မျှ အကဲခတ်၍ ကြည့်လိုက်လေ၏။ တရုတ်ကပြားကလည်း စနေမောင်မောင်အား တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်လေ၏။

စနေမောင်မောင်သည် ခင်ခင်စိန်ကလေး၏ဖခင်ဖြစ်သူ





ကိုလှဖေအား...

"ကိုလှဖေရေ... လက်ဖက်ရည်အချိုတစ်ခွက်ဖျော်ပါ... ခင်ဗျားဖျော်တဲ့ လစ်ပတန်လက်ဖက်ခြောက်ဘူးကိုလဲယူပြီး အရင်လာပြပါ၊ ပြီးရင် ရေနွေးဆူဆူတည်ပြီး မျောက်ဖြူတံဆိပ် တရုတ်လက်ဖက်ခြောက်ခတ်ပါ... ပြီးတော့... ကွာစေ့သုံးထုပ်ဖောက်ပြီး ပန်းကန်ပြားမှာထည့်ထားပေးပါ..."ဟု စေခိုင်းလေတော့၏။

ကိုလှဖေလည်း လစ်ပတန်အချိုခြောက်ဘူးအား ယူလာ၍ ထိုပုံပြောမည့် တရုတ်ဘိန်းစားအား ပြလေ၏။ တရုတ်ဘိန်းစားလည်း ကိုလှဖေယူလာသော လစ်ပတန်လက်ဖက်ခြောက်သံဘူးကို ယူ၍ ကြည့်ပြီးလျှင်...

"ဒါ... အစစ်မဟုတ်ဘူး...၊ အစစ်မှာက ပန်းခွေတွေထဲမှာ အယ်လ်စာလုံးနှစ်လုံးပါတယ်... အဲဒီအောက်မှ (Lipton)ဆိုတဲ့ စာကို အနီရောင်အပေါ်မှာ အဖြူနဲ့ ရိုက်ထားတယ်...၊ ပြီးတော့ (Yellow Label Tea) တံဆိပ် (ဝါ) လက်ဖက်ခြောက်ဆိုတဲ့ စာတန်းကို အဝါရောင်နဲ့ ရိုက်ထားတယ်။ အဲဒီအောက်ကမှ..."ဟု ဆိုကာ လစ်ပတန်လက်ဖက်ခြောက်ဘူးတွင် ပါလေ့ပါထရှိသော အင်္ဂလိပ်စာကို အလွတ်ရွတ်ဆိုပြလေ၏။

"Lipton Yellow label is a tea of character carefully selected and blended to delight the palate. Its distinctive flavour and delicate aroma have made it the choice of discening tea drinkers all over the world."

ထို့နောက် ၎င်းတရုတ်ကပြားက...

"လစ်ပတန်အဝါရောင်တံဆိပ် လက်ဖက်ခြောက်သည် အာခေါင်အာရင်းတိုင်အောင် အမြိုက်အရသာနှင့် ပြည့်စုံစေရန် အထူး

www.burmeseclassic.com



ရွှေချယ်ဖော်စပ်ထားခြင်းကြောင့် ရသဩဇာဂုဏ်မြောက်သော လက်ဖက်ခြောက်ဖြစ်ပေသည်။ ၎င်းထူးလွန်ကဲမြတ်သောရနံ့ သင်းတပျံ့ပျံ့ရှိသောရနံ့ နူးညံ့၍ အရသာရှိလှသော အတွေ့ထူးတို့သည် ဤကမ္ဘာတစ်လွှားရှိ လက်ဖက်ရည်ကို အကြိုက်ကြီးကြိုက်နှစ်သက်ကြကုန်သော လက်ဖက်ရည်အိုး၊ ကျွန်တော်မျိုးတို့၏ နှစ်သက်မှုအာရုံကို သိမ်းကျုံးဖမ်းစားနိုင်ပါပေ၏လို့ အဓိပ္ပါယ်ရတယ်...။ ဒီနေရာမှာ... အနံ့ကောင်းခြင်းကို 'ဖလေဗာ'ဆိုတဲ့ စကားလုံးနဲ့ ဖော်ပြရုံနဲ့ မကျေနပ်သေးဘဲ...၊ သင်းတပျံ့ပျံ့ရှိနေပုံကို 'အာရိုးမ'ဆိုတဲ့စကားလုံးနဲ့ ထပ်ပြီးဖြည့်ထားတယ်...၊ ပြီးတော့... အထူးရွှေချယ်ဖော်စပ်ထားပါသည်ဆိုရင် ရပါလျက်နဲ့ 'ပဲလိတ်'ဆိုတဲ့ စကားကို သုံးထားတယ်...၊ ဒါက အာခေါင်အာရင်းတိုင်အောင် စွဲသွားစေမဟဲ့လို့ ဆိုချင်ပုံပဲ...၊ 'ပဲလိတ်'ဆိုတဲ့စကားကို အောက်စဖို့အဘိဓာန်မှာ (Roof of Mouth) အာခေါင်လို့ ပြထားတယ်၊ ပြီးတော့ (Sense of Taste) ရသာရုံလို့လဲ ပြထားတယ်...၊ ဒါကြောင့်... အခု ခင်ဗျားတို့ပြတဲ့ လစ်ပတန်ဘူးဟာ အိန္ဒိယမှာ ဆင်တူရိုးမားလုပ်ထားတဲ့ ဘူးဖြစ်တယ်...၊ အစစ်မဟုတ်ဘူး..."ဟု ပြောလေ၏။

ထို့ကြောင့် စနေမောင်မောင်က ဦးထော်ကြီးအား ချက်ချင်းပင် ဈေးအနီး စတိုးဆိုင်ကြီးတစ်ဆိုင်သို့ စေလွှတ်၍ လစ်ပတန်လက်ဖက်ခြောက်တစ်ဘူးဝယ်စေ၍ ၎င်းအား ပြရလေတော့၏။

"ဒါမှအစစ်..."ဟု ဆိုမှပင် ကိုလှမောင်အား လက်ဖက်ရည်ဖျော်၍ ခိုင်းရလေ၏။

စနေမောင်မောင်သည် ဦးထော်ကြီးဝယ်ယူခဲ့သော လစ်ပတန်လက်ဖက်ခြောက်ဘူး၏ နံဘေးမှစာကို ဖတ်ကြည့်ရာ ၎င်းတရုတ်ကပြား ပုံပြောဆရာပြောသည့်အတိုင်း တစ်လုံးမကျန် မှန်ကန်နေ





သည်ကို တွေ့ရသဖြင့် ပြုံးလိုက်လေတော့၏။

ကိုလှဖေသည် လက်ဖက်ရည်အချိုဖျော်၍ ပြီးသောအခါ ၎င်းတရုတ်ကပြားအနီးသို့ လာ၍ ချပေးလေ၏။ ၎င်းသည် အနည်းငယ်မြည်းစမ်းကြည့်ပြီးနောက် အကျရည်နည်းသည်ဟု ဆိုသဖြင့် ကိုလှဖေက အကျရည်ထပ်၍ ထည့်ပေးရလေ၏။ ၎င်းသည် လက်ဖက်ရည်အချိုကိုသောက်ပြီးနောက် စနေမောင်မောင်၏ ပလက်တီနမ်ဖြင့် ပြုလုပ်ထားသော စီးကရက်ဘူးကလေးကိုဖွင့်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာလေ၏။

ထိုအချိန်၌ပင် ကိုလှဖေသည် ကွာစေ့ပန်ကန်းနှင့် လက်ဖက်ရည်တစ်ကရားကို လာ၍ချပေးလေ၏။ တရုတ်ကပြားလည်း ကိုလှဖေလာ၍ချပေးသော လက်ဖက်ရည်ကြမ်းကရား၏ အဖုံးကိုဖွင့်၍ လက်ဖက်ခြောက်ရနံ့ကို ရှူရှိုက်ကြည့်ပြီးလျှင်...

"ဟုတ်တယ်... မျောက်ဖြူတံဆိပ်အစစ်ပဲ..."ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းသည် စီးကရက်တစ်လိပ်ကုန်သည်အထိ အကျအနဖွာရှိုက်၍ အရသာခံပြီးနောက် စီးကရက်ကို ပြာခွက်၌ ခြေလိုက်ပြီးလျှင် အောက်ပါအတိုင်း စတင်၍ ပြောလေတော့၏။

"...ဟိုး ရှေးရှေးတုန်းက... ဖိုးသူတော်တစ်ဦးရှိတယ်ဆိုပဲ...၊ အဲဒီဖိုးသူတော်ကြီးဟာ... ကျောက်ကာတောင်းကလေးနှစ်တောင်းကိုဆိုင်းထမ်းနဲ့ဆိုင်းပြီး ထမ်းပိုးတစ်လက်နဲ့ ထမ်းတယ်ဆိုပဲ...၊ ပြီးတော့လဲ...၊ ကြားရသူအဖို့ အင်မတန် နားစူးဖွယ်ရာကောင်းတဲ့ ကြေးစည်တစ်လုံးလဲ ရှိတယ်တဲ့...၊ အဲဒီကြေးစည်ကလေးကိုပဲ တနောင်နောင်ခေါက်ပြီး... မြန်မာပြည်အရပ်ရပ်ကို လှည့်လည်ကာ အလှူခံလေ့ရှိသတဲ့...၊ တစ်နေ့တော့... အဲဒီ ဖိုးသူတော်ကြီးဟာ လန်ဒန်မြို့မှာရှိတဲ့ 'ဗြိတိသျှမြူစီယံ'ခေါ်တဲ့ ပိဋကတ်တိုက်ကြီးမှာ သွားပြီးစာဖတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်တွေ ပေါ်လာတယ်ဆိုပဲ...၊ အဲဒီတော့... ဖိုးသူတော်ကြီးဟာ သူ့ရဲ့ထမ်းပိုးဆိုင်းထမ်း၊ ကြေးစည်နဲ့ လန်ဒန်မြို့ကို ထွက်သွားတယ်ဆိုပဲ...၊ လန်ဒန်မြို့ရောက်တဲ့အခါမှာ 'ဘလွမ်းဘာရီ' (Blooms Bury Qr.)ရပ်ကွက်မှာရှိတဲ့ 'ဟက်စတရစ်'(Heart Street) လို့ခေါ်တဲ့ နှလုံးသည်းပွတ်လမ်းကို သွားတယ်တဲ့၊ အဲဒီမှာက အင်မတန် နာမည်ကြီးတဲ့ 'ကင်းစလီ'ဟိုတယ်(Kingsley Hotel) ဆိုတာကရှိတာကိုး၊ အဲဒီကင်းစလီဟိုတယ်နဲ့ တစ်လမ်းကျော် လောက်မှာကလဲ 'ဂရိတ်ရပ်စဲ'လမ်းဆိုတာ ရှိသေးတယ်...၊ အဲဒီလမ်း မှာကလည်း ကင်းစလီဟိုတယ်လိုပဲ နာမည်ကြီးတဲ့ ဟိုတယ်ကြီးတစ်ခုရှိတယ်၊ အဲဒီဟိုတယ်က 'သက်ကရေး'ဟိုတယ်(Thackeray Hotel)လို့ ခေါ်တယ်...၊ ကင်းစလီဟိုတယ်နဲ့ သက်ကရေးဟိုတယ်မှာ တည်းခိုကြတဲ့သူတွေအတွက် ကောင်းတဲ့အချက်တစ်ရပ်ရှိတယ်၊ အဲဒီအချက်က ဘာလဲဆိုတော့ ဗြိတိသျှမြူစီယံကိုဝင်ပြီး စာဖတ်ဖို့ အခွင့်အရေးကို ရကြလို့ပဲ၊ ဗြိတိသျှမြူစီယံဆိုတာကလဲ အသက်(၂၁)နှစ် အောက်လူကို ဝင်ခွင့်မပေးဘူး၊ အသက်(၂၁)နှစ်အထက်ဖြစ်ပြန်ရင်လဲ အနည်းဆုံး လန်ဒန်မြို့ကြီးသားတစ်ဦးက ထောက်ခံချက်မပေးရင် ဝင်ခွင့်ရတဲ့တိုင်အောင် စာဖတ်ခွင့်မရပြန်ဘူး...၊ အဲဒါကြောင့် ဗြိတိသျှမြူစီယံကြီးနဲ့ အနီးဆုံးမှာတည်ရှိတဲ့ ကင်းစလီဟိုတယ်နဲ့ သက်ကရေးဟိုတယ်ဟာ သူတို့ဆီမှာ တည်းခိုတဲ့ ဖောက်သည်တွေကို ဗြိတိသျှမြူစီယံကြီးမှာ ဝင်ပြီး စာဖတ်ခွင့်ရတဲ့အတွက် စီစဉ်ပေးထားလေ့ရှိတယ်၊ ဒါကြောင့် မြန်မာပြည်ကသွားတဲ့ ဖိုးသူတော်ကြီးဟာ ကင်းစလီဟိုတယ်မှာ တည်းခိုလိုက်တယ်..."ဟု ဆိုလိုက်ပြီးလျှင်...

တရုတ်ဘိန်းစားနဲ့တူသူ ပုံပြောသမားလည်း လက်ဖက်ရည်ကြမ်းတစ်ခွက်ကိုငှဲ၍ မော့ချလိုက်လေ၏။





ထိုအခါ စနေမောင်မောင်က...

"စိတ်ဝင်စားဖို့ အတော်ကောင်းတဲ့ပုံပြင်ပဲ...၊ ဦးပြည်းကတုံးကြေးစည်ဆိုင်းထမ်းနဲ့ ဆန်အလှူခံထွက်နေတဲ့ မြန်မာပြည်က ဖိုးသူတော်ကြီးက လန်ဒန်မြို့အလယ်ကောင်မှာရှိတဲ့ ကင်းစလီဟိုတယ်မှာ တည်းပြီး ဗြိတိသျှမြူစီယံမှာ စာဖတ်ဖို့ဆိုတာဟာ ဖြစ်နိုင်ပါ့မလား..."ဟု မေးလိုက်လေ၏။

ထိုအခါ ပုံပြောသမားက လက်ဖက်ရည်ကြမ်းပန်းကန်ကိုချလိုက်ပြီးလျှင် သူ၏ပုံပြင်ကို ဆက်ပြန်လေ၏။

"အဲဒီဖိုးသူတော်ကြီးဟာ... လန်ဒန်မြို့မှာ စာဖတ်နေစဉ်အတွင်း အာရှတိုက်ဘက်ကို နှံ့နှံ့စပ်စပ်ကျွမ်းကျင်တဲ့ ဘလစ်(Blyth) ဆိုတဲ့... နိုင်ငံခြားသားတစ်ယောက်နဲ့ မိတ်ဆွေဖြစ်တယ်တဲ့...၊ အဲဒီ ဘလစ်ဟာ အတော့်ကို လူရည်လည်တဲ့သူဆိုပဲ...၊ သူကျွမ်းကျင်တဲ့ ဘာသာရပ်ကတော့ ကောင်းကင်နက္ခတ်တွေနဲ့ပတ်သက်တဲ့ အတတ်ပညာတွေ ဆိုပဲ...၊ တစ်နေ့မှာ ဘလစ်က ဖိုးသူတော်ကြီးကို ရှေးဟောင်းပညာ ရပ်တွေနဲ့ပတ်သက်ပြီး ပြောပြတယ်တဲ့၊ သူ့ရဲ့ပြောပြချက်မှာ 'စီးကရက် စနိပ်စ်' (Secret Snake) ခေါ်တဲ့ မြန်မာပြည်မြောက်ပိုင်း၊ အိန္ဒိယ ပြည်မြောက်ပိုင်း၊ တရုတ်-မြန်မာ၊ တိဗက်နယ်စပ်၊ နီပေါနယ်၊ ဘူတန် နယ်စတဲ့... နေရာအနှံ့အပြားမှာ တွေ့ရတတ်တဲ့...၊ လျှို့ဝှက်ပညာရှင် အုပ်စုတစ်စုရှိတယ်ဆိုပဲ...၊ စီးကရက်စနိပ်စ်ဆိုတဲ့ လျှို့ဝှက်တဲ့မြွေများ အသင်း၊ မြန်မာပြည်မြောက်ပိုင်းမှာဆိုရင် 'ဂုယှတိသပွေါ'လို့ ခေါ်တယ်...၊ တရုတ်ပြည်ထဲကျတော့လဲ 'ပိမိကျိဆယ်'ဆိုတဲ့ နာမည်နဲ့ ခေါ်ကြပြန်တယ်...၊ ဘူတန်နယ်၊ နီပေါနယ်စပ်တွေမှာဆိုတော့... တစ်မျိုးခေါ်ကြပြန်တယ်၊ သူတို့ဆီမှာတော့ အစဉ်အဆက် ထိန်းသိမ်းလာတဲ့ ရွှေခေါင်းကြီးတစ်လုံးရှိတယ်ဆိုပဲ...၊ အဲဒီခေါင်းကြီးအတွင်းမှာ တော့

www.burmeseclassic.com



အင်မတန်ရှားပါးပြီး အင်မတန်လဲ အဖိုးတန်တဲ့ ပရပိုက်တွေ ရှိတယ်တဲ့…၊ အဲဒီပုရပိုက်တွေထဲမှာ ပထဝီမြေကြီးအောက်မှာရှိတဲ့ ရေကြောရှာတဲ့အတတ်… ရွှေကြော၊ ငွေကြော၊ ရေနံကြောနဲ့တကွ လူတို့ လျှို့ဝှက်မြှုပ်နှံသိမ်းဆည်းထားတဲ့ ရတနာပစ္စည်းတွေကို ရှာဖွေ တဲ့ ပညာရပ်မျိုးတွေလဲ ပါတယ်ဆိုပဲ…၊ အဲဒီပညာရပ်မှာ အဟိဗလ စက်ချပုံနည်းစနစ်လဲ သေသေချာချာပါတယ်ဆိုပဲ…၊ အဲဒီစက်ချ ကတော့ ရတနာပစ္စည်းတည်ရာအရပ်ကို တွက်ချက်ပြီးတဲ့အခါ မြေ သင်္ဘောန် မြေကြီးမှာရေးရတယ်ဆိုပဲ…၊ အဲဒီမြေရဲ့ကိုယ်ပေါ်မှာ အာသာဝတီအစ ရေဝတီအဆုံး အဘိဇိနက္ခတ်ပါမကျန် (၂၈)လုံး သော နက္ခတ်တို့ကို အကွက်ရိုက်ပြီး ရေးရတယ်တဲ့…၊ အဲဒီအခါမှာ ရတနာပစ္စည်းယူဖို့ အပေါက်နေရာကို ရတယ်…၊ အဲဒါကို 'သာခါ'လို့ ခေါ်တယ်…၊ အဲဒီသာခါတံခါးပေါက်ရဲ့တစ်ဘက်တစ်ချက်မှာ ဘရဏီ နက္ခတ်ရှိရတယ်ဆိုပဲ…၊ အဲဒီလိုပညာရပ်နဲ့ပတ်သက်တဲ့ဟာတွေကလဲ အသေးစိတ်ရှိတယ်…၊ ပြီးတော့… မီးအတတ်လို့ခေါ်တဲ့ အဂ္ဂိရတ် အတတ်နဲ့ပတ်သက်တာလဲ ပြည့်ပြည့်စုံစုံရှိတယ်…၊ အဲဒီအတတ် ဆိုရင် လူတွေမသုံးဘဲ လွှင့်ပစ်ထားတဲ့ နို့ဆီခွက်သံပြားကို ရေဖယ် သံအဖြစ်နဲ့ ရွှေဖြစ်အောင် လုပ်လို့ရတယ်ဆိုပဲ…၊ မြန်မာပြည်မှာ စိန်၊ ဆေးဒါန်း၊ ကန့်၊ ဟင်းရိုင်း ဇဝက်သာ၊ ဒုတ္တာ၊ လက်ချားစ ခုနစ်မျိုးကို သတ္တခတ္တုဆိုပြီး ဓာတ်တော်လမ်းလုပ်နေကြတာ…၊ အဲ အထဲမှာပါတဲ့နည်းတွေကတော့ ခတ်တုံပေါင်းတစ်ရာကျော်၊ တ ထောင်ကျော်လောက်ရှိတဲ့ နည်းတွေပါတယ်…၊ ဓာတ်ဖမ်းနည် သတ္တုဖမ်းနည်းအမျိုးမျိုးတွေပဲ…၊ ပညာရပ်အမျိုးမျိုးတွေပါတဲ့ မှ တမ်းကြီးတစ်ခုပါပဲ…၊ ဒါပေမယ့်… ပညာရပ်တစ်ခုတည်းက ဆ သက်လာတာလဲ ဖြစ်တယ်…၊ အခိုးတွေကနေ… ဒြပ်ပစ္စည်းတွေ ဖြစ်အောင် လုပ်တဲ့အတတ်ပညာမျိုးလဲ ပါသေးတယ်…"





ထိုနေရာသို့အရောက်၌ ပုံပြောဆရာ တရုတ်ကပြားသည် ကွာ စေ့ကိုကောက်၍ ခွာလေ၏။

ထိုအခါ စနေမောင်မောင်က…

"အခိုးကနေ… ဘယ်လိုဒြပ်ဖြစ်နိုင်မှာလဲ ရှင်းစမ်းပါဦး…"ဟု မေးလိုက်လေ၏။

"မိုးကြိုးပစ်တာကိုတော့ ဆရာကြီးကြားဖူးမှာပေါ့…၊ တစ်မျိုးက မီးလောင်သွားတယ်၊ သစ်ပင်ကိုပစ်ရင် သစ်ပင်မီးလောင်သွားတယ်၊ အမှန်က… အဲဒါမိုးကြိုးပစ်တာမဟုတ်ဘူး…၊ လောင်မီးကျတယ်လို့ ခေါ်တယ်…၊ လျှပ်စစ်စီးဝင်သွားတာ…၊ အဲဒီနေရာမှာ သွားပြီးရှာရင် ဘယ်လိုမိုးကြိုးသွားမှ ရမှာမဟုတ်ဘူး…၊ နောက်တစ်မျိုးက မိုးကြိုး ပစ်တာ…၊ သစ်ပင်ကိုပစ်ရင် သစ်ကိုင်းထက်ပိုင်းပြတ်သွားတယ်…၊ အဲဒီနေရာမျိုးမှာ စိတ်ရှည်လက်ရှည်ရှာရင် ပုဆိန်အသွားနဲ့တူတဲ့ မိုးကြိုးသွားကလေး အမှန်တကယ် ရတတ်တယ်…၊ ကောင်းကင်ယံ ကနေ အဲဒီမိုးကြိုးသွားကလေး ဘယ်လိုကျလာသလဲဆိုတော့… ကမ္ဘာမြေကြီးရဲ့အပူရှိန်နဲ့ ကောင်းကင်ကိုတက်လာတဲ့ အခိုးတွေဟာ အတည်ဒြပ်ဖြစ်အောင် စုပေါင်းမိတဲ့အခါ မိုးကြိုးသွားဖြစ်တော့တာ ပါပဲ…၊ အဲဒီမိုးကြိုးသွားကို စစ် မစစ် ဘယ်လိုစစ်မလဲ သိသလား…၊ ငှက်ပျောပင်ကို ဓားနဲ့ဖြတ်ပစ်လိုက်တဲ့အခါ ဖြတ်ပြီး မကြာခင်မှာပဲ အထဲက ငှက်ပျောအူကလေး ထွက်လာလေ့ရှိတယ်…၊ မိုးကြိုးသွား အစစ်ကို ခဏကလေးတင်ထားရင်တော့ ငှက်ပျောအူဟာ မထွက်နိုင် တော့ဘူး…၊ မိုးကြိုးသွားထဲမှာ ဘယ်လိုဓာတ်တွေပါသလဲ သိသလား၊ ရွှေနဲ့ပေါင်းစပ်ထားတဲ့ ယူရေနီယံဓာတ်ပါတယ်၊ ဒါကြောင့် အကျိတ် အဖုတွေကိုနိုင်တယ်…၊ မျက်စိတိမ်သလ္လာကိုနိုင်တယ်…၊ တိရစ္ဆာန် တွေ၊ ခြင်္သေ့တွေကို ဆပ်ကပ်ပြတဲ့ ဆပ်ကပ်ဆရာရဲ့ကြာပွတ်ထိပ်ဖျား မှာ မိုးကြိုးသွား တပ်ထားလေ့ရှိတယ်…၊ ဒါတွေ ထားပါတော့လေ…၊



www.burmeseclassic.com

www.burmeseclassic.com



စောစောက ဇာတ်လမ်းကို ဆက်ပြောမယ်…၊ ဘလစ်ဆိုတဲ့ နိုင်ငံခြားသားပြောတဲ့… လျှို့ဝှက်သပွေ့ါတွေရဲ့ အထွတ်အမြတ်ထားတဲ့ လျှို့ဝှက်ပညာရပ်များဟာ စောစောကပြောတဲ့ ရွှေရောင်ခေါင်းကြီး အတွင်းမှာ ရှိတယ်…၊ အဲဒီခေါင်းကြီးဟာ ဘယ်မှာရှိသလဲဆိုတော့ တရုတ်-မြန်မာနယ်စပ် မဲခေါင်မြစ် အနီး 'ကြွေးဥ'ဆိုတဲ့ ရွာကလေး အနားမှာရှိတဲ့ 'နမ့်တင်ဟိုး'ဆိုတဲ့ တောင်ကုန်းကလေးပေါ်မှာပဲ အဲဒီနေရာမှာ လျှို့ဝှက်သပွေ့ါအဖွဲ့ဝင်(၄၀)လောက်ဟာ ငန်းမြွေရဲ့ ငန်းဥကို စောင့်ရှောက်သလို သတိကြီးစွာနဲ့ စောင့်ရှောက်နေကြတယ်ဆိုပဲ"

ထိုနေရာသို့ရောက်လျှင် ပုံပြောတရုတ်ကပြားသည် ခေတ္တရပ်၍ လက်ဖက်ရည်ကြမ်းကို သောက်လေတော့၏။

ထိုအခါ စနေမောင်မောင်လည်း စီးကရက်တစ်လိပ်ကိုထုတ်၍ သောက်လေ၏။ ထို့နောက် ပုံပြောသမားက ဆက်၍ပြောပြလေ၏။

"ဖိုးသူတော်ကြီးဟာ အဲဒီလျှို့ဝှက်ပညာရှင်တွေဆီမှာ ဆယ်နှစ်လောက်ကို ဘာမှမသိတဲ့ ထမင်းချက်ကြီးအဖြစ် နေခဲ့ပြီး… သူလိုချင်တဲ့ ပစ္စည်းကိုရဖို့ အကွက်ချောင်းနေတယ်…၊ အဲဒီလိုအကွက်ချောင်းနေတုန်းမှာ 'စံဖိုး'ဆိုတဲ့ ကောင်တစ်ကောင်ရောက်လာပြီး ဖိုးသူတော်ကြီးနဲ့ ပူးပေါင်းတယ်တဲ့၊ နောက်ဆုံးမှာ ဖိုးသူတော်ကြီးနဲ့ 'စံဖိုး'တို့က လျှို့ဝှက်ခေါင်းကြီးကို အသက်စွန့်ပြီး ခိုးယူထွက်ပြေးကြတယ်ဆိုပဲ…"

ထိုနေရာသို့အရောက်တွင် စနေမောင်မောင်သည် ပုံပြောသမား တရုတ်ကပြားအား ဆတ်ခနဲထ၍ ဖမ်းလိုက်ပြီးလျှင် ထိုသူ၏ ရှပ်အင်္ကျီစအား ရင်ဘတ်မှ ဖြန်းခနဲဆွဲ၍ ဖြဲချလိုက်ရာ ရင်ဘတ်ပေါ်တွင် မင်နက်ဖြင့် ထိုးထားသော အောက်ပါစာကို တွေ့ရလေ၏။ ၎င်း

朋友



အဓိပ္ပါယ်မှာ 'ရောင်းရင်း'ဟူ၍ ဖြစ်လေ၏။

"မင်း… ဘယ်သူလဲ"ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ကျုပ်လား… ဆရာနဲ့တွေ့တဲ့အခါ တပည့်ဖြစ်တယ်…၊ တပည့်နဲ့တွေ့တဲ့အခါ ဆရာဖြစ်တယ်…၊ ကျုပ်ထက်ပုတဲ့လူနဲ့တွေ့တဲ့အခါ ကျုပ်ဟာ… အရပ်မြင့်တဲ့လူ၊ ကျုပ်ထက် အရပ်မြင့်တဲ့လူနဲ့တွေ့တဲ့အခါ ကျုပ်ဟာ ပုတဲ့လူဖြစ်တယ်…၊ ကျုပ်ရဲ့အဖေနဲ့တွေ့တဲ့အခါ ကျုပ်ဟာ သားဖြစ်တယ်…၊ ကျုပ်ရဲ့သားနဲ့တွေ့ရင်တော့ ကျုပ်ဟာ အဖေဖြစ်တယ်၊ ကျုပ်ရဲ့မိန်းမနဲ့တွေ့တဲ့အခါ ကျုပ်ဟာ လင်ယောကျ်ား ဖြစ်သွားတယ်…၊ စွန့်စားတတ်တဲ့လူနဲ့ တွေ့တဲ့အခါမှာ ကျုပ်ဟာ သူ့ရဲ့ အဖော်ဖြစ်သွားတယ်…၊ ကျုပ်နာမည် 'ဘွန်ဟောင်း'ဟု ပုံပြောသမား တရုတ်ကပြားက ပြန်၍ဖြေလိုက်လေ၏။

"မင်းဟာ… လက်ဖက်ရည်ကြမ်း အင်မတန်ကြိုက်တဲ့ တရုတ်အဘိုးကြီး 'ဦးစင်းတုံ'ရဲ့တပည့် မဟုတ်လား…"ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"မှန်ပါတယ်…"ဟု ဘွန်ဟောင်းက ပြန်၍ဖြေလိုက်လေ၏။

"ဦးစင်းတုံ… အခု… ဘယ်မှာလဲ…"ဟု

"ဦးစင်းတုံ… အခုဟောင်ကောင်ကို ရောက်နေပါတယ်…၊ ဆရာကြီးကိုရှာဖို့… ကျွန်တော့်ကိုလွှတ်လိုက်တာ…၊ ဆရာကြီးနဲ့အတူ စွန့်စားဖို့လဲ မှာလိုက်ပါတယ်…"ဟု တရုတ်ဘိန်းစားနှင့်တူသော ဘွန်ဟောင်းက သွက်လက်စွာ ဖြေ၏။

"ငါလဲ… 'စီးတရက်စနိုပ်'ဆိုတဲ့ မြွေဆိုးမြွေဟောက်တွေဆီက အဖိုးတန်ပစ္စည်းတစ်ခု ပျောက်ဆုံးသွားတယ်ဆိုတာ သတင်းသန့်သန့် ကြားလိုက်တယ်…၊ အဲဒီပစ္စည်းဟာ ငါအလိုရှိနေတဲ့ပစ္စည်းတစ်မျိုးလဲ ဖြစ်နိုင်တယ်…၊ ဒါကြောင့်… အဲဒါကို ရေဆုံးရေဖျားလိုက်ရှာမလို့ဘဲ၊ ငါ့မှာက… ငါနဲ့အတူတွဲပြီး… စွန့်စားဝံ့တဲ့လူတစ်ယောက် လိုနေတာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ…၊ ဒါကြောင့် ငါဟာ… ဒီနေရာကိုလာပြီး လူရှာတာပဲ ဆိုပါတော့…၊ တစ်ယောက်ယောက်တော့ ငါ့ဆီကို ရောက်လာမယ်ဆိုတာ ငါသိပါတယ်ကွာ…၊ မာလီအဖြစ်နဲ့လာမလား…၊ ဒရဝမ်အဖြစ်နဲ့ လာမလား…၊ ပုံပြောဆရာအဖြစ်နဲ့ပဲ လာမလား… ဆိုတာတော့ ငါ မပြောနိုင်ဘူး၊ အခု မင်းရောက်လာပြီး… မင်းရင်ဘတ်ပေါ်ကစာဟာ ဦးစင်းတုံ့ရဲ့ လက်ရေးအစစ်ပဲ…၊ ငါ… သေသေချာချာသိပါတယ်ကွာ၊ အဲဒီတော့ ရှေ့ကို ငါတို့နှစ်ယောက် လက်တွဲသွားကြတာပေါ့…၊ အဲဒီလိုလက်တွဲသွားကြတဲ့နေရာမှာ… ငါဟာ မင်းရဲ့ဆရာအဖြစ်နဲ့ သွားမယ်…၊ ငါ့ကို ဆရာတင်ထိုက်၊ မတင်ထိုက် ဆိုတာကတော့ မင်းကိုယ်တိုင် စမ်းသပ်ခွင့်ပေးမယ်…၊ ကျေနပ်မှ ဆရာတင်ပေါ့ကွာ…”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

“စမ်းသပ်ရမှာပေါ့ခင်ဗျာ…၊ ကျုပ်ဆရာ ဦးစင်းတုံကလဲ… စမ်းသပ်ဖို့ မှာလိုက်ပါတယ်…၊ အဲဒီတော့ ကျွန်တော်က စမ်းသပ်မှာပဲ…၊ လူမှာက ကိုယ်ကာယစွမ်းရည်နဲ့ အသိဉာဏ်နဲ့ပတ်သက်တဲ့ စွမ်းရည်လို့ နှစ်မျိုးရှိပါတယ်…၊ ကိုယ်ကာယနဲ့ပတ်သက်တဲ့စွမ်းရည်ကို စမ်းသပ်ဖို့ မလိုပါဘူး…၊ မြင်ရုံနဲ့ပဲ သိသာပါတယ်…၊ အသိဉာဏ်နဲ့ ပတ်သက်တဲ့ စွမ်းရည်ကိုတော့ ကိုယ်က ဆရာတင်ရမယ့်လူဖြစ်လေတော့ စမ်းသပ်မှပဲ ဖြစ်မှာ…”ဟု ဘွန်ဟောင်းက ပြောပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလေ၏။

ထို့နောက် စနေမောင်မောင်၏မျက်နှာကိုကြည့်၍ အောက်ပါအတိုင်း ပြောလိုက်လေ၏။

“တစ်နေ့မှာကျုပ်လမ်းလျှောက်နေတုန်းငန်းကလေးတစ်ကောင်ကိုကောက်ရခဲ့တယ်…၊ အိမ်ကိုရောက်တော့ အဲဒီငန်းကလေးကို ဖန်ပုလင်းတစ်ခုထဲမှာထည့်ပြီး မွေးထားခဲ့တယ်…၊ အစာတွေ ရေတွေလဲမှန်မှန်တိုက်ကျွေးခဲ့တယ်၊အဲဒီလိုနဲ့ရက်အတော်ကြာတဲ့



အခါမှာ ငန်းကလေးကို ကျုပ်ဟာ ပုလင်းထဲကထုတ်ပြီး ခြံထဲမှာ မွေးမယ်လို့ စိတ်ကူးမိတာနဲ့ ဖန်ပုလင်းထဲက ထုတ်ကြည့်မိတယ်…၊ ဒါပေမယ့်ငန်းကလေးဟာအစာရေစာဝဝလင်လင်စားရတဲ့အတွက် ဖန်ပုလင်းထဲမှာကိုပဲ အကောင်ကြီးဖြစ်နေတယ်…၊ ထွားကြိုင်းနေတယ်…၊ ငန်းကလေးမဟုတ်တော့ဘူး…၊ ငန်းကြီးဖြစ်နေတယ်…၊ သူ့ကိုသွင်းခဲ့တဲ့ ပုလင်းရဲ့နှုတ်ခမ်းဝဟာ သူ့ကိုယ်နဲ့စာလိုက်ရင် အင်မတန် သေးငယ်နေပြီဖြစ်တယ်…၊ အဲဒီတော့ ဆရာကြီးရယ်… ဖန်ပုလင်းထဲက ကျုပ်ရဲ့ငန်းလဲ မသေစေချင်ဘူး…၊ ဖန်ပုလင်းလဲ အကွဲမခံနိုင်ဘူး…၊ ငန်းလဲမသေဘဲ အပြင်ရောက်အောင် ထုတ်ပေးပါ…”

စနေမောင်မောင်သည် ဘွန်ဟောင်း၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ထိုင်နေရာမှထ၍ ခုန်လိုက်ပြီးလျှင်…

“ဟော့… ဘွန်ဟောင်း…”ဟု အလန့်တကြားဟစ်အော်ကာ ဘွန်ဟောင်း၏ ပခုံးကို ‘ဖြန်း’ခနဲ လက်ဖြင့် ပုတ်လိုက်လေ၏။

ဘွန်ဟောင်းလည်း ယောင်ယမ်း၍…

“ဆရာကြီး… ဘာဖြစ်တာလဲ…”ဟု အလန့်တကြား ပြန်၍ မေးလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိပြီးလျှင် နှုတ်ခမ်းဝ၌တေ့ကာ မခိုးမခန့်လေးပြုံး၍…

“မင်းရဲ့ငန်းကို ထုတ်ပြီးပါပြီကွ…”ဟု ပြောလိုက်လေ၏။

“ဘယ်လိုထုတ်လိုက်တာလဲ… ဆရာကြီး”ဟု ဘွန်ဟောင်းက ပြန်၍မေးလိုက်လေ၏။

“မင်းမေးတဲ့ မေးခွန်းက ‘ဒိုင်လီးမားကွက်ရှင်း’(Dilemma Question) လို့ ခေါ်တဲ့ နှစ်ဘက်ပိတ်မေးခွန်းမျိုးကွ…၊ ငန်းကို အရှင်လိုချင်ရင် ဖန်ပုလင်းကို ခွဲရမှာပဲ…၊ ဖန်ပုလင်းအကောင်းလိုချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ငန်းကိုသတ်ရမှာပဲ၊ ဒါပေမယ့် မင်းက ဖန်ပုလင်းလဲ အကောင်းလိုချင်တယ်… ငန်းကိုလဲ အရှင်လိုချင်တယ်လို့ တောင်းဆိုထားတယ်၊ ဒါဟာ လုံးဝမဖြစ်နိုင်ဘူး… ပြီးတော့ ငန်းကလဲ တကယ်မရှိဘူး… ဖန်ပုလင်းလဲ တကယ်မရှိတာမဟုတ်ဘူး… မင်းရင်ထဲက စိတ်ကူးတွေပါကွာ… အဲဒီတော့… မင်းရင်ထဲက စိတ်ကူးကို ငါက အလန့်တကြားလုပ်ပြီး ဖျက်ပစ်လိုက်ရင်… မင်းရဲ့စိတ်ကူးတွေဟာ အားလုံးလွင့်ပျောက်ကုန်မှာပေါ့… အဲဒီတော့… မင်းရဲ့စိတ်အာရုံထဲက ငန်းရော… ဖန်ပုလင်းရောဟာ တစ်ခါတည်း လွတ်ထွက်သွားပြီ မဟုတ်လား…"ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအခါကျမှပင် ဘိန်းစားဘွန်ဟောင်းလည်း လေးလေးနက်နက် သဘောပေါက်သွားကာ…

"ကျုပ်ရဲ့ 'ဒိုင်လီးမားကွက်ရှင်း'ကို ဆရာကြီးက အဘိဓမ္မာဆန်ဆန် ချေဖျက်ပစ်လိုက်တာကိုး… တော်ပါပေ့ဗျာ…"ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက်လေတော့သတည်း…။

📖 📖 📖





# ငန်းများကိုသတ်ရမှာ အားနာသလိုပဲ

တစ်ညသသ၌ နယ်စပ်မြို့ကလေးတစ်မြို့၏ ညအိမ်ထမင်းဆိုင်ကလေးတစ်ခုဆီသို့ လူတစ်ယောက် ရောက်ရှိလာလေ၏။ ထိုသူ၏ အသက်မှာ သုံးဆယ်ဝန်းကျင်ခန့်ပင် ရှိသေး၏။ ထိုသူ၏ အသားရောင်မှာ ညို၏။ အရပ်အမောင်းမှာမူ မြန်မာလူမျိုးထဲတွင် အတော်အတန်မြင့်သည်ဟု ဆိုရမည်ဖြစ်၏။

ထိုသူရောက်ရှိလာသည့်အချိန်၌ ထမင်းဆိုင်ကလေးသည် တံခါးများပိတ်ထားပြီးဖြစ်၏။ ဆိုင်အတွင်း၌မူ အရက်သောက်သူသောက်၍ ဖဲကစားသူကစားကာ ထမင်းစားသူစား၍ နေကြလေ၏။ ဆိုင်အတွင်းဘက်နှင့် ဆိုင်၏အပေါ်ထပ်တွင်ရှိသော အိပ်ခန်းများ၌မူ ညအိပ်တည်းခိုသူအချို့သည် စတင်၍ အိပ်စက်နေကြပြီ ဖြစ်၏။

ထိုသူသည် ဆိုင်တံခါးပျဉ်ပြားကို တစ်ဒေါက်ဒေါက်ခေါက်လေ၏။

ထို့ကြောင့် ဆိုင်ရှင်တရုတ်က…

"ဘယ်သူလဲ…"ဟု ခပ်ငေါက်ငေါက်မေးလိုက်လေ၏။

"ငါ… ဘယ်သူဆိုတာပြောလဲ… မင်း… သိမှာမှ မဟုတ်ဘဲကွာ၊ ခါးဖွင့်လိုက်စမ်းပါ… ထောင်ကဲရဲ အပြင်မှာ နှင်းတွေအရမ်းကျတယ်… ချမ်းလှပြီ…"ဟု ထိုသူက ပြန်၍ပြောလိုက်လေ၏။

"မလိုချင်ဘူး… နာမည်ပြောမှ ဖွင့်ပေးနိုင်မယ်…"ဟု ပြောလိုက်လေ၏။

"မိုးဆွေ…"ဟု ထိုသူက ပြန်၍ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မကြားဘူးပါဘူး..."ဟု အတွင်းမှ ဆိုင်ရှင်တရုတ်က ပြန်၍ပြောလေ၏။

"အဲဒါကြောင့်ပြောတာပေါ့ကွာ...၊ ငါနာမည်ပြောလဲ မင်းက သိမှာမှ မဟုတ်ဘဲလို့...၊ ဒီမှာကိုယ့်လူ...၊ မင်းကို မန္တလေးက ကိုကျင်စိန်က ပေးလိုက်တဲ့ လက်ဆောင်တွေပါတယ်...၊ ငါယူသွားရမလား" ဟု မိုးဆွေက မေးလိုက်လေ၏။

"ဘယ်... ကိုကျင်စိန်လဲ...၊ သွားစိုက်ဆရာ ကိုကျင်စိန်လား...၊ လက်ဖက်ရည်ဆိုင်ဖွင့်တဲ့ ကိုကျင်စိန်လား..."ဟု အတွင်းမှ ဆိုင်ရှင်တရုတ်က ပြန်၍မေးလိုက်လေတော့၏။

"လက်ဖက်ရည်ဆိုင် ကိုကျင်စိန်ထင်တာပဲ...၊ ငါနဲ့ ကိုကျင်စိန်က သိတာမဟုတ်ဘူး...၊ ငါ... ဒီကိုလာမယ်ဆိုလို့ တစ်ဆင့်ပေးလိုက်တာ..."ဟု မိုးဆွေဆိုသူက ပြောလိုက်လျှင် ဆိုင်ရှင်ပေါက်ဖော်လည်း တံခါးချက်ကို စတင်၍ ဖွင့်ပေးလေတော့၏။

မိုးဆွေလည်း ဆိုင်အတွင်းသို့ဝင်၍ ကိုယ်ပေါ်မှ ဆီနှင်းများကို ခါ၍ချလေ၏။

"ဘယ်မှာလဲ... လက်ဆောင်..."ဟု ပေါက်ဖော်က မေးလေ၏။

ထိုအချိန်တွင် မိုးဆွေသည် ဆိုင်ရှင်ပေါက်ဖော်၏ မျက်နှာဆီသို့ လက်သီးတစ်ချက် ဒုန်းခနဲ ပစ်ထိုးလိုက်ရာ ဆိုင်ရှင်ပေါက်ဖော်လည်း နောက်သို့လန်၍ လဲကျသွားလေ၏။

"အဲဒါ လက်ဆောင်ပဲ...၊ ငါ... သွားတဲ့နေရာမှာ အမြဲဆောင်ထားတဲ့ လက်ဆောင်လေ...၊ မမြင်ဘူးရင် ကြည့်ထားဦး..."ဟု ဆိုကာ မိုးဆွေက သူ့လက်ကို ပြလေ၏။

ဆိုင်ရှင်လည်း လွန်စွာဒေါပွ၍ မိုးဆွေအား တရုတ်ဘာသာစကားဖြင့် ဆဲဆိုရေရွတ်လေ၏။

မိုးဆွေကမူ ထိုတရုတ်ဆဲဆိုသည်ကို လုံးဝအသိအမှတ်မပြုဘဲ အိတ်အတွင်းမှ ငွေတစ်ရာကို ထုတ်၍ပေးပြီးလျှင်...

"ငါ... ဒီမှာ အိပ်မယ်...၊ စားမယ်သောက်မယ်...၊ လိုရင်ထပ်ပြီး ပြော...၊ ပိုရင် ပြန်မပေးနဲ့..."ဟု မိုးဆွေက ပြောလိုက်လေ၏။





ထိုအခါ ဆိုင်ရှင်တရုတ်က...

"ရပါတယ်...၊ ရပါတယ်...၊ အပေါ်ထပ်ထောင့်ဆုံးက အခန်းမှာ ခုတင်နှစ်ခုရှိတယ်...၊ အဲဒီအခန်းမှာ လူတစ်ယောက်အိပ်နေတယ်၊ သူ့ကိုနှိုးပြီး အဲဒီအခန်းထဲမှာ ဝင်အိပ်ပါ...၊ အခု... ဘာစားဦးမလဲ"ဟု မေးလိုက်လေ၏။

မိုးဆွေက တစ်စုံတစ်ရာပြန်မပြောတော့ဘဲ အပေါ်ထပ်သို့ တက်၍ သွားလေ၏။ အပေါ်ထပ်သို့ ရောက်သောအခါ၌ ထောင့်ဆုံးအခန်းသို့သွားရောက်၍ တံခါးကို ခေါက်လေ၏။

"ဒေါက်...၊ ဒေါက်...၊ ဒေါက်..."

"ဘယ်သူလဲ..."ဟု အတွင်းမှ ပြန်၍မေးလေ၏။

ထိုအခါ အတွင်းမှအသံကို ကြားရသည့်အခါ၌ အတော်ပင် အံ့သြ၍သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအသံမှာ ၎င်း၏ ခါးအောက်ပိုင်းဆီလောက်မှ ကြားရသောကြောင့် ဖြစ်၏။ သို့ရာတွင် မိုးဆွေသည် အတွင်းမှလူကို ကောင်းစွာ ခန့်မှန်းနိုင်လေ၏။ ထို့ကြောင့် မိုးဆွေက...

"လူပုလား..."ဟု မေးလိုက်လေ၏။

"အေး... ဟုတ်တယ်...၊ ဘာလုပ်မလို့လဲ..."ဟု အတွင်းမှ လူက ပြန်၍မေးလေ၏။

"ဩော်... ခင်ဗျားနဲ့ကျုပ်နဲ့က တစ်ခန်းတည်းအတူနေရမှာ... တံခါးဖွင့်စမ်းပါဦး..."ဟု မိုးဆွေက ပြန်၍ပြောလိုက်လေ၏။

"တံခါးဖွင့်လို့မရဘူး...၊ ကျုပ်မှာ သော့မရှိဘူး..."ဟု အတွင်းမှ လူက ပြန်၍ပြောလေ၏။

"သော့လား...၊ ကျုပ်မှာပါပါတယ်...၊ ရော့... ရော့... ဒါကလေးနဲ့ ဖွင့်လိုက်...၊ အဲဒါ 'ဆီးလဗားကီး'လို့ခေါ်တယ်..."ဟု ဆိုကာ...

မိုးဆွေသည် ငွေတစ်ဆယ်တန်တစ်ရွက်ကို ထုတ်၍ အလိပ်ကလေးပြုလုပ်ပြီးလျှင် တံခါးကြားမှ အတွင်းသို့ ထိုးသွင်းလိုက်လေ၏။

ထိုအခါကျမှပင် အတွင်းမှလူလည်း အခန်းတံခါးကို ချက်ဖြုတ်၍ ပေးလိုက်လေ၏။ မိုးဆွေသည် ထိုသူ့အားကြည့်၍ ပြုံးလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုသူ၏အရပ်မှာ သုံးပေမျှပင် မရှိပေ။ လွန်စွာပု၍ လွန်စွာမှလည်း သေးကွေးလှပေ၏။ ထိုလူပုကလေးသည် ဆွယ်တာလက်ရှည်ကန့်လန့်စင်း၊ ဘောင်းဘီရှည်ကန့်လန့်စင်းများကို ဝတ်ဆင်ထားရုံမျှမက ခေါင်းမှ သိုးမွေးခေါင်းစွပ်အချွန်မှာလည်း ကန့်လန့်စင်းပင် ဖြစ်၏။ ထိုသူ၏ ဝတ်စားဆင်ယင်ပုံနှင့် အရပ်အမောင်းတို့ကို မြင်ရသူတိုင်း ပြုံး၍သွားတတ်မြဲဖြစ်လေ၏။

မိုးဆွေသည် အခန်းတွင်းသို့ ဝင်ပြီးနောက် လူပုကလေးဘက်သို့ လှည့်ကာ...

"မေ့နေလိုက်တာ ကိုလူပုကလေးရယ်...၊ ဆိုင်ရှင်ပေါက်ဖော်ဆီမှာ ခင်ဗျားအတွက် လက်ဆောင်တစ်ထုပ်ရောက်နေတယ်..."ဟု ပြောလိုက်လေ၏။

"ခရစ်စမတ်လဲ မဟုတ်ဘူး...၊ ကျုပ်ရဲ့မွေးနေ့လဲမဟုတ်ဘူး...၊ ဘယ်က မျိုးမစစ်ကောင်ကများ လက်ဆောင်တွေ ဘာတွေ ပို့နေပါလိမ့်..."ဆိုကာ အောက်သို့ဆင်း၍ သွားလေ၏။

အောက်သို့ရောက်လျှင် ဆိုင်ရှင်ဆီသို့ သွားလေ၏။ ဆိုင်တွင်းမှ ဖဲကစားခြင်း၊ အရက်သောက်ခြင်း ပြုလုပ်နေသူများသည် လူပုကလေးကိုမြင်လျှင် နောက်ပြောင်ကြလေ၏။ လူပုကလေးမှာမူ ထိုသူတို့အား ဂရုစိုက်ခြင်းမပြုဘဲ၊ ဆိုင်ရှင်တရုတ်ဆီကိုသာ ရှေးရှု၍ သွားလေ၏။

ဆိုင်ရှင်တရုတ်ကို တွေ့သောအခါ၌...

"ပေါက်ဖော်... ဘယ်မှာလဲ လက်ဆောင်"ဟု မေးလေတော့၏။

ဆိုင်ရှင်တရုတ်လည်း ၎င်းအား လာရောက်နောက်ပြောင်ရှုကောင်းလားဟု စိတ်ဆိုးကာ လူပုကလေးအား ဆဲဆိုလေတော့၏။ ထိုအခါကျမှပင် မိမိအခန်းသို့ရောက်ရှိလာသူက မိမိအား တမင်သက်သက်ချောက်တွန်းလိုက်ကြောင်း ရိပ်မိ၍ အပေါ်ထပ်သို့ ပြန်၍ တက်သွားလေ၏။ အခန်းသို့ ပြန်၍ရောက်သောအခါ၌ အခန်းတံခါးပိတ်ထားသည်ကို တွေ့သဖြင့် တံခါးကို ခေါက်လေတော့၏။

"ဒေါက်... ဒေါက်... ဒေါက်..."





"ဘယ်သူလဲ..."ဟု မိုးဆွေက အတွင်းမှ ပြန်၍မေးလိုက်လေ၏။

"ကျုပ်ပါ..."ဟု လူပုကလေးက ပြန်၍ဖြေလေ၏။

"ဪ... ကိုလူပုကလေးလား...၊ ဘာကိစ္စလဲ..."ဟု မိုးဆွေက ပြန်၍မေးရာ...

"ဘာကိစ္စရမှာလဲ...၊ ကျုပ်အခန်းကို ကျုပ်ပြန်လာတာပေါ့...၊ တံခါးဖွင့်စမ်းပါ..."ဟု လူပုကလေးက ပြောလိုက်လေ၏။

"ကိုလူပုနယ်ဗျာ... အလကားဒေါပွနေတာကိုး...၊ ကျုပ်မှာသော့ မရှိဘူးဗျ...၊ စောစောကပဲ ခင်ဗျားကို ငွေသော့(ဆီးလတားကီး) တစ်ချောင်း ပေးလိုက်ပြီလေ...၊ အဲဒီသော့ကလေးရမှ ဖွင့်လို့ရမှာ"ဟု မိုးဆွေက အတွင်းမှ ပြောလိုက်ရာ...

လူပုကလေးသည် စောစောက မိုးဆွေထံမှ ရရှိထားသော ငွေတစ်ဆယ်တန်အလိပ်ကို တံခါးကြားမှ ထိုးသွင်း၍...

"ရော့... ရော့..."ဟု ပေးလိုက်လေတော့၏။

မိုးဆွေလည်း ငွေတစ်ဆယ်တန်အလိပ်ကလေးကို ဆွဲယူပြီးနောက် တံခါးကို ဖွင့်ပေးလိုက်လေ၏။

"ခင်ဗျား... တော်တော်လူလည်ကျတယ်..."ဟု လူပုကလေးက ပြောလိုက်လေ၏။

"လောကမှာ လူအဖြစ်ရတာထက်စာရင် လူလည်ဖြစ်ရတာက ကောင်းပါတယ်ဗျာ...၊ တစ်ဖော်တက် (Tit for Tat) ဆိုတဲ့ အင်္ဂလိပ်စကားဟာ ဒီနေရာမှာ အံဝင်ခွင်ကျပဲပဲဗျို့..."ဟု မိုးဆွေက ပြောလိုက်လေ၏။

"နေစမ်းပါဦး... မိတ်ဆွေက ဒီနေရာကို ဘာကိစ္စနဲ့ရောက်လာတာလဲ..."ဟု လူပုကလေးက မေးလိုက်လေ၏။

"ဒီနေရမှာ... အလွန်အရပ်ပုပြီး... အလွန်စိတ်တိုတတ်တဲ့ လူတစ်ယောက်ရှိတယ်ဆိုတာ ကြားရလို့ မမြင်ဘူးတာနဲ့ လာကြည့်တာပါ..."ဟု မိုးဆွေက ပြောလိုက်လေ၏။

"နောက်တီးနောက်တောက်မလုပ်စမ်းပါနဲ့ဗျာ...၊ ကောင်းကောင်းပြောစမ်းပါ..."ဟု လူပုကလေးက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းပြောရရင်...၊ ဒီနေရာက စီးပွားရှာလို့ကောင်းတယ်မဟုတ်လား...၊ ဒီနေရာမှာ တကယ်စွန့်စွန့်စားစားလုပ်ဝံ့တဲ့... လူတွေရှိတယ်မဟုတ်လား...၊ အဲဒီတော့ ကျုပ်လဲ သူဌေးဖြစ်အောင်ကြံမလို့ပေါ့ဗျာ..."ဟု မိုးဆွေက ပြောလိုက်လေ၏။

"နေရာကျတာပဲ...၊ ကျုပ်နဲ့ အကြံချင်း အတော်ကိုတူတာပေါ့ဗျာ...၊ အဲဒီတော့ ခင်ဗျားနဲ့ လက်တွဲပြီး အလုပ်လုပ်ရရင် ကောင်းမယ်ထင်တယ်..."ဟု လူပုကလေးက ပြောလိုက်လေ၏။

"ကျုပ်... တပည့်ပဲလိုချင်တယ်... ကိုလူပုရဲ..."ဟု မိုးဆွေက ပြော၍ ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာလေတော့၏။

"ခင်ဗျားကို ကျုပ်က... ဆရာတင်ရမယ်ပေါ့ဟုတ်လား...၊ ဆရာတင်ထိုက်ရင်လဲ တင်ရမှာပေါ့ဗျာ...၊ ဒါပေမယ့် ဆရာတင်ထိုက် မထိုက်ကိုတော့ နည်းနည်းစစ်ဆေးရဦးမယ်..."ဟု လူပုကလေးက ပြောလိုက်လေ၏။

"ဆရာကသာ... တပည့်ကို လက်ခံသင့် မသင့် စစ်ဆေးရတာ ကိုယ့်လူရဲ..."ဟု မိုးဆွေက ပြောလျှင်...

လူပုကလေးက...

"ပညာစမ်းမှာကြောက်သွားပြီလား..."ဟု မေး၍ မိုးဆွေ၏ မျက်နှာကို မခိုးမခန့်ကြည့်လေ၏။

"ပညာစမ်းမှာလဲ မကြောက်ဘူး...၊ သတ္တိစမ်းမှာလဲ မကြောက်ဘူး...၊ စမ်းပြီးလို့ ဆရာတင်လိုက်ရင်တော့ ကျုပ်ခိုင်းတာ ခင်ဗျားလုပ်ရလိမ့်မယ်..."ဟု မိုးဆွေက ပြောလေ၏။

"ဒါကတော့ လုပ်ရမှာပေါ့ဗျာ...၊ ကျုပ်စမ်းတာကို ဖြေနိုင်ရင် ကျုပ်က ဆရာတင်ရမှာပေါ့..."ဟု လူပုကလေးက ပြောလေ၏။

မိုးဆွေသည် ခုတင်ပေါ်၌ လဲလျောင်းလေ၏။ ပါးစပ်၌မူ ဆေးပြင်းလိပ်က ခဲလျက်သား ရှိလေ၏။ ထိုအခါ လူပုကလေးက အောက်ပါပုံဝတ္ထုလေးကို ပြောပြလေတော့၏။

"ဟိုးရှေးရှေးတုန်းက... မင်းသားသုံးယောက်ဟာ တက္ကသိုလ်ဆရာကြီးဆီမှာ ပညာသွားပြီးသင်တယ်...၊ အဲဒီလို ပညာသွားသင်ပြီးတော့...ပညာစုံတော့ တက္ကသိုလ်ဆရာကြီးဆီက ပြန်လာကြတယ်...၊ ပြန်လာတဲ့အခါမှာ အလာတုန်းကလို လမ်းရိုးရိုးက မပြန်ကြဘဲ ဖြတ်လမ်းကနေ ပြန်လာကြတယ်...၊ သူတို့ပြန်လာတဲ့ ဖြတ်လမ်းကလဲ အင်မတန်မှ တောနက်တယ်...၊ ဘယ်လိုလူမျိုးမှ အဲဒီတောအနက်ကြီးထဲကို မပြန်ဝံ့ကြဘူး...၊ ဒါပေမယ့်လို့ သူရသတ္တိနဲ့ ပြည့်စုံတဲ့ မင်းသားသုံးယောက်ကတော့ တောနက်ကြီးထဲကို ရဲရဲဝံ့ဝံ့ဖြတ်လာတယ်...၊ တောရှဲအလယ်လောက်လဲကျရော အဲဒီတောထဲမှာနေတဲ့... ဘီလူးကြီးသုံးယောက် ထွက်လာပြီး... မင်းသားသုံးယောက် ဖမ်းတော့တာပဲ...၊ ပြီးတော့ အရှင်လတ်လတ် စားမယ်ဝါးမယ်လို့ လုပ်တော့တာပဲ...၊ အဲဒီအခါမှာ နှုတ်သွက်လျှာသွက်နိုင်တဲ့ မင်းသားတစ်ပါးက ဘီလူးကို...

အသင်ဘီလူးတို့... ကျုပ်တို့ကို ဒီအတိုင်းစားပစ်ရင်... ပျင်းဖို့အလွန်ကောင်းပါတယ်...၊ အဲဒီတော့ အသင်ဘီလူးတို့ရဲ့ ဒင်းနားပါတီမှာ မပျင်းရအောင် ဉာဏ်စမ်းပုစ္ဆာကလေး တစ်ပုဒ်ဖြေရအောင်...လို့ ပြောလိုက်တယ်...၊

ဘီလူးတွေက မင်းသားပြောတဲ့စကားကို လက်ခံသွားကြတယ်...၊ ကိုယ့်လူရဲ့ဥစ္စာက နိဒါန်းက တယ်ပြီးရှည်ပါလား..."ဟု ပြောလိုက်လေ၏။

"အစကောင်းမှ အနှောင်းသေချာဆိုတဲ့ စကား ရှိတယ်မဟုတ်လား...၊ အဲဒါကောင်းဖို့ လိုတာပေါ့..."ဟု လူပုကလေးက ပြောလိုက်လေ၏။

တဲ... တဲ... ဆက်ပါဦး..."ဟု မိုးဆွေက ပြောလိုက်သဖြင့်... လူပုကလေးသည် အောက်ပါအတိုင်း ဆက်၍ပြောပြန်လေ၏။

"မင်းသားက ဘီလူးတွေကို ဘယ်လိုပြောသလဲဆိုတော့...၊

အသင်ဘီလူးတို့က... ဝိုင်းကြီးပတ်ပတ်လုပ်ပြီးဝိုင်းပြီး... မတ်တပ်ရပ်နေပါ...၊ ကျုပ်တို့သုံးယောက်က အသင်ဘီလူးတို့ရဲ့ ကြားမှာဝင်ပြီး အသီးသီးနေရာယူလိုက်မယ်...၊ အသင်ဘီလူးတို့နဲ့အတူ ဝိုင်းပြီးရပ်နေတဲ့အထဲမှာ ဝင်ပြီးရပ်မယ်...၊ အဲဒီလို







www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီးတဲ့အခါမှာ ဟောဟိုအမြင့်ဆုံးဘီးလူးကြီးကနေစပြီး... တစ်နှစ်သုံးလေး ရေမယ်...၊ နံပတ်တစ်ဆယ်ကျတဲ့နေရာမှာ အသင်ဘီလူးတို့ပဲရှိရှိ...၊ ကျုပ်တို့မင်းသားပဲရှိရှိ သတ်ပစ်ရမယ်၊ တစ်ဆယ်ပြည့်ပြီးရင် တစ်ကနေစပြီးပြန်ရေရမယ်...၊ တစ်ဆယ်ကျရင်တော့ ဘယ်သူကိုပဲဖြစ်ဖြစ် သတ်ပစ်ရမယ်လို့...

မင်းသားကပြောတော့ ဘီလူးတွေက...

သိပ်ကောင်းတယ်...၊ အဲဒီ အတိုင်းလုပ်မယ်ဆိုပြီး...

အရပ်မြင့်ဆုံး ဘီလူးကနေ တစ်နှစ်သုံးလေး ရေလာလိုက်တာ နံပါတ်တစ်ဆယ်ဟာ ဘီလူးဖြစ်နေတယ်...၊ အဲဒီတော့... သတ်ပစ်လိုက်ကြတယ်...၊ ပြီးတော့... ရှေ့ကိုဆက်ပြီး ရေတွက်ကြပြန်ရော... တစ်ဆယ်နေရာမှာ ဘီလူးကိုပဲ တွေ့ပြန်ရော၊ သတ်ပစ်လိုက်ကြပြန်ရော...၊ အဲဒီလိုနဲ့ အဆက်မပြတ်ရေတွက်သွားလိုက်တာ ဘီလူးတွေအားလုံး သေကုန်ပြီး... မင်းသားသုံးယောက်ပဲ ကျန်တော့တယ်တဲ့..."

အဲဒီတော့... မိတ်ဆွေကြီး ကိုမိုးဆွေ၊ ခင်ဗျား ဟောဒီမှာ... ကျုပ်သောက်ပြီးသား ပစ်ထားတဲ့ ဆေးပေါ့လိပ်အတိုကလေးတွေ ရှိတယ်...၊ အဲဒါက ဘီလူးတွေလို့ သဘောထားပါ...၊ ခင်ဗျားဆီက ဆေးပြင်းလိပ်သုံးလိပ်ကိုထုတ်ပြီး မင်းသားလို့ သဘောထားပါ...၊ ပြီးတော့... ဘီလူးတွေရဲ့ကြားထဲမှာ မင်းသားသုံးယောက်ကို နေရာချပြစမ်းပါ..."ဟု လူပုကလေးက ဆေးပေါ့လိပ်သုံးဆယ်ကို ကြမ်းပြင်ပေါ်တွင် စိုက်ထောင်၍ ပေးလိုက်ရင်း...

"ဟောဒါက ဘီလူးသုံးဆယ်..."ဟု ပြောလိုက်လေ၏။

ထိုအခါ မိုးဆွေက သူ၏ဆေးပြင်းလိပ်သုံးလိပ်ကိုထုတ်၍ ဆေးပေါ့လိပ်များကြားတွင် နေရာချပေးပြီးနောက်...

"ဒီအတိုင်းပေါ့ ကိုယ့်လူရာ...၊ မယုံရင်လဲ ရေတွက်ကြည့်ဦးပေါ့" ဟု ပြောလိုက်လေ၏။

လူပုကလေးသည် ရေတွက်ကြည့်လေ၏။ နံပါတ်(၁၀)ကျရောက်သူ၏ ဆေးပေါ့လိပ်တို့များအား...





"မာလကီးသွားလေရော့...၊ ဘီလူးတစ်ကောင်၊ မာလကီးသွားလေရော့... ဘီလူးတစ်ကောင်..."ဟု ပြောဆိုကာ ဘေးသို့ဖယ်၍ဖယ်၍ ပစ်လိုက်လေ၏။ တအောင့်မျှကြာလျှင် သူ၏ဆေးပေါ့လိပ်များ အားလုံးကုန်၍ သွားပြီးလျှင် မိုးဆွေ၏ဆေးပြင်းလိပ်သုံးလိပ်သာလျှင် ကျန်ရှိကြောင်း တွေ့ရလေတော့၏။

ထိုအခါကျမှပင်... လူပုကလေးက...

"ခင်ဗျား... တယ်ပြီးတော်တာပဲ...၊ ဘယ်လိုလုပ်ပြီးတွက်လိုက်တာလဲ...၊ ရှင်းစမ်းပါဦး..."ဟု ဆိုလေတော့၏။

"လွယ်ပါတယ်ဗျာ...၊ စပြီးရေတွက်မယ့်အရပ်အမြင့်ဆုံးဘီလူးကို 'ကကြီး'လို့ သဘောထားပြီး ကျန်တာတွေ 'ခကွေး' 'ဂငယ်' 'ဃကြီး'လို့ ဆိုပြီး ဗျည်းသုံးဆယ့်သုံးလုံးလို့ သဘောထားလိုက်တာပေါ့၊ အဲဒီတော့မှ မင်းသားတွေကို 'နကြီး' 'ဘကုန်း' 'ရကောက်'ကျမယ့်နေရာတွေမှာ နေရချထားပေးလိုက်ရုံပေါ့ဗျာ... ကိုလူပုရယ်၊ (ဏ၊ ဘ၊ ရ)သုံးလုံးဟာ 'ဏဘရ' ဘေးမရှိ ဖြစ်သွားတာပေါ့..."ဟု မိုးဆွေက ရှင်းပြလိုက်ရာ...

လူပုကလေးလည်း လွန်စွာသဘောကျသွားပြီးလျှင်...

"နေဦး... နေဦး... လက်ဖက်ရည်ကြမ်းဆင်းပြီး ယူလိုက်ဦးမယ်၊ တံခါးကို ပိတ်မထားနဲ့ဦး...၊ ပြီးရင် ပုစ္ဆာတစ်ခုမေးဦးမယ်..."ဟု ဆိုကာ အောက်သို့ဆင်း၍ သွားလေတော့၏။

များမကြာမီ၌ပင် လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ပြန်၍ရောက်ရှိလာပြီးနောက် မိုးဆွေအတွက် ရေနွေးကြမ်းငှဲ့၍ပေးကာ ပုစ္ဆာတစ်ပုဒ်ကို မေးပြန်လေတော့၏။

လူပုကလေးသည် လက်ဖက်ရည်ကြမ်းကို ငုံ၍ သောက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်လေ၏။

"ဟိုတုန်းက ဆီဆုံဆိုတဲ့ ရွာကလေးတစ်ရွာမှာ ဆီရောင်းတဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်...၊ အဲဒီဆီသည်မိန်းမကြီးရဲ့ဆိုင်မှာ ချိန်ခွင်တော့ ရှိပါရဲ့...၊ ဒါပေမယ့် အလေးက တစ်လုံးတည်းရှိတယ်...၊ ရှိတဲ့ အလေးကလဲ (၄၀)ဆယ်သားအလေးဖြစ်နေတယ်...၊ ဆီဝယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေက တစ်ကျပ်သား၊ နှစ်ကျပ်သား၊ တစ်ဆယ်သား၊ ငါးကျ
သား ဝယ်ချင်တဲ့အခါမှာ ချိန်ဖို့အလေးကို ကိုယ့်အိမ်က ကိုယ့်ဖာသ
ယူခဲ့ရတယ်...၊ အလေးမယူလာတဲ့သူဆိုရင်တော့ ဆီသည်မကြ
ဟာ (၄၀)သားဝယ်မှ ရောင်းတော့တယ်၊ တစ်နေ့တော့ အင်မတ
စိတ်တိုတဲ့ မုဆိုးဖိုကြီးတစ်ယောက်က... ဆီခြောက်ကျပ်သာ
လာပြီး ဝယ်တယ်၊ မိန်းမကြီးက အလေးမရှိလို့ မရောင်းနိုင်ဘူးလ
ပြောတယ်၊ အဲဒီတော့ မုဆိုးဖိုကြီးက ငါးကျပ်သားပေးပါလ
ပြောတယ်၊ ဆီသည်မိန်းမကြီးက အလေးမရှိလို့မရောင်းနိုင်ဘူးလ
ပြောပြန်တယ်...၊ အဲဒီ တော့ မုဆိုးဖိုကြီးက ကဲဗျာ... ဒါဖြင့်လ
တစ်ဆယ်သားပေးပါလို့ ပြော ပြန်တယ်...၊ မိန်းမကြီးက
တစ်ဆယ်သားချိန်ဖို့ အလေးမရှိဘူးလို့ ပြောပြန်တယ်...၊ အဲဒီတော
နဂိုကမှ မိန်းမမရှိလို့ စိတ်တိုနေတဲ့ မုဆိုးဖိုကြီးက ခင်ဗျားဆိုင်မှ
ဘယ်လောက်အလေးရှိသလဲလို့ မေး လိုက်တယ်၊ မိန်းမကြီးက
ကျွန်မဆိုင်မှာ ဟောဒီ(၄၀)သား အလေး တစ်လုံးပဲ ရှိတယ်လ
ပြောပြီး သူ့ရဲ့တစ်လုံးတည်းသော (၄၀)သား အလေးတ
မုဆိုးဖိုကြီးကို ပြလိုက်တယ်...၊ အဲဒီအခါမှာ မုဆိုးဖိုကြီး တ
(၄၀)သားအလေးတစ်လုံးတည်းထားတော့ ကျုပ်တို့လ
နည်းနည်းပါးပါး ငါးကျပ်သား၊ ခြောက်ကျပ်သား ဝယ်နိုင်တဲ့ ဆင်း
သားက ဘယ်လိုလုပ်ပြီး ဝယ်သုံးမှာတုန်းဗျလို့ဆိုပြီး စိတ်တိုတို
ဆီသည် အဒေါ်ကြီးရဲ့ (၄၀)သားအလေးကို မြေကြီးမှာ ပေါက်ခွဲပ
လိုက်တယ်...၊ မြေကြီးကလဲ ကျောက်မြေဖြစ်လေတော့ လေးစိတ
လေးမွှာကွဲသွားတယ်...၊ လေးစိတ်လေးမွှာ ကွဲသွားတယ်ဆိုပေ
မယ့်လို့ တစ်စိတ်နဲ့ တစ်စိတ်ဟာ ညီညီညာညာကွဲတာမဟုတ်ဘူး...
သူကွဲချင်သလိုကွဲတာ...၊ လေးစိတ်စလုံး တစ်ခုနဲ့တစ်ခု အလေးချိ
ချင်းမတူကြဘူး...၊ အဲဒီတော့ အဒေါ်ကြီးဟာ ကွဲသွားတဲ့ အလေး
လေးခုကို ကောက်ယူထားပြီး... အလေးရှိတဲ့ဆိမှာ သွားချိန်ကြည့်
တယ်...၊ ပြီးတော့ ဆီသည်အဒေါ် ကြီးက အတော့်ကို သဘောက
သွားပြီး မုဆိုးဖိုကြီးကိုပြောလိုက်တယ်...၊ ရှင်... အခုလိုလုပ်လိုက်



တာ ကျွန်မကစိတ်မဆိုးပါဘူး...၊ ဘာဖြစ်လို့လဲဆိုတော့ အခုမှပဲ အဆင်ပြေသွားပါတယ်...၊ တစ်ကျပ်သားကနေ လေးဆယ်သား အထိ ရှင်ဝယ်ချင်သလောက် လာပြီးဝယ်နိုင်ပါပြီ...၊ ကျွန်မမှာ ဟောဒီအလေးကွဲစလေးခုနဲ့ ချိန်ပေးနိုင်ပါပြီလို့ ပြောလိုက်တယ်...၊ အဲဒီတော့...မုဆိုးဖိုကြီးက ကဲဗျာ... ခြောက်ကျပ်သားထည့်ပေးစမ်း ပါလို့ပြောလိုက်တယ်ဆိုရင်ပဲ...၊ မိန်းမကြီးဟာ ချိန်ခွင်ရဲ့နှစ်ဘက်မှာ အလေးကွဲစလေးနှစ်ခုကို တစ်ဘက်တစ်ခုစီထည့်ပြီး ဆီခြောက် ကျပ်သားကိုအလွယ်ကလေး ချိန်ပေးလိုက်နိုင်တယ်...၊ အဲဒီအခါမှာ မုဆိုးဖိုကြီးက မေးတယ်...၊ ခုနစ်ကျပ်သား၊ ရှစ်ကျပ်သားဝယ်ရင် ကော... ချိန်ပေးနိုင်ပါ့မလားလို့ မေးတယ်...၊ ဆီသည်အဒေါ်ကြီး ကလဲ လာခဲ့ပါ...၊ တစ်ကျပ်သားကနေ လေးဆယ်သားအထိ ကောင်း ကောင်း ချိန်ပေးနိုင်ပါတယ်လို့ အာမခံတယ်...

အဲဒီလိုဆိုတော့... ဆီသည်အဒေါ်ကြီးရဲ့ (၄၀)သားအလေးကြီး ဟာ လေးစိတ်ကွဲသွားတယ်လို့တော့ ပြောထားပါတယ်...၊ အကွဲစတွေ ဟာ တစ်စနဲ့တစ်စ အလေးချိန်မတူဘူးလို့လဲ ပြောထားပါတယ်...၊ အဲဒီတော့ ကိုမိုးဆွေခင်ဗျား... ဆီသည်အဒေါ်ကြီးရဲ့ အလေးကွဲစ လေးခုဟာ ဘယ်လောက်သားစီ ရှိကြပါသလဲ...၊ အဲဒါကလေးကို လက်ဖက်ရည်ကြမ်းကလေးသောက်ပြီး ဖြေစမ်းပါဦး..."ဟု လူပု ကလေးသည် မိုးဆွေအတွက် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့၍ ပေးလိုက်လေ၏။ မိုးဆွေလည်း လက်ဖက်ရည်ကြမ်းကို မှုတ်၍ သောက်ရင်း မျက်မှောက်ကြုတ်၍ တစ်ချက်မျှ စဉ်းစားလိုက်ပြီးနောက်

"ဒီမှာကိုလူပု...၊ တစ်ကျပ်သားအလေးကတစ်လုံး၊ (၃)ကျပ်သား အလေးကတစ်လုံး၊ (၉)ကျပ်သားအလေးကတစ်လုံး၊ (၂၇)ကျပ်သား အလေးကတစ်တုံးပေါ့ဗျာ..."ဟု ဖြေလိုက်လေ၏။

"ဒီလိုဆိုရင်... ခြောက်ကျပ်သားချိန်ပြစမ်း..."ဟု လူပုကလေး က ပြောလေ၏။

"ဘာများခက်တော့လို့လဲဗျာ...၊ (၉)ကျပ်သားကတစ်ဘက်၊ (၃) ကျပ်သားကတစ်ဘက်ထားပြီး ချိန်လိုက်ရုံပေါ့..."ဟု မိုးဆွေက ဖြေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

"အစိတ်သားချိန်ပါဦး..."ဟု လူပုကလေးက ပြောပြန်လေ၏။

"(၂၇)ကျပ်သားနဲ့ (၁)ကျပ်သားအလေးကတစ်ဘက်... (၃)ကျပ်သားအလေးကတစ်ဘက် ချိန်လိုက်ရုံပေါ့ ကိုလူပုရယ်..."ဟု မိုးဆွေက ပြောလိုက်လေ၏။

"(၁၇)ကျပ်သားချိန်ပြပါဦး..."ဟု လူပုကလေးက မေးပြန်လေ၏။

"(၂၇)ကျပ်သားအလေးကတစ်ဘက်... တစ်ခြားတစ်ဘက်မှာ (၉)ကျပ်သားအလေးနဲ့ တစ်ကျပ်သားကို ပေါင်းပြီးထည့်မယ်ဗျာ..."ဟု မိုးဆွေက ပြောလိုက်ပြန်၏။

"သိပ်ဟုတ်တာပဲ... ခင်ဗျားဖြေနိုင်တယ်... ဒါပေမယ့်လို့ မေးရဦးမယ်... ကျုပ်အောက်ကိုဆင်းပြီး လက်ဖက်ရည်ခွက် အချိုမှာလိုက်ဦးမယ်..."ဟု ဆိုကာ လူပုကလေးသည် အောက်ထပ်သို့ဆင်း၍ လက်ဖက်ရည်အချို မှာယူ၍ မိုးဆွေအား တိုက်လေ၏။ ၎င်းကိုယ်တိုင်လည်း သောက်လေ၏။

ထို့နောက် လူပုကလေးသည် ဆေးပေါ့လိပ်တစ်လိပ်ကို ဖွာရှိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်လေ၏။

"ဟိုးရှေးရှေးတုန်းက... ပညာရှင်ကြွဆိုးမြွေဟောက်လို့ခေါ်တဲ့ လူတွေဟာ... ပညာရပ်ကျမ်းတွေရော... သူတို့ရှာဖွေထားတဲ့ ရွှေငွေကျောက်သံပတ္တမြားအချို့ကိုရော.. ရွှေရောင်ခေါင်းကြီးတစ်လုံးထဲမှာ ထည့်ပြီးထားတယ်ဆိုပဲ... အဲဒါကို ဖိုးသူတော်တစ်ယောက်နဲ့ စံဖိုးဆိုတဲ့ လူလည်တစ်ယောက်က ခိုးသွားတယ်တဲ့... အဲဒီပစ္စည်းကို သွားရည်ကျတဲ့လူပုလေးတစ်ယောက်ဟာ သတင်းအနံ့လိုက်ပြီး စုံစမ်းနေတယ်ဆိုပဲ..."

လူပုကလေး စကားဆုံးသည်နှင့်တစ်ပြိုင်နက် မိုးဆွေက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။

"ဟား... ဟား... ဟား..."

"ဘာရယ်တာလဲ..."ဟု လူပုကလေးက မေးလေ၏။





"ကိုလူပု... ခင်ဗျားစိတ်ကူးမဆိုးဘူးဗျ... ဒါပေမယ့် အဲဒီပစ္စည်းတွေ ရဖို့ဆိုတာ လွယ်ပါ့မလား... ခင်ဗျားလိုပဲ သတင်းကြားတဲ့လူတွေက အဲဒီနောက်ကို အနံ့ခံပြီး လိုက်နေကြမှာပေါ့..."ဟု မိုးဆွေက ပြောလိုက်လေ၏။

"အဲဒီလို အနံ့ခံပြီး လိုက်နေတဲ့အထဲမှာ ခင်ဗျားလဲပါတယ်မဟုတ်လား... ကိုမိုးဆွေ..."ဟု လူပုကလေးက ပြောလိုက်လေ၏။

ထိုအခါ မိုးဆွေက ခေါင်းကိုဖြေးညင်းစွာ ခါယမ်းလိုက်ပြီးလျှင်

"မဟုတ်ဘူး... ဘာပစ္စည်းကိုမှ ကျုပ်မလိုချင်ဘူး... ဒါပေမယ့် အဲဒီနောက်ကို ကျုပ်လိုက်နေတာပဲ... အဲဒီပစ္စည်းကို ရအောင်ယူဖို့ပဲ" ဟု ပြောလိုက်ရာ...

လူပုကလေးက...

"ခင်ဗျားစကားက ရှုပ်နေတာပဲဗျာ... ဘာပစ္စည်းမှလဲ မလိုချင်ဘူးပြောသေးတယ်... ပစ္စည်းနောက်ကို လိုက်နေတယ်လို့လဲ ပြောပြန်တယ်... ပြီးတော့... အဲဒီပစ္စည်းကို ရအောင်ယူဖို့ပဲလို့ ပြောနေတယ်... တိရစ္ဆာန်တွေပြောတဲ့ 'မာဂဓ'စကားနဲ့ မပြောပါနဲ့ဗျာ... လူစကားနဲ့ပြောပါဗျာ..."ဟု ပြောလိုက်လေ၏။

"အေးလေ... ကျုပ်ပြောတာရှင်းနေတာပဲ... ပစ္စည်းနောက်ကို လိုက်နေတယ်... ပစ္စည်းကိုရအောင်ယူမယ်... ဒါပေမယ့် ကျုပ်အနေနဲ့တော့ ပစ္စည်းမလိုချင်ဘူး... အဲဒါ ခင်ဗျာမရှင်းဘူးလား... လွယ်လွယ်ကလေးပါဗျာ... ခင်ဗျားက သေသေချာချာနားမထောင်ဘဲ ကျုပ်ကိုယ်တိုင်ကတော့ မလိုချင်ဘူး... လိုချင်တဲ့ တစ်စုံတစ်ယောက်ကတော့ ရှိနေတယ်... သူ့အတွက် ကျုပ်က ယူပေးရမှာပဲ..."ဟု မိုးဆွေက ပြောလိုက်လေ၏။

ထိုအခါ လူပုကလေးက...

"နေစမ်းပါဦး... ကိုမိုးဆွေရယ်... ဒီလူကလဲ ကိုယ်လိုချင်တဲ့ ပစ္စည်းကို ကိုယ့်ဟာကို မရှာဘဲ... ခင်ဗျားကို လူငှားလုပ်ပြီးသုံးရသလား..."ဟု မေးလိုက်လေ၏။

"သူဟာသူ... မရှာနိုင်တဲ့လူမို့ပေါ့ဗျာ..."ဟု မိုးဆွေက ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။

"သိပြီ… သိပြီ… သူ့ဘာသာသူ မရှာနိုင်ဘူးဆိုကတည်းက ဒီလူဟာ ဒုက္ခိတဖြစ်မယ်…"ဟု လူပုကလေးက ပြောလေ၏။

"မှန်တာပေါ့ ကိုလူပုရယ်… သဘာဝဒုက္ခိတတစ်မျိုးပေါ့…"ဟု မိုးဆွေက ပြောလျှင်…

ကိုလူပုကလေးက…

"ဘာလဲဗျာ… သဘာဝဒုက္ခိတဆိုတာ…"ဟု မေးလိုက်လေ၏။

"သဘာဝတရားက ဒုက္ခိတဖြစ်အောင် လုပ်ထားတာကို ပြောတာဗျ… အဲဒါ မိန်းမလေဗျာ… အဝေနိက ဒုက္ခတွေ ထမ်းဆောင်နေတဲ့ အမျိုးသမီးပေါ့ဗျာ… သူ့နာမည်က 'မြနန်းနွယ်'လို့ ခေါ်တယ်… မြန်မာ-တရုတ်ကပြားအမျိုးသမီးတစ်ဦးပါပဲ… သူက စောစောက ခင်ဗျားပြောတဲ့ ပညာရှင်မြွေဆိုးမြွေဟောက်တွေဆီက ရွှေရောင်ခေါင်းကြီးကို သူက မရရင် မဖြစ်တဲ့အကြောင်း ရှိနေတယ်… အဲဒါ ကျုပ်ကို ကန်ထရိုက်နဲ့ ငှားတာပဲ…"ဟု မိုးဆွေက ပြောလိုက်လေ၏။

"ကန်ထရိုက်နဲ့ငှားတယ်ဟုတ်လား… ကန်ထရိုက်က ဘယ်လောက်ပေးပြီး ငှားတာတုန်း…"ဟု လူပုကလေးက မေးလိုက်လေ၏။

"ကျုပ်က မြနန်းနွယ်ဆိုတဲ့ မိန်းမကို အသေအလဲကြိုက်တယ်လေဗျာ… သူက ကျုပ်ကို လုံးဝစိတ်မဝင်စားဘူး… အဲဒီကိစ္စပေါ်လာတော့ သူက သူ့အတွက် စွန့်စားပေးမယ်လူတွေကို သူ့နည်းသူ့ဟန်နဲ့ တင်ဒါခေါ်လိုက်တယ်… အဲဒီအထဲမှာ ကျုပ်ဟာ ဈေးနှုန်းအသက်သာဆုံး တင်ဒါတင်သွင်းသူဖြစ်တယ်ဗျ… တစ်ချို့ ရွှေဘယ်လောက်သား ပေးရမယ်… စိန်က ဘယ်လောက်ပေးရမယ်… တစ်ချို့လဲ အဲဒီကိစ္စအောင်မြင်ခဲ့ရင် မြနန်းနွယ်က သူတို့ကို ယူရမယ်ပေါ့ဗျာ…"ဟု မိုးဆွေက ပြောလိုက်လေ၏။

"ဟုတ်ပါပြီ… ဟိုလူတွေတောင်းတဲ့နှုန်းကိုတော့ သိပါပြီ… ကိုမိုးဆွေတောင်းခဲ့တဲ့ ဈေးနှုန်းကိုလဲ ပြောပါဦး…"ဟု လူပုကလေးက မေးလိုက်လေ၏။

"ကျုပ်က… မြနန်းနွယ် အင်မတန်လိုချင်နေတဲ့ အဲဒီပစ္စည်းကြီး





ကိုလဲ ယူပေးမယ်… လမ်းမှာ သတ်စရာရှိတဲ့လူတွေကိုလဲ သတ်မယ်၊ ကျုပ်အောင်အောင်မြင်မြင်နဲ့ ပြန်လာတဲ့အခါမှာ မြနန်းနွယ်က 'ကိုမိုးဆွေလို ယောက်ျားပီသပြီး… စွန့်စားဝံ့တဲ့လူတစ်ယောက်ကို ကျွန်မမချစ်မိတာ မှားမိလေခြင်း…'ဆိုတဲ့ စကားလေးတစ်ခွန်းပဲ ပြောရမယ်… ကျုပ်ကိုယူဖို့လဲ မလိုဘူး… ကျုပ်ကို စိန်တွေရွှေတွေပေးဖို့လဲ မလိုဘူး… ကျုပ်ကတော့ အဲဒီစကားကလေးတစ်ခွန်းပဲ ကြားချင်တာနဲ့ကိုပဲ ကျုပ်အသက်ကို သေမင်းဆီမှာ စာချုပ်စာတမ်းနဲ့ ပေါင်လိုက်တဲ့သဘောပဲ…"ဟု မိုးဆွေက ပြောလိုက်ရာ…

လူပုကလေးက…

"အဲဒီစကားကလေးတစ်ခွန်းအတွက်နဲ့ပဲ… ခင်ဗျားက စွန့်စားတော့မှာလား… မြနန်းနွယ်ကို ရရင်ကော မယူဘူးလား…"ဟု မေးလိုက်လေ၏။

"ကျုပ်ကို မေတ္တာမရှိဘူးလို့ ပြောထားတဲ့မိန်းမတစ်ယောက်ကို ကျုပ်… လုံးဝမယူနိုင်ဘူး… ဒါပေမယ့် သူ့ပါးစပ်ကနေ… ဒီလို… ပြောမိတာ မှားပါတယ်ဆိုတာကိုတော့ ဝန်ခံစေချင်တယ်… အဲဒီစကားဟာ ဒီကမ္ဘာလောကကြီးမှာရှိတဲ့ စကားအားလုံးထက် သုတိဩဘာမင်္ဂလာအရှိဆုံးစကားလို့ ကျုပ်ယူဆတယ် ကိုလူပုရယ်…"ဟု မိုးဆွေက ပြောလိုက်လျှင်…

လူပုကလေးက ခေါင်းကို တွင်တွင်ယမ်း၍…

"ခင်ဗျားကတော့ အတော့်ကိုတော်ပါတယ်… ဒါပေမယ့် ဒီအချက်တစ်ချက်ကတော့ အတော့်ကိုရှော်တယ်လို့… ကျွန်တော်ယူဆတယ်…"ဟု လူပုကလေးက ပြောလိုက်လေ၏။

"ဒါကတော့ ကိုလူပုရယ်… ကိုယ့်စိတ်ကူးနဲ့ကိုယ်… အလုပ်လုပ်ကြတာပေါ့…"ဟု မိုးဆွေက ပြန်၍ပြောလိုက်လေ၏။

"အင်းလေ… ရွှေခေါင်းကြီးရတဲ့အထိကတော့… အတူတူလုပ်ရတာပေါ့… အဲဒါရပြီးရင် ကျုပ်ကလဲ အဲဒီပစ္စည်းကို လိုချင်တယ်… ခင်ဗျားကလဲ မြနန်းနွယ်ကို အဲဒီပစ္စည်းကြီးအပ်ချင်လိမ့်မယ်… အဲဒီအခါကျမှတော့လဲ… ခင်ဗျားနဲ့ကျွန်တော် တစ်ပွဲတ[illegible]မ်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရတာမှာပေါ့ဗျာ...”ဟု လူပုကလေးက ပြောလိုက်ရာ...

“ကျုပ်လဲ... အဲဒါကိုတွေးပြီး... စိတ်မကောင်းဖြစ်နေတာပါပဲ... ခင်ဗျားကိုသတ်ရမှာ အားနာသလိုပဲ...”ဟု ပြောလိုက်လေ၏။

ထိုအခါ လူပုကလေးက သဘောကျလွန်းသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။

“ဟား...၊ ဟား...၊ ဟား...၊ ဟား...”





# ကံတော်အစစ်

တစ်နေ့သ၌ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့ကလေး၏ ဈေးသို့ ဖိုးသူတော်ကြီးတစ်ဦးနှင့် ဖိုးသူတော်လေးတစ်ဦးတို့သည် ဆန်တောင်းနှင့် ထမ်းပိုးဆိုင်းထမ်းများကိုထမ်းကာ ဈေးအတွင်း လှည့်လည်၍ နေလေ၏။ မကြာမကြာ၌လည်း ဖိုးသူတော်ကြီးသည် သူ၏ကြေးစည်ကို ထုလေ၏။ သူ၏ကြေးစည်သံမှာလည်း ကြားသူ၏ နားအတွင်းသို့ စူး၍ဝင်သွားဘိသကဲ့သို့ ရှိလေ၏။ တစ်မျိုးတစ်ဖုံအားဖြင့် ထူးဆန်းသည်ဟု ဆိုရပေမည်။

ထိုနေ့မှာ ညောင်ရွှေဈေးနေ့ဖြစ်သဖြင့် လွန်စွာစည်ကားလှပေ၏။ ဖိုးသူတော်ကြီးနှင့် ဖိုးသူတော်ကလေးတို့သည် ညောင်ရွှေဈေးအား တစ်ပတ်ပြီးတစ်ပတ် ပတ်၍ အလှူခံနေလေ၏။ အတော်အတန် ဈေးကွဲစပြုပြီးအချိန်၌မူ အသက်(၃၀)ခန့်ရှိသော လူငယ်တစ်ဦးသည် ဖိုးသူတော်နှစ်ဦးရှေ့မှဖြတ်၍ လျှောက်သွားလေ၏။ ဖိုးသူတော်နှစ်ဦးလည်း ၎င်းလူငယ်၏နောက်မှ မယောင်မလည် လိုက်၍သွားကြလေ၏။ ဈေးကိုလွန်၍ လျှောက်ကြ၏။ ချောင်းကလေးတစ်ခုအနီးမှ ဖြတ်၍သွားကြ၏။ တံတားကလေးတစ်ခုကို ဖြတ်ကျော်ကြ၏။

ထို့နောက် ရှမ်းမနိုင်ပန်းဟုဆိုကာ ပန်းပွင့်ဝါဝါကလေးများ အလေ့ကျပေါက်၍ နေပြီးလျှင် မြက်များထူထပ်သော ခြံတစ်ခုရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိကြလေ၏။ ထိုခြံဝင်း၏ အလယ်၌ကား ဝါးထရံကာ၍ သွပ်ပြားများကို ဝါးလုံးများဖြင့် ကုတ်ဖိ၍ မိုးထားသော အိမ်ကလေး တစ်လုံးရှိလေ၏။ ဖိုးသူတော်ကြီးရှေ့မှ ဖြတ်လျှောက်သွားသော လူငယ်သည် ထိုခြံဝင်းအတွင်းသို့ ဝင်လေ၏။ ပြီးလျှင် မသေမသပ် ပြုလုပ်ထားသော ဝါးတံခါးလေးကို သွပ်နန်းကြိုးဖြင့် ပြန်၍ ပိတ်လေ၏။ ဖိုးသူတော်ကြီးလည်း လူငယ်ပိတ်သော သွပ်နန်းကွင်းကိုဖြုတ်၍ တံခါးကိုဖွင့်လေ၏။

လူငယ်ကလေးက အသံဝဲဝဲဖြင့်...

"ဘာကိစ္စလဲ..."ဟု မေးလေ၏။

ထိုအခါ ဖိုးသူတော်ကြီးက...

"ဒီအိမ်မှာ အင်္ဂုရတ်ဆရာရှိတယ်ဆိုလို့ လာတာပါ...၊ အဲဒီတော့ မင်းရဲ့ဆရာကို သွားမေးလေကွာ...၊ ဖိုးသူတော်နှစ်ယောက် ရောက်နေတယ်လို့...၊ မင်းဆရာကြီးမှာ လိုတဲ့ဟာတွေ ဖြည့်ပေးချင်လို့ လာတာပါကွာလို့..."ဟု လူငယ်အား ပြောလိုက်ရာ...

လူငယ်လည်း ခြံကိုဖြတ်၍ အိမ်ဆီသို့ ခပ်သုတ်သုတ်ဝင်သွားလေ၏။

ထိုအခါ ဖိုးသူတော်လေးက ငင်းရှေ့မှ ဖိုးသူတော်ကြီးအား...

"ဦးရယ်မောရဲ့...၊ ဒီအိမ်မှာ အင်္ဂုရတ်ဆရာရှိတယ်ဆိုတာ သေချာရဲ့လား...၊ ဘုမသိ၊ ဘမသိ အူကြောင်ကြောင်နဲ့ဗျာ..."ဟု ဖိုးသူတော်လေးက မေးလိုက်ရာ...

ဦးရယ်မောဟု အခေါ်ခံရသော ဖိုးသူတော်ကြီးက...

"သေချာပါတယ် ဆရာကိုစံဖိုးရဲ့...၊ စောစောကကောင်ကလေးက နံပါတ်(၈)လုံးနှစ်လုံးရယ်...၊ ဆေးဒန်းရယ်...၊ ဇဝက်သာရယ်... ပရဆေးဆိုင်ကဝယ်ပြီး ထွက်လာတာ ကျုပ် သေသေချာချာ မြင်လိုက်ပါတယ်..."ဟု ပြန်၍ပြောလိုက်လေ၏။





ထိုအချိန်၌ပင် စောစောက လူငယ်ကလေး ပြန်၍ထွက်လာပြီးလျှင် ဦးရယ်မောနှင့် မောင်စံဖိုးအား ခေါ်ယူလေ၏။

ထိုအခါ ဦးရယ်မောက... မောင်စံဖိုးအား...

"ကဲ... ကျုပ်မပြောဘူးလား..."ဟု ဆိုကာ...

လူငယ်ကလေး၏နောက်သို့ လိုက်ပါသွားလေ၏။ အိမ်ပေါ်သို့ ရောက်သောအခါ၌ လူကြီးတစ်ဦးက ဦးရယ်မောနှင့် မောင်စံဖိုးအား သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများ ပေးလေ၏။

ထိုအခါ ဦးရယ်မောက...

"ဘယ်လိုလဲ... မိတ်ဆွေကြီးရယ်၊ မြင်မြင်ချင်း ဘဝက ရေစက်လို့ပဲ ဆိုရမှာပဲ၊ ကျုပ်ကတော့ မေတ္တာသက်ဝင်မိပါတယ်...၊ ဒါကြောင့် အကူအညီပေးမယ်လို့ဆိုပြီး လာခဲ့တာပါ...၊ မိတ်ဆွေကြီး... အခုလုပ်နေတဲ့လမ်းက နီးစပ်ပြီလား..."ဟု မေးလိုက်ရာ...

"လုပ်တုန်းပါပဲ...၊ မနီးစပ်သေးပါဘူး..."ဟု ပြန်၍ပြောလေ၏။

"ကဲ... ဒီလိုဆိုရင်၊ ကျုပ်တို့က ကူညီရတာပေါ့ဗျာ...၊ ဟောဒီမှာ ကျုပ်တို့လုပ်ထားတဲ့ ကိတ်ကိုကြည့်ပါဦး..."ဟု ဆိုကာ ဦးရယ်မောလည်း အင်္ဂုရတ်ဆရာကြီးအား ရွှေတုံးကလေးတစ်တုံးကို ပေးလိုက်လေ၏။ အင်္ဂုရတ်ဆရာကြီးသည် ဦးရယ်မော၏။ ရွှေတုံးကြည့်ပြီးနောက်...

"အဆင်းရော...၊ အလင်းရော... အတော့်ကို ကောင်းပါပေတယ်...၊ ပဲနှစ်ဆယ်လောက်ကို ရှိပါပေတယ်...၊ ဂဏအားလဲ ကောင်းပါပေတယ်၊ လောင်မီးနဲ့ တို့ကြည့်ချင်တယ်..."ဟု ပြောလိုက်လေ၏။

"မာတ်မှာ ကိတ်ဖြစ်ရင် သောတာပန်ဖြစ်ပြီဗျ...၊ ငရဲမကျတော့ဘူး...၊ ခင်ဗျားက ငရဲမီးနဲ့စားကြည့်ချင်လို့လား...၊ လုပ်ကြည့်လေ..."ဟု ဦးရယ်မောက ပြောလိုက်ရာ...

အင်္ဂုရတ်ဆရာကြီးလည်း ဖိုခန်းအတွင်းသို့ဝင်သွား၍ မှတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နှင့် ငရဲမီးပုလင်းကလေးကိုယူ၍ ပြန်ထွက်လာခဲ့လေ၏။ ထို့နောက် အဂ္ဂိရတ်ဆရာကြီးသည် ဖိုးသူတော်ကြီး၏ ရွှေတုံးကလေးအား မှတ်ကျောက်နှင့်တိုက်ကြည့်ပြီးလျှင် ငရဲမီးနှင့်တို့ကြည့်လေ၏။ ထို့နောက် ကျေနပ်စွာ ပြုံးလိုက်လေ၏။

"သောတာပန်အစစ်ပဲ...၊ တစ်ခုတော့ရှိတယ်...၊ ဘော်နှစ်ဆနဲ့ ပေါင်းပြီး ငရဲမီးနဲ့ချက်လိုက်ရင် ဘယ်လိုနေမလဲ..."ဟု အဂ္ဂိရတ်ဆရာကြီးက ပြောလိုက်လေ၏။

"ဗျိုင်းကို ဖြူအောင်လို့ ထုံးသုတ်သလို ရှိတော့မပေါ့ မိတ်ဆွေကြီးရာ...၊ ပရပိုက်ခေါက် ရွှေဖြစ်နေမှာတော့ ဘာပဲထပ်လုပ်လုပ် ရွှေဟာရွှေပဲပေါ့...၊ မယုံရင်လဲ စမ်းကြည့်လေ..."ဟု ဦးရယ်မောက ပြောလျှင်...

အဂ္ဂိရတ်ဆရာကြီးက...

"စမ်းတော့ကြည့်ချင်ပါသေးတယ်..."ဟု ဆိုကာ...

မီးဖိုအတွင်း၌ ဖိုးသူတော်ကြီးနှစ်ဦးထိုင်ရန်အတွက် ပက်လက်ကုလားထိုင်နှစ်လုံးကို ချလေ၏။ ထို့နောက် ဖိုးသူတော်နှစ်ဦးအား စားသောက်ရန်အတွက် ရှမ်းခေါက်ဆွဲများ၊ တို့ဟူးကြော်များ၊ လက်ဖက်ရည်အချိုများကို ဝယ်ယူကာ စားပွဲခုံကလေး၌ စိတ်ကြိုက်စားသောက်နိုင်ရန် တင်၍ပေးထားလေ၏။

ဖိုးသူတော်ကဲ့သို့ ဝတ်ဆင်ထားသော ဦးရယ်မောနှင့် မောင်စံဖိုးတို့လည်း ရှမ်းခေါက်ဆွဲများကို စားကြကုန်၏။ လက်ဖက်ရည်အချိုကို သောက်ကြကုန်၏။ တို့ဟူးကြော်နှင့် ရေနွေးကြမ်းကို မြည်းကြကုန်၏။ ပြီးလျှင် ဖိုးသူတော်ကြီးက ပိုလိုစီးကရက်သောက်ချင်သည်ဆိုသဖြင့် အဂ္ဂိရတ်ဆရာကြီးသည် ၎င်းတပည့်ကလေးအား ပိုလိုစီးကရက်တစ်ဘူးဝယ်ခိုင်းပြီးလျှင် မီးခြစ်တစ်လုံးပါ ရှာပေးထားလေ၏။ ဖိုးသူတော်နှစ်ဦးလည်း ပိုလိုစီးကရက်များကို သောက်ဖွာကြကုန်





၏။

အဂ္ဂိရတ်ဆရာကြီးသည် ဖားဖို၌ ဖိုးသူတော်ကြီး၏ ရွှေတုံးကလေးကို ကျို၍ ဥစိတ်ခွဲလေ၏။

(ဥစိတ်ခွဲသည်ဆိုခြင်းမှာ ရွှေကိုကျို၍ အရည်ဖြစ်သောအခါ ရေဇလုံအတွင်းသို့ အမြင့်မှ လောင်းချခြင်းဖြစ်သည်။ ထိုသို့မလောင်းချမီ၌လည်း ရေဇလုံထဲအတွင်းရှိ ရေကိုမွှတ်၍ လည်နေအောင် လက်ဖြင့်မွှေ၍ ထားရလေ၏။ ထိုသို့လည်နေသော ရေအတွင်းသို့ အရည်ပျော်လျက်ရှိသော ရွှေကို အမြင့်မှ လောင်းချလိုက်သောအခါ၌ ရွှေသည် အစိတ်စိတ်အမြွှာမြွှာကွဲ၍ အစအနကလေးများဖြစ်၍ သွားလေတော့၏။ ထို့နောက် ထိုရွှေကလေးများ၏ အလေးချိန်နှင့် နှစ်ဆရှိသော ဘော်ဖြင့်ပေါင်းကာ ငရဲမီးထဲထည့်၍ မီးဖြင့် ချက်ခြင်း ဖြစ်၏။ အကယ်၍ ရွှေအစစ်မဟုတ်ပါက ထိုသို့ချက်လိုက်သည်နှင့် အခိုးအငွေ့များဖြစ်ကာ ပျောက်ပျယ်လွင့်စင်၍ သွားလေ၏။ ထိုသို့ချက်လုပ်သည်ကို 'အမ်စီ'ချက်သည်ဟု ခေါ်၏။ မြန်မာပြည်ရွှေလောကတွင် 'မက္ကာရီချောင်ဒရီး'ဆိုသော ကုလားတစ်ယောက်သည် ထိုလုပ်ငန်းကို စတင်၍ လုပ်ကိုင်ခဲ့သည်ကို အစွဲပြု၍ ၎င်းမက္ကာရီချောင်ဒရီး၏ နာမည်အဖျားစာလုံးများဖြစ်သော 'အမ်'နှင့် 'စီ'ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်၏။)

အဂ္ဂိရတ်ဆရာကြီးသည် ဦးရယ်မော၏ရွှေတုံးကို 'အမ်စီ'ချက်ကြည့်ပြီးနောက် လုံ၌ထည့်၍ ပြန်ကျိုလေ၏။ ပြီးလျှင် ချိန်ခွင်၌ချိန်ကြည့်ပြန်ရာ အလေးချိန်မလျော့ကြောင်း တွေ့ရလျှင်...

"ကိတ်အစစ်...၊ သောတာပန်အစစ်ဆိုတော့လဲ ငရဲမကျတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ဖိုးသူတော်ကြီးရယ်...၊ အဲဒီနည်းကလေးများ ကျွန်တော့်ကို ချီးမြှင့်မလို့ ကြွလာတာလား..."ဟု လွန်စွာ ပြုံးရွှင်သောမျက်နှာထား ဖြင့် မေးလေ၏။

"နည်းလဲပေးရမှာပေါ့ဗျာ...၊ လောလောဆယ်တော့ ကျုပ်တို့ ဆီမှာပါလာတဲ့ ကိတ်တွေကို ထုခွဲပေးပါဦး"ဟု ဆိုကာ ဦးရယ်မောသည် အင်္ဂါရတ်ဆရာကြီးအား ရွှေတုံးကလေးကိုးတုံးကို ပေးလိုက်လေ၏။

ထိုအခါ အင်္ဂါရတ်ဆရာကြီးလည်း...

"ရပါတယ်...၊ ရပါတယ်...၊ ထုခွဲလို့ ကောင်းကောင်းရပါတယ်၊ ဒီလိုဟာမျိုးဆိုရင် ဆယ်ပိဿာယူခဲ့ရင်လဲ... ကောင်းကောင်းထုခွဲလို့ ရပါတယ်..."ဟု ပြောလေ၏။

"ကဲ... ကောင်းပြီ၊ ဘယ်မှာထုခွဲမှာလဲ...၊ သွားပြီးထုခွဲပေတော့" ဟု ဦးရယ်မောက ပြောလျှင်...

အင်္ဂါရတ်ဆရာကြီးက...

"တောင်ကြီးမြို့မှာ စီးပွားရေးသေသေချာချာလုပ်တဲ့ တရုတ် သူဌေးကြီး 'ဦးတန်ဖဲယား'ဆိုတာ ရှိတယ်...၊ ရွှေဆိုရင်... ရောင်းရင် လဲဝယ်တယ်...၊ ပေါင်မယ်ဆိုရင်လဲ အပေါင်ခံတယ်...၊ သူ့ဆီမှာ ထုခွဲ လို့ရမှာ...၊ သူက ငွေအားကောင်းတယ်..."ဟု ပြောလေ၏။

"ကဲ... ကောင်းပြီလေ၊ သွားပြီး ထုခွဲပေတော့...၊ အပြန်မှာ... ကုလားမ ခြင်းတောင်းဆွဲနို့ဆီတစ်သေတ္တာ၊ နှင်းဆီပန်းတံဆိပ် နို့စိမ်းတစ်သေတ္တာ၊ ပိုလ်ဆင်ကော်ဖီတစ်ဘူး၊ ပိုလိုစီးကရက် နှစ်ကာတွန်း၊ ပြီးတော့... ပရဆေးဆိုင်ဝင်ပြီး သွပ်လဲနည်းနည်းပါပါ ဝယ်ခဲ့ပါဦး...၊ ဟောဒီ ဖိုးသူတော်လေးက သွပ်ဖမ်းချင်လို့တဲ့...၊ အပျင်းပြေဓာတ်ဖမ်းမယ်၊ ခင်ဗျားလဲ ပညာရတာပေါ့..."ဟု ဦးရယ် မောက ပြောလိုက်ရာ... ခင်ဗျားလဲ ပညာရတာပေါ့..."ဟု ဦးရယ် မောက ပြောလိုက်ရာ...





အင်္ဂါရတ်ဆရာကြီးလည်း...

"ဟုတ် ဟုတ်ကဲ့"ဟု ပျာပျာသလဲ... အဖြေပေးလေ၏။

ဦးရယ်မောနှင့် တွေ့သောအခါ၌ အင်္ဂါရတ်ဆရာကြီးလည်း အင်္ဂါရတ်တပည့်ကြီးဖြစ်၍သွားလေတော့၏။ များမကြာမီ၌ ထိုဆရာ ကြီးသည် အဝတ်အစားလဲကာ ဦးရယ်မောထံမှ ရွှေတုံးကလေး ကိုးတုံးအား ထုခွဲရန်အတွက် တောင်ကြီးသို့ ထွက်ခွာသွားလေတော့ ၏။

နေ့လယ်သို့ရောက်သောအခါ အင်္ဂါရတ်ဆရာကြီးသည် နို့ဆီ သေတ္တာ၊ နို့စိမ်းသေတ္တာများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ပြန်လည်၍ ရောက်ရှိလာလေတော့၏။

ထို့နောက် ဦးရယ်မောနှင့် မောင်စံဖိုးတို့အိပ်ရန်အတွက် ဖျူးစင် သန့်ပြန့်သော အိပ်ရာနှစ်ခု ခင်းပေးလေ၏။ ဖိုးသူတော်မောင်စံဖိုး ကမူ ဖိုခန်းသို့ဝင်၍ မီးမွှေးလေ၏။ မီးမွှေးပြီးလျှင် ဖိုခွင်ပေါ်၌ ရေနွေး အိုးတစ်လုံးတည်လေ၏။

ထိုအခါ အင်္ဂါရတ်ဆရာကြီးက...

"ဖိုးသူတော်ကလေး... ဘယ်ဓာတ်ကို ကစားမလို့လဲ..."ဟု မေး လေ၏။

"ပထမဦးဆုံးကစားမှာကတော့ ကော်ဖီဓာတ်ပဲဗျို့..."ဟု မောင် စံဖိုးကပြောလျှင်...

အင်္ဂါရတ်ဆရာကြီးက...

"ကော်ဖီဓာတ်ဟုတ်လား...၊ မကြားဘူးပါဗျာ...၊ ရှင်းစမ်းပါဦး..." ဟု မေးလေ၏။

"ဘာများရှင်းစရာရှိလဲ ဆရာကြီးရယ်...၊ ရေနွေးအိုးတည်မယ် ဆူရင်ကော်ဖီနှပ်မယ်...၊ ပြီးရင် ကော်ဖီဖျော်မယ်...၊ အဲဒီနောက်မှာ ပေါင်မုန့်ကိုမီးကင်ပြီး... ဂျင်သုတ်မယ်...၊ အားလုံးပြီးတော့ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ရယ်…၊ ကျုပ်ရယ်…၊ ဟိုမှာလှဲနေတဲ့ ဖိုးသူတော်ကြီးရယ်… ကော်ဖီနဲ့ ပေါင်မုန့် စားသောက်ကြမယ်လေဗျာ…”ဟု မောင်စံဖိုးက ပြောလိုက်လေ၏။

“စားလို့သောက်လို့ ဘယ်ဖြစ်မတုန်း…၊ ‘ဝိကာလဘောဇနာ’လေ ဖိုးသူတော်ဟာ နေ့လွဲညစာ မစားရဘူး မဟုတ်လား…”ဟု အင်္ဂလိပ်ရတ် ကြီးက ပြောလေ၏။

“ဩော်… ဆရာကြီးကလဲ ဖိုးသူတော်က နေ့လွဲညစာ စားလို့ လည်းရပါတယ်ဗျာ…၊ ပြီးတော့… ကျုပ်တို့ ဖိုးသူတော်မျိုးက သီလသိပ်မြဲ တဲ့ အခြားဖိုးသူတော်တွေလို မဟုတ်ဘူးဗျာ…”ဟု မောင်စံဖိုးက ပြော လေရာ…

အင်္ဂရတ်ဆရာကြီးက…

“ဩော်… ဒီလိုလား…၊ အစကမသိလို့ပါ…၊ ဖိုးသူတော်ကလေး ရယ်…၊ စားပါဗျာ…၊ စားပါ…”ဟု ပြောဆိုလိုက်လေ၏။

ထို့နောက်တွင်ကား ၎င်းတို့သုံးဦးတို့သည် ကော်ဖီပေါင်မုန့်တို့ကို မြိန်ယှက်စွာ စားသောက်နေကြလေတော့သတည်း…။





# စနေမောင်မောင်အတွက် အသက်စွန့်ခဲ့သူများ ပေါ်ပေါက်လာခြင်း

ဤသို့နှင့်ပင် စနေမောင်မောင်၏ထံသို့ ဘိန်းစားဘွန်ပောင်းဟုခေါ်သည့် တရုတ်ကပြားတစ်ဦးရောက်ရှိလာလေတော့၏။ စနေမောင်မောင်လည်း ဤအိမ်ကြီး၌ နေထိုင်သည်မှာလည်း (၇)လကျော် (၈)လအတွင်းသို့ ရောက်ရှိလာပြီဖြစ်၏။ ထိုအချိန်၌ ပြဿနာတစ်ခု ပေါ်ပေါက်လာလေတော့၏။ စနေမောင်မောင်၏အိမ်၌ လာရောက်၍ တံမြက်လှဲခြင်း၊ ဖုန်သုတ်ခြင်း၊ အိပ်ရာသိမ်းခြင်း၊ အိပ်ရာခင်းခြင်း အလုပ်များကို လုပ်ကိုင်ပေးနေသော ကိုလှဖေ၏မိသားစုအကြောင်းကို အထက်၌ ဖော်ပြပြီးဖြစ်၏။

ကိုလှဖေ၊ မကုလားမတို့၏ အသက်(၁၇)နှစ်သမီးအရွယ် သမီးကလေး ခင်ခင်စိန်သည်လည်း စနေမောင်မောင်၏ အလုပ်သမားတစ်ဦးပင်ဖြစ်လေ၏။ အလုပ်လုပ်ပြီး (၃)အကြာတွင် ပျို့အန်၏။ ဆံများခြောက်၏။ မလှုပ်မယှက်ချင်ဖြစ်၏။ ဤသည်ကို မိခင်ဖြစ်သူ ကုလားမက မသင်္ကာသဖြင့် ခင်ခင်စိန်အား အမျိုးမျိုးအဖုံဖုံ စစ်ဆေးလေ၏။

“ဟဲ့… ခင်စိန်၊ နင်ကြည့်ရတာ… မသင်္ကာစရာပဲ…၊ နဖူးဆံတွေလဲ ခြောက်တယ်…၊ ပျို့အန်တယ်…၊ တစ်ယောက်ယောက်နဲ့များ ကိုယ်ဝန်တွေဘာတွေ ရှိနေပြီလားဟယ်…”ဟု မကုလားမက မေးဖူးသေး၏။ သို့ရာတွင် ခင်ခင်စိန်က-

“အမေရယ်… တောက်တီးတောက်တဲ့…”ဟု ပြန်၍ပြောဆိုကာ ငြင်းခဲ့လေ၏။

သို့ရာတွင် (၅)လကျော်၊ (၆)လအတွင်းသို့ ရောက်လာသောအခါ၌မူ ခင်ခင်စိန်သည် ဖုံးဖိ၍ မရတော့ပေ။ ဗိုက်ကြီးလည်း ဖောင်း



www.burmeseclassic.com

www.burmeseclassic.com



မို့၍ စူပွလာလေတော့၏။ ထိုအခါ၌ ဖခင်ဖြစ်သူ ကိုလှဖေလည်း ရှက်လွန်းသဖြင့် ခင်ခင်စိန်အား ရိုက်နှက်၍ မေးမြန်းလေ၏။ မိခင်ဖြစ်သူကလည်း ခင်ခင်စိန်၏ ပေါင်တွင်းကြောကို တအားလိမ်၍ မေးမြန်းလေ၏။

"ဒီကိုယ်ဝန် ဘယ်သူနဲ့ရတာလဲပြောစမ်း..."ဟု မိခင်ဖြစ်သူ မကုလားမက အော်ငေါက်၍ စစ်ဆေးလေ၏. ခင်ခင်စိန်က ငိုကြွေးတိုင်းငိုနေလေ၏။ ထိုအခါ ဖခင်ဖြစ်သူ ကိုလှဖေသည် ငှက်ကြီးတောင်ဓားကိုဆွဲ၍...

"ငါ့အရှက်ကိုခွဲတဲ့ကောင်မ...၊ လင်ကောင်မပေါ်ဘဲ ကလေးမွေးတယ်ဆိုတာ မဖြစ်နိုင်ဘူး...၊ ဘယ်သူနဲ့လဲဆိုတာ ပြောရင်ပြော မပြောရင် သတ်ပစ်မယ်..."ဟု ဓားကြီးနဲ့ရွယ်၍ မေးလေတော့၏။

ထိုအခါ ခင်ခင်စိန်လည်း...

"ပြောပါ့မယ်... ပြောပါ့မယ်... အဖေရယ်၊ ဆရာကြီးစနေမောင်မောင်နှင့် ရတဲ့ကိုယ်ဝန်ပါ..."ဟု ခင်ခင်စိန်က ငိုယို၍ ဝန်ခံလိုက်လေတော့၏။

ထိုအခါ၌ မကုလားမလည်း...

"ဟင်..."ဟု ဟင်တစ်လုံးသာ ညည်းညူနိုင်လေတော့၏။

ကိုလှဖေကမူ မကုလားမအား ခေါ်ယူ၍...

"လာ... သွားမယ်..."ဟုဆိုကာ စနေမောင်မောင်၏အိမ်သို့ သွားလေတော့၏။ ထိုအချိန်၌ စနေမောင်မောင်သည် ဘွန်ဟောင်း ပုံပြောနေသည်ကို နားထောင်နေသော အချိန်ဖြစ်လေ၏။

ကိုလှဖေသည် စနေမောင်မောင်အား ခါးထောက်၍...

"ဒီမှာ... ခင်ဗျားကို ကျုပ်ဟာ အင်မတန်လေးစားခဲ့တယ်... အခု... ခင်ဗျားလုပ်ပုံကကောင်းသလား...၊ အခု ကျုပ်သမီးလေးမှာ ကိုယ်ဝန်(၅)လရှိနေပြီ...၊ အဲဒါခင်ဗျားနဲ့ရတဲ့ကိုယ်ဝန်လို့ပြောတယ် ဟုတ်ပါသလား..."ဟု မေးလိုက်လေ၏။

"ခင်ခင်စိန်က ဒီလိုပဲပြောပြီလား..."ဟု စနေမောင်မောင်က ပြန်၍မေးလိုက်လေ၏။

"ဟုတ်တယ်...၊ သူက ဒီလိုပဲပြောတယ်..."ဟု မကုလားမက မျက်နှာထိမျက်နှာထားဖြင့် ဝင်၍ပြောလေ၏။





"သြော်... သူက ဒီလိုပြောပြီကိုး..."ဟု စနေမောင်မောင်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ကိုလှဖေနှင့် မကုလားမတို့သည် မကျေနပ်သော...၊ အထင်သေးသော... မျက်လုံးများဖြင့်ကြည့်ကာ ထွက်သွားလေတော့၏။ ထွက်သွားကာနီး၌...

"ခင်ဗျား တစ်နေ့သိမယ်..."ဟု ကိုလှဖေက ကြိမ်းသွားလေတော့၏။

စနေမောင်မောင်ကမူ တစ်စုံတစ်ရာပြန်လည်ပြောဆိုခြင်းမပြုဘဲ ပြုံး၍သာ နေလေ၏။ ထိုနေ့မှစ၍ ကိုလှဖေတို့မိသားစုသည် စနေမောင်မောင်ထံသို့ အလုပ်ဆင်းခြင်း မပြုကြတော့ပေ။

ထိုအဖြစ်အပျက်ဖြစ်ပွားပြီး တစ်လခန့်ကြာသော ညတစ်ည၌ စနေမောင်မောင်သည် အိပ်ခန်းထဲတွင် အိပ်ပျော်လျက်ရှိလေတော့၏။ ညနာရီပြန်နှစ်ချက်ထိုးအချိန်လောက်တွင် စနေမောင်မောင်၏ အိပ်ခန်းအပြင်ဘက်၌ ဝရန်းသုန်းကားနှင့် လူနှစ်ယောက် သတ်ပုတ်နေသောအသံကို စနေမောင်မောင်ကြားရလေတော့၏။ စနေမောင်မောင်လည်း အိပ်ရာမှထ၍ အခန်းအပြင်ဘက်သို့ ထွက်ကာကြည့်လေ၏။ ဘိန်းစားဘွန်ဟောင်းနှင့် လူတစ်ယောက်သည် ထွေးလုံးရစ်ပတ်ကာ သတ်ပုတ်နေသည်ကို တွေ့ရလေ၏။ ထိုသူသည် ဘိန်းစားဘွန်ဟောင်းအား ဓားမြှောင်ဖြင့် အချက်ပေါင်းများစွာ ထိုးနေ၏။ ဘွန်ဟောင်းက ရှောင်၏။ ထိုသူက ဘွန်ဟောင်းအား ဖိ၏။ ဘွန်ဟောင်းက ကော်၏။ ထိုသူက အတင်းကပ်၏။ နောက်ဆုံးတွင် ထိုသူက တွန်းလိုက်သောကြောင့် ဘွန်ဟောင်းသည် ပက်လက်လန်၍ လဲကျသွားလေ၏။ စနေမောင်မောင်ကမူ ဝင်ရောက်ကူညီခြင်းမရှိဘဲ လက်ပိုက်၍ အေးဆေးစွာ ကြည့်နေ၏။

ထိုအခါ၌ ဓားမြှောင်ကိုင်ထားသော ထိုသူသည် လဲသွားသော ဘွန်ဟောင်း၏ ရင်ဘတ်ပေါ်သို့ ကားရားခွလျက် ဘွန်ဟောင်း၏ ရင်ဝအား ဓားမြှောင်ဖြင့် တအားလွှဲ၍ ကုန်းကာစိုက်ချလေတော့၏။ ထိုအခါ၌ ဘွန်ဟောင်းသည် ၎င်း၏ရင်ဝသို့ ဓားမြှောင်ရောက်မလာခင် စက္ကန့်ပိုင်းအတွင်း၌ပင် ထိုသူ၏အရှိက်ဆီသို့ ခြေထောက်ဖြင့် ပင့်၍ခတ်လိုက်ရာ ထိုသူသည် နောက်သို့လန်၍ အရုပ်ကြိုးပြတ်



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားလေတော့၏။

ထိုအခါ၌ ဘွန်ဟောင်းသည် ကုန်း၍ထပြီးလျှင် ထိုသူ၏ လည်ပင်းအား ခြေထောက်ဖြင့် နင်းလိုက်လေ၏။

ထိုအခါ၌ စနေမောင်မောင်သည် မီးများအပြည့်အစုံလင်းသွားစေရန် မီးခလုတ်ကို နှိပ်လိုက်ရင်း...

"အသေတော့မသတ်လိုက်ပါနဲ့ ဘွန်ဟောင်း...၊ လှဖေကြီးဖြစ်ပါလိမ့်မယ်..."ဟု ပြောလိုက်လေ၏။

ဘွန်ဟောင်းသည် ခြေထောက်အောက်မှ ဇင်း၏ရန်သူကို ငုံ့ကြည့်လိုက်လေ၏။

"ဟုတ်ပါရဲ့ဆရာကြီး...၊ ပြတင်းပေါက်လရောင်ရဲ့ အရောင်မှုန်တိမှုန်ဝါးနဲ့ သတ်နေကြတာ... ဘယ်သူဘယ်ဝါမှန်း မသိရပါဘူး။ အခုမှ လှဖေကြီးမှန်း သိတော့တယ်..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

စနေမောင်မောင်သည် လှဖေကြီး၏လက်မှ လွတ်ကျသော ဓားမြှောင်ကို ကြမ်းပြင်ပေါ်မှ ကောက်ယူပြီးလျှင်...

"ရပ်(ချ်)ကူးမား..."ဟု ဒရဝမ်အား အော်၍ ခေါ်လိုက်လေတော့၏။ ဒရဝမ်လည်း အိမ်ပေါ်ထပ်ဆီသို့ ပြေး၍တက်လာလေ၏။ အပေါ်ထပ်သို့ရောက်လျှင် အဖြစ်အပျက်အလုံးစုံကို တွေ့ရမြင်ရသောအခါ၌ အံ့အားသင့်စွာ ကြည့်နေလေ၏။

"မင်း... ဘာကိုစောင့်နေတာလဲ၊ ငါ့ကိုသတ်မယ့်ကောင်...၊ ငါ့အခန်းနားကို ရောက်နေပြီ"ဟု စနေမောင်မောင်က ပြောလိုက်လျှင်

ရပ်(ချ်)ကူးမားက...

"ကျွန်တော်ရဲ့ ညံ့ဖျင်းမှုပါပဲ...၊ အဲဒီအတွက် ဆရာကြီးရဲ့လက်ထဲက ဓားမြှောင်နဲ့ ကျွန်တော့်ရင်ဘတ်ကိုထိုးပါ...၊ ဆရာကြီး အပြစ်မဖြစ်အောင်လို့ ကျွန်တော်စာရေးသွားပါ့မယ်..."ဟု ပြောလိုက်လေ၏။

"အေး... ဒီအပြစ်အတွက်တော့... မင်းကို အပြစ်မပေးချင်သေးဘူး..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဒီလိုဆိုရင်... ကျွန်တော့်ကို အလုပ်ထွက်ခွင့်ပေးပါတော့..."ဟုဆိုကာ ရပ်(ချ်)ကူးမားသည် စနေမောင်မောင်အား အရိုအသေပေးပြီးလျှင် ညတွင်းချင်းပင် အလုပ်မှ ထွက်သွားလေတော့၏။





"ဘွန်ဟောင်းရေ...၊ လှဖေကို လွှတ်လိုက်ပါတော့ကွာ..."ဟု စနေမောင်မောင်က ပြောလိုက်လျှင် ဘွန်ဟောင်းလည်း လှဖေကြီး၏လည်ပင်းအား နင်းထားသော ခြေထောက်ကို ဖယ်လိုက်လေ၏။ လှဖေကြီးလည်း နေရာမှ လူးလဲ၍ထကာ စနေမောင်မောင်အား...

"ကျုပ်သမီးကို ပန်းကောင်းအညွန့်ချိုး လုပ်တဲ့အတွက် ခင်ဗျားကို သတ်မလို့လာတာ...၊ ခင်ဗျားကံကောင်းသွားတယ်..."ဟု လှဖေကြီးက ပြောလိုက်လေ၏။

စနေမောင်မောင်ကမူ မခိုးမခန့်ပြုံးလိုက်ပြီးနောက် လှဖေကြီးအား ဓားမြှောင်ကို ပြန်၍ပေးရင်း...

"ဒီတစ်ခါတော့... မအောင်မြင်ဘူး...၊ နောက်တစ်ခါ ကြိုးစားချင် ကြိုးစားပေဦး လှဖေကြီး..."ဟု ပြောလိုက်ရာ...

လှဖေကြီးသည် မိုက်ကြည့်ကြည့်၍ အောက်ထပ်သို့ ဆင်းသွားလေတော့၏။

နောက်တစ်နေ့တွင် စနေမောင်မောင်သည် ဦးထော်ကြီးအား ခေါ်ယူ၍ ဂေါ်ရခါးဒရဝမ်အသစ်တစ်ယောက်ကို ရှာဖွေစေ၍ ခန့်ထားလိုက်လေ၏။

ဤသို့ဖြစ်သွားပြီး လေးလကြာသောအခါ၌ စနေမောင်မောင်၏အိမ်သို့ ကိုလှဖေနှင့် မကုလားမတို့ လင်မယားသည် ရောက်ရှိလာလေ၏။ မကုလားမသည် ဖြူစင်သန့်ပြန့်၍ ချစ်စဖွယ်ကောင်းသော မွေးကင်းစကလေးငယ်တစ်ဦးအား အနှီးကလေးဖြင့်ပတ်ကာ ချီယူလာ၏။ စနေမောင်မောင်နှင့်တွေ့လျှင်တွေ့ချင်း...

မကုလားမက...

"ကျွန်မသမီးနဲ့ ရှင်နဲ့ရတဲ့ကလေး...၊ ညကပဲမွေးတယ်...၊ ကျွန်မတို့မမွေးနိုင်ဘူး...၊ ရှင်ပဲမွေးပါ..."ဟုဆိုကာ စနေမောင်မောင်၏လက်တွင်းသို့ ကလေးကိုထည့်ကာ ပြန်သွားကြလေတော့၏။

စနေမောင်မောင်လည်း ကလေးကို လှမ်း၍ပွေ့ယူပြီးနောက်...

"ကဲ... ဘွန်ဟောင်းရေ...၊ နို့ဘူးတွေ... ဘာတွေဝယ်ပြီး ကလေးထိန်းနာနီလုပ်ပါဦးကွာ..."ဟု စနေမောင်မောင်က ပြောသဖြင့် ဘွန်ဟောင်းလည်း စျေးချိုသို့ပြေးကာ နို့ဆီ၊ နို့မှုန့်၊ နို့ဘူး၊ နို့ဘူးခေါင်းသည်တို့ကိုသာမက အနှီးပိတ်၊ ကလေးခြင်ထောင်၊ ပုခက်စိုခံသော



www.burmeseclassic.com

www.burmeseclassic.com



ရာဘာပြား၊ မတ်တတ်ရပ်သစ်သားပုခက်တို့ကိုပါ ဝယ်ယူ၍ ပြန်ခဲ့ပြီး လျှင် ကလေးအတွက် နေရာထိုင်ခင်း ပြင်ဆင်လေတော့၏။

စနေမောင်မောင်သည် သံဒိဋ္ဌပြက္ခဒိန်ဟုခေါ်သော ဗြိဟ်ဇယာ ပြက္ခဒိန်တစ်ခုကိုထုတ်၍ ကလေး၏ဇာတာအား တွက်ချက်ကြည့် လေ၏။ ထိုသို့တွက်နေစဉ်အတွင်း ဘွန်ဟောင်းအား...

"ဘွန်ဟောင်းရေ... ကလေးဇာတာတွက်ရအောင် လှဖေကြီးတို့ အိမ်ကိုသွားပြီး ကလေးမွေးတဲ့အချိန် အတိအကျသိရအောင် မေး ကြည့်စမ်းကွာ..."ဟု စေခိုင်းလိုက်သဖြင့်...

ဘွန်ဟောင်းလည်း သွားရောက်မေးမြန်းရလေတော့၏။ မျာ မကြာမီ၌ပင် ဘွန်ဟောင်းလည်း ပြန်၍လာလေ၏။

"ညနာရီပြန်တစ်ချက်ထိုးတဲ့ ဆရာကြီး..."ဟု ဘွန်ဟောင်းက ပြော လေ၏။

စနေမောင်မောင်သည် ကလေး၏ဇာတာစန်းလဂ်တို့ကို တွက် ချက်ပြီးနောက်...

"တော်တော့ကို ဇာတာကောင်းတယ်ကွ...၊ တနင်္ဂနွေသာ ကလေးပဲ...၊ လဂ်ကတော့ ကြကဋ်လဂ်ပဲ...၊ ငါတို့လိုပဲ အထူးအခြာ တွေကို စိတ်ဝင်စားလိမ့်မယ်...၊ ဝဂ္ဂုတ္တမနဝင်းတွေကလဲ အများကြီး ပဲ...၊ စနေနိုပ်စ်ဖြစ်ပြီး... နိစ္စဘဂ်ရာဇယောဂယုဂ် ရထားတယ်ကွ ထူးတော့ထူးမယ့်ကောင်ပဲ"ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအခါ ဘွန်ဟောင်းက...

"နာမည်လေးဘာလေး လုပ်စမ်းပါဦး... ဆရာကြီး..."ဟု ပြော လိုက်လေ၏။

"အေး...၊ နာမည်ပေးရမှာပေါ့ကွာ...၊ သူရောက်လာတာက ဒီကနေ့မဟုတ်လား...၊ ဒီကနေ့ကို ပါဠိလို 'အဇ္ဇ'လို့ခေါ်တယ်ကွ 'အ'ဆိုတဲ့ အက္ခရာပါတဲ့အတွက် တနင်္ဂနွေနေ့နဲ့လဲ ကိုက်ညီတာပေ ကွာ...၊ ဒီကနေ့ဆိုတာဟာ တကယ်ရှိတာကွ...၊ မနေ့ကနဲ့ နက်ဖြန် ဆိုတာက ဒီကနေ့ကို အကြောင်းပြုပြီးပြောနေရတာ...၊ အမှန်ရှိတာ က ဒီကနေ့ပဲ ရှိတာကွ...၊ ကုန်ဆုံးသွားတဲ့ ယနေ့ကို မနေ့ကလို့ ပြော သလို မရောက်သေးတဲ့ယနေ့ကို မနက်ဖြန်လို့ ပြောနေကြတာ အမှန်ကတော့... ယနေ့ပဲရှိတယ်...၊ ယနေ့ဆိုတာ ပါဠိလို 'အဇ္ဇ'လို့





ခေါ်တယ်မဟုတ်လား...၊ ဒီနာမည်နဲ့ ဒီကလေးဟာ အကျိုးပေးပါ လိမ့်မယ်...၊ အင်္ဂလိပ်လိုတော့ 'မစ္စတာတူဒေး'ပေါ့ကွာ..."ဟု စနေ မောင်မောင် ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"သိပ်ကောင်းတာပဲ ဆရာကြီး...၊ သူ့ကို 'အဇ္ဇ'လို့ ခေါ်တာက ရှည်ပါတယ် ဆရာကြီးရယ်...၊ 'တူဒေး'လို့ခေါ်တာက ကောင်းပါ တယ်...၊ ကဲ... ကလေးရေ... မည်တွင်သညာ ခေါ်စရာကား 'မောင် တူဒေး'တဲ့၊ အသက်(၁၂၀)ရှည်စေသောဝ်..."ဟု ပြောလိုက်လေ၏။

ထိုနေ့မှစ၍ စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့အိမ်တွင် ကလေး၏ငိုသံကြားနေရလေတော့၏။ တစ်ခါတရံ၌လည်း ဘွန် ဟောင်း သီချင်းဆို၍ ကလေးပုခက်လွှဲနေပုံကို တွေ့ရလေ၏။

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် မောင်တူဒေးကလေး အား ကောင်းမွန်စွာ မွေးခဲ့ကြလေ၏။

တစ်နေ့သ၌ ဘွန်ဟောင်းက...

"ဆရာကြီး... နက်ဖြန်ခါဆိုရင်... မောင်တူဒေးကလေးရဲ့ တစ်နှစ်မြောက်မွေးနေ့ပဲ...၊ ဘာဒ်ဒေးလေး ဘာလေး ကျင်းပဦး မလား..."ဟု မေးလိုက်လေ၏။

"သိပ်ပြီး... ကျယ်ကျယ်ပြန့်ပြန့်တော့ မလုပ်ပါနဲ့ကွာ...၊ သူ့ အတွက်ရည်ရွယ်ပြီး မဟာမြတ်မုနိဘုရားမှာတော့ ရွှေချပေးလိုက်ပါ၊ ပြီးတော့... ငါတို့အိမ်ကြီးမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေကို အဲဒီနေ့မှာပဲ လခထုတ်ပေးလိုက်ပါ...၊ လကုန်တော့ တစ်ခါထုတ်ပေး မှာနဲ့ဆိုရင် နှစ်ခါရသွားတာပေါ့ကွာ..."ဟု စနေမောင်မောင်က ပြော လိုက်လေ၏။

ထိုအချိန်၌ပင် စနေမောင်မောင်၏ထံသို့ ကိုလှဖေ၊ မကုလားမ နှင့် ခင်ခင်စိန်သာမက လူငယ်လေးတစ်ဦးပါ ရောက်ရှိလာကြလေ၏။ ကိုလှဖေသည် ခါတိုင်းကဲ့သို့ စနေမောင်မောင်ရှေ့တွင် ခါးထောက် ၍ ရပ်နေခြင်း မဟုတ်တော့ဘဲ ကြမ်းပြင်ပေါ်၌ ရိုရိုသေသေထိုင်လေ ၏။ မကုလားမကမူ ရှိသေကြောက်ရွံ့သော အမူအရာနှင့် စနေ မောင်မောင်အား...

"ဆရာကြီးရယ်...၊ ကျွန်မတို့သမီး ခင်ခင်စိန်ဟာ အလွန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ပါတယ်...၊ သူ့ရဲ့ဗိုက်ကို ဆရာကြီးနဲ့ရတယ်လို့ ပြောမိပြောရာ ပြောခဲ့ပါတယ်...၊ ကျွန်မတို့လဲ သူ့စကားကိုယုံပြီး... ဆရာကြီးကို ရန်တွေ့ခဲ့ပါတယ်...၊ ကျွန်မယောကျ်ားဆိုရင် ဆရာကြီးရဲ့အသက်ကို ပါ... လုပ်ကြံခဲ့ပါတယ်...၊ ကလေးမွေးလာတဲ့အခါမှာလဲ ကျွန်မတို့ ဟာ မမွေးနိုင်ဘူးဆိုပြီး ဆရာကြီးဆီကို ပို့ခဲ့ပါတယ်...၊ မနေ့က ညသန်းခေါင်ကျော်မှာ ဟိုဘက်က သူငယ်ရောက်လာပါတယ်...၊ အဲဒါ ခင်ခင်စိန်ရဲ့ချစ်သူပါပဲ...၊ သူဟာ ခင်ခင်စိန်နဲ့ ကျူးကျူးလွန် လွန်ဖြစ်ပြီး ခင်ခင်စိန်မှာ ကိုယ်ဝန်ရတဲ့အခါ ထောင်ကျသွားပါတယ်၊ တစ်နေ့က လွတ်ခဲ့ပါပြီ...၊ မနေ့ညက သန်းခေါင်လောက်မှာ အိမ်ကို ရောက်လာပါတယ်...၊ အဲဒီတော့မှပဲ ခင်ခင်စိန်က အဖြစ်မှန်ကို ဖွင့်ပြောပါတယ်...၊ သူ့အဖေက ဓားကြီးနဲ့ရွယ်ပြီးမေးတော့ ကြောက် ကြောက်လန့်လန့်နဲ့ ပြောမိတာပါတဲ့...၊ အမှန်ကတော့ သူ့ရဲ့ကိုယ်ဝန် ဟာ ဆရာကြီးနဲ့ ဘာမှမဆိုင်ပါဘူးတဲ့...၊ ဆရာကြီးက သီလသမာဓိ နဲ့ အင်မတန်ပြည့်စုံပါတယ်တဲ့..."ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"ဩော်... သူက ဒီလိုပဲ ပြောပြီလား"ဟု ပြန်၍မေးလိုက်လေ၏။

"ပြောပါတယ် ဆရာကြီး...၊ ဒါကြောင့် ဆရာကြီးကို တောင်းပန်ရအောင် လာကြတာပါ...၊ ဆရာကြီးရိုက်ချင်လဲရိုက်ပါ...၊ သတ်ချင်လဲသတ်ပါ...၊ ကျွန်မတို့မှာ ခံဖို့အဆင်သင့်ပါပဲ..."ဟု ပြောဆိုကာ စနေမောင်မောင်အား ထိုင်၍ ကန်တော့ကြကုန်၏။

ကိုလှဖေကဆိုလျှင်...

"ဆရာကြီးရယ်... ကျွန်တော်မှာ အပြစ်ရှိပါတယ်...၊ ကျွန်တော် ဟာ သမီးကိုစွန်းပတ်သက်ပြီး ဆရာကြီးရဲ့အသက်ကို လုပ်ကြံခဲ့ပါ တယ်...၊ အဲဒီညက ဒရဝမ် ဝေါ်ရခါးကို ဆေးခြောက်တွေထည့်ပြီး ချက်ထားတဲ့ ကြက်သားဟင်းကို ကျွန်တော်က ခေါ်ပြီးကျွေးပါတယ်၊ ဒါကြောင့်... ဝေါ်ရခါးဟာ ဆေးခြောက်မူးနေပါတယ်...၊ အဲဒီတော့ ကျွန်တော်က သူ့အုလစ်ကိုချောင်းပြီး အိမ်ထဲကို ဝင်ခဲ့တာပါ၊ ဆရာကြီး ဟာ ကျွန်တော့်အသက်ကို ချမ်းသာပေးခဲ့ပါတယ်...၊ ကျွန်တော့်သမီး လေးရဲ့ အသက်နဲ့အရှက်ကိုလဲ ကာကွယ်ခဲ့ပါတယ်...၊ ဆရာကြီးလို အနစ်နာခံတတ်တဲ့လူမျိုး...၊ ဆရာကြီးလို ကြွေကောင်းတဲ့လူမျိုး...၊





ကျွန်တော့်တစ်သက်မှာ မတွေ့ဘူးပါဘူး...၊ ကျွန်တော်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ခွင့်လွှတ်ပါဆရာကြီး...၊ နောက်နောင်... ဆရာကြီး အနေနဲ့ အသက်ကိုစွန့်ရမယ့်ကိစ္စမျိုး ပေါ်လာရင်... ဆရာကြီးမစွန့် ပါနဲ့...၊ 'လှဖေကြီးရေ... လာဦးဟေ့...၊ ငါ့အစားဝင်သေပေးစမ်းပါလို့ တစ်ခွန်းတည်းပြောလိုက်ပါ... ဆရာကြီး၊ ဆရာကြီးကိုယ်စား... ကျွန်တော်သေပေးပါ့မယ်..."ဟု ကိုလှဖေက ပြောလိုက်လေ၏။

ထိုအခါ မကုလားမက...

"ဆရာကြီးရယ်... သမီးကလေးက...မွေးပြီးတာနဲ့ သူ့ရဲ့ကလေးကို ဆရာကြီးလက်ထဲ ပေးလိုက်ရတယ်ဆိုတော့ မြင်တောင်မမြင်လိုက် ပါဘူး ဆရာကြီးရယ်...၊ အဲဒါကြောင့် သူ့ကလေးကို ပြန်ပေးပါတော့ တဲ့..."ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"သူက... ဒီလိုပြောပြီးလား..."ဟု ပြန်၍ မေးလိုက်လေ၏။

"ပြောပါပြီ... ဆရာကြီး..."ဟု မကုလားမက ဆိုလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က... အိမ်ခန်းဘက်သို့ မျက်နှာ လှည့်ကာ...

"ဘွန်ဟောင်းရေ... မောင်တူဒေးလေးကို ခေါ်ခဲ့ပါဟေ့...၊ သူ့ မိဘအဘိုးတွေဆီကို... ပြန်အပ်ရမယ်..."ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းသည် ချစ်စရာကောင်းသော မောင်တူဒေးလေး အား ပွေ့ချီကာ ရောက်ရှိလာလေတော့၏။ မောင်တူဒေးကလေး သည် အကျႌအနီကလေး ဝတ်၍ထားသည်ဖြစ်ရာ သူ၏ဖြူဝင်းသော အသားအရောင်ကလေးနှင့် လွန်စွာပနံရလှ၏။ ခင်ခင်စိန်သည် ထိုင် ရာမှထ၍သွားပြီးလျှင် ဘွန်ဟောင်း၏လက်တွင်းမှ ကလေးအားယူ၍ ချီလေတော့၏။ ၎င်း၏ဖခင်ဖြစ်သူကလည်း ကလေးကို ပြေး၍ နမ်းရှုတ်လေ၏။ ကိုလှဖေနှင့် မကုလားမလည်း ကလေးကို ဝိုင်းဝန်း ကြည့်ရှု၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်၏။

"ကဲ... ဘွန်ဟောင်းရေ... ကလေးပစ္စည်းတွေ ထုတ်ပေးလိုက် ကွာ..."ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းသည် ကလေးပုခက်၊ ကလေးအနီး၊ ကလေး အတွက်ဝယ်ထားသော နို့ဆီဘူးများ၊ ကလေးအကျႌအပြောက်အများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကလေးကစားစရာများကို ထုတ်၍ပေးလေ၏။ ကလေးကစားစရာပစ္စည်းသက်သက်ချည်းပင် တင်းတောင်းကြီးနှစ်တောင်းဖြင့် သယ်ယူရလေတော့၏။

"ဆရာကြီးစနေမောင်မောင်အတွက်ဆိုရင်... ကျွန်မယောက်ျားကိုလှဖေ အသက်စွန့်ဝံ့သလို ကျွန်မကလဲ စွန့်ဝံ့ကြောင်း သစ္စာပြုပါတယ်ရှင်..."ဟု မကုလားမက ပြောလေ၏။

ခင်ခင်စိန်နှင့် ၎င်း၏ယောက်ျားဆိုသူ လူငယ်ကလေးကလည်း ဆရာကြီးစနေမောင်မောင်အတွက် အသက်တိုင်အောင် စွန့်စားဝံ့ကြောင်း သစ္စာအဓိဋ္ဌာန်ပြုကြကုန်၏။

ထိုအခါ စနေမောင်မောင်က...

"ကဲ... ကောင်းပြီ၊ မင်းတို့ကလေး မောင်တူဒေးလေးကို ခေါ်သွားကြပေတော့..."ဟု ပြောလိုက်လျှင်...

၎င်းတို့သည် ကလေးကိုချီသူကချီ...၊ ပစ္စည်းများကို ထမ်းပိုးသူက ထမ်းပိုး၍ ပြန်သွားကြလေတော့သတည်း...။

ထိုနေ့ညတွင် ဘွန်ဟောင်းက...

"ဆရာကြီးရယ်... ကလေးမရှိတာ... ကျွန်တော့်ရင်ထဲ ဟာတာတာကြီးလိုပဲ... ခံစားရတယ်..."ဟု ပြောလေ၏။

ထိုအခါ စနေမောင်မောင်က...

"အဲဒါကြောင့်... သံယောဇဉ်ကြီးဆိုတာ မျက်စိနဲ့ကြည့်လို့မမြင်ပေမယ့်...၊ အင်မတန်ခိုင်တယ်လို့ ပြောကြတာပေါ့ကွာ..."ဟု ပြောလိုက်လေတော့သတည်း...။

📖 📖 📖





# စနေမောင်မောင်တို့ ခရီးထွက်ခြင်း

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် နှစ်ဆောင်ပြိုင်အိမ်ကြီး၌ အတူတကွ နေထိုင်ကြပြီးနောက် စနေမောင်မောင်က...

"ပျောက်ဆုံးသွားတဲ့ ရွှေခေါင်းကြီး...၊ အမှန်ကတော့ ရွှေခေါင်းကြီးမဟုတ်ဘူးကွ...၊ ရွှေသေတ္တာကြီးကွ...၊ အဲဒီရွှေသေတ္တာကြီးကို ယူသွားတဲ့ ဖိုးသူတော်ကြီး ဦးရယ်မောနဲ့ မောင်စံဖိုးတို့နှစ်ယောက်ဟာ ဒီဘက်ကို မသယ်ကြဘူးကွ...၊ သယ်သွားစရာရှိရင် ဟောဒီမြောက်ပိုင်းတောင်တန်းဘက်ဆီကို သယ်သွားလိမ့်မယ်ကွ...၊ အဲဒီဘက်ကို ဖြတ်ပြီးလိုက်ရရင်တော့... တွေ့နိုင်တယ်ကွ...၊ ဖိုးသူတော်ကြီးတို့နှစ်ယောက်ဟာ ရွှေသေတ္တာကြီးနဲ့ သွားရမယ်ဆိုတော့... ရေလမ်းကို အတတ်နိုင်ဆုံး အသုံးပြုကြလိမ့်မယ်ကွ...၊ အဲဒီတော့ သူတို့သွားနိုင်တဲ့ မြစ်ကြောင်းတွေကို ခြေရာခံရမယ်ကွ..."ဟု စနေမောင်မောင်က ရှင်းပြလေ၏။

"လိုက်ဆိုလဲ... လိုက်ကြတာပေါ့... ဆရာကြီးရယ်၊ အချိန်တောင်အတော်နှောင်းနေပြီ..."ဟု ဘွန်ဟောင်းက ပြောလေ၏။

ထိုအခါ စနေမောင်မောင်က ပြုံး၍...

"ကဲ... ဒီလိုဆိုရင်၊ ခရီးသွားဖို့ လိုအပ်တဲ့ ပစ္စည်းတွေ ပြင်ဆင်ကွာ...၊ ဝယ်စရာရှိတာတွေ ဝယ်ပေတော့...၊ ဟောဟိုသေတ္တာထဲမှာ ငွေရှိတယ်၊ လိုသလောက်ယူပြီး ဝယ်ပေတော့"ဟု ပြောလိုက်လေ၏။

ဘွန်ဟောင်းသည် သေတ္တာအတွင်းမှ ငွေကိုထုတ်၍ ဈေးသို့သွားရောက်ကာ လိုအပ်သောပစ္စည်းများကို ဝယ်ယူလေ၏။ ဝယ်ယူသောပစ္စည်းများအနက်တွင် ဂျုံမှုန့်၊ ထောပတ်၊ သကြား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း စသည်တို့မှာ အများစုဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို လိုလေသေးမရှိ ဝယ်ယူပြီးနောက် ဘွန်ဟောင်းက အဆင်သင့်ဖြစ်ကြောင်းပြောလျှင် စနေ မောင်မောင်က...

"ဒီလိုဆိုရင်လဲ... နက်ဖြန် ခရီးထွက်ကြတာပေါ့...၊ အခု မင်းဝယ်လာတဲ့ပစ္စည်းတွေကတော့ ရပ်ရွာမတွေ့လောက်အောင် ခေါင်တဲ့နေရာတွေရောက်မှပဲ အသုံးဝင်မှာပါကွာ...၊ အဲဒီနေရာတွေ မရောက်ခင်မှာတော့ မြို့တွေ၊ ရွာတွေမှာ ဝယ်ပြီးစားသောက်ကြတာပေါ့..." ဟု ပြောလေ၏။

ထို့နောက် စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် မီးရထားတစ်တန်၊ မော်တော်ကားတစ်တန်နှင့် မြို့ရွာများကို ဖြတ်ကျော်ကြလေ၏။ ရွာများကို ကျော်ခဲ့ကြလေ၏။ နောက်ဆုံးတွင် ၎င်းတို့နှစ်ဦးသည် မြန်မာပြည်မြောက်ပိုင်း အစွန်ဆုံးကျသော တောင်ကြားတစ်ခုဖြစ်သည့် 'သာလာတောင်ကြား'ကို ဖြတ်ကြလေ၏။ ထို့နောက် သံလွင်မြစ်ကို ဆက်၍ဖြတ်ကြပြန်ရာ ၎င်းတို့နှစ်ဦး၏ ခရီးစဉ်သည် သံလွင်မြစ်နှင့် မဲခေါင်မြစ်အကြား အမြင့်ပေ(၃၀၀၀)ကျော်သော တောင်ကြောကြီးတစ်ခုပေါ် သို့ ရောက်ရှိသွားကြလေတော့၏။

ထိုဒေသသို့ လူသူအရောက်အပေါက်နည်းလှပေသည်။ သို့ရာတွင် မကြာခဏဆိုသလို တရုတ်ပြည်ဘက်မှ တိဗက်ဆီသို့သွားသော ဝန်တင်လားနှင့် ခရီးသွားသည့် ခရီးသည်များကို တွေ့ရလေ၏။ တောင်တန်းကြီးပေါ်၌လည်း ဆီနှင်းများ ထူထပ်စွာ ကျရောက်နေလေ၏။ ကြီးမားသောကျောက်တုံးကြီးများ၌လည်း တောင်ထွတ်များကဲ့သို့ပင် ဆီးနှင်းများဖုံးအုပ်လျက် ရှိလေ၏။

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ထူထဲသောဂွမ်းကပ်အနွေးထည်ကြီးများကို ဝတ်ဆင်ထားကြလေ၏။ တောင်ဆိတ်၏သားရေဖြင့် ချုပ်လုပ်ထားသော ခေါင်းစွပ်ကြီးများကိုစွပ်၍ ထားကြလေ၏။ လက်အိတ်များ ဝတ်ဆင်ထားကြ၏။ သို့ရာတွင် အရိုးကိုမတတ်အေးသော အအေးဒဏ်ကို ခံစားကြရလေ၏။

"အေးလိုက်တာ ဆရာကြီးရယ်...၊ ကျွန်တော့်မျက်နှာတွေတော့ အေးလွန်းလို့ ထုံနေပြီ...၊ အခုနေများ အပျိုကလေးတစ်ယောက်လာပြီး နမ်းမယ်ဆိုရင်တောင် ကျွန်တော်မှာတော့ ဘာအရသာမှ ရှိတော့မှာမဟုတ်ဘူး...၊ ဆာလဲဆာလှပြီဗျာ...၊ လေကွယ်တဲ့နေရာကလေးတစ်နေရာလောက်ရှာပြီး... မီးကလေးဘာလေးလှုံမယ် ဆရာကြီး...၊ စားစရာသောက်စရာလေးလဲ စားကြရအောင်...၊ ခြေထောက်တွေလဲ မသယ်နိုင်တော့ဘူး..." ဟု ဘွန်ဟောင်းက ပြောလေ၏။

ထိုအခါ စနေမောင်မောင်က...

"မင်း... အခုပြောနေတာတွေကိုလုပ်ဖို့ လားတန်းကြီးနဲ့လာတဲ့ ကုန်သည်တွေကို စောင့်ရလိမ့်မယ်..." ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"သူတို့ကို... ဘာလို့ စောင့်ရမှာလဲ ဆရာကြီးရယ်..." ဟု မေးလိုက်လေ၏။

"စောင့်ဖို့အကြောင်းရှိလို့ပေါ့ကွာ...၊ ပြီးတော့... မင်းကိုမှာထားရဦးမယ်...၊ ငါ့ရဲ့အမိန့်တစ်စုံတစ်ရာမရဘဲ လုံးဝမထိုင်ရဘူး...၊ သေးပေါက်ချင်ရင်တောင် မတ်တပ်ပေါက်ရမယ်...၊ ထိုင်မပေါက်ရဘူး..." ဟု စနေမောင်မောင်က ပြောလေ၏။

"မဟုတ်တာဘဲ... ဆရာကြီးရယ်၊ သေးမတ်တတ်ပေါက်လို့ တောင်စောင့်နတ်တွေက ဖမ်းစားနေပါဦးမယ်..." ဟု ဘွန်ဟောင်းက ပြောလိုက်လျှင်...

စနေမောင်မောင်က...

"ထိုင်ပြီးများ ပေါက်ခဲ့လို့ရှိရင်... တောင်စောင့်နတ် ဖမ်းစားတာထက်တောင် ကြောက်ဖို့ကောင်းသေးတယ်ကွယ့်လူ...၊ တစ်ခါတည်းပိုင်းခနဲ ပစ်လဲသွားမယ်...၊ အအေးဓာတ်က သိပ်ပြီးများနေတော့... တောင်ကြောတစ်ခုလုံးမှာ ကာဘွန်နိုတ်အက်စစ်ဓာတ်တွေဟာ မြေပြင်ကနေ နှစ်ပေအမြင့်ထိ ကြွတက်ပျံတက်နေတယ်...၊ အဲဒါတွေရှူမိရင် လဲသွားလိမ့်မယ်...၊ ဆက်ပြီးရှူမိရင် အသက်ပါပျောက်သွားလိမ့်မယ်..." ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုတော့... လားကုန်သည်တွေမလာရင်... ကျွန်တော်တော့ မထိုင်ရတော့ဘူးလား...၊ သူတို့လာတော့ကော... ဆရာကြီးပြောတဲ့ ကာဘွန်ဓာတ်တွေက ဘယ်ရောက်ကုန်လို့လဲ..." ဟု ဘွန်ဟောင်းက စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောလိုက်လေ၏။

"ဒီလိုကွ...၊ လားကုန်သည်တွေဆီမှာ ကြက်သွန်ဖြူတွေ ပါလိမ့်မယ်...၊ ဒီခရီးမျိုးမှာက ကြက်သွန်ဖြူမပါဘဲ... ခရီးသွားလို့မရဘူး...၊







www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်ဖြူကို ဝါးစားပြီးမှ မြေပြင်ပေါ်မှာ ထိုင်လို့ရမယ်...၊ ကြက်သွန်ဖြူရဲ့အနံ့ဟာ ဒီကဘွန်ဓာတ်တွေကို နိုင်တယ်ကွ...”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအချိန်၌ပင် တစ်ဘက်သော တောင်စွယ်မှ လားကုန်သည်တန်းကြီးကို တွေ့ရလေ၏။ ဘွန်ဟောင်းလည်း ဝမ်းသာလွန်း၍ ထ၍ခုန်လေတော့၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ကုန်သည်များအား မီရန် လျှောက်ကြလေ၏။ ကုန်သည်များလည်း ထိုတောင်စွယ်ထိပ်သို့ ရောက်သောအခါ အနားယူရန် ပြင်ဆင်ကြလေတော့၏။ အိတ်အတွင်းမှ ကြက်သွန်ဖြူများကိုနှိုက်၍ အသီးသီးဝါးစားကြကုန်၏။ ထိုသို့ ဝါးစားပြီးမှသာလျှင် ထိုင်ကြလေ၏။

“ဟုတ်တယ် ဆရာကြီးရေ...၊ လားကုန်သည်တွေတော့ ကြက်သွန်ဖြူတွေ ဝါးကုန်ကြပြီ... ဆီးတွေတော့ ပူကုန်တော့မှာပဲ ဆရာကြီးရေ...”ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

“မသေမချင်းမှတ်ထား... ဘွန်ဟောင်းရေ အဆိပ်နားမှာ... အဆိပ်ဖြေဆေးပင်ဟာ ရှိစမြဲပဲကွ...၊ မင်းပြောသလိုပဲ...၊ သူတို့ဟာ ကြက်သွန်ဖြူတွေကို မတန်တဆ ဝါးစားနေရတော့... ဆီးပူတာပေါ့ကွာ...၊ အဲဒီတော့ သူတို့ဆီမှာ ဆီးဆေးကောင်းကောင်းလဲ ပါတတ်ကြတယ်ကွ...၊ ကြက်သွန်ဖြူကြီးလဲ တောင်းလို့တော့ မဖြစ်ဘူး...၊ ဆီးဆေးပါ တောင်းရလိမ့်မယ်ကွ...”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ဘွန်ဟောင်းလည်း လားကုန်သည်များထံသို့ ထွက်သွားလေ၏။

“ဟော့... ဒီလိုအလကားသွားပြီးတောင်းလို့ သူတို့က ဘယ်ပေးမလဲကွ...၊ ရော့... ရော့... ဒါကလေးယူသွား...”ဟု ဆိုကာ...

စနေ မောင်မောင်သည် ဘွန်ဟောင်းအား အထုပ်ကလေး တစ်ထုပ်ပေးလိုက်လေ၏။

ဘွန်ဟောင်းလည်း အထုပ်ကို ဖြေကြည့်ပြီးနောက်...

“ဘိန်းမှတ်တယ်...”ဟု ပြောလေ၏။

ထို့နောက်တွင်ကား လားကုန်သည်များက ကြက်သွန်ဖြူနှင့် ဆီးဆေးလုံးများကို ပေးလိုက်သဖြင့် ဘွန်ဟောင်းသည် ပျော်ရွှင်စွာ ခုန်ပေါက်၍ ပြန်လာလေတော့၏။ စနေမောင်မောင်နှင့် ဘွန်ဟောင်း





တို့သည် ကြက်သွန်ဖြူများကို ဝါး၍စားကြပြီးနောက် လေကွယ်ရာ ကျောက်တုံးတစ်တုံးကြီး၏ဘေးတွင် ထိုင်ကြလေ၏။

“ကြက်သွန်ဖြူက... အတော်စွမ်းပါလား... ဆရာကြီး...”ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

“စွမ်းပြီးလားကွာ...၊ သူ့ရဲ့အစွမ်းတွေက မနည်းပါဘူး...၊ သူ့ထဲမှာက 'တဲလီဆာဖိုဒ်'ဆိုတဲ့ ဓာတ်တစ်မျိုးပါတယ်ကွ...၊ အဲဒီဓာတ်က 'ကွန်ဇင်းရှင်း'လို့ခေါ်တဲ့ မြစ်ချောက်နာကို အတော်ပဲနိုင်တယ်ကွ...၊ ဒါနဲ့ မင်းကို ဗဟုသုတဖြစ်အောင် ပြောရဦးမယ်...၊ အလွန်အင်မတန် လေးစားစရာကောင်းတဲ့'ယောအတွင်းဝန် ဦးဖိုးလှိုင်'ဟာ ဘာကြောင့်ရယ်လို့တော့ မပြောနိုင်ဘူး...၊ သူ့ရဲ့ဥတုဘောဇနကျမ်း'မှာ ကြက်သွန်ဖြူအကြောင်းမရေးဘဲ ချန်ထားခဲ့တယ်ကွယ့်...”ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

“ဂျူးမြစ်ကို စားရတာလဲ... ကြက်သွန်ဖြူကို စားရသလိုပဲ...၊ အရသာက ခပ်ဆင်ဆင်ပဲ ဆရာကြီး...”ဟု မေးလိုက်လေ၏။

“တူမှာပေါ့ကွ...၊ ဂျူးမြစ်ဟာ ရုက္ခဗေဒအလိုမှာ ကြက်သွန်ဖြူမျိုးရင်းထဲကပဲကွ...”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထို့နောက် ဘွန်ဟောင်းသည် မီးမွှေး၍ ရေနွေးအိုးတည်ကာ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်ကို မီးကင်၏။ ရေနွေးဆူသောအခါ၌ ကော်ဖီမှုန့်နှင့် သကြားကိုခတ်၍ ကော်ဖီကြမ်းပြုလုပ်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မြိန်ယှက်စွာ စားသောက်ကြလေတော့၏။

ပြီးလျှင် ၎င်းတို့နှစ်ဦးသည် ဆေးလိပ်ကို ဖွာရှိုက်ရင်း ရှေ့ဆက်မည့် ခရီးစဉ်ကို ဆွေးနွေးကြလေ၏။

စနေမောင်မောင်သည် မြေပုံစာရွက်ကို အောက်၌ဖြန့်ချ၍...

“ယောဒီတောင်တန်းတွေကို... စိတ်ရှည်လက်ရှည်ဖြတ်သွားရင် လာဆာမြို့တော်ကို ရောက်မယ်...၊ အဲဒီဘက်ကိုမသွားဘဲ ဒီဘက်ကိုသွားရင် ဟိမန္တာကိုရောက်မယ်...၊ ဒီဘက်ကိုဆင်းလိုက်ရင် ဗြဟ္မပုတ္တရမြစ်ကို ရောက်မယ်...၊ ငါ့ရဲ့အထင်ကတော့ ဖိုးသူတော်ကြီး ဦးရယ်မောနဲ့ မောင်စံဖိုးတို့စဟာ လူသူအရောက်အပေါက်နည်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာက ဘုန်းကြီးကျောင်း...၊ ဒါမှမဟုတ်ရင် ရသေ့ကျောင်း... တစ်ကျောင်းမှာ သူတို့ရဲ့ရွှေသေတ္တာကြီးကို အပ်ခဲ့ကြလိမ့်မယ်က...၊ အဲဒီလိုမှ မဟုတ်ရင်လဲ ကျောက်ဂူကြီးတစ်ဂူအတွင်းမှာ ဝှက်ကြ လိမ့်မယ်..."ဟု ပြောလိုက်လေ၏။

ဘွန်ဟောင်းသည် ဆေးလိပ်ပြာကို ခြွေလိုက်ပြီးနောက်...

"ဆရာကြီး... ကိုယ့်အိမ်မှာတင် နေရာအထားမှားပြီး ရှာမတွေ့ တဲ့ ပစ္စည်းကလေးတစ်ခုကို ရှာရင်တောင် လွယ်လွယ်နဲ့ တွေ့တာမ မဟုတ်ဘဲ...၊ အခုဟာက တောတွေ၊ တောင်တွေ၊ ဆီးနှင်းတွေ၊ လ တွေ၊ မြောင်တွေ ပေါလှတဲ့ နေရာကြီးမှာ ကျွန်တော်တို့ရှာတဲ့ ပစ္စည်း ကရော တွေ့ဖို့ လွယ်ပါ့မလားခင်ဗျာ...၊ မျှော်လင့်ချက်ရှိသေးရဲ့လား ဟု မေးလိုက်လေ၏။

ဘွန်ဟောင်းစကားကြောင့် စနေမောင်မောင်သည် ပြုံးလိုက် လေ၏။

"ဘာကိုပြုံးတာလဲ ဆရာကြီးရဲ့..."ဟု ဘွန်ဟောင်းက မေးလိုက် လေ၏။

"မင်းပြောတဲ့ မျှော်လင့်ချက်ဆိုတဲ့ စကားကို သဘောကျလို့ပါ" ဟု စနေမောင်မောင်က ပြောလေ၏။

"အဲဒီစကားမှာ ပြုံးစရာမပါဘူး ဆရာကြီးရဲ့..."ဟု ဘွန်ဟောင်း က ပြောလေ၏။

"မဟုတ်သေးပါဘူးကွာ...၊ မျှော်လင့်ခြင်းဆိုတဲ့ ပုံပြင်ကလေးကို သတိရလို့ ပြုံးမိတာပါ...၊ ရှေးဟောင်းရောမပုံပြင်ကလေးတစ်ခု ရှိတယ်ကွ...၊ အဲဒီပုံပြင်ကလေးနာမည်က 'မျှော်လင့်ခြင်း'တဲ့..."ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

"ပြောပါဦး ဆရာကြီးရဲ့..."ဟု ဆိုလေ၏။

ထိုအခါ စနေမောင်မောင်က...

"ပုံပြင်က ဒီလိုကွ...

ဟိုတုန်းက... နတ်သားတစ်ပါးရှိတယ်၊ သူ့နာမည်က "ပရိုမီးသယူး" လို့ခေါ်တယ်...၊ အဲဒီနတ်သားက နတ်ပြည်က မီးကိုခိုးယူပြီး လူပြည် ကို လာပေးတယ်ဆိုပဲ...၊ အဲဒီလို လာပြီးပေးတာကို နတ်မင်းကြီးက





သိပြီးသွားတော့... အလွန်ပဲ စိတ်ဆိုးတာပေါ့...၊ အဲဒီတော့ နတ်မင်း ကြီးဟာ သူ့ရဲ့သားတစ်ယောက်ကိုခေါ်ပြီး... လူပြည်မှာရှိတဲ့ လူ ယောက်ျားတွေကို ဒုက္ခရောက်အောင် လုပ်ပေးစမ်းပါလို့ ပြောတယ်၊ နတ်မင်းကြီးရဲ့သားကလဲ ကောင်းပြီဆိုပြီး မိန်းမတစ်ယောက်... ဖန်ဆင်းတယ်...၊ အဲဒီမိန်းမကို "သောကြာ" နတ်သမီးက လှပ အောင် ထပ်ပြီးဖန်ဆင်းပေးလိုက်တယ်...၊ "ဟာမီး" ဆိုတဲ့နတ်ကလဲ အဲဒီမိန်းမကို လိမ္မာပါးနပ်အောင် သင်ပြပေးလိုက်တယ်...၊ နတ်မင်း ကြီး ၏ကိုယ်တိုင်ကတော့ ရွှေသေတ္တာတစ်လုံးပေးလိုက်တယ်...၊ အဲဒီရွှေသေတ္တာကို မဖွင့်ဖို့လဲ မှာလိုက်တယ်...၊ အဲဒီရွှေသေတ္တာ ကလေးကို ဖွင့်လိုက်ရင်... အထဲက အရာဝတ္ထုတွေ ထွက်ကုန်လိမ့် မယ်...၊ ရွှေသေတ္တာထဲမှာရှိတဲ့အရာဝတ္ထုတွေ ထွက်ကုန်ရင်နင်သေ လိမ့်မယ်လို့လဲ မှာလိုက်တယ်...၊ အဲဒီမိန်းမကို "ပန်ဒိုရာ" လို့လဲ နာမည်ပေးလိုက်တယ်...၊ ပန်ဒိုရာဆိုတာ ရောမစကားမှာ လက် ဆောင်လို့ အဓိပ္ပါယ်ရတယ်...၊ နတ်မင်းကြီးရဲ့သားဟာ ပန်ဒိုရာကို ရွှေသေတ္တာကလေးနဲ့အတူ လူပြည်ကို ပို့လိုက်တော့တာပဲ...၊ လူပြည်လဲကျရော "အပ်ပီမီးသယူး" ဆိုတဲ့ လူတစ်ယောက်က ပန်ဒိုရာကို မယားအဖြစ် သိမ်းပိုက်လိုက်တော့တာပဲပေ့...၊ တစ်နေ့ မှာ ပန်ဒိုရာဟာ နတ်မင်းကြီးက မဖွင့်ပါနဲ့လို့ မှာလိုက်တဲ့ရွှေသေတ္တာ ကို ဖွင့်လိုက်တာ ဘာတွေထွက်လာသလဲဆိုတော့ ရောဂါများ၊ ကောက်ကျစ်စဉ်းလဲမှုများ၊ လိမ်ညာမှုများ၊ ကြမ်းတမ်းရက်စက်မှု များဆိုတဲ့အရာတွေဟာ တရစပ်ထွက်လာတော့တယ်...၊ အဲဒီတော့ ပန်ဒိုရာက ရွှေသေတ္တာရဲ့အဖုံးကို ကပျာကယာပြန်ပြီးပိတ်လိုက် တယ်...၊ အဲဒီလို ပိတ်လိုက်တော့ အတော်ပဲ နောက်ကျသွားလေ တော့... ရွှေသေတ္တာထဲမှာက ပစ္စည်းတစ်ခုပဲ ကျန်တော့တယ်...၊ အဲဒါက ဘာလဲဆိုတော့ "မျှော်လင့်ခြင်း" ဆိုတဲ့ ပစ္စည်းပဲကွ...၊ အဲဒီ နေ့ကစပြီး လူတွေဟာ ရောဂါတွေ၊ ကောက်ကျစ်စဉ်းလဲမှုတွေ၊ ကြမ်းတမ်းရက်စက်မှုတွေ၊ လိမ်လည်မှုတွေကို တတ်ကျွမ်းလာကြ တယ်...၊ လူတွေမှာ တကယ်ပိုင်ဆိုင်တဲ့ အရာကတော့ "မျှော်လင့် ခြင်း" ဆိုတဲ့ အရာဖြစ်တယ်...၊ အဲဒါလေးများ ထွက်သွားရင်တော့ လူဟာ သေတော့တာပဲလို့ ရှေးဟောင်းရောမတွေ ယုံကြည်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်"ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"တော်တော်ကောင်းတဲ့ ပုံပြင်ပဲ...၊ မျှော်လင့်ခြင်းကြောင့် အသက်ရှင်တယ်ဆိုတာ ဒါကိုပြောတာကိုး..."ဟုလည်း ရေရွတ်လိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် ဆေးလိပ်များဖွာရင်း မြေပုံကို ဆက်လက်ကြည့်ရှုနေကြလေတော့၏။ ထိုသို့ ကြည့်ရှုနေရင်း...

ဘွန်ဟောင်းက...

"ဆရာကြီးရေ... ကျွန်တော်တို့ရှာနေတဲ့ ရွှေသေတ္တာကြီးထဲကလဲ 'ပန်ဒိုရာ'နတ်သမီးရဲ့ ရွှေသေတ္တာလို ရောဂါတွေ...၊ ကောက်ကျစ်စဉ်းလဲမှုတွေ၊ လိမ်လည်မှုတွေ၊ ရက်စက်မှုတွေ ထွက်လာမှာပဲနော်"ဟု ပြောလိုက်လျှင်...

စနေမောင်မောင်က...

"မျှော်လင့်ခြင်းဆိုတာလဲ အထဲမှာ ပါမှာပါကွာ..."ဟု ပြောလိုက်လေတော့၏။

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ခရီးဆက်မြဲဆက်၍ လာကြ၏။ ခရီးမှာ ကြမ်းတမ်းလှဘိ၏။ ၎င်းတို့သည် လားကုန်သည်ကြီးများ၏နောက်သို့ မလှမ်းမကမ်းနေရာမှ ကပ်၍လိုက်ခဲ့ကြလေ၏။ လားကုန်သည်အတန်းကြီးမှာလဲ ၎င်းတို့၏ရှေ့မှ တရွေ့ရွေ့နှင့်ခရီးနှင်ကြလေ၏။ ထိုကုန်သည်များ စခန်းချ၍ နားနေသောအခါ၌ ဘွန်ဟောင်းနှင့် စနေမောင်မောင်လည်း နားလေ၏။

၎င်းတို့နှစ်ဦးသည် ကျောက်ဂူကြီးအတွင်း၌ဝင်၍ နားကြလေ၏။ ဘွန်ဟောင်းက မီးဖို၍ စားစရာများ ပြင်ဆင်ကြလေ၏။ စားသောက်ပြီးသောအခါ၌ စနေမောင်မောင်က စီးကရက်ကို သောက်ရင်း တောင်အောက်မှ တက်လာသည့် မြူခိုးများနှင့် နှင်းငွေ့များကို ကြည့်နေလေ၏။ ထိုအချိန်၌ပင် မှောင်၍လာသဖြင့် ဘွန်ဟောင်းက မှန်အိမ်ကလေးတစ်လုံးကို ထွန်းညှိလေ၏။

မှန်အိမ်ထွန်းပြီးသောအခါ၌ စနေမောင်မောင်သည် ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်၍ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေလေ၏။ ဘွန်ဟောင်းမှာမူ ငိုက်မျဉ်းစပြုလာပြီဖြစ်၏။





ထို့ကြောင့် စနေမောင်မောင်က...

"ဟေ့... ဘွန်ဟောင်း၊ ငိုက်ပြီလားကွ..."ဟု မေးလေ၏။

"ဒါပေါ့ဆရာကြီးရယ်...၊ တစ်နေ့လုံးပင်ပန်းလာတာ...၊ အိပ်ချင်ပြီပေါ့..."ဟု ဘွန်ဟောင်းက ပြန်၍ဖြေလေ၏။

"အိပ်ချင်ရင်... ဟောဒီဉာဏ်စမ်းကလေးတစ်ပုဒ်ကို ဖြေနိုင်မှ အိပ်ခွင့်ပေးမယ်..."ဟု ဆိုလေ၏။

ထိုအခါ ဘွန်ဟောင်းက...

"ပြောပါ... ဆရာကြီး၊ မြန်မြန်ဖြေပြီးတော့လဲ... မြန်မြန်အိပ်ရတာပေါ့ခင်ဗျာ..."ဟု ဆိုလေ၏။

စနေမောင်မောင်သည် ဉာဏ်စမ်းပုစ္ဆာတစ်ခုကို မေးလေတော့၏။

"ဟိုးရှေးရှေးတုန်းက အလွန်စွတ်ီးခွကျနိုင်တဲ့ တိုင်းပြည် တစ်ပြည်မှာကတ်သီးကတ်သတ်ဆိုတဲ့ဘုရင်ကြီးတစ်ပါးအုပ်ချုပ်တယ်ကွ"ဟု စနေမောင်မောင်က စကားစလိုက်လျှင်...

ဘွန်ဟောင်းက...

"ဆရာကြီးပုစ္ဆာက... ကတ်သီးကတ်သတ်ကြီးပါလား..."ဟု ပြောလေ၏။

"အေး... အဲဒီ ကတ်သီးကတ်သတ်ဘုရင်ကြီးဟာ ဘယ်လိုကြောင့်ရယ်လို့တော့ မဆိုနိုင်ဘူးကွ... (၃)ဂဏန်းကို အတော်ပဲကြောက်တယ်...၊ ဒါကြောင့်သူ့နိုင်ငံမှာ(၃)ဂဏန်းကိုမထားဘူး...၊ (၃)နေရာကျရင်(၄)ကိုဆက်ရေးရတယ်...၊ ဒါကြောင့် သူ့နိုင်ငံရဲ့ဂဏန်းသင်္ချာဟာ တစ်မျိုးတစ်ဖုံဖြစ်နေတယ်ကွ..."ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

"ဆရာကြီးပုစ္ဆာက... ကတ်သီးကတ်သတ်ကြီးပါလား..."ဟု ပြောလေ၏

"အေး... ဆက်ပြီးပြောရဦးမယ်...

တစ်နေ့တော့... ကုန်သည်တစ်ယောက်ဟာ အဲဒီတိုင်းပြည်ကို ရောက်သွားပါလေရောကွာ...၊ သူက အဲဒီတိုင်းပြည်မှာ ရောင်းဖို့ ကြွေကရားတွေ ပါသွားတယ်ကွ...၊ သူ့ကြွေကရားတွေကို တစ်ခြားတိုင်းပြည်မှာ(၃၃)ကျပ်နဲ့ရောင်းတာပဲ...၊ ဒါပေမယ့် ကတ်သီးကတ်



www.burmeseclassic.com

www.burmeseclassic.com



သတ်ဘုရင်ကြီးနဲ့ ခွတီးခွကျတိုင်းပြည်မှာ သူ့ရဲ့ကရားကို တစ်လုံး (၃၃)ကျပ်နဲ့ပြောပြီး ရောင်းလို့မဖြစ်နိုင်ဘူး…၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတိုင်းပြည်က (၃)ဂဏန်းကို မသုံးဘူးလေ…၊ အဲဒီတော့ ကရားတစ်လုံးကို (၃၃)ကျပ်ရချင်တယ်ဆိုရင် အဲဒီကြွေကရားကုန်သည်ဟာ… ခွတီးခွကျတိုင်းပြည်မှာ သူ့ရဲ့ကြွေခရားတစ်လုံးကို ဘယ်လောက်နဲ့ထားပြီး ရောင်းမတုန်း…"ဟု စနေမောင်မောင်က မေးလိုက်လေ၏။

ဘွန်ပောင်းလည်း မီးဖိုမှ မီးသွေးခဲတစ်ခုကိုယူကာ…

"ဆရာကြီးဉာဏ်စမ်းကလဲ… ကတ်သီးကတ်သတ်ကြီးပါလား" ဟု ပြောဆိုကာ စတင်၍တွက်ချက်လေတော့၏။

စနေမောင်မောင်မှာမူ ရေနွေးကရားကိုငှဲ၍ ရေနွေးကြမ်းသောက်ရင်း ရှေ့သွားရမည့်ခရီးစဉ်အတွက် မြေပုံလိပ်ကို ကြည့်ရှုကာ စဉ်းစားနေလေတော့၏။

ဘွန်ပောင်းသည် စနေမောင်မောင်ပေးသော ဉာဏ်စမ်းပုစ္ဆာကို ကြိုးစား၍ ဖြေဆိုနေလေ၏။ ၎င်း၏စိတ်၌ မြန်မြန်ဖြေ၍ပြီးလျှင် မြန်မြန်အိပ်ရမည်ဟု ထင်မှတ်ကာ ဖြေဆိုနေခြင်းပင် ဖြစ်၏။ သို့ရာတွင် ထိုသို့ဖြေနေရင်းနှင့်ပင် အိပ်ချင်စိတ်များ ပြေပျောက်သွားကာ မျက်လုံးများ ကြောင်စပြုလာလေ၏။ ညဉ့်နက်ပိုင်းသို့ရောက်သောအခါ၌…

"ဆာတယ်… ဆရာကြီးရာ၊ ကော်ဖီကြမ်းနဲ့ ပေါင်မုန့်လေး… ဘာလေး စားကြဦးစို့…"ဟု ဆိုကာ ကော်ဖီကြမ်းဖျော်လေ၏။ ပေါင်မုန့်မီးကင်လေ၏။

ထို့နောက် ပေါင်မုန့်မီးကင်ကိုကိုက်လိုက်၊ ကော်ဖီကြမ်းကို သောက်လိုက်နှင့်လုပ်ရင်း မြေကြီးကျောက်သားပေါ်တွင် ၎င်းတွက်ချက်လျက်ရှိသော ဉာဏ်စမ်းပုစ္ဆာကို တစေ့တစောင်းကြည့်ကာ…

"အလို့လေး… စဉ်းစားတုန်းက မရဘူး၊ အခုမှ လာပြီးရနေပါရော့လား…"ဟု အော်လိုက်လေ၏။

"ရပြီလွှားကွ…"ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ရပြီပေါ့ခင်ဗျာ…"ဟု ဘွန်ပောင်းက ပြန်၍ဖြေလျှင်…

စနေမောင်မောင်က…



"ရရင်ပြောစမ်းကွာ…"ဟု မေးလိုက်လေ၏။

"ဒီလိုလေ… ဆရာကြီး၊ အဲဒီတိုင်းပြည်မှာ (၃)ကိုမသုံးဘူးဆိုတော့… (၁)ကနေ (၉)အတွင်းမှာ (၃)တစ်လုံးကို ဖယ်ရမယ်…၊ (၁၀)ကနေ (၁၉)အတွင်းမှာ (၃)ပါတဲ့တစ်လုံးကို ဖယ်ရမယ်…၊ (၂၀)ကနေ (၂၉)အတွင်းမှာ (၃)ပါတဲ့တစ်လုံးကို ဖယ်ရမယ်…၊ (၃၀)ကနေ (၃၉)အတွင်းမှာ (၃)ပါနေတာချည်းပဲဆိုတော့… အကုန်လုံးဖယ်ရမယ်…၊ စုစုပေါင်း(၁၀)လုံးရှိမယ်…၊ (၄၀)ကနေ (၄၉)အတွင်းမှာ (၃)ပါတဲ့ဂဏန်းတစ်လုံးကို ဖယ်ရဦးမယ်…၊ အဲဒီတော့… (၃)ပါလို့ဖယ်ထားရတဲ့ ဂဏန်းချည်းပဲ (၁၄)လုံး တောင်ရှိတယ်ခင်ဗျ…၊

ကြွေကရားရောင်းတဲ့သူက သူ့ရဲ့ကြွေကရားကို (၃၃)ကျပ်လိုချင်ရင် အဲဒီဖယ်ထားတဲ့ (၁၄)လုံးနဲ့ ပေါင်းရမယ်…၊ အဲဒီတော့ (၃၃)ကို (၁၄)နဲ့ပေါင်းရင်… (၄၇)ရမယ်…၊ (၄၇)ကျပ်နဲ့ရောင်းမှ သူဟာ (၃၃)ကျပ်ပဲ ရမယ်…"ဟု ဘွန်ပောင်းက ပြောလိုက်ရာ…


စနေမောင်မောင်က…

"မင်းအဖြေက မှန်တယ်…၊ အိပ်ချင်ရင်အိပ်တော့ကွာ…"ဟု ဆိုလေ၏။

ဟိန်းစား ဘွန်ပောင်းကလည်း…

"မျက်လုံးကြောင်သွားပြီ… ဆရာကြီး၊ အိပ်လို့မရတော့ဘူး…၊ နောက်ထပ် ဉာဏ်စမ်းပုစ္ဆာကလေးတစ်ခု မေးစမ်းပါဦး…"ဟု ပြောလိုက်လေ၏။

ထိုအခါ၌ စနေမောင်မောင်သည် ကော်ဖီကြမ်းကိုမော့ရင်း…၊ မီးသွေးခဲကို ကောက်ယူကာ ဘွန်ပောင်း၏ရှေ့တွင်ရှိသော သစ်သားပေါ်၌ အောက်ပါအတိုင်း ရေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရေးပြီးလျှင်...

"အကွက်(၉)ကွက်ရှိတယ်ကွ...၊ အဲဒီအကွက်(၉)ကွက်ထဲမှာ မင်းက... ဂဏန်းတွေ ပေါင်းထည့်ရမယ်...၊ မင်းထည့်တဲ့ ဂဏန်းတွေကို အလျားလိုက်ပဲပေါင်းပေါင်း...၊ အစောင်းလိုက်ပဲပေါင်းပေါင်း... အားလုံးပေါင်းရကိန်းဟာ (၁၂၃)ဖြစ်ရမယ်...၊ အဲဒါလေးအဖြေရရင်တော့ အိပ်ချင်ရင်အိပ်တော့ကွာ..."ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းလည်း...

"လာပြန်ပြီ... ကတ်သီးကတ်သတ်တစ်ခု..."ဟု ဆိုကာ စတင်၍ အလုပ်ရှုပ်လေတော့၏။ သို့ရာတွင် ဘိန်းစားဘွန်ဟောင်းမှာ အရုဏ်တက်သည်အထိ အဖြေကို မရနိုင်ဘဲ ရှိလေ၏။

ထိုအခါ၌ စနေမောင်မောင်သည် ထိုင်ရာမှထပြီးလျှင် ကျောက်ဂူဝသို့ထွက်ကာ လက်အုပ်ချီလျက် အောက်ပါ ဂါထာကို ရွတ်ဆိုလေတော့၏။

ဣသူဓေယီ အင်္ဂြိတိ ထမ္ဘဝုဏ္ဍလံ၊
ဓေဝ်တိဓေဝံ နရုဒ္ဓမ္မရုတိ၊
သမဒ္ဒုစက္ခုံ သတာပုညလက္ခဏီတံ၊
ပါဏေကောတိ ဗုဒ္ဓံ သရဏံ ဂမေသ္မိ။

ထိုသို့ရွတ်ဆိုပြီးနောက် ဘွန်ဟောင်းဆီသို့ လျှောက်၍လာကာ...

"ကော်ဖီဖျော်ကွာ...၊ ဝက်ပေါင်ခြောက်လဲကင်ပါဦး... မိုးလင်းပြီကွ..."ဟု ဆိုကာ... ဘွန်ဟောင်း၏ရှေ့တွင်ရှိသော အင်းကွက်၌ အောက်ပါအတိုင်း ဂဏန်းများကို ရေးသွင်းလိုက်လေတော့၏။

| | | |
|---|---|---|
| ၃၈ | ၄၅ | ၄၀ |
| ၄၃ | ၄၁ | ၃၉ |
| ၄၂ | ၃၇ | ၄၄ |





ထိုအခါ ဘွန်ဟောင်းက...

"ဒါအဖြေပဲလား... ဆရာကြီး..."ဟု မေးလျှင်...

စနေမောင်မောင်က...

"ဒါပေါ့ ငါ့လူရ...၊ ကန့်လန့်ပဲပေါင်းပေါင်း...၊ ထောင်လိုက်ပဲပေါင်းပေါင်း...၊ အစောင်းလိုက်ပဲပေါင်ပေါင်း...၊ (၁၂၃)ပဲရပါတယ်ကွ..."ဟု ပြောလိုက်ရာ...

"ဆရာကြီးရယ် စောစောက ပြောလိုက်ရင် ပြီးရောပေါ့..."ဟု ညည်းတွားလိုက်လေတော့၏။

"အဖြေကို တမင်တကာမပြောတာကွ...၊ မင်းအိပ်ချင်နေတာ ပျောက်သွားအောင် လုပ်ရတာ...၊ အခု... ငါတို့ရောက်နေတာ ပေါင်းထောင်ကျော်မြင့်တဲ့ နေရာကွ...၊ အအေးက သိပ်များတယ်...၊ အိပ်ပျော်တာနဲ့ သွေးတွေခဲပြီး ဒုက္ခဖြစ်သွားနိုင်တယ်...၊ ဒါကြောင့် တမင်တကာ ဉာဏ်စမ်းပဟေဠိတွေ မေးနေရတာ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ၎င်းတို့နှစ်ဦးသည် ကုန်သည်များ၏ လားတွန်းကြီးနောက်မှ ခရီးနှင်ခဲ့ကြရပြန်၏။ နောက်နှစ်ရက်တွင်မူ စနေမောင်မောင်က ကုန်သည်များထံမှ လားတစ်ကောင်ကို ဝယ်ယူ၍ ဘွန်ဟောင်းသယ်ပိုးရသော ပစ္စည်းများအား လားပေါ်၌ တင်လေ၏။

"ဆရာကြီးရေ...၊ လားကိုဝယ်လိုက်တာ သိပ်ကိုနေရာကျတာပဲ၊ အစာပြတ်တဲ့နေရာကျတော့လဲ... ဒီကောင့်ကို အစာလုပ်ရမယ်..."ဟု ဘွန်ဟောင်းက ပြောလိုက်ရာ...

"တကယ်ငတ်တော့လဲ... စားချင်စားပေါ့ကွာ...၊ အခုကတည်းက အကုသိုလ်မများစမ်းပါနဲ့..."ဟု ဟန့်တားလိုက်လေတော့၏။

လားဝယ်ယူသည့်ညက ၎င်းတို့သည် တောင်၏အဆင်းလမ်းသို့ ရောက်ရှိနေကြပြီဖြစ်ရာ အမြင့်ပေနှစ်ထောင်ခန့်သာလျှင် ရှိလေတော့၏။ ညပိုင်းသို့ရောက်သောအခါ၌ စနေမောင်မောင်က ဘွန်ဟောင်းအား...

"ဒီညတော့ ဉာဏ်စမ်းပုစ္ဆာ မမေးတော့ပါဘူးကွာ...၊ အိပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ...၊ အိပ်ရေးဝဝအိပ်ပေတော့..."ဟု ပြောလေ၏။

ဘွန်ဟောင်းလည်း ကျောက်ဂူတစ်ခုအတွင်း၌ မီးဖိုကာ အိပ်ရာ ကိုခင်း၍ လဲလျောင်းလေ၏။ ထို့နောက် ဆန်ပြုတ်ကို ဝက်အူချောင်း ဖြင့် စားသောက်ရန် ပြင်ဆင်၍ နှစ်ယောက်သား စားသောက်ကြ လေ၏။ ပြီးလျှင် အိပ်ရာထက်၌ လှဲ၍အိပ်လေ၏။ သို့ရာတွင် တော် တော်နှင့် အိပ်မပျော်ဘဲ တလူးလူး၊ တလိမ့်လိမ့်လုပ်၍ နေလေ၏။

ထို့ကြောင့် စနေမောင်မောင်က...

"အိပ်လေကွာ..."ဟု ပြောလိုက်လေ၏။

"အိပ်ခွင့်ရတော့လဲ... အိပ်လို့မရပြန်ဘူး ဆရာကြီးရဲ့...၊ တစ်ခု ခုတော့လိုနေသလိုပဲ..."ဟု ပြောလေ၏။

ထိုအခါ စနေမောင်မောင်က ပြုံးရယ်၍...

"အဲဒါ ဘာကြောင့်လဲ သိလား..."ဟု မေးလေ၏။

"မသိပါဘူးဆရာကြီး...၊ ဘယ်လိုဖြစ်တာလဲ..."ဟု ဘွန်ဟောင်း က ပြန်၍မေး၏။

"ဒီလိုဖြစ်ရမလဲကွ...၊ ညတိုင်းဉာဏ်စမ်းပဟေဠိတစ်ခုခု ဖြေ ပြီးမှ အိပ်ခဲ့တာဆိုတော့ အဲဒါကိုစွဲနေပြီလေကွာ...၊ ဉာဏ်စမ်းပဟေဠိ ကလေးတစ်ပုဒ်လောက် မဖြေရတော့... မအိပ်ချင်ဘဲ ဖြစ်နေတာပေါ့၊ တစ်ခုခုလိုနေသလို ဖြစ်နေတာပေါ့..."ဟု စနေမောင်မောင်က ပြော လိုက်လေ၏။

"ဟုတ်လိမ့်မယ် ဆရာကြီး...၊ ဉာဏ်စမ်းပဟေဠိတစ်ခုလောက် လုပ်ပါဦး..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

စနေမောင်မောင်သည် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက်

"လွယ်လွယ်လေးတစ်ခု မေးလိုက်မယ်...၊ ဒါမှ ကိုယ့်လူမြန်မြန် အိပ်ရမှာ..."ဟု ဆိုလျှင်...

ဘွန်ဟောင်းက...

"လုပ်ပါဆရာကြီးရယ်..."ဟု ပြောလေ၏။

"ဘိန်းစားတစ်ယောက်ရှိတယ်ကွ...၊ အဲဒီဘိန်းစားဟာ... စီးကရက်အတိုကလေးတွေ လျှောက်ပြီးကောက်တယ်...၊ အဲဒီလို





ကောက်လို့အတိုကလေး(၇)တိုရရင် အရှည်တစ်လိပ်စာဖြစ်အောင် လိပ်လို့ရတာကိုး...၊ တစ်နေ့မှာ စီးကရက်အတိုကလေးပေါင်း (၄၉)တို ကောက်လို့ရတယ်ဆိုပဲ...၊ အဲဒီနေ့မှာ သူဟာ စီးကရက်ဘယ်နှလိပ် သောက်ရမလဲ..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ဟာ... ဆရာကြီးဟာကလဲ၊ လွယ်မယ့်လွယ်တော့လဲ လွယ်လှ ချည့်လားဗျာ...၊ စီးကရက်(၇)လိပ်သောက်ရမှာပေါ့..."ဟု ဘွန်ဟောင်း က ဖြေလိုက်လေ၏။

"ဟုတ်ပါ့မလား...၊ သေသေချာချာဖြေစမ်းပါ..."ဟု စနေမောင် မောင်က မေးလေ၏။

"မှန်ပါတယ်... ဆရာကြီးရဲ့၊ စီးကရက်အတိုကလေး(၄၉)ခု မဟုတ်လား၊ ခုနစ်ခုနစ်လီ လေးဆယ့်ကိုးလေ ဆရာကြီးရဲ့ အဲဒီတော့ သူက (၇)လိပ်သောက်မှာပေါ့"ဟု ဘွန်ဟောင်းက ပြောလေ၏။

"အေး... (၇)လိပ်သောက်ရတော့ အတိုကလေး ဘယ်နှခု ထပ် ဖြီးရသလဲ...၊ အတိုကလေး(၇)ခု ထပ်ပြီးရတယ်... မဟုတ်လား၊ အဲဒီ တော့ အရှည်တစ်လိပ်ဖြစ်ပြန်ရောပေါ့ကွာ...၊ ဒါကြောင့် ဘိန်းစား ဟာ (၈)လိပ်သောက်ရမှာပေါ့ကွာ..."ဟု စနေမောင်မောင်က ပြောလိုက်ရာ...

ဘွန်ဟောင်းသည် နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်လိုက်ကာ

"ဒီနေရာမှာ ဖမ်းထားတာကိုး..."ဟု ပြော၍ တဟားဟား ရယ် မောလေတော့၏။

ထို့နောက်တွင်ကား ဘွန်ဟောင်းသည် ကောင်းစွာ အိပ်ပျော် သွားလေတော့၏။

မှတ်ချက်။ ထိုခရီး၌ စနေမောင်မောင်သည် ဘွန်ဟောင်းအား ဉာဏ်စမ်းပဟေဠိများစွာကို မေးခဲ့၏။ ဖြေပြန်၏။ ထို ဉာဏ်စမ်းပဟေဠိများကို စနေမောင်မောင်၏ ဉာဏ်စမ်း ပဟေဠိများအဖြစ်ဖြင့် သီးသန့်ရေးသားရန် ရှိပါသည်။

စာရေးသူ။



www.burmeseclassic.com

www.burmeseclassic.com



ဘွန်ဟောင်း အိပ်ပျော်သွားသောအခါ၌ စနေမောင်မောင်လည်း အိပ်လေ၏။ များမကြာမီ၌ပင် စနေမောင်မောင်လည်း အိပ်ပျော်သွားလေတော့၏။ ထိုညက လသာသောညဖြစ်သဖြင့် လေရောင်သည် နှင်းမှုန်များကြားမှ ကျောက်ဂူအတွင်းသို့ထိုး၍ ကျနေ၏။ အေးမြသောလေသည် မကြာခဏဆိုသလို တောင်ကိုကွေ့ပတ်၍ ၎င်းတို့ရှိရာ ဂူပေါက်အတွင်းသို့ ဝင်လေ၏။

၎င်းတို့နှစ်ဦးလည်း မီးဖိုအနီး၌ ဂွမ်းကပ်ကြီးများကိုခြုံ၍ ကောင်းစွာအိပ်စက်နေကြလေ၏။ သန်းခေါင်ယံအချိန်လောက်တွင်မူ တောင်ဆိတ်၏သားရေဖြင့် ပြုလုပ်ထားသော ဝတ်ရုံကြီးများကို ခြုံလွှမ်းထားသည့် လူနှစ်ဦးသည် ၎င်းတို့ရှိရာ ဂူအတွင်းသို့ လျှို့ဝှက်စွာ ဝင်ရောက်လာကြ၏။ ပြီးလျှင် တစ်ယောက်သောသူက ဂူပေါက်အဝတွင်စောင့်ကာ တစ်ယောက်သောသူက ဓားတစ်ချောင်းကို ထုတ်၍ စနေမောင်မောင်အိပ်စက်ရာနေရာသို့ သွားလေ၏။

ပြီးလျှင် စနေမောင်မောင်ရင်ဝဆီသို့ ချိန်ရွယ်ကာ ဓားဖြင့် ထိုးစိုက်ချလေတော့၏။ သို့ရာတွင် စနေမောင်မောင်က တစ်ဘက်သို့ စောင်းလိုက်သည်နှင့် ကြုံကြိုက်သွားရာ ထိုသူ၏ ဓားဦးသည် စနေမောင်မောင်ကို မထိဘဲ ကျောက်တုံးကိုသွားရောက်ထိသဖြင့် 'ချွင်' ဟူသော အသံဖြစ်ပေါ်ကာ မီးများဖြန်းခနဲ ပွင့်သွားလေတော့၏။ ဘွန်ဟောင်းသည် အိပ်ရာမှ ဖြတ်ခနဲလန့်၍နိုးလေ၏။ သို့ရာတွင် ရုတ်တရက် မထသေးဘဲ အဖြစ်အပျက်ကို ကြည့်၍နေလေ၏။

ဓားသမားသည် တစ်ဘက်သို့ စောင်းသွားသော စနေမောင်မောင်၏ နံကြားသို့ ချိန်ရွယ်၍ ဓားဖြင့်ထိုးပြန်၏။ ထိုအခါ၌လည်း စနေမောင်မောင်သည် မူလနေရာသို့ စောင်းလိုက်သည့်အခါနှင့် ကြုံကြိုက်သွားပြန်ရာ ထိုသူ၏ဓားချက်သည် ကျောက်နံရံသို့ ထိမှန်ကာ 'ချွမ်'ကနဲနေ၍ မီးများပွင့်ပြန်လေ၏။ ထိုအခါ ဘွန်ဟောင်း၏စိတ်၌ ၎င်း၏ဆရာကြီး စနေမောင်မောင်အိပ်ပျော်နေ၏။ ရန်သူသည် ထိုအချိန်၌ ဝင်ရောက်လုပ်ကြံသတ်ဖြတ်နေခြင်း ဖြစ်သည်။ စနေမောင်မောင်က သိ၍ရှောင်ခြင်းမဟုတ်ဘဲ ၎င်းဘာသာအိပ်ပျော်နေရင်း





ဟိုဘက်စောင်း၊ သည်ဘက်စောင်း ပြုလိုက်လိုက်သဖြင့် ဓားသမား၏ ဓားချက်များ လွဲချော်သွားခြင်းဖြစ်ကြောင်း တွေးမိလျှင် စနေမောင်မောင်၏အသက်ကို ကယ်ဆယ်ရန်အတွက် မီးစတစ်ခုကို ဆွဲယူပြီးလျှင် အိပ်လျက်အနေအထားမှနေ၍ ဓားသမား၏မျက်နှာသို့ မီးစဖြင့် ပစ်ပေါက်လိုက်လေ၏။

ဘွန်ဟောင်း၏ မီးစသည် ဓားသမား၏ ဘယ်ဘက်မျက်လုံးသို့ ကောင်းစွာထိမှန်လေတော့၏။ ထိုအခါ၌ ဓားသမားသည် မျက်လုံးကို ပိတ်၍ ဂူအတွင်းမှ ပြေးထွက်သွားလေ၏။ ဘွန်ဟောင်းလည်း အိပ်ရာမှထ၍ လိုက်လေ၏။ ဂူဝသို့ရောက်လျှင် အဆင်သင့်စောင့်နေသောသူတစ်ဦးက ဘွန်ဟောင်း၏ဇက်ကို ဓားဖြင့်ဆီး၍ ပိုင်းလေ၏။ ဘွန်ဟောင်းက ထိုသူ့ဓားချက်ကို ဂရုမစိုက်ဘဲ ရဲတင်းစွာ ထိုသူ့အနီးသို့ ကပ်လေ၏။

ထို့ကြောင့် ထိုသလွှဲ၍ ပိုင်းလိုက်သောဓားချက်သည် ဘွန်ဟောင်းကို မထိဘဲ လွန်၍သွားလေ၏။ ဘွန်ဟောင်းသည် ထိုသူ၏ လက်မောင်းရင်းကို ကိုင်မိလျှင် ထိုသူ့အား လက်ကိုလိမ်၍ ကိုင်ပေါက်ချလိုက်လေ၏။ ထိုသူလည်း လေထဲတွင် မြောက်ပါ၍ ဂူအပြင်၌ ကျလေ၏။ ဘွန်ဟောင်းသည် ဂူအပြင်သို့ ပြေးထွက်ကာ ထိုသူ၏ မျက်နှာသို့ ခြေထောက်ဖြင့် တအားကန်၏။ ထိုသူက ရှောင်၏။ ပြီးလျှင် ဘွန်ဟောင်းအား ဓားဖြင့်တွက်၏။ ဘွန်ဟောင်းက ရှောင်၏။ ထိုသူ၏ရင်ဝသို့ ခြေထောက်ဖြင့် ကန်၏။

ဤသို့နှင့်ပင် ဘွန်ဟောင်းနှင့် ဓားသမားသည် လရောင်အောက်၌ အကြိတ်အနယ်သတ်ပုတ်နေကြလေ၏။ နောက်ဆုံးတွင် ဓားသမားသည် ဘွန်ဟောင်းအား ဓားဖြင့် အဆက်မပြတ်ခုတ်လေတော့၏။ ဘွန်ဟောင်းလည်း နောက်သို့တဖြည်းဖြည်းဆုတ်၍ ရှောင်ခဲ့ရာ တောင်ကမ်းပါးယံ၏အစွန်သို့ ရောက်လေတော့၏။ နောက်သို့ အနည်းငယ်မျှ နောက်ဆုတ်လိုက်မိလျှင် တောင်ကမ်းပါးမှ ကျ၍ သေဆုံးရန်သာ ရှိလေတော့၏။

ထိုအခါ ဓားသမားသည် ဘွန်ဟောင်း၏ အကျပ်အတည်းကို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကောင်းယူကာ ဓားဖြင့်ထိုးလေတော့၏။ ဘွန်ဟောင်းက ထိုသူ၏ဓားကိုရှောင်၍ ထိုသူ၏လက်အား ခြေထောက်ဖြင့်ကန်၍ ချိုးလိုက်ကာ ထိုသူအား အမြီးအပိုင်တောင်ကမ်းပါးယံအောက်သို့ တွန်းချလိုက်လေတော့၏။

ပြီးလျှင် ဘွန်ဟောင်းသည် ကျောက်ဂူအတွင်းသို့ ဝင်လာလေ၏။ တစ်စုံတစ်ယောက်သည် ဂူဝဘက်သို့ ကျောပေး၍ မီးလှုံနေသည်ကို တွေ့လျှင် ဘွန်ဟောင်း၏ခြေထောက်များသည် တုန့်ခနဲရပ်သွားလေ၏။

"ငါပါကွ... ဘွန်ဟောင်းရ...၊ ဝင်ခဲ့ပါ..."ဟု စနေမောင်မောင်က ခေါ်သံကိုကြားမှပင် ဘွန်ဟောင်းလည်း ရဲတင်းစွာ ဝင်၍သွားလေတော့၏။

စနေမောင်မောင်လည်း ပေါင်မုန့်မီးကင်နှစ်ချပ်အကြားတွင် ဝက်ပေါင်ခြောက်ကိုညှပ်၍ ဘွန်ဟောင်းအား ပေးရင်း...

"အဲဒါ မင်းရဲ့ သူရသတ္တိကို တိုက်စွမ်းရည်အတွက် ပေးတဲ့ဆုတံဆိပ်လို့ သဘောထားပေတော့...၊ ဒီပေါင်မုန့်နဲ့ အသားကင်ကလေးကို သူရဲကောင်းတံဆိပ်အဖြစ် သဘောထားပြီး ကျေကျေနပ်နပ်ကြီးစားပေတော့...၊ ပြီးရင် ဟောဒီမှာ ကော်ဖီသောက်..."ဟု ဆိုကာ ကော်ဖီခွက်ပါ ထိုး၍ပေးလိုက်လေ၏။

ဘွန်ဟောင်းလည်း ပေါင်မုန့်အသားညှပ်ကို လှမ်း၍ယူပြီးနောက်

"ဆရာကြီး... ဟိုတစ်ကောင် ဆရာကြီးကို ဓားနဲ့ဝင်ပြီးထိုးတာ..."ဟု ပြောလိုက်လျှင်...

စနေမောင်မောင်က...

"သိပါတယ်ကွာ...၊ ငါ့ဆီ မရောက်ခင် ခြေတစ်လှမ်းအလိုလောက် အရောက်မှာ ငါသိလိုက်ပါတယ်..."ဟု ပြောလိုက်လေ၏။

"ဟုတ်ရဲ့လား ဆရာကြီးရယ်..."ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် ယောပတ်သံဘူးကလေးနှစ်လုံးအား ချည်နှောင်၍ ဆက်သွယ်ထားသော အပ်ချည်ကြိုးကလေးကို





ဆွဲ၍ ပြလိုက်လေ၏။

"ဒီသံဘူးလွတ်ကလေးနှစ်လုံးကို အပ်ချည်ကြိုးနဲ့ သွယ်တန်းပြီး ကန့်လန့်ချထားတာကွ...၊ ဒီကြိုးကို ခြေထောက်နဲ့ နည်းနည်းလေး တိုက်မိတာနဲ့ သံဘူးကလေးက တရွတ်တိုက်ပြီး ကျောက်သားနဲ့ပွတ်တော့... 'ရှဲခနဲ' အသံတစ်ချက်ထွက်လာတယ်ကွ...၊ အဲဒီတော့ နိုးတာပေါ့ကွာ...၊ နိုးတဲ့အချိန်မှာပဲ ဒီကောင်က ငါ့ရင်ဘတ်ကို ဓားနဲ့ထိုးတော့ပဲ...၊ ငါက မသိချင်ဟန်ဆောင်ပြီး ဟိုဘက်လှိမ့်လိုက်၊ ဒီဘက်လှိမ့်လိုက် လုပ်နေတာကွ...၊ အဲဒီမှာ မင်းက အိပ်ရာက နိုးလာပြီး ဒီကောင်မျက်နှာကို မီးစနဲ့ပေါက်လိုက်တာ... အဲဒီကောင်ကတော့ မျက်လုံးကန်းသွားရှာပြီနဲ့တူပါတယ်...၊ ဘာမှကို မလုပ်နိုင်ဘူး၊ တစ်ခါတည်း ထွက်ပြေးသွားတာပဲ...၊ ဒါပေမယ့် မင်းဟာ ဂူဝရောက်တာနဲ့ ဂူဝမှာ အဆင်သင့်စောင့်နေတဲ့ကောင်နဲ့တွေ့ပြီး တိုက်ခိုက်ရမှာ သေချာပါတယ်...၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကောင်ကိုလဲ မင်းဟာ တောင်ပေါ်ကနေ အမြီးအပိုင် တွန်းချလိမ့်မယ်လို့ ငါယုံကြည်တယ်၊ အဲဒါကြောင့် ငါထွက်ပြီး လိုက်မလာတော့ဘူး...၊ မင်းရောက်လာတဲ့အခါမှာ အမောဖြေစားသောက်ဖို့ ငါကိုယ်တိုင် ဝက်ပေါင်ခြောက်ကို မီးကင်နေတာ..."ဟု စနေမောင်မောင်က ပြောရင်း ကော်ဖီကို သောက်လိုက်လေ၏။

"ဆရာကြီးနှယ်ဗျာ...၊ ကိုယ့်ကိုလာပြီး ဓားနဲ့ထိုးတာတောင် အေးအေးဆေးဆေး အိပ်ချင်ဟန်ဆောင်ပြီး ရှောင်ရသလား...၊ ကျွန်တော်ဖြင့် ဆရာကြီးအတွက် စိတ်ပူလိုက်ရတာ"ဟု ဘွန်ဟောင်းက ပြောလေ၏။

"မဟုတ်ဘူးကွ...၊ ငါ့စိတ်ကူးက ဒီကောင့်ကို အရှင်ဖမ်းမလို့...၊ အရှင်ဖမ်းမိရင် စစ်ဆေးရတော့ပေါ့ကွာ...၊ ဒါပေမယ့် မင်းက အိပ်ရာက နိုးလာပြီး မီးစနဲ့ပေါက်လိုက်တော့ ငါ့အစီအစဉ်ပျက်သွားတော့တာပေါ့...၊ ဒီကောင်နှစ်ကောင်ဟာ တစ်ခြားက လာတာမဟုတ်ဘူးကွ...၊ ငါတို့ရှေ့သွားတဲ့ လားကုန်သည်အုပ်ထဲကပဲ ဖြစ်ရမယ်...၊ ငါ့အထင်တော့ ဒီနှစ်ကောင်ဟာ 'စီးကရက်စနိုပ်' အဖွဲ့ဝင်တွေဖြစ်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်...”ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

“ဘာပဲဖြစ်ဖြစ်... ဆရာကြီး ရယ်၊ ကိုယ်သွားတဲ့လမ်းခရီးမှာ အခုလို ရန်သူရှိနေတယ်ဆိုတော့... အပျင်းပြေတာပေါ့ဗျာ...၊ ရန်သူနဲ့ တိုက်ခိုက်ရတယ်ဆိုတော့ အပျင်းပြေတာပေါ့ဗျာ...၊ ရန်သူနဲ့ တိုက်ခိုက်ရတယ်ဆိုတာလဲ တစ်နည်းပြောရရင်တော့ ဉာဏ်စမ်းပဟေဠိ ဖြေရသလိုပဲ...”ဟု ပြောဆိုကာ တဟဲဟဲ... ရယ်မောနေလေတော့၏။

“ပဟေဠိဖြေရတာဆိုပေမယ့် တန်ဖိုးက သိပ်ပြီးကြီးတယ်ကွ... မဖြေနိုင်တာနဲ့ အသက်ကိုလျော်လိုက်ရမှာ...”ဟု စနေမောင်မောင် က ပြောလိုက်ရာ...

ဘွန်ဟောင်းက...

“ဘာပဲဖြစ်ဖြစ်... ဆရာကြီးရယ်...၊ ဆရာကြီးဆီက ပေါင်မုန့်နဲ့ အသားကင်တစ်ချပ်ကို သူ့ရသတ္တိအတွက် ဘွဲ့တံဆိပ်ရရှိတာကိုတော့ ကျွန်တော် ဝမ်းသာလို့မဆုံးပါဘူး...”ဟု ပြောလိုက်လေ၏။

“ဘွဲ့တံဆိပ်ဆိုလို့ မင်းကို ဗဟုသုတအဖြစ် ပြောရဦးမယ်ကွ... ကုန်းဘောင်ခေတ်မှာ မြန်မာဘုရင်ဆီကသာမဟုတ်ဘဲ နိုင်ငံရပ်ခြား ဘုရင်တွေဆီကပါ ဘွဲ့တံဆိပ်များ မကြာခဏချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ် တစ်ဦးရှိတယ်ကွ...၊ အဲဒီခေတ်၊ အဲဒီအချိန်မှာတုန်းကတော့ကွာ... သူ့နာမည်က ‘ဦးခြိမ့်’လို့ခေါ်တယ်...၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ အီတလီပြည်က ဘုရင်တွေကပါ သူ့ကို ဘွဲ့တံဆိပ်ချီးမြှင့်ရတာကွ... သူ့ကို ငါတို့ မြန်မာဘုရင်ကလဲ ‘မင်းကြီးသီရိ မဟာဇေယျ’တဲ့ကွ... ငါ... မှတ်မိသေးတယ်၊ ပြင်သစ်ပြည်ကို ဦးခြိမ့်ရောက်သွားတော့ အဲဒီ မှာက ကောင်းကင်ပျံတဲ့ ဂက်(စ်)ဘောလုံးကြီး မိုးပေါ်ကို တက်သွား ပြီး အဲဒီဘောလုံးကြီးအောက်မှာက လူတွေလိုက်ဖို့ ခြင်းကြီးတစ်ခု ဆွဲထားတာကိုး...၊ လူတွေကလဲ တပျော်တပါးကြီး ခြင်းကြီးထဲမှာ လိုက်ပါသွားကြတာကိုး...၊ အဲဒါကို ဦးခြိမ့်က သိပ်ပြီးသဘောကျသွား တယ်...၊ အဲဒါနဲ့ ချက်ချင်းပဲ ကဗျာတစ်ပုဒ် ရေးစပ်လိုက်တယ်ကွ...





ဘူးလွန်းခေါ် မီးအိမ်ကြီး ဂစ်ဘားစီးလုပ်တယ်...
ကွင်းမြေပြန့်အလယ်တွင်၊ တောင်သုံးဆယ်အချင်း...
အစောက်မြင့်လေးဆယ်မှန်၊ ကြိုးတန်တန်ဆိုင်းချက်ကရှင်း...
မီးအိမ်ပုံအတွင်းမှာ၊ ဓာတ်မိုးသွင်းစက်နှောင်...
တရွေ့ရွေ့သူဖောင်း၊ ထက်လမ်းကြောင်း မိုးထိလအောင်...
ကြိမ်တောင်းကြီးဆွဲယမ်းမြှောင်၊ သုံးအဆောင်စုံများနှင့်...
လိုက်သွားကြပျော်ပျော်ရွှင်ရွှင်၊ မိုးဝကောင်းကင်...
လေလိုက်သင့်ပြန်လျှင်တယ်၊ အပျံတွင် ရာန်ငြိမ်းရှင့်လေး...

ဘွန်ဟောင်းသည် စနေမောင်မောင် ရွတ်ပြသောကဗျာကို နားထောင်ပြီးနောက်...

“ဆရာကြီးကဗျာမှာ... ‘ဘူးလွန်း’ဆိုတာ ဘာကိုပြောတာလဲ...” ဟု မေးလိုက်လေ၏။

“Baloon ‘ဘလွန်း’ဆိုတဲ့ အင်္ဂလိပ်စကားကို ရေးတာပါကွာ...၊ ဘလွန်းဆိုတော့ ‘ဘောလုံး’၊ ဒါမှမဟုတ် ပူစီဖောင်းပေါ့ကွာ...”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအခါ ဘွန်ဟောင်းက...

“ဆရာကြီးကတော့ အတော့်ကို ဗဟုသုတနှံ့စပ်ပါပေတယ်...” ဟု ပြောလေ၏။

“အေး... စောစောက စကားမှာက ပြောစရာတစ်ခုကျန်နေသေး တယ်ကွ...၊ ဦးခြိမ့်ဟာ ငါတို့ မြန်မာအမျိုးသားတွေအတွက် အင် မတန်အရေးကြီးတဲ့ ‘ကဝိလက္ခဏာဒီပနီ’လို့ခေါ်တဲ့ သတ်ပုံကျမ်းအဖွင့် ကို ရေးခဲ့သေးတယ်ကွယ့်...”ဟု စနေမောင်မောင်က ဖြည့်စွက်ပေး လိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ပေါင်မုန့်၊ ဝက်ပေါင်ခြောက်၊ ကော်ဖီတို့ကို မြိန်ယှက်စွာ စားသသောက်ပြီးနောက် ဒုတိယအကြိမ် အိပ်ရာသို့ ဝင်ခဲ့ကြပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘွန်ဟောင်းက...

"ဆရာကြီးရေ...၊ အိပ်လို့မပျော်ပြန်ဘူး...၊ လုပ်စမ်းပါဦးဗျာ..." ဟု ဆိုလျှင်...

စနေမောင်မောင်က...

"ကဲ... ကဲ... ကဲ... အိပ်လို့ပျော်အောင် ပဟေဠိတစ်ခုမေးလိုက်မယ်...၊

မြို့တစ်မြို့မှာ... စာရင်းအင်း အင်မတန်ကျွမ်းကျင်တဲ့ စာရေးကြီးတစ်ယောက်ရှိတယ်...၊ သူက ရုံးမှာလုပ်ရတော့လဲ စာရင်းပဲ... လုပ်ရတယ်...၊ အိမ်ရောက်တော့လဲ ဘာပဲလုပ်လုပ် သူဟာ စာရင်းနဲ့အင်းနဲ့ လုပ်တယ်ကွ...၊ တစ်နေ့မှာ ရပ်ရွာက စုပေါင်းအလှူတစ်ခုလုပ်လေတော့ သူ့ကို ငွေတစ်ရာပေးပြီး ဈေးဝယ်ခိုင်းလိုက်တယ်...၊ အဲဒီအခါမှာ စာရေးကြီးဟာ စာရင်းနဲ့အင်းနဲ့ ဝယ်လာတာပေါ့ကွာ...၊ သူစာရင်းလုပ်ထားပုံက ဒီလိုကွ... အသုံးစာရင်းနဲ့ လက်ကျန်စာရင်းနှစ်ခုလုပ်ထားတယ်...၊ ယူသွားတဲ့ငွေတစ်ရာထဲကနေ လက်ကျန်ကိုနုတ်နုတ်ပြီး စာရင်းလုပ်သွားတယ်...၊ မင်းအနေနဲ့ မျက်စိရှင်းအောင် ဒီမှာကြည့်..." ဟုဆိုကာ စနေမောင်မောင်သည် ဘွန်ဟောင်းရှေ့တွင် မီးသွေးခဲဖြင့် စာရင်းတစ်ခု ရေးပြလိုက်လေ၏။

ယူသွားသောငွေ ၁၀၀ိ

| | | ဝယ်စာရင်း | လက်ကျန်စာရင်း |
|---|---|---|---|
| ဝက်သားဖိုး | - | ၆၀ ကျပ် | ၄၀ ကျပ် |
| ဆီဖိုး | - | ၁၅ ကျပ် | ၂၅ ကျပ် |
| ဟင်းခတ်အမွှေးအကြိုင် | - | ၁၀ ကျပ် | ၁၅ ကျပ် |
| အာလူး | - | ၆ ကျပ် | ၉ ကျပ် |
| ကြက်သွန် | - | ၃ ကျပ် | ၆ ကျပ် |
| ဆား၊ နနွင်း | - | ၂ ကျပ် | ၄ ကျပ် |
| ဆန်ဖိုး | - | ၄ ကျပ် | ၀ ကျပ် |
| | | ၁၀၀ိ | ၉၉ ကျပ် |





ထို့နောက် စနေမောင်မောင်က...

"အဲဒီစာရေးကြီးလုပ်တဲ့စာရင်းဟာ ကြည့်လိုက်ရုံနဲ့ သိသာပါတယ်၊ ဝယ်စာရင်းနဲ့ လက်ကျန်စာရင်းဟာ ငွေတစ်ကျပ်ကွာနေတယ်၊ အဲဒီတော့... သူ့ကို ဈေးဝယ်ခိုင်းလိုက်တဲ့ ရပ်ကွက်လူကြီးတွေကို သူက စာရင်းပြတယ်...၊ အဲဒီမှာ ဝယ်စာရင်းနဲ့ လက်ကျန်စာရင်း ငွေတစ်ကျပ်ကွာနေတယ်ဆိုပြီး စာရေးကြီးကို ဂတ်မှာတိုင်ပြီး အမှုဖွင့်လိုက်တယ်...၊ ဂတ်ကလဲ အမှုဖွင့်ပြီး ရုံးတင်ပေးလိုက်တယ်၊ ရုံးရောက်တော့မှ တရားသူကြီးက အဲဒီစာရင်းကိုကြည့်ပြီး အူတက်မတတ်ရယ်တော့တာပေါ့ကွာ...၊ အဲဒီလိုရယ်ပြီးတော့ စာရေးကြီးကို အမှုကတရားသေလွှတ်ပစ်လိုက်တယ်၊ ပြီးတော့ ရပ်ကွက်လူကြီးတွေ ခေါ်ပြီး ခင်ဗျားတို့ဟာ သေသေချာချာစာရင်းကိုမကြည့်ဘဲ ၁၂ဖြစ်လို့ တရားစွဲရတာလဲလို့ ဆူပူကြိမ်းမောင်းတော့တာပဲဟေ့...၊ ပုစ္ဆာကတော့ ဒါပါပဲကွာ၊ အဲဒီတော့ မင်းကလဲ ရပ်ကွက်လူကြီးတွေ ကိုယ်စား စာရေးကြီးရဲ့စာရင်းကို ဘယ်နေရာမှာ မှားနေတယ်ဆိုတာ စစ်ဆေးစမ်းပါဦး..." ဟုဆိုကာ စနေမောင်မောင်သည် အိပ်စက်လေတော့၏။

ဘွန်ဟောင်းသည် ထိုစာရင်းကို အပြန်ပြန်အလှန်လှန်ကြည့်၏။ မည်သို့ပင်ကြည့်ကြည့် (၁၀၀)နှင့် (၉၉)ကျပ်ဖြစ်၍နေသောကြောင့် ငွေတစ်ကျပ်သည် ကွာမြဲကွာ၍ နေလေ၏။ ဤသို့နှင့်ပင် မိုးစင်စင်လင်းသည်အထိ ဘွန်ဟောင်းသည် အဖြေမရရှိ၍ မအိပ်ရဘဲ ရှိလေ၏။

စနေမောင်မောင် နိုးလာသောအခါ၌ ဘွန်ဟောင်းအား...

"ဘယ်လိုလဲကွ... အဖြေရပြီလား..." ဟု မေးလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က ရေနွေးနှင့်မျက်နှာသစ်ပြီးလျှင် မီးဖိုသို့ လျှောက်၍လာကာ ရယ်မော၍...

"စာရင်းက မမှားပါဘူးကွ...၊ စာရေးကြီးက သက်သက်ရှည်ပြီး လက်ကျန်စာရင်းကို သွားပြီးလုပ်တာကိုး...၊ အဲဒီလက်ကျန်စာရင်းဟာ ဝယ်ရမယ့်စာရင်းနဲ့ညီရမယ်လို့ ဘယ်စာ ဥပဒေမှာမှ မရှိဘူးကွ၊ ငွေတစ်ရာပေးလိုက်တာ ငွေတစ်ရာဖိုးပစ္စည်းပြည့်ရင် ပြီးတာပဲ...၊ ဝယ်စာရင်းအောက်ဆုံးက တစ်ရာဟာ အဖြေပဲ...၊ တစ်ခါဝယ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါနုတ်သွားတဲ့ လက်ကျန်စာရင်းဟာ ဘာအဓိပ္ပါယ်မှကို မရှိဘူး၊ ဒီလိုစဉ်းစားကြည့်လေကွာ…၊ ငွေတစ်ရာယူသွားတယ် ဆိုပါစို့…၊ ဝက်သားဆိုင်မှာပဲ ငွေတစ်ရာဖိုး ဝက်သားဝယ်လိုက်တယ်ဆိုရင်… ဝယ်စာရင်းဘက်မှာ တစ်ရာဖြစ်နေမယ်…၊ လက်ကျန်ဘက်မှာ (ဝ) ဖြစ်နေမှာပေါ့ကွာ…၊ အဲဒီအခါမှာ ငွေတစ်ရာလုံးလုံး ကွာနေတယ်လို့ ပြောမလား…၊ ဘယ်ပြောလို့ရမတုန်း…၊ ငွေတစ်ရာယူသွားတာ၊ ဝက်သားတစ်ရာဖိုးရရင် အဖြေက ကိုက်နေတာပဲ…၊ အခုပုစ္ဆာက စာရင်းလိုလို၊ ဘာလိုလိုနဲ့ တစ်ဘက်မှာ တစ်ရာပြပြီး…၊ တစ်ဘက်မှာ (၉၉)ကျပ်ပြထားတော့ ငွေတစ်ကျပ်ကွာနေတယ်လို့ထင်ပြီး ရှာနေကြတာကိုး…၊ စာရင်းအင်းနားလည်တဲ့လူဆိုရင် ဒါကိုကြည့်လိုက်တာနဲ့ ဒီဘက်က လက်ကျန်စာရင်းဆိုတာဟာ အဓိပ္ပါယ်မရှိဘူးဆိုတာ သဘောပေါက်ပါတယ်၊ မင်းရှင်းသွားပြီးလား…”ဟု မေးလိုက်လေ၏။

– “ရှင်းပါပြီ… ဆရာကြီးရယ်၊ ဦးနှောက်ကို ခြောက်သွားတာပဲဗျာ”ဟု ဘွန်ပောင်းက ပြောလိုက်လေ၏။

“ဦးနှောက်မခြောက်နဲ့ဦးဟေ့…၊ လားပေါ်ကို ပစ္စည်းတွေတင်ဦး…၊ ခရီးဆက်ရဦးမယ်…”ဟု စနေမောင်မောင်က ပြောလိုက်၏။

ထိုအခါ၌ ဘွန်ပောင်းလည်း ပစ္စည်းများကို လားပေါ်သို့တင်ရင်း

“ဆရာကြီး ဉာဏ်စမ်းပုစ္ဆာတွေက လွယ်လွယ်လေးနဲ့ ခက်တော့တာပဲ…”ဟု ပြောလိုက်ရာ…

စနေမောင်မောင်က…

“ငါတို့လိုက်ရှာနေတဲ့ ရွှေရောင်ခေါင်းကြီးက ခက်သလိုလိုနဲ့ လွယ်လိမ့်မယ်ထင်တယ်ကွ…”ဟု ပြောလိုက်လေတော့သတည်း…။





# ဦးထုပ်နီနှင့် တွေ့ဆုံခြင်း

တစ်နေ့သ၌ ခရီးသည်နှစ်ဦးသည် မြန်မာပြည်မြောက်ပိုင်း လက်ဝဲဘက်ထိပ်တွင်ရှိသော တာလွတ်တောင်ကြားမှဖြတ်၍ မြန်မာပြည်နယ်စပ်ကို ကျော်လေတော့၏။ ခရီးသည်တစ်ဦးမှာ အရပ်မြင့်၍ ကျန်ခရီးသည်တစ်ဦးမှာ လွန်စွာ အရပ်ပုသော လူပုကလေးတစ်ဦး ဖြစ်လေ၏။

ထိုလူပုကလေးသည် အကျႌအကြားကို ဘောင်းဘီအကြား၊ ခေါင်းစွပ်အကြားကို ဝတ်ဆင်ထားပေသည်။ လူပုကလေးသည် ၎င်း၏အဖော်အား…

“ကျုပ်ကတော့… ခင်ဗျားကို သနားတာပဲ ကိုမိုးဆွေရယ်…၊ ကျုပ်အနေနဲ့ကတော့ ရွှေလိုချင်လို့ ရွှေသေတ္တာကြီးနောက်ကို လိုက်တာပဲ…၊ အဲဒီသေတ္တာကြီးထဲမှာက ရွှေငွေကျောက်သံပတ္တမြားတွေ ရှိမှာ သေချာတယ်ဗျ…၊ ခင်ဗျားကတော့ ဘာမဟုတ်၊ ညာမဟုတ် ဗျာ… မိန်းမတစ်ယောက်ဆီက စကားကလေးတစ်ခွန်းကြားချင်တာနဲ့ ဒါလောက်တောင် ဒုက္ခခံရသလားဗျာ…၊ အံ့ရော… အံ့ရော…”ဟု ပြောလေ၏။

“အဲဒီစကားတစ်ခွန်းကလဲ ရွှေထက်အဖိုးတန်တယ်လေ…၊ ရွှေက ရွှေဆိုင်မှာ ဝယ်ရင်ရတယ်…၊ အဲဒီစကားက ရောင်းတဲ့ဆိုင် မရှိဘူးဗျ…၊ ဒီတော့လဲ ဒုက္ခခံရတာပေါ့ဗျာ…”ဟု မိုးဆွေက ပြန်၍ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် ၎င်းတို့သည် တရွေ့ရွေ့လျှောက်လာခဲ့ရာ ညနေပိုင်းအချိန်လောက်တွင် အရက်၊ မိန်းမ၊ လောင်းကစားနှင့် စားသောက်ဖွယ်ရာ လိုလေသေးမရှိအောင် စုံလင်လှသော တောင်ကြားဆိုင်ကလေးတစ်ဆိုင်သို့ ရောက်ရှိလာခဲ့လေ၏။

၎င်းတို့သည် ဆိုင်တွင်းသို့ဝင်၍ ဆိုင်ရှင်နှင့်တွေ့ဆုံကာ ညအိပ်တည်းခိုမည်ဖြစ်ကြောင်း ပြောဆိုကြလေသည်။

ဆိုင်ရှင်ကလည်း တည်းခိုခွင့်ပြုလိုက်လေ၏။ ၎င်းတို့နှစ်ဦးသည် ဆိုင်ရှင်ညွှန်ပြသော အိပ်ခန်းဆီသို့ ရှေးရှု၍ သွားကြ၏။ ထိုသို့သွားရာ၌ အရက်သောက်နေကြသော အရက်ဝိုင်းများနှင့် လောင်းကစားဝိုင်းတို့အနီးမှ ဖြတ်၍သွားရခြင်းဖြစ်၏။ မိုးဆွေသည် ရှေ့မှသွား၍ လူပုကလေးက နောက်မှလိုက်လေ၏။

မိုးဆွေသည် ညအိပ်တည်းခိုမည့်အခန်းသို့ ရောက်သောအခါ၌ ထမ်း၍လာသော 'ဗုန်းခနဲ'ပစ်ချကာ အိပ်ရမည့်နေရာကို ဖုန်ခါလေ၏။ ပြီးလျှင် အိတ်ကြီးကိုဖွင့်၍ အိပ်ရာခင်းလေ၏။ အိပ်ရာခင်းပြီးလျှင် အိပ်ရာပေါ်၌ ကျောဆန့်လေ၏။ ထိုအချိန်တိုင်အောင် လူပုကလေးသည် အိပ်ခန်းဆီသို့ ရောက်မလာဘဲ ရှိနေလေ၏။

မိုးဆွေ၏စိတ်၌...

"ဒီကိုလူပုကလဲ... ဘယ်များကျန်နေသလဲ..."ဟု တွေးတောမိလေ၏။

ထိုအချိန်၌ပင် အရက်ဝိုင်းမှ အရက်သမားများရယ်မောသံတပိုမို၍ ကျယ်လောင်စွာ ကြားရလေတော့၏။ မိုးဆွေ၏စိတ်၌ တစ်စုံတစ်ခုသံသယဝင်လာ၍ အခန်းပြင်သို့ ထွက်၍လာရာ အရက်သမားတို့သည် ၎င်း၏လူပုကလေးအား ကိုင်မြှောက်၍ တစ်ဦးကိုတစ်ဦး ပစ်ပေးကာ နောက်ပြောင်ကျီစယ်နေကြောင်း တွေ့ရလေ၏။

လူပုကလေးသည် ယက်ကန်ယက်ကန်ဖြင့် လူတစ်ဦး၏လက်မှ



အခြားလူတစ်ဦး၏လက်သို့ တစ်ဖန်မြှောက်ပစ်ခြင်းခံရပြန်၏။ မိုးဆွေနှင့်ဖြတ်၍ လျှောက်သွားစဉ်အခါက အရက်သမားတစ်ဦးက လူပုကလေး၏လက်ကိုဖမ်းဆွဲကာ ဤသို့ပြုလုပ်နေခြင်းဖြစ်၏။ မိုးဆွေကမူ မသိရှာဘဲ ရှေ့သို့လျှောက်သွားကာ အခန်းသို့ရောက်၏။ အခန်း၌လှဲကျင်း၏။ အိပ်ရာခင်း၏။ ခေတ္တမျှပင် လဲလျောင်းလိုက်သေးတော့၏။ လူပုကလေးမှာမူ ထိုအချိန်ကတည်းကစ၍ တစ်ဦးလက်မှ တစ်ဦးသို့ မြှောက်ပစ်ခြင်းကို ခံနေရရှာလေတော့၏။

မိုးဆွေသည် ထိုအဖြစ်အပျက်ကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ထောင်းခနဲ ဒေါသထွက်၍ သွားလေ၏။ လူပုကလေးကလည်း မိုးဆွေကိုမြင်လျှင်...

"ကျုပ်ကို ကယ်ပါဦး ကိုမိုးဆွေရဲ..."ဟု အော်ဟစ်၍ အကူအညီတောင်းလိုက်လေ၏။

ထို့ကြောင့် မိုးဆွေက...

"ဟေ့ကောင်တွေ ရပ်လိုက်..."ဟု အမိန့်ပေးလိုက်လေ၏။

ထိုအခါ တစ်ယောက်သောသူက...

"လူပုကို လွှတ်ပေးရမယ်ပြောတာလား...၊ အဲဒီလိုလွှတ်ပေးရမယ်ဆိုရင်တော့... သူ့အစား မင်းကို ငါတို့က လုပ်ရမယ်..."ဟု ပမာမခန့်ပြောလိုက်လျှင်...

မိုးဆွေသည် ထိုသူတို့၏ရှေ့တွင်ရှိသော စားပွဲဝိုင်းကြီးပေါ်သို့ ပြေး၍ခုန်တက်ကာ ထိုသူတို့၏မျက်နှာများအား အစေ့အငတစ်ချက်စီ ခြေထောက်ဖြင့် ကန်ပစ်လိုက်လေတော့၏။ ထို့ကြောင့် ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲဖြစ်သွားလေတော့၏။ အကန်ခံရသူများလည်း ဖင်ထိုင်လျက် လဲကျကုန်သည်ဖြစ်ရာ မိုးဆွေအား ခုခံနိုင်ခြင်းမရှိကြချေ။ မိုးဆွေလည်း ထိုအခါကျမှပင် လူပုကလေး၏လက်ကိုဆွဲကာ ၎င်းတို့၏အိပ်ခန်းသို့သွား၍ အိပ်ရာတွင် လဲလျောင်းရင်း ဆေးပြင်းလိပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ထုတ်၍ ဖွာရှိုက်ကာ နှပ်၍နေလေတော့၏။

"ကိုမိုးဆွေရယ်...၊ ရောက်လာလို့သာပေါ့ဗျာ...၊ ကျုပ်မှာဖြင့် လေယာဉ်ပျံစီးနေရသလိုပါပဲ..."ဟု လူပုကလေးက ပြောလေ၏။

ထိုအချိန်၌ပင် ဆိုင်ရှင်ရောက်လာပြီးလျှင် မိုးဆွေအား...

"ခင်ဗျားတို့ ဒီဆိုင်က အမြန်ဆုံးထွက်သွားရင် ကောင်းမယ်ထင်တယ်...၊ ဟိုလူစုကတော့ ဦးထုပ်နီကြီးကို သွားခေါ်နေပြီ... ဦးထုပ်နီကြီးရောက်လာရင် ခင်ဗျားတို့သက်သာမှာမဟုတ်ဘူး...၊ အရိုးတွေ၊ အသားတွေ တခြားစီဖြစ်ကုန်ကြမယ်...၊ အကြောတွေလဲ ပြတ်ကုန်မယ်...၊ ပြီးရင် ခင်ဗျားတို့ အသားကိုတောင် ဦးထုပ်နီကြီးက အစိမ်းလိုက် ဝါးစားချင် ဝါးစားနေမှာ..."ဟု ပြောလေ၏။

ထိုအခါ လူပုကလေးက မျက်လုံးပြူး၍ ဆိုင်ရှင်အား...

"ဦးထုပ်နီကြီးဆိုတာ ဘာကောင်တုန်းဗျ...၊ ခင်ဗျားပြောတာက တယ်လဲ... ကြောက်စရာကြီးပါလား..."ဟု မေးလိုက်လေ၏။

"တကယ်ကြောက်စရာကောင်းတဲ့ ဘီလူးကြီးဗျ..."ဟု ဆိုင်ရှင်ကပြောလျှင်...

လူပုကလေးက မိုးဆွေဘက်သို့လှည့်ကာ...

"ဆရာကိုမိုးဆွေ... ဘီလူးကြီးလို့ ပြောတယ်ဗျ...၊ ကြည့်လဲလုပ်ပါဦးဗျာ...၊ သူမလာခင် ပြေးကြရအောင်ပါ..."ဟု မျက်လုံးပြူးမျက်ဆံပြူးဖြင့် ပြောလိုက်လေ၏။

"ကိုလူပုကလဲဗျာ...၊ ခင်ဗျား ဘီလူးကို မမြင်ဖူးဘူးမဟုတ်လား၊ ဘီလူးကိုကြည့်ရအောင်...၊ ဘာဖြစ်လို့ ပြေးရမှာလဲ..."ဟု မိုးဆွေက ပြော၍ တစ်ဆက်တည်းပင် ဆိုင်ရှင်ဘက်သို့လှည့်ကာ...

"[illegible]ဆိုင်ရှင်ကြီး...၊ ကျုပ်ကတော့ ဘီလူးကို တစ်ခါမှ မမြင်ဘူးဘူး...၊ ခင်ဗျားပြောတဲ့ ဦးထုပ်နီဘီလူးဆိုတာလာရင် ကျုပ်ကိုပြောစမ်းဗျာ...၊ မြင်ဘူးတယ်ရှိတာပေါ့..."ဟု ပြောလိုက်လေ၏။





ဆိုင်ရှင်လည်း စိတ်ဆိုး၍ ထွက်သွားလေတော့၏။

ဆိုင်တွင်း၌မူ ဆူညံမြူဆူညံနေကြလေ၏။ နာရီဝက်ခန့်ကြာသောအခါ၌ ဆူညံနေသောဆိုင်ကြီးမှာ မီးကိုရေနှင့်ငြိမ်းသတ်လိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

ထိုအခါ လူပုကလေးက...

"ဦးထုပ်နီကြီးဆိုတာ လာပြီနဲ့တူတယ်ဗျ..."ဟု ပြောလိုက်လေ၏။

ထိုအခါ မိုးဆွေလည်း အခန်းထဲမှထွက်၍ စောစောက သတ်ပုတ်ခဲ့သော နေရာဆီသို့ သွားလေ၏။ ဆိုင်တွင်းမှလူများသည် မိုးဆွေအား ကြည့်၍နေကြလေ၏။ ထိုဆိုင်၏ အလယ်ခန်းမဆောင်၌မူ လူတို့သည် အတန်းနှစ်တန်းဖြစ်၍ နေလေ၏။ ထိုအတန်းနှစ်တန်း၏ ထိပ်တွင်မူ အထူးစပါယ်ရှယ်ပြုလုပ်ထားသော ခုံဝိုင်းကြီးရှိလေ၏။ ထိုခုံဝိုင်းကြီးမှာ ခွေးခြေအကြီးစားပင် ဖြစ်လေ၏။

ထိုအထူးစပါယ်ရှယ်ပြုလုပ်ထားသော ခွေးခြေအကြီးစားအပေါ်၌ ပထန်ကုလားကြီးတစ်ဦးသည် ထိုင်၍နေလေ၏။ ထိုကုလားကြီးမှာ လွန်စွာထွားကျိုင်းလွန်းသဖြင့် ၎င်းလာသည့်အခါ ထိုင်ရန်အတွက် ဆိုင်ရှင်က ခွေးခြေကြီးတစ်ခုကို အထူးစပါယ်ရှယ်ပြုလုပ်ပေးထားခြင်း ဖြစ်၏။ ၎င်းသည် ထိုင်နေပြားသော်လည်း မတ်တပ်ရပ်၍နေသူများနှင့် တစ်ရွယ်တည်းဖြစ်၍နေသောကြောင့် သာမန်လူတို့ထက် နှစ်ဆကျော်ကြီးကြောင်း သိသာလှပေ၏။

၎င်းပထန်ကုလားကြီးသည် အေးဆေးစွာထိုင်၍ နေလေ၏။ အောက်ပိုင်း၌ လန်ကွတ်တီကဲ့သို့ ဝတ်ထားပြီးလျှင် အပေါ်ပိုင်းကို ဗလာကျင်းထားလေ၏။ ခေါင်း၌မူ အနီရောင် ဦးထုပ်ချွန်ကြီးတစ်လုံးကို ဆောင်းထားလေ၏။ ဦးထုပ်ချွန်ကြီးမှာ ၎င်း၏သရုပ်ဖြစ်ဟန်တူပေ၏။ ဦးထုပ်နီကြီးသည် ဆိုင်ရှင်ဘက်သို့လှည့်ကာ လက်ဖျောက်တစ်ချက်တီးလိုက်လျှင် ဆိုင်ရှင်သည် ၎င်းဦးထုပ်နီကြီးအတွက် အထူး



www.burmeseclassic.com

www.burmeseclassic.com



စိမ်ထားသော လွန်စွာကြီးမားသည့် ခွက်ကြီးအတွင်း၌ အရက်များထည့်ကာ ဘုရင်မင်းမြတ်ကို ဆက်သသည့်ဟန်မျိုးဖြင့် ဦးထုပ်နီကြီးကို လာရောက်ဆက်သလိုက်လေ၏။ ထိုအချိန်၌ပင် ဦးထုပ်နီကြီးသည် အရက်ခွက်ကို လက်နှစ်ဖက်ဖြင့် လှမ်း၍ယူပြီးလျှင် ၎င်း၏ရှေ့တည့်တည့်ဆီသို့ မျက်လုံးတစ်ချက်ဝင့်၍ ကြည့်လိုက်လေ၏။

၎င်း၏ဝဲယာတွင် လူများသည် အတန်းလိုက် ထိုင်၍နေကြလေ၏။ ထိုလူတန်းကြီး၏ အခြားသော ထိပ်တစ်ဘက်တွင် မိုးဆွေသည် လာ၍ မတ်တပ်ရပ်လိုက်လေ၏။ မိုးဆွေ၏နောက်မှလည်း လူပုကလေးသည် ကပ်၍လိုက်ပါလာလေ၏။ ဆိုင်ရှင်ကလည်း မိုးဆွေအား လှမ်း၍ကြည့်လိုက်လေ၏။ ဆိုင်ရှင်၏အကြည့်မှာ 'သေတော့မှာပဲ'ဟူ၍ အဓိပ္ပါယ်ရလေ၏။ ကြည့်နေသောလူများမှာ မိုးဆွေအား ဤမျှကြီးမားသော ဦးထုပ်နီဆောင်း လူဘီလူးကြီးနှင့် မည်သို့မည်ပုံ ရင်ဆိုင်မည်ကို တွေးတောနေကြဟန်ရှိ၏။

မကြာမီ၌ပင် မိုးဆွေဆိုသော သတ္တဝါသည် ကိုယ်တစ်ခြား၊ ခေါင်းတစ်ခြား၊ ခြေတစ်ခြား၊ လက်တစ်ခြား ဖြစ်သွားတော့မည်ကို စိတ်စော၍ နေကြလေ၏။ ဦးထုပ်နီကြီးမှာလည်း အရက်ခွက်ကို ကိုင်၍ မော့နေပြီဖြစ်၏။ မိုးဆွေသည် ထိုင်နေသောလူများ၏ရှေ့မှ ဆေးပြင်းလိပ်ကိုခဲ၍ ထိုလူကြီးရှိရာသို့ ကြွေရရလျှောက်သွားလေ၏။ အနီးသို့ရောက်လျှင် ထိုလူကြီးဆောင်းထားသော ဦးထုပ်နီကြီးအား ဆတ်ခနဲဆွဲ၍ ချွတ်လိုက်ပြီးလျှင် ၎င်း၏ခြေထောက်ကို ပယ်ပယ်နယ်နယ် သုတ်လေတော့၏။ ကြည့်နေသောလူများသည် အံ့သြ၍ နေကြ၏။ ဆိုင်ရှင်မှာမူ မျက်တောင်ပင် မခတ်ဘဲ နေလေ၏။

ဦးထုပ်နီကြီးကိုယ်တိုင်ပင်လျှင် ဤမျှရဲတင်းသောလူကို တစ်ကြိမ်မတွေ့ဘူးလေရကား အံ့သြမိလေတော့၏။





မိုးဆွေမှာမူ ဦးထုပ်ဖြင့် ခြေထောက်ကို ပယ်ပယ်နယ်နယ် သုတ်ပြီးနောက် ထိုလူကြီး၏မျက်နှာကို ဦးထုပ်ဖြင့် ပစ်ပေါက်လိုက်လေတော့၏။ ဦးထုပ်နီကြီးလည်း သောက်လက်စအရက်ခွက်ကိုချပြီးလျှင် အနီးရှိစားပွဲဝိုင်းကြီးအား လက်သီးဖြင့် 'ဒိုင်း'ခနဲ ထုလိုက်ရာ ခိုင်ခံ့စွာပြုလုပ်ထားသော စားပွဲဝိုင်းကြီးသည် 'ဝုန်းခနဲ' ထက်ပိုင်းကျိုး၍ ကျသွားလေတော့၏။

ထိုအခါ မိုးဆွေသည် ထိုလူကြီးအနီးသို့ ကပ်သွားပြီးလျှင် ခါးကို ကုန်း၍ ၎င်းခါးအား လက်သီးဖြင့် တစ်ချက်မျှထုပေးရန် လက်ဟန်ခြေဟန်ဖြင့် ပြလေ၏။ လူဘီလူးကြီးလည်း မိုးဆွေ၏ခါးကို ထုချရန်အတွက် လက်ကိုမြှောက်လိုက်လေ၏။ ထိုအခါ၌ မိုးဆွေသည် ခုန်၍ ထိုလူဘီလူးကြီး၏ ချိုင်းဆီသို့ ဖနောင့်ဖြင့် ပေါက်လိုက်ရာ လူဘီလူးကြီးသည် လက်မောင်းမှ အဆစ်ပြုတ်၍ သွားလေတော့၏။

ထိုအခါ လူသန်ကြီးသည် အခြားသော လက်တစ်ဘက်ဖြင့် မိုးဆွေအား ဖမ်းဆွဲ၏။ မိုးဆွေက ရှောင်လိုက်၏။ ထို့နောက် လက်မောင်းရင်းဆီသို့ ခုန်၍နင်းလိုက်ရာ ထိုလက်မောင်းလည်း အဆစ်ပြုတ်ပြန်လေတော့၏။ မိုးဆွေသည် ထိုလူကြီး၏မျက်နှာကို ဖြန်းခနဲ ပက်လိုက်လေ၏။ လူကြီးမှာ လက်မောင်းအဆစ်ပြုတ်နေပြီဖြစ်၍ ငြိမ်၍ခံနေရလေ၏။

ထိုအခါ၌ လူပုကလေးသည် အနီးသို့ရောက်လာပြီးလျှင်...

"ကိုမိုးဆွေ... ကိုမိုးဆွေ... ပြိတ္တာကြီး ဘာမှ မလုပ်နိုင်တော့ဘူးလား..."ဟု မေးလေ၏။

"မလုပ်နိုင်တော့ဘူးဗျ...၊ လက်နှစ်ဘက်စလုံး အဆစ်တွေပြုတ်နေပြီ...၊ ခင်ဗျားက ဘာလုပ်ချင်လို့တုန်း..."ဟု မိုးဆွေက မေးလေ၏။

"ဒီလိုကောင်မျိုးကြီးကို ပါးရိုက်ဖူးတယ်ရှိအောင် ရိုက်ချင်လို့ပါဗျာ..."ဟု လူပုကလေးက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်ချင်ရိုက်လေဗျာ..."ဟု ပြောလျှင်...

လူပုကလေးသည် ကုလားထိုင်တစ်လုံးကိုဆွဲ၍ ကုလားထိုင် ပေါ်သို့တက်ကာ လူဘီလူးကြီး၏ပါးကို ဘယ်ပြန်ညာပြန်ရိုက်လေ၏

ထိုအဖြစ်အပျက်ကိုကြည့်ကာ လူများသည် ငိုအားထက် ရယ် အားသန်ဆိုသကဲ့သို့ ရှိကြလေတော့၏။

"ကိုလူပုကလဲဗျာ... ခင်ဗျားရိုက်တာ သူ့ဘယ်နာမတုန်းဗျ မီးဖိုထဲကိုသွားပြီး သံချောင်းတစ်ချောင်းကို မီးဖုတ်လာခဲ့ပါ...၊ သူ ရင်ဘတ်မှာ အမှတ်တရ စာရေးထားခဲ့ရအောင်..."ဟု မိုးဆွေက ပြောလိုက်လျှင်...

လူပုကလေးသည် ကုလားထိုင်ပေါ်မှဆင်း၍ပြေးကာ မီးဖိုဆီသို့ သွားရောက်၍ မီးရဲနေအောင်ဖုတ်၍ မိုးဆွေထံသို့ ယူလာခဲ့လေတော့ ၏။

ထိုအခါ၌ မိုးဆွေသည် သံချောင်းကြီးဖြင့် လူဘီလူးကြီး၏ ရင် ဘတ်အား 'မိုးဆွေ'ဟူ၍ ရေးခြစ်လိုက်လေတော့၏။ သံချောင်းနှင့် ထိသောအသားများမှာ ကျက်၍ မီးခိုးများအူကာ သားရေကို ရှို့သည့် ညှော်နံ့များ ထွက်၍လာလေတော့၏။

ထို့နောက်... ကြည့်နေသောသူများဘက်သို့လှည့်ကာ...

"ငါ... ဒီထက်ပိုပြီး မနှိပ်စက်ချင်တော့ဘူး..."ဟု ပြောလိုက်ရာ

ဦးထုပ်နီကြီးကို လေးစားကြောက်ရွံ့သော လူများသည် ၎င်း၏လူမိုက်ဘုရင် ဦးထုပ်နီကြီးအား ရှင်လောင်းလှည့်သကဲ့သို့ ထမ်းစ ကြီးဖြင့် ဝိုင်းဝန်းထမ်းပိုးကာ သယ်သွားကြလေတော့၏။





# ရန်သူအဝိုင်းခံရခြင်း

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် တောင်ကြောများကို တရွေ့ရွေ့ဖြတ်ခဲ့ကြလေ၏။ သယ်ယူလာသော ရိက္ခာများလည်း တစ်ရက်စာ၊ နှစ်ရက်စာမျှသာ ကျန်လေတော့၏။

ထိုအခါ ဘွန်ဟောင်းက...

"ရိက္ခာပြတ်တော့မယ် ဆရာကြီး..."ဟု ပြောရာ...

စနေမောင်မောင်က...

"ကြည့်ပြီးလုပ်ကြတာပေါ့ကွာ...၊ သိပ်လဲတွေးပြီး ပူမနေပါနဲ့"ဟု ပြောလိုက်လေ၏။

"လမ်းတစ်လျှောက်လုံးမှာ ကျောက်တောင်နဲ့ နှင်းတွေပဲရှိတာ ဘယ်လိုကြည့်လုပ်မှာလဲ... ဆရာကြီးရဲ့..."ဟု ပြန်၍ မေးလိုက်လေ၏။

"အစာရေစာလုံးဝပြတ်ခါနီးလောက်မှာ ဒုက္ခတစ်ခုတွေ့လိမ့် မယ်ကွ...၊ အဲဒီဒုက္ခကို အောင်နိုင်အောင် ဖောက်ထွက်နိုင်ရင်တော့ အစာရေစာပြတ်တဲ့ဒုက္ခဆီကို မရောက်တော့ဘူးပေါ့..."ဟု စနေ မောင်မောင်က ပြောလိုက်လေ၏။

"ဆရာကြီးဟာကလဲ... သေချာပေါက်ကြီးပါလား..."ဟု ဘွန် ဟောင်းက ပြန်၍မေးလိုက်လေ၏။

"သေချာဆိုကွာ...၊ တစ်နှင့်တစ်ပေါင်းရင် နှစ်ဖြစ်တယ်ဆိုတဲ့ အဖြေရတာမျိုးလောက်ကို သေချာတယ်ကွာ...၊ ဘာဖြစ်လို့လဲ ဆိုတော့... ကြီးကြီးမားမားဒုက္ခမရောက်ခင်မှာ သေးသေးမွှားမွှား ဒုက္ခလေးက လာပြီးမိတ်ဆက်လေ့ရှိတယ်ကွ...၊ အဲဒီလို လာပြီး မိတ် ဆက်တဲ့ ဒုက္ခကလေးကို မညည်းမညူဘဲ အောင်နိုင်အောင် ကြိုးစား လိုက်တာနဲ့ နောက်ရောက်လာမယ့်ဒုက္ခကြီးကြီးက မလာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွ…၊ အခု ငါပြောနေတာတွေဟာ ဗေဒင်ဟောနေတာမဟုတ်ဘူး ကွ…၊ ငါ့ရဲ့အတွေ့အကြုံနဲ့ အမှတ်အသားကို ပြောပြနေတာ…၊ အဲဒီလို တွေ့ကြုံရဖန်များလာတော့လဲ ဘယ်လိုဒုက္ခမျိုးတွေ့ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ငါ့ခေါင်းထဲမှာ အကွက်ချပြီး ဖြစ်နေတယ်…”ဟု စနေမောင်မောင်က ပြောလိုက်လျှင်…

ဘွန်ဟောင်းက…

“ကျွန်တော်နဲ့လာပြီး မိတ်ဆွေဖွဲ့မယ့် ဒုက္ခကလေးကို ဘယ်လိုလုပ်ပစ်ရမှာလဲ ဆရာကြီးရဲ့…၊ ရှင်းရှင်းလုပ်စမ်းပါဦး…”ဟု မေးလိုက်လေ၏။

“အခုအချိန်မှာ ဘာမှ ကြိုတင်မပြောထားနိုင်ဘူး…၊ စစ်တိုက်ဖို့ မြို့ကထွက်သွားတဲ့စစ်သားဟာ မြို့ထဲမှာကတည်းကိုက သူ့ရဲ့သေနတ်ကို မောင်းတင်သွားဖို့မလိုဘူး…၊ မြို့ပြင်ထွက်ပြီး ရန်သူနဲ့တွေ့မှ ရန်သူ့ အမျိုးအစားကို ခန့်မှန်းရမယ်…၊ ရန်သူ့ရဲ့လက်နက်ကို ခန့်မှန်းရမယ် ပြီးတော့မှ… ဘယ်လိုတိုက်မယ်ဆိုတာ စဉ်းစားပြီး မောင်းတင်ရမယ် မောင်းဖြုတ်ရမယ်မဟုတ်လား…၊ အခုဟာက… ဒုက္ခက ဘယ်မှာနေမှန်း မသိဘဲ… ဘယ်လိုလုပ်ပြီး ဖြေရှင်းမှာလဲ…”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ဘွန်ဟောင်းသည် တစ်ဘက်တောင်ကုန်းဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြီးလျှင်…

“ဆရာကြီး… ဆရာကြီး… ဟိုမှာကြည့်စမ်း… လူဆယ်ယောက်ရှိတယ်…၊ ဓားတွေ၊ လှံတွေ ကိုယ်စီနဲ့ဗျို့…”ဟု ပြောလိုက်လေ၏။

ထိုအခါ၌ စနေမောင်မောင်သည် စီးကရက်ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကိုနှိုက်ယူကာ မီးညှိရှိုက်ဖွာပြီးလျှင် အောက်ပါအတိုင်း အေးဆေးစွာ ပြောလိုက်လေ၏။

“မင်းက… ဒီတောင်ကုန်းပေါ်က ကောင်တွေကိုပဲ တွေ့တာလို့… တို့နောက်ဘက်က တောင်ကုန်းကိုလဲ ကြည့်ပါဦး…၊ အဲဒီမှာလဲ လက်နက်ကိုယ်စီနဲ့ ရှိနေကြပြီ…၊ သူတို့ညာဘက်က တောင်ကုန်းကို





လှမ်းကြည့်လိုက်ဦးလေ…၊ အဲဒီမှာ လက်နက်ကိုယ်စီနဲ့ပဲ မဟုတ်လား…”

ဘွန်ဟောင်းသည် နောက်ဘက်မှ တောင်ကုန်းဆီသို့ ကြည့်လိုက်၏။ ထိုကုန်းပေါ်၌လည်း တောင်ဆိတ်၏သားရေဖြင့် ချုပ်လုပ်ထားသော အဝတ်များကို ဝတ်ထားသည့် လူဆယ်ယောက်တို့သည် လက်နက်ကိုယ်စီဖြင့် ၎င်းတို့အား ကြည့်ရှုနေသည်ကို တွေ့ရ၏။ လက်ယာဘက်တောင်ကုန်းကို ကြည့်လိုက်ပြန်လျှင်လည်း ထိုနည်းအတိုင်းပင် ဖြစ်၏။

အပြာရောင်မိုးကောင်းကင်ကြီးကို နောက်ခံပြု၍ ရပ်နေကြသော ရန်သူများကို အဝေးမှပင် သဲကွဲစွာ မြင်ရလေ၏။

“ဆရာကြီး… ဆရာကြီး… ရန်သူတွေလေ…၊ အဲဒါ ဘယ်လိုလုပ်မတုန်း…၊ ဆရာကြီးကလဲ အေးအေးဆေးဆေးလုပ်နေတာပဲ…” ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

စနေမောင်မောင်သည် စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း…

“တို့ကနှစ်ယောက်တည်းရယ်…၊ သူတို့က အများကြီးပဲကွာ…၊ ညှဉ်ပြိုင်ပြီး တိုက်ခိုက်ကြရင်တော့ ငါတို့နှစ်ယောက်စလုံး မရှုမလှ ဖြစ်ကြမှာပေါ့…၊ အဲဒီတော့ သူတို့နဲ့ မတိုက်ဘဲ ရှောင်ထွက်သွားရမှာပေါ့…”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

“ဘယ်လိုလုပ်ပြီး ရှောင်ထွက်မှာလဲ ဆရာကြီးရယ်…၊ သူပိတ်ထားပြီပဲ…၊ ဘယ်ဘက်မှာကလဲ ချောက်ကြီးပဲ…၊ ကျွန်တော် ဘယ်လိုပြေးကြမတုန်း…”ဟု ဘွန်ဟောင်းက ကြောက်လန့်တကြားမေးလိုက်လေ၏။

“မင်းကလဲကွာ… သေမင်းက သရော်ပြုံးပြုံးအောင် လုပ်နေပြန်ပြီ…၊ ဒီကောင်တွေတော့ သေရမှာကိုကြောက်လို့ တုန်လှုပ်ကြပြီဆိုပြီး သေမင်းကတော့ မင်းကိုကြည့်ပြီး ပြုံးနေမှာ…၊ ဘယ်သူကဲ့ ဖြစ်ဖြစ် ကိုယ့်ကိုမခိုးမခန့်နဲ့ပြုံးတာ မခံချင်ပါနဲ့ ဘွန်ဟောင်းရယ်…” ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

“ဆရာကြီးရယ်… အဲဒီလိုလုပ်မနေပါနဲ့…၊ သူတို့ဆင်းလာကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်... မကြာခင် ကျွန်တော်တို့ဆီ ရောက်လာကြမှာ... ဘယ်လိုလုပ်ရမလဲ...၊ လုပ်ကြမလဲ ဆရာကြီး..."ဟု ဘွန်ဟောင်းက မေးလေ၏။

"အေး... ငါပြောမယ်...၊ နံပါတ်(၁)ပေါင်မုန့်ကိုထုတ်၊ နံပါတ်(၂) ဝက်ပေါက်ခြောက်မီးကင်ကိုညှပ်၊ ဖလပ်စ်ဘူးထဲက ရေနွေးကို ကော်ဖီမှုန့်ခတ်လိုက်၊ သကြားနည်းနည်းထည့်လိုက်၊ ပြီးရင် မင်းနဲ့ငါ ပေါင်မုန့်စားမယ်၊ ကော်ဖီသောက်မယ်၊ အဲဒီအတိုင်း... မင်း... ငါနဲ့လိုက်မဘူးဆိုရင် ငါ... ဘာမှမစဉ်းစားဘူး...၊ ရန်သူမိလို့ သတ်ချင်လဲ သေပစေ..."ဟု စနေမောင်မောင်က ပြောလိုက်ရာ...

"အရေးထဲဗျာ...၊ ဆရာကြီးကလဲ..."ဟုဆိုကာ လားပေါ်တွင် တင်၍ထားသော ပစ္စည်းတောင်းကိုချ၍ ပေါင်မုန့်ကို လှီးရလေ၏။ ဝက်ပေါင်ခြောက်ကို ညှပ်ရလေ၏။ ပြီးလျှင် ဖလပ်စ်ဘူးအတွင်းသို့ ကော်ဖီမှုန့်နှင့် သကြားခတ်ရလေ၏။ အလုံးစုံပြီးသောအခါ၌ စနေမောင်မောင်အားကျွေးလျှင် စနေမောင်မောင်သည် ပေါင်မုန့်နှင့် ကော်ဖီကို မြိန်ယှက်စွာ စားလေ၏။ ဘွန်ဟောင်းကိုလည်း စားခိုင်းလေ၏။ ဘွန်ဟောင်းလည်း ကြောက်ကြောက်လန့်လန့်နှင့် စားနေရလေ၏။ ထိုသို့စားနေရင်း စနေမောင်မောင်က...

"ဟော့ကောင်... ဆားပေါ့တယ်ကွ...၊ ဆားနည်းနည်းလုပ်စမ်းပါဦး..."ဟု ဆိုသဖြင့် ဘွန်ဟောင်းသည် စိတ်ပျက်လက်ပျက်ဖြင့် ပစ္စည်းတောင်းဆီသို့ သွားရလေ၏။ ဆားကိုရှာရလေ၏။

စနေမောင်မောင်သည် ဆားကိုရသောအခါ၌...

"အေး... အခုမှပဲ ကောင်းသွားတော့တယ်...၊ ဒါကြောင့်လဲ... အမတ်ကြီး ဦးပေါ်ဦးက 'ဖွတ်ဥလိပ်သည်း ကွဲနို့ခဲ'ကို စားရင်တောင် ဆားကလေးထည့်ပြီး စားရမယ်လို့ ပြောပေတာကိုး"ဟု ပြောလေ၏။

ထို့နောက် ကော်ဖီကို မော့၍သောက်ချလိုက်ပြီးနောက် လားပေါ်မှကြိုးကိုဖြုတ်ကာ တောင်ကမ်းပါးယံဆီသို့သွား၍ ကြိုးကိုချည်လေ၏။ ပစ္စည်းများကို ကြိုးဖြင့်သိုင်း၍ တောင်ကမ်းပါးယံတွင် အစွန်းထွက်နေသော ကျောက်ပြားကလေးပေါ်သို့ ချလေ၏။

ထို့နောက် ဘွန်ဟောင်းကိုခေါ်၍...





"ဟော့ကောင် ဘွန်ဟောင်း...၊ ဟောဒီကြိုးကတွယ်ပြီး ဆင်းသွား၊ အောက်မှာ အစွန်းထွက်နေတဲ့ ကျောက်ပြားကလေးရှိတယ်...၊ အဲဒီမှာရပ်နေ...၊ အောက်ကိုငုံ့မကြည့်နဲ့...၊ ကြောက်စိတ်ဝင်လာပြီး မူးလဲသွားလိမ့်မယ်..."ဟုဆိုကာ ဘွန်ဟောင်းအား ကြိုးမှတွယ်၍ အောက်သို့ဆင်းခိုင်းလေ၏။ ဘွန်ဟောင်းဆင်းပြီးသောအခါ စနေမောင်မောင်သည် အဝေးတောင်ကုန်းပေါ်တွင် ရပ်နေကြသော ရန်သူများအား လက်ပြနှုတ်ဆက်၍ ၎င်းကိုယ်တိုင် ကြိုးမှတွယ်ဆင်းလေ၏။ ကျောက်ချပ်ပြားဆီသို့ ရောက်သောအခါ၌ အပေါ်တွင်ချည်ခဲ့သော ကြိုးထုံးကို အောက်မှနေ၍ ဖြုတ်ယူလိုက်လေ၏။ ပြီးလျှင် အောက်သို့ငုံ့၍ကြည့်ကာ ကျောက်စွန်းတစ်ခု၌ ကြိုးကိုချည်ပြန်လေ၏။ ပစ္စည်းများကို ချပြန်လေ၏။

ပြီးလျှင် ဘွန်ဟောင်းအား...

"ဟော့ကောင်... ဘွန်ဟောင်း၊ အဲဒီကြိုးကနေ တွယ်ပြီးဆင်း...၊ အောက်မှာကမူကလေးရှိတယ်...၊ အဲဒီမှာရပ်နေ..."ဟု ပြောလေ၏။

ဘွန်ဟောင်းလည်း ကြောက်ကြောက်လန့်လန့်နှင့် ကြိုးကိုတွယ်၍ ဆင်းရလေ၏။ စနေမောင်မောင်သည် ကြိုးကို တဖြည်းဖြည်းချ၍ ပေးလေ၏။ ထိုသို့ပြုလုပ်နေစဉ်အတွင်းတွင် စနေမောင်မောင်သည် သကလေးတချွန်ချွန်နှင့် ပြုလုပ်နေ၏။ ဘွန်ဟောင်းမှာမူ ကြောက်လန့်အားကြီး၍ ချွေးစေးများ စို့၍နေလေ၏။

ဘွန်ဟောင်း အောက်ကမူကလေးဆီသို့ ရောက်သွားသောအခါ စနေမောင်မောင်သည် ကြိုးစမှတွယ်ကာ လေချွန်၍ ဆင်းလာလေ၏။ ကမူကလေးကို ရောက်ပြန်သောအခါ၌ လေကလေးတချွန်ချွန်ဖြင့် ပစ္စည်းများကို အောက်သို့ချပြန်လေ၏။ ပြီးလျှင် ဘွန်ဟောင်းအား ကြိုးမှတွယ်၍ အောက်သို့ဆင်းခိုင်းလေ၏။ ဘွန်ဟောင်းမှာ ကြောက်ကြောက်လန့်လန့်ဖြင့် အောက်သို့ကြိုးဖြင့်တွယ်၍ ဆင်းရပြန်လေ၏။

"ဟော့... ဘွန်ဟောင်း၊ မင်းအလုပ်လုပ်နေပုံကလဲ အလုပ်ထဲမပါသလိုပဲကွာ...၊ သီချင်းလေးဘာလေး ဆိုစမ်းပါကွာ..."ဟု



www.burmeseclassic.com

www.burmeseclassic.com



စနေမောင်မောင်က ပြောလျှင်...

"ဆရာကြီးကလဲဗျာ...၊ ဒါလောက်တောင် အသက်အန္တရာယ်နဲ့နီးနေတဲ့ဥစ္စာ သီချင်းဆိုရမှာလားဗျ..."ဟု ဘွန်ဟောင်းက ပြန်၍ အော်ပြောလေ၏။

စနေမောင်မောင်လည်း ဘွန်ဟောင်း၏စကားကိုကြားလျှင် တဟားဟားရယ်မော၍...

"သီချင်းဆိုရင် အသက်အန္တရာယ်က ဝေးသွားတယ်ကွ၊ မယုံရင် မင်းဆိုကြည့်၊ ငါ ရှေ့ကတိုင်ပေးမယ်၊ အကျယ်ကြီးလိုက်ဆိုနော်..."ဟု ဆိုကာ...

စနေမောင်မောင်သည် အောက်ပါအတိုင်း သီချင်းတိုင်ပေးလေတော့၏။

ပန်းဟောဝန် × × × ခုနှစ်ထွေ × × × မျှော်လေယောင်
ညိုပြာရီမှောင် × × × တိမ်တောင်နီလာသွေး × × × ဆွေးစေဖွယ်
သွယ်သွယ်တွေလာနှော × × × ရေယာဉ်ကြော × × × ငွေသောင်...

ဘိန်းစားဘွန်ဟောင်းလည်း မဆိုချင်ဆိုချင်ဖြင့် လိုက်၍ဆို...လေ၏။ သီချင်းတစ်ပုဒ်ဆုံးသွားသောအခါ၌လည်း စနေမောင်မော... သည် 'တူနယ်၊ တဲ့နယ်၊ တူတယ်၊ တဲ့နယ်...'စသည်ဖြင့် ပါးစပ်ဆို... လိုက်၍ ပေးလေ၏။ အစပိုင်းတွင် ဘိန်းစားဘွန်ဟောင်းသ... ကြောက်ကြောက်နှင့် ဆိုရသည်ဖြစ်သော်လည်း နောက်ပိုင်း၌... ဆိုရင်းဆိုရင်းနှင့်ပင် ကြောက်စိတ်များ ပြေပျောက်၍ လာလေတော့...

ဤသို့နှင့်ပင် နောက်တစ်ဆင့် ဆင်းကြပြန်လေ၏။ နော... တစ်ဆင့်သို့ရောက်သောအခါ၌ တောင်ကမ်းပါးယံမှ ဂူပေါက်... တစ်ခုကို တွေ့လေ၏။

"အတော်ပဲဟေ့...၊ ဒီဂူပေါက်ကြီးထဲက ဝင်သွားရမှာပဲ..."... စနေမောင်မောင်က ပြောလိုက်ရာ...



ဘွန်ဟောင်းက...

"ဘယ်ကိုရောက်တဲ့ဂူပေါက်ကြီးမှန်းလဲ မသိဘဲနဲ့... ဘယ်လိုလုပ်ပြီးသွားမှာလဲ... ဆရာကြီးရဲ့..."ဟု မေးလေ၏။

"အေးလေ...၊ မင်းပြောတာမှန်ပါတယ်...၊ ဘယ်ကိုရောက်မှန်းမသိတာတွေ ဟုတ်တာပေါ့...၊ ဒါပေမယ့် ငါတို့က ကြိုးနဲ့ဆက်ပြီးဆင်းနေလို့မဖြစ်ဘူးကွ...၊ အပေါ်ကသတ္တဝါတွေက မကြာခင်မှာငါတို့ဆင်းတဲ့လမ်းကြောင်းကို ကျောက်ခဲတွေနဲ့ ထုချကြတော့မှာ..."ဟု စနေမောင်မောင်က ပြောလေ၏။

"ကျောက်ခဲနဲ့ထုချရင် တော်သေးတာပေါ့ ဆရာကြီးရယ်...၊ ကျွန်တော်တို့ ဆင်းသလိုလိုက်ပြီး ဆင်းလာရင်တော့ ဒုက္ခပဲ..."ဟု ဘွန်ဟောင်းက ပြောလေ၏။

"အဲဒီလိုဆင်းလာရင် ပိုပြီးကောင်းတာပေါ့ကွ...၊ သူတို့ဆင်းရင် ဘယ်လိုဆင်းမလဲ...၊ ငါတို့ဆင်းသလို တစ်ယောက်စီဆင်းရမှာပေါ့...၊ အဲဒီတော့... ငါတို့က အောက်ကနေဆီးပြီး တစ်ယောက်ချင်းသတ်ပစ်နေရုံပဲပေါ့ကွာ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုသို့ပြောဆိုနေစဉ်၌ပင် လူတစ်ယောက်သည် ဂူပေါက်တည့်တည့်ဆီသို့ ကြိုးတန်းလန်းဖြင့် ဆင်းလာသော ထိုသူ၏ အရှိက်အား လက်သီးဖြင့် ထိုးလိုက်ရာ ထိုသူသည် အားခနဲအော်၍ တောင်အောက်သို့ ကျ၍သွားလေတော့၏။

"ငါမပြောဘူးလား... ဘွန်ဟောင်း၊ လွယ်ပါတယ်ကွာ...၊ နောက်တစ်ယောက်ဆင်းလာရင် မင်းအလှည့်ပဲ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအချိန်မှာပင် လူတစ်ယောက်သည် ကြိုးဖြင့်တွယ်၍ဆင်းလာ...လျှင် အောက်သို့မရောက်မီ၌ပင် ထိုသူက စနေမောင်မောင်အား ...ဖြင့်ထိုးလေတော့၏။ စနေမောင်မောင်လည်း ရှောင်လိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လုံကိုကောက်ယူကာ ဘွန်ဟောင်းအားပေး၍...

"အေးအေးဆေးဆေးကလေး စိတ်ကြိုက်ချက်ကောင်းရွေးပြီး ထိုးချလိုက်စမ်းကွာ..."

ဘွန်ဟောင်းလည်း စနေမောင်မောင်ပေးသော လုံကိုယူကာ ကြိုးတန်းလန်းနှင့်လူ၏ရင်ဝသို့ ပစ်၍ထိုးလိုက်ရာ လုံသည် ထိုသူ၏ ရင်ဝကိုစူးဝင်၍ ထိုသူလည်း တောင်အောက်သို့ ထိုးကျသွားလေ တော့၏။

"ဒါလောက်ဆိုရင် ဒီကောင်တွေ နားလည်သွားပါပြီ... ဆက်ပြီး မဆင်းဝံ့တော့ပါဘူး..."ဟု စနေမာင်မောင်က ပြောလေ၏

အမှန်လည်း တောင်ပေါ်မှလူများသည် ဆက်လက်၍ ဆင်းလာ ခြင်းမရှိကြတော့ပေ...၊

ထိုအခါ စနေမောင်မောင်က...

"ဒီခရီးမှာ... မင်းလက်ချက်နဲ့... တောင်ပေါ်ကကျသွားတဲ့ လူနှစ်ယောက်ရှိပြီ...၊ မျက်လုံးကန်းသွားတဲ့လူတစ်ယောက်...၊ အဲ ထက်ထိတော့ မင်းဟာ ဘာမှမဖြစ်သေးဘူး...၊ အခုနေ မင်းသေသွာ ရင်လဲပဲ တန်ပါတယ်ကွ...၊ နှစ်ယောက်နဲ့တစ်ယောက်ပဲကွာ..."ဟု ပြောလိုက်ရာ ဘွန်ဟောင်းက...

"ဆရာကြီးပြောလိုက်မှပဲ ကျွန်တော်တောင် အတော်အားရှိလာ တယ်..."ဟု ပြောဆိုကာ တဟားဟား ရယ်မောလေတော့၏။

"မင်းသတ္တိတွေ... မင်းဆီကို ပြန်ရောက်လာပြီ ဘွန်ဟောင်း..." ဟု စနေမောင်မောင်က အားပေးစကားပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် မှောင်မိုက်သော ဂူကြီးအတွင်း၌ တစ်ဦးလက်ကိုတစ်ဦးကိုင်ကာ စမ်းတဝါးဝါးဖြင့် ဝင်သွားကြလေ တော့၏။

ဂူကြီးအတွင်း၌ကား ရေများသည် မိုးရွာသကဲ့သို့ တရစပ်ကျ





နေလေ၏။ ၎င်းတို့နှစ်ဦးသည် တရွေ့ရွေ့ဖြင့် ဝင်သွားကြရာ တစ်နာ ရီခန့် ဝင်ပြီးသောအခါ၌ မှုန်ဝါးသောအလင်းရောင်ကို တွေ့ရလေ၏။ ၎င်းတို့သည် ထိုအလင်းရောင်ဘက်ဆီသို့ ဦးတည်၍ သွားကြလေ၏။ နောက်ထပ် တစ်နာရီခန့်သွားမိသောအခါ၌ ဂူပေါက်တစ်ခုကို တွေ့ ပြန်လေ၏။

"ဆရာကြီး... ဟိုမှာ ဂူပေါက်တွေ့နေပြန်ပြီ..."ဟု ဘွန်ဟောင်း က အားရဝမ်းသာ ပြောလိုက်လေ၏။

"ငါ့စိတ်ကြိုက်ကတော့ အဲဒီဂူပေါက်ကို မသွားဘဲ ဟောဒီက မှောင်နေတဲ့ဘက်ကို သွားချင်တယ်ကွ..."ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

"ဆရာကြီးသဘောပဲလေ..."ဟု ပြန်၍ပြောလိုက်လေ၏။

၎င်းတို့နှစ်ဦးသည် ခေတ္တအနားယူပြီးနောက် ဆက်လက်၍ တစ်နာရီကျော်ကျော်ခန့် ဆက်၍သွားကြရာ လူတစ်ကိုယ်ထွက်နိုင် စာမျှရှိသော အပေါက်ကလေးတစ်ခုကို တွေ့ရလေ၏။ ထိုအပေါက် ကလေးမှ ထွက်ပြူကြည့်ရာ တောင်အောက်ဆီသို့ဆင်းသော မြေနီ လမ်းကလေးကို တွေ့ရလေ၏။

အချိန်မှာ နေဝင်ရီသရောအချိန်သို့ ရောက်နေပြီဖြစ်၍ နှင်းများ လည်း တဖွဲဖွဲ ကျနေပြီဖြစ်၏။

"ဘွန်ဟောင်းရေ...၊ အခုနေ ဆက်ပြီး ခရီးသွားလို့ မကောင်း သေးဘူးကွ...၊ ဟိုကောင်တွေက... တို့ကိုမြင်ချင်မြင်နေဦးမှာ...၊ အဲဒီ တော့ မိုးချုပ်မှ ဆင်းကြတာပေါ့ကွာ..."ဟု စနေမောင်မောင်က ပြော လေ၏။

ထိုအခါ ဘွန်ဟောင်းက...

"ဆရာကြီးသဘောပဲလေ..."ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂူပေါက်ဝအပြင်ဘက်၌ အနားယူကြပြီးလျှင် ညဉ့်မှောင်မိုက်သောအခါ၌ တောင်ကမ်းပါး ချိုင့်ဝှမ်းကြီးအောက်သို့ တရွေ့ရွေ့ဆင်းသွားကြလေ၏။

ကမ်းပါးသို့ ရောက်သောအခါ၌မူ တောမှာ လွန်စွာထူထပ်လှ၏။ သစ်ပင်ကြီးများ အုံ့ဆိုင်းလျက်ရှိ၏။ မိုးကောင်းကင်နှင့် ကြယ်များကိုပင် မမြင်ရလောက်အောင် သစ်ပင်တို့၏ အရွက်ကစိပ်လှ၏။ ၎င်းတို့နှစ်ဦးသည် ထိုတောနက်ကြီးအတွင်း၌ တရွေ့ရွေ့လျှောက်သွားကြရာ နံနက်အရုဏ်တက်အချိန်လောက်တွင် တောင်နှစ်ခု၏အကြား လျှိုကြီးတစ်ခု၏အတွင်းမှ သပ်ရပ်စွာ ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့သတည်း…။





# နောက်ကြောင်းခံ ပုံဝတ္ထုတိုလေးများ

တစ်နေ့သည်၌ အသက်အရွယ်(၃၀)ကျော်ခန့်ရှိ၍ နှာတံပေါ်ပေါ် မျက်လုံးမျက်ခုံးကောင်းကောင်း အသားဖြူဖြူ မိန်းမတစ်ဦးသည် ကော်ဇောကြီးတစ်ချပ်ပေါ်တွင် ပုဆစ်တုပ်ထိုင်၍ ဘုရားဝတ်ပြုနေလေ၏။ ၎င်း၏နောက်တွင်ကား အသက်(၃၀)အရွယ်၊ (၂၅)နှစ်အရွယ်၊ အသက်(၂၀)အရွယ် ယောကျ်ားပျိုသုံးဦးသည် တင်ပျဉ်ခွေခိုက်၍ ထိုင်နေကြ၏။

၎င်းတို့၏အရှေ့မှ မိန်းမသည် ဘုရားဝတ်ပြုပြီးသောအခါ၌ လူငယ်သုံးဦးဘက်သို့လှည့်လိုက်လေ၏။ ပြီးလျှင် တည်ကြည်သော မျက်နှာထားဖြင့် အောက်ပါအတိုင်း ပြောလေ၏။

“ပထမဆုံး… မမ… လုပ်ရတဲ့အလုပ်ကတော့ မင်းတို့တွေရှိနေတဲ့နေရာကို စုံစမ်းရတာပဲ…၊ အဲဒီလိုစုံစမ်းပြီးတော့မှ မင်းတို့ဆီ အချက်ပေးတဲ့ သင်္ကေတတွေ ပို့ရတာပဲ…၊ နေရာတကာမှာ မမရဲ့လူတွေ ရှိနေလေတော့ အခုလို… အချက်ပေးသင်္ကေတတွေ ပို့ဖို့က မခက်ပါဘူး…၊ မင်းတို့ဟာ မင်းတို့ရဲ့အစ်ကိုတွေ၊ အဖေတွေ၊ ဆရာတွေအတွက် လက်စားချေဝံ့တဲ့လူတွေလို့ မမ ယုံကြည်ပါတယ်…”

လူငယ်သုံးဦးသည် ထိုမိန်းမ၏စကားကို ငြိမ်သက်စွာ နားထောင်နေကြလေ၏။ ထိုအခါ ရဲရင့်တည်ကြည်ပြတ်သားလှသော ထိုမိန်းမက အောက်ပါအတိုင်း ဆက်၍ပြောပြန်လေ၏။

“ဒီအထဲမှာ… အငယ်ဆုံးဖြစ်တဲ့ မောင်ပညာရဲ့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မမ ပြန်ပြီးပြောပြမယ်…၊ မောင်ပညာရဲ့ဖခင်ဟာ မမ ဖခင်ရဲ့ တပည့်တစ်ဦးဖြစ်တယ်…၊ မမရဲ့ဖခင်နဲ့ မောင်ပညာရဲ့ဖခင်ကို ဦးလပြည့်ဆိုသူက လုပ်ကြံသတ်ဖြတ်ခဲ့တယ်…၊ ဦးလပြည့်ရော၊ မောင်ပညာရဲ့ဖခင် ဦးရွှေမြိတ်ရောဟာ မမရဲ့ဖခင် ဆရာကြီး ဦးသီလရဲ့ တပည့်တွေဖြစ်ကြတယ်…၊ ဆရာကြီး ဦးသီလဟာ ရှေးဟောင်းပညာရပ်တွေကို သိမ်းဆည်းထားတဲ့ 'သုဝဏ္ဏမဥ္ဇူသာ'လို့ခေါ်တဲ့ ရွှေသေတ္တာကြီးကို ဆရာစဉ်ဆက် လွှဲအပ်ခြင်းခံရသူဖြစ်တယ်…၊ အဲဒီပစ္စည်းနဲ့တကွ ရွှေငွေကျောက်သံပတ္တမြားတွေကို မက်မောလှတဲ့ ဦးလပြည့်ဟာ ဆရာကြီး ဦးသီလကိုရော…၊ မိမိရဲ့ပညာသင်ဖက်ဖြစ်တဲ့ မောင်ပညာရဲ့ဖခင် ဦးရွှေမြိတ်ကိုရော ကိစ္စတုံး စီရင်ပစ်ခဲ့တယ်…၊ အဲဒါကို ဦးရွှေမြိတ်ရဲ့သားအကြီး မောင်ပညာရဲ့အစ်ကို 'ကိုမာလာ'က ဖခင်အတွက် မခံမရပ်နိုင်ဖြစ်ပြီး ဦးလပြည့်နောက်ကို သဲလွန်စရှာပြီး လိုက်ခဲ့တယ် ကိုမာလာ အဲဒီလို လိုက်ပြီးရှာတဲ့အခါမှာ သူ့မှာ ဓားကြီးတစ်ချောင်းလဲပါတယ်…၊ ဟောဒီဓားကြီးပဲ…၊ ဒီဓားကြီးကိုမြင်တာနဲ့ မောင်ပညာဟာ အစ်ကိုဖြစ်သူ ကိုမာလာ ကိုင်ဆောင်ခဲ့တဲ့ ဓားကြီးဖြစ်တယ်ဆိုတာ မှတ်မိလောက်ပါတယ်…"ဟု ထိုမိန်းမက ပြောလျှင်…

မောင်ပညာက…

"မှတ်မိပါတယ် အစ်မတော်…"ဟု ပြောလိုက်လေ၏။

ထိုအခါ အစ်မတော်ဟု ခေါ်သော မိန်းမက ဆက်လက်၍ ပြောပြန်လေ၏။

"ကိုမာလာဟာ သူရသတ္တိနဲ့ ပြည့်စုံတာဟာ မှန်ပါတယ်…၊ ဖခင်ဖြစ်သူအတွက် လက်စားချေမယ်ဆိုပြီး ဦးလပြည့်ကို ကြိုးစားပမ်းစားရှာခဲ့တယ်…၊ ဦးလပြည့်ဟာ 'ဦးဘဝင်း'ဆိုတဲ့နာမည်ပြောင်းပြီး မန္တလေးမြို့မှာ ပိုးကုန်သည်လုပ်နေတယ်…၊ မန္တလေးက ပိုးကုန်သည်ကြီး ဦးဘဝင်းဟာ ဦးလပြည့်ဖြစ်ကြောင်းကို ကိုမာလာ အတော်ကို



စုံစမ်းယူရတယ်…၊ စုံစမ်းလို့ သတင်းလဲခိုင်လုံတယ်ဆိုရော ကိုမာလာဟာ ပိုးကုန်သည်ယောင်ဆောင်ပြီး ဦးဘဝင်းနဲ့ဆက်သွယ်ခဲ့တယ်…၊ ဦးဘဝင်းအိမ်မှာ တည်းခိုနေနိုင်အောင် ကြိုးစားခဲ့တယ်…၊ ဦးဘဝင်းဆိုတဲ့လူကလဲ မန္တလေးမှာ နေတယ်လို့ မရှိဘူး…၊ အမြဲတန်းလိုလို ခရီးထွက်နေတယ်…၊ အဲဒီတော့ ကိုမာလာဟာ ဦးဘဝင်းနဲ့ ကိုက်ရိုက်တွေ့ရတယ်လို့မရှိဘဲ…၊ ဦးဘဝင်းရဲ့အင်မတန်ချောမောတဲ့ သမီးနှစ်ယောက်နဲ့ပဲ တွေ့နေရတာများတယ်…၊ အဲဒီသမီးနှစ်ယောက်ရဲ့နာမည်က 'ရွှေနန်းနွယ်' နဲ့ 'မြနန်းနွယ်'တဲ့…၊ ကိုမာလာရဲ့ အကြံကတော့ သူ့ရဲ့ဓားကြီးနဲ့ ဦးဘဝင်း (ခေါ်) ဦးလပြည့်ရဲ့ မျိုးဆက်ပါမကျန်ရှင်းပစ်ဖို့ပါပဲ…၊ ဒါကို ဦးလပြည့်ရဲ့သမီးနှစ်ယောက်က ကြိုတင်ရိပ်မိလေတော့ မိန်းမပရိယာယ်နဲ့ ကိုမာလာကို ဖမ်းစားခဲ့တယ်…၊ နောက်ဆုံးမှာ ကိုမာလာရဲ့အသက်ကိုပါ လုပ်ကြံခဲ့တယ်…၊ ပြီးတော့မှ ကိုမာလာရဲ့ပစ္စည်းတွေနဲ့အတူ သူ့ရဲ့ဓားကြီးကိုပါ ကိုမာလာရဲ့အိမ်ကို ပြန်ပို့ခဲ့တယ်…၊ ပြီးတော့… သူတို့သားအဖသုံးယောက်လဲ အဲဒီကနေ ဇာတ်မြှုပ်ပျောက်ကွယ်သွားတော့တယ်…

အဲဒီအဖြစ်အပျက်ဟာ… မောင်ကလေး မောင်ပညာ သိပြီးသားပါ၊ အဲဒီလိုသိပြီးသားဆိုတော့ ပြန်ပြောတာဟာ နောက်ကြောင်းခံဇာတ်ကလေးကို ပြီးပြီးနှုးတာပေါ့ကွယ်…၊ အခု… သူတို့သတင်းကို စုံစမ်းလို့ရပြီ မောင်ပညာရဲ့အလုပ် စရတော့မယ်…"ဟု ရှည်လျားစွာ ပြော၍ သက်ပြင်းချလိုက်လေတော့၏။

ရုပ်ရည်သားနားသန့်ပြန့်သော ထိုမိန်းမသည် မောင်ပွင့်ကောင်းဘက်သို့ လှည့်လိုက်ပြီးလျှင် အောက်ပါအတိုင်း ပြောလိုက်လေတော့၏။

"ဒီမှာ… မောင်ပွင့်ကောင်း၊ မင်းရဲ့သူငယ်ချင်းလဲဖြစ်၊ မင်းကိုလည်းပဲ တယောပညာမှာ ပါရဂူဖြစ်မြောက်အောင်လို့ သင်ကြား

www.burmeseclassic.com



ပေးခဲ့တဲ့... မင်းရဲ့ဆရာလဲပဲဖြစ်တဲ့ 'မောင်သွေး'ဟာ ဉာဏ်ပညာဗဟုသုတအလွန်ပဲ ပြည့်စုံပါတယ်...၊ သူဟာ လူတော်တစ်ယောက်လည်း ဖြစ်သလို လူ ကောင်းတစ်ယောက်လဲ ဖြစ်တယ်ကွဲ့...၊ ဒါပေမယ့် သူဟာ အတော့် ကိုဆင်းရဲရှာတယ်...၊ အဲဒီတော့ သူ့ကို သူ့ရဲ့ချစ်သူက အင်း... အင်း... တကယ်နှစ်နှစ်ကာကာချစ်တာပါ...၊ ဒါပေမယ့်... ခက်တာက ချစ်သူ ရဲ့မိဘတွေက မောင်သွေးကို သူတို့သမီးနဲ့ မပေးစားနိုင်ဘူးကွဲ့...၊ မပေးစားနိုင်တဲ့ပြစ်မှုက တစ်ခြားသော မဟုတ်ပါဘူးကွယ်...၊ ဆင်းရဲ လို့ပဲဆိုပါတော့...၊ အဲဒီတော့ မောင်သွေးဟာ သူ့ရဲ့ချစ်သူကို ရယူဖို့ နည်းလမ်းဟာ ချမ်းသာမှ ပဲဖြစ်မယ်ကွဲ့...၊ သူ့အနေနဲ့ တစ်ကိုယ်တည်း နေဖို့ဆိုရင် ချမ်းသာဖို့ မလိုပါဘူး၊ ဒါပေမယ့် သူ့ရဲ့ချစ်သူ 'မထွေးလေး'ကို ရဖို့ဆိုရင်တော့ ချမ်းသာမှပဲဖြစ်မယ်...၊ ဒါကြောင့် သူဟာ မကြာခဏဆိုသလို သူ့ရဲ့ရင်နာစရာကောင်းတဲ့ အဖြစ်အပျက်ကလေးကို ကဗျာတစ်ပုဒ် စပ်ပြီး သီဆိုလေ့ရှိတယ်...၊ အဲဒီကဗျာလေးကိုပဲ တီးလုံးလေးထည့်ပြီး သီချင်းအဖြစ်လဲ သီဆိုလေ့ရှိတယ်...၊ မောင်ပွင့်ကောင်းကို တယော စပြီးသင်ပေးတဲ့ သီချင်းဟာ ဟောဒီသီချင်းပဲ မဟုတ် လား..."ဟုဆိုကာ ထိုရုပ်ရည်ချောမောသောမိန်းမသည် အောက်ပါ သီချင်းကို အသံနေအသံထားဖြင့် သီဆိုပြလေ၏။

မြို့ပေါ်မှာ အမွဲဆုံး...
မြို့ပေါ်မှာ အရဲရင့်ဆုံး...
သူ့တစ်ကိုယ်တည်း ရုပ်တည်မဆုံး...
သူ့ဆန္ဒက အချမ်းသာချင်ဆုံး...

"ဒီသီချင်းလေးကို မင်းမှတ်မိဦးမှာပေါ့..."ဟု မေးလိုက်လေ၏။

"ဉာယ်နှယ့်ပြောပါလိမ့်ခင်ဗျာ...၊ ဒီတစ်သက်မှာတော့ မေ့ဖို့မရှိ





တော့ပါဘူး...၊ ကျွန်တော့်ဆရာ၊ ကျွန်တော့်သူငယ်ချင်း မကြာခဏ သီဆိုတဲ့ သီချင်းပါ..."ဟု မောင်ပွင့်ကောင်းက ပြောလိုက်လေ၏။

ထိုအခါ ရုပ်ရည်ချောမောသော ထိုမိန်းက အောက်ပါအတိုင်း ပြောပြန်လေ၏။

"အဲဒီတော့... မောင်ပွင့်ကောင်းရဲ့သူငယ်ချင်း၊ ဆရာမောင်သွေးဟာ ချမ်းသာရာချမ်းသာကြောင်း နည်းလမ်းတွေ ရှာဖွေခဲ့တယ်...၊ အဲဒီမှာ... ဘယ်လိုကနေဘယ်လို ထူးဆန်းတဲ့သတင်းတစ်ခုဟာ သူ့ဆီကိုရောက်သွားသလဲ မဆိုနိုင်ပါဘူး...၊ ရွှေငွေကျောက်သံပတ္တမြားတွေ အပြည့်ရှိတဲ့ သေတ္တာကြီးတစ်လုံးဟာ မြန်မာပြည်မြောက်ပိုင်း တစ်နေရာရဲ့ တောင်ကုန်းပေါ်မှာ ရှိလေရဲ့...၊ ကြိုးစားရယူလျှင် ရနိုင်ကောင်းတယ်ဆိုတဲ့ သတင်းဟာ မောင်သွေးဆီကို ရောက်သွားတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းဖို့ဆိုပြီး မမဆီကို ရောက်လာခဲ့သေးတယ်...၊ မမရဲ့အိမ်မှာတောင် တည်းခိုသွားသေးတယ်...၊ မမဟာ အတန်တန်တားမြစ်ပါသေးတယ်...၊ ဒါပေမယ့် မမစကားကို မောင်သွေးဟု မယုံကြည်ခဲ့ဘူး...၊ သူဟာ အဲဒီပစ္စည်းတွေ မရမကရှာဖွေခဲ့တယ်...၊ ဒါကြောင့် မောင်သွေးဟာ ချစ်သူမထွေးလေးနဲ့ မပေါင်းရဘဲ အသက်ဆုံးရှုံးသွားခဲ့တယ်...၊ အဲဒါတွေဟာ မောင်ပွင့်ကောင်း သိပြီးသားတွေပါ...

အခု... မမက ပြန်ပြောနေတာက နောက်ကြောင်းခံဇာတ်လမ်းကလေးကို ပြန်ပြီးနွှးပြနေတာပါ...၊ မောင်သွေးကို မြွေဆိုးမြွေဟောက် လို့ခေါ်တဲ့ လူတွေက သတ်ပစ်လိုက်ကြတယ်...၊ မောင်သွေးဟာ သူ့ကိုသတ်မယ့်လူတွေကို အတန်တန်တောင်းပန်ပါတယ်...၊ သူဟာ ပိုင်ရှင်မဲ့ပစ္စည်းဆိုလို့ လာခဲ့တာပါ...၊ ပိုင်ရှင်တွေရှိနေတယ်ဆိုမှတော့ ပြန်သွားမှာပါ...၊ ဘယ်သူ့ကိုမှလဲ အနှောင့်အယှက်မပေးပါဘူး...၊ ဒီသတင်းကိုလဲ ဘယ်သူ့ကိုမှ မပေးပါဘူး...၊ ဒါကြောင့် သူ့ကိုမသတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အတန်တန်တောင်းပန်ရှာတယ်...၊ ဒါပေမယ့် မာန်ဖိနေတဲ့ မြွေဆိုးမြွေဟောက်တွေဟာ သူ့ကို ချမ်းသာမပေးကြဘူး...၊ သူ့ကို အကြာကြီး ဖမ်းထားကြတယ်၊ ပြီးတော့မှ ညှင်းပန်းပြီး သတ်ပစ်လိုက်ကြတယ်...

"ဒီအဖြစ်အပျက်တွေကို သူနဲ့သိတဲ့ လူတစ်ယောက်ဆီက မမ ကြားခဲ့ရတာ...၊ အဲဒီသွားတုန်းက အဲဒီလူလဲပါတယ်...၊ အဲဒီလူဟာ ကံအားလျော်စွာ မြွေဆိုးမြွေဟောက်တွေလက်က လွတ်ပြီးထွက်ပြေးနိုင်ခဲ့တယ်...၊ ဒါပေမယ့် ဒီလူ့ကိုလဲ လိုက်ရှာပြီး သတ်ပစ်လိုက်ကြတယ်...၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပုလိပ်အဖွဲ့ကလဲ မြွေဆိုးမြွေဟောက်အဖွဲ့ကို အပြင်းအထန်စုံစမ်းခဲ့တယ်...၊ ဒါကြောင့် သူတို့လဲပဲ နေရာပြောင်းရွှေ့သွားကြတယ်...၊ ဘယ်နေရာကို ရောက်သွားသလဲဆိုတာ မသိနိုင်တော့ဘူး...၊ မောင်သွေးပျောက်ဆုံးသွားပြီး တစ်နှစ်လောက်ကြာတဲ့အခါမှာ မောင်ပွင့်ကောင်းဟာ မမဆီကို တယောကလေးတစ်လက်နဲ့ ရောက်လာတယ်...၊ အဲဒီတုန်းက မမ ဘာမှအတိအကျ ပြောမပြနိုင်ဘူး...၊ အဲဒါကို မောင်ပွင့်ကောင်း မှတ်မိဦးမှာပေါ့..."

ထိုအခါ၌ မောင်ပွင့်ကောင်းသည် ဦးခေါင်းကိုညွှတ်၍...

"မှတ်မိပါတယ် မမ..."ဟု ပြောလိုက်လေ၏။

"အဲဒီတုန်းက မမ ကတိပေးလိုက်တယ်လေ၊ မြွေဆိုးမြွေဟောက်တွေရဲ့သတင်းကိုကြားရင် တစ်နည်းနည်းနဲ့ အချက်ပေးဆက်သွယ်ပါ့မယ်လို့...၊ ပြီးခဲ့တဲ့လက မမ သတင်းခိုင်ခိုင်လုံလုံရပြီ...၊ အဲဒါကြောင့် မင်းဆီကို ကြွေပန်းကန်လေးတွေနဲ့ အချက်ပေးလိုက်တာပဲ...

မောင်ပွင့်ကောင်းရဲ့တာဝန်ကတော့ မင်းရဲ့သူငယ်ချင်းဆရာကို ရက်ရက်စက်စက်သတ်ဖြတ်ပစ်ခဲ့တဲ့ မြွေဆိုးမြွေဟောက်တွေကို ရှာဖွေဖမ်းဆီးရုံတင်မဟုတ်ဘူး...၊ မင်းကို အခုလို... သတင်းပေးတဲ့ မမကို ကျေးဇူးဆပ်တဲ့အနေနဲ့ မမဖခင်ပိုင်တဲ့ 'သုဝဏ္ဏမဥ္ဇူသာ'ဆိုတဲ့ ပညာရှေးသေတ္တာကြီးကိုလဲ ရယူပြီး... မမကို လက်ဆောင်ပေးဖို့ပါပဲ"





ဟု ထိုမိန်းမက ပြောလိုက်လေ၏။

ထိုအခါ မောင်ပွင့်ကောင်းက ဦးခေါင်းကိုညွှတ်၍...

"နေရာကိုအတိအကျသိစမ်းပါစေ...၊ ဒီလူတွေကို တိုက်ခိုက်ပြီး ဖမ်းဆီးဖို့ရယ်...၊ မမပြောတဲ့ ပစ္စည်းကြီးကို ရယူဖို့ရယ်က ကျွန်တော့်အဖို့... တယောလက်သံစမ်းရသလောက် မခက်ပါဘူး..."ဟု ပြောလိုက်လေ၏။

ထိုအခါ ရုပ်ရည်ချောမောသော အစ်မတော်ဟုခေါ်သည့် ထိုမိန်းမသည် ဂရမ္မာကြာရွက် (ခေါ်) ညကျောင်းဆရာလေးဘက်သို့ မျက်နှာမူလိုက်လေ၏။

ချောမောလှပ၍ အစ်မတော်ဟုခေါ်သော ထိုမိန်းမသည် ညကျောင်းဆရာကြာရွက် (ခေါ်) ဂရမ္မာကြာရွက်ဘက်သို့လှည့်၍...

"ဒီအလှည့်ကတော့... ငါ့မောင်ကလေး မောင်ကြာရွက်ရဲ့အလှည့်ပဲ..."ဟု၍ အစချီကာ အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ဒီလိုကွဲ့...၊ တစ်ခါတုန်းက မင်းရဲ့အဖေဟာ တောထဲကို မီးသွေးဖုတ်ဖို့သွားရင်း အမှတ်မထင် ပိုင်ရှင်မဲ့တဲ့ ရတနာသိုက်တစ်ခုကို တွေ့ခဲ့တယ်...၊ သူနဲ့ ပြိုင်တူတွေ့တဲ့လူတစ်ယောက်လဲ ရှိတယ်...၊ အဲဒီလူက သူ့ကို ရတနာပစ္စည်းတွေမယူဖို့ တောင်းပန်တယ်...၊ သူကိုယ်တိုင်ကလဲ မယူဘူးလို့ ကတိပေးတယ်...၊ ဒါပေမယ့် မောင်ကြာရွက်ရဲ့ဖခင်က အဲဒီလူရဲ့စကားကို မယုံကြည်ဘူး...၊ ယုံကြည်တဲ့တိုင်အောင်လဲ ရတနာပစ္စည်းတွေကို အတွေ့ရှိသားနဲ့ မယူဖို့ဆိုတဲ့စကားကို ဘယ်လိုလုပ်ပြီး လိုက်နာနိုင်ပါ့မလဲကွယ်...၊ အဲဒီအခါမှာ အဲဒီလူက... 'ဒီလိုဆိုရင်တော့... ဒီရတနာသိုက်ကြီးကို ခင်ဗျားမလာနိုင်အောင် တံခါးတပ်ဆင်ရမှာပဲ'လို့ ပြောတယ်...၊ အဲဒီတော့ မောင်ကြာရွက်ရဲ့အဖေက 'ဘယ်လိုလုပ်ပြီး တံခါးတပ်ဆင်မှာလဲ'လို့ မေးလိုက်တယ်...၊ အဲဒီအခါမှာ အဲဒီလူက မောင်ကြာရွက်ရဲ့အဖေကို မျက်လုံးကန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပစ်လိုက်တယ်…၊ မျက်လုံးကန်းစေတဲ့ ဆေးတွေနဲ့ မျက်လုံးကို ပက်ပစ်လိုက်တယ်…၊ ပြီးတော့မှ… အဲဒီလူဟာ မောင်ကြာရွက်အဖေကို စကားမပြောနိုင်အောင် ပါးစပ်ပိတ်ပြီး မြို့ကြီးတစ်မြို့ကို ခေါ်သွားပြီး လမ်းမပေါ်မှာ လွှတ်ထားလိုက်တော့တယ်…

မောင်ကြာရွက်ရဲ့အဖေဟာ မျက်မမြင်ဒုက္ခိတကြီးအဖြစ်နဲ့ လမ်းပေါ်မှာ လျှောက်သွားနေရတယ်…၊ ဒါတင်မကသေးဘူးကွဲ့… ဘယ်လိုလုပ်လိုက်တယ်မသိဘူး… စကားပါ အ,သွားရှာတယ်… ငါးနှစ်လောက်အကြာမှာ မောင်ကြာရွက်တို့လိုက်ရှာလို့ တွေ့ရတာ… စကားပြောနိုင်အောင် မနည်းဆေးကုယူရတယ်…၊ ဒါတောင်… ကောင်းကောင်းမပြောနိုင်ဘူး…၊ ဗလုံးဗထွေးနဲ့ပဲ ပြောရတယ်မဟုတ်လား…၊ မောင်ကြာရွက်တို့အဖေကို အဲဒီလူ လာပြီးလွှတ်တာ… မမတို့မြို့မှာပဲကွယ်…၊ တခြားလူတွေကတော့ သတိမထားမိပါဘူး…၊ မမကတော့ မျက်စိမမြင်၊ စကားမပြောနိုင်တဲ့ ဒုက္ခိတတစ်ဦး နေ့ချင်းညချင်းဆိုသလို မိမိတို့မြို့ပေါ် ရောက်လာတော့… သတိထားမိတယ် ငါးနှစ်လောက်ကြာတဲ့အခါမှာ မောင်ကြာရွက်တို့ အဲဒီလူကြီးကို လာပြီးခေါ်သွားတာလဲ… သတိထားမိတယ်…၊ အဲဒီကတည်းကိုက မောင်ကြာရွက်ကို မမကခေါ်ပြီး အကျိုးအကြောင်းမေးကြည့်တာပေါ့…

မောင်ကြာရွက်ဟာ အဲဒီအခါမှာ ဖခင်အတွက် အတော့်ကို ယူကျုံးမရဖြစ်နေပုံရတယ်…၊ တစ်စုံတစ်ယောက်ဟာ မောင်ရင့်ရဲ့ ဖခင်ကို အခုလိုဒုက္ခိဖြစ်အောင် လုပ်သွားတယ်လို့လည်း ထင်နေတယ်၊ အဲဒီလို လုပ်သွားတဲ့လူကိုလဲ သိပ်ပြီးတွေ့ချင်နေတယ်… မမကတော့ အဲဒါ ဘယ်သူ့လက်ချက်လဲဆိုတာ ရိပ်မိပါတယ်… ဘာကြောင့်လဲ ဆိုတော့ မောင်ရင့်ဖခင်ကြီးဟာ ဗလုံးဗထွေးနဲ့ ပြောတဲ့စကားထဲမှာ တံခါးမရှိတဲတံခါး…၊ လမ်းမရှိတဲ့တံခါး…ဆိုတဲ့





စကားတွေပါနေတယ်၊ နောက်တော့လဲ မောင်ကြာရွက်တို့ဟာ ဖခင်ကြီးကို အိမ်ပြန်ခေါ်ပြီး ဆေးကုသလို့ ဖခင်ကြီးဆီက အကျိုးအကြောင်းအပြည့်အစုံသိရတဲ့ အခါမှာ မောင်ကြာရွက် ကိုယ်တိုင် မမဆီကို တစ်ခေါက်လာပြီး အပြည့်အစုံပြောပြတယ် မဟုတ်လား…၊ မောင်ရင့်ဖခင်နဲ့ ရတနာ သိုက်ကို မလာနိုင်အောင်လို့ 'တံခါးလုပ်ရမယ်'လို့ ပြောတယ်…၊ အဲဒီ တော့ မောင်ရင့်ဖခင်က 'ဒီတောကြီးကို ခင်ဗျားက ဘယ်လိုတံခါးလုပ် မှာလဲ…'လို့ မေးလိုက်တယ်…၊ အဲဒီတော့ အဲဒီလူက ဘာပြောသလဲ ဆိုတော့ 'တံခါးမရှိတဲ့တံခါး လုပ်ပေးမှာပေါ့…'လို့ ပြောတယ်…၊

အဲဒီတော့ မောင်ရင့်ဖခင်က 'ဒီလိုလုပ်တာတော့ ခင်ဗျားသိမှာ တာပေါ့ဗျာ…'လို့ ပြောတယ်…၊ အဲဒီလူက ဘာပြန်ပြောသလဲဆိုတော့ 'ကျုပ်မှာ အမှန်ရယ်… အမှားရယ်မရှိဘူး…၊ အဲဒီအရာနှစ်ခုရဲ့အကြားက လျှောက်သွားနေတဲ့လူ…"လို့လဲ ပြောလိုက်တယ်၊ ပြီးတော့… သီချင်းလိုလို…၊ ကဗျာလိုလိုတစ်ပုဒ်လဲ ရွတ်ပြလိုက်သေးတယ်…"

**လမ်းမကြီးမှာ မုခ်တံခါးမရှိပါ…**
**လမ်းထောင်ပေါင်းများစွာ လမ်းမကြီးမှာ ဝင်နေတာ…**
**တစ်စုံတစ်ယောက်ဟာ ဖြတ်သွားပါ…**
**တံခါးမရှိတဲ့ မုခ်တံခါးမှာ…**
**အဲဒီအခါမှာ သူမှာ လွတ်လပ်စွာ လျှောက်လို့သွားနိုင်တာ…**
**အမှန်နဲ့ အမှားဆိုတဲ့ အရာနှစ်ခုရဲ့ကြားမှာ…**

မမက… ဒါတွေကို မောင်ကြာရွက်ရဲ့ နောက်ကြောင်းခံဇာတ်လမ်းကလေးအဖြစ်နဲ့ ပြောနေရတာ…၊ အဲဒီလူကို မမ… ကောင်းကောင်းသိပါတယ်…၊ အခု… သူ… မြန်မာပြည်ပြန်ရောက်နေပြီ…၊ ဒါကြောင့်… မောင်ကြာရွက်ကို မမက… အဲဒီကဗျာကလေးနဲ့ အချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ခေါ်လိုက်တာပဲ...၊ သူနဲ့ယှဉ်ပြိုင်ဖို့ကတော့ သတိဝီရိယရှိဖို့ လိုတယ်... မောင်ကြာရွက်..."

ထိုအချိန်၌ ဂရမ္မာကြာရွက် (ခေါ်) မောင်ကြာရွက်သည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုတ်၍...

"သူ ဘယ်သူလဲမမ...၊ သူမျက်လုံးကိုဖောက်ပြီး သူ့လျှာကို ဖြတ်ပစ်မယ်..."ဟု ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။

ထိုအခါ လှပချောမောသော အစ်မတော်ဆိုသည့် မိန်းမက မောင်ကြာရွက်၏မျက်နှာကိုကြည့်၍...

"သူ့နာမည် 'စနေမောင်မောင်'လို့ ခေါ်တယ်...၊ သူဟာ အခု မြန်မာပြည်မြောက်ပိုင်းကို... 'ဘွန်ဟောင်း'ဆိုတဲ့ တရုတ်လူရုပ်... တစ်ယောက်နဲ့ သွားလေရဲ့...၊ သွားတဲ့ကိစ္စကတော့... မမတို့အလိုရှိနေတဲ့ 'သုဝဏ္ဏမဥ္ဇူသာ'ဆိုတဲ့ ပညာရွှေသေတ္တာကြီးကို ရှာဖို့ပဲ...၊ ဒါကြောင့် မင်းအဖေကို ဒုက္ခပေးသွားတဲ့ စနေမောင်မောင်ကိုလဲ နိုင်အောင် တိုက်ခိုက်ခဲ့ပါ...၊ ပြီးတော့... သတင်းခိုင်ခိုင်လုံလုံပေးတဲ့ မမကိုလဲ ကျေးဇူးဆပ်တဲ့အနေနဲ့ မမအလိုရှိနေတဲ့ 'သုဝဏ္ဏမဥ္ဇူသာ' ကြီးကိုလဲ မမဆီရောက်အောင် ဆောင်ကျဉ်းပေးပါ မောင်ကြာရွက်"

ထိုအခါ ညကျောင်းဆရာလေး ဂရမ္မာကြာရွက် (ခေါ်) မောင်ကြာရွက်သည် ဦးခေါင်းကိုညွှတ်၍...

"ဒီကိစ္စဟာ ကျွန်တော်အဖို့ ကလေးတွေကို ဂရမ္မာသင်သလောက် ခက်မယ်မထင်ပါဘူး မမ..."ဟု ပြောလိုက်လေတော့၏။

ထို့နောက်တွင်ကား ၎င်းတို့သုံးဦးသည် အစ်မတော်ဆိုသည့် မိန်းမညွှန်ပြသည့် လမ်းမအသီးသီးသို့ ၎င်းတို့၏ရည်ရွယ်ချက်များ အတွက် ခရီးထွက်၍ သွားကြလေတော့သတည်း...။





# ဆရာကောင်းတပည့်ဖြစ်ရခြင်း၏ အကျိုးကျေးဇူး

(စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ရန်သူများနှင့် တွေ့ဆုံရသောကြောင့် လွန်စွာမြင့်မားသော တောင်ကြီးပေါ်မှ စွန့်စား၍ ကြိုးဖြင့်ဆင်းသက်ခဲ့ပြီးလျှင် လွန်စွာမှ မှောင်၍ လွန် မှလည်း ရှည်သွားလှသော လိုဏ်ဂူကြီးအတွင်းသို့ ဝင်ခဲ့ကြ၏။ လိုဏ်ဂူ၏တစ်ဘက် ရောက်သောအခါ၌ တောနက်ကြီးကို တစ်ညလုံး မနားတမ်း ဖြတ်ကျော်ခဲ့ရာ နံနက်အရုဏ်တက်သောအခါ၌ ထိုတောနက်ကြီးအတွင်း ၌ ခန့်ညားစွာ ဆောက်လုပ်ထားသော သစ်သားအိမ်ကြီးတစ်အိမ်ကို တွေ့ရလေတော့၏ ဟူ၍ ဖော်ပြခဲ့ပြီး ဖြစ်၏။)

စာရေးသူ

"ဆရာကြီး တောနက်ကြီးထဲမှာ အိမ်ကြီးတစ်ဆောင်ဆောက်နေတယ်ဆိုတာကတော့ အဆန်းပဲ..."ဟု ဘွန်ဟောင်းက မေးလေ၏။

"အိမ်တော့ဘယ်ဟုတ်မလဲကွယ်...၊ ဘုန်းကြီးကျောင်းဖြစ်မှာပါ..."ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

"ဘုန်းကြီးကျောင်းဆိုရင်လဲ ရွာမှမရှိဘဲ...၊ ဘယ်မှာဆွမ်းခံလို့ မှာလဲ..."ဟု ပြန်၍ မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ အထင်တော့ တိဗက်ဘုန်းတော်ကြီးတွေရဲ့ ကျောင်းဖြစ်လိမ့်မယ်ကွယ်...၊ သူတို့က ဆွမ်းမခံကြဘူး...၊ လယ်ယာစိုက်ပျိုးပြီး စားသောက်ကြတာ...၊ ချောက်လည်းလုံး လူတွေလိုပဲ လယ်ယာလုပ်ကိုင်ကြတယ်...၊ နှင်းတွေ သိပ်ကျလာတဲ့ ကျန်တဲ့ချောက်လမှာ ကျောင်းထဲမှာပဲနေပြီး ရှိတာလေးတွေနဲ့ ချက်ပြုတ်စားသောက်နေလေ့ရှိတယ်" ဟု စနေမောင်မောင်က ရှင်းပြလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် တိဗက်ဘုန်းကြီးကျောင်းဟု ယူဆရသော တောနက်ကြီးအတွင်းမှ အိမ်ကြီးဆီသို့ သွားကြလေ၏။ ထိုအိမ်ကြီး၏ အဝင်ဝဂိတ်တံခါးဆီသို့ ရောက်သောအခါ၌ နဖူးနှင့်မြေကြီးထိလုမတတ် ခါးကုန်းလှသော အဘိုးကြီးတစ်ဦးနှင့် တွေ့ရလေ၏။

စနေမောင်မောင်သည် ထိုအဘိုးကြီးအား တရုတ်ဘာသာစကားဖြင့် ပြောစမ်းကြည့်ရာ ထိုအဘိုးကြီးသည် အနည်းငယ်မျှ နားလည်ကြောင်း တွေ့ရသဖြင့် ဘွန်ပောင်းက...

"နားလည်တာကိုပဲ ကျေးဇူးတင်ရမှာပဲ..."ဟု ပြောလေ၏။

စနေမောင်မောင်က...

"ဒါဘာလဲ..."ဟု အဓိပ္ပာယ်ရသော စကားကို မေးလိုက်လေ၏။

ခါးကုန်းကြီးက...

"လုလင်းခန်း..."ဟု ပြန်၍ ပြောလျှင်...

ဘွန်ပောင်းက...

"ဘာလဲဆရာကြီး..."ဟု မေးလေ၏။

"တိဗက်စကားကွ...၊ တောနက်ကြီးထဲက ကျောင်းသင်ခန်းလို့ ပြောတာ..."ဟု စနေမောင်မောင်က ရှင်းပြလေ၏။

စနေမောင်မောင်က ဆရာတော်ကြီးကို ဖူးတွေ့လိုကြောင်း ပြောလျှင် ခါးကုန်းကြီးသည် တံခါးဖွင့်ပေးပြီးလျှင် ဆရာတော်ကြီးထံသို့ ခေါ်သွားလေတော့၏။ ကျောင်းအတွင်း၌ကား ကြမ်းတိုက်နေသော၊ ဆန်ပြုတ်အိုးကျိုနေသော၊ ဘုရားမီးထွန်းညှိနေသော ဦးပဉ္စင်းငါးပါးခန့်ကိုလည်း တွေ့ရလေ၏။





"ဆရာတော်ကြီးသည် စနေမောင်မောင်တို့ကို မြင်လျှင် မြန်မာစကားနှင့်ပင်...

"သင်တို့ဘယ်သူတွေလဲ. . .၊ ဘယ်လိုအကြောင်းကိစ္စနဲ့ ငါ၏ကျောင်းသင်ခန်းကို ရောက်ရှိလာကြသနည်း..."ဟု မေးမြန်းလေ၏။

ဆရာတော်ကြီးသည် မြန်မာစကားကို ကောင်းစွာတတ်ကျွမ်း၏။ သို့ရာတွင် စကားပြောရာ၌ ဖြည်းဖြည်းချင်း စဉ်းစား၍ ပြောလေ၏။ သက်တော်မှာလဲ (၈၀)နီးပါးခန့်ရှိပြီ ဖြစ်၏။ သို့ရာတွင် လွန်စွာကျန်းမာပုံရလေ၏။

"တပည့်တော်တို့ဟာ ခရီးသည်တွေပါ..."ဟု စနေမောင်မောင်က ပြန်၍လျှောက်ထားလျှင်...

ဆရာတော်ကြီးက...

"သင်တို့ခရီးသည်များ ဟုတ်၏လော...၊ ဤနေရာကား ခရီးလမ်းမဟုတ်...၊ ခရီးလမ်းနှင့် လွန်စွာဝေး၏..."ဟု ပြန်၍ပြောလေ၏။

"မှန်ပါသည် အရှင်ဘုရား...၊ တပည့်တော်တို့ဟာ ခရီးသည်များဖြစ်ပါတယ်...၊ တပည့်တော်တို့ ဓားပြများနဲ့ တွေ့ဆုံလို့ ထွက်ပြေးလာကြရခြင်း ဖြစ်ပါတယ်..."ဟု စနေမောင်မောင်က ပြန်၍ လျှောက်ထားလိုက်၏။

"သင်က ထွက်ပြေးတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား...၊ သင့်ရဲ့မျက်လုံးဟာ သိမ်းငှက်ရဲ့မျက်လုံးလို ရဲရင့်ခြင်းကို ပြနေတယ်..."ဟု ဆရာတော်ကြီးက ပြောပြီးလျှင်... တည်းခိုရန်အတွက် ကျောင်းဝိုဏ်အရှေ့ဘက်နားတွင်ရှိသော သီးသန့်ဆောင်ကလေး၌ နေရာချထားပေးရန် ဦးပဉ္စင်းတစ်ပါးကို စေခိုင်းလိုက်လေတော့၏။

စနေမောင်မောင်တို့အား ထိုဦးပဉ္စင်းက နေရာချထားပေးပြီးနောက် ခါးကုန်းကြီးသည် ဆန်ပြုတ်နှင့် ချဉ်ဖတ်တစ်ပန်းကန်လာ၍ချပေးသဖြင့် ၎င်းတို့နှစ်ဦးသည် ဆန်ပြုတ်နှင့် ချဉ်ဖတ်ကို မြိန်ယှက်စွာ စားသောက်ကြလေတော့၏။

"တစ်နေ့နဲ့ တစ်ညလုံးလုံး ဘာမှမစားရဘဲနဲ့ ပြေးနေရတာအမှုပဲ... အဆာပြေတော့တယ်..."ဟု ဘွန်ပောင်းက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ထိုအဆောင်ကလေး၌ အေးချမ်းစွာ နေထိုင်ခဲ့ကြလေ၏။ နေ့စဉ်လိုလိုပင် ဆန်ပြုတ်နှင့် ချဉ်ဖတ်ကို စားနေရလေ၏။ တစ်နေ့သ၌ ခါးကုန်းကြီးသည် သူ၏ ထုံးစံအတိုင်း ဆန်ပြုတ်နှင့် ချဉ်ဖတ်ကို လာ၍ပို့လေရာ...

ဘွန်ဟောင်းက...

"မိတ်ဆွေကြီး... ဒီနေ့ညစာကိုတော့ ဆန်ပြုတ်နဲ့ ချဉ်ဖတ်စား ချင်တယ်ဗျ..."ဟု နောက်လိုက်ရာ...

ခါးကုန်းကြီးက...

"ဒီနေ့ညစာရော...၊ မနက်ဖြန်မနက်စာရော၊ မနက်ဖြန်ညနေစာ ရော...၊ နောက်တစ်နေ့ မနက်စာရော၊ ဟိုး... နောက်တစ်နေ့၊ နောက် တစ်နေ့တွေအတွက်ရော... ဆန်ပြုတ်နဲ့ ချဉ်ဖတ်ကလွဲပြီး သင်တို့ ဘာမျှမစားစေရပါဘူး...၊ ဆရာတော်ကြီးလဲ ဒါပဲဘုဉ်းပေးတယ် ဦးပဉ္စင်းတွေလဲ ဒါပဲ၊ ကျုပ်လဲဒါပဲ၊ လူဆိုတာဟာ ဆန်ပြုတ်နဲ့ ချဉ် ဖတ်စားဖို့ ဖြစ်လာကြတာ မဟုတ်လား..."ဟု ခါးကုန်းကြီးက ပြော လိုက်ရာ...

ဘွန်ဟောင်းသည် ဟက်ဟက်ပက်ပက်ရယ်မောလေ၏။ ခါးကုန်းကြီးလည်း ဘွန်ဟောင်းရယ်မောနေသည်ကို ဂရုမစိုက်ဘဲ ပြန်၍သွားလေတော့၏။ နေ့ခင်းပိုင်းသို့ရောက်သောအခါ၌ ကျောင်း ပေါ်မှ ဦးပဉ္စင်းငါးပါးသည် ကျောင်းအောက်သို့ဆင်းကာ အညောင်း ပြေလမ်းလျှောက်ကြ၏။ အချို့က ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း များ ပြုလုပ်ကြ၏။ ဆရာတော်ကြီးမှာမူ ၎င်း၏တပည့်များ ပြုလုပ် နေသည်ကို ခုံဝိုင်းကလေးပေါ်၌ ထိုင်၍ ကြည့်ရှုနေလေ၏။

ထိုအချိန်၌ ခါးကုန်းကြီးသည် လွန်စွာမှ ကြီးမားသော လေးကြီး နှင့် မြားကျည်တောက်ကိုယူ၍ ပစ်မှတ်စက်ဝိုင်းကို လေ့ကျင့်သော အားဖြင့် လေးဖြင့် ပစ်ခွင်းနေလေ၏။ စက်ဝိုင်းမှာ လွန်စွာသေးငယ် ၏။ ထိုသေးငယ်သောစက်ဝိုင်းအတွင်း၌ လိမ္မော်သီးအရွယ်ခန့် စက်ဝိုင်းကလေးတစ်ခုကို အလယ်ကောင်တည့်တည့်၌ ရေးခြယ်ထား လေ၏။ ရေးထားသော အရောင်မှာလည်း လိမ္မော်ရောင်ဖြစ်ပေ၏။



ခါးကုန်းကြီးသည် ထိုလိမ္မော်ရောင်စက်ဝိုင်းလေးအား အချက်တိုင်း ထိမှန်အောင် ပစ်ခတ်နိုင်လေ၏။

ထို့ကြောင့် ဘွန်ဟောင်းက...

"ဆရာကြီး... ကျုပ်တို့ ခါးကုန်းကြီးက တယ်ဟုတ်ပါလားဗျာ...၊ လေးပစ်တယ်ပြီး တည့်ပါလား..."ဟု မေးလိုက်လေ၏။

ထိုသို့မေးသံကို ဆရာတော်ကြီးလည်း ကြား၍သွားလေ၏။

ဆရာတော်ကြီးက...

"သင်တို့သည် ငါ၏ကပ္ပိယကြီး လေးပစ်အစွမ်းထက်ပုံကို ဆက် လက်၍ ကြည့်ရပေဦးမည်..."ဟု မိန့်တော်မူလိုက်လေ၏။

ထို့နောက် ဦးပဉ္စင်းတစ်ပါးက ဝေးလံသောနေရာတွင် ဖယောင်း တိုင်လေးတစ်တိုင်စိုက်ထူ၍ ပေးလေ၏။ ခါးကုန်းကြီးသည် လေးနှင့် မြားကို အဆင်သင့်ကိုင်၍ ထိုဖယောင်းတိုင်အား သေချာစွာ စိုက်၍ ကြည့်ပြီးလျှင် ဦးပဉ္စင်းတစ်ယီးအား ဦးခေါင်းကိုညွှတ်၍ အရိုအသေ ပြုလိုက်လေ၏။ ထိုအခါ၌ ဦးပဉ္စင်းသည် ကပ္ပိယကြီးထံသို့လာပြီးလျှင် ကပ္ပိယကြီး၏မျက်လုံးများကို အဝတ်စည်းလိုက်လေ၏။ ကပ္ပိယကြီး လည်း မျက်လုံးကို အဝတ်စည်းပြီးသောအခါ၌ စောစောက ကြည့်ရှု ခဲ့သော ဖယောင်းတိုင်လေးအား အာရုံပြု၍ ချိန်ရွယ်လိုက်လေ၏။ ထို့နောက် မြားကို ပစ်လွှတ်လိုက်လေ၏။ မြားသည် ဝှီခနဲမြည်၍ ထွက်သွားပြီးလျှင် ဖယောင်းတိုင်လေးအား ထက်ပိုင်းပြတ်သွားစေရုံ မျှမက ပစ်မှတ်၏အလယ်တည့်တည့်တွင်ရှိသော လိမ္မော်ရောင်စက် ဝိုင်းလေး၌လည်း သွား၍စိုက်လေတော့၏။ ဘွန်ဟောင်းနှင့် စနေ မောင်မောင်လည်း လက်ခုပ်တီးပြီး ဩဘာပေးကြလေ၏။

ထိုအခါ ဆရာတော်ကြီးက...

"သင်တို့ မြင်ကြပြီ မဟုတ်လော..."ဟု မေးလေရာ...

ဘွန်ဟောင်းက လက်အုပ်ချီ၍...

"မြင်ပါပြီ ဘုရား...'ဟု လျှောက်ထားလိုက်လေ၏။

စနေမောင်မောင်ကမူ တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ ပြုံးလိုက် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆရာတော်ကြီးက...

"သိမ်းစွန်၏မျက်လုံးရှိသော ဒကာကြီး...၊ မည်သည့်အတွက်ကြောင့် ပြုံးရယ်သနည်း..."ဟု မေးလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က လက်အုပ်ချီ၍...

"ဆရာတော်ကြီးရဲ့ ကပ္ပိယကြီးက... ဆရာတော်ရဲ့ကျောင်းကို လေးနဲ့ မှန်အောင်ပစ်နိုင်ပါ့မလားလို့... စဉ်းစားမိလို့ ပြုံးမိတာပါဘုရား..."ဟု လျှောက်ထားလေ၏။

"သင်... မည်သို့ပြောဆိုသနည်း...၊ သေးငယ်သော ဖယောင်းတိုင်ကိုပင် ပစ်နိုင်စွမ်းသည်ကို သင်... မမြင်သလော..."ဟု ဆရာတော်ကြီးက ပြန်၍ မေးလိုက်လေ၏။

"တပည့်တော်ကတော့... ဆရာတော်ကြီးကျောင်းကို လေးနှင့်မှန်အောင် မပစ်နိုင်ဘူးလို့ ထင်တာပဲဘုရား..."ဟု စနေမောင်မောင်က ပြန်၍ လျှောက်ထားရာ...

"အို... သိမ်းစွန်မျက်လုံးရှိသော ကာကြီး... သင်သည် ထူးဆန်းသောစကားကို ဆိုပေစွ...၊ မည်သည့်အကြောင်းကြောင့် ဤသို့ဆိုသည်ကို ငါလဲမသိ..."ဟု ဆိုကာ ဆရာတော်သည် ခါးကုန်းကြီးဘက်သို့ လှည့်ကာ...

"ဟယ်... မြေကြီးကို အစဉ်သဖြင့် ကြည့်ရှုနေသော လေးသမားကပ္ပိယ... လာစမ်း..."ဟု ခေါ်လိုက်ရာ...

ခါးကုန်းကြီးလည်း ဆရာတော်အနီးသို့ လက်အုပ်ချီလျက် လာလေ၏။ အနီးသို့ရောက်သောအခါ၌...

ဆရာတော်က...

"အသင့်ကို... ဟောဒီ သိမ်းစွန်မျက်လုံးရှိတဲ့ တကာကြီးက အသင့်အား ငါ၏ကျောင်းကြီးကို လေးဖြင့်မှန်အောင် မပစ်နိုင်ဟု စွပ်ဆိုပြောဆိုနေသည်..."ဟု ပြောလိုက်လျှင်...

ခါးကုန်းကြီးလည်း လွန်စွာစိတ်ဆိုး၍...

"ဒေးပြတွေကိုကြောက်ပြီး... ရှူးသွပ်လာသူ ဖြစ်ပါလိမ့်မယ်ဘုရား...၊ တပည့်တော်က... ဒါလောက်ကြီးတဲ့ ကျောင်းကြီးကို





ဘာကြောင့်မှန်အောင် မပစ်နိုင်ရမှာတုန်း..."ဟုဆိုကာ ကျောင်းဘက်သို့မကြည့်ဘဲနှင့်ပင် မြားတစ်စင်းကို ဗိုခနဲ ပစ်လွှတ်လိုက်လေ၏။

မြားတံသည် ကျောင်း၏သစ်သားနံရံကြီးအား ဒေါက်ခနဲ စိုက်လေတော့၏။

ထို့ကြောင့် ဆရာတော်က စနေမောင်မောင်အား...

"ဒကာကြီး... မြင်ပြီလား..."ဟု မေးလိုက်လေ၏။

စနေမောင်မောင်ကလည်း...

"မြင်ပါတယ် ဘုရား...၊ ကျောင်းကိုမမှန်ပါဘူး...၊ သစ်သားထရံကို မှန်တာပါ..."ဟု ပြောလိုက်လေ၏။

ထိုအခါ ခါးကုန်းကြီးလည်း နောက်ထပ် မြားတစ်စင်းကို ဗိုခနဲ လွှတ်ပြန်သည်။ မြားတံသည် ကျောင်း၏သစ်သားခေါင်မိုးအား ဒေါက်ခနဲ သွား၍စိုက်လေ၏။

ဆရာတော်ကြီးလည်း စနေမောင်မောင်အား ကြည့်လိုက်လေ၏။

"သစ်သားခေါင်မိုးကို မှန်တာပါဘုရား...၊ ကျောင်းကိုမှန်တာမဟုတ်ပါဘူး..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ခါးကုန်းကြီးက နောက်ထပ်မြားတစ်စင်းပစ်လွှတ်လိုက်ပြန်၏။ တံခါးအဝင်ဝမှ တိုင်ကြီးကို ဒေါက်ခနဲ သွားရောက်၍ ထိမှန်လေ၏။

"တိုင်ကြီးကို မှန်တာပါဘုရား...၊ ကျောင်းကိုမှန်တာမဟုတ်ပါဘူး..."ဟု စနေမောင်မောင်က ပြောပြန်လေ၏။

ခါးကုန်းကြီးက နောက်ထပ်မြားတစ်စင်း ပစ်လွှတ်ပြန်၏။ ထိုမြားတံသည် ပြတင်းပေါက်မှဝင်၍ ကျောင်း၏မျက်နှာကျက်ကို ထိမှန်ပြန်လေ၏။

"မျက်နှာကျက်ကို မှန်တာပါဘုရား...၊ ကျောင်းကိုမှန်တာမဟုတ်ပါဘူး..."ဟု စနေမောင်မောင်က ပြောပြန်လေ၏။

ထိုအခါ ဆရာတော်ကြီးက...

"သိမ်းစွန်၏မျက်လုံးပိုင်ရှင် ဒကာကြီး... သင်မှန်ပေသည်...၊ အမှန်စင်စစ်အားဖြင့် ကျောင်းမရှိချေ...၊ အကာ၊ အမိုး၊ အခင်း၊ တိုင်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကျက် စသည်တို့သာလျှင် ရှိ၏။ ထိုအရာတို့ကို စုပေါင်း၍ ကျောင်းဟု ခေါ်ဆိုနေခြင်းဖြစ်၏။ ထိုအရာတို့သာလျှင် ရှိ၏၊ ကျောင်းကား မရှိချေ…”ဟု မိန့်တော်မူလေ၏။

“ထိုအရာများလဲ… မရှိပါဘုရား…”ဟု စနေမောင်မောင်က လျှောက်ထားလိုက်လေ၏။

“ထိုအရာတို့ အဘယ်ကြောင့် မရှိသနည်း…”ဟု ဆရာတော်က မေးလေ၏။

“အရှင်ဘုရားရဲ့ ကပ္ပိယကြီးကို ကျောင်းရဲ့အကာကို မြားနဲ့ပစ် ခိုင်းကြည့်ပါဘုရား…”ဟု စနေမောင်မောင်က လျှောက်ထားလိုက် လျှင်…

ကပ္ပိယကြီးလည်း မြားဖြင့် ကျောင်း၏အကာကို ပစ်လိုက်လေ ၏။ မြားတံသည် ကျောင်းအကာကို ဒေါက်ခနဲ သွား၍စိုက်လေ၏။

ထိုအခါ စနေမောင်မောင်က…

“ကျောင်းအကာကို မမှန်ပါဘူးဘုရား…၊ သစ်သားတစ်ချောင်း ကိုမှန်တာပါ…၊ မျက်နှာကျက်ကို ပစ်ခိုင်းကြည့်ပါဦးဘုရား…”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ကပ္ပိယကြီးလည်း မြားတစ်ချောင်းပစ်လွှတ်လိုက်ရာ မြားတံ သည် ပြတင်းပေါက်မှဝင်ပြီး အတွင်းဘက်မျက်နှာကျက်ကို ဒေါက်ခနဲ စိုက်လေ၏။

“မျက်နှာကျက်ကို မမှန်ပါဘုရား…၊ သစ်သားတစ်ချောင်းကို မှန်တာပါဘုရား…”ဟု ပြောလိုက်လျှင်…

ဆရာတော်ကြီးလည်း မျက်လုံးပေါက်လေးကျဉ်းသွားသည် အထိ ပြုံးရယ်ကာ…

“သိမ်းစွန်၏မျက်လုံးရှိသော ဒကာကြီး…၊ သင့်စကားမှန်ပေ၏၊ အမှန်စင်စစ် အကာလဲမရှိ၊ အခင်းလဲမရှိ၊ သစ်သားများသာ ရှိပေ သည်…”ဟု မိန့်တော်မူလိုက်လေ၏။

“သစ်သားများလဲ မရှိပါဘုရား…”ဟု စနေမောင်မောင်က လျှောက်ထားလိုက်ပြန်၏။





“သစ်သားများမရှိလျှင်… ဘယ်အရာများ ရှိသနည်း…”ဟု မေး ပြန်လေ၏။

ထိုသို့မေးပြီးနောက် ဆရာတော်ကြီးသည် ပြုံးရယ်ကာ…

“သြော်… သြော်… မှန်ပေသည်…၊ သစ်သားများလဲမရှိဘဲကိုး၊ ဓာတ်များသာ ရှိပေသည်…”ဟု မိန့်တော်မူလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က…

“ဓာတ်များလဲ မရှိပါဘုရား…၊ ဓာတ်တစ်ခုဟာ အခြားဓာတ် တစ်ခုကို တည်မှီပြီးမှသာ နေနိုင်ပါတယ်…၊ ဒါကြောင့် တကယ့် သဘောမှာ ဓာတ်လဲမရှိပါဘုရား၊ ဖြစ်ခြင်းနဲ့ပျက်ခြင်းဆိုတဲ့ သဘောပဲ ရှိပါတယ်…”ဟု စနေမောင်မောင်က ပြောလိုက်ရာ…

“အလွန်မှန်ပေသည် ဒကာကြီး…၊ ဖြစ်ခြင်းနဲ့ပျက်ခြင်းသာ ရှိပေ တာကိုး…”ဟု မိန့်တော်မူပြန်၏။

“ဆရာတော်ကြီးဘုရား…၊ ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ သဘောက မဖြစ်ခြင်း၊ မပျက်ခြင်းနဲ့ ရောပြွန်းနေပါတယ်ဘုရား…၊ ဒါကြောင့် မဖြစ်မပျက်ဘဲ ရှိပါတယ်ဘုရား…”ဟု စနေမောင်မောင်က ပြော လိုက်လျှင်…

ဆရာတော်ကြီး…

“အိုး… အိုး… မဖြစ်မပျက်၊ မအိုမနာ၊ မမွေးမသေ ဆိုတာကို ငါမြင်ပြီ…၊ ကျေးဇူးကြီးလှသော သိမ်းစွန်၏မျက်လုံးပိုင်ရှင် ဒကာကြီး၊ သင်သည် ငါနှစ်ပေါင်းများစွာ ရှာနေသောအရာကို ငါ့အား လက် ဆောင်ပေးလိုက်ပြီ…၊ သင်ကား ငါ့အား… ဤစကားကိုဆိုရန်အတွက် ဒေဝတာတို့သည် စေလွှတ်လိုက်ပေသလော…၊ နေရာတိုင်း၌ မအို မနာမသေတို့ ရှိနေပြီကော…၊ ငါ… မြင်ပြီ၊ ငါ… သိပြီ၊ ကောင်းစွာ ငါ… ရောက်ပြီ၊ တစ်ခုတည်း၌ သေခြင်းနှင့် မသေခြင်းသည် ပေါင်း စပ်နေပြီတကား…၊ သင့်အား ငါသည် ကောင်းစွာ ကျေးဇူးပြုရအံ့…”

ဟု မိန့်တော်မူပြီးလျှင်…

ဆရာတော်ကြီးသည် တုံးကိုခေါက်၍ ဦးပဉ္ဇင်းများကို စုဝေးစေ ကာ ပျားရည်၊ နို့၊ ဆီ အစရှိသော အရသာရှိသည့် အရာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မုန့်များပြုလုပ်စေပြီးလျှင်...

"တပည့်တို့... ဒီနေ့ဟာ နေ့ထူးနေ့မြတ်ဖြစ်တယ်...၊ မီးပုံးများကို ထွန်းညှိလော့...၊ ကျောင်းဝင်းပတ်ပတ်လည်၌ မီးများလင်းစေလော့...၊ သင်တို့သိမ်းဆည်းထားသော မီးပုံးပျံများကို လွှတ်လော့...၊ သင်တို့လဲ ဝိနည်းနှင့်ညီသော အဖျော်ရည်တို့ကို သောက်ကြလော့...၊ ဒီဒကာကြီးနှစ်ဦးနှင့် ငါ၏ကပ္ပိယကြီးကိုလဲ ချိုမြိန်သောမုန့်များကို ပေးကြလော့...၊ ငါသည် ဖုံးကွယ်ထားသောအရာကို တွေ့မြင်ပေပြီ၊ အုန်းမောင်း၊ ခေါင်းလောင်း၊ ကြေးဝိုင်းတို့ကို တီးကြလော့...၊ အမွှေးနံ့သာဖြင့် ဘုရားရှင်အား ပူဇော်ကြကုန်လော့...၊ ငါလည်း ပူဇော်မည်"ဟု မိန့်တော်မူလိုက်လေတော့၏။

ထို့နောက် ဆရာတော်ကြီးသည် ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်း၊ ကရုဏာဖြစ်ခြင်းတို့ဖြင့် ရောပြွန်းထားသော မျက်လုံးများဖြင့် စနေမောင်မောင်အား ကြည့်၍...

"သင်သည် မည်သည့်ဘာသာဝင်ဖြစ်သနည်း..."ဟု မေးလိုက်လေ၏။

"တပည့်တော် ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ပါသည်ဘုရား..." ဟု စနေမောင်မောင်က လျှောက်ထားလိုက်လေ၏။

"သင်၏ဆရာ မည်သူဖြစ်သနည်း..."ဟု ဆရာတော်ကြီးက မေးပြန်လေ၏။

"တပည့်တော်က လယ်တီဆရာတော်ဘုရားရဲ့ ကျမ်းစာများကိုလဲ ဖတ်ပါတယ်...၊ ထိုဆရာတော်ရဲ့ တရားများကိုလဲ မကြာခဏ နာကြားရပါတယ်...၊ ဒါကြောင့် တပည့်တော်ရဲ့ ဆရာဟာ 'လယ်တီဆရာတော်ဘုရား'လို့ ဆိုနိုင်ပါတယ်..."ဟု စနေမောင်မောင်က လျှောက်ထားလိုက်လေ၏။

"သင်သည်... ဆရာကောင်းတပည့်ဖြစ်၍ ပန်းကောင်းကို ပန်နိုင်ပေသည်...၊ သင့်ဆရာတော်၏ အဆိုအမိန့်များအနက် သင်အနှစ်သက်ဆုံးစကားတစ်ခုကို ငါ့အား ပြောမပြနိုင်ဘူးလား..."ဟု ဆရာတော်ကြီးက မေးနေလေ၏။





"ဆရာတော်ရဲ့ အဆိုအမိန့်များ၊ ဟောပြောချက်များဟာ အလွန်ပဲ များပြားပါတယ်..."ဟု စနေမောင်မောင်က လျှောက်ထားလျှင်...

ဆရာတော်ကြီးက...

"ငါ့အား ပြောပြပါလော့..."ဟု မိန့်တော်မူလေ၏။

ထိုအခါ စနေမောင်မောင်သည် လယ်တီဆရာတော်ဘုရား၏ မြောက်များစွာသော အဆိုအမိန့်များအနက်မှ မှတ်မိသမျှကို ရွတ်ဆိုပြလိုက်ရာ ဆရာတော်ကြီးသည် မြန်မာပြည်ဘက်သို့ ရည်မှန်း၍ လက်အုပ်ချီကာ...

"သင်၏ဆရာတော်သည် လွန်စွာ ဉာဏ်ပညာကြီးမားပါပေသည်...၊ ထိုဉာဏ်တော်အား ငါသည် ရှိခိုးပေအံ့..."ဟု ပြောဆို၍ ကန်တော့လေ၏။

ထို့နောက် ဆရာတော်ကြီးက...

"သင်သည်... ပိတ်ထားသော ငါ၏ဉာဏ်တံခါးကို သော့ဖွင့်၍ ပေးခဲ့ပါပြီ...၊ သင်ကိုယ်တိုင်ရော ဉာဏ်တံခါးပွင့်ပါပြီလော..."ဟု မေးလိုက်လေ၏။

"တပည့်တော် ဝန်ခံပါတယ်ဘုရား...၊ တပည့်တော် ကျမ်းစာများကို ဖတ်ရုံသာ ဖတ်ထားခဲ့ပါသည်။ တပည့်တော်ကိုယ်တိုင် ဉာဏ်မဖြစ်သေးပါဘုရား..."ဟု စနေမောင်မောင်က လျှောက်ထားလိုက်လေ၏။

"တကယ့်ပျားရည်သည် ချို၏။ စာအားဖြင့် ရေးထားသော ပျားရည်ဆိုသည့် စာလုံးအား အကြိမ်တစ်ထောင်မျှ လျှာဖြင့်လျက်သော်လည်း ချိုသောအရသာကို သင်တွေ့ရမည်မဟုတ်ပေ...၊ ထို့ကြောင့် တကယ့်ပျားရည်ကိုသာ လျှာဖြင့် လျက်သင့်ပေသည်..."ဟု မိန့်တော်မူကာ ဆရာတော်ကြီးသည် ကျောင်းပေါ်သို့ ကြွသွားလေတော့၏။

ထိုနေ့ညနေပိုင်းတွင် ကျောင်းဝင်းတစ်ခုလုံး၌ ရောင်စုံမီးပုံးများ ထွန်းညှိထား၏။ မြင့်မားသော တိုင်ကြီးများပေါ်၌လည်း ရောင်စုံမီးပုံးကြီးများ ချိတ်ဆွဲထား၏။ အုန်းမောင်း၊ ကြေးစည်ခေါင်းလောင်းသံများလည်း ဆူညံစွာ ထွက်ပေါ်နေ၏။ အမွှေးတိုင်တို့၏။ ရနံ့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပျံ့လွင့်နေ၏။ အခါတိုင်း၌ ဆန်ပြုတ်ကိုသာလျှင် ပြုတ်ရသော စားဖိုဆောင်၌လည်း မုန့်ကြော်နံ့များ လှိုင်၍နေ၏။ ဦးပဉ္ဇင်းကလေးများလည်း ပျော်ရွှင်၍နေကြလေ၏။ ခါးကုန်းကြီးလည်း ကခုန်၍နေ၏။ ဘွန်ဟောင်းလည်း ဦးပဉ္ဇင်းများကိုကူညီ၍ မုန့်များကြော်ပေးနေ၏။ စနေမောင်မောင့်ကိုယ်တိုင်လည်း ဆရာတော်ကြီး၏ ဘုရားဆောင်တွင် ဘုရားဝတ်ပြုနေ၏။

ထိုနေ့ကား ဝါဆိုလဆန်း(၁၀)ရက်နေ့ဖြစ်၏။ သက္ကရာဇ်အားဖြင့် ၁၃၀၁ ဖြစ်၏။ ခရစ်အားဖြင့် ၁၉၃၉ ခု၊ ဇွန်လ ၂၅ ရက်၊ တနင်္ဂနွေနေ့ ဖြစ်လေသတည်း။





# ပိုနဲ့ရေးပြီး ရှင်းပြမှဖြစ်မယ်

နောက်တစ်နေ့နံနက်တွင် စနေမောင်မောင်သည် ခါးကုန်းကြီးနှင့် လမ်းလျှောက်ရင်း စကားပြောနေလေ၏။

စနေမောင်မောင်က ခါးကုန်းကြီးအား...

"အသင်ခါးကုန်းကြီး... ညအခါမှာ ဘိန်းရှုလေ့ရှိသည်ဟုတ်လော..."ဟု မေးလိုက်လေ၏။

"သင်... မည်သို့သိသနည်း..."ဟု ခါးကုန်းကြီးက ပြန်၍မေးလိုက်လေ၏။

"ညဘက်၌တွင် သင်၏အိပ်ခန်းကို ကျွန်ုပ်လာ၍ ချောင်းကြည့်၍သိသည်..."ဟု စနေမောင်မောင်က ပြောဆို၍...

"ရော့... သင်အတွက် ဘိန်း..."ဟုဆိုကာ ဘိန်းအချို့ကို လက်ဆောင်ပေးလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်...၊ ဆရာတော်ကို အသိမပေးဖို့လဲ တောင်းပန်ပါတယ်..."ဟု ခါးကုန်းကြီးက ပြောလေ၏။

"စိတ်ချပါ...၊ မပြောပါဘူး...၊ ဒါပေမယ့် ကျုပ်ကို မိတ်ဆွေလို သဘောထားရင်တော့... ဒါလောက်ခေါင်တဲ့ တောကြီးမြက်မည်းအတွင်းမှာ... သင့်အတွက် ဘိန်းကို ဘယ်လိုရတယ်ဆိုတာ ကျုပ်ကို ပြောပြပါ..."ဟု စနေမောင်မောင်က ဆိုလေ၏။

"မကြာခင်... သင်တွေ့ရမှာ...၊ ဒီရက်ဟာ ကျုပ်အတွက် စေတမန်ရောက်ရမယ့်ရက်ပ..."ဟု ပြောဆိုကာ...

ခါးကုန်းကြီးသည် စနေမောင်မောင်အား ~~သာလက်တို့၍ တောင်စောင်းတစ်ခုသို့ ခေါ်၍သွားလေတော့၏။

စနေမောင်မောင်နှင့် ခါးကုန်းကြီးတို့သည် တောင်စောင်းပေါ်ရှိ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်၍နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ၌ပင် ကောင်းကင်၌ လင်းယုန်ငှက်ကြီးတစ်ကော ဝဲ၍နေပြီးလျှင် အောက်သို့ထိုးဆင်းလာလေရာ...

ခါးကုန်းကြီးက...

"စေတမန်ကြီးလာပြီ..."ဟု ပြောဆိုကာ...

လင်းယုန်ငှက်ကြီးအား သွားရောက်ပွေ့ချီခဲ့ပြီးလျှင် လင်းယု ငှက်ကြီး၏ကိုယ်၌ သားရေခါးပတ်ဖြင့် ပတ်၍ချည်နှောင်ထားသော အထုပ်နှင့်စာကို ဖြုတ်ယူ၍ ခါးပတ်ကို ဝှက်လိုက်လေ၏။

ထို့နောက်... ခါးကုန်းကြီးက...

"ဟော့ဒါက... ကျုပ်အတွက် နှစ်လစာ 'အာဖျန်'၊ ဟောဒါက စာ..."ဟုပြောဆိုကာ စာကိုဖြန့်၍ ဖတ်လေတော့၏။

"စာထဲမှာ ဘာတွေပါသလဲ..."ဟု စနေမောင်မောင်က မေ လိုက်လေ၏။

"ကျုပ်ရဲ့ညီက ရေးလိုက်တာ...၊ သူ့ရဲ့ရန်သူဟာ အိမ်မီးလော သွားပြီတဲ့...၊ သူတို့မိသားစုအားလုံး ကျန်းမာတယ်လို့လဲ ပါတယ်..." ဟု ခါးကုန်းကြီးက ပြောပြလျှင်...

စနေမောင်မောင်က...

"သင်ဟာ... ရာဇဝတ်မှုနဲ့ ဝရမ်းပြေးနေတဲ့သူ ဖြစ်လိမ့်မယ်..." ဟု ပြောလိုက်ရာ...

"သင်ဟာ... ဆရာတော်ကြီးပြောသလိုပဲ၊ သင်ရဲ့မျက်လုံးဟာ သိမ်းငှက်ရဲ့မျက်လုံးနဲ့ တူသလို၊ သင်ဟာ သိမ်းငှက်တစ်ကောင်လို ဉာ နပ်လွန်းတယ်... အမှန်ပဲ၊ ငါဟာ... ဝရမ်းပြေးတစ်ယောက်ဖြစ်တယ် ငါ့ညီရဲ့... ရန်သူတစ်ယောက်ကိုသတ်ပြီး ငါ... ဒီကိုရောက်နေတာ နှစ်ပေါင်း(၂၀)ရှိပြီ...၊ ငါ့ညီနဲ့ငါ ဒီလိုပဲ ဆက်သွယ်နေကြတာ... ဘယ်သူမှ မသိကြဘူး...၊ ပုလိပ်ဟာ ငါ ဒီမှာရှိမယ်ဆိုတာ သိရင် လာပြီးဖမ်းကြမှာ မဟုတ်ပါဘူး...၊ ငါ့ရဲ့ညီက မန္တလေးမှာ နေတယ် ကုန်စုံဆိုင်ပိုင်ရှင်တစ်ယောက်ပဲ...၊ 'လျှောင်မီး'လို့ ခေါ်တယ်..."ဟု ခါးကုန်းကြီးက ပြောလေ၏။

"သိပ်ပြီး... ဟန်ကျတာပဲဗျာ၊ မန္တလေးမှာ ကျုပ်တို့ငှားထားတဲ့





အိမ်တစ်အိမ်ရှိတယ်...၊ အခုလောက်ဆိုရင် ကျုပ်ရဲ့လူတစ်ယောက် ဟာ အဲဒီကို ရောက်နေလောက်ပြီ...၊ အဲဒီလူရဲ့နာမည်က 'ကိုအောင် ထွန်း'လို့ခေါ်တယ်...၊ တုလွတ်ရန်အောင်ရပ်က နှစ်ဆောင်ပြိုင်အိမ် ကြီးမှာ သင်၏ညီကို စာရေးပြီး ကိုအောင်ထွန်းနဲ့ ဆက်သွယ်ပေးပါ၊ ကိုအောင်ထွန်းဆီကို ကျုပ်စာတစ်စောင်ပို့ချင်တယ်...၊ သင်၏ညီ လျှောင်မီးကို ပို့ခိုင်းပေးပါ...၊ သင်၏စေတမန်ကြီးဟာ ကျွန်ုပ်အတွက် အဖိုးတန်တဲ့ စေတမန်ကြီးဖြစ်ပါစေ..."ဟု စနေမောင်မောင်က ပြော လိုက်လေ၏။

"သင့်အတွက် ကျွန်ုပ်တာဝန်ထားပါ...၊ ဟောဒီစာရွက်မှာ စာ ရေးပါ..."ဟု ပြောဆိုကာ ခါးကုန်းကြီးသည် ဆီစိမ်စက္ကူတစ်ရွက်နှင့် ခဲတံတိုကလေး တစ်ချောင်းကို ပေးလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦး ကျောင်းသို့ပြန်လာ၏။ ခါးကုန်းကြီး သည် လင်းယုန်ကြီးအား သူ၏အခန်းသို့ ယူသွားပြီးလျှင် အစာရေစာ များ တိုက်ကျွေးလေ၏။ ထိုအစာရေစာများထဲတွင် ဘိန်းရည်လည်း ပါဝင်လေ၏။

စနေမောင်မောင်သည် ညသို့ရောက်သောအခါ ဆီစိမ်စက္ကူ၌ သေးငယ်သောလက်ရေးဖြင့် စာတစ်စောင်ရေး၍ ခါးကုန်းကြီးအား ပေးထားလိုက်လေ၏။

ထိုသို့ပေးပြီး နှစ်ရက်ခန့်ကြာသောအခါ၌ ခါးကုန်းကြီးက စနေ မောင်မောင်အား...

"စေတမန်ကြီး... ပြန်သွားပြီ..."ဟု ပြောလေ၏။

စနေမောင်မောင်တို့လည်း ထိုနေရာ၌ ဆက်လက်နေထိုင်ကြ လေ၏။ ဘွန်ဟောင်းသည် ကျောင်း၏သန့်ရှင်းရေးကို နေ့တိုင်းပြုလုပ် လေ၏။ စနေမောင်မောင်ကမူ မြေနီနှင့် သစ်ပင်တစ်မျိုးမှထွက်သော အဆီတစ်မျိုးကိုကျို၍ ကျောင်းကြီးတစ်ကျောင်းလုံးကို ဆေးများသုတ် ပေးလေ၏။ ကျောင်းမှ ဦးပဉ္စင်းများသည် သူတို့၏ကျောင်းကြီး လှပ သွားသည့်အတွက် အလွန်သဘောကျ၍ နေလေ၏။

ဆရာတော်ကြီးကမူ...



www.burmeseclassic.com

www.burmeseclassic.com



"တကာကြီးတို့... အင်တို့၏စေတနမျာသည် ကံတရာများပင်ဖြစ်၏။ အနီရောင်ကိုပဲသုတ်သုတ်၊ အနက်ရောင်ကိုပဲသုတ်သုတ်၊ ကောင်းစေလိုသောစေတနာများက သင်တို့၏ကံတရားကို လှပသောအရောင်အသွေးများ ခြယ်မှုန်းပေးလိမ့်မည်..."ဟု ပြောလေ၏။

ရက်ပေါင်း(၆၀)ခန့် ကြာသောအခါ၌ ခါးကုန်းကြီးသည် တောင်စောင်းပေါ်သို့သွားရောက်၍ စေတမန်ကြီးကို ကြိုဆိုခဲ့ပြီးလျှင် စနေမောင်မောင်အား ဆိစိမ်စက္ကူခေါက်ကလေးတစ်ခုကို ပေးလိုက်လေ၏။

စနေမောင်မောင်လည်း အခန်းတွင်းသို့ဝင်ကာ ထိုစာခေါက်ကလေးကို ဖတ်ရှုလေတော့၏။

ထိုအခါ ဘွန်ဟောင်းက...

"ဘာစာလဲ ဆရာကြီး..."ဟု မေးလေ၏။

"ငါ့ရဲ့ မိတ်ဆွေကြီး ကိုအောင်ထွန်းဆီကစာ..."ဟု စနေမောင်မောင်က ပြောလျှင်...

ဘွန်ဟောင်းက...

"ဒီလောက်တောနက်ကြီးထဲကို ဘယ်က ပို့စမင်းက စာလာပို့မှာလဲ ဆရာကြီးရ...၊ ပြီးတော့... မြန်မာပြည်ထဲမှာလဲ မဟုတ်ဘူး..."ဟု ပြောလေ၏။

"ပို့လို့လဲ ရောက်နေပြီ...၊ ဟောဒီမှာ ဖတ်ကြည့်..."ဟု ဆိုသဖြင့်

ဘွန်ဟောင်းလည်း ထိုစာကိုယူ၍ ဖတ်ကြည့်လေ၏။ ထိုသို့ဖတ်ကြည့်ပြီးနောက်...

"ဒီလူက ဘယ်ကနေ ပို့လိုက်တာလဲ..."ဟု မေးလေ၏။

"မန္တလေး... ငါတို့နေတဲ့အိမ်ကြီးကနေ ပို့လိုက်တာ...၊ သူက ငါ့ရဲ့လူယုံတော်တစ်ယောက်ပဲ...၊ ငါတို့ခရီးထွက်သွားရင် အဲဒီမှာလာပြီးနေဖို့ ငါက အကြောင်းကြားထားတဲ့လူပဲ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"နေပါဦး... ဆရာကြီးရဲ့...၊ သူစာကလဲ ပဟေဠိပုံပြင်လိုပဲ...၊ ရှုပ်လှချည်လား...၊ အစ်မတော်လဲပါရဲ့...၊ မြနန်းနွယ်ဆိုတာလဲပါရဲ့...၊ လူပုကလေးရော... ဘာတွေလဲဗျ..."ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။





ထိုအခါ စနေမောင်မောင်သည် ဝင်းဘာသာ ဆေးတံဆေးဘူးမှ ဆေးများကို စက္ကူဖြင့်လိပ်ထားသော စီးကရက်လေးတစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာပြီး အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ဒီလို ဘွန်ဟောင်းရ...၊ ရွှေသေတ္တာကြီးကို တကယ်ပိုင်ဆိုင်ခွင့်ရှိတဲ့လူက... အစ်မတော်ဆိုတဲ့ အမျိုးသမီးရဲ့အဖေဖြစ်တယ်...၊ အဲဒီလူနဲ့ သူ့ရဲ့တပည့်တစ်ဦးကို ဦးလပြည့်ဆိုတဲ့လူက သတ်ပစ်ပြီး ရွှေသေတ္တာကြီးကို ယူသွားတာ အဲဒီ ဦးလပြည့်ဆိုတာက မြနန်းနွယ်နဲ့ ရွှေနန်းနွယ်တို့ရဲ့ အဖေဖြစ်တယ်...၊ သူဟာ မြွေဆိုးမြွေဟောက်တွေ ရဲ့ခေါင်းဆောင်လဲဖြစ်တယ်...၊ အဲဒီတော့ အစ်မတော်ရဲ့ ဖခင်နဲ့အတူ အသတ်ခံသွားရတဲ့ လူတစ်ယောက်ရှိတယ်လို့ ဆိုတယ်မဟုတ်လား၊ အဲဒီမှာက... သားနှစ်ယောက်ရှိတယ်...၊ သားအကြီးက ဖခင်ကိုသတ်ခဲ့တဲ့ ဦးလပြည့်ကို စုံစမ်းပြီးလိုက်ချောင်းနေတာ... ဦးလပြည့်ရဲ့သမီးတွေဖြစ်တဲ့ မြနန်းနွယ်နဲ့ ရွှေနန်းနွယ်တို့က ရိပ်မိပြီး အဲဒီကောင်ကို သုပ်ကြဲလိုက်ကြတယ်...၊ အဲဒီကောင်ရဲ့ညီဖြစ်တဲ့ မြွေတိုင်းကျောင်းက အစ်ကိုနဲ့အဖေကို သတ်ပစ်လိုက်တဲ့ ရန်သူကို စုံစမ်းနေတာ...၊ အခုတော့ အစ်မတော်က သတင်းပေးလိုက်လို့ ရန်သူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ သိသွားပြီ...၊ မြနန်းနွယ်နဲ့ ရွှေနန်းနွယ်နှစ်ယောက်ရှိတဲ့အနက် ရွှေနန်းနွယ်ဆိုတာက မရှိတော့ဘူး...၊ နှလုံးရောဂါနဲ့ သေသွားရှာပြီ...၊ ငါ့အထင်ပြောရရင် မြွေဆိုးမြွေဟောက်တွေရဲ့ လျှို့ဝှက်တဲ့ဂိုဏ်းချုပ်ဟာ မြနန်းနွယ်ဖြစ်လိမ့်မယ်...၊ မြနန်းနွယ်က သူတို့ဆီက ပျောက်ဆုံးသွားတဲ့ ရွှေသေတ္တာကြီးနောက်ကို သူ့ရဲ့မြွေဆိုးမြွေဟောက်တွေကိုလဲ လိုက်ခိုင်းတယ်...၊ တစ်ကိုယ်တော်လှစွန့်စား မိုးဆွေဆိုတဲ့ကောင်ကိုလဲ သူနည်းသူ့ဟန်နဲ့ လိုက်ခိုင်းတယ်၊ အဲဒီတော့ မိုးဆွေနဲ့အတူ လောဘကြီးတဲ့ လူပုကလေး ဂျိုကာဆိုတာလဲ ပါနေတယ်...၊ ဒါက ရွှေသေတ္တာကြီးနောက်ကို လိုက်နေတဲ့ မြနန်းနွယ်ဘက် စစ်ကြောင်းကို ပြောတာ..."

"တော်တော်ရှုပ်လာပြီ... ဆရာကြီး၊ ကျွန်တော်က ဆရာကြီးနဲ့ ကျွန်တော်နှစ်ယောက်တည်း အဲဒီသေတ္တာနောက်ကို လိုက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်တာ...''ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က မီးခိုးများကို မှုတ်ထုတ်ရင်း...

"ပြီးတော့... ပွင့်ကောင်းဆိုတဲ့ကောင်က သူ့သူငယ်ချင်းကို သတ်ပစ်ခဲ့တဲ့ မြွေဆိုးမြွေဟောက်တွေကို ဖမ်းဆီးဖို့ ဖမ်းဆီးရုံဖမ်းဆီးမှာ မဟုတ်သေးဘူး...၊ မြွေဆိုးမြွေဟောက်တွေရဲ့ သတင်းကို အတိအကျပေးခဲ့တဲ့ အစ်မတော်ဆိုတဲ့မိန်းမ အလိုရှိနေတဲ့ ရွှေသေတ္တာကြီးကိုလဲ သူကရှာပြီး အစ်မတော်ကို ပေးဦးမှာ...၊ သူကလဲ တစ်ကိုယ်တော် လူစွမ်းကောင်း တယောသမားဆိုပဲ...''ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"တယ်ရှုပ်ပါလား...၊ ကျွန်တော်က ဆရာကြီးနဲ့ ကျွန်တော်နှစ်ယောက်တည်းပဲ... ဒီသေတ္တာကြီးနောက်ကို... လိုက်နေကြတာမှတ်တယ်...၊ အခုတော့ မိုးဆွေရယ်...၊ ဟော တယောသမား မောင်ပွင့်ကောင်းရယ်... မနည်းတော့ပါလား...''ဟု ပြောလိုက်လေ၏။

"ဒါနဲ့... မပြီးသေးဘူး...၊ ညကျောင်းဆရာ ဂရုမ္မာကြာရွက်ကလဲ ငါ့ကို စိန်ခေါ်ဖို့ လိုက်ရှာနေတယ်...၊ ငါ့ကို ရှာရုံရှာမှာမဟုတ်ဘူး...၊ သူ့အဖေကို မျက်စိကန်းအောင်လုပ်ခဲ့တဲ့... ငါ့ကို စုံစမ်းပေးတဲ့ အစ်မတော်အတွက် သူကလဲ 'ရွှေသေတ္တာကြီးကိုပါ ရအောင်ယူပြီး အစ်မတော်ကို လက်ဆောင်ပေးဦးမှာ...''ဟု စနေမောင်မောင်က ပြောလိုက်ရာ...

"အလိုလေး... ကျွန်တော်က ဆရာကြီးနဲ့ ကျွန်တော်နှစ်ဦးတည်း ရွှေသေတ္တာနောက်ကို လိုက်နေကြတယ် အောက်မေ့နေတာ...၊ အခုတော့... မိုးဆွေရယ်...၊ လူပုကလေးရယ်...၊ မြွေဆိုးမြွေဟောက်တွေရယ်...၊ မောင်ပညာရယ်...၊ မောင်ပွင့်ကောင်းရယ်...၊ ဂရုမ္မာကြာရွက်ရယ်...၊ အဖွဲ့ကမနည်းပါလား... ဆရာကြီးရယ်၊ ဟား... ဟား...''ဟု ပြောလိုက်လေ၏။

"အေး... ဟုတ်တယ်ကွ၊ မြနန်းနွယ်တို့ဘက်ကနေ ရွှေသေတ္တာကြီးနောက်ကို လိုက်နေတာ...၊ မြွေဆိုးမြွေဟောက်တွေရယ်...၊ မိုးဆွေရယ်...၊ လူပုကလေးရယ်...၊ အစ်မတော်ဘက်က လွှတ်လိုက်တာ





မောင် ပညာရယ်...၊ မောင်ပွင့်ကောင်းရယ်...၊ ဂရုမ္မာကြာရွက်ရယ်...၊ ရွှေသေတ္တာကြီးကို ခိုးယူသွားတာက ဖိုးသူတော် ဦးရယ်မောရယ်...၊ မောင်စံဖိုးရယ်...၊ ပြီးတော့... ရွှေသေတ္တာကြီးနောက်ကို လိုက်နေတာက ငါရယ်...၊ မင်းရယ်...၊ အဲဒီတော့... ဟောဒီဇယားကိုကြည့်တာမှ ပိုရှင်းမယ်...''ဟုဆိုကာ...

စနေမောင်မောင်သည် မြေဖြူဖြင့် ကြမ်းပြင်၌ တစ်ဘက်ပါပုံကြမ်းကို ရေးပြလိုက်လေ၏။ စနေမောင်မောင်သည် ပုံကြမ်းကို ရေးပြီးနောက်... ဘွန်ဟောင်းအား...

"ကဲ... ရှင်းပြီးမဟုတ်လား...၊ ဖိုးသူတော်ကြီးတို့နောက်ကို အဖွဲ့သုံးဖွဲ့က လိုက်နေတယ်...၊ အဲဒီအဖွဲ့သုံးဖွဲ့နောက်ကို လုပ်ကြံဖို့နောက်က အဖွဲ့သုံးဖွဲ့ထပ်ပြီး လိုက်နေတယ်...၊ အဲဒီအထဲမှာ မင်းနဲ့ငါကလွဲရင် ကျန်တဲ့အဖွဲ့တွေဟာ မြနန်းနွယ်နဲ့ အစ်မတော်ဆိုတဲ့မိန်းမက စေလွှတ်လိုက်တဲ့ အဖွဲ့တွေချည်းပဲ...၊ မင်းနဲ့ငါနဲ့ကတော့ အဲဒီအုပ်စုနှစ်ခုစလုံးကို တိုက်ခိုက်ရမှာပဲ...၊ ဒီအထဲမှာ အသက်အန္တရာယ်အနီးဆုံးလူဟာ မင်းနဲ့ငါနဲ့ပဲ ဖြစ်တယ်...''ဟု ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"ခက်တော့တာပဲ...''ဟု ပြောလိုက်လေ၏။

"အေး... ရွှေသေတ္တာကြီးကို တကယ်ရမှာကလဲ မင်းနဲ့ငါပဲ ဖြစ်တယ်...''ဟု စနေမောင်မောင်က ပြောလိုက်ရာ...


ဘွန်ဟောင်းက...

"အဲဒီအချက်ဟာ ကောင်းတဲ့အချက်ပဲ...''ဟု ပြောလိုက်ပြီးလျှင် ဆန်ပြုတ်နဲ့ချဉ်ဖတ်ပန်းကန်ကို ဆွဲယူ၍ မြိန်ယှက်စွာ စားသောက်ကြလေတော့သတည်း...။

www.burmeseclassic.com

www.burmeseclassic.com







# မင်းလေးပါးဆေး

တစ်နေ့သ၌ စနေမောင်မောင်နှင့် ဘိန်းစားဘွန်ဟောင်းတို့သည် ၎င်းတို့၏အဆောင်ကလေး၌ ထိုင်၍နေစဉ် ဘွန်ဟောင်းက…

"ဆရာကြီးရေ…၊ မီးဖိုဆောင်မှာ ထင်းတွေကုန်တော့မယ်ဗျ…၊ ကျွန်တော်သွားပြီး ထင်းတိုက်လိုက်ဦးမယ်…"ဟု ပြောလေ၏။

"အေး… ကောင်းတာပေါ့ကွာ…"ဟု စနေမောင်မောင်က ပြောလျှင်…

ဘွန်ဟောင်းသည် ထင်းခွေရန်ကြိုး၊ ဓားနှင့် ထင်းများကို သယ်ရန်အတွက် စွတ်ဖားကြီးယူ၍ ကျောင်းအပြင်သို့ ထွက်သွားလေ၏။ တောင်ကုန်းသုံးကုန်းကို ဖြတ်ကျော်လေ၏။ ပြီးလျှင် ယမန်နေ့က လေတိုက်၍ ကျိုးကျခဲ့သော သစ်ပင်ကြီးအား ဓားဖြင့် အပိုင်းပိုင်း၊ အထစ်ထစ် ခုတ်ဖြတ်နေလေတော့၏။ ဖြတ်ပြီးသော ထင်းတုံးအချို့ကိုမူ စွတ်ဖားပေါ်၌ ကြိုးဖြင့်တုပ်၍ တင်လေ၏။

ဘွန်ဟောင်းသည် သီချင်းလေးတကြော်ကြော်ဖြင့် အလုပ်လုပ်နေလေ၏။ ထိုအချိန်၌ ဘွန်ဟောင်း၏ရှေ့တည့်တည့် တောအုပ်ဆီမှ မိန်းမတစ်ဦး ငယ်သံပါအောင် အော်လိုက်သောအသံကို ကြားရလေ၏။ ဘွန်ဟောင်းလည်း ဓားကိုကိုင်ပြီး အသံလာရာဆီသို့ ပြေးသွားလေ၏။ တောအုပ်မှာ ထူထပ်လွန်းသဖြင့် ခွေးတစ်ဟောင်ခန့် ခရီးကိုပင် အချိန်အတော်ကြာသည့်တိုင်အောင် ကြိုးစား၍ ပြေးနေရလေ၏။ နောက်ဆုံးတွင် နက်မှောင်လှသော ကျောက်တုံးကြီးတစ်တုံးကို တွေ့သဖြင့် ကျောက်တုံးပေါ်သို့ တွယ်၍တက်ကာ အရှေ့တူရူဆီသို့ မျှော်ကြည့်လိုက်လျှင် ထိတ်လန့်ဖွယ်ရာ အခြင်းအရာကို မြင်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ ယောက်ျားကြီးပေါင်လုံးလောက်ခန့်ရှိသော မြွေကြီးတစ်ကောင်သည် မိန်းမတစ်ဦးအား ရစ်ပတ်နေခြင်းဖြစ်၏။ ဘွန်ဟောင်းလည်း ကျောက်တုံးပေါ်မှဆင်းကာ ထိုနေရာသို့ရောက်အောင် ပြေးသွားပြီးလျှင် အစာကို သဲကြီးမဲကြီးရစ်ပတ်နေသော မြွေကြီးအား ဓားဖြင့် တစ်အားလွှဲပြီး ခုတ်လေတော့၏။ သို့ရာတွင် ဘွန်ဟောင်း၏ဓားချက်များသည် မြွေကြီးအား ထိခိုက်ခြင်းမရှိချေ။ ကျောက်ဘာတုံးကြီးကို ခုတ်ရသကဲ့သို့ ခုတ်လိုက်တိုင်း ဓားသည် ခုန်၍ခုန်၍သွား၏။ တစ်ခါတရံ ဓားသည် လက်မှလွတ်ကာ အဝေးသို့ လွင့်သွားလေ၏။ ဘွန်ဟောင်းသည် ဇွဲရော၊ သတ္တိပါ ကောင်းသူဖြစ်သည့်အားလျော်စွာ လွင့်ထွက်သွားသောဓားကို ပြန်၍ကောက်ကာ ခုတ်မြဲခုတ်လေ၏။ မြွေကြီးမှာ ဘွန်ဟောင်းအား ဂရုမျှပင်မစိုက်ဘဲ မိန်းမအား တရွေ့ရွေ့ရစ်ပတ်မြဲ ရစ်ပတ်နေလေ၏။ မိန်းကလေးသည် ကြောက်လန့်လွန်းသောကြောင့် သတိလစ်မေ့မြောနေပြီဖြစ်၏။ ဘွန်ဟောင်းလည်း မြွေကြီးကို ခုတ်ရထဲရလွန်းသဖြင့် မောဟိုက်နေပြီဖြစ်၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ဘွန်ဟောင်းအနီးသို့ရောက်လာပြီးလျှင်...

"တော်တော်မောနေပြီမှတ်တယ်... ကိုယ့်လူ..."ဟု ပြောလိုက်လေ၏။

"ဟာ ဆရာကြီးပါလား...၊ ကူပါဦးဆရာကြီးရဲ့...၊ မိန်းကလေးသေတော့မယ်...၊ အေးအေးဆေးဆေးလုပ်မနေစမ်းပါနဲ့..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

စနေမောင်မောင်သည် စီးကရက်ကို ပြာခြွေလိုက်ပြီးနောက် ကုတ်အင်္ကျီအတွင်းမှ ပုလင်းကလေးတစ်လုံးကို နှိုက်ယူပြီးလျှင် ဆေးမှုန့်ကလေးတစ်ရွေးသားခန့်ကို လက်ဝါးပေါ်သို့ တင်လိုက်လေ၏။ ထို့နောက် မြွေကြီး၏နှာပေါက်တည့်တည့်ဆီသို့ တော့၍ရှူးကနဲမှုတ်လိုက်လေ၏။ အားသန်လှသော ထိုမြွေကြီးသည် တစ်ခဏချင်း၌ပင် ပျော့ခွေပြီး မိန်းကလေးအား ရစ်ပတ်ထားခြင်းငှာ မစွမ်းနိုင်တော့ဘဲ အောက်သို့ ဘုန်းခနဲ ပြုတ်ကျသွားလေတော့၏။





ပြီးလျှင်... ထိုမြွေကြီး၏နှာခေါင်း၊ မျက်လုံးနှင့် ပါးစပ်များမှ သွေးများ ယိုစိမ့်ထွက်လာပြီး လုံးဝသေဆုံးသွားလေတော့၏။

"ကဲ... ဘွန်ဟောင်း၊ မိန်းကလေးကို ပွေ့ပြီး ဟောဟိုကျောက်တုံးပေါ်မှာ ခဏတင်ထားလိုက်...၊ ဘာမျှမလုပ်နဲ့...၊ သူ့ဖာသာသူ သတိရလာလိမ့်မယ်...၊ သတိရတာနဲ့ သူထွက်ပြေးလိမ့်မယ်ကွ...၊ ဟောဟိုက နွယ်ကြိုးကိုဖြတ်ပြီး ခြေထောက်နဲ့ ကျောက်တုံးနဲ့ ပတ်ချည်ထားလိုက်..."ဟု စနေမောင်မောင်က ပြောသောကြောင့် ဘွန်ဟောင်းလည်း စနေမောင်မောင်ပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်၍လုပ်လေ၏။

ထို့နောက် ဘွန်ဟောင်းက...

"တော်တော်ကြီးပြီး... တော်တော်သန်တဲ့ကောင်ကြီးပဲ... ဆရာကြီးရေ...၊ ဓားနဲ့ခုတ်တာတောင် ဓားရာမထင်ဘူး...၊ ဆရာကြီးရဲ့ဆေးလေးတစ်ရွေးသားလောက် နှာခေါင်းထဲ ဝင်သွားတာနဲ့ လှုပ်တောင်လှုပ်နိုင်တော့ဘူး...၊ တစ်ခါတည်းသေတာပဲ၊ ဆရာကြီးဆေးကလဲ အမ်းလှချည်လား...၊ ဘာဆေးများတုန်း... ဆရာကြီးရဲ့...၊ ကျွန့်တော်ကိုသင်ပေးထားပါဦး..."ဟု မေးလိုက်လေ၏။

"မင်း... မသိဘူးလား၊ ဒီဆေးဟာ ဒီမြွေလောက်ကိုမပြောနဲ့ကွ၊ ဆင်ကြီးနဲ့တွေ့ရင်တောင် နိုင်လိမ့်မယ်ထင်တယ်...၊ 'မင်းလေးပါး' ဆေးကွာ...၊ စိန်ရယ်...၊ ဆေးဒန်းရယ်...၊ ကန့်ရယ်...၊ ဟင်းရိုင်းရယ် ဆေးတူပေါင်းထားတာလေကွာ..."ဟု ပြောဆို၍ စနေမောင်မောင်သည် စီးကရက်ကို အောက်သို့ချကာ နင်းချေလိုက်လေတော့၏။

များမကြာမီ၌ပင် သတိမေ့မြောနေသော ကျောက်တုံးပေါ်မှ မိန်းကလေးသည် သတိရလာလေတော့၏။ သတိရသည်နှင့် ထ၍ပြေးလေတော့၏။ သို့ရာတွင် နွယ်ကြိုးများဖြင့်ပတ်ကာ ချည်နှောင်ထားသောကြောင့် မပြေးနိုင်ဘဲ ရှိလေ၏။

ထိုအခါ စနေမောင်မောင်က...

"ဘယ်လိုလဲမိန်းကလေး...၊ သတိရလာပြီလား...၊ ခုနတုန်းကြီးဆီကို ဘာမှာဦးမလဲ..."ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မသိချင်ယောင် ဆောင်နေလေ၏။

"မင်း... ငါပြောတာနားမလည်ဘူးလား...၊ ဘုန်းကြီးကျောင်းထ ခါးကုန်းကြီးကို ဘာမှာဦးမလဲလို့... ငါမေးတာ၊ ငါ... အားလုံးသိပြီ သားပါ... မိန်းကလေး၊ ဟိုတစ်နေ့က ပျားရည်နဲ့လုပ်တဲ့ မုန့်တွေကော ရတယ်မဟုတ်လား..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

မိန်းကလေးက ခေါင်းကိုတွင်တွင်ယမ်းခါလေ၏။

"ကဲ... ဘွန်ဟောင်း၊ မြွေကြီးကို သွားမပြီး သူ့ကိုမျိုအောင် လု စမ်းပါဦး..."ဟု ပြောလိုက်လျှင်...

ဘွန်ဟောင်းလည်း မြွေသေကြီးကို ဦးခေါင်းအား မနိုင်တနိုင် ဖြင့် မ,လေ၏။ မိန်းကလေးလည်း လှမ်း၍ကြည့်ပြီးလျှင်...

"မလုပ်ပါနဲ့... ကြောက်ပါပြီ..."ဟု အော်လေ၏။

ထိုအခါ စနေမောင်မောင်သည် စီးကရက်တစ်လိပ်ကို ထုတ် မီးညှိ၍...

"ကဲ... ငါမေးမယ်၊ မောင်စံဖိုးတို့ အခုဘယ်မှာလဲ..."ဟု မေး လိုက်လေ၏။

"သူ... ပြန်သွားတာ တစ်နှစ်လောက်ရှိပါပြီ..."ဟု မိန်းကလေး က ဖြေလေ၏။

"ကဲ... ကောင်းပြီ၊ သူတို့သေတ္တာကြီး ဘယ်မှာဝှက်ထားတယ် ဆိုတာ... မင်းသိတယ်မဟုတ်လား..."

"ကျွန်မ... မသိပါဘူး၊ ကျွန်မကို မသတ်ပါနဲ့..."ဟု မိန်းကလေး က တောင်းပန်လေ၏။

ထိုအခါ စနေမောင်မောင်က...

"ဟောဒီက ငါ့လူကို မင်းနေတဲ့နေရာကိုခေါ်သွား...၊ ငါလာ အထိ စောင့်နေ..."ဟု စနေမောင်မောင်က ပြောလိုက်သောကြော

ဘွန်ဟောင်းသည် မိန်းကလေးအား ခြေထောက်မှ ကြိုးများ ဖြေပေးပြီးလျှင် ထိုကြိုးများနှင့်ပင် လက်ပြန်ကြိုးတုပ်၍ ခေါ်သွားလေ ၏။ မိန်းကလေးက ရှေ့မှလမ်းပြသွားရာ ဘွန်ဟောင်းလည်း နောက် မှ လိုက်သွားရလေ၏။



စနေမောင်မောင်လည်း ထ၍ လာလမ်းအတိုင်း ပြန်မည်အလုပ် တွင် မြားတစ်စင်းသည် စနေမောင်မောင်၏လည်ပင်းအနီးမှ ဝှီးခနဲ ဖြတ်ကာ သစ်ပင်၌ ဒေါက်ခနဲ စိုက်လေတော့၏။

စနေမောင်မောင်သည် ကျောက်တုံးအနီးသို့ပြေး၍ ကပ်လေ ၏။ ထိုအချိန်၌ မြားတစ်စင်းသည် ဝှီးခနဲရောက်လာပြန်၍ စနေ မောင်မောင်၏မျက်လုံးနဘေးမှ ဖြတ်သန်းသွားလေတော့၏။

စနေမောင်မောင်လည်း သစ်ပင်တန်းကိုဖြတ်၍ ပြေးလေ၏။ စနေမောင်မောင်ပြေးရာ သစ်ပင်တန်း၌ မြားတံများသည် ဒေါက်ခနဲ ဒေါက်ခနဲ လာ၍စိုက်လေတော့၏။

တစ်နေရာသို့အရောက်တွင် စနေမောင်မောင်သည် မြားမှန်၍ လဲကျသွားလေတော့၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် စနေ မောင်မောင်အနီးသို့ တစ်လှုပ်လှုပ်နှင့် ပြေး၍လာလေ၏။ ထိုသူ အနီး သို့ရောက်လျှင် စနေမောင်မောင်လည်း ခုန်ထ၍ ထိုသူရှိရာသို့ ရင် ဆိုင်ပြေးကာ ထိုသူအား ကိုယ်လုံးဖြင့် တိုက်ချလိုက်လေ၏။ ထိုသူ မှာ ပြေးလာသော စနေမောင်မောင်အား မြားဖြင့်ပစ်ရန် ကြိုးစား သေး၏။ သို့ရာတွင် လေးနှင့်မြားအဆင်သင့်မဖြစ်မီ၌ပင် စနေမောင် မောင်က ထိုသူအား ကိုယ်လုံးနှင့် တိုက်ချလိုက်ပြီး ဖြစ်လေတော့၏။

လေးသမားသည် လဲကျနေသော စနေမောင်မောင်ကို မော့ကြည့်၍...

"သင်ပါလား...၊ ကံကောင်းလို့... လူမှားမလို့..."ဟု ပြောလိုက် လေ၏။

ထိုအခါ စနေမောင်မောင်သည် ထိုသူအား လက်ကိုကမ်းပေး၍ ဆွဲထူလိုက်ပြီးလျှင်...

"ခါးကုန်းကြီးပါလား...၊ ကံကောင်းလို့..."ဟု ပြောလိုက်လေ၏။

ခါးကုန်းကြီးလည်း ထ၍လာပြီးလျှင် ဖုတ်များခါလေ၏။

"ဘယ်လိုလုပ်ပြီး... ဒီကိုရောက်နေတာလဲ...၊ မြားတကယ်မမှန် ဘူးကိုး..."ဟု ပြောလိုက်လေ၏။

"ဘွန်ဟောင်း ထင်းခုတ်သွားတာကို လိုက်လာတာလေ...၊

www.burmeseclassic.com

www.burmeseclassic.com



ဩဘ်... ဒါနဲ့ ဒီကနေ့ စေတမန်ကြီးလာမယ့်နေ့မဟုတ်လား...”ဟု စနေမောင်မောင်က မေးလိုက်လေ၏။

“အစစ်ပေါ့...၊ ကဲ... ကဲ... တောင်ကုန်းပေါ်သွားရအောင်...”ဟု ခါးကုန်းကြီးက ပြောလေ၏။

စနေမောင်မောင်လည်း လိုက်ပါသွားလေ၏။

တောင်ကုန်းပေါ်သို့ရောက်လျှင် ကျောက်တုံးကလေးပေါ်၌ နှစ်ယောက်သားထိုင်၍ နေကြလေ၏။ မိုးလေကင်းစင်သောနေ့ ဖြစ်သဖြင့် အပြာရောင်မိုးကောင်းကင်ကြီးကို တိမ်တိုက်များ ကင်းစင်စွာ တွေ့ရလေတော့၏။

များမကြာမီ၌ပင် လင်းယုန်ကြီးတစ်ကောင်သည် ၎င်းတို့ရှိရာသို့ ဝဲ၍ဆင်းလာလေ၏။ ခါးကုန်းကြီးလည်း လေးနှင့်မြားကိုချ၍ လင်းယုန်ကြီးကို ပြေး၍ကောက်လေတော့၏။

စနေမောင်မောင်သည် လေးနှင့်မြားကို ကောက်ယူလိုက်လေ၏။ ခါးကုန်းကြီးသည် လင်းယုန်ငှက်ကြီးကိုပိုက်၍ တောင်စောင်းကလေးအတိုင်း တကုန်းကုန်းနှင့် လျှောက်လာလေတော့၏။ စနေမောင်မောင်သည် လေးကြိုးကိုဆွဲ၍ မြားတစ်စင်းကို လွှတ်လိုက်လေ၏။ မြားသည် ဝိုးခနဲ ထွက်သွားပြီးလျှင် ခါးကုန်းကြီးပိုက်လာသော လင်းယုန်ငှက်ကြီးကို ဖောက်ခနဲ ထိမှန်၍သွားရာ လင်းယုန်ကြီးသည် အသံမျှမပြုနိုင်ဘဲ သေဆုံးသွားလေ၏။ ခါးကုန်းကြီးသည် လင်းယုန်ငှက်ကြီးကို ပစ်ချလိုက်ပြီးလျှင် စနေမောင်မောင်အား လွန်စွာစိတ်ဆိုးသော မျက်နှာနှင့်ကြည့်၍...

“ဆရာကြီး... ဘယ်လိုလုပ်လိုက်တာလဲ...”ဟု ခပ်ငေါက်ငေါက်မေးလိုက်လေ၏။ စနေမောင်မောင်က မည်သို့မျှမပြောဘဲ ပြုံးလိုက်လေ၏။

“ငါ၏လင်းယုန်ကြီးသေသလို သင်သေရမည်...”ဟု ခါးကုန်းကြီးက ပြောလိုက်လေ၏။

စနေမောင်မောင်သည် ပြုံးမြဲပြုံး၍ နေပြီးနောက်...

“လင်းယုန်ကြီးသေတာ အကြောင်းမဟုတ်ပါဘူး...၊ သူ့ကို



ခွင့်စင်ပေးလိုက်တာပါ...၊ သူလဲ ပျံနေရတာကြာပါပြီ...၊ သနားပါတယ်...၊ လင်းယုန်ကြီးရဲ့ခါးမှာပါတဲ့စာကို ဖတ်ကြည့်စမ်းပါဦး...”ဟု ပြောလိုက်လေ၏။

ခါးကုန်းကြီးလည်း လင်းယုန်ငှက်အသေကြီးကို ကောက်ယူ၍ သားရေခါးပတ်ကိုဖြုတ်ကာ စာရွက်ခေါက်ကိုထုတ်၍ ဖတ်ပြီးသောအခါ စနေမောင်မောင်အား စိတ်ဆိုးပြေ၍ သွားလေ၏။

“သင်ဟာ သိပ်ပြီး ဉာဏ်ပညာနဲ့ပြည့်စုံပါတယ်...၊ ကျုပ်ညီရဲ့စာထဲမှာ လင်းယုန်ငှက်ကြီးဟာ အရင်ကလို မကျန်းမာတော့ဘူးဆိုတဲ့အကြောင်း ပါတယ်...၊ ဒါကြောင့် သူ့ကိုအနားပေးလိုက်တာ မှန်ပါတယ်...”ဟု ခါးကုန်းကြီးက ပြောလေ၏။

“ဒါပဲပါသလား...၊ ကျုပ်ကိုသတ်ပစ်လိုက်ဖို့ဆိုတဲ့ စာကော မပါဘူးလား...”ဟု စနေမောင်မောင်က မေးလိုက်လေ၏။

“မပါပါဘူး...၊ ဘာကြောင့် သင့်ကို သတ်ပစ်ရမှာတုန်း...”ဟု ခါးကုန်းကြီးက မေးလိုက်လေ၏။

“ကျုပ်ကတော့... ခင်ဗျားကို သတ်ပစ်ရမယ်...”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

“အို... သင်... ဘာကြောင့်နောက်ပြောင်ရနေတာလဲ...၊ ကျုပ်ကိုကော...၊ ဘာအကြောင်းနဲ့ သတ်ပစ်ချင်ရတာလဲ...”ဟု ခါးကုန်းကြီးက မေးလိုက်လေ၏။

“သင်ဟာ... ‘လျှို့ဝှက်မြွေ’အသင်းက ရွှေရောင်သေတ္တာကြီးကို ခိုးယူသွားတဲ့ မောင်စံဖိုးရဲ့လူဖြစ်တယ်...၊ သင်တို့ဟာ လျှို့ဝှက်သောမြွေပါအဖွဲ့ဝင်တွေဖြစ်တယ်...၊ သင်ဟာ... အသင်းဝင်နံပါတ်(၈၈)ဖြစ်တယ်...၊ သင်ဟာ ခါးကုန်းတစ်ယောက်မဟုတ်ဘူး...၊ ဒါကြောင့် မသေချင်ရင် ခါးကိုဆန့်လိုက်ပါ...”ဟုဆိုကာ စနေမောင်မောင်သည် မြားဖြင့်ချိန်ရွယ်လိုက်လေတော့၏။

ခါးကုန်းကြီးလည်း ခါးကို ဖြည်းဖြည်းချင်း ဆန့်လိုက်၍ လွန်စွာအရပ်မြင့်သော လူကြီးတစ်ဦးဖြစ်ကြောင်း တွေ့မြင်ရလေတော့၏။

စနေမောင်မောင်သည် ထိုသူအား သေချာစွာကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"လက်နက်အားကိုးနဲ့ အနိုင်မလိုချင်ဘူး...၊ သင်္ကာအတိုင်း ဖြစ်စေချင်တယ်...၊ အဲဒီတော့ နောက်ဘက်ကိုလှည့်ပြီးပြေးပါ... ဒါပေမယ့် ကောင်းကင်ပေါ်ကို ကျုပ်မြားတစ်စင်းပစ်လွှတ်မယ်... အဲဒီမြားဟာ မြေကြီးပေါ်ပြန်ကျလာရင် သင့်ကို မထိရလေအောင် သတိထားပြီးရှောင်ပါ...၊ သင့်ကို ကျုပ်မသတ်ချင်ပါဘူး...၊ သင့်ကို အခွင့်အရေးအများကြီးပေးထားပါတယ်..." ပြောလိုက်လေ၏။

ခါးကုန်းကြီးမဟုတ်တော့သော ထိုလူသည် နောက်ဘက်သို့ လှည့်၍ ဆင်ခြေလျှောတောင်ကြောအား ပြေးတက်လေ၏။ ပြေးရာ၌လည်း မြွေလိမ်မြွေကောက်သဏ္ဌာန် ကွေ့ပတ်၍ ပြေးလေ၏။ ထိုသူသည် တဖြည်းဖြည်းဝေး၍ဝေး၍ သွားသည်နှင့်အမျှ မြင်ကွင်း၌ သေးငယ်သေးငယ်၍ သွားလေ၏။ ထိုအခါ စနေမောင်မောင်သည် လေးကိုချိန်၍ ကြိုးကိုဆွဲပြီးလျှင် မိုးကောင်းကင်ပေါ်သို့ မြားတံကို ဦးခနဲ ပစ်လွှတ်လိုက်လေတော့၏။

ထို့နောက် စနေမောင်မောင်သည် လေးနှင့်မြားကို ပစ်ချလိုက်ပြီးနောက် တောင်စောင်းအောက်သို့ ဆင်း၍လာလေ၏။ ထိုအခါ ခါးကုန်းကြီးမဟုတ်သောလူ၏ အလောင်းကိုတွေ့လျှင် စနေမောင်မောင်သည်...

"ကံတရားကို မရှောင်နိုင်တော့ မြားမှန်ပြီး သေရရှာပြီကိုး... သဗ္ဗေသတ္တာ ကမ္မသကာ..."ဟု ပြောဆို ရေရွတ်လိုက်လေ၏။

ထို့နောက် ခါးကုန်းကြီး၏အိတ်ထဲမှ စာကိုနှိုက်ယူပြီးလျှင် တောဘက်သို့ဆင်းကာ ဘွန်ဟောင်းသို့နောက်သို့ လိုက်လေ၏။ ကျောက်ဂူတစ်ဂူကိုတွေ့၍ အတွင်းသို့ဝင်လိုက်လျှင် ဘွန်ဟောင်းနှင့် မိန်းကလေးကို တွေ့ရလေတော့၏။

"ဆရာကြီး..."ဟု ဘွန်ဟောင်းက ခေါ်လိုက်လျှင် စနေမောင်မောင်က ခါးကုန်းကြီးထံမှစာကို ပေးပြီးလျှင်...

"တရုတ်လိုရေးထားတာကွ... ကိုယ့်လူဖတ်ကြည့်စမ်း..."ဟု ပြောလိုက်လေ၏။

ဘွန်ဟောင်းလည်း စာကိုကြိုးစား၍ ဖတ်ပြီးနောက်...



"ဆရာကြီးရေ... ကျွန်တော်နဲ့ ဆရာကြီးကို သတ်ပစ်ဖို့အချက်ပေးထားတဲ့ စာပဲ..."ဟု ပြောလေ၏။

"ဟုတ်တယ်...၊ ခါးကုန်းကြီးကို သူ့ရဲ့လူတွေက စေတမန်လင်းယုန်ကြီးနဲ့ ပို့လိုက်တဲ့စာ..."ဟု ပြောလေ၏။

"ဟာ... ဒီလိုဆိုရင်၊ ခါးကုန်းကြီးကို အရှင်ထားလို့မရဘူး...၊ ကျွန်တော်တို့က လက်ဦးမှုဖြစ်မယ်...၊ ပြီးတော့... သူက မြားပစ်လည်းပိုင်တော်တာ"ဟု ဘွန်ဟောင်းက ထိတ်ထိတ်ပျာပျာဖြင့် ပြောလေ၏။

"ဒီအတွက်တော့... မပူပါနဲ့ကွာ၊ ကျုပ် စီစဉ်ခဲ့ပြီးပါပြီ..."ဟု စနေမောင်မောင်က ပြောလေ၏။

"ဘယ်လိုစီစဉ်ခဲ့တာလဲ ဆရာတော်ကြီးကို တိုင်လိုက်တာလား"ဟု ဘွန်ဟောင်းက မေးလေ၏။

"မဟုတ်ပါဘူး... ကံတရားကို မရှောင်နိုင်လို့... မြားမှန်ပြီး သေသွားပါပြီ..."ဟု စနေမောင်မောင်က ပြောလိုက်လျှင်...

ဘွန်ဟောင်းက...

"ဆရာကြီးကတော့... ပိပိရိရိရှိပါပေ့ဗျာ...၊ ဒါနဲ့ ဒီကိစ္စကို ဘယ်လိုရှင်းမလဲ..."ဟု မိန်းကလေးဘက်သို့မှုရင်း မေးလိုက်လေ၏။

"သူ့ကို တို့နဲ့ခေါ်သွားရမှာပေါ့...၊ သူဟာ သံ့ပန်တစ်ယောက်ပဲကွ...၊ မောင်စံဖိုးတို့လူစုက အကြောင်းတစ်ခုနဲ့ ဖမ်းပြီးတော့ သူတို့လူ ခါးကုန်းကြီးဆီကို ပို့ထားတာ...၊ ခါးကုန်းကြီးက ဘုန်းကြီးကျောင်းက အစာကို မှန်မှန်လာပို့တယ်...၊ ကောင်မလေး ထွက်ပြေးလို့မရအောင်လဲ သူမွေးထားတဲ့ မြွေကြီးကို အစောင့်ချထားတယ်...၊ မြွေကြီးအစောင့်မချထားရင်လဲ ဒီမိန်းကလေးဟာ ထွက်ပြေးဖို့ မလွယ်ပါဘူး၊ သူ... ဘယ်ကိုပြေးမလဲ...၊ လမ်းစပျောက်နေပြီပဲ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဒါနဲ့နေပါဦး... ဆရာကြီးရဲ့ ဘုန်းကြီးကျောင်းက ခါးကုန်းကြီးဟာ စံဖိုးလူဖြစ်ကြောင်း ဆရာကြီး ဘယ်လိုလုပ်သိသလဲ..."ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းကို ပြောရရင် ရယ်စရာတောင်ကောင်းသေးတယ် ကွာ...၊ မင်းလဲ... သတိထားမိမှာပေါ့...၊ ခါးကုန်းကြီးနဖူးဟာ ဟိ တစ်လောတုန်းက ရောင်ပြီးတော့ ဘုကြီးထနေတယ်လေကွာ...၊ မင် စဉ်းစားကြည့်လေ...၊ နဖူးနဲ့မြေကြီး ထိလုမတတ်အောင် ခါးကုန်းနေ တဲ့ လူတစ်ယောက်အဖို့ ဒီနဖူးကို ဘယ်တန်းနဲ့ တိုက်မိမှာလဲကွ... အဲဒီကစပြီး ငါ... မသင်္ကာဖြစ်မိတာပဲ...၊ အဲဒီတော့ စဉ်းစားလို့ရတာ က တစ်ခုရှိတယ်...၊ သူဟာ သူ့အခန်းထဲမှာ လွတ်လွတ်လပ်လပ် တစ်ယောက်တည်းနေတဲ့အခါ ခါးကုန်းကိုဆန့်ပြီး... နေလိမ့်မယ်... လူသံကြားလို့ ကပျာကယာ ခါးကုန်းဟန်ဆောင်လိုက်တာကွ...၊ အဲ အခါမှာ နဖူးနဲ့တန်းနဲ့ ဆောင့်မိတာဖြစ်လိမ့်မယ်...၊ ငါလဲ မသင်္ကာ တာနဲ့ သူမရှိတုန်း သူ့အခန်းထဲဝင်ပြီး မွှေကြည့်တော့ ချုပ်လက် မိန်းကလေးအင်္ကျီတစ်ထည်တွေ့တယ်ကွ...၊ အဲဒီတော့ ကျောင်းက ဘုန်းကြီးတွေ မသိအောင် မိန်းကလေးတစ်ဦးဦးဟာ ဒီနားမှာ ရှိတယ် ဆိုတာ သေချာတာပေါ့ကွာ...၊ ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး မီး တွေထိန်ထိန်လင်းအောင် ထွန်းတဲ့နေ့က ဆရာတော်ကြီးရဲ့အမိန့် ပျားရည်ဆမ်းမုန့်တွေ လုပ်ကြတယ်မဟုတ်လား...၊ အဲဒီညက... ခါးကုန်းကြီးဟာ ဘုန်းကြီးကျောင်းကနေ လှစ်ခနဲပျောက်သွားပြီ တောထဲကိုဝင်သွားတယ်ကွ...၊ ဒါနဲ့ငါလဲ... နောက်ယောင်ခံပြီး လိုက် ခဲ့တာ ဒီကျောက်ဂူကြီးထဲကို ရောက်ခဲ့တယ်...၊ ခါးကုန်းကြီးဟာ အဲ နေ့ခင်းက သူပစ်လို့ရတဲ့ တောဝက်ကြီးကို ဝှက်ထားခဲ့သေးတယ်ကွ ကျောက်ဂူကြီးကိုလာတော့မှ သူက ထမ်းပြီးယူလာတာ၊ ဒီကျတော့ သူ့မြွေကြီးကို အစာကျွေးတာပေါ့ကွာ...၊ မိန်းကလေးအတွက်လဲ မု တွေပါလာတယ်...၊ ဒီအကြံညဏ်တွေဟာ တကယ်ကျတော့ သူ့ဆရာ မောင်စံဖိုးရဲ့ အကြံညဏ်တွေကွ...၊ တစ်နေ့မှာ သူ့ရဲ့လက်ရေးစ စာ တစ်စောင်ကို ငါ... ခိုးဖတ်ပြီး ဖတ်ခဲ့ရတယ်ကွ...၊ အဲဒီစာရဲ့ အသုံ အနှုန်းအသွားအလာကို ကြည့်ရတာ မောင်စံဖိုးဆီကို ပို့တဲ့စာပဲ၊ ငါ ရှာနေတဲ့ သေတ္တာကြီးအကြောင်းတောင် ပါသေးရဲ့...၊ ပြီးတော့... မင်းနဲ့ငါနဲ့အကြောင်းလဲ ပါသေးတယ်...၊ ရေးတာက မြန်မာတစ်ဝက်





တရုတ်တစ်ဝက်နဲ့ကွ...၊ တချို့နေရာတွေမှာ တရုတ်လိုရေးပြီး...၊ တချို့နေရာတွေမှာ မြန်မာလိုရေးထားတယ်ကွ...၊ ဒါကြောင့် သူ့ရဲ့ အခန်းကလေးကို... ငါဟာ မကြာခဏသွားပြီး... ချောင်းလေ့ရှိတယ်၊ သူ့ရင်ဘတ်မှာ သံပူနဲ့ကပ်ထားတဲ့ နံပါတ်(၈၈)ကို တွေ့ရတယ်ကွ...၊ ဒါဟာ 'စီးကရက်ဘီတား'လို့ခေါ်တဲ့ 'လျှို့ဝှက်သောမြွေပါများအသင်း' ရဲ့ သင်္ကေတတစ်မျိုးပဲကွ...၊ ဒီအသင်းဟာ ရှေးအခါကတည်းက 'ဂုယှတိသပ္ပေ'အသင်းရဲ့ ဆန့်ကျင်ဘက် အသင်းတစ်ခုပဲ...၊ မောင်စံဖိုးဟာ အဲဒီအသင်းရဲ့ လူကြီးကွ...၊ ကဲကွာ...၊ ဒါတွေထားပါတော့...၊ တို့လဲ အချိန်မရှိဘူး...၊ ခရီးထွက်ကြရအောင်..."ဟု စနေမောင်မောင်ကပြောလျှင်...

ဘွန်ဟောင်းက...

"ခရီးထွက်တာတော့ ဟုတ်ပါပြီ... ဆရာကြီးရယ်၊ လမ်းခရီးမှာ စားသွားဖို့ ရိက္ခာက ဘယ်လိုလုပ်ရမလဲ..."ဟု စိုးရိမ်တကြီးမေးလိုက်လေ၏။

"ဒီအတွက် မပူပါနဲ့ ကိုယ့်လူရယ်...၊ ဟောဟိုက ကျောက်ချပ်ကြီးနှစ်ခုကြားမှာ လားသားရေနဲ့ ချုပ်ထားတဲ့ အိတ်ကြီးတစ်အိတ်ရှိတယ်...၊ အဲဒီအိတ်ကြီးထဲမှာ ထမင်းချက်ရုံကနေပြီး ခိုးခိုးပြီး ငါ... စုထားတဲ့ ရိက္ခာတွေ အပြည့်ရှိလေရဲ့..."ဟု စနေမောင်မောင်က ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"ဆရာကြီးကတော့ အကွက်စေ့ပါပေတယ်ဗျာ..."ဟု ပြောလိုက်လေ၏။

ထို့နောက် စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် မိန်းကလေးအားခေါ်ကာ တောလမ်းအတိုင်း ခရီးထွက်ခဲ့ကြလေ၏။ မိန်းကလေးမှာလည်း အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီဖြစ်ရာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေလေ၏။

ညပိုင်းသို့ရောက်သောအခါ၌ လသည် မှုန်ဝါးဝါးသာလေ၏။ မိန်းကလေးသည် ထိုမှုန်ဝါးဝါးလရောင်ကို မော့ကြည့်ရင်း သာယာ



www.burmeseclassic.com

www.burmeseclassic.com



သောအသံကလေးဖြင့် သီချင်းဆိုလေ၏။

ထိုအခါ ဘွန်ဟောင်းက...

"ဆရာကြီး... ဒီတစ်ခါ ခရီးသွားရတာ အရင်လိုမဟုတ်ဘူး...၊ စိုစိုပြည်ပြည်ရှိလှပါသဗျာ..."ဟု ပြောလိုက်ရာ...

ကျွန်ုပ်ကြောင်းလှသော စနေမောင်မောင်သည်ပင်လျှင် အသံထွက်အောင် ရယ်မိလေတော့သတည်း...။





## အချင်းချင်းလည်း ယုံ၍မဖြစ်

ဦးရယ်မောဟု ခေါ်သည့် ဖိုးသူတော်ကြီးနှင့် မောင်စံဖိုးတို့သည် ညောင်မြို့ရှိ အဂ္ဂိရတ်ဆရာကြီးတစ်ဦး၏အိမ်၌ စတည်းချ၍ နေ ကြလေ၏။ အမှန်စင်စစ်အားဖြင့် ၎င်းတို့သည် အဂ္ဂိရတ်ပညာကို တ်ကြသည်မဟုတ်ပေ။ သို့ရာတွင် ဖိုးသူတော်ကြီးက ၎င်းပိုင်ရွှေ းကို အဂ္ဂိရတ်ပညာနှင့် ဖြုလုပ်ထားသည့်ရွှေများဟု လိမ်လည်၍ ဂ္ဂိရတ်ဆရာကြီး အထင်ကြီးစေရန် ပြုလုပ်နေခြင်းဖြစ်ပေ၏။ အဂ္ဂိ ဆရာကြီး မရှိသည့်အခါ၌ ၎င်းတို့နှစ်ဦးသည် အောက်ပါအတိုင်း းနွေးတိုင်ပင်နေကြလေ၏။

"ဆရာလေး မောင်စံဖိုး...၊ ငါတို့နှစ်ယောက် ရွှေရောင်သေတ္တာ ကို သွားပြီးဝှက်ထားတဲ့နေရာဟာ နည်းနည်းနှောနှောဝေးတဲ့ မဟုတ်ဘူးကွ...၊ မြန်မာမြောက်ပိုင်း နယ်စပ်ကိုလွန်ပြီး တိဗက် င်တန်းတွေကိုတောင် ရောက်ခဲ့တာ...၊ အမှန်တော့ကွာ...၊ သေတ္တာတစ်လုံးလောက်ကို ဒါလောက်တောင် ဝေးဝေးကြီး သွားပြီး ဖို့မလိုထင်တယ်ကွ...၊ အိတ်တစ်လုံးဝယ်ပြီး အိတ်ထဲမှာပဲ ဝှက် ၊ ရေတွင်းတူးပြီး ရေတွင်းမှာပဲဝှက်ဝှက် ရလောက်ပါတယ်ကွ..."

ဦးရယ်မောက ပြောလျှင်...

မောင်စံဖိုးက...

"တခြားလူတွေအတွက်တော့ ဟုတ်တာပေါ့ဗျာ...၊ ကျုပ်တို့ ားကတော့ ဒီလိုမလုပ်ရင်မဖြစ်ဘူးဗျ...၊ ကျုပ်တို့ရန်သူတွေက



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကို ရှာလို့မတွေ့ရင် ကျုပ်တို့နှစ်ယောက်ကိုဖမ်းပြီး ပစ္စည်း
မရ,ရတဲ့နည်းနဲ့ တောင်းကြမှာပဲ…၊ ဒါလောက်ဝေးတဲ့ ခရီးမှာဆိုတော့
ကျုပ်တို့ဖော်ပြီးပြောတောင် သူတို့အနေနဲ့ သွားပြီးယူဖို့ မလွယ်ဘူး
ဗျာ…၊ ပြီးတော့… အကျုပ်အတည်းတွေ့ရင်လဲ ကျုပ်တို့မြွေပါအဖွဲ့
ဝင်တွေကို မြေပုံညွှန်းနဲ့ အချက်ပေးလိုက်တာနဲ့ ကျုပ်လူတွေက အဲ
ပစ္စည်းကြီးကို ဝှက်ထားတဲ့နေရာကနေ သယ်ယူလွှတ်မြောက်သွားနို
တာပေါ့…”ဟု ပြောလေ၏။

“မှန်တာပေါ့… မောင်စံဖိုးရယ်၊ ကိုရင်တို့လူတွေက ဘူတန်နယ်
ထဲမှာ ရှိနေကြတယ်ဆိုတော့… ကျုပ်တို့ဝှက်ထားတဲ့နေရာ
တောလမ်းကနေ လာပြီးယူဖို့ လွယ်တာပေါ့…၊ ဒါကြောင့် ကျုပ်က
စိတ်ပူနေတာ…”ဟု ဖိုးသူတော်ကြီး ဦးရယ်မောက ပြောလေ၏။

“ဘယ်အတွက် စိတ်ပူနေဟာလဲ… ဦးရယ်မောရဲ့”ဟု မောင်စံ
က မေးလိုက်လေ၏။

“စိတ်ပူရပြီလား မောင်ရယ်…၊ မောင်ရင်က ကျုပ်အပေါ်
သစ္စာဖောက်ပြီး မောင်ရင့်လူတွေကို တိတ်တဆိတ်အချက်ပြပြီး
သေတ္တာကြီးကို သယ်ခိုင်းလိုက်ရင်တော့ ကျုပ်တော့ လက်လွှတ်ဖြစ်
ပြီ…၊ အနှစ်နှစ်အလလ ကြိုးစားထားရတာကြီး… အချည်းအ
ဖြစ်ပါပြီ…”ဟု ဖိုးသူတော်ကြီးက ညည်းတွားလိုက်လေ၏။

“ဒီအတွက်တော့ စိတ်ချပါ ဦးရယ်မောရယ်…၊ ကျုပ်… ခင်ဗျ
အပေါ်မှာ သစ္စာမဖောက်ဘူး…”ဟု မောင်စံဖိုးက ပြောလိုက်လေ

“ကျုပ်… တစ်ခုစဉ်းစားမိသေးတယ်၊ ကျုပ်တို့နှစ်ယောက် ပစ္စည်း
တွေဝှက်ထားတဲ့ ရေတံခွန်ကြီးနဲ့ ငါးမိုင်လောက်ဝေးတဲ့နေရာ
လုလင်းခန်းဆိုတဲ့ တိဗက်ဘုန်းကြီးကျောင်းကို ဝင်ကြသေးတာ
မဟုတ်လား…၊ ကျုပ်ဖြင့်… အဲဒီဘုန်းကြီးကျောင်းကို ထမင်း
ခါးကုန်းကြီးကို မသင်္ကာသလိုပဲ…၊ သူ့မျက်လုံးက သူခိုးမျက်လုံး





ဟာ ကျုပ်တို့နှစ်ဦးကို မသင်္ကာပုံရတယ်…၊ ကျုပ်တို့လာခဲ့တဲ့နေရာ
တကယ်လို့များ သူဟာ ခန့်မှန်းနိုင်ရင် ရေတံခွန်နားမှာ ကျုပ်တို့
က်ထားတဲ့ ပစ္စည်းကြီးကို သူဟာ တစ်ယောက်တည်း အေးအေး
ဆေး သွားဖော်နိုင်တယ်…”ဟု ဦးရယ်မောက ပြောလိုက်လေ၏။

ထိုအခါ မောင်စံဖိုးက…

“အဲဒီခါးကုန်းကြီးကို ကြည့်ရတာ… လူနုံလူအ လူ့အန္တကြီးပါ
…၊ ကျုပ်တို့အကြောင်းကို ရိပ်မိမယ်မထင်ပါဘူး…၊ တကယ်လို့
ျုပ်တို့ပစ္စည်းကြီးကို သူရသွားတယ်ပဲထားဦး…၊ အထဲမှာက ပုရပိုက်
တွေပဲ ရှိမှာပါဗျာ…၊ ကျုပ်အထင်ပြောရရင် အဲဒီပုရပိုက်တွေကလဲ
ိုးစာနဲ့ရေးထားမှာမဟုတ်ဘူး…၊ ဝှက်စာနဲ့ဖြစ်စေ…၊ ရှေးဟောင်း
ချက်စာနဲ့ဖြစ်စေ…၊ ရေးထားမှာဗျ…၊ အဲဒီတော့ ဒီခါးကုန်းကြီးဟာ
ာတွေရေးထားတယ်ဆိုတာကို ဖတ်တတ်မှာ မဟုတ်ပါဘူးဗျာ…၊
ောက်ဆုံးမှာ ဒီပစ္စည်းဟာ ကျုပ်တို့လက်ထဲကိုပဲ ပြန်ရောက်ရမှာပါ၊
ရာမရှိတာ ပူမနေစမ်းပါနဲ့ ဦးရယ်မောရယ်…”ဟု မောင်စံဖိုးက
ပြောလိုက်လေ၏။

အမှန်စင်စစ်အားဖြင့် မောင်စံဖိုးသည် ဤအရပ်ဒေသသို့ ရောက်
၏။ ထိုခါးကုန်းကြီးမှာလည်း သူ၏မြွေပါအဖွဲ့ဝင်တစ်ဦးဖြစ်၏။
ကြောင့် သူသည် ဦးရယ်မောနှင့်အတူ ဘုန်းကြီးကျောင်း၌ တည်းခို
ဥကပင် သူတို့ထွက်သွားသောအခါ၌ ထိုပစ္စည်းကို နေရာရွှေ့၍
်ထားရန် သူ၏လူ ခါးကုန်းကြီးအား တိုးတိုးကျိတ်ကျိတ် မှာထား
ဖြစ်၏။ ထို့ကြောင့် မောင်စံဖိုးနှင့် ဦးရယ်မောတို့ လုလင်းခန်း
ောင်းမှ မြန်မာပြည်ဘက်သို့ ခရီးထွက်သွားသည့်နေ့ကပင် ခါးကုန်း
ီးသည် ရေတံခွန်ဆီသို့သွားရောက်ကာ ဝှက်ထားသော ရှေးဟောင်း
သေတ္တာကြီးကို တူးဖော်၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့ဝှက်ထား
်ပြီးဖြစ်၏။ မောင်စံဖိုးသည် ဉာဏ်နီဉာဏ်နက်များသူဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အားလျော်စွာ ဖိုးသူတော်ကြီး ဦးရယ်မောအား တစ်ကွက်ကျော်… ကြံစည်ထားခြင်းဖြစ်ပေသည်။

ဦးရယ်မောသည် စီးကရက်ကိုဖွာပြီးနောက်…

"ကိုရင်ပြောတာလဲ ဟုတ်ပါတယ်လေ…၊ ဒါနဲ့နေပါဦး…၊ သေတ္တာကြီးဆီကို ကျုပ်တို့က… ဘယ်တော့လောက် ပြန်သွား… ဘယ်လိုလုပ်ကြမှာတုန်း…"ဟု မေးလိုက်လေ၏။

"အခုနေတော့… ကိုယ်ယောင်ဖျောက်ပြီး နေရဦးမယ်ဗျ… ဒီပစ္စည်းကြီးနောက်ကို လိုက်နေတဲ့ မြွေဆိုးမြွေဟောက်တွေလဲ ရှိနေ… တယ်…၊ အစ်မတော်ဆိုတဲ့ မိန်းမတစ်ဦးလဲ ရှိတယ်…၊ သူတို့တစ်… ထက် ကြောက်ဖို့ကောင်းတဲ့ စနေမောင်မောင်ဆိုတာလဲ ရှိနေတ… မဟုတ်လား…၊ ဒါကြောင့် ခင်ဗျားနဲ့ကျုပ်နဲ့ ကိုယ်ရောင်ဖျောက်… နားရှက်မခတ်ဘဲ နေရမယ်…၊ သူတို့ရန်က အေးသွားမှ သေတ္တာ… ကို သွားဖော်မယ်…၊ သေတ္တာထဲမှာက ပညာရပ်ပရပိုက်တွေ… မဟုတ်ဘူးဗျ…၊ ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ ပိုင်ရှင်မဲ့ရတနာပစ္စည်း… ရဲ့ဝှက်ထားရာ မြေပုံတွေလဲ ပါချင်ပါနေမယ်ဗျ…၊ ပါနေမယ်လို့လ… ထင်တယ်ဗျာ…၊ အဲဒီတော့မှ ခင်ဗျားရယ်…၊ ကျုပ်ရယ် အဲဒီမြေ… တွေကိုယူပြီး ကမ္ဘာလှည့်လို့ ရတနာသိုက်တွေ တူးမယ်ပေါ့ဗျာ… မကောင်းဘူးလား…"ဟု မောင်စံဖိုးက မေးလိုက်လေ၏။

"ကောင်းတာပေါ့… ကိုရင်၊ အေးအေးဆေးဆေးရန်သူ… ငြိမ်သက်သွားမှပဲ အဲဒီပစ္စည်းကြီးကို သွားပြီးထုတ်ကြတာပေါ့…" ဖိုးသူတော်ကြီးက ပြောဆိုလိုက်လေ၏။

ထိုအချိန်၌ အင်္ဂရိတ်ဆရာကြီး ပြန်လာသဖြင့် ၎င်းတို့၏ စ… စလည်း ပြတ်သွားလေတော့၏။

နောက်တစ်နေ့တွင် မောင်စံဖိုးနှင့် ဦးရယ်မောတို့သည် ရန်သူ… သတင်းကို စုံစမ်းရန်အတွက် လူခွဲ၍ တာဝန်ချကြလေတော့၏…



ထိုသို့ တာဝန်ချရန်အတွက်လည်း မောင်စံဖိုးက အောက်ပါအတိုင်း ပြောလေ၏။

"ကျုပ်ကို အစ်မတော်နဲ့ စနေမောင်မောင်ရဲ့သတင်းကို ထောက်လှမ်းဖို့ တာဝန်ထားလိုက်ပေါ့ဗျာ…၊ ဦးရယ်မောက သပွေါ်တွေရဲ့ သတင်းကို တာဝန်ယူစုံစမ်းပေါ့ဗျာ…၊ အဲဒီထောက်လှမ်းလို့ရတဲ့ သတင်းတွေအပေါ်မှာ မူတည်ပြီး ကျုပ်တို့ ဘာတွေဆက်လုပ်ရမယ် ဆိုတာ ပြောရမှာပဲ…၊ အဲဒီတော့… ဒီကနေ လူခွဲပြီး…၊ ခရီးထွက်ကြမယ်…၊ ရွှေတန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့ကို ဒီကိုပြန်လာကြပြီး ဒီအိမ်မှာပဲ ပြန်ဆုံကြမယ်…၊ မကောင်းဘူးလား…"ဟု မောင်စံဖိုးက မေးလိုက်လေ၏။

ဦးရယ်မောကလည်း…

"ကောင်းတာပေါ့… မောင်စံဖိုးရယ်…"ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် အင်္ဂရိတ်ဆရာကြီးအား နှုတ်ဆက်ပြီး လူခွဲ၍ သတင်းစုံစမ်းရန် အသီးသီး ခရီးထွက်ကြလေတော့၏။

မောင်စံဖိုးသည် နောက်တစ်နေ့၌ မန္တလေးသို့ ရောက်ရှိလာလေ၏။ မန္တလေးသို့ရောက်လျှင် ၎င်း၏လျှို့ဝှက်အဖွဲ့ဝင်တစ်ဦးနှင့် တွေ့ဆုံလေ၏။ ထိုလျှို့ဝှက်အဖွဲ့ဝင်တစ်ဦးဆိုသူမှာ လုလင်ခန်းကျောင်းတွင် နေထိုင်သည့် ခါးကုန်းကြီး၏ညီဖြစ်သူ 'လျောင်မီး'ဆိုသည့် ကုန်စုံဆိုင်ပိုင်ရှင် တရုတ်ဖြစ်ပေသည်။

မောင်စံဖိုးအား လျောင်မီးက…

"ဆရာကိုစံဖိုး… ကျုပ်နက်ဖြန်ကျရင် ခရီးထွက်မယ်…၊ ခါးကုန်းကြီးဆီအထိ ရောက်အောင်ထွက်မယ်…၊ ဘိန်းအရောင်းအဝယ်ကိစ္စလဲ ဟိုမှာလုပ်ဖို့ရှိတယ်…၊ ပြီးခဲ့တဲ့(၅)လလောက်က ကျုပ်ရောက်ခဲ့သေးတယ်…၊ လမ်းမှာ ဓားပြတိုက်ခံရတယ်…၊ ဓားပြတွေက ကျုပ်ကို သတ်မလို့တောင် လုပ်တယ်…၊ ဓားပြတစ်ယောက်က ကျုပ်အကျႌ

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲဖြဲပြီး ကြာပွတ်နဲ့ရိုက်တာ၊ ကျုပ်ရင်ဘတ်က တံဆိပ်ကိုတွေ့တော့မှ သူလဲ... မျက်လုံးပြူးသွားတယ်၊ လက်စသတ်တော့ ဓားပြတွေက တခြားလူမှမဟုတ်ဘဲကိုး...၊ ကျုပ်တို့မြွေပါတွေပဲ...၊ မြွေပါအချင်းချင်းဖြစ်မှန်းလဲသိရော...၊ ကျုပ်ကိုအကူအညီပေးလိုက်တာပေါ့ဗျာ...၊ အခုတော့... ကျုပ်ဟာ အဲဒီလမ်းကို ကောင်းကောင်းပေါက်သွားပြီ... ဘိန်းရော၊ ရွှေရော၊ ကျောက်စိမ်းရော...၊ ကျုပ်... အခုအကုန်လုံးလုပ်နေတယ်...၊ နက်ဖြန်ခရီးထွက်မှာလဲ အဲဒီလူတွေနဲ့ ထွက်မှာပဲ၊ သူတို့က နယ်စပ်မှာ လာပြီးကြိုနေမယ်...၊ ဆရာ... ဘာမှာဦးမလဲ" ဟု လျှောင်မီးက မေးလေ၏။

ထိုအခါ မောင်စံဖိုးက...

"ကျုပ်... မှာချင်တာတစ်ခုရှိတယ်...၊ အဲဒါက ဘာလဲဆိုတော့ ကျုပ်နဲ့အတူ အလုပ်တွဲလုပ်နေတဲ့ ဖိုးသူတော်ကြီးကိစ္စပဲ...၊ ဖိုးသူတော်ကြီးဟာ အခုအချိန်ထိတော့ ကျုပ်ရဲ့မိတ်ဆွေပဲဗျ...၊ ဒါပေမယ့် နောင်တစ်ချိန်မှာ သူဟာ ကျုပ်တို့ရဲ့ရန်သူဖြစ်ချင်ဖြစ်လာမှာပဲ... အဲဒီလိုရန်သူဖြစ်လာတဲ့အခါကျရင် သူ့ကို နိုင်နိုင်တဲ့နည်းတစ်နည်းတော့ ကျုပ်မှာရှိတယ်...၊ အဲဒါက ဘာလဲဆိုတော့ သူ့အိတ်ထဲက ကျုပ်... တစ်နေ့ခိုးကြည့်ထားတဲ့ စာ တစ်စောင်ရှိတယ်...၊ အဲဒီစာဟာ သူ့တူမက ပေးလိုက်တဲ့စာဖြစ်တယ်၊ စာကို ဖတ်ကြည့်ခြင်းအားဖြင့်တော့ ဖိုးသူတော်ကြီးဟာ... ဒီတူမလေး အပေါ် အတော်သံယောဇဉ်ရှိပုံရတယ်...၊ အဲဒီမိန်းကလေးကလဲ မိဘရှိပုံမရဘူး...၊ နာမည်က 'ကြင်စာရီ'လို့ခေါ်တယ်...၊ တရုတ် ကပြားမလေးပဲ...၊ မုံရွာမှာနေတယ်...၊ လိပ်စာကတော့ ဒီမှာ..."ဟု ဆိုကာ လျှောင်မီးအား လိပ်စာကို ပြလိုက်လေ၏။

"အဲဒီတော့... ကြင်စာရီကို ကျွန်တော်က ဘာလုပ်ပေးရမလဲ





ဆရာကိုစံဖိုး..."ဟု တရုတ်လျှောင်မီးက မေးလေ၏။

"ကြင်စာရီကိုဖမ်းပြီး... နယ်စပ်ကိုခေါ်သွားရမယ်...၊ နယ်စပ်ရောက်တာနဲ့... ခင်ဗျားအစ်ကို ခါးကုန်းကြီးဆီကို ပို့ပေးလိုက်ပါ...၊ သူလင်းခန်းကျောင်းက ဘုန်းကြီးတွေလဲ မသိရအောင် ကြင်စာရီကို ဖွက်ထားပေးဖို့ ပြောပါ...၊ ဘယ်လိုဝှက်ထားရမယ်ဆိုတာတော့... ကျုပ်တို့ခါးကုန်းကြီး နားလည်ပါတယ်ဗျာ...၊ အဲဒါလုပ်နိုင်ပါ့မလား" ဟု မောင်စံဖိုးက လျှောင်မီးအား မေးလိုက်လေ၏။

"မလုပ်နိုင်စရာ ဘာရှိလို့လဲ... ဆရာကိုစံဖိုးရယ်၊ ကောင်မလေးကို နယ်စပ်ရောက်အောင်တော့ ဆရာကိုစံဖိုးက ခေါ်ပေးပေါ့...၊ သူ့ဦးလေး ဖိုးသူတော်ကြီးနဲ့ တွေ့ရမယ်ဆိုရင် ကောင်မလေးက လိုက်မယ်မဟုတ်လား...၊ နယ်စပ်ရောက်တော့ ကျွန်တော့်တာဝန်... ထားလိုက်ပေါ့..."ဟု တရုတ်လျှောင်မီးက ပြောလေ၏။

ထို့နောက်တွင်ကား မောင်စံဖိုးနှင့် တရုတ်လျှောင်မီးတို့သည် အား မုံရွာမြို့ရှိ ကြင်စာရီအား ဖိုးသူတော်ကြီး ဦးရယ်မောက ခေါ်ခိုင်းသည်ဆိုကာ ခေါ်ထုတ်သွားကြလေတော့၏။

နယ်စပ်သို့ ရောက်သောအခါ ကြင်စာရီအား လျှောင်မီးလက်သို့အပ်ပြီးလျှင် မောင်စံဖိုးသည် မန္တလေးသို့ ပြန်ခဲ့လေတော့၏။ မန္တလေး၌နေထိုင်၍ အခြေအနေအရပ်ရပ်ကို စုံစမ်းပြီးနောက် ဦးရယ်မောနှင့် ချိန်းဆိုထားသည့် ရွှေညောင်မြို့ရှိ အင်္ဂရိတ်ဆရာကြီးအိမ်သို့ တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့အမီ ပြန်သွားလေတော့သည်။

မောင်စံဖိုးသည် တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့၌ ရွှေညောင်မြို့ အင်္ဂရိတ်ဆရာကြီးအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့၏။ ထိုနေ့တွင် ဦးရယ်မောကြီး ရောက်ရှိမလာပေ။ မောင်စံဖိုးက နောက်တစ်ရက် စောင့်ကြည့်ပြန်၏။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်၌လည်း ဖိုးသူတော်ကြီး ရောက်မလာပေ။ တစ်ပတ်စော ကြည့်ပြန်၏။ ဖိုးသူတော်ကြီး ရောက်မလာသေးပေ။ မောင်စံဖိုးသ နောက်ထပ်တစ်လစောင့်ကြည့်ပြန်၏။ တစ်လပြည့်သည့်တိုင်အော လည်း ဖိုးသူတော်ကြီးသည် ရောက်ရှိလာခြင်း မရှိပေ။

ထိုအခါကျမှပင် မောင်စံဖိုးသည် ဖိုးသူတော်ကြီးလာမည်မဟု တော့ကြောင်း ရိပ်မိလေ၏။ ဖိုးသူတော်ကြီးသည် မိမိမသိအော ရွှေသေတ္တာကြီးဝှက်ထားရာဆီသို့ တစ်ယောက်တည်း ထွက်သွားခဲ့ ဟု သဘောပေါက်လေ၏။ ထိုသို့ ထွက်သွားလျှင်လည်း ဖိုးသူတေ ကြီးသည် ရေတံခွန်အနီး၌ မိမိတို့ဝှက်ထားခဲ့သော ရွှေရောင်သေတ္တ ကြီးကို တွေ့ရလိမ့်မည်မဟုတ်ပေ။ ထိုရွှေရောင်သေတ္တာကြီးအာ ခါးကုန်းကြီးသည် နေရာရွှေ့၍ထားပြီး ဖြစ်လိမ့်မည်ဖြစ်ကြောင်း တွေ မိသောအခါ၌ မောင်စံဖိုးသည် ကျေနပ်သွားလေတော့၏။

မိမိက ဖိုးသူတော်ကြီးအား တစ်ကွက်ကျော်၍ ထားခြင်းသည် မှန်ကန်ကြောင်း၊ ယိုသို့ တစ်ကွက်ကျော်၍ မထားပါက ဖိုးသူတေ ကြီးလက်သို့ ရွှေရောင်သေတ္တာကြီး ပါသွားမည့်အရေးကို တွေးတ မောင်စံဖိုး၏စိတ်၌ 'တယ်တော်တဲ့ ငါပါလား'ဟု ထင်မှတ်နေ တော့သတည်း…။



# ကြွင်စာရီကို ပြန်ပို့ပြီ

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ခါးကုန်းကြီးဖမ်း ထားသော ကျောက်ဂူအတွင်းမှ မိန်းကလေးတစ်ဦးအား ကယ်ဆယ် ခဲ့ကြောင်းကို ဤဝတ္ထု၏ 'မင်းလေးပါး'ဟူသော ခေါင်းစဉ်အောက်၌ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

အောက်တွင် ရေးသားဖော်ပြလတ္တံ့သော အကြောင်းအရာတို့ မှာ ထိုအခန်းမှ အဆက်ဖြစ်ပေသည်။

စာရေးသူ

စနေမောင်မောင်၊ ဘွန်ဟောင်းနှင့် မိန်းကလေးတို့သည် တော လမ်းအတိုင်း ဖြတ်ခဲ့ကြရာ နံနက်မိုးလင်းသောအခါ၌ ဂူပေါက်ကြီး ဆီသို့ ရောက်ရှိခဲ့လေ၏။ ထိုဂူပေါက်ကြီးမှာ စနေမောင်မောင်တို့ ဖြတ်၍ဝင်ခဲ့သော ဂူပေါက်ကြီးဖြစ်ပေသည်။

"ဘယ်လိုလဲ… မိန်းကလေး၊ ဒီဂူပေါက်ကြီးထဲ ဝင်ရမယ်…၊ ဝင်ရဲပါ့မလား…"ဟု ဘွန်ဟောင်းက မေးလေ၏။

"ဘာများ မဝင်ရဲစရာရှိလဲကွာ…၊ သူနေခဲ့ရတာက ဂူထဲမှာပဲ ဥစ္စာ…"ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ကျွန်မ နာမည် 'ကြွင်စာရီ'လို့ ခေါ်ပါတယ်…"ဟု ပြောလိုက် လေ၏။

"ကြွင်စာရီတဲ့လား…၊ ဒါဖြင့် နင့်ယောကျ်ားက မောင်ကံပေါ့" ဟု ဘွန်ဟောင်းက နောက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို... ဘယ်ကလာ ယေကျာ်းရှိမှာတုန်း...၊ ကျွန်မအဖိုးပါ..." ဟု ကြင်စာရီက ရှက်သွေးဖြာသော မျက်နှာဖြင့် ပြောလိုက်လေ၏။

"နေစမ်းပါဦး ကြင်စာရီရဲ့...၊ မင်းကို ဒီကိုဖမ်းပြီး ပို့ထားတာ ဘယ်သူပို့ထားတာလဲ..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ကိုစံဖိုးနဲ့ လျှောင်မီးဆိုတဲ့ တရုတ်တစ်ယောက် ကျွန်မကို လိမ်ခေါ်လာပြီး ဒီမှာပိတ်ထားတာပါ..."ဟု ကြင်စာရီက ဖြေလေ၏။

"ဘယ်လိုလိမ်တာလဲကွဲ့...၊ ပြောစမ်းပါဦး..."ဟု စနေမောင်မောင်က ထပ်၍မေးလျှင်...

ကြင်စာရီက...

"ကျွန်မဦးလေးနဲ့ ကျွန်မ... မတွေ့ရတာကြာပြီ...၊ ဦးလေးက ခေါ်ခိုင်းလိုက်တယ်ဆိုပြီး... ကိုစံဖိုးနဲ့ လျှောင်မီးက လာခေါ်တာမဲ့" ဟု ကြင်စာရီက ပြောလေ၏။

"မင်းဦးလေးက ဖိုးသူတော်ကြီးလား..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ဟုတ်ပါတယ်ရှင့်...၊ ကျွန်မကိုလာခေါ်တုန်းက ကိုစံဖိုးက ဖိုးသူတော်ယောင်ဆောင်ပြီး လာခေါ်တဲ့အတွက်... ကျွန်မယုံမိတာပေါ့..."ဟု ကြင်စာရီက ပြောလေ၏။

"ဖိုးသူတော်ယောင်ဆောင်လာတယ် ဟုတ်လား...၊ မောင်စံဖိုးက ဖိုးသူတော်အစစ်မဟုတ်ဘူးလား..."ဟု စနေမောင်မောင်က မသိဟန်ပြု၍ မေးလိုက်လေ၏။

"ဘယ်ကလာ... ဖိုးသူတော်အစစ်ဟုတ်ရမှာတုန်း...၊ ညစာလဲစားတယ်...၊ အရက်လည်းသောက်တယ်...၊ သူလား... ဖိုးသူတော်၊ ဟွန်း... လူယုတ်မာ... ထွီ..."ဟု ကြင်စာရီက ဒေါနှင့်မောနှင့် ပြန်၍ ဖြေလိုက်လေ၏။





ထိုအခါ စနေမောင်မောင်သည် ဘွန်ဟောင်းဘက်သို့လှည့်ကာ

"ဘွန်ဟောင်းရေ... ဖိုးသူတော်ကြီးနဲ့ မောင်စံဖိုးတို့ကတော့ တစ်ယောက်ကိုတစ်ယောက် တစ်ပတ်ရိုက်ကုန်ကြပြီထင်တယ်ကွ..." ဟု ပြောပြီးလျှင်...

မိန်းကလေးဘက်သို့လှည့်ကာ...

"ဒါနဲ့နေစမ်းပါဦး မိန်းကလေး...၊ ခါးကုန်းကြီးက မင်းဆီကို မကြာခဏလာတာပဲလား..."ဟု မေးလိုက်လေ၏။

"လာပါတယ်...၊ အစားအသောက်တွေ လာပို့ပါတယ်တယ်...၊ အဝါရောင်ပိတ်စနဲ့ချုပ်ထားတဲ့ အကျႌတွေ... လုံချည်တွေလဲ လာပို့တယ်..."ဟု ကြင်စာရီက ပြောလိုက်လေ၏။

"မင်း... ဘာဖြစ်လို့ ထွက်မပြေးတာလဲ..."ဟု ဘွန်ဟောင်းက ဝင်၍မေးလိုက်လေ၏။

"ကျွန်မ... လမ်းမှမသိဘဲ၊ ဘယ်ကိုပြေးရမှာတုန်း...၊ ပြီးတော့ ကျွန်မအနေနဲ့ ဂူဝမှာလဲ ခါးကုန်းကြီးရဲ့မြွေကြီးက ကျွန်မကိုစောင့်နေတယ်လေ...၊ မနေ့ကတော့ ဘယ်လိုဖြစ်တယ်မသိဘူး... မြွေကြီးထွက်သွားတယ်...၊ ကျွန်မလဲ ထွက်ပြေးသင့်...၊ မပြေးသင့် စဉ်းစားသေးတယ်...၊ နောက်ဆုံးမှာ ကျောက်ဂူထဲနေရတာ ပျင်းလွန်းလို့ ထွက်ပြေးခဲ့တာပေါ့...၊ သိပ်တောင်မပြေးခဲ့ရပါဘူး... ရှင်ရယ်၊ မြွေကြီးနဲ့ မျက်နှာချင်းဆိုင်တွေ့တော့တာပဲ၊ ကျွန်မလဲ ကြောက်ပြီး ရပ်နေလိုက်တာ၊ မြွေကြီးက ကျွန်မကို လာပြီးပတ်တော့တာပဲ...၊ ကျွန်မဖြင့် ကြောက်လိုက်တာ အူတွေအသည်းတွေ ပြောင်းပြန်လည်ကုန်သလားတောင် မပြောတတ်ဘူး..."ဟု ကြင်စာရီသည် ကိုယ်ကိုတွန့်၍ ပြလေ၏။

"ဒါနဲ့နေစမ်းပါဦး ကြင်စာရီရဲ့...၊ ဒီကျောက်ဂူကြီးကို ခေါ်လာတာက လျှောင်မီးဆိုတဲ့ တရုတ်မဟုတ်လား..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်...၊ ကိုစံဖိုးက လမ်းတစ်ဝက်က ပြန်သွားပါတယ်၊ လျှောင်မီးက ကျွန်မကိုခေါ် လာတာပါ...၊ လျှောင်မီးနဲ့ခါးကုန်းကြီးဟာ ကျွန်မကို ကျောက်ဂူထဲမှာထည့်ထားဖို့ စီမံတော့တာပဲ"ဟု ကြင်စာရီက ပြန်၍ပြောလေ၏။

"မင်းကို... သူတို့က ဘယ်တော့ပြန်လွှတ်မယ်ပြောသတုန်း..."ဟု စနေမောင်မောင်က ထပ်၍မေးလိုက်လေ၏။

"ကျွန်မကို ပြန်လွှတ်မယ့်ရက်လား"ဟု ကြင်စာရီက မေးလေ၏။

"အေး... ဟုတ်တယ်..."ဟု စနေမောင်မောင်က ဖြေလေ၏။

"ကျွန်မဦးလေး ဖိုးသူတော်ကြီးကို ဖမ်းမိရင် လွှတ်ပေးမယ်လို့ ပြောတာပဲရှင့်..."

"ငါတို့... တစ်ခုပဲသိချင်တယ်၊ မင်းသွားချင်တဲ့နေရာကို ငါတို့ လိုက်ပို့မယ်...၊ ခါးကုန်းကြီးတို့... မောင်စံဖိုးတို့ဟာ ပစ္စည်းတစ်ခုကို ဝှက်ထားကြတယ်ကွ...၊ အဲဒါ ဘယ်နားမှာ ဝှက်ထားတယ်ဆိုတာ မင်းသိသလား..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"မသိပါဘူး...၊ ဒါပေမယ့် ခါးကုန်းကြီးနဲ့ လျှောင်မီးက ကျွန်မကို တရုတ်လိုတတ်သလားလို့ မေးတယ်...၊ ကျွန်မက မတတ်ဘူးလို့ ပြောတော့ ကျွန်မရှေ့မှာ သူတို့အချင်းချင်း တရုတ်လိုပြောကြတယ်၊ သူတို့ပြောတာတွေ အကုန်လုံးကို ကျွန်မမသိပါဘူး...၊ ဒါပေမယ့် ကျွန်မသိတဲ့ စကားတစ်ခွန်းတော့ပါတယ်...၊ အဲဒီစကားက 'ဒေါင်းရေတံခွန်'ဆိုတဲ့ စကားပဲ..."ဟု ကြင်စာရီက ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"တော်ပါပြီ... ကြင်စာရီ၊ ငါတို့နဲ့ ပျော်ပျော်ပါးပါးလိုက်ခဲ့ပါ...၊ မင်းကို ငါတို့စောင့်ရှောက်ပြီး... ခေါ် သွားပါ့မယ်၊ ပြီးတော့ မင်းသွားချင်တဲ့နေရာကိုလဲ ပို့ပေးပါ့မယ်..."ဟု ပြောလိုက်လေ၏။

ထိုအခါ ကြင်စာရီသည် ပျော်ရွှင်စွာ သီချင်းဆိုလေတော့၏။



စနေမောင်မောင်က ဘွန်ဟောင်းအား...

"ဒေါင်းရေတံခွန်ဆိုတာကို ရှာကြရအောင်ကွာ..."ဟု ပြောလိုက် င်...

ဘွန်ဟောင်းက...

"အဲဒီရေတံခွန်တွေ့ရင်တော့... ပစ္စည်းတွေ့ဖို့ သေချာနေပြီ င်တယ်ဆရာကြီး..."ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့သုံးဦးသည် ဒေါင်းရေတံခွန်ဆိုသည်ကို စတင် ဖွေကြလေတော့သည်။ ငါးမိုင်ပတ်လည်အတွင်း၌ပင် ရေတံခွန် မြောက်အမြားကို တွေ့ရလေ၏။ သို့ရာတွင် မည်သည့်ရေတံခွန် ည် ဒေါင်းရေတံခွန်ဖြစ်သည်ဟု မခန့်မှန်းနိုင်ကြဘဲ ရှိလေ၏။ ၎င်း သုံးဦးသည် ပါလာသောမုန့်များကို ဖြေ၍စားကြလေ၏။ စမ်းချောင်း စ်ခုအနီးတွင် အမောပြေ အိပ်စက်ကြလေ၏။ ဤသို့နှင့်ပင် ညနေ င်းသို့ ရောက်ရှိသွားလေတော့၏။ ညနေပိုင်းသို့ ရောက်သောအခါ ရေတံခွန်တစ်ခုဆီသို့ ဒေါင်းများ အုပ်လိုက်ပျံဝဲလာသည်ကို ဝမ်း သာဖွယ်ရာ တွေ့ရလေ၏။

ထိုအခါ ကြင်စာရီက...

"ဒေါင်းရေတံခွန်ဆိုတာ ဟောဟိုဟာကြီးဖြစ်မှာပေါ့...၊ ဒေါင်း တွေအများကြီး ပျံလာနေကြပြီပဲ..."ဟု ပြောလိုက်လေ၏။

"ဒါပေါ့... ကြင်စာရီရယ်...၊ အဲဒီရေတံခွန်ကိုသွားပြီး ပစ္စည်းကို ရှာကြတာပေါ့..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သုံးဦးသည် ဒေါင်းများ အုပ်လိုက်ဆင်းနေ သောရေတံခွန်ကြီးဆီသို့ သွားရောက်၍ ရွှေရောင်ခေါင်းကြီးကို ရှာဖွေ ကြလေတော့၏။ ညပိုင်းသို့ရောက်သောအခါ၌ ရေတံခွန်အောက်ရှိ ဂူကြီးအတွင်းသို့ ဝင်ကြရာ ဂူကြီး၏အောက်ခြေ၌ တစ်စုံတစ်ဦး တူး ထားသော တွင်းကြီးနှင့်တကွ မြေစာများကို တွေ့ရလေ၏။ ရွှေရောင်ခေါင်းကြီးကိုမူ အစအနမျှပင် မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



စနေမောင်မောင်သည် စီးကရက်ကို မီးညှိရှိုက်ဖွာရင်း အောက်ပါအတိုင်း ပြောလိုက်လေ၏။

"မောင်စံဖိုးနဲ့ ဖိုးသူတော်ကြီးဟာ… ရွှေရောင်သေတ္တာကြီးကို ဒီမှာလာပြီး ဝှက်ကြလိမ့်မယ်ကွ…၊ ပြီးတော့မှ… နှစ်ယောက်အတူ ပြန်သွားကြလိမ့်မယ်…၊ အဲဒီလိုပြန်သွားတဲ့အခါမှာ မောင်စံဖိုးဟာ သူ့ရဲ့ခါးကုန်းကြီးကို နေရာရွှေ့ခိုင်းထားလိမ့်မယ်…၊ ဖိုးသူတော်ကြီးနဲ့ နှစ်ယောက်အတူတကွ ဒီပစ္စည်းကို လာယူတဲ့အခါမှာ ပျောက်နေတာကို တွေ့ရလိမ့်မယ်…၊ မောင်စံဖိုးအနေနဲ့ကတော့ 'ကျုပ်လည်းမသိဘူးလေ…၊ ခင်ဗျားနဲ့အတူ ပြန်သွားတာပဲ…'လို့ ဖိုးသူတော်ကြီးကို ပြောလိုက်ရုံပဲရှိမယ်…၊ သိပ်ပြီး ရယ်ဖို့ကောင်းတဲ့လူတွေဗျာ…"ဟုဆိုကာ…

စနေမောင်မောင်သည် ရယ်မောလိုက်လေတော့၏။

"ဟား… ဟား… ဟား… ဟား…"

စနေမောင်မောင်၏ ရယ်သံသည် လိုဏ်ဂူအတွင်း၌ ဟိန်း၍ပဲ့တင်ထပ်သွားလေတော့၏။ ထိုအချိန်မှာပင် တစ်စုံတစ်ယောက်၏ အသံကို ကြားရလေတော့၏။

"ဒီမှာ စနေမောင်မောင်…၊ ခင်ဗျား ဘယ်ကိုပြေးမတုန်း…၊ ဒီလို အခြေအနေမျိုးမှာ ခင်ဗျား ရယ်နိုင်သေးရဲ့လား…"

စနေမောင်မောင်သည် အသံလာဆီသို့ လှမ်း၍ကြည့်လေ၏၊ ဂူအဝင်ဝ ကျောက်တုံးတစ်ခုပေါ်၌ မတ်တပ်ရပ်ပြီး မိမိအား သေနတ်ဖြင့် ချိန်ထားသော အသားညိုညို လူတစ်ယောက်ကို တွေ့ရလေ၏။

"မောင်ရင်က ဘယ်သူတုန်း…၊ စနေမောင်မောင်အကြောင်း မကြားဘူးဘူးထင်တယ်…၊ စနေမောင်မောင်က ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ် ရယ်နိုင်တယ်ကွ…"ဟု ပြောဆိုကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

ထိုအခါ ကျောက်တုံးပေါ်မှ လူငယ်က…





"ဒီမှာ… စနေမောင်မောင်၊ ကျုပ်လက်ထဲက သေနတ်ဟာ ကလေးကစားစရာ သေနတ်မဟုတ်ဘူး…၊ ပြီးတော့… ကျုပ်ဟာလဲ ခင်ဗျားကို လာပြီးရယ်မောစရာလုပ်နေတဲ့လူ မဟုတ်ဘူး…၊ ခင်ဗျားကို သတ်မလို့ လိုက်ရှာနေတဲ့လူဖြစ်တယ်…၊ ခင်ဗျားသေရတော့မယ်…" ဟု ပြောလိုက်လေ၏။

"ဒီမှာ… သူငယ်ရဲ့ မင်းကလဲ တော်တော်ညံ့တဲ့ကောင်ပဲ…၊ စနေမောင်မောင်ကို သတ်မလို့ ရှာနေတယ်လည်း ပြောရဲ့…၊ စနေမောင်မောင် အကြောင်းလည်း ဘာမှမသိပါလား…၊ စနေမောင်မောင် ဆိုတာ… သေတယ်ဆိုတာ မရှိဘူး…၊ ဟား… ဟား… ဟား… ဟား… နေစမ်း ပါဦး…၊ မင်းက ဘယ်အတွက် ရှာနေတာတုန်း…၊ ပြီးတော့… မင်းက ဘယ်သူတုန်း…"ဟု စနေမောင်မောင်ကမေး၍ စီးကရက် မီးခိုးများကို လိုဏ်ဂူအထက်နံရံဆီသို့ မှုတ်ထုတ်လိုက်လေတော့၏။

"ကျုပ်နာမည် သိချင်လို့လား…၊ ကြာရွက်လို့ခေါ်တယ်…၊ ကလေးတွေကို ဂရမ္မာသင်ပေးတဲ့အတွက် အများကတော့ ဂရမ္မာကြာရွက်လို့ခေါ်တယ်…၊ ခင်ဗျားကို ဘာကြောင့်သတ်ရမလဲသိလား၊ ကျုပ်အဖေအတွက် သတ်ရမှာပဲ…၊ ကျုပ်အဖေ ဘယ်သူလဲ…၊ ခင်ဗျားသိလား…၊ ဟောဒီကဗျာလေးကို နားထောင်မိရင် ဘယ်သူလဲဆိုတာ သိမှာပါ…"ဟု ဆိုကာ…

လူငယ်သည် 'လမ်းမကြီးမှာ မုခ်တံခါးမရှိပါ…'ဟူသော ကဗျာတစ်ပုဒ်ကို အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုပြလိုက်လေ၏။

"သြော်…၊ သိပြီ… သိပြီ၊ ဒီအတွက်လား…၊ မှန်တာပေါ့… ငါ့လူရာ…၊ ကိုယ့်အဖေတစ်ယောက်လုံးကို ဒုက္ခရောက်အောင် လုပ်ထားတဲ့လူတစ်ယောက်ကို ရှာရပေမပေါ့…၊ တွေ့ရင်လဲ ထိုက်ထိုက်တန်တန်ဒုက္ခတွေ ပြန်ပေးရမှာပေါ့…၊ ဖြစ်နိုင်ရင် သတ်ပစ်ရမှာပေါ့"

မရမ်းတလင်းစာပေ

www.burmeseclassic.com



ဟု စနေမောင်မောင်က အေးအေးဆေးဆေးပြောလိုက်လေ၏။

"ဟုတ်တယ်...၊ ခင်ဗျားကို သတ်ဖို့လိုက်လာတာပဲ..."ဟု ဂရမ္မာကြာရှက်က ဒေါနှင့်မောနှင့် ပြောလိုက်ပြီးလျှင် သေနတ်မောင်းကို ချောက်ခနဲ တင်လိုက်လေတော့၏။

"သတ်တာ အကြောင်းမဟုတ်ဘူးကွာ...၊ တစ်ခုပဲရှိတယ်...၊ မင်းတို့ဟာ ကိုယ့်အဖေကိုလုပ်တာ ဘယ်သူမှန်းလည်း သေသေချာချာ မသိဘဲ နဲ့... အစ်မတော်ဆိုတဲ့ မိန်းမတစ်ယောက်က 'မင်းအဖေကို-စနေ မောင်မောင်ဆိုတဲ့ လူတစ်ယောက်က မျက်စိကန်းအောင် ဆွံ့အ သွားအောင် လုပ်တယ်လို့ ပြောတဲ့စကားလေးတစ်ခုနဲ့ သတ်မယ် ဆိုတာကတော့... မှားတာပေါ့ကွာ...၊ မင်းအဖေကို လူတစ်ယောက် က မျက်စိကန်းအောင်...၊ ဆွံ့အသွားအောင်-လုပ်ခဲ့တာလည်းအမှန်ပဲ ကွ...၊ အဲဒီလိုလုပ်ပြီး သူဟာ-စနေမောင်မောင်လို့ ပြောသွားတာလဲ အမှန်ပဲကွ...၊ ဒါပေမယ့် ငါမဟုတ်ဘူးကွ...၊ ငါ့နာမည်ကိုသုံးပြီး လူ တစ်ယောက်က မင်းအဖေကို ဒုက္ခိတဖြစ်အောင် လုပ်သွားတာနဲ့ပဲ ငါက အသတ်ခံရတော့မှာလား...၊ ဒါတွေပြောနေတာ သေရမှာကြောက်လို့ ပြောနေတာမဟုတ်ဘူး... ဂရမ္မာဆရာလေးရဲ့ မင်း-စဉ်းစားပုံစဉ်းစားနည်းက သဒ္ဒါဝါကျမညီညွတ်လို့ ပြောနေရတာ-ကဲ... ငါပြောစရာရှိတာတော့ ပြောပြီးပြီ...၊ ကျန်တာကတော့ မင်းကိစ္စပဲ...၊ မောင်းဖြုတ်ချင်ဖြုတ်နိုင်တယ်...၊ မဖြုတ်ဘဲ နေချင်နေနိုင်တယ်...၊ ငါ့အဖို့ကတော့ ဘာမှမထူးပါဘူး...၊ သေတယ်ဆိုတာ အိုးအရာလေးပြောင်းသွားတာပါကွ၊ ထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး..."ဟု စနေမောင်မောင် ပြောလိုက်လေတော့၏။

ဂရမ္မာကြာရှက်သည် စနေမောင်မောင်၏စကားကြောင့် အနည်းငယ်တွေဝေ၍ သွားလေတော့၏။ ထိုအချိန်မှာပင် ကျောက်တုံးကြီးတစ်တုံးသည် ဂရမ္မာကြာရှက်၏ခါးကို လာရောက်၍ ထိမှန်လေ၏။



ဂရမ္မာကြာရှက်လည်း သေနတ်မောင်းကို ဒိုင်းခနဲ ဖြုတ်ချလိုက်လေတော့၏။ ကျောက်ဂူကြီးအတွင်း၌ ဟိန်း၍သွားလေတော့၏။

အနည်းငယ်ယိုင်သွားသောကြောင့် စနေမောင်မောင်ကိုမူ ထိမှန်ခြင်းမရှိချေ။ ကြာရှက်သည် ကိုယ်ကိုပြန်မတ်၍ သေနတ်ဖြင့် ပြန်၍ချိန်၏။ သို့ရာတွင် ၎င်း၏ပြုချက်များသည် စနေမောင်မောင်၏ ပေါ့ပါးလျင်မြန်မှုနှင့် နှိုင်းစားလိုက်လျှင် လွန်စွာနှေးကွေးနေလေတော့၏

စနေမောင်မောင်သည် ကြမ်းပြင်မှနေ၍ ကျောက်တုံးပေါ်တွင် ဒယီးဒယိုင်ဖြစ်သွားသော ဂရမ္မာကြာရှက်၏ မျက်နှာအား ခြေဖြင့် ကန်လိုက်ပြီးဖြစ်ပေ၏။ ဂရမ္မာကြာရှက်လည်း နောက်သို့ လန်ပြီး ကျသွား လေ၏။ သေနတ်လည်း လွင့်ထွက်သွားရလေ၏။ ထိုသေနတ်ကို ဘွန်ဟောင်းက ကောက်ယူပြီးဖြစ်၏။ ထိုအခါ စနေမောင်မောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိရင်း ဂရမ္မာကြာရှက်၏မျက်နှာကို သေသေချာချာ ကြည့်လိုက်ပြီးလျှင်...

"အလကား ကောင်လေး...၊ လက်စားချေတာ ကောင်းကောင်း မချေတတ်ဘဲနဲ့...၊ သူများမြှောက်ပေးတာနဲ့ လာတဲ့ကောင်...၊ မင်းကို မသတ်ပါဘူး..."ဟု စနေမောင်မောင်က ပြောဆိုကာ ကျောက်ဂူအပြင်ဘက်သို့ ထွက်သွားလေ၏။ ဘွန်ဟောင်းလည်း လိုက်ပါလာ၏။

ကျောက်ဂူအပြင်သို့ ရောက်သောအခါ...

"ဘွန်ဟောင်းရယ်... သေနတ်တော့ပေးခဲ့ပါကွာ...၊ သူခမျာ သနားပါတယ်...၊ တောကြီးမျက်မည်းထဲမှာ အန္တရာယ်လည်း များပါတယ်..."ဟုဆိုသဖြင့်...

ဘွန်ဟောင်းလည်း သေနတ်ကျည်ဆန်များကိုထုတ်ကာ ကျည်ဆန်ကို တစ်နေရာ၌ထားပြီး သေနတ်ကို ဂရမ္မကြာရှက်ထံသို့ ပစ်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂူအပြင်သို့ရောက်လျှင်...

ကြြင်စာရိက...

"ကျေပြီနော်..."ဟု စနေမောင်မောင်အား ပြောလိုက်လေ၏။

"အေး...၊ အေး... ကျေပြီ၊ ငါက... မင်းအသက်ကို မြွေကြီးပါးစပ်ထဲကနေ တစ်ခါကယ်လိုက်တယ်...၊ မင်းက... ငါ့အသက်ကို ဂရုမ္မာဆရာလက်ထဲက တစ်ခါကယ်လိုက်တယ်...၊ ကျေပြီပေါ့ ကြြင်စာရိ..." ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

၎င်းတို့သုံးဦးသည် တောအုပ်ကြီးအတိုင်း ပြန်လည်၍ လျှောက်သွားလေတော့၏။

လမ်းတွင် စနေမောင်မောင်က...

"ခါးကုန်းကြီးကို သတ်ပစ်လိုက်တာမှားတယ်...၊ ရွှေရောင်သေတ္တာကြီးကို သူတာ... နေရာရွှေ့ထားတဲ့လူပဲ၊ သူက လူ့လောကမှာ မရှိတော့ဘူးဆိုတော့... ကမ္ဘာပေါ်မှာ ရွှေရောင်သေတ္တာကြီး... ဘယ်နေရာရောက်နေတယ်ဆိုတာ သိတဲ့လူ တစ်ယောက်မှ မရှိတော့ဘူး တစ်ခုပဲရှိတယ်...၊ ခါးကုန်းကြီးဟာ သူကိုယ်တိုင်မဝှက်ဘဲ သူညီ လျှောင်မီးကို ပေးလိုက်လို့ လျှောင်မီးက သွားပြီးဝှက်တယ်ဆိုရင်တော့ နီးစပ်ဖို့ ရှိသေးတယ်..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ဘွန်ဟောင်းကမူ တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ လိုက်ပါ၍ လာခဲ့၏။ ၎င်းတို့သည် သုံးရက်တိုင်တိုင် တောလမ်းကို ဖြတ်ကြလေ၏။ ထို့နောက် လားကုန်သည်များသွားရာ ကျောက်တောင်လမ်းသို့ ရောက်ကြလေတော့၏။ ထိုနေရာသို့အရောက်တွင် လင်းတများ ဝဲနေသည်ကို တွေ့ရသဖြင့် သွားရောက်ကြည့်ရှုရာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော လူတစ်ဦး၏အလောင်းကို တွေ့ရလေတော့၏။

"ဓားပြတွေ သတ်သွားတာဖြစ်မယ်..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ဘွန်ဟောင်းကမူ ခေါင်းကိုသာ ညိတ်လိုက်လေ၏။ ကြြင်စာရိ





သည် ၎င်းတို့၏အနီးသို့ရောက်လာပြီးလျှင် ၎င်းတို့နှင့်အတူ အလောင်းကို ငုံ့ကြည့်လေ၏။

"ဩော်... သူက ဒီမှာလာပြီး သေနေတာကိုး"ဟု ပြောလိုက်ရာ ဘွန်ဟောင်းက...

"နင့်အမျိုးလား..."ဟု မေးလိုက်လေ၏။

'ဘယ်ကလာ အမျိုးရမှာလဲ...၊ ခါးကုန်းကြီးရဲ့ညီ လျှောင်မီးလေ...၊ ကျွန်မ သေသေချာချာ မှတ်မိပါတယ်...၊ သူ့လက်မှာ ရွက်လှေပုံလေးရှိတယ်..."ဟု ပြောဆိုကာ လျှောင်မီး၏လက်မှ ရွက်လှေပုံလေးကို ညွှန်ပြလိုက်လေ၏။

စနေမောင်မောင်သည် ပြုံးလိုက်လေ၏။

"ခါးကုန်းကြီးကိုယ်စား လျှောင်မီးက... ရွှေရောင်သေတ္တာကို ဝှက်တယ်ဆိုရင်လည်းပဲ... လျှောင်မီးပါ မရှိတော့ပြန်ဘူး...၊ ဒီကမ္ဘာကြီးမှာ ကျုပ်တို့ရှာနေတဲ့ သေတ္တာကြီး... ဘယ်နေရာရောက်နေတယ် ဆိုတာကို သိတဲ့လူ တစ်ယောက်မှ မရှိတော့ဘူး..."ဟု စနေမောင်မောင်က ပြော၍ ဘွန်ဟောင်းဘက်သို့ လှည့်လိုက်ရာ...

ဘွန်ဟောင်းက...

"အလွန်ခက်ခဲတဲ့ ပဟေဠိပဲ... ဆရာကြီး၊ အဲဒီပဟေဠိကိုတော့ ဆရာကြီးပဲ ဖြေရမှာပဲ..."ဟု ပြောလိုက်လေတော့၏။

"အေးလေ... ဘယ်မှာဝှက်ထားဝှက်ထား၊ တွေ့အောင်တော့ လိုက်ရမှာပေါ့ကွာ...၊ လျှောင်မီးဝှက်တယ်ဆိုရင်တော့ သေတ္တာကြီးကို လားနဲ့သယ်မှာပဲကွ...၊ လားသွားလို့ရတဲ့လမ်းနဲ့ သိပ်မဝေးတဲ့နေရာတွေကို စဉ်းစားရမှာပဲ...၊ အဲဒီတော့ ဒီလမ်းတစ်လျှောက် တောင်ဘက်ကို ခရီးသွားရင်း စဉ်းစားမယ်ကွာ...၊ ရှာသင့်တဲ့နေရာကို ရှာမယ်...၊ မြန်မာပြည်နဲ့နီးတဲ့နေရာကို ရောက်လို့ရှိရင် ကြြင်စာရိကို ပြန်လွှတ်လိုက်မယ်...၊ အဲဒီလမ်းတစ်လျှောက်မှာ မတွေ့ရင် မြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို သွားကြည့်မယ်...၊ အဲဒီမှာ မတွေ့ရင် လားသွားတဲ့လမ်း အတိုင်း အရှေ့ဘက်ကိုသွားမယ်...၊ ပြီးရင် အနောက်ဘက်တစ်ကြော ကိုရှာမယ်..."ဟု စနေမောင်မောင်က ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"အိုကေ..."ဟု အော်လိုက်လေတော့၏။

ထို့နောက် ၎င်းတို့သုံးဦးသည် လားကုန်သည်များ သွားရာလမ်း အတိုင်း တောင်ဘက်ဆီသို့ တရွေ့ရွေ့လာခဲ့ကြ၏။ မသင်္ကာသော နေရာများ၌ ဝင်ရောက်ရှာဖွေကြည့်လေ၏။ ဤသို့နှင့်ပင် မြန်မာပြည် ၏နယ်စပ်တစ်နေရာသို့ ရောက်ရှိကြလေတော့၏။

"ကဲ... ဘွန်ဟောင်း၊ ရိက္ခာနဲ့ လိုအပ်တဲ့ပစ္စည်းလေးတွေဝယ်ရင်း ကြင်စာရီကိုလဲ ပို့ရင်းနဲ့ သွားပေဦးတော့..."ဟုဆိုကာ စေလွှတ်လိုက် လေတော့၏။ ၎င်းကမူ ရွာကလေးတစ်ရွာတွင် တည်းခို၍ နေထိုင်ခဲ့ လေတော့၏။

ဘွန်ဟောင်းနှင့် ကြင်စာရီတို့ နှစ်ဦးသာလျှင် ခရီးထွက်သွားကြ လေတော့၏။ ထိုသို့ခရီးထွက်ကာနီး၌ ကြင်စာရီက စနေမောင်မောင် အား...

"ကျွန်မ... မပြန်ချင်ဘူး၊ ရှင်တို့နဲ့လိုက်ချင်တယ်...၊ ရှင်တို့နဲ့ ခရီးသွားရတာ ပျော်တယ်..."ဟု ပြောလေ၏။

သို့ရာတွင် စနေမောင်မောင်က...

"မဖြစ်ဘူး... ကြင်စာရီ၊ အန္တရာယ်သိပ်များတယ်၊ ပြန်ပါကွယ်" ဟု ချော့မော့၍ ပြန်လွှတ်လိုက်လေတော့သတည်း...။



# လူပုကလေးလက်ချက်

တစ်နေ့သ၌ မြန်မာပြည်မြောက်ပိုင်း တောင်တန်းဒေသကလေး ရှိ ညအိပ်တည်းခိုနေထိုင်သော ထမင်းဆိုင်ကလေးတစ်ဆိုင်တွင် လူဆိုးလူမိုက်တို့သည် အရက်သောက်သူကသောက်၏။ ဖဲကစားသူ က ကစား၏။ အော်ဟစ်ဆူပူသူက ဆူပူနေကြ၏။ ဆိုင်အလယ်ခန်းမ ကြီး၌မူ လူငယ်တစ်ဦး၏ ခြေထောက်ကို ကြိုးဖြင့်ချည်၍ မျက်နှာ ကျက်၌ စောက်ထိုးဆွဲထားသည်ကို တွေ့မြင်ရမည်ဖြစ်ပေ၏။ ၎င်း လူငယ်၏ မျက်နှာတစ်ခုလုံးမှာ ထိုးကြိတ်၊ ရိုက်နှက်၊ ကန်ကျောက် ခံထားရသော ဒဏ်ရာဒဏ်ချက်တို့ကြောင့် မြင်မကောင်းအောင် ဖြစ်၍နေလေ၏။ သို့ရာတွင် ၎င်းလူငယ်မှာမူ တစ်စုံတစ်ရာ ညည်း ညူခြင်းမရှိပေ။ နာကျင်ခြင်းဝေဒနာကို သတ္တိရှိစွာ ကြိတ်မှိတ်၍ ခံနေ လေ၏။ ဆိုင်အတွင်း၌ ရှိကြသည့် လူဆိုးလူမိုက်များမှာ ၎င်းတို့၏ မျက်နှာအသီးသီးမှာလည်း ၎င်းလူငယ်အတွက် မည်သို့မျှ ခံစားချက် မရှိကြောင်း သိသာနိုင်လှပေ၏။

သို့ရာတွင် ဦးထုပ်နီဆောင်းထားသော လူထွားကြီးတစ်ဦးမှာမူ စောက်ထိုးဆွဲခံထားရသည့် လူငယ်ကလေး၏မျက်နှာကို ငုံ့ကြည့် လျက် အားရကျေနပ်သော အမူအရာဖြင့် အရသာခံကာ အရက် သောက်လျက် ရှိလေ၏။

ထို့နောက် ၎င်းလူထွားကြီးက...

"ပဝါပါးကို ကြက်သားထုပ်တော့... စွန်းတတ်တာပေါ့ကွာ..."

www.burmeseclassic.com

www.burmeseclassic.com



တူ အရက်သံကြီးဖြင့် အော်၍ ပြောလိုက်လေရာ ဆိုင်ထဲရှိ လူဆိုး လူမိုက်အပေါင်းတို့မှာ လှည့်၍ စိတ်ဝင်စားစွာ နားစွင့်နေကြလေ၏။

"ဟဲ... ဟဲ... တစ်နယ်သားက လူမိုက်လာလုပ်တော့ နာရတာ ပေါ့ကွာ... မဟုတ်လား..."ဟု ဆက်၍ပြောလိုက်ပြန်ရာ တစ်ဆိုင်လုံးရှိ လူဆိုးလူမိုက်အပေါင်းတို့မှာ ၎င်းလူထွားကြီးအား မျက်နှာလိုမျက်နှာရလုပ်ကာ ဝိုင်းရယ်ကြလေ၏။

"ကိုယ့်ရွာမှာနေရင်... ကြက်ဖ၊ သူများရွာသွားရင်... ကြက်မတဲ့ ခု..၊ နံ့ပြည်စုတ်လောက်ရှိတဲ့ ကောင်ကလေးတော့ ဒီမှာလာပြီး ကြက်ဖလုပ်တော့ ဟင်းအိုးထဲ ရောက်တော့မယ်...၊ ဟား... ဟား..." ဟု ဦးထုပ်နီလူထွားကြီးက ပြောလိုက်ပြန်ရာ ဆိုင်ထဲရှိ လူဆိုးလူမိုက် အပေါင်းတို့ကလည်း ဝိုင်း၍ရယ်မောကြပြန်လေ၏။

ထို့နောက် ၎င်းဦးထုပ်နီလူထွားကြီးက မျက်နှာကို တည်လိုက် ပြီးလျှင်...

"ကဲ... မလောက်လေး၊ မလောက်စား အသုဘလေးကို လူညွှန် တုံးအောင် ဖွေးသင်းပစ်ရမယ်..."ဟု ပြောဆိုကာ ထိုင်ရာမှ ထလိုက် လေတော့၏။

ထိုအချိန်၌ပင် တစ်စုံတစ်ယောက်သည် ဦးထုပ်နီလူထွားကြီး၏ ဦးထုပ်ကို ဆွဲယူပြီးလျှင် သူ၏ဖိနပ်မှ ဖုန်များကို တဘုန်းဘုန်း ခါ လိုက်လေတော့၏။

"အို... မိတ်ဆွေကြီး ပြန်လာပြီကိုး..."ဟု ဦးထုပ်နီကြီးက မေး လိုက်လေ၏။

ထိုသူက ဟစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ သူ၏အဖော် လူပု ကလေးဘက်သို့လှည့်ကာ...

"ကိုလူပု... ဒီကောင်ကလေးကို ကြိုးဖြတ်ပေးလိုက်ပါ..."ဟု ဆိုသဖြင့် ချည်နှောင်ထားသော ကြိုးကိုလျော့၍ ဖြည်ပေးနေလေ၏။

ဦးထုပ်နီကြီးသည် ထိုသူ၏ဘက်သို့လှည့်ကာ...

"ဟိုတစ်ခါ... ငါက အငိုက်မိသွားတယ်၊ ဒီတစ်ခါ တွေ့ကြသေး တာပေါ့ မိုးဆွေရယ်...၊ ဒီတစ်ခါ မိုးမဆွေဘဲ... မိုးပြိုအောင်လုပ်ပစ်



မယ်..."ဟု မြန်မာသံပီပီသသကြီးဖြင့် ကြိမ်းမောင်းလိုက်ပြီးလျှင် မိုးဆွေ၏လည်ကုတ်ကို လက်ဖြင့်ဖမ်းဆွဲလိုက်လေ၏။ မိုးဆွေက အသာကလေး ငုံ့၍ရှောင်လိုက်ပြီးလျှင် ဆေးပြင်းလိပ်ကို ပါးစပ်၌ခဲ၍ မီးတို့လိုက်လေ၏။

ဦးထုပ်နီကြီးလည်း ဒေါပွ၍ ရှေ့သို့တိုးလိုက်လေ၏။ မိုးဆွေက မီးတို့ပြီးသော မီးခြစ်ဆံဖြင့် ဦးထုပ်နီကြီး၏မျက်နှာကို ပေါက်လိုက် လေ၏။

ဦးထုပ်နီကြီးသည် မိုးဆွေအား ဖမ်း၍ ဆွဲပြန်လေ၏။ မိုးဆွေက အသာကလေး ရှောင်လိုက်လေ၏။

ထို့နောက် မိုးဆွေက ရှေ့သို့တိုး၍ အကိုင်ခံလိုက်လေ၏။ ဦးထုပ်နီကြီးသည် မိုးဆွေ၏လည်ကုတ်ကို ဖမ်းကိုင်၍ ဆွဲလိုက်လေ ၏။ မိုးဆွေလည်း အလိုက်သင့်ပါ၍သွားလေ၏။ ဦးထုပ်နီကြီးသည် မိုးဆွေ၏လည်ကုတ်နှင့် ပေါင်တစ်ချောင်းကိုကိုင်၍ ဆွဲမြှောက်လိုက် ရာ စွေ့ခနဲ ပါ၍သွားလေ၏။ လူပုကလေးသည် ထိုအဖြစ်အပျက်ကို ကြည့်၍ မျက်လုံးပြူးသွားလေ၏။ သို့ရာတွင် ကိုင်မြှောက်ခြင်းခံထား ရသည့်တိုင်အောင် ဆေးပြင်းလိပ်ခဲလျက်သားရှိသည့် မိုးဆွေကို အံ့သြနေမိလေ၏။

ဦးထုပ်နီကြီးသည် ငယ်သံပါအောင် ရယ်လိုက်လေ၏။

"ဟား... ဟား... ဟား... နံရိုးတွေကျိုးပြီး သေရတော့မယ်၊ ခင်း... ဘာပြောချင်သေးသလဲ..."ဟုလည်း ဦးထုပ်နီကြီးက မေး လိုက်လေ၏။

မိုးဆွေသည် ဦးထုပ်နီကြီးက ၎င်းအား ကိုင်မြှောက်ထားသည် တိုင်ပင် အသိအမှတ်မပြုသည့်အလား ဆေးပြင်းလိပ်ကို ပါးစောင်မှ ထုတ်ကာ တံဆိပ်ကို သေချာစွာ ကြည့်ပြီးလျှင် လူပုကလေးအား...

"ကိုလူပု... ဆေးပြင်းလိပ်က ပေါ့လှချည်လားအောက်မေ့တယ် ခင်ဗျားဝယ်လာတာ... ကျုပ်သောက်တဲ့ 'ဂဠုန်' တံဆိပ်မှမဟုတ်ဘဲ၊ 'ခြင်းလုံး' တံဆိပ်ကြီးပါလား..."ဟု ပြောလိုက်ရာ...

ဆိုင်တွင်းရှိလူများသည် ဝေါခနဲ ရယ်မောလိုက်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးထုပ်နီကြီးသည် စိတ်ဆိုးကာ မိုးဆွေအား လွဲ၍ပစ်လိုက်လေတော့၏။ မိုးဆွေသည် မျက်နှာကျမှ တွဲလောင်းကျနေသော ကြိုးကို ဖမ်း၍ကိုင်လိုက်လေ၏။ ထိုကြိုးမှာ စောစော လူငယ်အား ချည်နှောင်ခဲ့သော ကြိုးဖြစ်ပေ၏။ ဦးထုပ်နီကြီး၏စိတ်၌ ဤသို့လွှဲပစ်လိုက်လျှင် မိုးဆွေသည် ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲကျ၍ နံရိုးကျိုးကာ သေသွားလိမ့်မည်ဟု ထင်ခဲ့၏။ သို့ရာတွင် သူတင်သည့်အတိုင်း ဖြစ်မလာသဖြင့် ဆတ်ခနဲမော့ကြည့်လိုက်ရာ မိုးဆွေသည် ကြိုးဖြင့် လွဲပါသွားသည်ကို တွေ့ရလေတော့၏။ ကြိုးသည် တစ်ဘက်သို့လွှဲပြီး ဦးထုပ်နီကြီးထံသို့ ပြန်၍ရောက်လာလေ၏။ ပြန်ရောက်လာသော အခါ၌ မိုးဆွေသည် ဦးထုပ်နီကြီး၏မေးစေ့ကို ကန်ပြီးဖြစ်နေ၏။ ဦးထုပ်နီကြီးသည် နောက်သို့ယိုင်သွား၏။ မိုးဆွေလည်း ကြိုးနှင့်အတူ တစ်ဘက်သို့ရောက်သွား၏။ တစ်ဖန်ပြန်လာ၏။ ဦးထုပ်နီကြီးလည်း အရိုက်ကို ကန်လိုက်ပြန်၏။ ဦးထုပ်နီကြီးလည်း အရိုက်ကိုလက်ဖြင့် ဖိ၍ ရှေ့သို့ငိုက်၏။ မိုးဆွေသည် ကြိုးနှင့်အတူ ရောက်ရှိလာကာ ကန်ပြန်လေ၏။ မိုးဆွေသည် ကြိုးကိုခိုစီးရင်း ဦးထုပ်နီကြီးအား စိတ်ကြိုက်ကန်၍ နေလေတော့၏။ နောက်ဆုံးတွင် ဦးထုပ်နီကြီးသည် ကြမ်းပြင်ပေါ်သို့ ပုံ၍ကျသွားလေတော့၏။

ထိုအခါ မိုးဆွေက လူငယ်ဘက်သို့လှည့်ကာ...

"လောကမှာ လိမ်မာဖို့က လွယ်တယ်ကွ...၊ ပညာရှိ လူလိမ္မာကြီးတွေ ပြုစုသွားတဲ့ လိမ္မာရေးခြားကျမ်းစာတွေက တစ်ပုံကြီးရှိတယ်၊ မိုက်ဖို့ကတော့ မလွယ်ဘူးကွ...၊ ဘယ်လူမိုက်ကမှ မိုက်နည်းကျမ်း ရေးမသွားဘူး..."ဟု ပြောလိုက်ပြီးလျှင် ၎င်းတို့ငှားထားသောအခန်းသို့ သွားရောက်ကာ အိပ်စက်အနားယူလေတော့၏။

ညဉ့်နက်ပိုင်းသို့ရောက်လျှင် မိုးဆွေက လူပုကလေးအားနှိုး၍

"ကိုလူပု... ထတော့လေဗျာ... သွားကြမယ်..."ဟု ပြောလေ၏။

လူပုကလေးလည်း အိပ်မှုန်စုံမွှားနှင့်ထကာ တူးမီးသေနတ်ကြီးကို ဆွဲလိုက်လေ၏။

"ညကကောင်းကောင်းမအိပ်ရဘူးလား..."ဟု မိုးဆွေက မေး





လေ၏။

"ဘယ်ကလာ... အိပ်ရမှာတုန်း၊ ခင်ဗျားက သေနတ်ရှာပါလို့ ပြောထားလို့ ယာထဲက မုဆိုးအိမ်သွားပြီး သေနတ်ခိုးနေရတယ်လေဗျာ..."ဟု လူပုကလေးက ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် အခြားသူများ မသိစေရန် ထိုနေရာမှ ထွက်ခဲ့ကြလေ၏။ နာရီဝက်ခန့်သွားမိလျှင် ချောင်းကလေး တစ်ချောင်းသို့ ရောက်ရှိလေ၏။ ချောင်း၌ ကူးတို့လှေကလေးတစ်စင်း ကိုလည်း တွေ့ရလေ၏။ ထိုလှေပေါ်၌လည်း ကူးတို့သမားကို တွေ့ ရလေ၏။

"ဟိုဘက်ကိုကူးမယ်...၊ တည့်တည့်မဖြတ်နဲ့...၊ အောက်ဘက်ကို စုန်သွားပြီးမှ ဟိုဘက်ကမ်းကို ကပ်ပေးပါ..."ဟု ပြောကာ လှေပေါ်သို့ တက်လိုက်လေ၏။ လူပုကလေးလည်း လှေပေါ်သို့ တက်လိုက်လေ၏။

ကူးတို့သမားသည် မိုးဆွေပြောသည့်အတိုင်း လှေကိုစုန်၍ သွားလေ၏။ ညဉ့်နက်လှပြီဖြစ်၏။ လလည်းမသာ၊ မှုန်ဝါးဝါးကြယ်ရောင်ဖြင့်သာ မှန်းဆ၍ သွားနေရလေသည်။ မိုးဆွေသည် မီးခြစ်ကိုခြစ်၍ ဆေးပြင်းလိပ်ကို မီးတို့လိုက်လေ၏။

လှေသည် ငါးမိနစ်ခန့် အောက်သို့စုန်သွားမိပြီဖြစ်၏။ မိုးဆွေသည် တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ ကူးတို့သမား၏ခြေထောက်နှစ်ချောင်းကို ဆတ်ခနဲ ဖမ်းကိုင်၍ ရေအောက်သို့ စောက်ထိုးတွဲလောင်းဆွဲလိုက်လေ၏။

"ကိုမိုးဆွေ ဘာလုပ်တာလဲ..."ဟု လူပုကလေးက မေးလေ၏။

"ညနေက ဦးထုပ်နီကြီးလက်က ကျုပ်တို့ကယ်ခဲ့တဲ့ ကောင်လေးဗျ...၊ ဒီကောင်လေးက မရိုးဘူး...၊ ကျုပ်တို့သွားမယ့်လမ်းက ကြိုပြီး ကူးတို့သမားယောင်ဆောင်ပြီး စောင့်နေတာ..."ဟု မိုးဆွေက ပြောလိုက်ပြီးလျှင် ကောင်လေးအား လှေပေါ်သို့ ဆွဲတင်လေ၏။ ကောင်လေးသည် ရေမွန်း၍နေသဖြင့် ကောင်းစွာစကားမပြောနိုင်ဘဲ ရှိလေ၏။ ထိုအခါ လူပုကလေးက မီးခြစ်ခြစ်၍ မျက်နှာကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း... ဘယ်သူလဲ..."ဟု မေးလိုက်၏။

"ကျုပ်နာမည် ပညာ..."ဟု ပြောလေ၏။

"ဘာလုပ်မလို့လဲ..."ဟု မိုးဆွေက မေးလေ၏။

"ခင်ဗျားကို သတ်မလို့... လိုက်ရှာနေတာ၊ ခင်ဗျားဟာ ကျုပ်အဖေနဲ့အစ်ကိုကို သတ်ပစ်တဲ့ မြနန်းနွယ်ရဲ့လူ မဟုတ်လား...၊ ခင်ဗျားကိုသတ်ပြီးရင် မြနန်းနွယ်ကိုပါ သတ်မယ်..."ဟု မောင်ပညာက ပြောလေ၏။

မိုးဆွေသည် မောင်ပညာအား လှေပေါ်မှ တွန်းချလိုက်လေတော့၏။

မောင်ပညာသည် ဝုန်းခနဲကျသွားပြီးနောက် အတော်ဝေးသောနေရာ၌ ခေါင်းကလေးပေါ်လာ၏။ တစ်ဘက်ကမ်းသို့ မျောချ၍နေလေ၏။

လူပုကလေးသည် တူမီးသေနတ်ဖြင့် ဒိုင်းခနဲ လှမ်း၍ပစ်လိုက်လေတော့၏။

မိုးဆွေက...

"မလုပ်နဲ့..."ဟု တားသေး၏။

သို့ရာတွင် လူငယ်ကလေးတစ်ဦးသည် သေနတ်ထိမှန်သောဒဏ်ရာဖြင့် ကိုးရိုးကားရား ဗလုံးဗထွေး ကူးခပ်နေရာမှ ငြိမ်ကျသွားသည်ကို မသဲမကွဲမြင်လိုက်ရလေတော့သတည်း...။

📖 📖 📖





# အနှိပ်သည်နှစ်ဦး

စနေမောင်မောင်သည် ဘွန်ဟောင်းနှင့် ကြင်စာရီအား စေလွှတ်လိုက်ပြီးနောက် ရွာကလေးတစ်ရွာအတွင်းသို့ ဝင်လေ၏။ ပြီးလျှင် ရွာသူကြီးအား ရွှေဒင်္ဂါးနှစ်ပြားပေးကာ တည်းခိုအိပ်စက်ရန်အတွက် အိပ်ရာနှင့် စားသောက်ရန်ကို စီစဉ်လေ၏။ ရွာသူကြီးလည်း ရွာထိပ်လူစုဝေးရာ တည်းအိမ်ကြီး၌ စီစဉ်ပေးလေ၏။ ဆိတ်နို့နှင့်ပြုတ်ထားသော ဆန်ပြုတ်၊ မလိုင်လုံး၊ ငရုတ်ကောင်းမှုန့်ဖြူးထားသော ကြက်ဥကြော်၊ အချဉ်နှင့်အချိုစပ်၍ စိမ်ထားသော ခရမ်းချဉ်သီးစသည်တို့ကို ပြည့်စုံအောင် ပေးလေ၏။

ညပိုင်းသို့ရောက်လျှင် လွန်စွာ နားမချမ်းသာ ဖွယ်ရာကောင်းသော တူရိယာတစ်မျိုးဖြင့် တီးမှုတ်ဖျော်ဖြေလိုက်သေး၏။ ညဉ့်နက်ပိုင်းသို့ ရောက်သောအခါ၌မူ အနှိပ်ကျွမ်းကျင်သော လူနှစ်ဦးက စနေမောင်မောင်အား လာရောက်နှိပ်နယ်ပေးလေ၏။ ထိုနှစ်ဦးသည် စနေမောင်မောင်၏ ခြေသလုံးကြွက်သားများကို လွန်စွာမွှေးကြိုင်သော ဆီဖြင့် နှိပ်နယ်ပေးလေ၏။ ပြီးလျှင် ပေါင်ကိုနှိပ်နယ်ပေးလေ၏။ ညဉ့်နက်သည့်တိုင်အောင် ထိုအနှိပ်သည်နှစ်ဦးသည် စနေမောင် မောင်အား စိတ်ရှည်လက်ရှည် နှိပ်နယ်ပေးနေကြလေ၏။ ညဉ့်နက် ပိုင်းသို့ရောက်သောအခါ၌ ရွာသည် တိတ်ဆိတ်သွားလေတော့၏။ အနှိပ်သည်နှစ်ဦးသည် စနေမောင်မောင်၏ လက်တစ်ဘက်စီကို ဆွဲ၍ နှိပ်နယ်ပေးနေကြလေ၏။ ထိုအချိန်၌ပင် အနှိပ်သည်နှစ်ဦး သည် တစ်ဦးကိုတစ်ဦးမျက်စပစ်ပြပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



စနေမောင်မောင်၏ လည်ပင်းအား ချုပ်ကိုင်လိုက်ကြလေတော့၏။ စနေမောင်မောင်သည် မရုန်းဘဲ ထိုသူနှစ်ဦး၏အပြုအမူကို အကဲခတ်ကြည့်ရှုနေလေ၏။ ထိုလူနှစ်ဦးက စနေမောင်မောင်၏ လည်တိုင်အား လက်မဖြင့် တအားကုတ်လိုက်လေ၏။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ စနေမောင်မောင်အား လည်ပင်းညှစ်သတ်ရန် ဖြစ်၏။ စနေမောင်မောင်သည် မျက်လုံးအနည်းငယ်ပြူး၍ သွားလေ၏။ ထိုနှစ်ယောက်အနက် တစ်ယောက်သော သူက...

"ကျုပ်အဖေကို မျက်လုံးကန်းပြီး... ဆွံ့အသွားအောင် လုပ်ထားတာ ခင်ဗျားကို ဘယ်ကျေလိမ့်မလဲ... စနေမောင်မောင်၊ အခု ခင်ဗျား သေရတော့မယ်...၊ ကျုပ်နာမည် ဘယ်သူလဲသိလား..."ဟု မေးလိုက်လေ၏။

စနေမောင်မောင်သည်ခေါင်းကို အနည်းငယ်ယမ်းလိုက်လေ၏။

"မသိဘူးလား...၊ နာမည်ရင်းက ကြာရွက်...၊ ကလေးတွေကို ဂရမ္မာသင်လို့ ဂရမ္မာကြာရွက်လို့ ခေါ်ကြတယ်..."ဟု ထိုလူက ပြောလိုက်လေ၏။

စနေမောင်မောင်က ခေါင်းကိုအနည်းငယ်ညိတ်ပြလေ၏။

"သိပြီပေါ့...၊ ခင်ဗျား... ဘာပြောချင်သေးလဲ..."ဟု ဂရမ္မာကြာရွက်ဆိုသူက မေးလေ၏။

စနေမောင်မောင်က ခေါင်းကိုခါပြလေ၏။

ထိုအခါ ဂရမ္မာကြာရွက်ဆိုသူက...

"စနေမောင်မောင်...၊ စနေမောင်မောင်နဲ့ နာမည်ကြီးလှတာ ဒီတစ်ခါ... ကျုပ်လက်ချက်နဲ့ အသက်ဆုံးရတော့မယ်..."ဟု ပြောလိုက်လေ၏။

စနေမောင်မောင်က ခေါင်းကို ညိတ်ပြလိုက်လေ၏။

"တစ်ရွာလုံးလဲ အိပ်ကုန်ကြပြီ...၊ ခင်ဗျားကို ကူညီမယ့်လူလည်း တစ်ယောက်မှ မရှိတော့ဘူး..."ဟု ဂရမ္မာကြာရွက်ဆိုသူက ပြောပြန်လေ၏။





ထိုအခါ စနေမောင်မောင်၏ရန်သူများသည် အပိုင်ဖမ်းမိထားသော စနေမောင်မောင်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေ၏။ ၎င်းတို့လက်အတွင်းမှလည်း စနေမောင်မောင်သည် မည်သည့်နည်းနှင့်မျှ လွတ်ထွက်သွားရန်မရှိဟု ခိုင်ခိုင်မာမာ ယုံကြည်ထားကြလေ၏။

စနေမောင်မောင်သည် ပါးနပ်သည်၊ ဖျတ်လတ်သည်ဟု အများသူငါ ပြောခဲ့ကြသည်။ ယခု စနေမောင်မောင်ကို ကြည့်ရသည်မှာ ပါးနပ်ပုံလည်းမရ၊ လျင်မြန်ဖျတ်လတ်ပုံလည်းမရပေ။

၎င်းတို့က အနှိပ်သည်များဖြစ်ကြောင်း၊ ရွာလူကြီးက နှိပ်ပေးရန် စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း ပြောဆိုစဉ်ကလည်း ၎င်းတို့နှစ်ဦးအား စနေမောင်မောင်သည် ကောင်းစွာ အကဲခတ်ခြင်းမရှိခဲ့။ ခေါင်းကိုသာ ညိတ်ပြခဲ့လေ၏။ ၎င်းတို့နှစ်ဦးသည် မွှေးကြိုင်သောဆီများဖြင့် ခြေသလုံးကို နှိပ်မည်ဟု ပြောစဉ်ကလည်း ခေါင်းကိုသာ ညိတ်ပြလေ၏။ ခြေသလုံးကိုနှိပ်ပြီးသောအခါ၌ ပေါင်ကိုနှိပ်မည်ဟု ပြောစဉ်တလည်း စနေမောင်မောင်သည် ၎င်းတို့အကြံအစည်ကို မရိပ်မိ၊ လက်များကို ထိုးပေးလေ၏။ ယခုအခါ၌ စနေမောင်မောင်၏လည်ပင်းအား အပိုင်ဖမ်းထားနိုင်ပြီဖြစ်၏။ စနေမောင်မောင် ပါးနပ်သည် ဆိုသည်မှာ မည်သည့်နေရာတွင် ပါးနပ်ခြင်းဖြစ်သနည်း။

စနေမောင်မောင်ပေါ့ပါးသည်ဆိုသည်မှာ မည်သည့်နေရာတွင် ပေါ့ပါးနေသနည်း၊ စနေမောင်မောင် ဖျတ်လပ်သည်ဆိုမှာ မည်သည့်နေရာတွင် ဖျတ်လတ်သနည်း၊ စဉ်းစား၍ မရနိုင်အောင်ပင် ရှိကြလေ၏။

"ကဲ... ခင်ဗျား သေရတော့မယ်...၊ ဘုရားတရားကိုသာ အာရုံပြုပေတော့..."ဟု ဂရမ္မာကြာရွက်ဆိုသူက ပြောလိုက်လေ၏။

စနေမောင်မောင်က ခေါင်းကိုသာ အသာညိတ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုလူနှစ်ဦးသည် စနေမောင်မောင်၏လည်ပင်းအား ဆတ်ခနဲညှစ်ချလိုက်လေတော့၏။

စနေမောင်မောင်သည် ပါးစပ်ကိုဟ၍ ဝူးခနဲမှုတ်ထုတ်လိုက်လေ၏။ ဂရမ္မာကြာရွက်၏ မျက်နှာတစ်ခုလုံးတွင် ခွဲပစ်သော အနီရောင်အရည်များ လွှမ်းမိုးသွားလေ၏။ ကျန်တစ်ယောက်ကိုလည်း ထိုနည်းအတိုင်း ဆက်တိုက်မှုတ်လိုက်ပြန်ရာ ထိုသူ၏မျက်နှာလည်း အနီရောင်အရည်များ ပေကျံသွားပြန်လေ၏။ ထိုသူနှစ်ဦးသည် မျက်နှာကိုပွတ်လျက် ထွန့်ထွန့်လူး ကြမ်းပြင်ပေါ်သို့ လဲကျသွားကြလေ၏။

စနေမောင်မောင်လည်း ထိုသူနှစ်ဦးအား လုံးဝဂရုမစိုက်ဘဲ သောက်ရေအိုးမှ ရေတစ်ခွက်ခပ်ပြီး ပလုတ်ကျင်းကာ သွားတိုက်နေလေတော့၏။

ပြီးလျှင် ၎င်း၏ ပလက်တီနမ်စီးကရက်ဘူးလေးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိပြီးလျှင် ရှိုက်ဖွာ၍ မီးခိုးများကို မှုတ်ထုတ်ကာ...

"ဂရမ္မာကြာရွက်တဲ့... ဟုတ်လား၊ ဒါပါနဲ့ဆိုရင် ဂရမ္မာကြာရွက်နှစ်ရွက်ရှိပြီပေါ့ကွာ...၊ ဒီဆေးက သိပ်စွမ်းတယ်ကွ...၊ (၂၄)နာရီလောက်တော့ ကောင်းကောင်းအိပ်ပျော်သွားလိမ့်မယ်...၊ ပြန်နိုးလာရင်လဲ စနေမောင်မောင်လိုလူကို ဒီလိုစမ်းလို့ မရဘူးဆိုတာ သင်ခန်းစာရသွားမှာပေါ့ကွာ..."ဟု ဆိုကာ...

စနေမောင်မောင်သည် ထိုနေရာမှ ထွက်သွားလေတော့၏။ ထိုသူနှစ်ယောက်လည်း မျက်လုံးများကို လက်နှစ်ဖက်ဖြင့်ပိတ်ကာ သတိလစ်မေ့မြောကာ ကျန်ရစ်ခဲ့လေတော့သတည်း...။



# ဂျစ်ပစီတို့၏ပြဿနာရပ်

စနေမောင်မောင်သည် ဆယ်ရက်ခန့်ကြာသောအခါ၌ ဂရမ္မာကြာရွက်တို့နှင့် တွေ့ဆုံခဲ့သော ရွာကလေးသို့ ပြန်လည်ရောက်ရှိလာပြီးလျှင် သူကြီးအား ရွှေဒင်္ဂါးတစ်ပြားပေး၍ ယခင်တည်းခိုခဲ့သော နေရာ၌ပင် တည်းခိုခဲ့လေ၏။

စနေမောင်မောင်ရောက်ရှိပြီး (၃)ရက်ခန့်အကြာတွင် ၎င်း၏ တပည့်ကြီး ဘွန်ဟောင်းသည် ရောက်ရှိလာလေတော့၏။

"ဟေ့... ဘွန်ဟောင်း၊ ဘာသတင်းတွေ ရခဲ့သေးသလဲကွ..."ဟု စနေမောင်မောင်က မေးလေ၏။

"ထူးပြီလားဆရာကြီးရယ်...၊ ပွင့်ကောင်းဆိုတဲ့... ကောင်တစ်ကောင်ဟာ မြွေဆိုးမြွေဟောက်ဆိုတဲ့ကောင်တွေကို တစ်ကောင်ပြီးတစ်ကောင် လိုက်သတ်နေတယ်ဗျ...၊ အဲဒါ အစ်မတော်ဆိုတဲ့ မိန်းမက ခိုင်းလို့ဆိုပဲ...၊ မြွေဆိုးမြွေဟောက်တွေလဲ ပွင့်ကောင်းကို တထိတ်ထိတ်၊ တလန့်လန့်ဆိုပဲဗျ...၊ နောက်ပြီး... အစ်မတော်တို့လူစုဟာ အနောက်ဘက်ကမ်းကို သွားကြတယ်တဲ့...၊ မြနန်းနွယ်ဆိုတဲ့ မိန်းမယောက်လဲ... သူ့လူတွေနဲ့ အဲဒီဘက်ကို သွားကြတယ်ဆိုပဲ...၊ ကျွန်တော့်အထင်တော့ ဟိုသေတ္တာကြီးရဲ့ သဲလွန်စကို ရကြတယ်ထင်တယ်..."ဟု ဘွန်ဟောင်းက ပြောလေ၏။

"အေးလေ...၊ မင်းလဲ ခရီးပန်းလာပါတယ်ကွာ...၊ ဒီမှာ နှစ်ရက်လောက်နားပြီး ခရီးထွက်ကြတာပေါ့ကွာ"ဟု ပြောလိုက်လေတော့၏။

၎င်းတို့နှစ်ဦးသည် ထိုရွာကလေး၌ နှစ်ရက်ခန့် တည်းခိုနေထိုင်ကြလေ၏။ ထို့နောက် ၎င်းတို့သည် အနောက်ဘက်လမ်းဆီသို့ မြင်းတစ်ကောင်စီဝယ်၍ ခရီးထွက်ခဲ့ကြလေတော့၏။ လမ်းသို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ၌ ရွာတစ်ရွာသို့ဝင်ပြီးလျှင် ဘွန်ဟောင်းသည် လားသားရေဖြင့် ချုပ်ထားသော အိတ်ကြီးတစ်အိတ်ကို ဝယ်ယူခဲ့လေ၏။

ထို့နောက် ဂျုံမှုန့်များ၊ ပျားရည်၊ ဆိတ်နို့၊ ထောပတ်၊ ငရုတ်ကောင်းအစရှိသော ပစ္စည်းများကို ဝယ်ယူ၍ လားသားရေအိတ်ကြီးအတွင်း၌ ထည့်လေ၏။

"ဟေ့ကောင်... ဘွန်ဟောင်း၊ ရှေ့ခရီးမှာ စားစရာသောက်စရာက အရေးမကြီးဘူးကွ..."ဟု စနေမောင်မောင်က ပြောလေ၏။

"ဘာက အရေးကြီးသလဲ... ဆရာကြီးရဲ့..."ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"ဒီခရီးက... သားရဲတိရစ္ဆာန် သိပ်ပေါတယ်ကွ၊ တောတွေကလဲ ကောင်းတယ်...၊ အဲဒီတော့ သေနတ်ဝယ်မှဖြစ်မယ်၊ တူမီးတစ်လက်လောက်တော့ ဝယ်ကွာ...၊ ဖြစ်နိုင်ရင် နှစ်လုံးပြူးလေး... ဘာလေး... ရှာပြီးဝယ်ခဲ့..."ဟု ဆိုသဖြင့်...

ဘွန်ဟောင်းလည်း နှစ်လုံးပြူးသေနတ်နှင့် ကျည်ဆန်များကို ဝယ်ယူလေ၏။

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ရွာများကိုဖြတ်ခဲ့ကြ၏။ ထို့နောက် တောင်တန်းနှင့် ရွာတို့၏အကြား တောအုပ်သို့ စတင်ဝင်ကြလေတော့၏။ ထိုသို့ ဝင်ပြီးနောက် စမ်းချောင်းကလေးတစ်ခုအနီးတွင် စခန်းချ၍ နေကြလေ၏။

"ကဲ... ဆရာကြီး၊ ဒီမှာနေခဲ့ဦး၊ ပျင်းရင်တော့ ရေနွေးအိုးလေး ဘာလေးတည်ပြီး ကော်ဖီကြမ်းသောက်နေပေါ့... ဆရာကြီးရယ် အပျင်းပြေကစားဖို့ ဖဲထုပ်ကလေးလည်း ကျွန်တော်ဝယ်လာခဲ့သေးတယ်" ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"သိပ်ကောင်းတာပေါ့... ဘွန်ဟောင်းရယ်၊ ရှေ့မှာ... ငါတို့သွားရမယ့်ခရီးက မျက်ကန်းတစ္ဆေမကြောက်... စွန့်စားရတော့မှာကွ၊ ဘယ်ကိစ္စမှာမှ ဉာဏ်ပညာသုံးလို့ မရတော့ဘူး...၊ အကြောင်းအကျိုးနဲ့ ဆင်ခြင်လို့ မဖြစ်တော့ဘူး...၊ အကုန်လုံး ကံထိုက်လုပ်ရတော့မှာကွ...၊ အဲဒီလို ကံထိုက်လုပ်ရမယ့်လုပ်ငန်းမှာ ဖဲထုပ်တို့ အသုံးပြုရမယ်..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။





"ဖဲထုပ်နဲ့ ဘယ်လိုပတ်သက်လို့တုန်း... ဆရာကြီးရဲ့..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"ဖဲထုပ်က ငါးဆယ့်နှစ်ချပ်ရှိတယ် မဟုတ်လားကွ...၊ အဲဒီတော့ တစ်ကနေ ငါးဆယ့်ငါးအထိ ဂဏန်းတွေရေးမှတ်ပြီး ကံစမ်းဗေဒင်လုပ်ရမှာပဲကွ...၊ အဲဒီကံစမ်းဗေဒင်ကို ဥရောပတိုက်မှာတော့ တဲ့ရော့ကတ် (Tarot Card) လို့ခေါ်တယ်ကွ..."ဟု ဆိုကာ စနေမောင်မောင်သည် အိတ်တွင်းမှ ဖဲထုပ်ကိုယူ၍ နံပါတ်များ ရေးထိုးလေတော့၏။

ဘွန်ဟောင်းသည် မီးမွှေးလေ၏။ ပြီးလျှင် လားသားရေအိတ်ကြီးအတွင်းမှ သံခရားကိုထုတ်၍ ရေနွေးအိုးကျိုလေ၏။

"ဆရာကြီးဥစ္စာ မှန်ပါ့မလား..."ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"မှန်တယ်... မမှန်ဘူး စမ်းကြည့်ရအောင်ကွာ...၊ အခု... ငါတို့နှစ်ယောက်ရဲ့ခရီးစဉ်အခြေအနေဟာ ဘယ်လိုရှိနေတယ်ဆိုတဲ့ တဲ့ရော့လေးက ဖော်ပြလိမ့်မယ်ကွ...၊ ကဲ... ဆွဲစမ်း ဖဲတစ်ချပ်..."ဟု ဆိုလိုက်သဖြင့် ဘွန်ဟောင်းလည်း ဖဲထုပ်အတွင်းမှ ဖဲတစ်ချပ်ကို ဆွဲထုတ်လိုက်လေ၏။

ဒိုင်းမွန်းခုနစ်ဖဲချပ်လေး ထွက်လာလေ၏။

ထိုအခါစနေမောင်မောင်က ...

"ခုနစ်ဂဏန်းပါလား...၊ ခုနစ်ဂဏန်းကို တဲ့ရော့ရဲ့အဖြေမှာ အင်္ဂလိပ်လို ဒီလိုရေးထားတယ်ကွ...

The Chariot of osiris. The figure of the Sun God stand in a car drawn by two sphinxes, the One black the other white.

အဓိပ္ပါယ်ကတော့...

အိုဆရစ်ရဲ့ စစ်ရထားလို့ အဓိပ္ပါယ်ရတယ်...၊ နေနတ်သားက အဲဒီစစ်ရထားကို စီးနေတဲ့ပုံပဲကွ...၊ အဲဒီစစ်ရထားကို ဆွဲတာကလဲ နရသီဟနှစ်ကောင်ကွ...၊ တစ်ကောင်က မည်းတယ်ကွ၊ ဒါကသူ ပေးတဲ့ အတိတ်စိမ်းပေါ့ကွာ...၊ ဒီအတိတ်စိမ်းကို အဓိပ္ပါယ်ဖွင့်ရရင်တော့ ငါတို့ဟာ ခရီးသည်တွေ ဖြစ်တယ်တဲ့...၊ အဖြူအမည်းနှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ရောက်ရှိနေတယ်တဲ့...၊ တွေဝေနေတဲ့သဘောပဲကွ၊ လမ်းဆုံလမ်းခွရောက်နေတဲ့ သဘောပဲကွ...၊ ဒါပေမယ့် နေနတ်သားဆိုတော့ အောင်မြင်မှုတော့ ရရှိလိမ့်မယ်ဟေ့”ဟု ပြောလိုက်လေ၏။

“တယ်မှန်ပါလား... ဆရာကြီး...”ဟု ဘွန်ဟောင်းက အံ့အားသင့်သောလေသံဖြင့် ပြောလိုက်လေ၏။

“ဒါက... ဒီလိုကွ၊ ဂျပ်ပစီတွေရဲ့ ရှေးဟောင်းကျမ်းစာအုပ်ထဲကနည်းကွ...၊ ကံစမ်းဆိုပေမယ့် သူ့မှာ အခြေအမြစ်တစ်ခုတော့ ရှိလိမ့်မယ်...”ဟု စနေမောမောင်က ပြောလျှင်...

ဘွန်ဟောင်းက...

“ဒါလောက်မှန်တဲ့ဗေဒင်ကို ဒီဂျစ်ပစီတွေက... ဘာဖြစ်လို့ ဖဲထုပ်နဲ့ လုပ်ထားရတာတုန်း... ဆရာကြီးရဲ့...”ဟု မေးလိုက်လေ၏။

“အေး... မင်းအနေနဲ့ မေးမယ်ဆိုရင်လဲ မေးစရာပဲကွ...၊ ဒါကဒီလို..., ငါ့လူရဲ့ ရှေးက လောကီပညာရှင်တွေဟာ သူတို့ရဲ့ အဖိုးတန်ပညာရပ်တွေကို ပျောက်ပျက်သွားမှာစိုးလို့ လောင်းကစားနည်းတွေထဲမှာ ထည့်ပစ်ခဲ့လေ့ရှိတယ်ကွ...၊ လောင်းကစားအတတ်ဆိုတာကလည်းပဲ... လူတော်တော်များများ စွဲတတ်တဲ့ဟာမျိုး... မဟုတ်လားဒီတော့ ခေတ်အဆက်ဆက်မှာ ရှိနေမှာပဲ...၊ ဘယ်တော့မှ မပျောက်တော့ဘူးကွ...၊ ပုဂံခေတ် အရည်းကြီးတွေရဲ့ မာတ်ရိုက်မာတ်ဆင်နည်းအတတ်လဲပဲ သုံးဆယ့်ခြောက်ကောင် လောင်းကစားနည်းထဲမှာသွတ်သွင်းပြီး ဝှက်ပစ်ခဲ့တယ်ကွ...၊ ကုန်ကုန်ပြောမယ်ကွာ...၊ စစ်တိုက်နည်းတချို့ကိုတောင် ကျားကစားနည်းနဲ့ စစ်တုရင်ကစားနည်းထဲမှာ သွတ်သွင်းခဲ့သေးတယ်...၊ ရှေးဟောင်းယန္တရားအတတ်တစ်ခုကိုလဲပဲ... မြန်မာသုံးပုံဖဲမှာ ထည့်သေးတယ်ကွ...၊ မင်းကစားဘူးမှာပေါ့ကွာ...၊ မင်္ဂလာတို့၊ ရှော့ကိုးတို့၊ မိုးကြိုးဆိုတာတွေဟာ ယန္တရားအတတ်ရဲ့ အခေါ်အဝေါ်တွေကွ...၊ ငါ့အထင်ပြောရရင်... စက္ကောမတတ်နဲ့တူတယ်ကွ...”ဟု စနေမောင်မောင်က ရှည်လျားစွာ ရှင်းပြလိုက်လေ၏။

“ဆရာကြီးပြောလိုက်တာ အဆန်းတွေချည်းပါပဲလား ဆရာကြီးရယ်...၊ ကျွန်တော်ကတော့ ဘာမှမသိချင်ဘူး...၊ ရှေ့မှာ တွေ့ရမယ့်





အန္တရာယ်ကိုပဲ သိချင်တယ်...၊ ကဲ... ပေးစမ်းပါဦး ဖဲတစ်ချပ်...”ဟု ဆိုကာ ဘွန်ဟောင်းသည် ရှေ့မှာရှိသော ဖဲထုပ်မှ ဖဲတစ်ချပ်ကို ဆွဲထုတ်လိုက်ရာ ‘ဒိုင်းမွန်းခြောက်’ ထွက်လာ၏။

“နံပါတ်ခြောက်ပါလား...၊ နံပါတ်ခြောက်ကို တဲ့ရော့အဖြေကျမ်းမှာ ဒီလိုဆိုထားတယ်ကွ...

The Lovers-Beneath the outspread hands of a flaming cherub stand a man and a woman, with the tree of life and the tree of knowledge upon either hand Around the tree of knowledge the serpent is coiled.

ချစ်သူနှစ်ဦးတဲ့ကွ၊ မီးတောက်မီးလျှံများအောက်မှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် အပင်နှစ်ပင်ကို ကိုင်ထားတယ်ဆိုပဲ...၊ တစ်ပင်က အသက်ဇီဝ...၊ တစ်ပင်က ဉာဏ်ပညာတဲ့ကွ...၊ ဉာဏ်ပညာဆိုတဲ့အပင့်ရဲ့ အောက်ခြေမှာတော့ မြွေတစ်ကောင်က ခွေထားတယ်ဆိုပဲ...၊ ဒီအတိတ်စိမ်းကို အဓိပ္ပါယ်ပြန်ရရင်... ငါတို့... မကြာခင်တွေ့ရမယ့်ရန်သူဟာ ယောကျ်ားနဲ့မိန်းမ စုံတွဲတစ်တွဲဖြစ်လိမ့်မယ်ကွ...၊ ပြီးတော့... ဉာဏ်ပညာရဲ့အပင်ဆိုတာလဲပါတော့ တို့လိုချင်တဲ့ ပစ္စည်း ရတော့မယ်ထင်တယ်...၊ အဲဒီအပင်အောက်မှာ မြွေတစ်ကောင်လဲ ခွေနေတယ်ဆိုတော့... ငါတို့ရဲ့ရန်သူဖြစ်တဲ့ မြွေဆိုးမြွေဟောက်တွေလဲ တစ်ပြုံတည်း ရောက်လာကြလိမ့်မယ်ကွ...”ဟု စနေမောင်မောင်က ပြောလိုက်ရာ...

ဘွန်ဟောင်းက...

“မိန်းမတစ်ယောက်ဆိုတာ... ‘အစ်မတော်’ဆိုတဲ့ မိန်းမဖြစ်လိမ့်မယ်ထင်တယ်...”ဟု ပြောလိုက်လေ၏။

စနေမောင်မောင်က ပြုံးလိုက်လေ၏။

“ကဲ... ကျွန်တော်သွားမယ်ဆရာကြီး၊ ကျွန်တော့်အတွက် ဘာမှမပူနဲ့ တောကောင်ရတာနဲ့ ပြန်လာခဲ့မယ်...၊ သွားကာနီး ဘယ်လိုအန္တရာယ်မျိုးများ ကြုံမလဲမသိဘူး...၊ ဖဲချပ်ကလေးတစ်ချပ်တော့ ဆွဲကြည့်ဦးမှ...”ဟု ဆိုကာ...

ဘွန်ဟောင်းသည် ဖဲထုပ်ကို ကုလားဖန်ထိုး၍ ဖဲတစ်ချပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူလိုက်လေ၏။ 'စပိတ်တစ်'ပေါ်တွင် ရေးထားသော နံပါတ်နှစ်ဆယ့်တစ်ကို တွေ့ရလေ၏။

"နှစ်ဆယ့်တစ်ဆိုတာက... သူ့မှုရင်းမှာ မှော်ဆရာရဲ့ သရဖူလို့ ဆိုတယ်ကွ...၊ ဒါကြောင့် မင်းအနေနဲ့တော့... အန္တရာယ်ကျဖို့မရှိဘူး ငါ့ဆီကို လာလိမ့်မယ်ထင်တယ်...'ဟု ဆိုကာ...

စနေမောင်မောင်သည် ဖဲချပ်တစ်ချပ်ကို ဆွဲယူ၍ လှန်ချလိုက်ရာ 'ဒိုင်းမွန်းဂျက်ဖဲ'ကို တွေ့ရလေ၏။ ထိုဂျက်ဖဲ၏အစွန်၌ 'ပါးချိတ်ကြီးတပ်ထားသော ခြင်္သေ့'ဟူသော စာကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားလေ၏။

ဘိန်းစားဘွန်ဟောင်းလည်း စနေမောင်မောင်အား နှုတ်ဆက်ပြီး ထွက်သွားလေ၏။ ဘွန်ဟောင်း ထွက်သွားပြီး မှားမကြာမီ၌ပင် ရေနွေးအိုးဆူသဖြင့် စနေမောင်မာင်လည်း ကော်ဖီဖျော်လေ၏။ ပြီးလျှင် ကော်ဖီကို အရသာခံ၍ သောက်နေလေ၏။

ထိုအချိန်၌ပင် ၎င်းရှေ့ ကိုက်အစိတ်လောက်နေရာမှ မြက်ပင်များ သိမ့်ခနဲ ယိမ်းသွားလေ၏။ စနေမောင်မောင်လည်း သစ်ပင်ဘေးသို့ လှိမ့်ချလိုက်လေ၏။ မည်သည့်အချိန်က ချောင်းနေသည်မသိသော ခြင်္သေ့တစ်ကောင်သည် စနေမောင်မောင်အား ခုန်အုပ်လိုက်လေတော့၏။ စနေမောင်မောင်သည် ဆတ်ခနဲ မတ်တတ်ရပ်လိုက်ရာ ခြင်္သေ့လည်း ပတတ်ရပ်လျက် စနေမောင်မောင်၏ မျက်နှာအား လက်နှက်ဖက်ဖြင့် ကုတ်ချလိုက်၏။ စနေမောင်မောင်သည် ခြင်္သေ့၏ လက်နှစ်ဖက်အား ၎င်း၏လက်နှစ်ဖက်ဖြင့် ဖမ်းကိုင်ထားလိုက်၏။ ခြင်္သေ့ကရုန်းပြီးနောက် စနေမောင်မောင်၏ လက်နှစ်ဖက်အား ၎င်း၏ လက်သည်းများဖြင့် ကုတ်ချလိုက်လေ၏။ လက်များသည် စုတ်ပြဲ၍ သွေးများ ယိုစီးကျလာ၏။ ခြင်္သေ့လည်း နောက်တစ်ကြိမ်ကုတ်ရန် အတွက် လက်နှစ်ဘက်ကို မြှောက်လိုက်ရာ စနေမောင်မောင်သည် ထိုလက်နှစ်ဖက်ကို အရအမိဖမ်းကိုင်ပြီး ခြင်္သေ့၏မျက်နှာအား သေချာစွာ ကြည့်လိုက်၏။ ထိုအခါကျမှပင် ခြင်္သေ့၏ပါးစပ်၌ သံခြင်းစွပ်ကာ သားရေကြိုးဖြင့် သိုင်းချည်ထားသည်ကို အံ့သြဖွယ်ရာ တွေ့ရလေ၏။





စနေမောင်မောင်သည် ခြင်္သေ့၏မျက်လုံးများကို စိုက်ပြီးကြည့်လိုက်၏။ ရိုးရိုးကြည့်ခြင်းမဟုတ်ဘဲ နှစ်ပေါင်းများစွာ လေ့ကျင့်ထားသော အိပ်မွေ့ချခြင်း အတတ်ပညာကို အသုံးပြု၍ ကြည့်လိုက်ခြင်းဖြစ်၏။ ခြင်္သေ့ကြီးလည်း ဒေါမာန်ဖိနေရာမှ ညှိုးငယ်သွားလေ၏။ မျက်လုံးများလည်း တဖြည်းဖြည်း မှေး၍မှေး၍လာကာ အသက်ရှူသံများလည်း ပြင်းလာပြီးနောက် အိပ်မောကျသွားလေတော့၏။

ထိုအခါ ယောကျ်ားတစ်ဦး၏အသံသည် မြက်တောအတွင်းမှ ထွက်ပေါ်လာလေ၏။

"နာမည်ကြီးလောက်ပါပေတယ်...၊ စနေမောင်မောင်..."

စနေမောင်မောင်သည် အသံလာရာသို့ ကြည့်လိုက်လေ၏။ ထိုသူသည် ပြောင်းရှည်သော သေနတ်ကြီးတစ်လက်ကို ကိုင်ထားလေ၏။ ထိုသေနတ်ပြောင်းသည် စနေမောင်မောင်၏ရင်ဝဆီသို့ ချိန်ရွယ်ထားလေ၏။ စနေမောင်မောင်က ထိုသူအား အသိအမှတ်မပြုဘဲ မြေကြီးပေါ်၌ ထွက်ကျနေသော စီးကရက်တစ်လိပ်ကို ကောက်ယူကာ မီးစဖြင့် မီးတို့လိုက်ပြီးလျှင်...

"သိပ်လဲ အထင်မကြီးလိုက်ပါနဲ့ဗျာ...၊ ဒါက နည်းနည်းပါးပါး လေ့ကျင့်ထားရင် လုပ်နိုင်ပါတယ်ဗျာ...၊ ပြီးတော့... ဒီခြင်္သေ့ကြီးက လူတွေနဲ့ နီးစပ်အောင် လေ့ကျင့်ထားတဲ့ အကောင်ကြီးမို့လို့ ကျုပ်က လုပ်နိုင်တာပါဗျာ...၊ တောထဲက ခြင်္သေ့အရိုင်းတစ်ကောင်ဆိုရင် ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ...၊ ဒါနဲ့ ကိုယ့်လူက ဘယ်သူများတုန်း၊ ဒီခြင်္သေ့ကြီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ...၊ ဧကန္တ ခင်ဗျားမွေးထားတဲ့ ခြင်္သေ့ကြီးဖြစ်ရမယ်..."ဟု ပြောလိုက်လေ၏။

"ဩော်... စနေမောင်မောင်၊ ကျုပ်ကို... မသိဘူးမှတ်တယ်၊ ကျုပ်နာမည်... ကြာရွက်လေ၊ ကလေးတွေကို ဂရမ္မာသင်ပေးတဲ့အတွက် အများကတော့ ဂရမ္မာကြာရွက်လို့ ခေါ်ကြတယ်...၊ ခြင်္သေ့ကြီးက ကျုပ်ဝယ်ထားတဲ့ ခြင်္သေ့ကြီးပါ...၊ ဒီတောက ဟင်မလီးယား နဲ့ ဆက်နေတဲ့ တောမဟုတ်လား...၊ ခြင်္သေ့တွေရှိတာပေါ့...၊ ဒီကောင်ကြီးက မုဆိုးတစ်ယောက်ရဲ့ခြင်္သေ့ကြီးပါဗျာ...၊ ကျုပ်... ဗိုက်ကူးကတော့ ခြင်္သေ့ကြီးနဲ့ကုတ်ပြီး ခင်ဗျားကို အရှင်ဖမ်းမလို့ပဲ...၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မှ သတ္တိကောင်းပါတယ်ဆိုတဲ့... စနေမောင်မောင်ကို 'ကြောက်ပါပြီ' ဆိုတဲ့ စကားပြောလာတဲ့အထိ လုပ်ပြချင်တယ်၊ ဒါပေမယ့် ကျုပ်ရဲ့ ခြသေ့်ကြီးကို ခင်ဗျားက အိပ်ပျော်အောင် လုပ်ပစ်လိုက်တော့... ကျုပ်ကိုယ်တိုင်ပဲ သေနတ်နဲ့ ဖမ်းရတော့တာပေါ့ဗျာ...”ဟု ဂရမ္မာကြာရွက်က အေးဆေးစွာ ပြောလိုက်လေ၏

ထိုအခါ စနေမောင်မောင်က...

“ဂရမ္မာလောက်ပဲတတ်ပြီး...၊ ဘာမှနားမလည်တဲ့ ကြာရွက်... ဆိုပါလား၊ ရယ်ဖို့ကောင်းလိုက်တာ... ကိုယ့်လူရယ်၊ စနေမောင်မောင်ရဲ့လျှာဟာ မွေးကတည်းက ခုချိန်ထိတော့ 'ကြောက်ပါပြီ'ဆိုတဲ့ အသံမျိုး မပြုလုပ်ဖူးဘူး...၊ ကိုယ့်လူက လုပ်နိုင်မယ်ဆိုရင်တော့ အံ့သြစရာပဲ...၊ သနားစရာကြာရွက်...၊ မကြာခင်သေရတော့မယ်...၊ မကြာခင်သေရတော့မယ်...”ဟု ပြောလိုက်လေ၏။

“ကဲ... စကားအပိုတွေပြောမနေနဲ့ ဆရာကြီး စနေမောင်မောင်ရေ...၊ ဟိုဘက်လှည့်ပြီး လျှောက်သွားပေတော့...၊ ကိုရှိကားရား လုပ်ရင်တော့ မောင်းဖြုတ်ချလိုက်မယ်...၊ ကျည်ဆံကိုတော့ အိပ်မွေ့ချလို့မရဘူးနော်...”ဟု ဂရမ္မာကြာရွက်က ပြောလိုက်လေ၏။

စနေမောင်မောင်လည်း စီးကရက်သောက်ကာ အပူအပင်ကင်းမဲ့သောစိတ်ဓာတ်ဖြင့် ရှေ့မှလျှောက်သွားလေ၏။ ထိုသို့လျှောက်သွားရင်း နောက်သို့လှည့်မကြည့်ဘဲ...

“အစ်မတော်ရော မပါဘူးလား ကိုယ့်လူ”ဟု မေးလိုက်လေ၏။

“ပါပါတယ်ဗျာ...၊ ကျုပ်ရဲ့ချစ်လှစွာသော အစ်မတော်ပါပါရဲ့...၊ သူ့ရှေ့မှာပဲ ခင်ဗျားကို သတ်မှာပါ...”ဟု ဂရမ္မာကြာရွက်က ပြောလိုက်လေ၏။

“ကောင်းတာပေါ့ဗျာ...၊ ယောကျ်ားဆိုတာ ဘယ်လိုသတ္တိမျိုးရှိရမယ်ဆိုတာ အဲဒီမိန်းမ မြင်သွားရတာပေါ့...”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ဂရမ္မာကြာရွက်သည် စနေမောင်မောင်အား သေနတ်ဖြင့်ချိန်ပြီး တောစပ်၌ ဆောက်လုပ်ထားသော တဲအိမ်ကြီးတစ်လုံးဆီသို့ ခေါ်သွားလေတော့၏။ တဲအတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် လွန်စွာ





ချောမောခန့်ညားသော မိန်းမတစ်ဦးက...

“မောင်ကြာရွက်... တော်ပါပေ့တယ်၊ စနေမောင်မောင်ကို အရှင်ဖမ်းလာနိုင်တာကိုး...၊ ဒီလိုအရည်အချင်းရှိတဲ့ ယောကျ်ားမျိုးမှ မမက ချစ်တာကွဲ့...”ဟု ပြောလိုက်လေ၏။

“အင်မတန်... အ,တဲ့ယောကျ်ားများ၊ အသက်ကြီးကြီးမိန်းမကို ယူလေ့ရှိတယ်...၊ မောင်ကြာရွက် လူအပဲ...”ဟု ပြောလိုက်ရာ...

အစ်မတော်က...

“ဟွန်း...၊ လူလည်ကြီး သေရတော့မယ်”ဟု ပြောလိုက်လေ၏။

ထို့နောက် ဂရမ္မာကြာရွက်သည် စနေမောင်မောင်အား တဲ၏အလယ်သို့ လျှောက်ခိုင်းလိုက်လေ၏။ တဲ၏အလယ်တွင် တွင်းကြီးတစ်ခုကို တွေ့လေ၏။ တွင်းနှုတ်ခမ်းသို့ ရောက်သောအခါ၌ ဂရမ္မာကြာရွက်က...

“ရပ်...”ဟု အော်လိုက်သည်နှင့်...

စနေမောင်မောင်လည်း ခြေစုံရပ်လိုက်လေ၏။

“ငုံ့ကြည့်...”ဟု ဆိုပြန်သဖြင့်...

စနေမောင်မောင်သည် တွင်းအောက်သို့ ငုံ့ကြည့်လိုက်ရာ များစွာ မြွေဟောက်များကို တွေ့ရလေ၏။

“ဟား... ဟား... ဟား...၊ အဲဒီမြွေတွေအားလုံးကိုတော့ ခင်ဗျား အိပ်မွေ့ချလို့ ရမယ်မထင်ပါဘူး စနေမောင်မောင်...”ဟု ပြောလိုက်လေ၏။

အစ်မတော်ကိုယ်တိုင် တွင်းအနီးသို့လာ၍ တွင်းကိုငုံ့ကြည့်ပြီးလျှင် ဂရမ္မာကြာရွက်ဘက်သို့လှည့်ကာ...

“ဒီမြွေအားလုံးကို အိမ်မွေ့ချနိုင်ရင်တော့လဲ သူ့အသက်ရှင်ပစေပေါ့ မောင်လေးရယ်...”ဟု ဆိုကာ...ဂရမ္မာကြာရွက်အနီးသို့ သွားလေ၏။

ထိုအခါ ဂရမ္မာကြာရွက်က...

“အစ်မတော်... သေနတ်နဲ့ပစ်ချလိုက်ရမလား”ဟု မေးလေ၏။

“မင်းနှယ်ကွယ်...၊ ကြုံကြိုက်စည်ရာတွေ ပြောတော့မယ်၊ မြွေဟောက်တွင်းထဲမှာ မရှုမလှသေအောင် ခေါ်လာတဲ့ဥစ္စာ၊ သေနတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်သတ်လို့တော့ ဘာထူးမှာတုန်းကွဲ့...၊ မင်းဟာလေ...၊ စနေမောင်မောင်ပြောသလိုပဲ...၊ မိန်းမကြီးကြီးကိုယူလို့ လူအဖြစ်သွားပြီ... ထင်တယ်..."ဟု ပြောလိုက်ရာ...

ဂရမ္မာကြာရွက်လည်း သဘောကျပြီး ရယ်မောလေ၏။ အစ်မတော်လည်း ရယ်မောလေ၏။ ၎င်းတို့နှစ်ဦးရယ်မောနေခိုက်၌ စနေမောင်မောင်သည် ၎င်း၏အိတ်အတွင်းမှ ပုလင်းလေးကို အမှတ်မထင်ထုတ်ယူကာ မြွေများကို သေစေတတ်သော မင်းလေးပါးအမှုန့်များအား တွင်းအောက်သို့ ဖြူးလိုက်လေတော့၏။ မြွေဟောက်တို့သည် ထိုဆေးမှုန့်များကြောင့် စက္ကန့်ပိုင်းအတွင်း၌ တစ်ကောင်မကျန် သေကုန်ကြပြီ ဖြစ်၏။

ဂရမ္မာကြာရွက်သည် စနေမောင်မောင်အား...

"သေတွင်းထဲကို ခုန်ဆင်းရတော့မယ်...၊ ဘာပြောချင်သေးသလဲ စနေမောင်မောင်..."ဟု မေးလိုက်လေ၏။

"အဲ... မှာစရာတော့ ရှိပါတယ် ဂရမ္မာကြာရွက်၊ ကိုယ့်လူ... ကျုပ်ကိုဖမ်းလာတဲ့နေရာကို ကျုပ်တပည့် ဘွန်ဟောင်း ပြန်ရောက်လာလိမ့်မယ်...၊ အဲဒါ သူ့ကိုသွားပြီး ပြောပေးစမ်းပါ...၊ ကော်ဖီဖျော်ထားတယ်လို့...၊ ပေါင်မုန့်လဲ သားရေအိတ်ထဲမှာ ရှိတယ်လို့...၊ အဲဒါလေး... တစ်ဆိတ်လောက် ဆောင်ရွက်ပေးစမ်းပါ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဒါပဲလား..."ဟု ဂရမ္မာကြာရွက်က ပြောလိုက်လေ၏။

"အဲ... နောက်တစ်ခု မှာချင်တာကတော့ ကလေးတွေကို နောင်အခါ ဂရမ္မာသင်တဲ့အခါ... ဝါစကရှစ်ပါးကို သင်တဲ့အခါမှာ သေသေချာချာ သင်စမ်းပါကွ...၊ အဲဒီနေရာမှာ ကလေးတွေ သိပ်ပြီး နားမရှင်းကြဘူး...၊ နောက်တစ်ခုမှာချင်တာကတော့... ဟသ်ာတမြို့က အခွန်ဝန် ဦးဖိုးရီ ဘာသာပြန်တဲ့ နက်စ်ဖီး ဂရမ္မာကျမ်းကြီးကို သေသေချာချာ သင်စမ်းပါကွာ...၊ ကလေးတွေ နားရှုပ်တဲ့ နေရာတစ်နေရာရှိသေးတယ်ကွ...၊ ကတ္တုသကမ္မကြိယာ (Transitive Verb) နဲ့ ကတ္တုအကမ္မကြိယာ(Intransitive Verb) အဲဒီနေရာကိုလဲ သေသေချာချာလုပ်စမ်းပါ ဂရမ္မာကြာရွက်ရယ်"ဟု စနေမောင်မောင်က ပြောလိုက်ရာ





ဂရမ္မာကြာရွက်က...

"စနေမောင်မောင်ဟာ... နေရာတိုင်းမှာ နှံ့စပ်ပါပေတယ်...၊ ခင်ဗျားနဲ့မဆိုင်တဲ့ အကြောင်းအရာတွေမှာတောင် ခင်ဗျားဟာ နှံ့နှံ့စပ်စပ်သိနေတာကိုး..."ဟု ပြောလိုက်လေ၏။

"ကျုပ်ရဲ့ ဦးနှောက်က 'ဖိုတိုဂရပ်ဖစ် ဘရိန်း'လို့ခေါ်တယ်...၊ ဓာတ်ပုံရိုက်ထားသလို စွဲထင်နေတဲ့ ဦးနှောက်မျိုးဗျ...၊ ဒါနဲ့နေပါဦး...၊ ဂရမ္မာကြာရွက်တွေကလဲ များလှချည်လား...၊ ဘယ်နှစ်ရွက်တောင်ရှိသလဲ..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"သုံးရွက်တည်းပါ...၊ ဟိုနှစ်ရွက်က ကျုပ်ရဲ့လူတွေလေ...၊ ကျုပ်နာမည်ပေးပြီး ခင်ဗျားကို လိုက်တိုက်ခိုင်းတာ...၊ အဲဒီနှစ်ရွက်ကိုတော့ ခင်ဗျားက အသာလေးနိုင်ခဲ့တာပေါ့ဗျာ...၊ သူတို့က ကြာရွက်အတုတွေပဲ...၊ အခုကြာရွက်အစစ်နဲ့လဲ တွေ့ရော...၊ ခင်ဗျားသေရတော့မယ်..."ဟု ဂရမ္မာကြာရွက်က ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် အစ်မတော်ဘက်အား အောက်ပါအတိုင်း မေးလိုက်လေ၏။

"ရက်စက်ကြမ်းကြုတ်ပြီး လင်ငယ်ငယ်လေးကို ရွေးယူတတ်တဲ့ အစ်မတော်ဆိုတဲ့ မိန်းမ...၊ ခင်ဗျားတို့ရော... ရှာနေတဲ့ ရွှေရောင်သေတ္တာကြီးကို တွေ့ပြီလား..."

အစ်မတော်ဆိုသူ မိန်းမလည်း ရယ်သံသွဲ့သွဲ့လေးဖြင့်...

"စနေမောင်မောင်... သေကာနီးမှာ မခံချိမခံသာဖြစ်အောင်တော့ ပြောလိုက်ပါဦးမယ်...၊ ရွှေရောင်သေတ္တာကြီးကို သတင်းအတိအကျရပြီ...၊ ဘယ်ကရသလဲဆိုတော့ လျှောင်မိးနဲ့အတူ ကုန်ကူးဖက်ဖြစ်ခဲ့တဲ့ လားကုန်သည်တစ်ယောက်ဆီကပဲ...၊ အဲဒီသေတ္တာကြီးကို ကျွန်မတို့ဟာ ဒီနေ့ည အရုဏ်မတက်ခင်မှာ အရယူနိုင်လိမ့်မယ်...၊ ဟောဟို မှိုင်းညို့ညို့မျောက်ခေါင်းတောင်ကြီးပေါ် မှာရှိလေရဲ့...၊ အဲဒီသေတ္တာကြီးသာ ရပြီးလို့ရှိရင် သေတ္တာထဲမှာပါတဲ့ ပညာရပ်ပရဟိတ်တွေဟာ ရှင့်လို စနေမောင်မောင်တွေ အများကြီးဖြစ်အောင် ဖန်တီးပေးနိုင်ပါတယ်...၊ ဒါကြောင့် ရှင့်လိုလူတစ်ယောက်ကို နှမြောစရာမရှိပါဘူး..."ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂရမ္မာကြာရှက်ကလည်း...

"ကဲ... စနေမောင်မောင်၊ တစ်၊ နှစ်၊ သုံးခေါ်မယ်...၊ အဲဒီအချိန် တွင်းမှာပဲ တွင်းထဲကို ခုန်ဆင်းပေတော့...၊ မဆင်းချင်ရင် ကြောက်ပါပြီလို့ ကျုပ်ကိုပြော...၊ ကျုပ် ခင်ဗျားအသက်ကို စဉ်းစားမယ်... တစ်... နှစ်... သုံး..."ဟု ပြောလိုက်လျှင်...

စနေမောင်မောင်လည်း တွင်းအောက်သို့ ဝုန်းခနဲ ခုန်ဆင်းလိုက်လေ၏။ တွင်းအောက်သို့ရောက်သောအခါ၌ စနေမောင်မောင်က 'အား'ခနဲ အော်လိုက်လေ၏။ စနေမောင်မောင်၏ အော်သံသည် တွင်းအထက်ဆီသို့ တက်လာလေ၏။

"စနေဂြိုဟ်ကြီးတော့သွားပြီ မောင်လေးရေ...၊ မင်း... ဒီမှာ စောင့်နေ...၊ သူတပည့် ဘွန်ဟောင်းဆိုတဲ့ကောင်ရောက်လာရင် တွင်းထဲပစ်ချဦး...၊ အစ်မတော် ဟိုဘက်ရွာကိုသွားပြီး မြင်းသွားယူမယ်..."ဟု အစ်မတော်က ပြောလိုက်လေ၏။

"မြင်းတစ်ကောင်တည်း ယူခဲ့ပါ... အစ်မတော်၊ စနေမောင်မောင်ကို ဖမ်းခဲ့တုန်းက သူ့ရဲ့မြင်းတစ်ကောင် သစ်ပင်မှာချည်ထားတာတွေ့တယ်...၊ ကျွန်တော် အဲဒီမြင်းသွားယူပြီးစီးမယ်..."ဟု ဂရမ္မာကြာရှက်က ပြောလိုက်လေ၏။

"မလုပ်ပါနဲ့ မောင်လေးရယ်...၊ သူ့မြင်းက သူ့သခင်လို ကတ်သီးကတ်ဖဲ့လုပ်ချင်လုပ်နေမှာ...။ ရွာထဲမှာ မြင်းနှစ်ကောင်လုံး ဝယ်ခဲ့ပါ့မယ်..."ဟု ဆိုကာ အစ်မတော်သည် ထွက်သွားလေတော့၏။

ဂရမ္မာကြာရှက်လည်း သေနတ်ကို ပေါင်ပေါ်တွင် ကန့်လန့်တင်ကာ တဲ၏တိုင်ကိုမှီ၍ နေလေ၏။ ထိုအချိန်၌ စနေမောင်မောင်သည် တွင်း၏နံရံသို့ ခြေနှစ်ဖက်ဖြင့် ကန်၍ကန်၍ အပေါ်သို့ တက်လာလေတော့၏။ ဤအဖြစ်ကို ဂရမ္မာကြာရှက်သည် ရိပ်စားမိခြင်းမရှိပေ။

စနေမောင်မောင်သည် ခြေသံမကြားစေရဘဲ ဂရမ္မာကြာရှက်အနီးသို့ တဖြည်းဖြည်းသွားကာ အနီးသို့ရောက်လျှင် ဂရမ္မာကြာရှက်၏နားသယ်ဆီသို့ ခြေဖြင့် ဒိုင်းခနဲ ကန်လိုက်လေတော့၏။ ဂရမ္မာကြာရှက်လည်း လဲကျလေ၏။ စနေမောင်မောင်သည် သေနတ်ကို ကောက်ယူပြီးနောက်...





"ကဲ... ဂရမ္မာဆရာလေး၊ စောစောက ကျုပ်ရပ်တဲ့တွင်းနှုတ်ခမ်းမှာ သွားပြီးရပ်ပေတော့..."ဟု အမိန့်ပေးလိုက်လေ၏။

ဂရမ္မာကြာရှက်သည် ထ၍ တွင်းနှုတ်ခမ်းတွင် သွားရပ်လေ၏။

"ကဲ... သေရတော့မယ်၊ ဘာပြောချင်သေးသလဲ...၊ မောင်ကြာရှက်..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ကျုပ်ရဲ့အစ်မတော် ပြန်လာတော့မယ်...၊ သူ့အသက်ကို ချမ်းသာပေးဖို့ပဲ ပြောချင်ပါတယ်..."ဟု ဂရမ္မာကြာရှက်က ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် ဂရမ္မာကြာရှက်ဆီသို့ လျှောက်လာပြီးလျှင် ၎င်း၏ခါးအား ခြေထောက်ဖြင့် ဝုန်းခနဲကန်လိုက်ရာ ဂရမ္မာကြာရှက်သည် တွင်းထဲ အားခနဲအော်၍ လဲကျသွားလေတော့၏။

ထို့နောက် စနေမောင်မောင်သည် စခန်းချရာဆီသို့ ပြန်၍သွားလေ၏။ ထိုနေရာ၌ကား ခြသေ့်ကြီးသည် မရှိတော့ပေ။ အိပ်မွေ့ပြယ်၍ ထွက်သွားပြီဖြစ်၏။ စနေမောင်မောင် ပြန်လည်ရောက်ရှိပြီး များမကြာမီ၌ပင် ဘွန်ဟောင်းသည် တောင်ဆိတ်တစ်ကောင်နှင့်အတူ ပြန်၍လာလေတော့၏။

သွေးသံတရဲရဲဖြင့် ကော်ဖီသောက်နေသော စနေမောင်မောင်ကိုမြင်လျှင် ဘွန်ဟောင်းက...

"ဘယ်လိုဖြစ်တာလဲ ဆရာကြီး၊ တစ်ယောက်တည်း ဘယ်သူနဲ့ သတ်ပုတ်လို့ ဒါလောက်တောင် ဒဏ်ရာဒဏ်ချက်တွေနဲ့ ဖြစ်နေရတာလဲ..."ဟု မေးလေ၏။

ထိုအခါ စနေမောင်မောင်က...

"ကဲ... မင်းရဲ့ဆိတ်ကြီးကိုထားလိုက်တော့...၊ ငါတို့ ဟောဟိုက ညိုညိုမှိုင်းမှိုင်းမြင်ရတဲ့ မျောက်ခေါင်းနဲ့တူတဲ့ တောင်ကြီးကိုသွားမယ်"ဟု ပြောလိုက်လေ၏။

"အဲဒီလိုဆိုရင်... ညရှစ်နာရီလောက်မှ ရောက်မယ်ထင်တယ် ဆရာကြီး..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

စနေမောင်မောင်လည်း မြင်းကို သစ်ပင်မှဖြုတ်၍ မြင်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်လေ၏။ ဘွန်ဟောင်းလည်း သူ၏တောဆိတ်ကြီးအား မီးဖိုဘေးသို့ ဘုန်းခနဲပစ်ချလိုက်လေတော့၏။

"ဆရာကြီးရဲ့ 'ဂျစ်ပစီတဲရော့'ကလဲ မမှန်ပါလား...၊ ခြသေ့်နဲ့လဲ မတွေ့ပါလား...၊ ချစ်သူနှစ်ဦးရဲ့ ရန်မူတာကိုလဲ မခံရပါလား..."ဟု ပြောလေ၏။

ထိုအခါ စနေမောင်မောင်က...

"ကံစမ်းသဘောလုပ်ထားတာပဲကွာ...၊ မှားတဲ့အခါလဲ ရှိပေမပေါ့..."ဟု ပြောလိုက်လေ၏။

"နေစမ်းပါဦး ဆရာကြီးတစ်ကိုယ်လုံးလဲ သွေးတွေချည်းပါလား။ ဘယ်လိုဖြစ်တာလဲ..." ဘွန်ဟောင်းက မေးပြန်လေ၏။

"အဲဒီအကြောင်းကို နောက်မှပြောပြမယ်...၊ အခုပြောပြရင် မင်းဟာ ဖဲချပ်ကလေးတွေကို ကြည့်ချင်စိတ် ပေါက်လာလိမ့်မယ်..." ဟု စနေမောင်မောင်က ပြောလိုက်ရာ...

ဘွန်ဟောင်းက...

"ခြသေ့်လာတယ်မဟုတ်လား..."ဟု ပြန်၍မေးလိုက်လေ၏။

စနေမောင်မောင်က ပြန်လည်ဖြေကြားခြင်းမပြုဘဲ မြင်းကို ကဆုန်စိုင်း၍ ရှေ့မှ စီးနင်းသွားလေတော့၏...။

📖 📖 📖





# ကံတရား၏ရဟတ်

စနေမောင်မောင်တို့သည် တစ်နေ့လုံး မြင်းကို ဒုန်းစိုင်းစီးလာကြရာ ည(၈)နာရီလောက်တွင် မျောက်ခေါင်းတောင်ခြေသို့ ရောက်ရှိကြလေတော့၏။ တောင်ခြေသို့ ရောက်သောအခါ၌ တောင်ပေါ်သို့ တက်လာသော လမ်းနှစ်လမ်းကို တွေ့ရလေ၏။

ထို့ကြောင့် ဘွန်ဟောင်းက...

"ဆရာကြီး လမ်းကနှစ်လမ်းပါလား...၊ လကလဲ မထွက်သေးဘူး...၊ ဘယ်လမ်းကတက်မတုန်း...၊ လမ်းမှားပြီး တက်မိရင်လဲ မဖြစ်ဘူး ဆရာကြီးရဲ့...၊ အစ်မတော်တို့အဖွဲ့က နောက်က လိုက်လာကြမှာ" ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"အဲဒါတွေ နောက်မှပြောစမ်းပါကွာ...၊ ပေါင်မုန့်ထုတ်ပြီး ဆိတ်နို့မလိုင်လေးနဲ့ စားကြရအောင်...၊ ဖြစ်နိုင်ရင် ကော်ဖီတစ်ခွက်လောက် သောက်ရရင် ကောင်းမယ်ကွာ..."ဟု ပြောလိုက်လျှင်...

ဘွန်ဟောင်းလည်း ထင်းခြောက်များကို ကြိုးစားရှာဖွေ၍ မီးမွှေးကာ ရေနွေးအိုးတည်လေ၏။ ရေနွေးဆူသောအခါ၌ ကော်ဖီနှင့်နှပ်လေ၏။ ပြီးလျှင် ပေါင်မုန့်နှင့်ဆိတ်နို့မလိုင်ကို စားကြလေ၏။ ကော်ဖီဖျော်ကာ ကော်ဖီသောက်ကြလေ၏။ ကော်ဖီသောက်ပြီးသောအခါ၌ ဘွန်ဟောင်းသည် ကော်ဖီအိုးကိုသွန်၍ လားသားရေအိတ်ထဲသို့ ကော်ဖီအိုးကို ထည့်လေ၏။

"တောင်ပေါ်ရောက်လို့ မီးသားမိုးရိပ်တွေကြောင့် လမထွက်ဘူးဆိုရင် ခက်မယ်ကွ...၊ သေတ္တာကြီးကို ရှာဖို့လွယ်မှမဟုတ်ဘူး..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် မပူပါနဲ့ ဆရာကြီးရယ်...၊ ဟောဒီအိတ်ကြီးထဲမှာ ရေနံဆီအသေးနှစ်ပုံးပါပါတယ်...၊ မီးတုတ်တွေ ကျွန်တော်လုပ်ပါမယ်...၊ အဲဒီဟာက အရေးမကြီးပါဘူး...၊ တောင်ပေါ်ကို ဘယ်လမ်းက... တက်ရမလဲဆိုတာသာ ပြောစမ်းပါ... ဆရာကြီးရယ်..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် 'တဲ့ရော့' ခေါ် ဂျစ်ပစီတို့၏ ဖဲထုပ်ကလေးကို ထုတ်ယူ၍ ဘွန်ဟောင်းအား ဖဲချပ်တစ်ချပ်ကို ဆွဲယူစေလေ၏။ ဘွန်ဟောင်းလည်း ဖဲချပ်တစ်ချပ်ကို ဆတ်ခနဲ ဆွဲယူပြီးလျှင် လှန်လိုက်လေ၏။

ထိုဖဲချပ်ကလေးအား မီးဖိုမှ အလင်းရောင်ဖြင့် ကောင်းစွာ မြင်ရလေ၏။ နံပါတ်(၁၀)ဖဲချပ်ကလေးဖြစ်ကြောင်း တွေ့ရလေ၏။

"နံပါတ်(၁၀)ဆိုပါလားကွ...၊ နံပါတ်(၁၀)ဆိုတာ ဂျစ်ပစီတွေရဲ့ 'တဲ့ရော့'အဖြေက ဒီလိုဆိုထားတယ်ကွ...၊

"Fortune- The Law karnma..." တဲ့ကွ...၊

ကံတရားရဟတ်ဘီးတဲ့...၊ ကံတရားရဲ့ ဥပဒေတဲ့ကွ...၊ တက်ချင်တဲ့လမ်းက ရွေးချယ်ပြီးတက်ပါကွာ...၊ ကံတရားဟာ အဖြေပဲပေါ့..." ဟု စနေမောင်မောင်က ပြောဆို၍ စီးကရက်ကို သောက်လေ၏။ ဘွန်ဟောင်းကမူ မီးဖိုမှ မီးများကို ငြိမ်းသတ်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် မီးတုတ်များကို ပြုလုပ်၍ တောင်ပေါ်သို့ တက်ကြလေတော့၏။ တောင်မှာ လွန်စွာမတ်စောက်သောကြောင့် ဘွန်ဟောင်းသည် မကြာခဏဆိုသလို မောဟိုက်၍ နေလေ၏။ ညဉ့်နက်ပိုင်းသို့ရောက်သောအခါ၌ ဒုတိယတောင်ထွတ်နေရာသို့ ရောက်ရှိလာကြလေတော့၏။

"ဟော့... ဘွန်ဟောင်း၊ ငါတို့ရောက်နေတဲ့ နေရာဟာ မျောက်ခေါင်းတောင်ရဲ့ ပါးစပ်နေရာလောက်ပဲကွ...၊ ငါတော့ ဟောဒီညာဘက်က လိုဏ်ထဲမှာ ရှိလိမ့်မယ်ထင်တယ်..."ဟု စနေမောင်မောင်က ပြောလေ၏။

"ကံတရားရဲ့ရဟတ်ဘီး'လို့ဆိုတယ်မဟုတ်လား...၊ ရဟတ်ဘီးဆိုတာ လည်တဲ့သဘောရှိတယ်...၊ လည်ချင်သလောက်လည်ပစေ





လိုဏ်ထဲဝင်ကြည့်မယ်...၊ မတွေ့ရင်... တောင်ထိပ်ကို ထပ်ပြီး... တက်မယ်"ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် မျောက်တစ်ကောင်၏ ပါးစပ်နှင့် လွန်စွာတူသော ပါးစပ်ပေါက်အတွင်းသို့ မီးတုတ်များနှင့် ဝင်ကြလေတော့၏။ များလှစွာသော လင်းနို့နှင့် လင်းနို့ချေးများကို တွေ့ရသဖြင့် ဘွန်ဟောင်းက...

"လင်းနို့ချေးသယ်ပြီး ရောင်းစားရင်တောင် သူဌေးဖြစ်လောက်တယ်ဆရာကြီး..."ဟု ပြောလေ၏။

အတော်ကလေးဝင်မိသောအခါ၌ ရွှေရောင်သေတ္တာကြီးအား သဘာဝကျောက်ကလပ်ပေါ်၌ တင်ထားသည်ကို အံ့ဩဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့၏။

"တွေ့ပြီ... ဆရာကြီး..."ဟု ဘွန်ဟောင်းက အော်လိုက်ရာ... 'တွေ့ပြီ ဆရာကြီး၊ တွေ့ပြီ... ဆရာကြီး၊ တွေ့ပြီ... ဆရာကြီး' ဟူသော ပဲ့တင်သံများသည် ကြက်သီးထဖွယ်ရာ ပေါ်ထွက်လာတော့၏။

"ကြောက်လိုက်တာ ဆရာကြီးရယ်..."ဟု ဘွန်ဟောင်းက ပြောလိုက်ရာ...'ကြောက်လိုက်တာ ဆရာကြီးရယ်...၊ ကြောက်လိုက်တာ ဆရာကြီးရယ်...၊ ကြောက်လိုက်တာ ဆရာကြီးရယ်...'ဟူ၍ ပေါ်ထွက်လာပြန်၏။

ထို့ကြောင့် ဘွန်ဟောင်းသည် စကားကို ကျယ်ကျယ်ပင် မပြောဝံ့တော့ပဲ...၊ စနေမောင်မောင်၏အနီးသို့ ကပ်ကာ...

"ဘယ်လိုသယ်ကြမလဲ..."ဟု မေးလေ၏။

စနေမောင်မောင်သည် လိုဏ်ဂူအပြင်ဘက်ကို ထွက်သွား၍ ဝါးပိုးပင်မှ ဝါးပိုးဝါးကြီးတစ်လုံးကို ခုတ်ယူလာခဲ့ရန် ပြောလိုက်လေ၏။

ဘွန်ဟောင်းလည်း လိုဏ်ဂူ၏အပြင်ဘက်သို့ ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်၍ထွက်လာရလေတော့၏။ အပြင်သို့ရောက်လျှင် အဝေးဆီသို့ လှမ်းမျှော်ကြည့်ရာ မျက်လုံးပြူး၍ သွားလေတော့၏။ လွန်စွာဝေးသောနေရာမှ မီးတုတ်ကလေးများသည် 'အရှုလိုက်' ရွေ့လျား၍လာနေသည်ကို တွေ့ရသောကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွန်ဟောင်းလည်း လိုဏ်ဂူအတွင်းသို့ ပြေး၍ဝင်သွားပြီးလျှ
စနေမောင်မောင်အား...

"ဆရာကြီး ထွက်ကြည့်စမ်းပါဦး..."ဟု ခေါ်လေတော့၏။

စနေမောင်မောင်သည် လိုဏ်ဂူအပြင်ဘက်ဆီသို့ မျှော်ကြ
လိုက်ရာ ဝဲယာနှစ်ဘက်မှ တဖြည်းဖြည်း ရွေ့လျားလာနေသော
ရောင်ကလေးများကို တွေ့လျှင်...

"အေး... ဟုတ်တယ်၊ သူတို့လိုက်လာကြပြီ ကဲ... ဒီတော့ ဝါးလုံ
မြန်မြန်ခုတ်ကွာ...၊ သေတ္တာကြီးကို မင်းနဲ့ငါ ထမ်းကြမယ်...၊ ကြိ
တယ်မဟုတ်လား..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ပါပါတယ်... ဆရာကြီး၊ ဒါနဲ့နေပါဦး... သေတ္တာကြီးကိုထမ်း
ကျွန်တော်တို့ ဘယ်ဘက်ကို ပြေးကြမှာလဲ..."ဟု ဘွန်ဟောင်းက
မေးလိုက်လေ၏။

စနေမောင်မောင်လည်း မြေပုံကိုဖြန့်၍...

"မီးတုတ်နောက်တစ်ခုထွန်းစမ်းပါဦးကွ...၊ မြေပုံကြည့်ရအောင်
ဟု ပြောလေ၏။

"မီးတုတ်တွေမထွန်းပါနဲ့တော့ ဆရာကြီး...၊ ရန်သူတွေ ကျွ
တော်တို့ကို တွေ့သွားလိမ့်မယ်..."ဟု ဘွန်ဟောင်းက ပြောလို
လေ၏။

"မီးတုတ်တွေကိုင်ပြီး ငါတို့နှစ်ယောက်တက်လာတာကို သူ
မြင်မှာပါကွ...၊ အခုမှ ကြောက်မနေစမ်းပါနဲ့..."ဟု ပြောသဖြင့် ဘွ
ဟောင်းလည်း မီးတုတ်တစ်ချောင်းကို မီးတို့၍ မြေကြီးပေါ်စိုက်
ပေးလိုက်လေ၏။ လေမှာတဟူးဟူးတိုက်နေသော်လည်း ဘွန်ဟော
၏မီးတုတ်များမှာ လွန်စွာကောင်းသောကြောင့် မီးငြိမ်းခြင်းမရှိ

စနေမောင်မောင်သည် မြေပုံကိုကြည့်၍...

"ဟေ့... ဘွန်ဟောင်း၊ ငါတို့ ဒီဘက်ကဆင်းမယ်...၊ တောင
ပို့ပြီးမတ်တယ်ကွ...၊ ဒါပေမယ့် မတတ်နိုင်ဘူး...၊ အဲဒီကဆင်
ဖြစ်မယ်...၊ ပြီးတော့... ဟောဒီ တောအုပ်ကနေ ဟောဒီတောင်
တန်းကလေးအထိ သွားမယ်...၊ အဲဒီတောင်ကုန်းကလေးနောက်
ချောင်းရှိတယ်...၊ အဲဒီချောင်းကနေ မျှောမယ်ကွာ...၊ ဒါဆို





လွယ်လောက်ပါတယ်၊ ကဲ... ကဲ... မင်းရဲ့လက်သုံးတော် သီလဝံဓား
ကြီးနဲ့ ဝါးသွားခုတ်ချေတော့..."ဟု ပြောလိုက်လေ၏။

ဘွန်ဟောင်းလည်း ဝါးပင်များရှိရာသို့ ပြေးသွားပြီးလျှင် ဝါးလုံး
ကြီးတစ်လုံးကို ကြိုးစား၍ ခုတ်ယူကာ အနေတော်ဖြတ်လေတော့၏။

ပြီးလျှင် ၎င်းတို့နှစ်ဦးသည် လိုဏ်ဂူအတွင်းသို့ဝင်၍ ရွှေရောင်
ခေါင်းကြီးအား ကြိုးဖြင့်သိုင်း၍ ဝါးလုံးကြီးဖြင့်လျှိုကာ ထမ်း၍လာ
ကြလေတော့၏။

လိုဏ်ဂူအပြင်သို့ရောက်သောအခါ၌ စနေမောင်မောင်က...

"ဘွန်ဟောင်းရေ...၊ မီးတုတ်သုံးလေးခုလောက်ကို သစ်ကိုင်း
ခပ်နွဲ့နွဲ့တွေမှာ လျှောက်ပြီးချည်ထားစမ်းကွာ..."ဟု ပြောလေ၏။

"ရန်သူတွေ တွေ့ကုန်မှာပေါ့... ဆရာကြီး..."ဟု ဘွန်ဟောင်း
က ပြောလေ၏။

"တွေ့အောင်ချည်ခိုင်းတာကွ..."ဟု စနေမောင်မောင်က ပြော
လျှင်...

ဘွန်ဟောင်းက...

"ဒီလိုဆိုရင်တော့... ဒီအစွန်းမှာ စိုက်ထားလိုက်မယ်ဆရာကြီး
ရာ... မကောင်းဘူးလား..."ဟု ပြန်၍မေးလေ၏။

"ငါပြောသလိုလုပ်စမ်းပါကွ...၊ သစ်ကိုင်းမှာ ချည်ထားတော့
လေတိုက်ရင်... သစ်ကိုင်းက ဟိုလှုပ်ဒီလှုပ်လှုပ်မယ်မဟုတ်လားကွ၊
အဲဒီတော့... အဝေးကနေ ကြည့်လိုက်ရင်... မီးတုတ်တွေကိုင်ပြီး
သွားလာနေကြတယ်လို့ ထင်မှာပေါ့...၊ ငါတို့ကတော့ ဒီတောင်စောင်း
ကနေ ဆင်းပြီးပြေးနှင့်မယ်..."ဟု စနေမောင်မောင်က ရှင်းပြလိုက်မှ
ပင် ဘွန်ဟောင်းလည်း သဘောပေါက်၍သွားကာ မီးတုတ်များကို
သစ်ကိုင်းများ၌ လျှောက်၍ချည်နှောင်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ခက်ခဲပင်ပန်းစွာဖြင့် သေတ္တာကြီး
ကို တောင်စောင်းမှ ထမ်း၍သယ်ကာ တောင်၏တစ်ဘက်ဆီသို့
ဆင်းကြလေတော့၏။

တောင်အောက်သို့ရောက်သောအခါ၌ တောအုပ်အတွင်းသို့
ဝင်ကြလေ၏။ ထိုအခါ၌ ဘွန်ဟောင်းသည် မျှော်ခေါ်းတောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမျှော်ကြည့်လိုက်ရာ သစ်ကိုင်း၌ချည်နှောင်ခဲ့သော မီးတုတ်များမှာ ဟိုယမ်းဒီယမ်းနှင့် လူတို့သည် မီးတုတ်ကိုကိုင်၍ သွားလာနေသည်နှင့် လွန်စွာတူရကား...

"ဆရာကြီးရေ... တကယ့်ကို လူတွေ မီးတုတ်ကိုင်ပြီး အလုပ်ရှုပ်နေတဲ့အတိုင်းပဲ..."ဟု ပြောဆို၍ ရယ်မောလေတော့၏။

တောအုပ်အတွင်းသို့ဝင်ပြီး မျှားမကြာမီအချိန်၌ပင် မိုးထစ်ချုန်းသံများ ကြားရပြီးနောက် မိုးသည်းထန်စွာ ရွာလေတော့၏။

တောလမ်းမှာ မိုးရေကြောင့် ချော၍နေသည်ဖြစ်ရာ မကြာခဏဆိုသလို ချော်လဲ၍နေသောကြောင့် ခရီးမတွင်ဘဲ ရှိလေ၏။

"မောလိုက်တာ ဆရာကြီးရယ်...၊ ခဏလောက် နားရအောင်ပါ..."ဟု ဘွန်ဟောင်းက ပြောလေ၏။

"နားလို့မဖြစ်ဘူးကွ...၊ ဒီလို မိုးရွာချလိုက်တာဟာ ငါတို့အတွက် အခွင့်အရေးပဲ...၊ နောက်ကလူစု ငါတို့နောက်ကို ရောက်မလာခင် တို့သွားရမယ့် ကောင်ကုန်းကို ရောက်အောင်သွားရမယ်ကွ...၊ ပြီးတော့... မိုးရွာတဲ့အတွက် လမ်းမှာ ငါတို့ခြေရာတွေလဲ တင်မနေတော့ဘူးပေါ့၊ မနားပါနဲ့ကွာ..."ဟု စနေမောင်မောင်က ပြောလေ၏။

ဘွန်ဟောင်းလည်း ကြိုးစား၍ သယ်လေ၏။ ဤသို့နှင့်ပင် တောအုပ်ကို ကောင်းစွာဖြတ်၍ သစ်ပင်ပေါက်ရောက်ခြင်းမရှိသော လွင်ပြင်သို့ရောက်လေ၏။

မိုးသည် သည်းသည်ထက်သည်းနေ၏။ မိုးကြိုးများက တဒိုင်းဒိုင်းပစ်နေ၏။ စနေမောင်မောင်နှင့် ၎င်း၏တပည့် ဘွန်ဟောင်းတို့သည် ရွှေရောင်သေတ္တာကြီးအား ခက်ခဲစွာ ထမ်းပိုး၍ မှောင်ကြီးမည်းမည်း၌ တရွေ့ရွေ့သွားနေကြလေတော့၏။

📖 📖 📖





# အသက်နှင့်ကိုယ် အိုးစာမကွဲချင်ရင်

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် ရွှေရောင်သေတ္တာကြီးအား ကြိုးဖြင့်လျှို၍ထမ်းကာ တောင်ကုန်းပေါ်သို့ တက်ကြလေ၏။ မိုးမှာလည်း သည်းထန်စွာ ရွာ၍နေလေ၏။ မိုးများက ခြိမ်း၍ မိုးကြိုးများ တဒိန်းဒိန်းပစ်နေလေ၏။

လောကဓာတ်ကြီးတစ်ခုလုံးသည် ပိန်းပိတ်အောင် မှောင်၍နေ့ရှလေ၏။ လျှပ်စီးများလက်လိုက်သောအခါ၌သာလျှင် အလင်းရောင်ကို တွေ့ရလေ၏။

"တောင်ကုန်းပေါ်ရောက်ပြီးရင် ဟိုဘက်ကျတော့ သယ်ရတာလွယ်ပါပြီကွာ...၊ ဖြည်းဖြည်းချင်း လျှောချရင် ရပါတယ်...၊ တောင်ကုန်းအောက်ရောက်ပြီးတာနဲ့ ရှေ့ကိုသိပ်ပြီး မသွားရတော့ပါဘူး...၊ ချောင်းရှိပါတယ်ကွ...၊ မြေပုံထဲမှာ သေသေချာချာ ငါကြည့်ထားတာပါ...၊ ချောင်းကိုရောက်တာနဲ့ သေတ္တာကြီးကို မျှောရမှာပဲ... ငါတို့က တွယ်ပြီးကူးကြတာပေါ့..."ဟု စနေမောင်မောင်ကပြောလိုက်လေ၏။

"ပင်ပန်းစမ်းပါစေ ဆရာကြီးရယ်...၊ ကျွန်တော်ဖြင့် ဒါကြီးကို ရလို့ ဝမ်းသာလှပါပြီ..."ဟု

၎င်းတို့သည် ပင်ပန်းကြီးစွာဖြင့် လေးလံသော ရွှေရောင်သေတ္တာကြီးအား တောင်ကုန်းပေါ်သို့ သယ်ယူကြလေ၏။ တောင်ကုန်းပေါ်သို့ ရောက်ရှိသောအခါ၌ စနေမောင်မောင်သည် ၎င်း၏ အိတ်ဆောင်နာရီကို ထုတ်၍ မီးခြစ်ခြစ်ကြည့်လိုက်ရာ နာရီပြန်သုံးချက်တီးနေပြီးဖြစ်ကြောင်း တွေ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးရေ...၊ ချောင်းကရေစီးသံကို ဒီကတောင် ကြားရတယ်...၊ ရေစီးက အတော်ကြမ်းတယ်..."ဟု ပြောလိုက်လေ၏။

"ရေစီးကြမ်းရုံတင်မကဘူးကွ...၊ တောင်ကျချောင်းဆိုတော့ တချို့နေရာတွေမှာ ရေတံခွန်လို ဖြစ်နေတာကွ...၊ အဲဒီလို ရေတံခွန်မျိုးကနေ အောက်ကိုကျသွားရရင်တော့ အရိုးအသားတခြားစီ ဖြစ်သွားမယ်ကွ...၊ အဲဒီတော့ အခုနေ ချောင်းကနေ မျှောလို့မရသေးဘူးကွ...၊ အလင်းရောင်ပေါ်လာမှ သွားမှဖြစ်မယ်...၊ မျှောလို့မရသေးဘူးကွ...၊ အလင်းရောင်ပေါ်လာမှ သွားမှဖြစ်မယ်...၊ မျှောလို့ရတဲ့နေရာကို မျှောပြီးသွားမယ်...၊ ချောက်တွေ ရေတံခွန်လို နေရာမျိုးတွေကျရင် ကမ်းကိုကပ်ပြီး သတ္တောကြီးကို သယ်မယ်...၊ အခုတော့ နားကြဦးစို့..."ဟု စနေမောင်မောင်က ပြောလိုက်သဖြင့်...

"ဆရာကြီးရယ်...၊ တောင်ကတုံးကြီးပေါ်မှာ သစ်ပင်လဲ တစ်ပင်မှမရှိဘူး...၊ လေကလဲ တိုက်လိုက်တာ မပြောပါနဲ့တော့...၊ မိုးကလဲ ရွာနေတယ်...၊ ဘယ်လိုလုပ်ပြီး နေကြမှာတုန်း..."ဟု ဘွန်ဟောင်းက ပြောလေ၏။

"နေရာကောင်းကောင်းလေးရရင်တော့... မီးလေးဘာလေး လှုံရတာပေါ့ကွာ...၊ အခုတော့ ဒီအတိုင်းပဲ နေလိုက်ဦးပေါ့..."ဟု စနေမောင်မောင်က ပြောလေ၏။

"နေရာကောင်းကောင်းသာ ရလို့ကတော့ ဘာပြောကောင်းမလဲ... ဆရာကြီးရယ်၊ မီးတုတ်တွေလဲ လုပ်ပြီးသား အဆင်သင့်ပါတယ်...၊ ရေနံပုံးလဲပါတယ်...၊ မီးအတွက်ကတော့ အဆင်သင့်ပဲ..."ဟု ဘွန်ဟောင်းက ပြန်၍ပြောလေ၏။

ထိုအချိန်၌ပင် မိုးသည် တဖြည်းဖြည်းနည်း၍သွားလေ၏။ နောက်ဆုံး၌ လုံးဝမိုးတိတ်၍သွားလေတော့၏။ ထိုအခါ၌ စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် အဝတ်များကိုချွတ်၍ ရေညှစ်ကာ ရွှေရောင်သေတ္တာကြီးပေါ်၌လှန်း၍ ထားကြလေတော့၏။





၎င်းတို့နှစ်ဦးသည် ဆေးလိပ်များသောက်၍ အမောဖြေနေကြလေ၏။

"ကျွန်တော်တို့နောက်ကိုလိုက်လာတဲ့ လူစုတွေတော့ မျက်ခြည်ပြတ်သွားပြီးထင်တယ်..."ဟု ဘွန်ဟောင်းက ပြောလေ၏။

"မျက်ခြည်ပြတ်လောက်ပါပြီ...၊ ဒီထိအောင်တော့ လိုက်လာနိုင်ကြမယ် မထင်ပါဘူး..."ဟု စနေမောင်မောင်က ပြန်၍ပြောလေ၏။

"ဘာပဲဖြစ်ဖြစ်... ဆရာကြီးရယ်၊ အဝတ်တွေခြောက်သွားရင်တော့... ချောင်းစပ်ကိုသွားမယ်၊ တကယ်လို့ ကျွန်တော်တို့နောက်ကလိုက်လာတဲ့လူတွေရှိရင်လဲ ချောင်းထဲဆင်းရတာလွယ်တာပေါ့...၊ နို့မို့ဆိုရင် သေတ္တာကြီးကို ဒီကနေ့ ချောင်းအထိ သယ်ရမှာကလွယ်တာမဟုတ်ဘူး... ဆရာကြီးရဲ့..."ဟု ဘွန်းဟောင်းက ပြောလေ၏။

"မင်းသဘောပဲလေကွာ...၊ မင်းပြောတာမဆိုးပါဘူး၊ ဒါပေမယ့် ဘယ်ကိုပဲသွားသွား... ရောက်ပြီးသားကွာ၊ မသွားမီက ရောက်နှင့်နေပြီလို့ သဘောထားစမ်းပါ... ဘွန်ဟောင်း..."ဟု စနေမောင်မောင် ပြောလိုက်လေ၏။

ဘွန်ဟောင်းလည်း လှန်းထားသောအဝတ်များကို လက်ဖြင့်စမ်းသပ်ပြီး ဝတ်လို့ရပါပြီ..."ဟု ပြောလေ၏။

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့သည် လှန်းထားသောအဝတ်များကိုယူ၍ ဝတ်ဆင်ကြလေ၏။ ရွှေရောင်သေတ္တာကြီးကိုလည်း ကြိုးများပြန်လည်၍ ချည်နှောင်ကြလေ၏။ ထို့နောက် စနေမောင်မောင်သည် အိတ်ဆောင်နာရီကိုထုတ်၍ မီးခြစ်ဖြင့်ကြည့်ကာ နံနက်လေးနာရီ ထိုးကာနီးပြီဖြစ်ကြောင်း တွေ့ရလေ၏။

"ကဲ... ဆရာကြီး၊ ထမ်းလိုက်ကြဦးစို့..."ဟု ပြော၍ ဘွန်ဟောင်းသည် ဝါးလုံးတံပိုးကြီးကို ကြိုးကွင်း၌ လျှိုလိုက်လေတော့၏။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် တောင်ကုန်းပတ်ပတ်လည်၌ မီးများလင်း၍ သွားလေတော့၏။

"ဆရာကြီးဟု..."ဟု ဘွန်ဟောင်းက အော်လိုက်လေ၏။

စနေမောင်မောင်သည် စကားပြန်၍မပြောဘဲ မီးရောင်များကို ကြည့်လိုက်လေ၏။ မီးတုတ်များဖြစ်ပေ၏။ တောင်ကုန်းပတ်ပတ်လည်၌ ဝိုင်းထားသောလူများက မီးတုတ်များကို ထွန်းညှိလိုက်ခြင်း ဖြစ်၏။

စနေမောင်မောင်သည် မီးတုတ်ကိုကြည့်လိုက်ရာ လူသည် တစ်ပတ်လည်၍ သွားလေ၏။ မီးတုတ်များ ကိုင်ဆောင်ထားသည့် လူများကို သဲကွဲစွာ မြင်ရလေ၏။ မီးတုတ်ကိုင်ထားသော လက်များ၌ အခြားသောဘက်၌လည်း လှံရှည်ကြီးများ၊ မိုန်ချွန်ချွန်ကြီးများ၊ မီးရောင်၌ ဖွေးဖွေးထနေသော ဓားကြီးများ၊ တူမီးသေနတ်များ ရှိလေ၏။ ထိုသူတို့၏ မျက်နှာများသည်လည်း တင်းမာလှဘိ၏။

"ကိုယ့်အုပ်စုနှင့်ကိုယ် ဝိုင်းထားကြပြီး အုပ်စုတစ်စုနဲ့တစ်စုဟာ သင့်မြတ်ကြတာတော့ မဟုတ်ဘူး...၊ ဒါပေမယ့် တူညီတဲ့အချက် ရှိတယ်...၊ အဲဒါ ဘာလဲဆိုတော့ ဒီသေတ္တာကြီးကို လိုချင်တဲ့သဘောထားပဲ...၊ ဒါကြီးကို ရဖို့အတွက် မင်းနဲ့ငါကို သူတို့ဟာ သတ်ကြလိမ့်မယ်...၊ ပြီးရင်... သူတို့အချင်းချင်းလဲ သတ်ကြမှာပဲ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဆရာကြီး... ဘယ်လိုလုပ်ကြမလဲ..."ဟု ဘွန်ဟောင်းက ထိတ်ထိတ်ပျာပျာ မေးလိုက်လေ၏။

"အားနည်းတဲ့အုပ်စုကို တိုက်ခိုက်ပြီး ထွက်သွားရင်လဲ ရပါတယ်...၊ ဒါပေမယ့် ဒီပစ္စည်းကြီးကိုတော့ လက်လွှတ်ရလိမ့်မယ်..."ဟု စနေမောင်မောင်က ပြောလေ၏။





"ဒါလောက် ခက်ခက်ခဲခဲယူလာပြီးကာမှ သူများလက်ထဲပါရမယ်ဆိုတာကတော့... နှမြောစရာကြီးပဲ ဆရာကြီးရယ်..."ဟု ဘွန်ဟောင်းက ငိုသံပါကြီးနဲ့ ပြောလိုက်လေတော့၏။

စနေမောင်မောင်သည် တောင်ကုန်းပတ်ပတ်လည်တွင် ဝိုင်းနေသော မီးတုတ်နှင့် ရန်သူများကို တစ်ခေါက်မျှ ထပ်၍ကြည့်လိုက်ပြန်၏

"ဟော... ဟိုဘက်မှာ မောင်စံဖိုးနဲ့ သူ့လူတွေ၊ အဲဒီဘက်မှာ ဖိုးသူတော်ကြီး ဦးရယ်မော မပါပါလား...၊ ဩော်... ဩော်... ဟိုမှာက သပွေါအဖွဲ့ မြွေဆိုးမြွေဟောက်တွေ၊ အလို...၊ ဟိုမှာ မြနန်းနွယ်ရဲ့ ချစ်သူ မိုးခွေနဲ့ လူပုကလေး...၊ ဟား... ဟား... လူပုကလေးက လက်ထဲမှာလဲ... သေနတ်ကြီးနဲ့ပါလား...၊ ဟိုမှာက... အစ်မတော်... လွှတ်လိုက်တဲ့ မောင်ပွင့်ကောင်းပါလား...၊ လူစုံတက်စုံ လက်နက်စုံပဲ ဟေ့...၊ လွတ်လမ်းတော့ မရှိပေဘူး... ဘွန်ဟောင်းရေ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဆရာကြီး...၊ အေးအေးဆေးဆေးလုပ်မနေပါနဲ့...၊ သေကုန်လိမ့်မယ်...၊ လုပ်ပါဦး... ဆရာကြီး"ဟု ဘွန်ဟောင်းက ပူဆာလေ၏။

"မီးတုတ်နှစ်ခုကို မီးညှိလိုက်ကွာ..."ဟု စနေမောင်မောင်က အမိန့်ပေးလိုက်သဖြင့်...

ဘွန်ဟောင်းလည်း မီးတုတ်နှစ်ခုအား မီးညှိလိုက်လျှင် တောင်ကုန်းပေါ်၌လည်း လင်း၍သွားလေ၏။ တောင်ကုန်းပတ်ပတ်လည်တွင် ဝိုင်းရံထားသော ရန်သူများသည် စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့အား ကောင်းစွာ မြင်တွေ့နေရ၏။ ၎င်းတို့မက်မောလှသည့် ရွှေရောင်သေတ္တာကြီးကိုပင် မြင်တွေ့နေရပြီ ဖြစ်၏။ ထို့ကြောင့် တစ်ဘက်နှင့်တစ်ဘက် အခြေအနေကို အကဲခတ်နေကြလေ၏။

စနေမောင်မောင်သည် မိမိအား ဝိုင်းပတ်ထားသော ရန်သူများကို ဂရုစိုက်ခြင်းမပြုတော့ဘဲ စီးကရက်ဘူးကလေးကိုထုတ်၍ စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ကို နှိုက်ယူကာ မီးတို့၍ ရှိုက်ဖွာရင်း မီးခိုးများကို မှုတ်ထုတ်နေလေ၏။

"အေးအေးဆေးဆေးလုပ်မနေပါနဲ့ ဆရာကြီးရယ်၊ ဒီမကောင်းဆိုးဝါးကောင်တွေ တက်လာလိမ့်မယ်..."ဟု ပြောလိုက်လေ၏။

စနေမောင်မောင်သည် လားသားရေအိတ်ကြီးအတွင်းမှ ရေနံအသေးနှစ်ပုံးကိုထုတ်ယူ၍ ရွှေရောင်သေတ္တာကြီးပေါ်သို့ လောင်းချလိုက်ပြီးလျှင် ဘွန်ပေါင်း၏လက်တွင်းမှ မီးတုတ်ကြီးကိုယူ၍ မီးရှို့လိုက်လေတော့၏။

မီးသည် အစ၌ တဖြည်းဖြည်းလောင်၏။ စက္ကန့်အနည်းငယ်အတွင်း၌ပင် အတွင်းမှ ပစ္စည်းများကိုစွဲ၍ တဟုန်းဟုန်းတောက်လောင်ကုန်လေတော့၏။ မီးတောက်ကြီးသည် မြင့်မားစွာ တက်လေတော့၏။

"ဘယ်လိုလုပ်လိုက်တာလဲ... ဆရာကြီးရယ်၊ ဒါလောက်တောင် **ခက်ခက်ခဲခဲယူလာပြီးမှ**"ဟု ဘွန်ပေါင်းက ငိုယို၍ ပြောလိုက်လေ၏။

"ငါတို့နှစ်ယောက်... အသက်နဲ့ကိုယ် အိုးစားမကွဲဖို့ ဒီလမ်းပဲရှိတော့တယ်ကွ..."ဟု စနေမောင်မောင်က တည်ငြိမ်အေးဆေးစွာ ပြန်၍ပြောလိုက်လေ၏။

သပွေါအဖွဲ့မှ မြွေဆိုးမြွေဟောက်များသည် စနေမောင်မောင်၏အသက်ကို လုပ်ကြံရန်အတွက် တောင်ကုန်းဆီသို့ ပြေး၍လာသေး၏။ သို့ရာတွင် ၎င်းတို့၏အကြီးအကဲက ဟန့်တားလိုက်ခြင်းကြောင့် ရှေ့သို့မတက်တော့ဘဲ စနေမောင်မောင်အား မလိုမုန်းထားသော မျက်လုံးများနှင့် ကြည့်ရှုနေကြလေတော့၏။

မီးတောက်များသည် မြင့်သည်ထက်မြင့်တက်လာလေ၏။ ပြာများလည်း အထက်သို့လွင့်တက်၍ လွင့်ပျံ့လေ၏။ ထို့နောက် လောင်စာကုန်သဖြင့် မီးတောက်သည် ကျဲ၍သွားလေတော့၏။ နောက်ဆုံးတွင် မီးသည် လုံးဝငြိမ်း၍ သွားလေတော့၏။





အချိန်မှာလည်း လေးနာရီကျော်ပြီဖြစ်၍ အရှေ့ဘက်ဆီမှ လင်းရောင် ကောင်းစွာရပြီဖြစ်၏။ ဘွန်ပေါင်းလည်း မီးတုတ်များကို အောက်သို့ပစ်ချလိုက်လေ၏။

"ကဲ... ဘွန်ပေါင်း... သွားကြစို့..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဆရာကြီး... ဘယ်ကိုသွားကြမှာလဲ..."ဟု ဘွန်ပေါင်းက မေးလိုက်လေ၏။

"ဘယ်ကသွားသွားပါကွာ...၊ ဘာမှ မဖြစ်တော့ပါဘူး...၊ ရွှေရောင်သေတ္တာကြောင့်... သူတို့က ငါတို့ကို ရန်မူမှာပါ...၊ ဒီဟာကြီး မီးရှို့ပစ်လိုက်တော့... ဘယ်သူမှ ရန်မူမှာ မဟုတ်တော့ပါဘူး..."ဟု ပြောဆိုကာ...

စနေမောင်မောင်သည် လက်နှစ်ဖက်ကိုမြှောက်၍ ဝှေ့ယမ်းကာ နေသူများကို နှုတ်ဆက်ပြီးနောက် တောင်ကုန်းပေါ်မှ ဂုဏ်ရှိရှိစွာ ဆင်းခဲ့လေ၏။ ဘွန်ပေါင်းလည်း နောက်မှ လိုက်ပါလာခဲ့လေတော့၏။

မောင်စံဖိုး၏လူများသည် စနေမောင်မောင်အနီးသို့ရောက်လာလျှင် ဘေးသို့ရှဲ၍ လမ်းဖယ်ပေးကြသေး၏။ မောင်စံဖိုးကိုယ်တိုင်ကပင် စနေမောင်မောင်အား ခါးညွှတ်၍ အရိုအသေပေးလိုက်လေ၏။

သပွေါများလည်း ကြည့်၍နေကြလေ၏။ ရန်မူရန် မလိုမရှိတော့ပေ။ မိုးဆွေအနီးတွင် ရပ်၍နေသော လူပုကလေးကသာ မိုးပေါ်ထောင်၍ ဒိုင်းခနဲ သေနတ်သံတစ်ချက် ဖောက်လိုက်ပြီးနောက်...

"ဒီလို မီးလောင်သွားတော့လဲ...၊ ခင်ဗျားနဲ့ကျုပ်နဲ့ ဖိုက်တင်ချဖို့ မလိုတော့ဘူး... ဆရာကိုမိုးဆွေရယ်..."ဟု ပြောလိုက်လေတော့၏။

စနေမောင်မောင်သည် တောလမ်းကလေးအတိုင်း လျှောက်၍လာကြလေတော့၏။ ၎င်းတို့အား ဝိုင်းထားခဲ့သော ရန်သူများမှာလည်း မိမိတို့လာလမ်းအတိုင်း ပြန်သွားကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



စနေမောင်မောင်ဟုခေါ်သည့် လူထူးလူဆန်းကြီးတစ်ဦးသည် ဘွန်ဟောင်းဟုခေါ်သည့် ၎င်း၏တပည့် တရုတ်ကပြားတစ်ဦးနှင့်အတူ လွန်စွာထူးဆန်းသည့် ပညာရပ်ပရိုက်များ ပါရှိသော 'သုဝဏ္ဏမဥ္ဇူသာ'ဟုခေါ်သည့် ရွှေရောင်သေတ္တာကြီးကို ရရှိရန်အတွက် ရန်သူပေါင်းများစွာနှင့် တိုက်ခိုက်ခဲ့ရ၏။ တောရိုင်းတိရစ္ဆာန်များနှင့် သတ်ပုတ်ခဲ့ရ၏။ မြန်မာပြည်မြောက်ပိုင်းကိုလွန်၍ တိဗက်ကုန်းမြင့်အထိတိုင်အောင် စွန့်စားသွားလာခဲ့ရ၏။ ဉာဏ်နီဉာဏ်နက်အမျိုးမျိုးထုတ်ခဲ့ရ၏။ လွန်စွာအပင်ပန်းအဆင်းရဲခံခဲ့ရ၏။ သို့ရာတွင် နောက်ဆုံး၌ ၎င်းကိုယ်တိုင် ကြိုးပမ်းရယူခဲ့သော 'သုဝဏ္ဏမဥ္ဇူသာ'ဟုခေါ်သည့် ရွှေရောင်သေတ္တာကြီးအား ၎င်းကိုယ်တိုင်ပင် ရေနံဆီလောင်း၍ မီးရှို့ခံခဲ့ရပြီး ဖြစ်၏။ ထိုအဖြစ်အပျက်ကိုကြည့်ကာ ၎င်း၏တပည့် ဘွန်ဟောင်းသည် ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရ၏။

စနေမောင်မောင်ကမူ ပကတိတည်ငြိမ်လျှ၏။ ခက်ခဲစွာကြိုးပမ်းရယူခဲ့သော သေတ္တာကြီးအား မီးရှို့ပစ်လိုက်ရသည့်အတွက် မျက်နှာပင်မပျက် ဣန္ဒြေရလျှ၏။

ထိုသေတ္တာကြီးနှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာပြောဆိုခြင်း မပြုတော့ဘဲ လမ်းခရီးတစ်လျှောက်လုံးမှာ စွန့်စားခဲ့ရသော အဖြစ်အပျက်များကိုလည်း မေ့ပစ်လိုက်ပြီဖြစ်၏။

ဘွန်ဟောင်းမှာမူ စိတ်မကောင်းဖြစ်လွန်းသဖြင့် တစ်လမ်းလုံးအစာကို ကောင်းကောင်းမစားဘဲ ငူတူတူ၊ ငိုင်တိုင်တိုင်ဖြင့်သာ လိုက်ပါခဲ့ရှာလေ၏။ စနေမောင်မောင်သည် မြန်မာပြည်အနောက်ဘက်နယ်စပ်ရှိ တောတောင်များကို ဖြတ်ကျော်ကာ မြန်မာပြည်အတွင်းသို့ ဝင်လာခဲ့လေ၏။

ချင်းတွင်းမြစ်ကြောင်းလမ်းအတိုင်း စုန်ဆင်းလာခဲ့ပြီးနောက် မုံရွာသို့ရောက်၏။ မုံရွာမှတစ်ဆင့် မန္တလေးသို့ ကူးခဲ့လေ၏။ မန္တလေး





သို့ရောက်လျှင် ၎င်းငှားရမ်းနေထိုင်ခဲ့သော အနောက်ပြင်တုလွတ်နန်းအောင်ရပ်ကွက်အနီးရှိ လွန်စွာခမ်းနားလှသည့် နှစ်ဆောင်ပြိုင်ဘွန်းအိမ်မည်းကြီးဆီသို့ ပြန်ခဲ့လေတော့၏။

ရက်စက်စွာ သတ်ဖြတ်လုပ်ကြံတတ်သော မြွေဆိုးမြွေဟောက်များအဖွဲ့၏။ အန္တရာယ်မှ စွန့်စား၍ ရှောင်တိမ်းခဲ့ရ၏။ အစာရေစာငတ်ပြတ်သည့်အခါ၌ ငတ်ပြတ်၏။ တောရိုင်းတိရစ္ဆာန်များနှင့်လည်း သတ်ပုတ်ခဲ့ရ၏။ တောများကိုဖြတ်ရ၏။ မြင့်မားသော တောင်များကို ကျော်ရ၏။ ကြမ်းတမ်းသော ရာသီဥတု၏ဒဏ်ကို ကြံ့ကြံ့ခံခဲ့ရ၏။

ဤသို့လျှင် ခက်ခဲသော အသက်စွန့်ရသော အလုပ်ကြီးတစ်ခုကို လုပ်ကိုင်ခဲ့၏။ သို့ရာတွင် ထိုအသက်စွန့်ကြိုးပမ်းလုပ်ကိုင်ခဲ့သော အလုပ်ကြီး၏ ဆုလာဘ်ဖြစ်သည့် ရွှေရောင်သေတ္တာကြီးကိုမူ ရယူပိုင်ဆိုင်ခွင့်မရှိဘဲ လက်လွှတ်ခဲ့ရ၏။ ဤအဖြစ်အပျက်မှာ သာမန်လူတစ်ဦးအဖို့မူ တစ်သက်ပတ်လုံး ယူကျုံးမရဖြစ်ကာ စိတ်တစ်သပ်သပ်နှင့် ညည်းညူနေရန်သာ ရှိလေတော့၏။

စနေမောင်မောင်ကမူ ဤသို့မဟုတ်ပေ။ ထိုအကြောင်းအရာများအားလုံးကို တစ်ခါတည်း မေ့ပစ်နိုင်၏။ ထိုအကြောင်းနှင့်ပတ်သက်၍ စကားစပ်၍ပင် မပြောတော့။ မိမိမသိသကဲ့သို့ မိမိနှင့်မပတ်သက်သကဲ့သို့ နေလိုက်တော့၏။

စနေမောင်မောင်နှင့် ဘွန်ဟောင်းတို့စီးလာသော ရထားလုံးကြီးသည် ၎င်းတို့၏ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးရှေ့သို့ ဆိုက်ရောက်လာလေတော့၏။ ဘွန်ဟောင်းသည် အိမ်ကြီးကိုမြင်လိုက်သည့်အခါ၌ ရင်ထဲတွင် ဆို့၍သွားလေ၏။

"ဆရာကြီးရယ်... ဒီအိမ်ကြီးကထွက်သွားကြတာ (၂)နှစ်ပြည့်တော့မယ်... ကျွန်တော်တို့မသေလို့ ပြန်ရောက်လာကြတာနော်... ဒါပေမယ့် သွားတုန်းကအတိုင်းပဲ၊ ဘာမှမရဘဲ လက်ချည်းသက်သက်



www.burmeseclassic.com

www.burmeseclassic.com



*ပြန်လာရတာတော့ ကျွန်တော်ဖြင့် ဝမ်းနည်းလို့မဆုံးပါဘူး ဆရာ* ရယ်...၊ ကြိုးစားတိုင်းလဲ မရပါလား...”ဟု ငိုသံပါကြီးနှင့် ပြောလို လေတော့၏။

စနေမောင်မောင်ကမူ တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ ကွ အတိုအတွင်းမှ ၎င်း၏ ပလက်တီနမ် စီးကရက်ဘူးကလေး ထုတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာပြီးလျှ မျက်နှာကို ကောင်းကင်ဆီသို့မော့၍ မီးခိုးများကို မှုတ်ထုတ်ရင်း—

“လောကကြီးကို ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ်... ကျေနပ်စ ကောင်းပါတယ်၊ လောကကြီးကို မကျေမနပ်မဖြစ်ပါနဲ့...၊ ကျေန စရာကောင်းတဲ့ လောကကြီးကို အပြစ်မတင်ပါနဲ့...”ဟု ပြောလို လေ၏။

စနေမောင်မောင်၏ မျက်နှာသည်လည်း အမှန်တကယ် ကျေနပ်နှစ်သိမ့်နေလေ၏။

📖 📖 📖





# သူလျှိုတစ်ယောက်

စနေမောင်မောင်သည် ကျေနပ်သော မျက်နှာထားဖြင့် မီးခိုးများကို မှုတ်ထုတ်ရင်း ကြက်နာကြီးကဲ့သို့ ငိုင်နေသော ဘွန်ဟောင်းအား...

“ဟေ့... ထောင်ကဲ၊ ဘာငိုင်နေတာလဲကွ...၊ ခြံထဲကိုဝင်လေကွာ...”ဟု ပြောလိုက်လေ၏။

ထိုအခါကျမှပင် ဘွန်ဟောင်းလည်း ခြံဝရှိ ကြိုးကလေးကို ဆွဲလိုက်ရာ ခေါင်းလောင်းကလေးသည် မြည်၍သွားလေတော့၏။ ထိုသို့ခေါင်းလောင်းကလေး မြည်သွားသည့်အခါ၌ တစ်စုံတစ်ယောက်သည် အိမ်ပေါ်ထပ်မှ ပြေးလာပြီးလျှင် ဝရန်တာမှ အောက်သို့ငုံ့၍ ကြည့်လေ၏။ ထိုသူသည် စနေမောင်မောင်ကိုမြင်လျှင်...

“ဆရာကြီး ပြန်လာပြီ...”ဟု အားရဝမ်းသာ အော်ဟစ်ပြီးလျှင် အောက်ထပ်သို့ပြေး၍ ဆင်းလာလေတော့၏။ ခြံတံခါးကို ကမန်းကတန်းဖွင့်လေ၏။ ခြံတံခါးပွင့်သည်နှင့်တစ်ပြိုင်နက် စနေမောင်မောင်အား ပြေး၍ဖက်လေတော့၏။

ထို့နောက် ထိုသူက...

“ဆရာကြီးရယ်...၊ ကျွန်တော်ဖြင့် ဆရာကြီးတို့အတွက် စိတ်ပူလိုက်ရတာ...”ဟု ပြောလိုက်လေ၏။

စနေမောင်မောင်သည် ထိုသူ၏ပခုံးကို လက်ဖြင့်ပုတ်ကာ—

“ကိုအောင်ထွန်းကလဲဗျာ...၊ အခုသွားရတဲ့ခရီးက ကိုယ့်အိမ်ကနေ လမ်းထိပ်က လက်ဖက်ရည်ဆိုင် သွားသလောက်ပဲ ရှိပါတယ်ဗျ၊ အန္တရာယ်ဆိုတာကလဲ မြူတ်ကိုမှ်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်ဗျ…၊ ခင်ဗျားနဲ့ ကျုပ်နဲ့ အိန္ဒိယပြည်ထဲကိုဝင်ပြီး စွန့်စားခဲ့တာတွေ၊ ဦးဖိုးချက်နဲ့ အလောင်းအစားလုပ်ပြီး ‘ငှက်တော်’ကို ရှာခဲ့တာတွေနဲ့ စာလိုက်ရင် ကလေးကစားလေးလောက် ရှိပါတယ်ဗျာ…”ဟု ပြောဆိုကာ ခြံတွင်း သို့ဝင်ခဲ့လေတော့၏။

မှတ်ချက်။ **တစ်ခါက စနေမောင်မောင်သည် ဦးဖိုးချက်ဆိုသူနှင့် ငှက်တော်တစ်ကောင်ကို လောင်းကြေးစားကြေး ပြုလုပ်၍ ရှာဖွေခဲ့ဘူး၏။ ထိုအကြောင်းကို စနေမောင်မောင် အမည်ဖြင့် စာအုပ်ထုတ်ဝေပြီးဖြစ်ပါသည်။**

**စာရေးသူ**

ခြံတွင်းသို့ရောက်လျှင် စနေမောင်မောင်သည် အိမ်ပေါ်သို့ မတက်သေးဘဲ ပန်းပင်များကို လျှောက်၍ကြည့်လေ၏။

“ပန်းတွေတော့ အတော်ပွင့်နေမှပဲ…၊ မာလီမူတူးက မဆိုးဘူးဘဲ…”ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

“ဘယ်ကလာ မာလီမူတူးရဲ့လက်ရာ ဟုတ်ရမှာလဲ ဆရာကြီးရဲ့ ဒီကောင်က သစ်ခွပန်းအကောင်းစားတွေကို ခိုးပြီးရောင်းစားလို့ ကျွန်တော်အလုပ်ထုတ်ပစ်လိုက်ပါပြီ…၊ အခု စိန်လှမြင့်ဆိုတဲ့ ကုလားလေးတစ်ယောက်ကို အလုပ်ခန့်ထားတယ်…”ဟု ကိုအောင်ထွန်း ဆိုသူက ပြောလိုက်ရာ…

စနေမောင်မောင်က ရယ်မော၍…

“ကိုအောင်ထွန်း… ခင်ဗျားတော့ အနှပ်ခံရပြီ…၊ ခင်ဗျားပြောတဲ့ စိန်လှမြင့်ဆိုတဲ့ကောင်က မူတူးဟာ ညီအစ်ကိုဗျ…၊ တစ်အိမ်တည်း နေကြတာ…”ဟု ပြောလိုက်လေတော့၏။

ထို့နောက် စနေမောင်မောင်သည် အိမ်ပေါ်ထပ်သို့တက်ပြီးလျှင် မှတ်ဆိတ်များ၊ ပါးမြိုင်းမွေးများကိုရိတ်၍ ရေချိုးခန်းသို့ ဝင်လေ၏။ ရေချိုးဇလုံကြီးအတွင်း၌ ဆပ်ပြာရည်များထည့်ကာ တစ်ကိုယ်လုံး





စိမ်၍ ရေချိုးလေ၏။ ပြီးလျှင် ရေချိုးခန်းမှထွက်၍ ခေါင်းဖြီး၏။ အဝတ်အစားအသစ်များလဲ၏။ ဘွန်ဟောင်းကိုလည်း ရေချိုးခိုင်းလေ၏။ ဘွန်ဟောင်းမှာမူ…

“မချိုးချင်ပါဘူး ဆရာကြီးရယ်…”ဟု မှိုင်တွေတွေကြီးနှင့် ညည်းညူလိုက်လေ၏။

စနေမောင်မောင်က မချိုးလျှင်မရကြောင်း အကျပ်ကိုင်၍ အတင်းရေချိုးခိုင်းရလေ၏။

ထို့နောက် စနေမောင်မောင်သည် ကိုအောင်ထွန်းအား…

“ဒီနေ့ ညနေစာကို ကောင်းကောင်းစားချင်တယ်ဗျာ…၊ ထမင်းချက် ‘အိဗရာဟင်’ကို ခေါ်စမ်းပါဦး…”ဟုဆိုသဖြင့်…

အိဗရာဟင်လည်း ရောက်လာလေတော့၏။ စနေမောင်မောင်ကိုမြင်လျှင် ခါးညွတ်၍ အရိုအသေပေးပြီးနောက်…

“ဘရားဆပ်…၊ ပြန်လာပြီကိုး…၊ ဟမ်မ်ရား… အများကြီးဝမ်းသာပါတယ်…၊ ဟောဒီက ဆရာပြောလို့ ဘရားဆပ်က တောထဲမှာ တရားသွားကျင့်တယ်ဆိုတာ သိရပါတယ်…၊ ညနေစာကို ဘာလုပ်ပေးရလဲ…”ဟု မေးလေ၏။

“မင်းရဲ့မှတ်ဉာဏ်ကို စမ်းရမှာပဲ… အိဗရာဟင်၊ ငါ… ဒီအိမ်ကြီးကိုစရောက်တဲ့နေ့က စားခဲ့တဲ့ အစားအသောက်တွေပဲ စားချင်တယ်”ဟု စနေမောင်မောင်က ပြောလိုက်လျှင်…

“ကောင်းကောင်းမှတ်မိပါတယ် ဘရားဆပ်…၊ ပေါင်မုန့်ထောပတ်သုတ်ရယ်…၊ စွပ်ရယ်…၊ ချစ်ကင်းရိုစ်ရယ်ပါ…”ဟု ပြောလိုက်လေတော့၏။

ထိုနေ့ညနေတွင် စနေမောင်မောင်၊ ဘွန်ဟောင်းနှင့် ကိုအောင်ထွန်းတို့သည် အိဗရာဟင်၏လက်ရာဖြစ်သော ချစ်ကင်းရိုစ်နှင့် ပေါင်မုန့်ထောပတ်သုတ်ကို မြိန်ရှက်စွာစား၍ စွပ်ကို ချွေးများထွက်သည်အထိ သောက်ကြလေ၏။ ဘွန်ဟောင်းမှာမူ စိတ်ပေါ့တပါးနှင့် စားသောက်နေလေ၏။ စနေမောင်မောင်သည် စားသောက်ပြီးသောအခါ၌ အိဗရာဟင်အား မုန့်ဖိုးတစ်ဆယ်ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိဗရာဟင်လည်း မရေမတွက်နိုင်သော ဆလံများကိုပေး၍ ဝမ်းမြောက်စွာ ပြန်သွားလေတော့၏။

အိဗရာဟင် ပြန်သွားသောအခါ၌ စနေမောင်မောင်က...

"ဒီညမှာတော့... ပုံပြင်ကောင်းကောင်းတစ်ပုဒ်နားထောင်ရမယ်ဗျို့...၊ အဲဒီပုံပြင် ပြောရမယ့်တာဝန်ကတော့ ကိုအောင်ထွန်းတာဝန်ပဲ..."ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအခါ ကိုအောင်ထွန်းက...

"ပုံပြောရမယ့်လူရဲ့... လိုလားချက်တွေကို အရင်ပြောရဦးမယ် ဆရာကြီး...၊ နံပါတ်တစ်... ပုံမပြောခင်မှာ ကာကာလက်ဖက်ရည်ဆိုင်က လက်ဖက်ရည်တစ်ခွက် သောက်ချင်တယ်...၊ ပုံပြောနေစဉ်အတွင်းမှာ သူဌေးဝါဒဆေးပေါ့လိပ် လုံလုံလောက်လောက်လိုချင်တယ်... ဆရာကြီး၊ ပုံပြောဆရာရဲ့ဇက်ဟာ အင့်မတန်ညောင်းလိမ့်မယ်...၊ အဲဒီတော့... ဇက်ကြောနှိပ်ပေးမယ့် လူတစ်ယောက်လဲ လိုချင်တယ်...၊ အဲဒီလူဟာ အပြင်လူဖြစ်လို့လဲ မဖြစ်သေးဘူး...၊ ကျွန်တော့်ပုံပြင်ကို အပြင်လူကို မကြားစေချင်ဘူး...၊ အဲဒီလိုလားချက်တွေကို ရရင်တော့ ပုံပြောဖို့တာဝန်ကို ကျွန်တော့်တာဝန်ထားလိုက်ပါ..."ဟု ကိုအောင်ထွန်းက ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"ကြားတယ်မဟုတ်လားဟေ့...၊ အဲဒါတွေ ပြည့်စုံအောင် လုပ်ပေးဖို့ကတော့... မင်းတာဝန်တွေပဲ..."ဟု ပြောလိုက်လေ၏။

ထိုအခါ ဘွန်ပောင်းက စိတ်မပါတပါနှင့်...

"ကာကာလက်ဖက်ရည်နဲ့ သူဌေးဝါဒဆေးလိပ်လဲ ကျုပ်ဝယ်ပေးပါ့မယ်ဗျာ...၊ ခင်ဗျား... ဇက်ကြောညောင်းရင်တော့ ကျုပ်ပဲ နှိပ်ပေးရမှာပေါ့...၊ ခင်ဗျားစကားမှာက အပြင်လူလည်း လာပြီး နှိပ်လို့မရဘူးဆိုတာကိုးဗျ..."ဟု ပြောလိုက်လျှင်...

စနေမောင်မောင်က ဘွန်ပောင်း၏အဖြစ်ကိုကြည့်ကာ ပြုံးလိုက်လေတော့၏။

ထို့နောက် များမကြာမီ၌ပင် ဘွန်ပောင်းသည် ချိုင့်ကလေး





တစ်လုံးကိုဆွဲ၍ လက်ဖက်ရည်နှင့် ဆေးလိပ်ဝယ်ရန် ထွက်သွားလေတော့၏။

ဘွန်ပောင်းသည် လက်ဖက်ရည်နှင့် ဆေးလိပ်များဝယ်ယူ၍ ပြန်လာပြီးနောက် ကိုအောင်ထွန်း၏အနီး၌ချကာ...

"ပုံမပြောခင်တစ်ခွက်...၊ ပုံပြောပြီးမှတစ်ခွက်မဟုတ်ဘူး...၊ တစ်ညလုံးသောက်နိုင်တယ်...၊ လက်ဖက်ရည်ဆယ်ခွက်တောင် ဝယ်လာတယ်...၊ ဆေးလိပ်ကလဲ တစ်စည်း၊ ဖင်က မီးခိုးထွက်အောင် သောက်ပေတော့..."ဟု ဆောင့်ကြီးအောင့်ကြီးနှင့် ပြောလိုက်လေတော့၏။

ထိုအခါ၌ စနေမောင်မောင်က...

"ပုံပြောဆရာ ကိုအောင်ထွန်းရေ...၊ ကျုပ်တို့အားလုံး ပုံနားထောင်ဖို့ အသင့်ဖြစ်နေပါပြီဗျာ...၊ အဲဒီတော့ ခင်ဗျားရဲ့ အင်မတန်စိတ်ဝင်စားဖွယ်ကောင်းတဲ့ ပုံပြင်ကို စပါတော့"ဟု ပြောလိုက်လေ၏။

ထိုအခါ ကိုအောင်ထွန်းက လက်ဖက်ရည်ကို ပန်းကန်လုံးအတွင်းသို့ အနည်းငယ်ငှဲ၍ သောက်ပြီးလျှင်...

"ဟေ့... ထောင်ကဲ၊ ကာကာဆိုင်ကမှ ဟုတ်ရဲ့လားကွာ...၊ သကြားကလဲ နည်းလိုက်တာ...၊ နို့ကလဲ ကျဲလိုက်တာ၊ နွားမဒန်းသေးရည်ကျနေတာပဲ..."ဟု ပြောလိုက်လျှင်...

"မီဇာမကြောင်စမ်းပါနဲ့ ကိုယ့်လူရာ...၊ သကြားပါပါတယ်...၊ သကြားမပျော်သေးလို့ပါ"ဟု ဒေါနှင့်မောနှင့် ပြောလိုက်လေတော့၏။

စနေမောင်မောင်လည်း ဘွန်ပောင်းကိုကြည့်၍ ပြုံးပြန်လေတော့၏။

ထိုအခါ၌ ကိုအောင်ထွန်းသည် လက်ဖက်ရည်ကို မော့၍ သောက်ပြီး ပန်းကန်ကိုချကာ အောက်ပါအတိုင်း ပုံပြင်ကို စတင်၍ ပြောလေ၏။

**"ဟိုးရှေးရှေးတုန်းက အင်မတန် ထူးဆန်းပြီး အင်မတန် အံ့သြဖွယ်ကောင်းတဲ့လူကြီးတစ်ဦးရှိတယ်တဲ့...၊ အဲဒီလူကြီးရဲ့နာမည်က စနေမောင်မောင်လို့ ခေါ်တယ်ဆိုပဲ...၊ အဲဒီစနေမောင်မောင်မှာ အောင်**



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဆိုတဲ့ တပည့်ကျောင်းတစ်ဦးရှိတယ်တဲ့…၊ တစ်နေ့မှာ စနေ မောင်မောင်ဆီကို သတင်းတစ်ခုရောက်လာတယ်…၊ အဲဒီ သတင်းက ဘာလဲဆိုတော့ ဂုယှတိသဓပ္ပါလို့ခေါ်တဲ့ လျှို့ဝှက်မြေဆိုး မြေဖောက်များအသင်းရဲ့ သတင်းပဲ…၊ အဲဒီသတင်းမှာက အလွန် အင်မတန် ရှားပါးလျှို့ဝှက်တဲ့ပညာရပ်တွေ ရေးသားထားတဲ့ ဝါးပရိုက် ချပ်တွေရယ်…၊ ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ အဖိုးတန် ရွှေငွေကျောက်သံ ပတ္တမြားတွေ လျှို့ဝှက်သိမ်းဆည်းထားရာ မြေပုံတွေကလဲပဲ အလွန် ပါးလွှာတဲ့ ဝါးချပ်ပေါ်မှာ ရှေးဟောင်း ဟိုင်ပိုဂရပ် လို့ခေါ်တဲ့အရုပ်တွေနဲ့ ရေးထားတာဖြစ်တယ်…၊ အလွန်ကို လက်ရာမြောက်တယ်…၊ တချို့နေရာမှာ ပညာရပ်တွေကိုပဲဖြစ်ဖြစ်…၊ ရတနာမြေပုံတွေကိုပဲ ဖြစ်ဖြစ်…၊ စိတ်ဝင်စရာကောင်းတဲ့ ပုံတွက္ကလေးတွေနဲ့ ဖော်ပြလေ့ ရှိတယ်…၊

ဥပမာအားဖြင့် ပြောရရင်…၊ သီဟိုဠ်ကျွန်းမှာရှိတဲ့ ရတနာသိုက် တစ်ခုအကြောင်းဆိုရင် သီဟိုဠ်ကျွန်းကိုလို့ တည့်တည့်မရေးဘူး…၊ မျက်ရုံးမွေးပေါက ပုလဲလုံးလေးရှိရာအရပ်လို့ တင်စားပြီးရေးထား တယ်…၊ သီဟိုဠ်ကျွန်းကို ရှေးဟောင်းလူသားတွေက မျက်ရုံးမွေးပေါ် က ပုလဲလုံးလေးလို့ တင်စားခေါ်ကြတယ်မဟုတ်လား…၊ နောက် တစ်ခု…ဥပမာပြောဦးမယ်…၊ ကြောင်နီတစ်ကောင်ကိုတွေ့အောင် ရှာပါ…၊ အမှန်တကယ် သူရှိနေတာဟာ သူ့အမြီးမှာ ရတနာစိမ်းစိမ်း ဝါဝါ ရွှေတွင်းပါ…ဆိုတဲ့ ကဗျာကလေးမျိုးတွေလဲ ရေးတတ်တယ်…၊ အဲဒါက ဘာလဲဆိုရင် တိဗက်ကုန်းပြင်မြင့်ကို… သွားတဲ့လမ်းမှာ ကြောင်နီလို့ အမည်ပေးထားတဲ့ တောင်တစ်တောင်ရှိတယ်…၊ အဝေးကကြည့်ရင် တကယ့်ကြောင်နီကြီးတစ်ကောင် ဝပ်နေတဲ့ ပုံပဲ…၊ အဲဒီလိုပဲ ပညာရပ်တွေနဲ့ ပတ်သက်လို့လဲ ပုံပြင်လိုလို၊ ဝှက်ဖုံ ဝှက်နည်းလေးနဲ့…ဥပမာတစ်ခုပြောရင်ပါသေးတယ်…

အဲဒါက ဘာလဲဆိုတော့…၊ ကျိုးမြှုကျိုးမည်းတစ်ကောင်တည်း ဆိုတဲ့ လင်္ကာလေးနဲ့ အင်္ဂရတ်ပညာကို ဝှက်ထားပုံပါပဲ…၊ အဲဒီမှာလဲ ဇာတ်လမ်းဇာတ်ကွက်လေးနဲ့ ရေးထားတာတွေရတယ်…၊သေသေ





ချာချာဇတ်ကြည့်တော့…၊ ကြေးဝါကို သွပ်နဲ့သတ်လိုက်ရင်…၊ မည်း သွားတယ်လို့ ဆိုထားပါတယ်…၊ အဲဒီလိုလုပ်ပြီးတဲ့ ကြေးဖြူနဲ့ ကြေး မည်းကို (ကျိုးမြှုကျိုးမည်း)ပေါင်းလိုက်ရင်ပဲ နှစ်ဆယ်ရည်ရှိတဲ့ ရွှေကို ရတယ်လို့ ဆိုထားပါတယ်…၊ အဲဒီလိုပဲ…အလွန်ပါးလွှာလှတဲ့ ဝါးနဲ့ပြုလုပ်ထားတဲ့ ပရိုက်ပေါ်က အရုပ်စာတွေဟာ ရှေးဟောင်း လျှို့ဝှက်ပညာတွေနဲ့ ရတနာသိုက်ရဲ့မြေပုံညွှန်းတွေကိုဖော်ပြရေးသား ထားတာဖြစ်ပါတယ်…၊

အလွန်ကြီးမားတဲ့ ရွှေရောင်သေတ္တာကြီးထဲမှာတော့ သွပ်နဲ့ ပြုလုပ်ထားတဲ့ သေတ္တာကြီးနဲ့ အံကျဖြစ်နေတဲ့ သွပ်ဘူးတောင်းကြီး တစ်ခုပါပါတယ်…၊ အဲဒီဘူးတောင်းကြီးထဲမှာ ပရိုက်တွေကို ထည့် ထားပါတယ်…၊ သွပ်ဘူးကြီးဟာလဲပဲ လေလုံအောင် စီမံထားပါ တယ်၊ အဲဒီရွှေရောင်ခေါင်းကြီး၊ ဒါမှမဟုတ်… ရွှေရောင်သေတ္တာကြီး လို့ ရှေးရှေးကဆိုရင် ပုံပြင်သဖွယ် ပြောဆိုကြရပါတယ်…၊ ဒါပေမယ့် ဒီရွှေရောင်သေတ္တာကြီးဟာ ပုံပြင်မဟုတ်ပါဘူး…၊ တကယ်ရှိနေတာ ပါ…၊ ဘယ်ခေတ်ကတည်းကစပြီး ရှိနေတယ်ဆိုတာကိုတော့ အတိ အကျမပြောနိုင်ဘူး…၊ တရုတ်ကျေးလက်ဒေသတွေမှာလဲ အဲဒီရွှေ ရောင်သေတ္တာကြီး ပုံပြင်ဟာ ရှိနေတယ်…၊ မြန်မာကျေးလက်ဒေသ တွေမှာလဲ အဲဒီပုံပြင်ဟာ ရှိနေတယ်…၊ ရောမပုံပြင်မှာတောင်မှ ပင်နီ ရာရဲ့သေတ္တာဆိုပြီး အဲဒီပုံပြင်နဲ့ ဆင်ဆင်တူတဲ့ ပုံပြင်တစ်ခုရှိနေပါ တယ်…၊ အဲဒီ ရွှေရောင်သေတ္တာကြီးကို အဆင့်ဆင့်လက်ပြောင်းပြီး ပိုင်ဆိုင်လာခဲ့ကြတယ်…၊ ပိုင်ဆိုင်သူတွေဟာ များသောအားဖြင့် လျှို့ဝှက်ပညာအသင်းတွေ၊ ဂိုဏ်းဂဏတွေဖြစ်တယ်…၊ နောက်ဆုံး မှာ အဲဒီရွှေရောင်သေတ္တာကြီးဟာ မြေဆိုးမြေဖောက်လို့ခေါ်တဲ့ အသင်းတစ်သင်းရဲ့လက်ထဲကို ရောက်သွားပါတယ်…၊ အဲဒီအသင်း နဲ့ဆန့်ကျင်ဘက်အသင်းတစ်ခုလဲရှိပါသေးတယ်…၊ အဲဒီအသင်းက တော့ လျှို့ဝှက်သော မြေပါအသင်းလို့ ခေါ်ပါတယ်…၊ လျှို့ဝှက်သော မြေပါအသင်းဟာလဲ မြေဆိုးမြေဖောက်အသင်းရဲ့ ရွှေရောင် သေတ္တာကြီးကို နှစ်ပေါင်းများစွာ သွားရည်ကျခဲ့ကြတယ်…၊



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့အရောက်၌ ပုံပြောသော ကိုအောင်ထွန်းသည် ခေတ္တရပ်လိုက်ပြီး လက်ဖက်ရည်ကို သောက်လေ၏။ ပြီးလျှင် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိကာ ဖွာလေ၏။

အဲဒီ လျှို့ဝှက်တဲ့ မြွေဆိုးမြွေဟောက်အသင်းတည်နေရာကို သိဖို့က လွယ်တာမဟုတ်ဘူး၊ တော်တော့ကို လေ့လာယူရတာ၊ အဲဒီပစ္စည်းကို လိုချင်နေတဲ့အထဲမှာ လူထူးလူဆန်းကြီး စနေမောင်မောင်တစ်ယောက်တည်းမဟုတ်ဘူး…၊ အင်မတန် ဉာဏ်ပညာထက်မြက်တဲ့အစ်မတော်ဆိုတဲ့ မိန်းမတစ်ယောက်လဲပါတယ်…၊ မြွေပါအသင်းရဲ့ ခေါင်းဆောင် မောင်စံဖိုးဆိုတဲ့ လူတစ်ယောက်လဲပါတယ်…၊ အဲဒီအထဲမှာ ဦးရယ်မောဆိုတဲ့ ဖိုးသူတော်ကြီးဟာ မြွေဆိုးမြွေဟောက်တွေရဲ့ ဖနေရာကို ပထမဆုံး စုံစမ်းသိရှိသူဖြစ်တယ်…၊ အဲဒီတော့ သူဟာ မြွေဆိုးမြွေဟောက်တွေကို အယုံသွင်းပြီး ဘာမှမသိနားမလည်တဲ့ လူနုံလူအကြီးယောင်ဆောင်ပြီး မြွေဆိုးမြွေဟောက်တွေဆီမှာ နှစ်ပေါင်းများစွာ ထမင်းချက်လုပ်ရင်း ရွှေရောင်သေတ္တာကြီးကို စုံစမ်းခဲ့တယ်…၊ အဲဒီလိုစုံစမ်းတဲ့နေရာကို ဒုတိယသိသွားတဲ့လူကတော့ မြွေပါမောင်စံဖိုးပဲ ဖြစ်တယ်…၊ မောင်စံဖိုးနဲ့ ဖိုးသူတော်ဦးရယ်မောဟာ မြွေဆိုးမြွေဟောက်တွေဆီက ရွှေရောင်သေတ္တာကြီးကို ခိုးသွားနိုင်ခဲ့တယ်…၊ ရွှေရောင်သေတ္တာကြီးကို ပါဠိလို သုဝဏ္ဏမဉ္ဇူသာ လို့ ခေါ်တယ်”

ထိုနေရာသို့ရောက်လျှင် ပုံပြောသမား ကိုအောင်ထွန်းလည်း ရပ်နားပြီး လက်ဖက်ရည်ကို သောက်ပြန်၏။ ဇာက်ညောင်းသည်ဟု ဆိုကာ ဦးခေါင်းကို ဟိုယမ်းသည်ယမ်းလုပ်ပြန်၏။ ထို့ကြောင့် ဘိန်းစားဘွန်ဟောင်းက…

“ဇက်ညောင်းနေပြီလား… ဆရာ၊ ဇက်ညောင်းနေရင်တော့ နှိပ်ပေးရတော့မှာပေါ့ဗျာ…”ဟု ပြောဆိုကာ ကိုအောင်ထွန်း၏ ဇက်ကြောအား နှိပ်နယ်ပေးလေ၏။





စနေမောင်မောင်လည်း စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိ ရှိုက်ဖွာနေလေ၏။ ကိုအောင်ထွန်းမှာမူ ဆက်လက်ပြောဆိုခြင်းမပြုဘဲ ဇိမ်နှင့်အနှိပ်ခံနေသောကြောင့်…

ဘွန်ဟောင်းက…

“ခင်ဗျားကလည်းဗျာ…၊ ဇိမ်ပဲခံနေတာပဲ…၊ ဆက်ပြီးပြောစမ်းပါဦး” ဟု ဆိုလေတော့၏။

ထို့ကြောင့် ကိုအောင်ထွန်းသည် သူ၏ပုံပြင်ကို အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန်လေတော့၏။

“ဖိုးသူတော်ကြီးနဲ့ မောင်စံဖိုးဟာ ရွှေရောင်သေတ္တာကြီးကို ခိုးယူသွားနိုင်ကြတယ်…၊ သူတို့နောက်ကလိုက်တဲ့ မြွေဆိုးမြွေဟောက်တွေလည်းလျှတ် ခြည်ပြတ်သွားကြတယ်…၊ သူတို့ဟာ ရွှေရောင်သေတ္တာကြီးကို ရေကြောင်းအတိုင်း သယ်ယူခဲ့ကြတယ်…၊ ပြီးတော့… တောတွေ တောင်တွေကို ဖြတ်ခဲ့ကြတယ်…၊ အဲဒီမှာ မောင်စံဖိုး စားနပ်ရိက္ခာ တွေ သွားရှာနေတုန်းမှာ ဖိုးသူတော်ကြီးက အတွင်းက ပရပိုက်တွေ ကိုထုတ်ပြီး ကျောက်ဂူထဲမှာ မောင်စံဖိုးမသိအောင် ဝှက်ထားခဲ့ တယ်…၊ မောင်စံဖိုး ပြန်လာတဲ့အခါမှာ သေတ္တာကြီးကိုမောင်စံဖိုးနဲ့ အတူအတည်ပေါက်နဲ့ သယ်ယူတော့တာပေါ့…၊ သေတ္တာထဲကြီးမှာ တော့ ဝါးချပ်ပြားပရပိုက်တွေအစား တခြားဝါးခြမ်းပြားတွေကို ဦးရယ်မောက ထည့်ထားပြီးပြီ…၊ မောင်စံဖိုးဟာ ဦးရယ်မောကို ယုံကြည်တဲ့အတွက် ဒီလိုလုပ်လိမ့်မယ်လို့ မထင်ဘူး…၊ ဦးရယ်မော ကြီးဟာ သိပ်ကိုလှုတ္တိရှိတယ်…၊ ရွှေရောင်သေတ္တာကြီးကို အပင်ပန်း ခံပြီး မိုင်ပေါင်းများစွာ တောတွေတောင်တွေကိုဖြတ်ပြီး မောင်စံဖိုးနဲ့ အတူ သယ်ယူခဲ့ကြတယ်…၊ ပြီးတော့ လာဆာမြို့တော်ကိုသွားတဲ့ လမ်းက တောင်တန်းကြီးတစ်ခုက ရေတံခွန်အောက်မှာ သွားဝှက် ထားခဲ့ကြတယ်…၊ အဲဒီလိုဝှက်ထားပြီးမှ မောင်စံဖိုးနဲ့ ဖိုးသူတော်ကြီးဟာ နောင်အခါကျမှ စိတ်အေးလက်အေးနဲ့ ဒီပစ္စည်းကို လာဖော်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒီလိုဖော်ပြီးရင် ပညာရပ်တွေကို လေ့လာမယ်...၊ ရတနာမြေပုံတွေအတိုင်း ရတနာတွေကိုရှာမယ်ပေါ့...၊ အဲဒီလို စီစဉ်ခဲ့ကြတယ်...၊ အဲဒီရေတံခွန်နဲ့ သိပ်မဝေးတဲ့ တောအုပ်ကြီးထဲမှာ တိဗက်ဘုန်းတော်ကြီးကျောင်းရှိတယ်..."

ထိုနေရာသို့အရောက်၌ ကိုအောင်ထွန်းသည် စကားကိုရပ်လိုက်သဖြင့် ဘွန်ဟောင်းက လက်ဖက်ရည်ငှဲ့ပေးလေ၏။

ကိုအောင်ထွန်းလည်း လက်ဖက်ရည်ကို သောက်၍ ဆေးပေါ့လိပ်ကို ဖွာပြန်လေ၏။

"လုပ်စမ်းပါဗျာ...၊ ခင်ဗျားကလဲ ခဏခဏနားနေတာကိုးဗျ...၊ ခင်ဗျားပုံပြောတာ နားထောင်ရတာကလဲ... မာတ်စက်အပျက်ကို နားထောင်ရသလို ဖြစ်နေပြီ..."ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထိုအခါ ကိုအောင်ထွန်းသည် သူ၏ပုံပြင်ကို ဆက်လက်၍ ပြောလေ၏။

"ဒီပုံပြင်မှာ ရွှေရောင်သေတ္တာကြီးကို မောင်စံဖိုးနဲ့ဖိုးသူတော်ကြီး ဦးရယ်မောတို့ ခိုးထုတ်သွားတဲ့အထိကတော့ အတိအကျပါပဲ၊ မောင်စံဖိုးမသိအောင် ဦးရယ်မောက ပရိုက်တွေကို ထုတ်ယူထားတယ်ဆိုတာရယ်...၊ ပြီးတော့... ရွှေရောင်သေတ္တာကြီးထဲမှာ တခြားဝါးခြမ်းတွေထည့်ပြီး မောင်စံဖိုးနဲ့အတူ တိဗက်တောင်တန်းတွေဆီကို သယ်သွားတယ်ဆိုတာရယ်...၊ ရေတံခွန်ကြီးအောက်မှာ ဝှက်ထားလိုက်တယ်ဆိုတာရယ်ကတော့ လူထူးလူဆန်းကြီး စနေမောင်မောင်ရဲ့ တွေးတောချက်တွေဖြစ်တယ်..."

ထိုသို့ပြောလိုက်သောကြောင့် စနေမောင်မောင်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးလျှင်...

"ဒီမှာကိုအောင်ထွန်း...၊ စနေမောင်မောင်ရဲ့တွေးတောချက်တွေဟာ တကယ်မှန်တဲ့တွေးတောချက်တွေဖြစ်တယ်ဗျ...၊ အဲဒီရေတံခွန်ကြီးနဲ့ ငါးမိုင်လောက်ဝေးတဲ့နေရာမှာ တိဗက်ကျောင်းတစ်ကျောင်းလဲရှိတယ်...၊ အဲဒီ တိဗက်ဘုန်းတော်ကြီးကျောင်းကို တိဗက်ဘာသာနဲ့





'လုလင်းခန်း'လို့ ခေါ်တယ်ဗျ...၊ တောအုပ်ထဲက ကျောင်းသင်ခန်းလို့ အဓိပ္ပါယ်ရတယ်ပေါ့ဗျာ...၊ ကဲ... ခင်ဗျားပုံပြင်ကို ဆက်ပြောပါဦး..." ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုအခါ ကိုအောင်ထွန်းသည် သူ၏ ပုံပြင်ကို ဆက်ပြန်လေ၏။

"ရှေးဟောင်းရွှေရောင်သေတ္တာကြီးဟာ ဦးရယ်မောနဲ့ မောင်စံဖိုးတို့ လက်ကို ပါသွားတယ်ဆိုတဲ့ သတင်းလဲကြားရော...၊ စနေမောင်မောင်ဟာ အဲဒီနောက်ကို လိုက်သွားတာပဲ...၊ လိုက်တဲ့နေရာမှာ... လမ်းကြောင်းနှစ်ကြောင်းနဲ့လိုက်ခဲ့တယ်၊ ဘာကြောင့် လမ်းကြောင်းနှစ်ကြောင်းနဲ့ လိုက်ခဲ့ရသလဲဆိုတော့...၊ ဦးရယ်မောဆိုတဲ့ ညာဏ်နီညာဏ်နက်များလှတဲ့ လူကြီးဟာ ဘယ်လိုပဲဖြစ်ဖြစ် လမ်းခရီးမှာ မောင်စံဖိုးမသိအောင် ပရိုက်တွေခိုးယူပြီး ဝှက်ထားလိမ့်မယ်...၊ အဲဒီတော့... ပရိုက်အစစ်တွေဟာ သူတို့သွားခဲ့တဲ့လမ်းတစ်နေရာမှာရှိလိမ့်မယ်လို့ ခန့်မှန်းတယ်...၊ စနေမောင်မောင်ဟာ သူခန့်မှန်းတဲ့ နေရာကို မြေပုံမှာတောက်ပြီး သူ့တပည့် ကိုအောင်ထွန်းဆိုတဲ့လူကို လိုက်ရှာနိုင်းတယ်...၊ အဲဒါက လမ်းကြောင်းတစ်ကြောင်း...၊ တခြားလမ်းကြောင်းတစ်ကြောင်းကတော့ သူဟာ မန္တလေးမှာ ခေတ္တလာနားပြီး... သတင်းစုံစမ်းတယ်...၊ မောင်စံဖိုးနဲ့ ဦးရယ်မောတို့ ရွှေရောင်သေတ္တာကြီးကို လုံလုံခြုံခြုံဝှက်ထားမယ့်နေရာကို စဉ်းစားကြည့်တယ်...၊ ဒီသေတ္တာကြီးထဲမှာ ပရိုက်တွေမရှိဘူးဆိုတာကိုလဲ သူကိုယ်တိုင်သိပါတယ်...၊ ဒါပေမယ့် သူလိုပဲ ဒီသေတ္တာကြီးရဲ့နောက်ကို မျက်ခြည်မပြတ် အနံ့ခံလိုက်နေတဲ့ လူတွေကို လှည့်စားချင်တဲ့ သဘောနဲ့ အဲဒီသေတ္တာကြီးနောက်ကို သူကိုယ်တိုင်စွန့်စွန့်စားစား လိုက်သွားခဲ့တယ်...၊ အမှန်ကတော့... စနေမောင်မောင် တောထဲမှာ စွန့်စားနေတဲ့အချိန်လောက်မှာပဲ သူ့တပည့် ကိုအောင်ထွန်းဟာ ဖိုးသူတော်ကြီး ဦးရယ်မောက မောင်စံဖိုးမသိအောင် ခိုးယူပြီး ဝှက်ထားလိုက်တဲ့ ရှေးဟောင်းဝါးခြမ်းပရိုက်တွေကို အောင်အောင်မြင်မြင် ရယူနိုင်ပြီဖြစ်ပါတယ်..."

ထိုနေရာသို့အရောက်တွင် ဘွန်ဟောင်းသည် ကိုအောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



အား ထ၍ ခုန်အုပ်ပြီးလျှင်...

"ဒီလိုဆိုရင် ကျုပ်တို့ ပရပိုက်အစစ်တွေကို ရတယ်ပေါ့...၊ ကျုပ်တို့မဆုံးရှုံးဘူးပေါ့...၊ ဆရာကြီးမီးရှို့လိုက်တဲ့ သေတ္တာကြီးထဲမှာ ကျုပ်တို့လိုချင်တဲ့ ပစ္စည်းတွေ ပါမသွားဘူးပေါ့..."ဟူသော မေးခွန်းပေါင်းများစွာကို အငမ်းမရမေးလိုက်လေတော့၏။

"ဒါပေါ့... ထောင်ကဲရာ၊ ကျုပ်တို့ဆရာကြီးကြံရင် လွဲချော်သွားတယ်ဆိုတာ တစ်ခါမှ မရှိပါဘူး...၊ အခုလဲပဲ... ကျုပ်တို့လိုချင်တဲ့ ပစ္စည်းဟာ ကျုပ်တို့လက်ထဲရောက်နေပါပြီ..."ဟု ကိုအောင်ထွန်းက ပြောလိုက်လေရာ...

ဘွန်ဟောင်းသည် ဝမ်းသာလွန်းသဖြင့် ထ၍ခုန်လေတော့၏။ ထိုသို့ခုန်ပြီးနောက် စနေမောင်မောင်အား...

"ဒါနဲ့များ... ဆရာကြီးရယ်၊ ကျွန်တော့်ကို စောစောက ပြောရောပေါ့...၊ ကျွန်တော်ဖြင့် အဲဒါကြီးကိုလဲ မီးရှို့ပစ်လိုက်ရော... ရင်ထဲမှာ ဆွေးသွားတာပဲ ဆရာကြီးရယ်...၊ ယူကျုံးမရဖြစ်လိုက်တာလဲ လွန်ပါရော..."ဟူ၍ အပြစ်တင်သောလေသံဖြင့် ပြောလိုက်လေတော့၏။

ထိုအခါ စနေမောင်မောင်က စီးကရက်ပြာကို ခြွေလိုက်ပြီးနောက်...

"ဒီမှာ... ဘွန်ဟောင်း၊ အဲဒီလိုဆွေးပြီး၊ အဲဒီလို ယူကျုံးမရဖြစ်နေတဲ့ မင်းရဲ့မျက်နှာလေးကို မြင်လိုက်ရတဲ့ မြွေဆိုးမြွေဟောက်တွေကရော၊ မောင်စံဖိုးတို့မြွေပါတွေကရော...၊ မောင်ပွင့်ကောင်းတို့ လူစုရော... ငါတို့ကို ယုံကြည်သွားတာပေါ့ကွ...၊ ငါတို့ဟာ ရွှေရောင်သေတ္တာကြီးနဲ့ အတွင်းက ပရပိုက်တွေကို ဆုံးရှုံးသွားတယ်ဆိုတာ တကယ်မှတ်ကုန်ကြတာပေါ့ကွ...၊ မင်းကိုများ... အမှန်အတိုင်းဖွင့်ပြောထားခဲ့ရင်... မင်းက အဲဒီမျက်နှာထားမျိုးဖြစ်အောင် ဘယ်လိုနည်းနဲ့မှ ဟန်ဆောင်နိုင်မှာမဟုတ်ဘူး...၊ ဟန်ဆောင်ရင်လဲ ဟန်ဆောင်တာပဲ ဖြစ်လိမ့်မယ်...၊ သဘာဝကျမှာမဟုတ်ဘူး...၊ အဲဒီလို သဘာဝမကျတာနဲ့ တစ်ချက်တည်း ငါတို့နှစ်ယောက်ရဲ့အသက်ကို သူတို့ဟာ အရယူကြလိမ့်မယ်...၊ ဒါကြောင့်... မင်းကို အမှန်အတိုင်း





ဖွင့်မပြောခဲ့တာ...၊ ဒါပေမယ့်... မင်းကိုတော့... အရိပ်အမြွက်ပြောခဲ့ပါသေးတယ်...၊ 'မသွားခင်က ရောက်နှင့်ပြီ'ဆိုတဲ့ စကားကိုလေ...၊ အဲဒီတုန်းက မင်းက အဲဒီစကားကို အလေးအနက်မှ မထားခဲ့ဘဲ...၊ အဲဒီမှာ အဖြေပါပြီးသားပါ..."ဟု စနေမောင်မောင်က ရှင်းပြလိုက်လေ၏

ထိုအခါကျမှ ဘွန်ဟောင်းလည်း...

"ဟုတ်တယ်၊ ဟုတ်တယ်...၊ ဒီစကားကို ဆရာကြီးပြောခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်က သတိမထားလိုက်ဘူးလေ၊ ဆရာကြီးကတော့ ဘာပဲလုပ်လုပ် ပိပိရိရိရှိပါပေတယ်ဗျာ..."ဟု ပြောဆိုလိုက်လေတော့၏။

ထို့နောက်... ဘွန်ဟောင်းက...

"ဒါနဲ့... ကိုအောင်ထွန်း၊ ဖိုးသူတော်ကြီးကျောက်ဂူထဲမှာ ဝှက်ထားတဲ့ ဝါးခြမ်းပြား ပရပိုက်ပေ့ွကို ခင်ဗျားက နောက်ကြောင်းက အလစ်သုတ်ပြီး ဝှက်ထားတာပေါ့...၊ စိတ်ချရပ့်မလားဗျာ...၊ ဓော်ကြာ... ဟိုအုပ်စုက လူတွေသိသွားရင်တော့ မလွယ်ဘူး...၊ ဒီတစ်ခါ မီးထပ်ပြီးရှို့ပြရင်လဲ ယုံမှာမဟုတ်တော့ဘူး...၊ သိပ်စိတ်ချရတဲ့နေရာမှ ဖြစ်လိမ့်မယ်ဗျ..."ဟု ဆက်၍ ပြောလိုက်လေရာ...

ကိုအောင်ထွန်းက ရယ်မော၍...

"ဟား... ဟား... ဟား... ဒီလောက်လဲတွေးပြီးမပူနေပါနဲ့ကွာ...၊ ဆရာကြီးမှာထားတဲ့နေရာမှာပဲ ဝှက်ထားတာပါ...၊ သိပ်စိတ်ချရပါတယ်...၊ သူတို့မသိနိုင်ပါဘူး...၊ သူတို့စိတ်ထဲမှာတော့ တကယ်ပဲ... ဝါးချပ်ပရပိုက်တွေ မီးလောင်သွားပြီးလို့ ထင်နေကြပြီး... ယူကျုံးမရဖြစ်နေမှာ ကျိန်းသေပါတယ်ကွာ... ဘွန်ဟောင်းရာ..."ဟု ပြောလိုက်လေ၏။

"ဘယ်နေရာမှာလဲဗျ...၊ ကျုပ်လဲ သိချင်ပါသေးတယ်...၊ ဒီကိစ္စမှာ ကျုပ်လဲ သက်စွန့်ဆံဖျား ပါဝင်ထားရတယ်ဆိုတော့ ကျုပ်ကိုတော့ အသိပေးသင့်ပါတယ်...၊ ကျုပ်က ဖိုးသူတော်ကြီးလို လုပ်မယ့်လူမျိုး မဟုတ်ပါဘူး..."ဟု ဘွန်ဟောင်းက ပြောလိုက်ပြီးလျှင် စနေမောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘက်သို့လှည့်၍...

"မဟုတ်ဘူးလား... ဆရာကြီး၊ ကျွန်တော်လည်း သိခွင့်ရှိတယ် မဟုတ်လား..."ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"သိပ်ဟုတ်တာပေါ့ ဘွန်ဟောင်းရာ... အဲဒီဝှက်ထားတဲ့နေရာကို မင်းသိခွင့်ရှိပါတယ်... တို့နှစ်ယောက်ကလဲ မင်းကို ထိမ်ချန်ထားစရာမလိုပါဘူး... ဘာဖြစ်လို့လဲဆိုတော့ ဒီပစ္စည်းတွေရအောင် မင်းလဲ အသက်စွန့်ပြီး ပါဝင်ခဲ့ရတာမဟုတ်လား..."ဟု ပြန်၍ပြောလေ၏။

ထို့နောက်... ကိုအောင်ထွန်းဘက်သို့ လှည့်၍...

"သူ့ကို ပြောပြလိုက်ပါ..."ဟု ပြောပြီးကာမှ လက်ကိုကာပြလိုက်သဖြင့် ကိုအောင်ထွန်းလည်း ပြောတော့မလိုလုပ်ပြီးကာမှ ပါးစပ်ကို ပိတ်လိုက်ရလေတော့၏။

စနေမောင်မောင်သည် အခန်းအပြင်သို့လှည့်၍...

"သွင်းခဲ့လေကွာ..."ဟု ပြောလိုက်လေ၏။

ဘွန်ဟောင်းနှင့် ကိုအောင်ထွန်းတို့လည်း မည်သူ့ကို လှမ်း၍ ပြောလိုက်မှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်၍ အခန်းအပြင်ဘက်ဆီသို့ ပြိုင်တူလှည့်၍ ကြည့်လိုက်ကြလေတော့၏။

ထိုအခါ၌ ထမင်းချက်သော 'အီဗရာဟင်'အား ဂေါ်ရခါးတစ်ဦးက မားကောက်ဖြင့် လည်ပင်းကိုချိန်ရွယ်၍ အခန်းတွင်းသို့ သွင်းလာသည်ကို တွေ့ရလေတော့၏။

ဘွန်ဟောင်းက...

"အီဗရာဟင်ပါလား... ဟိုနောက်က ဩော်... ဆရာကြီး အလုပ်ဖြုတ်ပစ်လိုက်တဲ့ ဒရဝမ် ရပ်ချ်ကူးမားပါလား..."ဟု လွှတ်ခနဲ ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က...

"ရပ်ချ်ကူးမား... သစ္စာရှိတာကိုသိလို့ ကျုပ်က အလုပ်ထုတ်ပစ်ချင်ဟန်ဆောင်ပြီး ဒီအိမ်ကနေ ထုတ်ခဲ့တာ... ဒါပေမယ့် သူ့ကို





လစဉ်လခပေးခဲ့တယ်... သူ့ရဲ့တာဝန်ကတော့ ကျုပ်အိမ်က အလုပ်သမားတွေအားလုံးကို ယောက်လှမ်းစုံစမ်းပြီး ကျုပ်လက်ကို အပ်ဖို့ပါပဲ... အီဗရာဟင်ဟာ မြွေပါဂိုဏ်းက ကျုပ်ရဲ့သတင်းကို စုံစမ်းဖို့ ကျုပ်ဆီကို ထမင်းချက်အဖြစ်နဲ့ ထည့်ထားတဲ့သူလျှိုလေဗျာ... ကဲ... ရပ်ချ်ကူးမား... ပြောစမ်းပါဦး..."ဟု ပြောလိုက်လေ၏။

"ဆရာကြီးတို့ စကားပြောတာကို ချောင်းပြီးနားထောင်နေပါတယ် ဆရာကြီး..."ဟု ရပ်ချ်ကူးမားက ပြောလိုက်လေ၏။

စနေမောင်မောင်သည် အီဗရာဟင်ဘက်သို့လှည့်ကာ...

"ကဲ... ပြောစမ်းပါဦး... မင်းကို မြွေပါအဖွဲ့ကနေ... ငါ့ဆီကို သွင်းထားတာမဟုတ်လား..."ဟု မေးလိုက်လေ၏။

"ဟုတ်တယ်..."ဟု အီဗရာဟင်က ပြန်၍ဖြေလိုက်၏။

"ငါတို့ ရွှေသေတ္တာကြီးနောက်ကို လိုက်သွားတဲ့သတင်းလဲ... မင်းပဲ... မောင်စံဖိုးတို့ကို ပေးလိုက်တာမဟုတ်လား..."ဟု စနေမောင်မောင်က မေးလိုက်ပြန်၏။

"ဟုတ်တယ်..."ဟု အီဗရာဟင်က ပြောပြန်၏။

စနေမောင်မောင်သည် အီဗရာဟာ၏မျက်နှာကို စိုက်၍ကြည့်ပြီးလျှင်...

"မင်းရဲ့တာဝန်ကို ပြောစမ်းပါဦး..."ဟု မေးလိုက်ပြန်လေ၏။

အီဗရာဟင်က ရင်ကိုကော့၍...

"ကျုပ်တို့အဖွဲ့က အချက်ပေးလိုက်တာနဲ့ ခင်ဗျားကိုသတ်ပစ်ဖို့တာဝန်ရှိတယ်... ကျုပ်ရဲ့ဆရာ... မောင်စံဖိုးဟာ ရွှေသေတ္တာကြီးနောက်ကို ခင်ဗျားလိုက်မယ်ဆိုတာသိလို့ ခင်ဗျားရဲ့အရိပ်အခြေကို စောင့်ကြည့်နိုင်အောင် ကျုပ်ကို စေခိုင်းထားတာပဲ..."ဟု ရဲဝံ့စွာ ပြောလေ၏။

"အေး... ကောင်းပြီ၊ ရပ်ချ်ကူးမား... ခေါ်သွားနိုင်ပြီ၊ ဒီတစ်သက်မှာ ဒီကောင်စကားပြောသံကို နောက်ထပ်မကြားချင်တော့ဘူး... ဒါပဲ..."ဟု စနေမောင်မောင်က ပြောလိုက်လျှင်...

ဂေါ်ရခါးလည်း ထမင်းချက်အီဗရာဟင်၏လည်ပင်းကို မားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထောက်၍ ဆွဲထုတ်သွားလေတော့၏။

များမကြာမီ၌ပင် ဂေါ်ရခါးသည် ပန်းကန်ကလေးတစ်ချပ်တို့ လက်ကိုင်ပဝါကလေးတစ်ထည်အုပ်၍ စနေမောင်မောင်အား လာ၍ ပေးလေ၏။

စနေမောင်မောင်က...

"ကောင်းပြီ... ရပ်ချ်ကူးမား...၊ ပြန်နိုင်ပြီ..."ဟု ပြောလိုက်လျှင် ရပ်ချ်ကူးမားသည် ဓားရိုးပေါ်သို့ လက်ကိုတင်ကာ စနေမောင်မောင်အား အရိုအသေပြုပြီးလျှင် ထွက်သွားလေတော့၏။

စနေမောင်မောင်လည်း ရပ်ချ်ကူးမားပေးသွားသော ပစ္စည်းတွေ ပန်းကန်ပြားကလေးအား စားပွဲပေါ်သို့တင်ထားလိုက်လေတော့၏။

ထိုအခါ ဘွန်ဟောင်းက ကိုအောင်ထွန်းဘက်သို့လှည့်ကာ...

"အီဗရာဟင်လဲ မရှိတော့ပါဘူးဗျာ...၊ ပစ္စည်းတွေ ခင်ဗျား ဝှက်ထားတဲ့နေရာကို ပြောပြစမ်းပါဦး..."ဟု ဆိုလေ၏။

ထိုအခါ ကိုအောင်ထွန်းက...

"ဒီမှာ... ထောက်ကဲ၊ ထရံမှာနားရှိတယ်ဆိုတဲ့စကား ကြားဘူးတယ်မဟုတ်လား၊ အဲဒီတော့... တို့ပြောတာကို ချောင်းပြီး နားထောင်တဲ့... လူရှိချင်ရှိဦးမှာ...၊ ငါ... မင်းကိုပြောပြမယ်...၊ ဒီနားလာ..."တဲ့ ဆိုကာ...

ဘွန်ဟောင်း၏နားနားသို့ကပ်ကာ တိုးတိုးလေးပြောလိုက်လေတော့၏။ ထိုအခါ ဘွန်ဟောင်းသည် လွန်စွာမှ သဘောကျ၍ သွားလေ၏။

"ကိုအောင်ထွန်းရာ...၊ အကြံပိုင်တယ်ဗျာ...၊ ဝှက်ထားပုံလေး နေရာကျတယ်ဗျာ...၊ တစ်ခုပဲရှိတယ်...၊ ခင်ဗျားဝှက်ထားတဲ့နေရာကို တော့ သူတို့ဟာ ဘယ်လိုနည်းနဲ့မှ စဉ်းစားနိုင်မှာမဟုတ်ဘူး...၊ ခင်ဗျားကို သူတို့ကဖမ်းပြီး မခံနိုင်အောင် ညှင်းပန်းနှိပ်စက်ပြီး နေရာပြခိုင်းရင်တော့ ရချင်ရလိမ့်မယ်..."ဟု ဘွန်ဟောင်းက ပြောလိုက်လျှင်...

ကိုအောင်ထွန်းက...



"ဒီအတွက်တော့ စိတ်ချပါဗျာ...၊ တကယ်လို့ ကျုပ်ကို ဖမ်းမိသွားပြီး... နေရာကို ဖော်ခိုင်းရင်တော့ သူတို့ကို ကျုပ်က လုံးဝမပြောနိုင်အောင် ကျုပ်ရဲ့လျှာကို ကျုပ်ကိုယ်တိုင် ကိုက်ပြီးဖြတ်ပစ်လိုက်ပါ့မယ်..."ဟု ပြောလိုက်လေ၏။

"ကျုပ်တို့ဆီမှာ ပစ္စည်းအစစ်ရှိတယ်ဆိုတဲ့ သတင်းကြားရင်တော့ မြွေပါတွေကရော...၊ မြွေဆိုးမြွေဟောက်တွေကရော...၊ အစ်မတော်ဆိုတဲ့ မိန်းမရော...၊ ကျွန်တော်တို့ကို ကြွင်နာကြမှာမဟုတ်ဘူးနော်...၊ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး..."ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"သန်ဘက်ခါကို ခရီးထွက်မယ်ကွ...၊ ရန်ကုန်က သွားမယ်...၊ ခရီးသွားလာခွင့်လက်မှတ်တွေ ပြည့်စုံအောင်လုပ်ပြီးရင်... ဟောင်ကောင်ကိုသွားကြမယ်...၊ အဲဒီကနေ... အပန်းဖြေသဘော ခရီးလဲထွက်ရင်း...၊ ရန်သူတွေကိုလဲ မျက်ခြည်ဖြတ်ရင်းပေါ့ကွာ..."ဟု စနေမောင်မောင်က ပြောလိုက်လျှင်...

ဘွန်ဟောင်းက...

"ဟောင်ကောင်ရောက်ရင်တော့ ကျွန်တော့်ဆရာကြီး ဦးစင်းတို့နဲ့ တွေ့ရတော့မယ်..."ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ၎င်းတို့သည် အိပ်ရာသို့ ဝင်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



# လေနှင့်အတူပါလာသော ကိုတာနော

နောက်တစ်နေ့နံနက်၌ စနေမောင်မောင်တို့သုံးဦးသည် လက်ဖက်ရည်သောက်ရင်း ရောက်တတ်ရာရာ စကားများပြောဆိုနေကြလေ၏။ ဘွန်ဟောင်းက ရယ်စရာကောင်းသော တရုတ်ပုံပြင်တစ်ခုကို ပြောပြနေလေ၏။ ထိုအချိန်၌ပင် နှစ်ဆောင်ပြိုင်အိမ်မည်းကြီး၏ အိမ်ရှင်ဖြစ်သော ဦးထော်ကြီးသည် လူတစ်ယောက်နှင့်အတူ ရောက်ရှိလာလေ၏။

"ဘာကိစ္စလဲ... ဦးထော်ကြီး..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ဆရာကြီး... ဒီအိမ်ကပြောင်းသွားရင် ဒီအိမ်မှာနေမယ့် အိမ်ငှားအသစ်ကို ခေါ်လာတာပါ..."ဟု အိမ်ပိုင်ရှင် ဦးထော်ကြီးက ပြောလေ၏။

"ကျုပ်က ဘာဖြစ်လို့ ပြောင်းရမှာလဲ..."ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"မသိပါဘူးဗျာ...၊ သစ်တောဘက်က တားနားသခင်က ဆရာကြီးတို့ဟာ... မကြာခင် ဒီအိမ်က ပြောင်းတော့မယ်လို့ ပြောနေပါတယ်..."ဟု ဦးထော်ကြီးက ပြောလိုက်လေ၏။

စနေမောင်မောင်လည်း 'တားနားသခင်'ဟုခေါ်သည့် မစ္စတာတားနားအား လှမ်း၍ကြည့်လိုက်ရာ မစ္စတားနားသည် ဥရောပဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ဆင်ထားခြင်းမရှိဘဲ လုံချည်ဝတ်ထားသည်ကို တွေ့ရလေ၏။ မစ္စတာတားနားသည် စနေမောင်မောင်၏မျက်နှာချင်းဆိုင်၌ရှိသော ကုလားထိုင်၌ ဝင်၍ထိုင်ကာ အင်္ကျီအိတ်အတွင်းမှ ဆေးပေါ့လိပ်ကိုနှိုက်ယူ၍ ယမ်းမီးခြစ်ကို ရှဲခနဲခြစ်ကာ ဆေးပေါ့လိပ်ကို အားပါးရ ဖွာလေတော့၏။ ထိုသို့ဖွာရင်းနှင့်ပင် စနေမောင်မောင်ကလည်း မစ္စတာတားနားအား ပြန်လည်အကဲခတ်ကြည့်ရှုလေ၏။

"သင်... ဘယ်သူလဲ..."ဟု အခိပ္ပါယ်ရသော အင်္ဂလိပ်စကားဖြင့် စနေမောင်မောင်က မေးလိုက်လေ၏။

"ကျုပ်ဟာ... သင်ပြောင်းသွားတဲ့အခါမှာ ဒီအိမ်ကြီးမှာနေမယ့်လူပဲ..."ဟု မြန်မာသံပီပီသသကြီးဖြင့် ပြန်၍ပြောလိုက်လေ၏။

"ကျုပ်က... ဘယ်အတွက် ပြောင်းရမှာတုန်း... သင်က ဘာဖြစ်လို့ ရှုးကြောင်ကြောင်အလုပ်မျိုးဖြင့် ကျွန်ုပ်အား... နှောင့်ယှက်ရပါသလဲ..."ဟု အင်္ဂလိပ်စကားဖြင့် မေးလိုက်လေ၏။

"သင်... နက်ဖြန်ကို ဒီကထွက်ရပါလိမ့်မယ်... မဟာမြတ်မုနိဘုရားကို ဒီကနေ့ သွားဖူးထားပါ... ပြန်လာရင် ပစ္စည်းတွေသိမ်းပါ။ သင့်ကို နက်ဖြန်ကျရင် ပုလိပ်မင်းကြီးက မန္တလေးမှာ နေထိုင်ခွင့်မပြုနိုင်ကြောင်း... သင့်ကို ချစ်ခင်သောသူတစ်ဦးက သင့်အကြောင်းမကောင်းပြောသူတစ်ဦး၏လျှာကို ဖြတ်ပစ်လိုက်တဲ့အမှုတစ်ခု ဖြစ်ပွားတယ်မဟုတ်လား... သင်ဟာ... အမှုရဲ့တရားခံမဟုတ်ပေမယ့် အမှုအပင်တွေ ကောင်းစွာပေါက်နိုင်တဲ့ လယ်ယာမြေကောင်းနဲ့တူတယ်..."ဟု မစ္စတာတားနားက ပြောလိုက်လေ၏။

ထို့နောက် စနေမောင်မောင်က...

"သင့်ကို ပြောလိုက်ဦးမယ်... ကျုပ်ဟာ မျက်နှာဖြူပုလိပ်မင်းကြီးရဲ့အမိန့်ကို မပြောနဲ့... ယမမင်းရဲ့ အမိန့်ကိုတောင် နာခံမယ့်လူစားမျိုး မဟုတ်ဘူးဆိုတာ သင်သိထားစမ်းပါ..."ဟု အင်္ဂလိပ်စကားဖြင့်





ပြောလိုက်လေ၏။

"ကျွန်ုပ်... ကောင်းကောင်းသိပါတယ် စနေမောင်မောင်... မျက်နှာဖြူပုလိပ်မင်းကြီးရဲ့စကားကို နားမထောင်ရင်လဲပဲ သင်ဟာ ဒီကနေ ပြောင်းသွားတော့မှာ... ဒီအိမ်ကြီးမှာ သင်နေတာ သုံးနှစ်ကျော်ပါပြီ..."ဟု မစ္စတာတားနားက မြန်မာစကားနှင့်ပင် ပြောလေ၏။

"နေပါဦး... သင်... ဘယ်သူလဲ၊ သင့်နာမည်ဘယ်သူလဲ..."ဟု အင်္ဂလိပ်စကားနှင့်ပင် ပြန်၍မေးလိုက်လေ၏။

အမှန်စင်စစ်အားဖြင့် စနေမောင်မောင်သည် မစ္စတာတားနားကို ကောင်းစွာမှတ်မိပေသည်။ သို့ရာတွင် ဤအိမ်ကြီးအား လာရောက်ငှားရမ်းစဉ်က မစ္စတာတားနားက ၎င်းအား ဆက်ဆံလိုက်ပုံကို မကျေနပ်ခဲ့သဖြင့် ယခုအခါတွင် မစ္စတာတားနား ဆက်ဆံခဲ့သည့်အတိုင်း တစ်သဝေမတိမ်း စနေမောင်မောင်က ဆက်ဆံပြနေခြင်းဖြစ်၏။ ထို့ကြောင့် ထပ်၍မေးပြန်၏။

"သင်... ဘယ်သူလဲ၊ နာမည်ကိုပြောပါ..."ဟု အင်္ဂလိပ်စကားဖြင့် မေးလိုက်လေ၏။

"ကျုပ်နာမည်... အရင်ကတော့ မစ္စတာတားနားပဲ၊ အခုတော့ မြန်မာနာမည်ကိုယူလိုက်ပြီး ကိုတာနောလို့ခေါ်ရင် ရပါတယ်... တာနောယကွန်တော့ မမှားစေချင်ဘူး စနေမောင်မောင်..."ဟု မစ္စတာတားနားက မြန်မာစကားဖြင့် ပြောလိုက်လေ၏။

"သင်... ဘယ်ကလာတာလဲ..."ဟု စနေမောင်မောင်က အင်္ဂလိပ်စကားဖြင့် မေးလိုက်လေ၏။

"လေနဲ့အတူ ပါလာတာ... မေမြို့ကလေဟာ မန္တလေးကိုတိုက်တယ်... ဒါကြောင့် ကျုပ်ဟာ မေမြို့ကနေ မန္တလေးကို ရောက်လာတာ..."ဟု မစ္စတာတားနား (ခေါ်) ကိုတာနောက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လေတိုက်လို့ ရောက်လာတာကိုး...၊ လေမတိုက်ဘူးဆိုရင်... သင်... ဒီကိုရောက်လာစရာ မရှိဘူး..."ဟု စနေမောင်မောင်က အင်္ဂလိပ်စကားဖြင့် ပြောလိုက်လေ၏။

"ဒီလိုလဲ... မဟုတ်ပါဘူးမိတ်ဆွေ၊ လေမတိုက်ရင်လဲ ကျုပ်ရဲ့ ခြေထောက်တွေက ကျုပ်ကို သယ်လာမှာပါ...၊ အဲဒီလိုနည်းနဲ့လဲပဲ ကျုပ်ဟာ ရောက်လာနိုင်ပါတယ်..."ဟု မစ္စတာတားနားက မြန်မာစကားနှင့်ပင် ပြောလေ၏။

"သင်... ဘာတွေလာပြောနေတာလဲ၊ သင်ဟာ... အလွန်... အင်မတန်အဖိုးတန်တဲ့ ကျုပ်ရဲ့လက်ဖက်ရည်သောက်ချိန်ကို လာပြီး ဖျက်ဆီးနေတာကိုး..."ဟု စနေမောင်မောင်က အင်္ဂလိပ်စကားဖြင့် ပြောလိုက်လေ၏။

"အို့... မိတ်ဆွေကြီးစနေမောင်မောင်၊ ကျုပ်ကို... ကောင်းကောင်း နားလည်သွားပြီပေါ့..."ဟု မစ္စတာတားနားက ပြောလိုက်လေ၏။

"အိုး... ငရဲ၊ ဒီလောက်စိတ်ညစ်စရာကောင်းတဲ့ နံနက်ချိန်ဟာ မရှိတော့ပါဘူး...၊ သင်ဟာ... အဆင့်အတန်းမြင့်တဲ့ ကျုပ်တို့ရဲ့ မြန်မာ့ အဝတ်အစားကို ဝတ်ထားတဲ့ မကောင်းဆိုးဝါးတစ်မျိုးပါပဲ..."ဟု စနေမောင်မောင်က အင်္ဂလိပ်စကားဖြင့် ပြောလိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ...၊ ကျုပ်ဟာ သင့်လို လက်စားချေတတ်တဲ့ လူတစ်ယောက်အဖို့တော့... ဘီလူးတစ်ကောင်လိုပါပဲ...၊ တာနော ဆိုတာ ယက္ခတစ်ဦးရဲ့ နာမည်မဟုတ်လား..."ဟု ပြော၍ မစ္စတာ တားနားသည် ဆေးလိပ်ပြာကို ခြွေလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် မစ္စတာတားနားကို သေချာစွာ ကြည့်၍...

"တာနောတဲ့လား...၊ ဘာအလုပ် လုပ်ပါသလဲ..."ဟု မေးလိုက်လေ၏။





"မိတ်ဆွေကြီး... ဘာကိုမေးတာလဲ..."ဟု မစ္စတာတားနားက ပြန်၍မေးလိုက်လေ၏။

"အသက်မွေးဝမ်းကျောင်းအလုပ်ကိုမေးတာ..."ဟု စနေမောင် မောင်က အင်္ဂလိပ်စကားဖြင့် ပြန်၍မေးလိုက်လေ၏။

"ဩော်... ဒါလား၊ သင်တို့ရဲ့ မြန်မာပြည်သစ်တောများကို အုပ်ချုပ်ဖို့ အင်္ဂလန်ပြည်က လွှတ်လိုက်တဲ့ မင်းကြီးတစ်ဦးပဲ... ဆိုပါ တော့..."ဟု မစ္စတာတားနားက မြန်မာစကားဖြင့် ပြန်၍ပြောလေ၏။

"ကျုပ်တစ်သက်မှာ အူကြောင်ကြောင်၊ ကိုးရိုးကားရားနိုင်လှတဲ့ မျက်နှာဖြူတော်တော်များများကို တွေ့ဖူးပါတယ်...၊ ဒါပေမယ့်... သင်ဟာ... အဲဒီလူတွေထဲမှာ နံပါတ်တစ်စွဲလောက်အောင် အူကြောင် ကြောင်နိုင်ပါပေ့ဗျာ...၊ ဘာဖြစ်ဖြစ်... သင်ရော၊ သင့်ရဲ့အနာဂတ် အိမ်ပိုင်ရှင် ဦးထော်ကြီးပါ ဒီကနေ့ အမြန်ဆုံးထွက်သွားကြရင် ကောင်းမယ်..."ဟု စနေမောင်မောင်က အင်္ဂလိပ်စကားဖြင့် ပြော လိုက်လေ၏။

ထိုအခါ မစ္စတာတားနားက...

"ကျုပ်က... သစ်တောမင်းကြီးတစ်ဦးဖြစ်တယ်၊ ဒါပေမယ့် သင့်ကို ပုလိပ်မင်းကြီးက မန္တလေးမြို့က မောင်းထုတ်မယ့်ရက်စွဲကို လည်းသိတယ်...၊ ကဲ... ကျုပ်ပြန်ပါဦးမယ်..."ဟုဆိုကာ မစ္စတာတားနားလည်း ပြန်သွားလေ၏။ အိမ်ရှင် ဦးထော်ကြီးလည်း ၎င်း၏နောက်မှ ကပ်၍လိုက်ပါသွားလေတော့၏။

ထို့နောက်တွင်ကား စနေမောင်မောင်တို့(၃)ဦးသည် မန္တလေး မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြလေ၏။ နေ့ခင်း ပိုင်းသို့ရောက်သောအခါ၌ အိမ်သို့ပြန်လာကြပြီးလျှင် ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးကြလေ၏။ ညပိုင်းသို့ရောက်သောအခါ၌မူ ၎င်းတို့ (၃)ဦးသားသည် မန္တလေးစာပို့ရထားကြီးဖြင့် ရန်ကုန်သို့လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြလေတော့၏။ ရန်ကုန်သို့ရောက်ပြီး များမကြာမီရက်အတွင်း၌ပင် နိုင်ငံကူးလက်မှတ်များပြုလုပ်ကြ၍ အဆင်သင့်ဖြစ်သောအခါ၌ ကမ္ဘာတစ်ပတ်ခြေဆန့်ရန်အတွက် ပန်းဆိုးတန်းဆိပ်ကမ်း၌ ကျောက်ချထားသော 'အက်စ်အက်စ် မာကျူရီ'ပင်လယ်ကူးသင်္ဘောကြီး ပေါ်သို့ တက်ကြလေတော့၏။

ထို့နောက်တွင်ကား ထိုသင်္ဘောကြီးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လိုက်ပါသွားကြလေတော့၏။ ပင်လယ်ဝသို့ရောက်သောအခါ၌ ဘွန်ဟောင်းက...

"ပင်လယ်ကြီးထဲ ခရီးထွက်ရတာ ပျင်းလိုက်တာ ဆရာကြီးရယ်၊ ဉာဏ်စမ်းပုစ္ဆာကလေးတစ်ပုဒ်လောက် မေးစမ်းပါဦး..."ဟု ဆိုသဖြင့်

စနေမောင်မောင်က...

"ရပါတယ်... ဘွန်ဟောင်းရာ၊ ဖြေနိုင်ရင် ဖြေပေတော့၊ မင်းကို ငါမေးမယ်..."ဟု စကားစလိုက်လေ၏။

ထိုအခါ ဘွန်ဟောင်းက...

"လုပ်စမ်းပါဆရာကြီးရယ်...၊ ကျွန်တော်ဖြေနိုင်ပါတယ်..."ဟု ဆိုသဖြင့်...

စနေမောင်မောင်က...

"မင်းအဖေနဲ့အမေ...၊ အိမ်ထောင်မကျခင်က မင်းရဲ့မျက်နှာ ပုံပန်းသဏ္ဌာန်ဟာ ဘယ်လိုရှိသလဲဆိုတာ ပြောပြနိုင်ရင် ပြောပြစမ်းပါ..."ဟု မေးလိုက်သဖြင့်...

ဘွန်ဟောင်းက...

"ဆရာကြီးကတော့ လုပ်ပြီ...၊ ကတ်သီးကတ်သတ်၊ ဆရာကြီး ပြောတဲ့ မသွားမီက ရောက်နှင့်ပြီ ဆိုသလိုပေါ့ဗျာ..."ဟု ပြောဆိုကာ ရယ်မောသဖြင့် ကိုအောင်ထွန်းရော၊ စနေမောင်မောင်တို့ပါ ပွင့်လင်းစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြလေတော့၏။ ၎င်းတို့





(၃)ဦး၏ရယ်သံသည် ပင်လယ်ဝမှတစ်ဆင့် ကမ္ဘာအနှံ့သို့တိုင်အောင် ပျံ့လွင့်သွားမည်ဖြစ်ပေတော့သတည်း...။

ဤတွင်ကား... 'လူထူးလူဆန်းကြီးစနေမောင်မောင်'၏ 'သုဝဏ္ဏမဉ္ဇူသာ'ခေါ်သော ရွှေရောင်သေတ္တာကြီးရယူမှုစွန့်စားခန်းဝတ္ထုကြီးသည် နိဂုံးကမ္ပတ် အဆုံးသတ်လေတော့သတည်း...။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

ချစ်စွာသော စာဖတ်သူများခင်ဗျား...

အမှန်စင်စစ်အားဖြင့် ကျွန်ုပ်၏ ဇာတ်လိုက်ကြီး စနေမောင်မောင်၏ ရွှေရောင်သေတ္တာကြီးရယူမှု စွန့်စားခန်းဝတ္ထုကြီးသည် ကောင်းစွာ ပြီးဆုံး၍ နိဂုံးတံ ခဲ့ပေပြီ။

သို့ရာတွင် တစ်ဘက်မှ စာမျက်နှာ၌ ကျွန်ုပ်ကိုယ်တိုင် ဆက်လက်ရေးသားထားသောစာများ ရှိပေသည်။ ထိုစာများသည် ဤဝတ္ထုကြီးနှင့်ပတ်သက်ကောင်းမှ ပတ်သက်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုစာများကို ဝတ္ထုကြီးပြီးကာမှ ဖော်ပြရခြင်း ဖြစ်ပါသည်။

အကယ်၍ ထိုစာများကို ဤဝတ္ထုကြီးနှင့် မပတ်သက်၍ ဖတ်ရှုခြင်းမပြုဘဲ နေလိုကလည်း နေနိုင်ပါသည်။ ထိုသို့ နေလျှင်လည်း ဝတ္ထု၏အရသာကို ထိခိုက်လိမ့်မည်မဟုတ်ပါ။

အကယ်၍ ဖတ်ရှုလိုကလည်း ဖတ်ရှုနိုင်ပါသည်။ ထိုသို့ ဖတ်ရှုလျှင်လည်း ဝတ္ထု၏အရသာသည် ဤမျှထက် ပိုနိုင်ဖွယ်မရှိပါ။ ထို့ကြောင့် မိတ်ဆွေ၏သဘောအတိုင်း လွတ်လပ်စွာ ပြုလုပ်ပါဟု သာလျှင် အကြံပေးလိုပါသည်။

လေးစားသော

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



# ဖဲချပ်တလေးနှင့်အတူ

လမ်းပန်းဆက်သွယ်ရေးလွန်စွာကောင်းသော မြို့လေးတစ်မြို့၏ အစွန်ပိုင်းထမင်းဆိုင်တန်းလေးတစ်ခု ရှိလေ၏။ ထိုထမင်းဆိုင်တန်းလေးသို့ အဝေးပြေးမော်တော်ကားများသည် လာရောက်၍ ရပ်လေ့ရှိလေ၏။ ကားသမားများနှင့် ခရီးသည်များသည် ထိုထမင်းဆိုင်တန်းကလေးသို့ ရောက်သောအခါ၌ ထမင်းစားခြင်း၊ အပေါ့အပါးသွားခြင်း၊ မျက်နှာသစ်ခြင်းကို ပြုလုပ်ကြလေ၏။

အချို့သော ကားများမှာမူ ထိုထမင်းဆိုင်တန်းလေ၌ပင် အိပ်စက်ကြလေ၏။ ထိုထမင်းဆိုင်တန်းကလေးတို့၏ အစွန်ဆုံးထမင်းဆိုင်ကလေးမှာ 'ဦးချစ်တီး'ဆိုသူ၏ ထမင်းဆိုင်ဖြစ်၏။ ထိုဆိုင်၌ ထမင်း၊ လက်ဖက်ရည်၊ မုန့်မျိုးစုံ၊ ဘိလပ်ရည်သာမက အရက်လည်းရ၏။ အပျော်အပါးဝါသနာပါလျှင် ပျော်ရွှင်ဆက်ကိုလည်း ရှာပေးနိုင်၏။ ဆိုင်၏နောက်ပိုင်းတွင် ခရီးသည်များ အိပ်စက်ရန်အတွက် အိပ်ခန်းများလည်း ဆောက်လုပ်ထားလေ၏။ ဆိုင်နှင့် အိပ်ခန်းများအကြားတွင် အတော်အတန်ကျယ်သော အခန်းတစ်ခန်းရှိ၏။ ထိုအခန်းမှာကား ဖဲကစားသော အခန်းဖြစ်ပေ၏။

ညအိပ်သော အဝေးပြေးကားသမားများသည် အရက်သောက်ကြလေ၏။ ပြီးလျှင် ဖဲရိုက်ကြ၏။ ထို့ကြောင့် ထိုအခန်းကလေး၌ ဖဲဝိုင်းသည် အစဉ်မပြတ် ရှိတတ်မြဲဖြစ်၏။ ထိုဖဲဝိုင်းတွင် အစဉ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်သောရွာခံတစ်ဦးရှိ၏။ ထိုသူမှာ ဥပုသ်နေ့များတွင် ဓမ္မာရုံများတွင် တရားဟောလေ့ရှိသော ပရမတ်ဆရာခိုဖြစ်၏။ ပရမတ်အဟောကောင်းသကဲ့သို့ ဖဲအချိုးလည်း အလွန်ကောင်းလေ၏။

တစ်နေ့သ၌ ဦးချစ်တီးထမင်းဆိုင်၏ အတွင်းခန်းဖဲဝိုင်းကလေး၏ ငွေအလျော်အစားများသည် စည်စည်ကားကားရှိ၍ နေလေတော့၏။ ဝိုင်း၌ငွေများပလူပျံနေလေ၏။ 'ကိုးမီး'ဝိုင်းဖြစ်သောကြောင့် 'ကိုး'ကွ၊ 'ဘူ'ကွဟူသော အော်ဟစ်သံများလည်း ကြားနေရ၏။ ထိုသို့ကစားဝိုင်း စည်ကားနေစဉ်တွင် အဆက်မပြတ်ရှုံးနေသော ကိုလှဖေဆိုသည့် ဖဲသမားသည် အကြွေးဗလပွနှင့် ဝိုင်းမှထရလေတော့၏။

"တစ်ယောက်လိုသွားပြီ..."ဟု ဖဲသမားတစ်ဦးက ပြောလိုက်လေ၏။

ထိုအချိန်၌ပင် လော်ရီကားပေါ်မှ ဒရိုင်ဘာတစ်ဦးသည် စစ်လွယ်အိတ်ကြီးတစ်လုံးကိုလွယ်၍ ကားပေါ်မှ ဆင်းလာပြီးလျှင် ဖဲဝိုင်းဆီသို့ တန်း၍လာလေတော့၏။ ဖဲဝိုင်းအနီးသို့ရောက်လာသောအခါ၌ ထိုသူက...

"မထိုးရဲတဲ့လူတွေ ဝိုင်းကထွက်...၊ ထိုးရဲတဲ့ 'မြဒွန်း'လာပြီ၊ ပါတဲ့ငွေတွေ အကုန်လုံးကုန်သွားပါစေ...၊ ဦးချစ်တီးဆိုင်မှာ ထမင်းအကြွေးစားသွားမယ်...၊ မနက်ကျရင် လက်ဖက်ရည်တစ်ခွက်အကြွေးသောက်မယ်...၊ ကားထွက်ကာနီးမှာ ဟိုဘက်က ကွမ်းယာနားသန်သီးကွမ်းယာဆိုင်မှာ မူစကီး၊ စမုန်စပါးနဲ့ ကွမ်းယာသုံးယာအကြွေးယူသွားမယ်...၊ တစ်ယာကို အိမ်သာတက်တုန်းမှာစားမယ်၊ နောက်တစ်ယာကို လမ်းမှာစားမယ်...၊ သာဝတ္ထိရောက်တော့ ထမင်းစားပြီးရင် တစ်ယာစားမယ်..."ဟု ပြောလိုက်လေ၏။

ထိုအခါ ဒိုင်ကိုင်လျက်ရှိသော ခရီးသည်တင်ကားမှာ ဒရိုင်ဘာ





ကိုဖိုးသီးက...

"အတော်ပဲ...၊ အတော်ပဲ...၊ မြဒွန်းကြီးလာပြီ လှဖေအိမ်ကဝင်ကွာ..."ဟု ပြောလိုက်သဖြင့်...

မြဒွန်းကြီးလည်း ဖဲရှုံး၍ထွက်သွားသော လှဖေ၏အိမ်၌ ဝင်၍ထိုင်လေ၏။ ထိုအခါ ဆရာခိုက...

"ဟေ့ကောင်... မြဒွန်း၊ မင်းဝင်တာ ဘူအိမ်ကြီးကွ..."ဟု ပြောလိုက်သဖြင့်...

မြဒွန်းက...

"ဘူ...ဆိုတာ ပညတ်ပါဗျာ...၊ ဆရာခိုက သိလျက်သားနဲ့..."ဟု ပြောလိုက်ပြီးလျှင် စစ်လွယ်အိတ်အတွင်းမှ ငွေစက္ကူများကို ဝေါခနဲသွန်ချလိုက်လေ၏။ ထိုအချိန်၌ပင် ဒိုင်လုပ်သူကိုဖိုးသီးသည် ဖဲတစ်ချပ်စီ စတင်ဝေလိုက်လေတော့၏။ ထိုးသားများသည် အသီးသီးဖဲချပ်များကို ကောက်ယူကြည့်ကြလေ၏။ ပြီးလျှင် ငွေများထိုးကြလေ၏။ ဒိုင်လုပ်သူလည်း မိမိ၏ဖဲချပ်ကို ကောက်ယူကြည့်ရှုလိုက်လေ၏။ မြဒွန်းကမူ ဖဲချပ်ကို ကြည့်ရှုခြင်းမပြုဘဲ သူ၏ငွေအားလုံးကို 'ထိုးတယ်'ဟုဆိုကာ လက်နှစ်ဘက်ဖြင့် ရှေ့သို့တွန်းပေးလိုက်လေ၏။ ဆရာခိုက မြဒွန်းအား...

"ဒီကောင်လာရင်... ဒီလိုချည်းပဲ၊ မကြာခင် ဝိုင်းပျက်တော့မယ်"ဟု ပြောလိုက်လေ၏။

ဒိုင်လုပ်သူက ဖဲများကို ဆက်၍ဝေလေ၏။ ပြီးလျှင် မိမိဖဲချပ်ကိုကြည့်၍ 'တွဲမရှိရင်တင်'ဟု ပြောလိုက်လေ၏။ အချို့တင်ကြ၏။ အချို့က လှန်ပြထားကြ၏။ မြဒွန်းကြီးကမူ ဖဲချပ်များကို ပွတ်ခြင်းမပြုတော့ဘဲ ဖဲချပ်များကို ဖြောင်းခနဲ လက်ဖြင့်ရိုက်ချလိုက်လေ၏။ ပါးစပ်ကလည်း 'ကိုးမဟုတ်ရင် ဦးချစ်တီးခေါင်းကို မိုးကြိုးပစ်ချပါစေ...'ဟု အော်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖဲဝိုင်းတွင် အကောက်ကောက်နေသော ဦးချစ်တီးက

"ဟေ့ကောင်... မြဒွန်း၊ မင်းအိမ်မှာ ကိုးမကျတာနဲ့ ငါ့ခေါင်းကို ဘာပြုလို့ မိုးကြိုးပစ်ချရမှာတုန်း..."ဟု ပြောလိုက်လျှင်... အနီးရှိ လူများသည် ဝါးခနဲ ရယ်မောကြလေ၏။

ထိုအလှည့်၌ မြဒွန်းကြီး၏ဖဲသည် အမှန်ပင် 'ကိုး'ဖြစ်၍နေလေ တော့၏။ ဒိုင်လုပ်သူကလည်း မြဒွန်း၏ငွေများကို ရေတွက်၍ လျော် ရလေတော့၏။ ငွေများအလျော်အစားလုပ်ပြီးသောအခါ၌ ဒိုင်လုပ် သူသည် ဖဲချပ်များကိုဝေပြန်လေ၏။ ထိုးသားများသည် ဖဲချပ်များကို ကောက်ယူကြည့်၍ ငွေများကို ထိုးကြပြန်လေ၏။ မြဒွန်းကြီးမှာမူ ဖဲချပ်ကို ကြည့်ရှုခြင်းမပြုဘဲ နဂိုငွေရော၊ အလျော်ရသည့်ငွေကိုပါ လက်နှစ်ဘက်ဖြင့် တွန်းလိုက်ပြီးလျှင်...

"ထိုးတယ်..."ဟု အော်ပြန်လေ၏။

ဒိုင်လုပ်သူမှာလည်း ဖဲများကို ဆက်၍ဝေပြန်လေ၏။ ဒိုင်သည် ဖဲနှစ်ချပ်ကိုပွတ်၍ ကြည့်ပြီးနောက် နောက်ဆုံးတစ်ချပ်ကို ရိုက်ချလေ ၏။ ပြီးလျှင်...

"လပ်မရှိရင်... တင်..."ဟု အော်လိုက်လေ၏။

အားလုံးလိုလို ဖဲထုပ်ပေါ်သို့ ဖဲများတင်ကြလေ၏။ မြဒွန်းကြီး ကမူ ဖဲသုံးချပ် စလုံးကို ပူး၍ကိုင်ပြီးလျှင် ဖြန်းခနဲ ရိုက်လိုက်ကာ...

"ကိုးမရှိရင်... ဦးချစ်တီးမိန်းမ... ဖင်ပေါ်လိမ့်မယ်..."ဟု ပြော လိုက်လေ၏။

ထိုအခါ ဦးချစ်တီးကြီးက...

"ဟေ့ကောင်... မြဒွန်း၊ မင်းအိမ်ကို ကိုးမကျတာနဲ့ ငါ့မိန်းမက ဘာကြောင့် ဖင်ပေါ်ရမှာတုန်းကွ..."ဟု ပြောလိုက်လေ၏။

ထိုအလှည့်၌လည်း မြဒွန်းကြီး၏ဖဲသည် အမှန်ပင် 'ကိုး'ကျ၍ နေလေတော့၏။ ဒိုင်လည်း မြဒွန်းကြီးအား လျော်ရပြန်လေ၏။





မြဒွန်း၏ရှေ့တွင် ငွေစက္ကူများ ပုံ၍နေလေ၏။

ဒိုင်သည် မြဒွန်းအား...

"ဟေ့ကောင်... မြဒွန်း၊ ငါ့ရှေ့ကပိုက်ဆံကိုလည်း ကြည့်ပြီးထိုး ကွ...၊ ငါမလျော်နိုင်ရင် မလျော်ဘူးကိုယ်လူ...၊ အောက်ရှိပဲ..."ဟု ပြောလိုက်လေသဖြင့် မြဒွန်းကြီးက...

"အဲဒီအောက်ရှိ အကုန်ဖြတ်တယ်ဗျာ..."ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာခိုက...

"ဒီလိုမလုပ်နဲ့လေ... မြဒွန်းရဲ့ ကျန်တဲ့လူတွေလဲ ထိုးလို့ရအောင် နည်းနည်းပါးပါးလုပ်စမ်းပါ..."ဟု ပြောလိုက်လေ၏။

"အင်းလေ... ခင်ဗျားတို့ထိုးလို့ပိုတာ ကျုပ်ဖြတ်တယ်ပေါ့ဗျာ" ဟု ဆိုကာ တရားငါးဆယ်ခန့်သာ ရှိလေ၏။ နှစ်ဆယ်စီထိုးကြသဖြင့် မြဒွန်းက...

"ကိုးဆယ်... ထိုးတယ်ဗျာ..."ဟု ပြောလိုက်လေ၏။

ဒိုင်လည်း ဖဲများကို ဝေလေ၏။ ပြီးလျှင် ဒိုင်သည် မိမိဖဲချပ်များ ကို ပွတ်၍ကြည့်လေ၏။ ဒိုင်၏မျက်နှာသည် ဖဲကိုပွတ်ကြည့်ရင်း မျက်လုံးပြူး၍သွားလေ၏။ ပြီးလျှင် ဒိုင်သည် ထိတ်ထိတ်ပျာပျာဖြင့်

"ဒါတော့... ကျုပ်... ကျုပ်လဲ မလျော်နိုင်ဘူး၊ စားလဲမစားဘူး၊ ဘယ်လိုဖြစ်တာလဲ မသိဘူး...၊ ဟောဒီဖဲချပ်ကိုကြည့်ကြစမ်း..."ဟု ဆိုကာ သူ၏ဖဲသုံးချပ်ကို ချ၍ပြလျှင် ဝိုင်းဝန်းကြည့်ရှုကြလေ၏။ နှစ်ချပ်သော ဖဲမှာ ကင်းဖဲများဖြစ်ပြီးလျှင် ကျန်တစ်ချပ်မှာမူ မည် သည့်အရုပ်မျှမပါဘဲ မဖြူရောင်ဖဲချပ်ပေါ်တွင် အောက်ပါပါဠိတစ်ပိုဒ် ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရလေတော့၏။

**နကုလော နာဠေဒွကာတိရစ္ဆာန်နော...**

**ယောသဒွေ ဓာရောဘိ...**

ဖဲသမားများသည် ထိုပါဠိစာကိုဖတ်ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



“ဖဲထုပ်ထဲ ဘယ်နှယ့်ကြောင့် ဘုရားရှိခိုးစာရောက်နေတာတုန်း။ အံ့သြစရာပဲ…”ဟု ပြောလျှင်…

“တောက်တီးတောက်တဲ့ကွာ…၊ မင်းတို့က ပါဠိမြင်တိုင်း ဘုရားရှိခိုးချည်းအောက်မေ့နေတာကိုး…၊ ငါအနက်ပေးစမ်းပါ့မယ်…”ဟု ဆိုကာ ထိုဖဲချပ်ကိုယူ၍…

“နာကုလော နာမ၊ မြွေပါဟူသည်။ ယောသေဝမွေါမာရေတိ၊ မြွေတို့ကိုသတ်သော။ ဥဒ္ဒတာတိရစ္ဆာန်ဒော၊ တိရစ္ဆာန်ငယ်တစ်ကောင်ဖြစ်၏တဲ့ကွ။ မြွေပါဆိုတာ မြွေကိုကိုက်သတ်တတ်တဲ့ တိရစ္ဆာန်တစ်မျိုးလို့ ပြောတာပေါ့ကွာ…”ဟု ရှင်းပြလိုက်သောအခါ၌ ဖဲသမားများသည် ဝေါခနဲ ဝိုင်းဝန်းရယ်မောကြလေတော့၏။

“မြွေပါက မြွေကိုကိုက်လိုက်တာနဲ့ ဦးချစ်တီးဆိုင်မှာ ကျုပ်တို့ ဖဲရိုက်တာက ဘာဆိုင်လို့တုန်းဗျ…”ဟု ပြောလိုက်လေ၏။

မြဒွန်းကြီးကမူ ထိုဖဲချပ်ကလေးကို ကောက်ယူ၍ အိတ်ထဲသို့ ထည့်လိုက်ပြီးလျှင် ၎င်းရှေ့တွင် ချ၍ထိုးထားသော ငွေကိုးဆယ်အား ဒိုင်ဘက်သို့ တွန်းပေးရင်း…

“ကျုပ်အိမ်ကိုတော့ စားပါဗျာ…”ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာခိုက…

“မင်းအိမ်က ဘာကျလို့ စားရမှာတုန်း…”ဟုဆိုကာ မြဒွန်း၏ ဖဲသုံးချပ်ကို လှန်၍ကြည့်လိုက်ရာ ကုလားသုံးကောင်ကျနေသည်ကို တွေ့ရလေ၏။

“ကုလားသုံးကောင်ပါလား…”ဟု တစ်ဝိုင်းလုံးက ဝိုင်း၍အော်လိုက်လေ၏။

“မြွေပါနဲ့ မြွေက ကုလားသုံးကောင်ထက် ကြောက်ဖို့ကောင်းတယ်ဗျ…၊ ဒါကြောင့် ကျုပ်က အရှုံးပေးလိုက်တာ…၊ ကဲ… ကျုပ်သွားမယ်…”ဟုဆိုကာ ဝိုင်းမှထလေ၏။



“ဘာဖြစ်လို့လဲ…”ဟု ဖဲသမားများက မေးလေ၏။

ထိုအခါ မြဒွန်းက စစ်လွယ်အိတ်ကိုလွယ်ကာ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိဖွာလိုက်ပြီးနောက်…

“အင်မတန် ထူးဆန်းတဲ့ ဖဲချပ်ကလေးဟာ ကျုပ်နဲ့ပတ်သက်နေလို့ဗျ…၊ ဘယ်လိုပတ်သက်သလဲဆိုတာတော့… ခင်ဗျားတို့ကို ရှင်းမပြနိုင်တာ ဝမ်းနည်းပါတယ်…၊ လူဆိုတာ နောက်ကြောင်းခံ ပုံဝတ္ထုကလေးတွေ ရှိတတ်စမြဲ မဟုတ်လားဗျာ…၊ အဲဒီတော့ ကျုပ်မှာလဲ နောက်ကြောင်းခံပုံဝတ္ထုကလေးရှိတာပေါ့…၊ ကျုပ်အားလုံးကို နှုတ်ဆက်ပါတယ်…၊ ကျုပ်သွားပြီ…”ဟု ပြောဆိုကာ အဝေးပြေးလော်လီမောင်းသမားကြီး မြဒွန်းသည် လော်လီကားဖြင့် ထွက်သွားလေတော့၏။

ထိုအချိန်မှစ၍ ဦးချစ်တီး၏ဖဲဝိုင်း၌လည်းကောင်း၊ ထိုထမင်းဆိုင်တန်းကလေး၌လည်းကောင်း မြဒွန်းကြီးသည် လုံးဝမရောက်ရှိလာခြင်း မရှိတော့ပေ။ မြဒွန်းကြီးကား ထူးဆန်းစွာ ဖဲချပ်ကလေးနှင့်အတူ ထူးခြားစွာ ပျောက်ဆုံးသွားခဲ့ပြီတကား…။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com



# ပုလဲမေ

စည်ကားသော မြို့ကြီးတစ်မြို့၌ လွန်စွာချောမော၍ လွန်စွာမှလည်း ယဉ်ကျေးသော၊ လွန်စွာလူသိများသော အသက်(၂၀)ကျော်အရွယ် မိန်းကလေးတစ်ဦးရှိလေ၏။ ထိုမိန်းကလေးအား လူသိများခြင်းမှာ ကောင်းသောများခြင်းမဟုတ်ပေ။ ထိုက်ထိုက်တန်တန်ငွေကြေးပေးပါက ထိုမိန်းကလေးနှင့် ညအိပ်ခွင့်ရခြင်းပင်ဖြစ်၏။ ရိုင်းရိုင်းသော စကားနှင့်ဆိုရပါမူ ထိုမိန်းကလေးသည် ခန္ဓာကိုယ်ဖြင့်ဆက်ဆံရှာသော မိန်းကလေးဖြစ်၏။ ထိုမိန်းကလေး၏အမည်မှာ 'စိန်စိန်'ဟူ၍ ဖြစ်သော်လည်း ၎င်း၏လှပသောလည်တိုင်၌ ပုလဲပုတီးကလေးတစ်ကုံးကို အမြဲလိုလို ဝတ်ဆင်ထားခြင်းကြောင့် 'ပုလဲမေ'ဟုခေါ်လေ၏။

အပျော်အပါး ဝါသနာပါ၍ ငွေကြေးရှိကြသော ယောက်ျားတို့သည် ပုလဲမေအား ကိုးဆယ်ကိုးရက်တိုင်အောင် အခြားသော အခြားသောဒေသများသို့ ခေါ်သွားတတ်ကြလေ၏။ စားဖွယ်သောက်ဖွယ်အပြည့်အစုံနှင့် အငှားအာရုံကို ခံစားကြကုန်၏။

သို့ရာတွင် ထိုမိန်းကလေးသည် စည်းကမ်းရှိ၏။ လူပြောက်သောက်နှင့်မလိုက်၊ တစ်ကြိမ်သောခရီး၌ တစ်ဦးသော ယောက်ျားကိုသာ ခွင့်ပြုလေ၏။ ပုလဲမေနှင့် ချိုမြိန်သည့် ပျားရည်ခရီးထွက်ကြသော ဖိုသတ္တဝါတို့သည် သူတို့၏ တစ်သက်တာ၌ အပျော်ဆုံးနေ့ရက်များကို ရရှိကြကုန်၏။ သူတို့လျှာဖျားတွင် ပုလဲမေ၏ အကြောင်းများမကြာခဏ တမ်းတထွက်ပေါ်နေလေ၏။ သူတို့၏ အသည်းနှလုံးများ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပုလဲမေ၏ ရုပ်သွင်သည် ကျောက်ထက်အက္ခရာတင်သည့်ပမာ နက်ရှိုင်းစွာ စူးထင်သွားတတ်၏။

အတိုဆုံးစကားနှင့် ဆိုရပါမူ၊ သူတို့သည် ပုလဲမေကို စွဲသွားကြကုန်၏။ ထိုစွဲသွားသော သူများထဲတွင် အလုပ်လုပ်စားရကောင်းမှန်း မသိသော သူဌေးသားလည်းပါ၏။ မြို့အုပ်လည်းပါ၏။ ဝန်ထောက်လည်းပါ၏။ ဖဲနိုင်သောဖဲသမားလည်းပါ၏။ ပုလိပ်၏လက်ထိပ်ကို မခံရမီအထိ မိမိကိုယ်ကို ဟုတ်လှပြီထင်နေတတ်သော သူခိုးလည်း ပါ၏။

ထိုသူတို့အနက်တွင် သားမယားအဖြစ် အတည်တကျပေါင်းသူမည့် ပုလဲမေအား အူယောက်၍ အသနားခံကြသော အာဂယောကျ်ားကြီးများလည်း ရှိ၏။

ထိုအခါမျိုး၌ ပုလဲမေသည်...

"အဝေးက ဒီလိုချစ်နေတာပဲ ကောင်းပါတယ်... အစ်ကိုရယ် လင်ရယ်မယားရယ် အတည်တကျယူလိုက်ရင် မြင်ပါများတော့ ရိုးပြီး ကျွန်မအပေါ် မှာ အချစ်ပြယ်သွားမှာ စိုးရိမ်ပါတယ်..."ဟူ၍ ပြောဆိုတာ ပုလဲမေသည် ယဉ်ယဉ်ကျေးကျေးကလေး ငြင်းဆိုတတ်ပြီ ဖြစ်၏။ ဤမျှလှပ်စွာလှ၍ လွန်စွာမှလည်း ယဉ်ကျေးကာ လွန်စွာ လူသိများလှသော ပုလဲမေအကြောင်းကို ကောင်းစွာရိပ်မိလောက်ပေ ပြီဖြစ်၏။

တစ်နေ့သ၌ ပုလဲမေသည် မောင်မြသီးဟုခေါ်သည့် လူ သူဌေးကလေးနှင့်အတူ အပျော်ခရီးထွက်သွားကြလေ၏။ လမ်းခရီး လည်း နှစ်ဦးသား ပျော်မြူးကြလေ၏။ ပုလဲမေကိုယ်တိုင်ပင်လျှင် မောင်မြသီးအား အခြားသောယောကျ်ားများနှင့်မတူဘဲ မေတ္တာ တိမ်းညွတ်လာလေ၏။ မောင်မြသီးကမူ ပုလဲမေအား အပျော်မ ဟု သဘောမထားဘဲ လူကြီးစုံရာရှေ့တွင် လက်ထပ်ကာ သားမှ မှတ်၊ မယားမှတ်မှတ်စိတ်ဖြင့် ပေါင်းသင်းလိုစိတ်များသည် တဖွားဖွား ဖြစ်ပေါ်နေလေ၏။

မောင်မြသီးက...



"ကိုမြသီးက မင်းကို လက်ထပ်ပြီး ယူချင်တယ်..."ဟု ပြောလိုက် လေ၏။

ထိုအခါ ပုလဲမေက မျက်လုံးကလေးပေကလပ်လပ်ဖြင့် မောင် မြသီး၏မျက်နှာကိုကြည့်ပြီးလျှင်...

"ကိုမြသီး... တကယ်ပြောနေတာလား..."ဟု မေးလိုက်လေ၏။

"တကယ်ပေါ့အချစ်ရယ်...၊ ကိုမြသီးကို မယုံလို့လား...၊ ကိုမြသီး တကယ်ပြောနေတာပါ..."ဟု ပြန်၍ပြောလိုက်လေ၏။

"ကျွန်မကို ဒီလိုစကားမျိုး ပြောဘူးတဲ့လူတွေ အများကြီးပါ...၊ ကျွန်မ... သူတို့ကို မယုံဘူး...၊ ယုံတဲ့တိုင်အောင်လဲ သူတို့ကို စိတ် မဝင်စားဘူး...၊ ကိုမြသီးကိုတော့... ကျွန်မချစ်ပါတယ်၊ အခု လိုက်လာ တာလဲ ကျွန်မစိတ်ထဲမှာ အငှားသဘောလို့ မထင်ဘူး...၊ တကယ် ချစ်လို့ လိုက်တာပဲ..."ဟု ပုလဲမေက ပြောလိုက်လေ၏။

"ဒီလိုဆိုလဲ ကောင်းတာပေါ့ကွယ်...၊ ဒီမြို့က ဟိုတယ်ကြီးတစ်ခု မှာ တည်းကြမယ်...၊ ဒီကပြန်သွားကြတာနဲ့... အချစ်နဲ့လက်ထပ်ဖို့ ကိုမြကြီးစီစဉ်မယ်..."ဟု ပြောဆိုလိုက်လျှင်...

ပုလဲမေလည်း ဝမ်းသာပျော်ရွှင်စွာဖြင့် ကိုမြသီး၏လည်တိုင် အား ၎င်း၏လက်သွယ်သွယ်ကလေးဖြင့် ဖက်လိုက်လေ၏။

ထိုအခါ မောင်မြသီးက...

"တစ်..."ဟု ပြောလိုက်ရာ...

ပုလဲမေက မောင်မြသီးအား နမ်းရှုပ်လေတော့၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အကြိမ်ပေါင်းများစွာ နမ်းရှုပ် ပြီးနောက် မြို့ကြီးတစ်မြို့သို့ ရောက်ရှိသွားလေတော့၏။ ထိုမြို့သို့ ရောက်လျှင် ဟိုတယ်ကြီးတစ်ခု၌ စာရင်းပေးသွင်း၍ တည်းခိုကြလေ ၏။ ဟိုတယ်၌ပင် ထမင်းစားကြလေ၏။ ၎င်းတို့ထမင်းစားပြီးသော အခါ၌ ဟိုတယ်မှ အစေအပါးကလေးတစ်ဦးက ၎င်းတို့တည်းခိုရန် အတွက် နှစ်ယောက်အိပ်ခန်းသော့ကို လာရောက်ပေးလေ၏။ ၎င်း တို့နှစ်ဦးလည်း မြို့တွင်းသို့ လျှောက်၍လည်ပတ်ကြပြီးလျှင် ညဉ့်နက် သောအခါ၌ ဟိုတယ်သို့ပြန်လာကြကာ အိပ်ခန်းဆီသို့သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ အိပ်ခန်းသို့ရောက်လျှင် မောင်မြသီးကသော့ဖွင့်လေ၏။ ပြီးလျှင် အခန်းတွင်းသို့ ဝင်ကြလေ၏။ အခန်းမီးဖွင့်လိုက်ရာ မှောင်မိုက်နေသောအခန်းကြီးသည် လင်းထိန်၍သွားလေတော့၏။ ထိုအခါ၌ မောင်မြသီးက ပုလဲမေ၏ခါးကို သိမ်းကျုံး၍ ဖက်လိုက်လေ၏။

ပုလဲမေက...

"နေဦးလေ... အဝတ်အစားတွေ လဲဦးမယ်..."ဟု ပြောလေ၏။

"ဘယ်မှာလဲမှာလဲ..."ဟု မောင်မြသီးက မေးလိုက်လေ၏။

"မိန်းမမရှိတဲ့လူပျိုကြီး...၊ ဘာမှလဲမသိဘူး...၊ မိန်းမတွေအဝတ်အစားလဲတာ... မှန်တင်ခုံရှေ့မှာရှင့်..."ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုလဲ... သွားလဲချေပေါ့...၊ ကိုမြသီးလဲ လိုက်မှာပေါ့..."ဟု ဆိုကာ...

မောင်မြသီးလည်း ပုလဲမေ၏ခါးကိုဖက်ကာ လိုက်ပါလာလေ၏။ ပုလဲမေသည် မှန်တင်ခုံရှေ့ရှိ ခွေးခြေကလေးပေါ်တွင် ထိုင်လိုက်လေ၏။ ပြီးလျှင် အကျီကြယ်သီးများကိုဖြုတ်ရင်း မှန်ကြည့်လိုက်ရာ မှန်ပေါ်တွင် ထုံးဖြင့်ရေးထားသော အောက်ပါစာကို တွေ့ရလေတော့၏။

မယုံ တာဂိနိယာ ဧကောမုတ္တာဝလီ အတ္ထိ

ထိုစာကိုတွေ့လျှင် ပုလဲမေသည် အံ့အားသင့်၍ သွားလေ၏။

မောင်မြသီးလည်း ထိုစာကိုကြည့်ပြီးနောက်...

"ဒီအခန်းထဲမှာ ဘယ်က ကိုရင်လူထွက်လာပြီး တည်းခိုသွားသလဲမသိဘူးကွာ...၊ မှန်ပေါ်မှာ ပါဠိတွေ လျှောက်ရေးသွားတာကိုး" ဟု ပြောလိုက်လေ၏။

ထို့နောက် ပုလဲမေသည် အကျီအဝတ်အစားလဲလေ၏။ ပြီးလျှင် ရေမွှေးများဆွတ်ဖျန်းကာ မောင်မြသီအား လှည့်၍ဖက်လိုက်လေ၏။ ထို့နောက် မီးများမှိတ်ကာ ပျော်ရွှင်ကြလေတော့၏။

ညဉ့်သန်းခေါင်အချိန်လောက်တွင် ပျော်ရွှင်ခြင်းများသည် နွမ်းနယ်ခြင်းများအဖြစ်သို့ ကူးပြောင်းသွားကြလေတော့၏။ ထိုအခါ အိပ်စက်ကြလေတော့၏။





နံနက်မိုးလင်းသောအခါ၌ မောင်မြသီးသည် ပုလဲမေအား လက်ဖြင့် စမ်းသပ်လိုက်လေသည်။ မရှိသဖြင့် ခြင်ထောင်အပြင်သို့ ခေါင်းကိုထုတ်ကာ ကြည့်လိုက်လေ၏။ ခြင်ထောင်အပြင်၌လည်း မရှိပေ။ အခန်းတစ်ခုလုံး မီးများထိန်ထိန်လင်းနေ၏။ ထိုအခါ စားပွဲပေါ်မှ စားပွဲတင်နာရီကို ကြည့်လိုက်ရာ နံနက်(၅)နာရီထိုးပြီဖြစ်၏။ မောင်မြသီးသည် အိပ်ရာမှမထချင်ထချင်ဖြင့် ထလိုက်ကာ အညောင်းအညာဆန့်လိုက်လေ၏။ ထို့နောက် သွားပွတ်တံနှင့် သွားတိုက်ဆေးဘူးကိုယူကာ မှန်တင်ခုံဆီသို့ လျှောက်သွားလေ၏။ မှန်တင်ခုံပေါ်တွင် စာကလေးတစ်စောင်အား ကုလားမထီးဆောင်းရေမွှေးပုလင်းကလေးတစ်လုံးနှင့် ဖိထားသည်ကို တွေ့ရလေ၏။ မောင်မြသီးလည်း ထိုစာကိုဆွဲယူ၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

BURMESE CLASSIC

ကိုမြသီးရှင့်...

ကျွန်မ ရှင့်ကိုချစ်ပါတယ်...၊ ကျွန်မအနေနဲ့ ဘယ်ယောက်ျားကိုမှ မေတ္တာမရှိခဲ့ပါဘူး...၊ ရှင်းရှင်းပြောရရင် ကျွန်မကို သူတို့ဟာ အလုပ်သဘောပဲ ထားခဲ့ပါတယ်....၊ ဒါပေမယ့် ကိုမြသီးကတော့ ကျွန်မချစ်တယ်...၊ ဘာကြောင့်ချစ်တာလဲတော့မသိဘူး...၊ ဒါကြောင့်လဲ ကိုမြသီးကို ကျွန်မယူဖို့ ဆုံးဖြတ်လိုက်ပါတယ်...၊ ဒါပေမယ့် မနေ့ညက မှန်ပေါ်က ပါဠိစာကလေးတစ်ကြောင်းကို တွေ့လိုက်ရတဲ့အချိန်မှာ ကျွန်မရဲ့ဆုံးဖြတ်ချက်ကိုပြင်လိုက်ရပါတယ်၊ အဲဒီ ပါဠိစာကြောင်းလေးဟာ ကျွန်မနဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်...၊ ကိုမြသီးကတော့ အဲဒီပါဠိရဲ့အဓိပ္ပါယ်ကို သိမှာမဟုတ်ဘူး...၊ အဓိပ္ပါယ်က ဒီလိုပါ... မယံ၊ ကျွန်ုပ်တို့၏၊ တာဂိနိယာ၊ နမဉ္ဇ၊ ဧကောမုတ္တာဝလီ၊ ပုလဲတစ်ကုံးသည်၊ အတ္ထိ၊ ရှိ၏တဲ့။

ဒီစာကလေးဟာ ကျွန်မအနေနဲ့ ရှင့်ကိုမယူနိုင်တဲ့ အကြောင်းပဲ၊ ဒီစာကို တွေ့တဲ့အချိန်မှာ ကျွန်မဟာ ဒီမြို့မှာ တစ်စက္ကန့်တောင် မနေသင့်တော့ဘူး...၊ ကျွန်မဟာ အရေးကြီးတဲ့ကိစ္စနဲ့ ခရီးထွက်ရမယ်...၊ ဘယ်လိုကိစ္စမျိုးနဲ့ ဒီလောက်အရေးတကြီး ခရီးထွက်သွားရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကိုတော့ ကျွန်မရစ်တဲ့ ကိုမြသီးကို ရှင်းမပြနိုင်တာ ခွင့်လွှတ်ပါ....။

လူဆိုတာ နောက်ကြောင်းခံ ပုံဝတ္ထုလေးတွေ ရှိစမြဲမဟုတ်လား ကိုမြသီးရယ်.... ဒါကြောင့် ခွင့်လွှတ်ပါ....။

တစ်ညတာပေါင်းခဲ့ရသော ချစ်ဇနီးလေး
(သို့မဟုတ်)
ကြေးစားမလေး ပုလဲမေ။

မောင်မြသီးသည် ထိုစာကိုဖြတ်ပြီးနောက် ငူငူကြီးဖြစ်၍ နေလေ၏။ ပါးစောင်းထဲတွင် ထိုးထည့်ထားသော သွားပွတ်တံကို ပြန်၍ ပင် ထုတ်ရကောင်းမှန်းမသိဘဲ ငူငူကြီး ရပ်နေရာမှ ပုလဲမေ၏စာကို နောက်တစ်ကြိမ် ဖတ်ရှုကြည့်မိလေတော့၏။

သို့ရာတွင် ၎င်းချစ်သော ပုလဲမေဆိုသည့် လွန်စွာလှပ၍ လွန်စွာယဉ်ကျေးသော မိန်းကလေးကား ထူးဆန်းစွာ ပျောက်ဆုံးသွားပြီဖြစ်ရသည်တကား။

📖 📖 📖





# မြကျွန်းသာပေါ်မှ မျောက်သုံးကောင်ပြန်လာပြီ

မြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့၌ လွန်စွာဆိုးသွမ်းသော အရက်သမားကြီးတစ်ဦး ရှိလေ၏။ ထိုအရက်သမားကြီးသည် အမည်မှာ 'ကိုရေချမ်း'ဟူ၍ ဖြစ်လေ၏။ ကိုရေချမ်းအား လူကောင်း သူကောင်းများသည် ရှောင်၏။ ကိုရေချမ်းလိုသူနှင့် မည်သူတစ်ဦး တစ်ယောက်မျှ ဖက်၍ရန်မဖြစ်လိုလေ။ ကိုရေချမ်းသည် အကြောင်း ဘာမျှမရှိဘဲလျက် သူတစ်ယောက်၏ခေါင်းအား ဇာဝိတုတ်ဖြင့် ရိုက်ဝံ့၏။ အုတ်ခဲဖြင့် ထုဝံ့၏။ ထောင်ကျဝံ့၏။ ထို့ကြောင့် ကိုရေချမ်းအား လူဆိုးလူသွမ်းကြီးအဖြစ် သတ်မှတ်ထားကြလေ၏။

မည်သည့်အလုပ်ကိုမျှ မည်မည်ရရ လုပ်ကိုင်ခြင်းမရှိပေ။ ထိုမြို့၏လမ်းဆုံးလမ်းခွ ဇရပ်ပေါ်တွင် အိပ်၏။ ဆာသည့်အခါ၌ မည်သည့်ဆိုင်သို့ဖြစ်စေ...

"ထမင်းစားမယ်၊ ဝက်သားဟင်းထည့်"ဟုဆိုကာ စားသောက်၏။ ဆိုင်ရှင်လည်း ထမင်းတစ်နပ်နဲ့တော့ ရန်ဖြစ်နေလို့ အပိုပါပဲ။ 'ခွေးတောင်ကျွေးရသေးတာ'ဟု ပြောဆိုကာ ရေချမ်းကြီးအား သူ စားချင်သော ဝက်သားဟင်းဖြင့် ကျွေးလိုက်လေ၏။

ညနေပိုင်းသို့ရောက်သောအခါ၌ အရက်ဆိုင်သို့သွားကာ အရက်သမားများထံ၌ 'ငါ... အရက်သောက်မယ်'ဟုဆိုကာ ဆွဲယူ၍



www.burmeseclassic.com

www.burmeseclassic.com



သောက်လေ၏။

အရက်သမားများသည်လည်း... အရက်တစ်ခွက်နဲ့ ရန်ဖြစ်မနေပါနဲ့ကွာ...၊ ဘာမှတန်ဖိုးရှိတာမှ မဟုတ်ဘဲ ဒါလောက်ဟာတော့ သူတောင်းစားတောင် ပေးရသေးတာပေါ့ကွာ..."ဟု ပေးသူများက ပြော၏။

ရေချမ်းကြီးက...

"ပစ္စည်းဆိုတာ သိမ်းထားရင် ဘဝတဏှာဖြစ်တတ်တယ်... အဖြစ်မခံနိုင်ဘူး...၊ သိမ်းလဲသိမ်းမထားဘူး...၊ ဆာတဲ့အခါမှာ ကြုံရာဝင်စားမယ်..."ဟု ပြောတတ်လေ၏။

အချို့သောအရက်သမားများသည်လည်း စေတနာပိုကာ...

"နောက်တစ်နေ့ သောက်ဖို့ယူထားပေါ့ဗျာ..."ဟု ဆိုကာ အရက်ပုလင်းများပေး၏။ ရေချမ်းကြီးက မယူပေ။

"ပစ္စည်းဆိုတာ မသိမ်းရဘူးဗျ...၊ ပစ္စည်းများလာရင် ပစ္စည်းသံယောဇဉ်ဖြစ်ပြီး လူဟာ သူ့ရဲဘောကြောင်တတ်တယ်...၊ သတ္တိနည်းသွားတယ်...၊ ကျုပ်... ဘာမှမသိမ်းချင်ဘူး...၊ မူးချင်တဲ့အခါ အရက်ဆိုင်ကိုလာမယ်...၊ ကြုံတဲ့ခွက်ကို ဆွဲသောက်မယ်...၊ ဒါဟာ ကျုပ်ရဲ့အလုပ်ပဲ..."ဟု ပြောတတ်လေ၏။

အဝတ်အစားလဲ ထိုနည်းအတိုင်းပင်ဖြစ်၏။ အပိုပေး၍မရပေ။

ဤမျှဆိုလျှင် ရေချမ်းကြီးဆိုသူ၏အကြောင်းကို သဘောပေါက်လောက်ပြီ ဖြစ်၏။

တစ်နေ့သ၌ ရေချမ်းကြီးသည် အရက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်၍ သူတစ်ပါး၏ အရက်ခွက်များကို တစ်ခွက်ပြီးတစ်ခွက် ဆွဲယူ၍သောက်လေ၏။ ကိုရေချမ်းကြီး၏အကြောင်းကို ကောင်းစွာသိသော အရက်သမားတို့သည် ငြိမ်၍နေကြလေ၏။ သို့ရာတွင် တစ်စုံတစ်ယောက်သောသူသည် ရေချမ်းကြီးက သူ၏အရက်ခွက်ကို





ဆွဲမည့်အလုပ်တွင် ဖန်ခွက်ကို လက်ဖြင့်အုပ်လိုက်ပြီးလျှင်...

"ကျုပ်ခွက်ကိုတော့... လာပြီးထိမယ်မကြံနဲ့နော်...၊ လူမိုက်လဲ ကြောက်တဲ့အကောင်မျိုးမဟုတ်ဘူး..."ဟု ပြောလိုက်လေ၏။

ထိုအခါ ရေချမ်းကြီးက...

"ငါကလဲ... ဒီလိုအရက်မျိုးမှ သောက်ချင်တာ...၊ စွန့်စားပြီး သောက်ရတဲ့ အရက်တစ်ခွက်ဟာ... ဘယ်လောက်အရသာရှိတယ်ဆိုတာ သောက်ဘူးတဲ့လူမှ သိနိုင်တာမျိုးကွ..."ဟုဆိုကာ...

ထိုသူ၏ ဖန်ခွက်ကို ဆွဲယူလေ၏။ ထိုသူလည်း အသင့်ဖွင့်ထားသော မောင်းချဓားကိုထုတ်၍ ရေချမ်းကြီး၏ ရင်ဝကို တအားစိုက်ချလိုက်လေ၏။

ရေချမ်းကြီးက လက်ကိုပွတ်ချပြီးလျှင် ထိုသူ၏မျက်နှာကို လက်သီးဖြင့် ထိုး၏။ ထိုသူက ရှောင်၏။ ဓားဖြင့်တွက်၏။ ရေချမ်းကြီးက မရှောင်၏။ ခြေဖြင့်ခတ်၏။ ဓားဖြင့်ကော်၏။ ဓားဖြင့် ညာဝိုက်ထိုး၏။ ရေချမ်းကြီးက ရှောင်၏။ တိမ်း၏။ လက်ဖြင့်ထု၏။

တိုက်ပွဲမှာ အဆင့်အတန်းရှိသော တိုက်ပွဲဖြစ်၍ အရက်ဆိုင်တစ်ဆိုင်လုံး ဝိုင်း၍ကြည့်ရှုကြ၏။

ဓားသမားက ခုန်၍စိုက်၏။ ရေချမ်းကြီးက ပင့်၍တွန်း၏။ ဓားသမားက အဆက်မပြတ်ထိုး၏။ ထိုး၍စိုက်၏။ ထိုး၍ကော်၏။ ရေချမ်းကြီးက လွတ်ရုံမျှရှောင်၏။ ပြီးလျှင် လည်ကုတ်ကို ဒူးဖြင့်တိုက်ချလိုက်ရာ ဓားသမားသည် နောက်သို့လန်၍ လဲကျကာ သတိလစ်သွားလေတော့၏။

ထိုအခါကျမှပင် ရေချမ်းကြီးသည် ထိုသူ၏ ဖန်ခွက်ကိုယူ၍ အရက်ကို မြိန်ယှက်စွာ မော့လေတော့၏။ အရက်မော့ပြီးသောအခါ၌ ရေချမ်းကြီးသည် မြေပဲဆားလှော်ရောင်းသော ကလေးအား ခေါ်ယူ၍ မြေပဲလှော်ကတော့တစ်ခုကိုယူကာ ဖြန့်ချ၍ မြေပဲလှော်စေ့



www.burmeseclassic.com

www.burmeseclassic.com



များကို ဟန်ပါပါစား၍ နေလေတော့၏။ မြေပဲလှော်သည် ကုန်၍သွား၏။ စက္ကူသာလျှင် ကျန်ပေတော့၏။ ရေချမ်းကြီးသည် မြေပဲလှော်ကိုလက်ဖြင့် ကောက်ယူရာ မရသဖြင့် ဖြန့်ခင်းထားသော စက္ကူကိုကြည့်ကာ...

"ဩော်... ကုန်သွားမှကိုး..."ဟု ပြောလိုက်လေ၏။

ထို့နောက် စက္ကူကို သေချာစွာ ကြည့်လိုက်ပြန်၏။ စက္ကူပေါ်တွင် မင်နက်ဖြင့် ရေးထားသော အောက်ပါစာကို တွေ့ရလေတော့၏။

**အဟံ... ဇော် သုန္ဒရ သေဝက် ကွဏ္ဍာမိ**

ရေချမ်းကြီးသည် ထိုစာကို တွေ့ပြီးနောက် မျက်လုံးပြူး၍သွားလေ၏။ ထို့ကြောင့် ရေချမ်းကြီးသည် မြေပဲလှော်သည်ကလေးကို ခေါ်ယူ၍ မြေပဲလှော်ကတော့အားလုံးကို ဖြေချလိုက်ရာ အတွင်း၌ ထိုစာများ ရေးထားသည်ချည်း ဖြစ်၏။

မြေပဲလှော်သည်ကလေးကလည်း...

"နေ့လယ်က လူကြီးတစ်ယောက် မြေပဲလှော်ထုပ်ဖို့ဆိုပြီး လာပေးသွားတာ..."ဟု ဖြေလေ၏။

"အဲဒီလူကြီးကို မင်းသိသလား..."ဟု ရေချမ်းကြီးက မေးလေ၏။

"မသိပါဘူးခင်ဗျား... ဒီမြို့မှာလဲ မမြင်ဘူးပါဘူး..."ဟု ကြောက်ကြောက်လန့်လန့်နှင့် ဖြေလေ၏။

ရေချမ်းကြီးသည် အင်္ကျီအတွင်းဘက်၌ ဝှက်ထားသော ရှူးအိတ်ကလေးကိုထုတ်၍ ငွေငါးကျပ်နှိုက်ယူပြီးလျှင် မြေပဲလှော်သည်ကလေးအား...

"ရော့... ပြန်မအမ်းနဲ့..."ဟု ပြောလိုက်လေ၏။

မြေပဲလှော်သည်ကလေးလည်း ပျော်၍သွားလေတော့၏။

ထို့နောက် ရေချမ်းကြီးသည် အရက်သမားများဘက်သို့လှည့်





ကာ အောက်ပါအတိုင်း ပြောလေ၏။

"မိတ်ဆွေများခင်ဗျား... နှစ်ပေါင်းများစွာ ခင်ဗျားတို့ကို အနိုင်ကျင့်ပြီး အရက်လုသောက်ခဲ့တဲ့ ကျွန်တော်မောင်ရေချမ်းကြီးကို ခွင့်လွှတ်ကြပါ... အဲဒီလို သောက်ခဲ့တာတွေကိုလဲ အလှူလုပ်တယ်လို့ပဲ သဘောထားကြပါ... ဒီနေ့ကစပြီး ကျွန်တော် ဒီမြို့မှာ မရှိတော့ပါဘူး... ဒါကြောင့် ခင်ဗျားတို့ကို နှုတ်ဆက်ပါတယ်... ဘာကြောင့် ဒီမြို့ကလေးကနေ ထွက်သွားရသလဲဆိုရင်... ဟောဒီမြေပဲလှော်စက္ကူကလေးမှာပါတဲ့ ပါဠိစကားလေးကြောင့်ပါပဲ...

ဟောဒီ ပါဠိစာကလေးရဲ့ အနက်အဓိပ္ပါယ်ကတော့...

အဟံ၊ ငါသည်။ သုန္ဒရ သေဝက် စေရာသွား၊ ခိုင်းတာလုပ်မယ့်။ ဇော် တစ်ယောက်သောသူကို။ ကွဏ္ဍာမိ၊ အလိုရှိ၏တဲ့...

ဒီစာဟာ ကျွန်တော်နဲ့ပတ်သက်တဲ့စာပါ... ဘယ်လိုပတ်သက်နေထယ်ဆိုတာကိုတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ... လူဆိုတာ နောက်ကြောင်းခံ ပုံဝတ္ထုလေးတွေ ရှိတတ်စမြဲ မဟုတ်ပါလား... ကျွန်တော်မှာလဲ နောက်ကြောင်းခံ ပုံဝတ္ထုကလေး ရှိနေတာပေါ့... အဲဒီတော့... ဟောဒီမှာ ပိုက်ဆံ... မိတ်ဆွေတို့ အရက်ကို တဝကြီး သောက်ကြပါ... ဟောဒီလူ သတိရလာရင်လဲ သူ့အရက်ကို အစား ပြန်ပေးလိုက်ပါ... ကျွန်တော်က တောင်းပန်သွားတယ်လို့လဲ ပြောပြလိုက်ပါ..."

ရေချမ်းကြီးသည် အရက်ဆိုင်အတွင်းမှ ထွက်သွားလေတော့၏။

ထိုနေ့မှစ၍ ထိုမြို့ကလေး၌ ရေချမ်းကြီးဟု ခေါ်သည့် လူဆိုးလူသွမ်း လူသရမ်းကြီးတစ်ဦးသည် ထူးဆန်းစွာ ပျောက်ကွယ်သွားလေတော့၏။

၎င်း၏အနိုင်ကျင့်ခြင်းကို ခံခဲ့ရကုန်သော ထမင်းဆိုင်လူများနှင့် အရက်သမားမာများသည် မကြာခဏဆိုသလို ရေချမ်းကြီးအား



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွတ်သတိရကြောင်း ပြောဆိုနေကြတော့သတည်း။

အထက်ဖော်ပြပါ အကြောင်းအရာများကို ကြည့်ခြင်းအားဖြင့် တစ်စုံတစ်ယောက်သောသူသည် သူ၏လက်မရွံ့ စွန့်စားမှုများကို အချက်ပေး၍ မှာယူလူစုနေကြောင်း ထင်ရှားလှ၏။

ထိုသူသည် 'အစ်မတော်'ဟု ခေါ်သည့် မိန်းမချောကြီး ဖြစ်တန်ရာ၏၊ ထိုမိန်းမချောကြီးသာ အမှန်ဖြစ်ခဲ့ပါမူ စနေမောင်မောင်၏ လက်သို့ ပါ၍သွားသော ပစ္စည်းကို ပြန်လည်ရယူရန် ဖြစ်ပေလိမ့်မည်။

ထို့ပြင် လွန်စွာမှ ရဲရင့်၍ လွန်စွာမှလည်း ညီညွတ်ကာ လွန်စွာမှ ဉာဏ်များလှသော မြကျွန်းသာပေါ်သို့ ရောက်ရှိနေကြမည့် 'မျောက်သုံးကောင်'ဟု လူသိများသော ဝရမ်းပြေးကြီးသုံးဦးသည်လည်း ထိုကိစ္စ၌ ပါဝင်ရန်အတွက် လွန်စွာသေးငယ်သော ရွက်လှေကလေးဖြင့် သမုဒ္ဒရာကိုဖြတ်ကာ မြိတ်ကျွန်းစုဘက်သို့ သီချင်းကလေး တအေးအေးနှင့် ရွက်လွှင့်၍ လာနေခြင်းပင် ဖြစ်ပေတော့သတည်း....။

မင်းသိင်္ခ



# မျက်ပွင့်စာပေမှ ထုတ်ဝေဖြန့်ချိပြီး စာအုပ်များ


| | | |
|---|---|---|
| ၁။ | Guide Book For Using Internet | |
| | အင်တာနက်အသုံးပြုနည်းလမ်းညွှန် | ချိုးသူရ |
| ၂။ | Internet Security And Surfing | ချိုးသူရ |
| ၃။ | Guide To Using Email | |
| | e-mail အသုံးပြုနည်းလမ်းညွှန် | ချိုးသူရ |
| ၄။ | Hacking Google | |
| | အင်တာနက်မှ ရှာဖွေနည်းများ | ချိုးသူရ |
| ၅။ | Understanding PC Hardware | |
| | ကွန်ပျူတာတစ်ခုအပြင်ထိန်းသိမ်းနည်းအခြေခံသဘောတရားများ | ချိုးသူရ |
| ၆။ | Modern American English Conversation | |
| | ခေတ်ပေါ်အမေရိကန်အင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၇။ | Dictionary of Synonyms and Antonyms | |
| | အဓိပ္ပါယ်တူနှင့်ဆန့်ကျင်ဘက်စကားလုံးများအဘိဓာန် | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၈။ | Simplest Spoken English | |
| | အလွယ်ဆုံးအင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၉။ | The Best Spoken English | |
| | အကောင်းဆုံးအင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၀။ | A Practical English Conversation | |
| | လက်တွေ့အင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၁။ | English Speaking for Hotel | |
| | ဟိုတယ်သုံးအင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၂။ | English Speaking for Tourism | |
| | ခရီးသွားအင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၃။ | A practical English Grammar | |
| | လက်တွေ့အင်္ဂလိပ်သဒ္ဒါ | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၄။ | Student's Essay | |
| | ကျောင်းသား အင်္ဂလိပ် စာစီစာကုံးများ | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၅။ | The Best Letter Writing | |
| | အကောင်းဆုံး အင်္ဂလိပ်စာရေးနည်း | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၆။ | Let's Speak General English | |
| | အင်္ဂလိပ်စကားပြောကြစို့ | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၇။ | Modern 900+CD ပါ | |
| | ၉၀၀ ခေတ်ပေါ်အင်္ဂလိပ်စကားပြော | ဦးခင်မောင်သန်း(ရွှေဆောင်) |
| ၁၈။ | လွမ်းစကား | သုမောင် |
| ၁၉။ | ဝန်းကျောင်း | ဝင်းလူ |
| ၂၀။ | သစ္စာသူ့ဘဝဖြင့် | မြတ်သော |
| ၂၁။ | အဖြစ်ဆန်းသော လောပါများနှင့်တိုင်းရင်းဆေး | မိုးအောင် ([illegible]) |
| ၂၂။ | သေးငယ်သော အိမ်ရှောက်ဆေးမြစ်ခြင်း | မိုးအောင်(ထိုင်[illegible]) |
| ၂၃။ | ဆံပင်အလှဆရာမ်ထားကျွမ်းကျင်နည်း | ဦးမျှထွန်း |
| ၂၄။ | အနုစိတ်သည် ဖြန့်စာရေးနည်းအကျော်အမော်များ | ဦးမျှထွန်း |


www.burmeseclassic.com